# အောင်နိုင်

## တက္ကသိုလ်

# လုတောသား၏

# ကားအလင်္ကာပေါင်းချုပ်



# အောင်နိုင်(တက္ကသိုလ်)

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် မီးပေါက်ကျေးရွာ၌ အဘ ဦးအေးမောင်၊ အမိ ဒေါ်လှခြယ် တို့မှ ၁၉၄၁ ခုနှစ်တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးအောင်သောင်း ဖြစ်သည်။

စတုတ္ထတန်းနှင့် သတ္တမတန်း တို့တွင် စကောလားရှစ်နှင့် အောင်မြင်သဖြင့် ပညာသင်ဆု စဉ်ဆက်မပြတ် ရခဲ့သည်။ ၁၉၆၅ ခုတွင် ဝိဇ္ဇာဂုဏ်ထူး(မြန်မာစာ) နှင့် ၁၉၇၃ ခုတွင် မဟာဝိဇ္ဇာဘွဲ့တို့ကို ရရှိသည်။

၁၉၆၆ ခုတွင် မြန်မာစာ နည်းပြဆရာအဖြစ် စတင် အမှုထမ်းခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် လက်ထောက်ကထိက၊ ၁၉၈၆ ခုတွင် ကထိက ရာထူးများသို့ တိုးမြှင့်ခန့်ထားခြင်း ခံရသည်။

၁၉၆၀ ပြည့်နှစ် မန္တလေးတက္ကသိုလ် နှစ်ပတ်လည် မဂ္ဂဇင်းတွင် **ဘာလဲဟဲ့ လောကစံ** ဝတ္ထုတိုဖြင့် စာပေနယ်သို့ စတင် ဝင်ရောက်ခဲ့သည်။ ရေးသားထုတ်ဝေပြီးသော စာအုပ်များအနက် အချို့မှာ **လူတောသား၏ စကားအလင်္ကာ**(၁၉၇၇၊ ၇၉၊ ၉၁)၊ **လူတောသား၏ စကားအလင်္ကာ အတွဲ(၂)**(၁၉၉၁)၊ **လူတောသား၏ စကားအလင်္ကာပေါင်းချုပ်**(၁၉၈၂)၊ **ဝေဟင်စံ မိတ်ဆွေများ**၊ **တော်သဇင် စာစီစာကုံးများ** တို့ ဖြစ်ကြသည်။ **ဝေဟင်စံ မိတ်ဆွေများ** ဖြင့် ၁၉၉၀ ပြည့်နှစ် စာပေဗိမာန်ဆု ကလေးစာပေ ပထမဆုကို ရရှိသည်။

အောင်နိုင်(တက္ကသိုလ်) ကလောင်အမည်အပြင် *တက္ကသိုလ်တောသား၊ ဦးအောင်သောင်း၊ အောင်အောင်မြင်မြင်* တို့ကို သုံး၍ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်၊ ဆောင်းပါးနှင့် သင်ကြားမှု အထောက်အကူပြု စာများ ရေးသားလျက် ရှိသည်။

# အောင်နိုင်(တက္ကသိုလ်)

မန္တလေးတိုင်း မြင်းခြံခရိုင် ဇောင်းသာမြို့နယ် မီးပေါက်ကျေးရွာ၌ အဘ ဦးအေးမောင်၊ အမိ ဒေါ်လှခြယ် တို့မှ ၁၉၄၁ ခုနှစ်တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးအောင်သောင်း ဖြစ်သည်။

စတုတ္ထတန်းနှင့် သတ္တမတန်း တို့တွင် စကောလားရှစ်နှင့် အောင်မြင်သဖြင့် ပညာသင်ဆု စဉ်ဆက်မပြတ် ရခဲ့သည်။ ၁၉၆၅ ခုတွင် ဝိဇ္ဇာဂုဏ်ထူး(မြန်မာစာ) နှင့် ၁၉၇၃ ခုတွင် မဟာဝိဇ္ဇာဘွဲ့တို့ကို ရရှိသည်။

၁၉၆၆ ခုတွင် မြန်မာစာ နည်းပြဆရာအဖြစ် စတင် အမှုထမ်းခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် လက်ထောက်ကထိက၊ ၁၉၈၆ ခုတွင် ကထိက ရာထူးများသို့ တိုးမြှင့်ခန့်ထားခြင်း ခံရသည်။

၁၉၆၃ ပြည့်နှစ် မန္တလေးတက္ကသိုလ် နှစ်ပတ်လည် မဂ္ဂဇင်းတွင် **ဘာလဲဟဲ့ လောကခံ** ဝတ္ထုတိုဖြင့် စာပေနယ်သို့ စတင် ဝင်ရောက်ခဲ့သည်။ ရေးသားထုတ်ဝေပြီးသော စာအုပ်များအနက် အချို့မှာ **လှတောသား၏ စကားအလင်္ကာ**(၁၉၇၇၊ ၇၉၊ ၉၁)၊ **လှတောသား၏ စကားအလင်္ကာ အတွဲ(၂)**(၁၉၉၁)၊ **လှတောသား၏ စကားအလင်္ကာပေါင်းချုပ်**(၁၉၈၂)၊ **ဝေဟင်စံ မိတ်ဆွေများ၊ တော်သရင် စာစီစာကုံးများ** တို့ ဖြစ်ကြသည်။ **ဝေဟင်စံ မိတ်ဆွေများ** ဖြင့် ၁၉၉၀ ပြည့်နှစ် စာပေဗိမာန်ဆု ကလေးစာပေ ပထမဆုကို ရရှိသည်။

အောင်နိုင်(တက္ကသိုလ်) ကလောင်အမည်အပြင် *တက္ကသိုလ်တောသား၊ ဦးအောင်သောင်း၊ အောင်အောင်မြင်မြင်* တို့ကို သုံး၍ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်၊ ဆောင်းပါးနှင့် သင်ကြားမှု အထောက်အကူပြု စာများ ရေးသားလျက် ရှိသည်။

၁၉၉၈ ထုတ်
ရာပြည့်စာအုပ်များ

၅၉။ ခင်မောင်ညို(ဘောဂဗေဒ)၏ ကိုယ့်နောက်က လိုက်နေသည့်ငွေ
၆၀။ မောင်သာနိုး၏ ထင်းရှူးပင်ရိပ်
၆၁။ ဦးရွှေအောင်၏ အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်
၆၂။ ကျော်အောင်၏ နေဝင်ဘုရင်များ
၆၃။ ပါရဂူ၏ အမွှပါလီ
၆၄။ ထွန်းသစ်၏ ခေါင်းဆောင်ကမ္ဘာ ရုပ်ပုံလွှာ
၆၅။ မောင်ပေါ်ထွန်း၏ လုပ်ငန်းအောင်မြင်ရေး လျှို့ဝှက်ချက်များ
၆၆။ မာန်မြင့်၏ မြန်မာပြည်မှာ လုပ်သည်နှင့် အခြားဝတ္ထုတိုများ
၆၇။ တိုက်စိုး၏ မင်းတုန်းမင်း
၆၈။ အောင်နိုင်(တက္ကသိုလ်)၏ လှတောသား၏ စကားအလင်္ကာပေါင်းချုပ်

၁၉၉၈ ဇွန်လနှင့် ဇူလိုင်လတွင် ထုတ်ဝေမည့် စာအုပ်များ

၆၉။ ရာပြည့် အတွေးဆောင်းပါးများ (၁၉၉၇)
၇၀။ တက်တိုး၏ ကျန်းမာ ချမ်းသာ ဘဝပညာ
၇၁။ ဇော်ဂျီ၏ လမ်းသစ်နှင့် နိုဗဲဆုရ ဝတ္ထုတိုများ
၇၂။ ဦးသိန်းသန်းထွန်း၏ ရှေးမြန်မာမင်းတို့၏ အမိဋ္ဌာန်များ
၇၃။ ပါရဂူ၏ ဗုဒ္ဓစကား
၇၄။ ဒေါက်တာခင်မောင်ဝင်း၏ လူ၊ ကိုယ်ကျင့်တရားနှင့် ဒဿနရှုထောင့်
၇၅။ သိန်းဖေမြင့်၏ ဝတ္ထုတိုပေါင်းချုပ်သစ်

ရာပြည့်စာအုပ် ၆၈

# လှတောသား၏
# စကားအလင်္ကာပေါင်းချုပ်

## အောင်နိုင်(တက္ကသိုလ်)

ရာပြည့်စာအုပ်တိုက်
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း-၀၁၊ ၂၉၆၆၇၁

[ ၁၊ မေ၊ ၁၉၉၈ ]

စာမူ ခွင့်ပြုချက်အမှတ် [ ၅၄၁ /၉၇ (၈) ]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [ ၁၁၅ /၉၈ (၄) ]

□

စီစဥ်ထုတ်လုပ်မှု
ရာပြည့် ဦးစိုးညွန့်

□

ပုံနှိပ်ခြင်း
အတွဲ(၁)၊ ပထမ အကြိမ် –(၁၉၇၇) ချင်းတွင်းစာပေတိုက်
ဒုတိယအကြိမ် –(၁၉၇၉) ချင်းတွင်းစာပေတိုက်
တတိယအကြိမ်–(၁၉၉၁) ဝင်းမော်ဦးစာပေ
အတွဲ(၂)၊ ပထမ အကြိမ်–(၁၉၉၁) ဝင်းမော်ဦးစာပေ
**လှတောသား၏ စကားအလင်္ကာပေါင်းချုပ် [နှစ်တွဲပေါင်း]**
ပထမအကြိမ်– (၁၉၈၂) ဝင်းမော်ဦးစာပေ
ဒုတိယအကြိမ်–(၁၉၉၈) ရာပြည့်စာအုပ်တိုက်
အုပ်ရေ [၁၀၀၀]

□

မျက်နှာဖုံးရိုက်
ဦးမြသိန်း [၀၁၄၂၇]၊ သိန်းမြင့်ဝင်းအော့ဖ်ဆက်
အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

□

ပုံနှိပ်သူ
ဒေါ်တင်တင်ဋ္ဌေး [၀၅၂၄၀]၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်
အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

□

ထုတ်ဝေသူ
ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

□

စာအုပ်ချုပ်
ကိုမြင့်

□

မျက်နှာဖုံး ပန်းချီ
အော်ပီကျယ်

□

တန်ဖိုး
[ ၂၀၀ ] ကျပ်



## မာတိကာ

– လှတောသားတို့၏ ဟာသ ၂၅
– ရှည်ရှယ်သည်မှာ ၃၀
– အတွဲ(၂) အမှာစကား ၃၅

**အတွဲ (၁)**

ကြားဖူးပါသည် ၄၄
ဆရာကမ်းသော ဤလမ်းသွယ် ၄၅
လေကွယ်ရာ အရပ် ၄၆
ချဉ်ပင်အောက် ချဉ်သီးရှားလေပြီလား ၄၇
လာပါပြီ နိဒါန်း ၄၈
ပပ်ကြားအက် ကြီးပုံများ ၅၀
သူ့ထက်သူ ၅၁
ဗီဇ ၅၂
စေးလိုက်တဲ့ ကောက်ညှင်း ၅၃
ကုလားပဲ ကြီးသော စစ်ကဲကြီး ၅၄
သူတို့ကလည်း တစ်မျိုးစီ ၅၅
မြတ်နိုးထိုက်သည် ထိုဝသီ ၅၆
လှတောကွ၊ သရိုင်ကွ ၅၆
တွယ်လိုက်ပြီ ၅၇
ပဲရေစိမ် ညှစ်ကြပြီ ၅၈

မျောက်ကလေးတစ်ကောင် ယောင်တောင်တောင် ၅၈
ဘယ်မလဲ ဖော့ဦးထုပ် ၅၉
ခြေထောက်ပါမှဖြင့် ၆၀
ရွှေမြင်းမိုရ် တစ်တောင်လုံး ၆၁
သူ့ရွာ ငါ့ရွာမှတ်လို့ ၆၁
ခရမ်းသီးတောင်း ခေါင်းရွက်သည် ၆၂
လူကို ဘောလုံးမှတ်နေသလား ၆၃
သရိုင်ရွာက ပုဏ္ဏက ၆၃
ဘယ်ဆီတိမ်းလို့ စီမ်းတဲ့သူရယ် ၆၃
ရွှေဘောတော် အလိုမကျရော့ထင့် ၆၄
သူတို့တန်ခိုးကြောင့် မိုးရိုးများ ကောရော့သလား ၆၄
တရုတ်နှစ်သစ်ကူးပွဲ ၆၄
ဂိုးတိုင်စွန်းက ဆွမ်းတော်ဗျို့ ၆၅
နိုင်ချင်လိုလို့ ဟုတ်ပါပဲ ၆၆
**စကားစစ်မြေပြင်** ၆၇
မရှင်း မရှင်းနဲ့ ၆၈
မူးထဲက လက်ဖက်ရည် ၆၈
ဗုဒ္ဓဝင် နို့ ၆၉
ကြောင်ကိုက်သံ ၇၀
မြန်မာစံတော်ချိန် ၇၁
ရယ်ရခက် နာရခက် ၇၁
ကားကြပ်ပုံ ၇၂
ကားများဆိုင်ရာ ဩဘာစာ ၇၃
တီးဝိုင်းအဖွဲ့ လာချေပြီ ၇၃



မြေသယ်နေသော ပုရစ်တစ်စင်း ၇၃
ဒညင်းသီး တဲ့ ၇၄
ကားထွက်ပါတော့မည် ၇၄
ကားဆုံမည့် နည်းကောင်း ၇၅
ကားအမိုး ၇၆
ဒုံးပျံနှင့် အပြိုင် ၇၆
သူ့ထက်သူ ၇၆
ဝက်လက်ကားလမ်း ၇၇
ရှောင်နိုင်မှ လွတ်စေ ၇၇
အကြွေပြဿနာ ၇၇
ရွှေမန်းတို့ ရေနံဆီ ၇၈
စက်ဘီးဆိုင်ရာ အလင်္ကာ ၈၀
လေယာဉ်တာယာ ၈၀
စက်ဘီးမှ အက္ခရာတစ်လုံး ၈၁
ဝါယောနဲ့ စာပြော ၈၂
သည်တစ်ကြိမ် တိုးစိန်အလှည့် ၈၃
ပဏ္ဏာကြမ္မလာ ယိုအိမ်သာ ၈၃
တာယာအသစ် ၈၄
ထင်မိယောင်မှား ၈၅
မောင်ဗမာ ၈၅
ဟောဒီဟာက တစ်မျိုး ၈၆
ငွေတစ်ပဲနဲ့ လည်ဆွဲကိုင် ၈၆
ဘာသားနဲ့ လုပ်ထားလို့လဲ ၈၇
ရက်ကန်းခတ်သမား ၈၈

လက်ရုံးတစ်ထောင် ဆောင်ခဲ့ပါ ၈၉
**လှတောသူ တဲ့** ၉၀
**ယောက္ခမလောင်း တုသလား** ၉၁
မိုက်ပြည့်နေပါပြီ ၉၂
ဆင့်ကာဆင့်ကာ ဥပမာ ၉၂
မူလတန်းကျောင်းနှင့် အပြိုင် ၉၃
**မှတ်ဆိတ် ပျားစွဲပြီ** ၉၄
ခြေသွက်ကြသည့် ရက္ခစိုး ၉၆
ကွာပါပေ့ ဗျာ ၉၆
ဝေဿန္တရာဇာတ် မခင်းကြနဲ့ ၉၇
ရွှေမိုးရေ လာပါတော့ ၉၇
အေပီစီ လက်မြှောက်ရခြင်း ၉၈
ရောင်းဖို့တစ်စိတ်၊ ကြိတ်ဖို့တစ်ကျီ ၉၉
လက်မှတ် ထိုးမယ်ကြဲ ၉၉
ကောလိုက်တဲ့ မူး ၁၀၀
ကြက်ဥတွင်းက လုပ်သား ၁၀၁
သူပျော်ပုံက ဒီလို ၁၀၂
**ဖေဖေ့ရုပ်သွင် သားအမြင်** ၁၀၃
**လှတောက ရှားမီး** ၁၀၄
**မြေယာတီထွင်သူ** ၁၀၅
မိုက်ပြည့်လွန်းလို့ ၁၀၆
ကျားနှင့်ဆင် ၁၀၇
ထောင်အကြောင်း ၁၀၈
ဇနီးသာလျှင် ပဓာန ၁၁၁





ကားအကြောင်း ၁၁၂
ကမ္ဘောဇ္ဇာန်းဆရာ့လက် ၁၁၅
သမဝါယမ ထင်း ၁၁၇
ဝန်ကြီးအင်္ကျီ ဝတ်သူ ၁၁၈
ရာဇဝံသမျိုး ၁၁၉
သိန်းတန် ဆန်ပြုတ် ၁၁၉
အပူသည်တွေ ပါလား ၁၂၀
သုတေသန လင်းတ ၁၂၁
ဦးပုညထက် သာတော့မပေါ့ ၁၂၂
ပြဿဒါးကွ၊ ဓာတ်ဆားကွ ၁၂၂
ဘွိုင်လာထဲက ကျောက်ချဉ်ရည် ၁၂၃
ပျိုးခင်းထဲက သင်္ကန်းဆိုင် ၁၂၄
မီးနှစ်ရပ်ဖြင့် လေပူကို ညှပ်နည်း ၁၂၅
ကျွန်တော် သံဃာနော ၁၂၆
**ပလွေကျူသံလား၊ မြွေပူသံလား** ၁၂၈
**ဓာတ်ရောင်ခြည် တဲ့** ၁၂၉
**ပရိက္ခရာ နှစ်ပါး** ၁၂၉
**မိန်းမ သောပွဲ** ၁၃၀
**ဦးလှသိန်းနှင့် လှတောရွာ** ၁၃၁
ဦးခေါင်းက စ ဖြိုခြင်း ၁၃၂
ဖုန်းဆရာတစ်ပါး လုံးရာက ပြားရခြင်း ၁၃၃
ရှားပြီဆိုတော့လည်း ရှင်းရှင်းပဲ ၁၃၄
ခွေး မဖြစ်ပါရစေနဲ့ ၁၃၅
ခြောက်စထောင်လှည်း စီးချင်သူများ ၁၃၅

| | |
|---|---|
| ကန့်စွန်းရွက်သတ္တိ | ၁၃ |
| **ပေါက်စ လူတောသားလေးများ** | ၁၃ |
| ဈေးနွှားအတိုင်းပဲ | ၁၃ |
| ပွင့်ပြန်တော့လည်း ပိတ်မနိုင် | ၁၃ |
| စည်တိုသံ ငိုချင်း | ၁၃ |
| ဆရာကောင်းတပည့် | ၁၄ |
| ဘုန်းကြီးချက် နက်လိုက်ပုံ | ၁၄ |
| ခံလိုက်ရသော ဗိုလ်ကြီး | ၁၄ |
| ကျောင်းသားလေးချင်းကျတော့ | ၁၄ |
| ဈေးဝယ်နှင့် ဈေးသည် | ၁၄ |
| လက်ကောက်လား၊ လက်စွပ်လား | ၁၄ |
| မီးခြစ်လိုသလား | ၁၄ |
| ပါးစပ်ကျယ်လိုက်ပုံ | ၁၄ |
| ဆေးပင်စခန်းနှင့် ဆေးဝန်ထမ်း | ၁၄ |
| အမေ့ကျိန်စာ သားလိမ္မာ | ၁၄ |
| **စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်း** | ၁၄ |
| **မြေဈေးနဲ့ ငွေကြေး** | ၁၄ |
| **နွားဝယ်မိလို့** | ၁၅ |
| **ခွေးမျိုးကောင်း** | ၁၅ |
| **ဝါလိုက်ပုံက တရဲရဲ၊ လဲလိုက်ပုံက အတုံးအရုံး** | ၁၅ |
| **အဝယ်တော်မင်း ဝဋ်ဒုက္ခ** | ၁၅ |
| **မစို့မပို့ တစ်တို့ နှစ်တို့** | ၁၅ |
| **မီးလှုံရင်း သန်းရှာ** | ၁၅ |
| **သူ့ထက်သူကဲ** | ၁၅ |





| | |
|---|---|
| ကြီးစည်ပြောသော စီးပွားရေး | ၁၅၈ |
| ကားပေါ်မှ ပိဋကတ် | ၁၅၈ |
| သွားမကောင်း၊ စားမကောင်း | ၁၅၉ |
| ဆင်နှင့် လိပ် | ၁၆၀ |
| တစ်လုံးမှ မပြင်ရသေး | ၁၆၁ |
| လွန်လွန်းလို့ပါ | ၁၆၂ |
| ခွေးဆိုမှ ခွေး | ၁၆၂ |
| လေတွင်ဝဲသော ငရုတ်သီး | ၁၆၃ |
| တစ်ကျပ်တန် မုန့်တီပွဲ | ၁၆၄ |
| ဖင်ပါတာ အလကား | ၁၆၅ |
| ဘုန်းတင်ပျဉ် ဘယ်သွင် ခွေရပါ | ၁၆၆ |
| ကြပ်တယ်ဗျို့ | ၁၆၆ |
| အငြိမ့်ပွဲနှင့် ငိုချင်းသံ | ၁၆၇ |
| ရွှေကျင်သာသနာ | ၁၆၈ |
| ဆူးထောက်ခွကြားက ခွေးလှေးယားသီး | ၁၆၉ |
| အခွံနွှာကောင်းသူ | ၁၇၀ |
| အသားအရေ ခန်းခြောက်လေ၍ | ၁၇၁ |
| မျက်နှာကြီးသား | ၁၇၂ |
| အင်္ဂလိပ်စစ်ဗိုလ် | ၁၇၂ |
| ခြင်ကိုက်လိုက်ပုံ | ၁၇၃ |
| ကိုက်ဝါးသာ ကြည့်ပါတော့ | ၁၇၃ |
| ဟောင်းနွမ်းသော ငွေစက္ကူ | ၁၇၄ |
| မြွေတွေ မြွေတွေ | ၁၇၅ |
| ခါးကော့သော နွား | ၁၇၅ |

| | |
|---|---|
| ရေသူခိုး | ၁၇၆ |
| လင်းစေသတည်း | ၁၇၇ |
| ခြ ပေါလိုက်ပုံများ | ၁၇၈ |
| မီးစက်ချင်း ပြိုင်တော့ | ၁၇၈ |
| စံပြ လုံခြုံရေးတပ်ဖွဲ့နှင့် ဒရဝမ် | ၁၇၉ |
| ဆံပင် ဆလန်တင်ပါသည် | ၁၈၀ |
| နောက်တက်လာတဲ့ မောင်ပုလဲ | ၁၈၀ |
| သိကြားနှင့် သကြား | ၁၈၂ |
| သွေးကွဲသော ရွာ | ၁၈၂ |
| ဘာဂျာမှုတ်သည့် အိုဒေသည် | ၁၈၃ |
| အာမခံ ကျောင်းတိုင် | ၁၈၃ |
| အလှူ လက်ဖက်ခွက် | ၁၈၄ |
| အစာကြေဆေး | ၁၈၅ |
| ဘုရားပွင့်တော်မူရာ အရပ် | ၁၈၆ |
| ကိုရွှေပုလိပ်နှင့် အင်္ဂလိပ်ကျောင်းသား | ၁၈၆ |
| ဦးကျည်ဆာန်၊ ဒေါ်ဂျစ်ကားတို့၏ ရင်သွေး | ၁၈၇ |
| သူကြီးက တစ်မျိုး | ၁၈၈ |
| ဓာတ်လိုက်ကြီး၏ အပူခန်း | ၁၈၈ |
| ဖွတ်တူးခန်း | ၁၈၈ |
| အရက်သာ သောက်တော့မပေါ့ | ၁၉၀ |
| ညံ့လို့သာပေါ့ | ၁၉၀ |
| သိုင်းတတ်သော ရာကျော် | ၁၉၁ |
| ကြက်မ ငိုသည့်ရွာ | ၁၉၂ |
| ပုဂံမြို့သစ် တစ်နေ့ရာ | ၁၉၃ |





| | |
|---|---|
| ဖျိုးခင်းထဲက မူလီခေါင်း | ၁၉၃ |
| လွှန် မဆွဲခိုင်းရဲပါ | ၁၉၄ |
| တိုက်တည်ချင် တရားပွဲလုပ် | ၁၉၄ |
| ရန်ကုန်က ရွှေပေါ် | ၁၉၅ |
| နေလှန်းထားသော လောက်စာလုံး | ၁၉၅ |
| လှတောက အရက် | ၁၉၆ |
| နို့ဆီ ရှားသော်လည်း | ၁၉၆ |
| လှတောရွာက လူသွားလမ်း | ၁၉၇ |
| မူးသူက တရုန်းရုန်း၊ မုန်းသူက တဝုတ်ဝုတ် | ၁၉၇ |
| နယ်ပိုင်ကတော် | ၁၉၈ |
| ရုပ်ဆိုးပုံ၊ ရုပ်ချောပုံ | ၁၉၈ |
| သမီးလေး အောင်ထူနိုင်ပါစေ | ၁၉၈ |
| အသေဆိုးလေသူ | ၁၉၉ |
| မီးလောင်မှာ စိုးလို့ | ၁၉၉ |
| ငါးခြောက်ထောင်း၏ ကောင်းခြင်းနစ်ဖြာ | ၂၀၀ |
| အရိုးများသော ငါးခြောက် | ၂၀၀ |
| နားဝင်ပီယံ ကက်ဆက်သံ | ၂၀၁ |
| စွယ်တော်ပင် ကစားနည်း | ၂၀၁ |
| ကံကောင်းလို့ အနေ့ဝင့်ကျန် | ၂၀၁ |
| ကျောက်စားပိုး | ၂၀၂ |
| ထွားလိုက်သည့် လေ | ၂၀၂ |
| ကာကနဲ့ အပြိုင် | ၂၀၃ |
| ကက်ဆက်ပိုင်ရှင် | ၂၀၄ |
| စကားနည်းသော ဆရာကြီး | ၂၀၅ |

သည့်ထက် မှောင်နိုင်သေးသလား ၂၀၅
သက်ကြီးလူငယ် ၂၀၆
တွဲတေးသိန်းတန် ၂၀၆
လူက မင်းသား၊ အစားက သရဲ ၂၀၇
　လက်ပြလိုက်ပုံ ၂၀၈
　ချော့လိုက်တဲ့ မင်းသမီးတွေ ၂၀၈
　ဖြူလည်း ဖြူပေတာကိုး ၂၀၉
　စအို ငိုချင်း ၂၀၉
ပျော့ပျောင်းပုံများ ၂၀၉
ဖင်ကျုံ့ထိုင်ပါ ၂၁၀
ကတော်နေရာ ၂၁၀
လုတောကက ဒုံးအက ၂၁၁
မှို့သိပ်နေသလား ၂၁၁
ဘီလူးပါးစပ်လို ၂၁၂
မစားရ အံတို ၂၁၃
ကျောက်ရောဂါ ၂၁၃
မောင်မြင့်သိန်း ၂၁၄
　မပေါင်းခက် ပေါင်းခက် ၂၁၅
ဦးလူမော် ၂၁၅
　သတ္တိရှိသလား ၂၁၅
ဦးလူထွေ ၂၁၆
　မြင်းနင်းခံရတော့မလို့ ၂၁၇
　လူထွေ မချေတတ်တော့ပါဘူး ၂၁၈
　ဒိုခရီး ခြေကျင်လျှောက်ရမလား ၂၁၉





ဒီ အခွန်တော်လောက်တော့ ၂၂၀
　မြွေပွေး ပိုးထိ ၂၂၁
　ပူလိုက်လေ ၂၂၁
　အရက်ကင်းသော နေရာ ၂၂၂
လုတော်သားနှင့် အကစား ၂၂၃
ကုန်းပေါ်က ငါးပြေမ ၂၂၃
ဟိုမရောက်ခင် မှီပေါက်ချင် ၂၂၄
ဒီမူးမှ တီမကူးရ ၂၂၄
အာဟာရနှင့် ဂါရဝ ၂၂၄
ဝ၍ မနိုင် ၂၂၅
ခွက်၍ ရေမဝင် ၂၂၅
ကျယ်ကြစို့လား ၂၂၆
မြင့်လိုက်ပုံ ၂၂၆
ငါ့ဘက်က သေချာသူ ၂၂၆
ဖြူလိုက်ပြန်တော့ ၂၂၇
ခေါင်းအတွင်းက ဆံချည်ထွေး ၂၂၇
မကောင်းရင် မကိုင် ၂၂၇
ဗတ်တည့်သော လုတောသား ၂၂၈
ဆုံးမှာပေါ့ ၂၂၈
ရက်ကန်းပြိုင်ပွဲ ၂၂၉
အော်နိုင်လျှင် အော်ပေဦးရော့ ၂၃၀
ကောင်းလိုက်တဲ့ ဓာတ်ပြား ၂၃၀
သည်ခြင်က တစ်မျိုး ၂၃၁
အားမတန်၍ ၂၃၂

ကျမ်းထွက် လူမိုက် ၂၃၂
အလှူပွဲက ဒယ်အိုး ၂၃၃
ငါ ထပ်ချပြန်ရော့မယ် ၂၃၃
ကောင်းရန်ကော ၂၃၄
လူသာအို သွားမအိုသေး ၂၃၅
တောင့်ပြန်တော့လည်း ၂၃၅
မျက်နှာက ဒဏ်ရာ ၂၃၆
မကြည်လင်စရာက ၂၃၇
ပန်းပဲသမား လက်ချက် ၂၃၈
အုန်းနဲ့ပင်လား၊ ဆေးလိပ်လား ၂၃၈
ဘတ်စ်ကားမှတ်တိုင် ၂၃၈
ပန်းကန်ပြား ပမာဏ ၂၃၉
ခွေးခေါင်း စတုဒီသာ ၂၄၀
မန္တလေးက ခြင် ၂၄၀
မီးသီးချင်း ပြိုင် ၂၄၁

အတွဲ (၂)

ကြားရပြန်ပြီ ထိုဝသီ ၂၄၄
ဟိုတယ် တက်ခဲ့ရသလား ၂၄၅
ရေခဲအမှတ် ၂၄၆
လူလား၊ တစ္ဆေလား ၂၄၆
မဟာဇနကလား၊ မဟာဗြဟ္မာလား ၂၄၈
သကြားလင်ခမျာနှင့် စကားအလင်္ကာ ၂၄၈
လျှာကိုစွင်းမည့် ထိုထမင်း ၂၄၉



ဦးချစ်လှိုင်တို့ သားအဖ ၂၅၀
စပါးထမင်းနှင့် တာယာဟင်း ၂၅၁
ဝင်္ကပါလမ်း ၂၅၂
အလောင်းမလှ ၂၅၂
ပွဲထိုင်အလှ ၂၅၃
လှတောလယ်ကွင်း ၂၅၄
တံစဉ်အားနာသူ ၂၅၄
ပေါင်းမြက် အမျှင်လား၊ ခေါင်းထက် ဆံပင်လား ၂၅၅
ဝိဓူရ ဘဝ ၂၅၆
နင်လားဟဲ့ ဓားပြ ၂၅၆
ပို့ အန်ချင်ဖွယ် ၂၅၇
ဘာလဲဟဲ့ လောကခံ ၂၅၈
ကားသမားတို့ သဘောထား ၂၅၈
မီးကြီးပြီ ဆိုမှဖြင့် ၂၅၉
ရေနွေးကြမ်းလား၊ ရေအေးချမ်းလား ၂၆၀
နှစ်ခွဲကွဲ ရက်စွဲတူ ၂၆၀
အလင်္ကာကုန်ကြမ်း ၂၆၁
ဝက်လက် ထွက်ကုန် ၂၆၂
သက်သာဆိုင်က လက်ဖက်ရည် ၂၆၂
လေယာဉ် အရသာ ၂၆၃
ရွှေဝါဆပ်ပြာ ၂၆၃
ကျိုးငှက်နှင့် ဇီးကွက် ၂၆၃
ဦးလူထွေနှင့် သားလူထွေ ၂၆၄
သားတော် လုဒ္ဒက ၂၆၅

- မျက်နှာပျက်ရပုံ ၂၆၆
- **မယုံပါနဲ့** ၂၆၆
- **သဘာပတိ** ၂၆၇
- **ပွဲပေးရချေပြီ** ၂၆၈
  - မတည့် အတူနေ ၂၆၉
  - မောင်တင့်တယ် ကယ်တော်မူပါ ၂၆၉
  - ဗွက်ပေါက်ကုန်ပြီ ၂၇၀
  - ဗိုလ်ဝင်ခံပြီ ၂၇၁
  - မျက်ခြည် ဖြတ်နိုင်သူ ၂၇၂
  - ညစ်၍မရသော အဆီ ၂၇၂
  - ကြွက်၏ တန်ဆာ အလင်္ကာ ၂၇၃
  - လောင်စာတုံး ၂၇၄
  - တရုတ်ကြီးလား၊ ငုတ်ကြီးလား ၂၇၄
  - ငုတ်ကြီးတော့ ဘီးမကျော် ၂၇၅
  - အလုပ်မရှိ အလုပ်ရှာ ၂၇၅
  - သီပေါအာဏာ ၂၇၆
  - မျက်စဉ်းခတ်တာလား ၂၇၆
  - ရှုပ ပြဿနာတွေ ၂၇၇
  - ကားတင်စရာ စကားအလင်္ကာ ၂၇၇
  - မကောင်းလို့သာပေါ့ ၂၇၈
  - ရေပေးပါဦး ၂၇၈
  - ရေနံဆီ ၂၇၉
  - နိဂုံးချုပ် အိပ်ရေး ၂၈၀
- **ဦးချစ်စွန်** ၂၈၀





  - ပုံပျက်ပန်းပျက် ကုသိုလ် ၂၈၁
  - ဆားခါး ဖိုးနီ ၂၈၃
  - ကြောင်ဝါ ဆုံးဖြတ်ချက် ၂၈၅
  - ဦးဖိုးခ ကြေးစည် ၂၈၆
  - ပေါ်သောင် ဆန်အိတ်တွက်နည်း ၂၈၈
- **အလောင်းအစားနှင့် ရဲတပ်သား** ၂၈၉
  - လေးတန်းကျောင်းသား ထွန်သွားတစ်ပြန် ၂၉၀
  - စားသာစား ငါးရာဖွား ၂၉၀
  - ဂျုံစားတိုင်း မာလကီးယား မဖြစ် ၂၉၁
  - မရှုနိုင် မကယ်နိုင် ၂၉၁
  - ရင်ခုန်သံ နည်းနည်းထန်မည် ၂၉၂
  - တင့်တင့်တယ်တယ် ဗိုက် ၂၉၂
  - ခတ်နွဲ့တစ်ရမ်း ပန်းတိုင်တစ်လှမ်း ၂၉၃
- **ကြက်ဥ အာနိသင်** ၂၉၃
- **အကြွေးမက်သူ** ၂၉၄
- **သွပ်ပြား** ၂၉၄
- **စေတီဥာဏ်တော်** ၂၉၅
- **တောက ရုပ်ရှင်** ၂၉၅
- **ချုပ်လိုက် တုပ်လိုက်ပုံ** ၂၉၆
- **ရွှေဘို ရုပ်ရှင်ရုံ** ၂၉၆
- **သူတော်ကောင်း** ၂၉၆
  - ဝိသမား ၂၉၇
  - ရီရီသန့် ၂၉၈
- **ဆေးလိပ်ထဲက မှို** ၂၉၉

လှတောနှင့် ကျီးကန်း ၁၉၉
    လတ်ဆတ်သော အစားအစာ ၂၀၀
    သကြားမင်း ရန်သူ ၂၀၁
ဘွဲ့ရနှင့် အလုပ် ၂၀၂
ဒီတစ်ခါ ချီပါတစ်ထောက် ၂၀၃
ကျယ်လိုက်ပြန်ပြီ ၂၀၄
ဝါသနာ ဘာဂီ ၂၀၅
စိုင်နိုင်သား ၂၀၅
ရန်ကြီးအောင် တံတိုင်း ၂၀၆
ရွှေဘို နောက်ဆုံးမင်း ၂၀၇
စားပြီ ဆိုမှဖြင့် ၂၀၇
စက်ဘီးဒဏ် ၂၀၈
ဘုရားပွဲလား၊ တရားပွဲလား ၂၀၈
ချီပါရှာ ၂၀၉
နှစ်နပ်စားဉာဏ် ၂၁၀
ချီပါသား စကား ကတ်တတ်တတ် ၂၁၂
ရတနာတစ်ပါး အားမကိုးနိုင် ၂၁၃
တောင်ရွာနှင့် မြောက်ရွာ ၂၁၄
ပျို့သော်လည်း ၂၁၄
ငှက်ပျောအူတိုင် ဆီနိုင်နိုင် ၂၁၅
ဒုတိယ တရုတ်ပြေးမင်း ၂၁၅
လွေးရခက် ထွေးရခက် ၂၁၆
တူတူရေ ဝါး ၂၁၇
ဟင်းနုရွက် သက်ငယ်တင် ၂၁၈





ကောင်းလိုက်တဲ့ ဖာလူဒါ ၂၁၉
မောင်မြင့်သိန်း ၂၂၀
    ဆန်နှင့်တူ၍ ထမင်းတောင်မပါ ၂၂၀
    ရေစိုနေသော ကုလားပဲအိတ် ၂၂၁
    အုန်းသီး ပမာဏ ၂၂၁
    နွားကြီး တဲ့ ၂၂၂
    ချွဲ ထလိုက်ပုံ ၂၂၂
    မောင်ချိုအေး ၂၂၃
    အဝတ်ကြိုက်သော ကား ၂၂၃
    ငါးမွေးကန် ၂၂၄
    မင်းသမီး ထဘီနား ၂၂၄
အကြွေးဆို ဆလံတင်ပါပြီ ၂၂၅
အမေတူသား ၂၂၅
ဖားဖို တိုးစိန် ၂၂၆
စာသင်တိုက် ၂၂၇
လေးကွက်ကြား တံခါး ၂၂၇
အိမ်ကြီးဂေဟာ ၂၂၇
ကိုကို့ အမူအရာ ၂၂၈
နာယကနှင့် အပြိုင် ၂၂၉
ရွှေကျင်စား ၂၂၉
ဘယ်အရပ် ဖြစ်ဖြစ်၊ ဘယ်အရစ် ပြုတ်ပြုတ် ၂၃၀
အပေါက်မြင် ဝင်ချင်မြဲ ၂၃၀
ကြော်ငြာဖိုး ၂၃၁
ဇနီးမောင်နှံ ၂၃၁

| | |
|---|---|
| ဘောလုံးပွဲ | ၃၃၂ |
| ဘောလုံးနောက်က တကောက်ကောက် | ၃၃၃ |
| ဒီ ဘက်နှစ်ကောင် | ၃၃၃ |
| ရိပ်သာမဟုတ် | ၃၃၄ |
| တီဒင်နှာ | ၃၃၄ |
| စားတော်ခေါ်ပါ | ၃၃၅ |
| ရတော့မယ့် ဂိုးတွေ | ၃၃၅ |
| ငှက်ဖျားစာ | ၃၃၆ |
| အကွက်လှလှ | ၃၃၆ |
| မောင်မောင်နှင့် ကြောင်ကြောင် | ၃၃၆ |
| ပညာအရာ | ၃၃၇ |
| ညှံ့ရန်ကော | ၃၃၇ |
| ဂိုးတိုင် ပမာဏ | ၃၃၈ |
| ကျမ်းစာအုပ် | ၃၃၈ |
| အချက်ပေးပုံ | ၃၃၉ |
| စပါးပုံ | ၃၃၉ |
| တလှုပ်လှုပ် | ၃၄၀ |
| ပန်းချီကားတစ်ချပ် | ၃၄၁ |
| လုပ်လိုက်ပုံကဖြင့် | ၃၄၁ |
| အစားမတတ် ပါးစပ်သန | ၃၄၂ |
| ဒယ်နှင့် ဒိုင်း | ၃၄၃ |
| ချွေးလား၊ လူလား | ၃၄၃ |
| ဗူး မပွင့်ရဲ | ၃၄၄ |
| မျက်နှာငယ်လိုက်ပုံ | ၃၄၄ |





| | |
|---|---|
| မောင်ဆန်နှင့် မယ်ပဍာ | ၃၄၅ |
| အရှုက်စားပုံ၊ ကြွက်စားပုံ | ၃၄၆ |
| တီးဝိုင်းဆရာ | ၃၄၆ |
| သစ်ပင်ဥပမာ | ၃၄၇ |
| ချွေး မညှီးရအောင် ခြေထိုးပေးကြပါ | ၃၄၇ |
| ရွာမရောက်ခင် စာခြောက်ဖို့ ပြင် | ၃၄၈ |
| ရောင်စုံမျိုးသန့် | ၃၄၉ |
| မီးလောင်ပေါက် | ၃၄၉ |
| ချမ်းသာ ရွှေဆွဲ၊ ဆင်းရဲ ချေးရှာ | ၃၄၉ |
| ဆေးကောင်း သန်းခေါင်း | ၃၅၀ |
| လှတစ်မျက်နှာ နှမ မသက်သာ | ၃၅၀ |
| တရားသဘော ကျားအပြော | ၃၅၁ |
| ချည်စာလုပ်နှင့် ဆီစာအုပ် | ၃၅၁ |
| ရိက္ခာ ပြဿနာ | ၃၅၂ |
| ပုတီးတစ်ဖက် အရက်တစ်ငုံ | ၃၅၂ |
| ဘီတင် ဦးထုပ် | ၃၅၂ |
| ဆိုင်းဆရာ အင်္ဂါနှစ်ရပ် | ၃၅၃ |
| ကြိမ်အသပြာ ချိန်ကာရမ်းလိုက်မယ် | ၃၅၃ |
| ဦးလှမောင် ကယ်တော်မူပါ | ၃၅၄ |
| ကျွဲပေါ်မှ ဇော်က | ၃၅၄ |
| ဂိုဒေါင်ရန်သူ | ၃၅၄ |
| ဖွတ်တွင်းထဲက ဖွတ်ကောင်တွေ | ၃၅၅ |
| ရေထွက်ကလည်း အလာပဲ | ၃၅၆ |
| သီလစောင့်ဖို့ မဆိုထားနှင့် | ၃၅၆ |

ကောက်ရိုးတစ်မွေ့ ၃၅၇
လိမ့်ကျသောနေရာ ၃၅၇
ခံတွင်းပျက် သေတွင်းသက် ၃၅၈
မောင်းထောင်းဆန် ၃၅၉
ရေများမှ လှေသွားသာသည် ၃၆၀
အောင်သွယ်မြေးမြတ် ဂဃောစပ် ၃၆၀
ခြေကုန်သွန်ပါ ၃၆၁
ရွှေး စိတ်ဆိုးချင်စရာ ၃၆၂
သူ့တော့ မယူချင်တော့ဘူး ၃၆၃
ခြသေ့်၏ ကံကြမ္မာ ၃၆၃
မီးကွင်းသစ် ၃၆၄
အကြီးဆုံးသော ခေါင်းကောက် ၃၆၄
ဘိုးစံချယ် ၃၆၅
ပွဲနှင့် လမ်းနှင့် အရွှန်းနှင့် ၃၆၅
လာဘ်တိတ်သော လင်းတ ၃၆၆
စိုးသလား မေ ၃၆၆
ငယ်လျှင်ချို ၃၆၆
ခြိုးရမှာလား၊ ကာရမှာလား ၃၆၇
ဆရာ ဆရာမတွေ ၃၆၇
ခွတ် မမျှပါလား ၃၆၈
ဆရာကြီးရဲ့ ခေါင်းလောင်းဆန် ၃၆၉
ရင့်၍ မနူး ၃၆၉
မတူရေးချ မတူ ၃၆၉
ငန်ပြန်ပြီ ၃၇၀



## လှတောသားတို့၏ ဟာသ

တစ်နေ့သော နေ့လယ်ခင်း ကျွန်တော် ပျင်းတင်းတင်းရှိသည်နှင့် ကျွန်တော့်ခြံမှ ခြေလှမ်းတစ်ရာမျှလောက်သော ကာတွန်း ကိုဖေသိန်းအိမ်သို့ ရောက်သွားရာ သူ ပုံဆွဲနေသည့် စားပွဲပေါ်တွင် ပန်းရောင်ဖျော့ဖျော့ ဖိုင်တစ်ခု မျက်နှာဖုံးပေါ်၌...

**လှတောသား၏ စကားအလင်္ကာ**

**အောင်နိုင် (တက္ကသိုလ်)**

ဟု တွေ့ရသည်။

အင်း...လှတောသားတို့ရဲ့ ဘာအကြောင်း စာများပါလိမ့်။ လှတောသားတို့သည် စကားအရာ၌ ကျွမ်းကျင်လိမ္မာသည်။ ဟာသမြောက်အောင် ပြောတတ်ဆိုတတ်သည်ဟု ကြားဖူးရုံမက ကျွန်တော်၏ ဟာသစာစောင် “အပျော်”ကို ထုတ်နေစဉ်က လှတောသားတို့၏ စကားရည် ကြွယ်ဝပုံတွေကို ဟိုမှ သည်မှ ရေးသား ပေးပို့ကြ၍ ကျွန်တော့်စာစောင်ထဲတွင် တော်တော်များများ ထည့်သွင်းခဲ့ဖူးသည်။ ထိုစဉ်က လှတောသားတို့၏ ‘သည်လို စကားအလင်္ကာ ကြွယ်ဝပုံတွေကို စာတစ်အုပ် ထုတ်လောက်အောင်များ စုမိရင် ကောင်းမှာပဲ’ ဟု ကျွန်တော် တမ်းတခဲ့ဖူးသည်ဖြစ်ရာ ယခု ဖိုင်ထူကြီး တွေ့ရတော့ ကျွန်တော် ကောက်ယူ၍ လှန်လှောဖတ်ရှုလိုက်သည် ရှိသော် ပျင်းတင်းတင်း ရှိနေသော ကျွန်တော်၏ စိတ်သည် ပျော်ရွှင်ခြင်းအဖြစ်သို့ ရောက်သွားလေ၏။

စာမြည်းသဘော တစ်ရွက်လှန်၊ နှစ်ရွက်လှန်ရာမှ တစ်စတစ်စနှင့် ကျွန်တော့် လက်ထဲက မချနိုင်ဖြစ်သွား၍ သူ့အလုပ်သူ စိတ်ဝင်စားနေသော

ရာပြည့်စာအုပ်တိုက်

ကိုဖေသိန်းအား ဘာမျှမပြောတော့ဘဲ ဤဖိုင်ကို အိမ်သို့ယူခဲ့ပြီး နောက်တစ်နေ့ အကုန်ဖတ်ပြီးတော့မှ ကိုဖေသိန်းထံ ပြန်ယူသွားလျက်–

'ဒီစာမူ ဘယ်က ရောက်လာတာလဲဗျ'

'ကိုလှအောင်က စာအုပ်ထုတ်မလို့တဲ့ဗျ။ ကျွန်တော့်ကို မျက်နှာဖုံးပုံ ဆွဲဖို့...'

'အထောက်တော်လား'

'သူ့အပြင် စာပေနယ်မှာ ဘယ် လှအောင် ရှိသေးလို့လဲ။ အဲဒါ ကိုဆွေ့ကို လဲ အမှာစာ ရေးပေးနိုင် ရေးပေးစမ်းပါတဲ့'

'အိုကေ။ ကျွန်တော် အစအဆုံး ဖတ်ပြီးပြီ။ ဒီစာအုပ်မျိုးမှာ အမှာစာ ရေးချင်စိတ် ပေါ်ပါတယ်'

အဘယ့်ကြောင့် ရေးချင်သနည်းဆိုသော် ကျွန်တော်သည် ဤစာအုပ်ကို နှစ်သက်၍တည်း။ အဘယ့်ကြောင့် နှစ်သက်သနည်းဆိုသော် ကျွန်တော်လို ဟာသ စာရေးဆရာ တစ်ယောက်ကိုပင် ဒီစာအုပ်က အစအဆုံး တပြုံးပြုံး ဖြစ်စေသော ကြောင့်တည်း။

ကဲ...စာရှုသူ၊ လှတောသား စကားတစ်ခွန်းလောက်(စာမြည်းသဘော) နားထောင်ကြည့်လိုက်စမ်းပါ။

'တို့ လှတောသူတွေက မန္တလေး ဆန်ရောင်းသွားပြီး အပြန်မှာ လိမ္မော် သီးတွေ အခွံနွာနွာ ယူလာတတ်ကြသဗျ'

ဤစကားမှာ ၁၉၆၇ ခုနှစ်လောက်က မန္တလေးတွင် ဆန်ဈေး ခေါင်ခိုက် နေ၍ လှတောသူများ မန္တလေးသို့ ဆန်ရောင်းသွားကြရာ၌ အချို့သည် ဘုန်းတော် ကြီး ကျောင်းတိုက်များတွင် တည်းခိုကြရာမှ ရဟန်းလူထွက်များနှင့် ညားညား လာကြသည်များကို ပြောဆိုကြခြင်း ဖြစ်သည်။

စာဖတ်သူ အဓိပ္ပာယ်ကို နားလည်ပါရဲ့လား။ မလည်သေးသော် အောက် ပါ စကားနှင့် ညှိနှိုင်းကြည့်လိုက်ပါ ခင်ဗျား။





'အလိုလေး၊ အဘမြိုင်တို့ ရဟန်းခံ ရှင်ပြု အလှူကြီးတုန်းက မောင် သောင်းကျန်းတွေ နေ့လယ်ကြီး ရွာဝင်စီးတော့ ဟာ...ဘုန်းကြီးတွေ သံဃာ့စင် ပေါ်က ခုန်ချ ပြေးလိုက်ကြတာကွာ၊ လိမ္မော်သီးဗန်းကြီး မှောက်ကျသလား အောက်မေ့ရပါသဗျ'

လှတောသားတို့၏ ဟာသသည် ဤသို့လည်း ကြဲကြဲဖန်ဖန် တင်စား ပြောဆိုတတ်၏။ နို့ပြီး အကျယ်ချဲ့တတ်လိုက်ပုံများကော။

တစ်ခါသော် ဝက်လက်မြို့ကို မီးကြီးလောင်လေရာ လှတောရွာသည် ဝက်လက်နှင့် ခုနစ်မိုင် ဝေးသော်လည်း ထိုမီး ကြီးကျယ်ပုံကို လှတောသားတို့ ပြောစမှတ်ပြုသည်ကား–

'ဝက်လက် မီးလောင်တော့ ည သန်းခေါင်လောက်ကြီးလားကွာ။ ပေါက်ကွဲသံတွေကြောင့် တို့ရွာကလူတွေ လန့်နိုးကြတော့ အလိုလေးလေး၊ မီး တောက် အားကောင်းလိုက်ပုံများတော့ တို့ရွာက မိန်းမတွေဟာ ပြန်မအိပ်ကြတော့ ဘူး။ ဟိုအကြောင်း ဒီအကြောင်း ပြောကြရင်းနဲ့ တစ်ယောက်ခေါင်း တစ်ယောက် သန်းရှာနေကြရောကွ' ဟူ၏။

ကျွန်တော်တို့ ရန်ကုန်သားတွေက ငစိန်ဆန်ကို "မာမာအေး"လောက် ပြောတတ်ကြတယ်။ သူတို့ လှတောရွာက လယ်သမားတွေ ရာကျော်စပါး မာပုံ ပြောတာက–

'ထမင်းရယ်လို့ စားပါတယ်ကွာ၊ မီးခြစ်ကျောက်တွေ ပြုတ်ထားသလား အောက်မေ့ရပါတယ်။ ဒါနဲ့တောင် ဒင်းတို့က လည်ချောင်းထဲ ရှိုးရှိုး ဆင်းမသွား ကြသေးဘူး။ ဓားသိုင်း ကသွားကြသေးသဗျ'

နို့ပြီး သူတို့လယ်တွေမှာ ပုစွန်ကျစ်စာ ပေါပုံ ကြီးကြီးကျယ်ကျယ်လုပ် ပြောဆိုပုံကျတော့ကော–

'နွေရာသီမှာ ကျုပ်တို့ လယ်ယာတွေ လျှောက်ကြည့်ရင်တော့ဗျ၊ ပုဂံ မြို့ဟောင်းက ဘုရားပြိုပျက်တွေ ဖူးရတဲ့အတိုင်း ပုစွန်ကျစ်စာတွေက ကြည့်မလွဲပဲ'

ဤကား လယ်သမားတွေစကား။ ဆိုက်ကားနဲ့ ဘတ်စ်ကားသမားက ကော-

'အောင်မယ်လေး၊ မင်း ဆိုက်ကား တာယာတွေ ချုပ်ဖာထားလိုက်တာက ကင်းခြေများတွေ ကော်မတီ အစည်းအဝေး ထိုင်နေသလား အောက်မေ့ရပါတယ်'

ဘတ်စ်ကားတာယာ ပါးနေပုံ ပြောသည်ကား-

'ဆံပင်ညှပ်ဆိုင်ရှေ့တောင် ဖြတ်မမောင်းရဲဘူးဟေ့။ ဆံပင်မွေး စူးပြီး ကားဘီးပေါက်သွားမှာ စိုးလို့'

'အောင်မယ်လေးတော် ကျုပ်တူမ အပျိုတုန်းက လှလိုက် ချောလိုက်ပုံများတော့ အိမ်ထဲက အိမ့်ပြင်ထွက်ရင် စာပေးကြတဲ့လူတွေ၊ လိုက်ပြီး လူပျိုစကားပြောကြတာတွေ ရှောင်ရ တိမ်းရတာနဲ့ ကလေးမှာ ထုတ်ဆီးတိုးနေရတဲ့ အတိုင်းပါပဲအေ'

လှတောသူ အဒေါ်ကြီးများ ကြွားလိုက်ပုံ။

တစ်ခါသော် လှတောရွာနှင့် အခြားတစ်ရွာ ဘောလုံးကန်ကြရာ အခြားရွာက ဂိုးသမားသည် အလွန်ကောင်း၍ လှတောက ဂိုးမသွင်းနိုင်ဘဲ ရှိနေရာ လှတောရွာသား ပြောလိုက်ပုံကား-

'သူတို့ရွာက ဂိုးသမား ဘောဖမ်းလိုက်ပုံမှာတော့ မျောက် ငှက်ပျောသီး ပစ်ပေးနေသလား အောက်မေ့ရတယ်ကွာ'

ချီးမွမ်းသော်လည်း နာသာခံခက် စကားပေတည်း။ အိုး...လှတောသားတွေ အမျိုးမျိုး ပြောတတ်သဗျ။ စာရှုသူ ဖတ်ကြည့်ပါလေ။

ရပ်တိုင်းရွာတိုင်းမှာလိုပင် စကားအရာ၌ ကျွမ်းကျင်လိမ္မာသူ၊ ဟာသရသမြောက်အောင် ပြောဆိုတတ်ကြသူများ ရှိကြပေသည်။ သို့သော် လူများစုမဟုတ်။ တစ်ရပ်တစ်ရွာလျှင် တစ်ယောက်စ နှစ်ယောက်စ၊ အလွန် ၄-၅-၆ ယောက်ပဲပေါ့။ လှတောရွာကား "လှတောရွာ(သို့မဟုတ်) ဟာသရွာ" ဟု ခေါ်ရလောက်အောင်ပင် တစ်ရွာလုံးလိုလို ပြောတတ်ကြသည်။ တံငါရွာတွင်





ကလေးကအစ ငါးဖမ်းတတ်ဘိသကဲ့သို့ လှတောရွာ ကလေးကလည်း "ဒီလူကြီး ဂ လိုက်တာကွာ၊ သူ့ငွေးဥ သူမြင်ရတော့မှ မဟုတ်ဘူး" ဟူသော စကားမျိုးကို ပြောတတ်လေ၏။

ဤစာအုပ်ကို ပြုစုသည့် အောင်နိုင်(တက္ကသိုလ်) က သူကိုယ်တိုင် လှတောရွာသို့သွား၍ ကိုယ်တွေ့မျက်မြင် နားကြားတွေကို ရေးသားခဲ့သည်ဟု ဆိုပါသည်။ ကလေး လူကြီး ကျား မ ရဟန်းအထိ လူတန်းစားမျိုးစုံတို့၏ သူတို့ဘဝနှင့် သက်ဆိုင်ရာ ဟာသများ၊ ကာလပေါ် ဗန်းစကားများ၊ ကျမ်းဂန်နှင့် မကင်းသည့် ဓာတ်နိပါတ်တော်လာ စကားများ၊ သူ့ထက်ငါ အပြိုင် စကားနိုင်လုကြသည်များ။ စင်စစ် လှတောသားတို့သည် အားအားရှိလျှင် စကားစစ်ထိုးနေကြသည်များကိုသာ ဤစာအုပ်၌ စာရှုသူတို့ တွေ့ရှိရမည် ပေတည်း။

သော်တာဆွေ

၁၈-၂-၇၇

# ရည်ရွယ်သည်မှာ

ဆံထုံးတော်ကြီး၊ တမာသီးနှင့်
ခါးစည်းဝတ်လဲ၊ ချုပ်စပြဲကို
တဲအပ်နှင့်တွယ်၊ လူမြင်သမျှ
စိတ်ပျက်အောင် လုပါတဲ့ မရေသည်။

စာဆိုတော်ကြီး စလေဦးပုညကို "ကဗျာ့ပါရဂူကြီး"ဟု ခေါ်တွင်ကြရခြင်း အကြောင်းရင်းတို့တွင် အထက်ပါ အသုံးအနှုန်းမျိုးများသည် အကြောင်းရင်း တစ်ရပ်အဖြစ် ပါဝင်ပါသည်။ မလှမပသော အခြင်းအရာများကို ပြလျက် လှပ သည်ဟု ဆိုလိုက်ခြင်းသည် ဟာသကို ဖြစ်ပေါ်စေသကဲ့သို့ ဆံထုံးတော်ကြီးဟု ဆိုလျက် သေးလှသော တမာသီးနှင့် ခိုင်းနှိုင်းလိုက်ခြင်းသည်လည်း ဟာသကို ဖြစ်စေပါသည်။ ကဲကဲလွန်လွန် ခိုင်းနှိုင်းခြင်း တစ်ရပ်ပါပေ။

ဂျပ်ကောင်နှယ် ပန်းကြားက၊ သန်းစကား ခုဝါ
ရမ်းကားလို့ တုလာလျှင်၊ ဥပမာ ဆိုစို့
ချေးပုံနှင့် မြင်းမိုရ်တောင်လို၊ သင်းဆိုတောင်
နှိုင်းလိုက်လေသို့။
ဆေးကွက်နှင့် ပင်လယ်၊ နင်တကယ် ထင်လို့
သဘင်ဝယ် ယှဉ်မတို့လာနဲ့၊ သခင်တို့ ဦးချို
အုန်းမှုတ်လို အနေစားရယ်က၊ ရွှေဖလား
မနှိုင်းတန်သင့်ပြီ။

ရာပြည့်စာအုပ်တိုက်



ဥတုနှင့် ပုစွန်ဆီ၊ ဒွန်ပီပီ ယှဉ်တွဲလို့
စပ်ဖဲ အတွင်းခံ၊ ရိုင်းမိုက်တဲ့ဉာဏ်
မိုးကြိုးနဲ့ အီးသံလို၊ ခရီးမှန် ကွာလွန်းလှလေး။

စာပြိုင်ဖက်တို့ကို ချိုးနှိမ်လိုက်သော ဦးပုည၏ တေးထပ်တစ်ပုဒ်ပင် ဖြစ်ပါသည်။ ယင်းတွင် ဒေါင်ဒေါင်မြည် အခိုင်းအနှိုင်း၊ အတိုင်းအထွာများဖြင့် တစ်ဖက်သားကို ထိုးနှက်တွန်းဖြိုထားသည်မှာ အံ့ဩဖွယ် ကောင်းလှပါသည်။ ဤကဲ့သို့သော အခိုင်းအနှိုင်း အထိုးအနှက်များကို ဦးပုည၏စာတို့တွင် ဖောဖော သီသီ တွေ့တတ်ပါသည်။ ထိုအခိုင်းအနှိုင်းမျိုးများကလည်း ဦးပုညအား **ဟာသ စာဆိုတော်ကြီး**အဖြစ် ထင်ပေါ်စေသော အကြောင်းတစ်ရပ်ဖြစ်သည်ဟု ဆိုနိုင် ပါလိမ့်မည်။

ဦးတိုးသည်လည်း ပြောင်မြောက်သော စာဆိုစာရင်းတွင် ပါဝင်သူတစ်ဦး ဖြစ်ပါသည်။ ပြောင်မြောက်သော စာဆိုစာရင်းတွင် ထည့်သွင်းပါဝင်စေသော အကြောင်းရင်းများတွင် ရာမရကန်လာ အကန်အကျောက်များသည် အကြောင်း ရင်း တစ်ရပ်ဟု ဆိုကြပါသည်။ မှန်ပါသည်။

ဘော်ငွေနှင့် ခဲမဖြူ၊ ဒါရုနှင့် ကညင်ဆီ
ကြေးနီနှင့် မိုးကြိုး၊ ကတိုးနှင့် ကြောင်သို
ရှိန်းခိုနှင့် ဥသျှစ်၊ မြစစ်နှင့် ဖန်စိမ်း
တိန်းညက်နှင့် ပိန္နဲ၊ ကတဲနှင့် ဂေါမူလာ
ခပ်ပြာနှင့် ရွှေဝါ၊ ဒုတ္တာနှင့် နီလာ
မဟူရာနှင့် မီးသွေး၊ ဆင်ရွေးနှင့် ပတ္တမြား
ယောက်သွားနှင့် ခရုသင်း၊ ပယင်းနှင့် ပွဲလျက်

တွင်းထွက်နှင့် မန္တာလီ...အဖိုးထား ကွာကြသည် ဟူသော ဦးတိုး၏ အကန်အကျောက်တို့က သက်သေခံပါသည်။ ဤသို့သော လက်တစ်ဆုံး၊ တုတ် တစ်ရမ်း အတိုင်းအခိုင်း၊ အတိုက်အခိုက်မျိုးကို သာမန်စာဆိုတို့ မရေးမဖွဲ့နိုင်ကြပါ။

ရာပြည့်စာအုပ်တိုက်

ရေးဖွဲ့နိုင်သူ ရှာမှ ရှားပါလိမ့်မည်။ ရှားသည်ဟုပင် ဆိုရသော်လည်း **လှတောရွာ** တွင်မူ ပြောနိုင်သူ မရှားလှပဟု ဆိုချင်ပါသည်။

ဇဝနဉာဏ်ဟူသည် မွေးယူ၍ရသော ဉာဏ်မျိုး မဟုတ်။ မွေးရာပါ ဉာဏ်မျိုးသာ ဖြစ်သည်။ ဗီဇပါ ဉာဏ်မျိုးသာ ဖြစ်သည်။ အတတ်ပညာဟူသမျှ သင်ယူ၍ ရစကောင်းသော်လည်း ဇဝနဉာဏ် အရင်းခံသော ဟာသအတတ်ကို မူကား သင်ယူ၍ ရခဲလေသည်။ ထို့ကြောင့် ထိုဉာဏ် ထိုအတတ်ကို ရှားပါးသော ပါရမီဉာဏ်၊ ရှားပါးသော ပါရမီအတတ်ဟု ဆိုကြရပါသည်။

ထို့ကြောင့်ပင် ဇဝနဉာဏ် ထက်မြက်သူ၊ ဟာသ ပါရမီထူးသူတို့ ဟူသည် ရှားပါးလှပါဘိသည်။ ထွန်းပေါက် ထွက်ပေါ်လာသော ဇဝနဉာဏ်ရှင်၊ ဟာသ ပါရမီရှင်တို့သည်လည်း ထင်ပေါ်ကျော်ကြားလာရမြဲ ဖြစ်ပါသည်။ ဦးပေါ်ဦးကဲ့သို့သော ဟာသပါရမီရှင်များသည် ဘုရင့်လက်သုံးတော် ဖျော်ဖြေရေး ပုဂ္ဂိုလ်ကြီးအဖြစ် မှတ်တမ်းတင်ခဲ့ကြရသည် မဟုတ်ပါလော။ မှတ်တမ်းတင်ပင် မခံရသေးသော်လည်း လှတောရွာက ပုဂ္ဂိုလ်အချို့သည် **ဦးပေါ်ဦး လက်သစ်များ** ဖြစ်ကြသည်ဟု ဆိုချင်ပါသည်။

စကားပြောကောင်းခြင်းသည် လူတော် လူထူးတို့၏ ဂုဏ်အင်္ဂါတစ်ရပ် ဖြစ်ပါသည်။ အကွက်မိမိ၊ အချက်ထိထိ ပြောတတ်ဖို့ ဟူသည် မလွယ်လှပေ။ မလွယ်သည့်အလျောက် ထိထိမိမိ ပြောတတ်သူလည်း ရှားလှပါသည်။ ပြောတတ်သူ ပေါ်ထွန်းလာလျှင်လည်း ထိုသူသည် စင်တင် ခံရတတ်ပါသည်။ စကားတောင်းစားကို သတိရကြပါမည်။ လှတောရွာသား အချို့သည် **ခေတ်သစ် စကားတောင်းစားများ** ဖြစ်ကြသည်ဟု ဆိုရပါမည်။

စာဆိုတော်ကြီး စလေဦးပုည၊ ရွှေတိုက်စိုး ဦးတိုး၊ အမတ်ကြီး ဦးပေါ်ဦး တို့သည်ကား ပလီပလာလည်း ပြောတတ်ကြသော၊ ခမ်းကြီးနားကြီးလည်း ပြောတတ်ကြသော နန်းတော်သူ နန်းတော်သားတို့၏ လောကတွင် ကျင်လည်ကြရသည်။ ပိဋကတ်တိုက်ကို အိမ်လုပ်၍ ကျမ်းစာအုပ်ကို ခေါင်းအုံးပြုခဲ့ကြရသည်။



ထို့ကြောင့် စကားတတ်ကြသည်မှာ မဆန်း။ လှတောရွာသား အများစုတို့မှာကား လယ်တောဌ်သာ ကျင်လည်ကြရသည်။ ပိဋကတ်တိုက်ဆိုသည်မှာ ချိုနှင့်လား၊ ကျမ်းစာဆိုသည်မှာ အမြီးနှင့်လားဟု မေးရမည့် အနေအထားမျိုး ဖြစ်သည်။ ထို့ကြောင့် လှတောသားတို့ စကားတတ်ကြသည်မှာ ဆန်းနေပါသည်။ ဗီဇ သန္ဓေသည်သာ လှတောသားတို့၏ အလင်္ကာ ပဒေသာပင် ဖြစ်တော့သည်ဟု ဆိုရအံ့လော။

ရပ်တိုင်း ရွာတိုင်း၌ပင် စကားပြောကောင်းသူ တစ်ယောက်စ နှစ်ယောက်စ ရှိတတ်ကြသည်။ လှတောရွာ၌မူကား စကားပြောကောင်းသူက အများစု ဖြစ်နေသည် ဆိုပါသည်။ လှတောသားတို့၏ စကားများမှာ ရယ်ရရုံသက်သက် ပြက်လုံးများ မဟုတ်။ ပညာပါသဖြင့် မှတ်သားဖွယ် ကောင်းပါသည်။ အခိုင်းအနှိုင်းထူးသူ၊ ဟာသဉာဏ် ရွှင်မြူးသူ၊ အကွက်မိမိ အချက်ထိထိ ပြောတတ်သူ လှတောရွာသားတို့ကို **လှတောသား၏ စကားအလင်္ကာ** စင် မမြင့်တမြင့်တွင် ယခု တင်လိုက်ပါသည်။ ကျွန်တော် ကြုံတွေ့ ကြားနာ မှတ်သားခဲ့ရသည်များကို ပြန်ပြောလိုက်ပါသည်။

အချို့စကားတို့သည် ပြောထားခဲ့သည်မှာ ကြာပါပြီ။ ကြာခဲ့သည့် အလျောက် အပြောင်းအလဲများ ရှိမည်မှာ ဓမ္မတာ ဖြစ်ပါသည်။ မှတ်တမ်းထားခဲ့ခြင်း မရှိသဖြင့်လည်း အတိမ်းအယိမ်း ရှိမည်မှာ သေချာပါသည်။ ထို့ကြောင့် ဤတွင် ဖော်ပြထားသော စကားရပ်များနှင့် ပတ်သက်၍ ပြောသူ၊ ပြောရခြင်း အကြောင်းရင်း၊ ပြောသောအချိန်၊ ပြောသောနေရာ၊ ပြောသောဟန်တို့သည်လည်း အတိမ်းအစောင်း၊ အပြောင်းအရွေ့ ရှိနိုင်ပါသည်ဟု ကြိုတင်ဝန်ခံပါသည်။ သို့ရာတွင် ဤအခိုင်းအနှိုင်းများကို လှတောသားတို့ ပြောခဲ့သည်ဆိုသော အချက်တို့မှ သံသယဖြစ်ဖွယ် မရှိနိုင်ပါချေ။

ဤစာအုပ်တွင် စကားရပ်များနှင့် ပတ်သက်သော (ဓာတ်ကော[illegible]) ပုဂ္ဂိုလ် တို့၏ အမည်နာမများကို အရင်းအတိုင်း (ကြားနာ မှတ်သားခဲ့သည့်အတိုင်း)

ဖော်ပြထားပါသည်။ သို့ ဖော်ပြသော်လည်း တစ်စုံတစ်ဦးအား ထိခိုက်နစ်နာအေ လိုသော ဆန္ဒ လုံးဝ မရှိပါ။ နစ်နာသည်ဟုလည်း ယူဆဖွယ်ရှိမည် မထင်ပါ။ လူတောသားတို့၏ ကြည်ညိုချစ်ခင် စိတ်ဝင်စားမှုကို ရသော ပုဂ္ဂိုလ်များအပြ ပေါ်လွင်နေသဖြင့် လည်း ဂုဏ်ယူဖွယ်အဖြစ် အဆိုပါပုဂ္ဂိုလ်များ၏ အမည်ရင်းကို ဖော်ပြပေးခြင်း ဖြစ်ပါသည်။

သို့ပါ၍ ခွင့်လွှတ်ကြမည်ဟု မျှော်လင့်ပါသည်။

လူတောရွာမှ ပုဂ္ဂိုလ်များနှင့်တကွ ဤစာအုပ်ဖြစ်မြောက်ရန် ကူညီကြသော ပုဂ္ဂိုလ်အားလုံးကို ကျေးဇူးတင်ပါသည်။

အပြစ်ကင်းသော ရွှင်ပျော်မှုမျိုးသည် မွန်မြတ်သော ပီတိကို ဖြစ်စေသဖြင့် လူသားအဖို့ ရတနာတစ်ပါးဖြစ်သည် ဆိုကြပါသည်။ စာဖတ်သူအား ဤစာအုပ်က ပြုံးပျော်ကြည်နူးမှု တစ်စုံတစ်ခုမျှ ပေးနိုင်လျှင်ပင် ရတနာတစ်ပါးကို လက်ဆောင် ကမ်းနိုင်ပြီဟု ယူဆသဖြင့် ဝမ်းမြောက်နိုင်ပါပြီ။ ။

အောင်နိုင် (တက္ကသိုလ်)

## အတွဲ ( ၂ ) အမှာစကား

လူတစ်ဦးတစ်ယောက်သည် သူတစ်ထူးတို့ထက် ဇဝနဉာဏ်
ပိုမို လျင်မြန် ထက်မြက်နိုင်သည်ကား မှန်၏။

ဒေသတစ်ခုရှိ လူတို့သည်ကား အခြားဒေသရှိ လူတို့
ထက် ဇဝနဉာဏ် ပိုမို လျင်မြန် ထက်မြက်နိုင်ပါသလော။

အထက်ပါ အတွေးသည် စာရေးဆရာကြီးတစ်ဦး တွေးသော အတွေး ဖြစ်သလို ကျွန်တော့်အား မေးသော အမေးလည်း ဖြစ်ပါသည်။ ဤအမေးကို ကျွန်တော် မဖြေနိုင်ပါ။ "အထင်" ပြောပါဟု တိုက်တွန်းတောင်းဆိုလျှင်မူ 'ဒေသ တစ်ခုရှိ လူတို့သည် အခြားဒေသရှိ လူတို့ထက် ဇဝနဉာဏ် ပိုမို လျင်မြန်ထက်မြက် နိုင်ခြင်း မရှိနိုင်' ဟု ထင်ကြေးပေးပါမည်။ အဘယ့်ကြောင့် ဤသို့ ထင်ကြေးပေးရ သနည်း။ ဇဝနဉာဏ်သည် ပါရမီနှင့် ဆိုင်သည်ဟု ယူဆသောကြောင့်ပါတည်း။ ဇဝနဉာဏ်ဟူသည် မွေးယူ၍ ရသော ဉာဏ်မျိုး မဟုတ်။ ဇဝနဉာဏ် အရင်းခံသော အတတ်မျိုးသည် သင်ယူ၍ရသော အတတ်မျိုး မဟုတ်ဟု ပြောကြသောကြောင့် ပါတည်း။ ထို့ကြောင့်ပင် ဇဝနဉာဏ်နှင့်ဆိုင်သော ဟာသအတတ်မျိုး၊ ဖြတ်ထိုး ဉာဏ် အရင်းခံသော အပြောအဆို အသုံးအနှုန်းမျိုးသည် ရှားပါးပါသည်။

ရာပြည့်စာအုပ်တိုက်

လုပ်ယူ၍မရသည့် ဇဝနညာဏ် တည်းဟူသော ပါရမီသည်လည်း နိ
ကွက်ကြား ရှာဘိသကဲ့သို့ ဒေသတစ်ခု၌ အလုံးအရင်းနှင့် ဖြစ်ထွန်းနေဖွယ် မရှိ
သဘောရပါသည်။ သို့ဖြစ်လျှင် လှတောသားတို့သည် အခြားဒေသတို့ထက်
ထူးခြား ထက်မြက်သော၊ ဟာသဓာတ်ပါသော အခိုင်းအနှိုင်း၊ အသုံးအနှုန်းများကို
အဘယ်ကြောင့် လျှင်လျှင်မြန်မြန် ခိုင်းနှိုင်း သုံးနှုန်းနိုင်ကြပါသနည်း။ စဉ်းစားဖွယ်
ပေတည်း။

"ဝီရိယအကျိုး ကံထက်ဝက်"ဟု ဆိုကြပါသည်။ ကံအကျိုးပေး တူညီ
ပါလျှင် ဝီရိယထုတ်သူက ပိုမို အောင်မြင်နိုင်ပါသည်။

လှတောရွာသားတို့သည် ထိုနယ်မြေ ထိုဒေသတစ်ဝိုက်ရှိ အခြား ကျေးရွာ
တို့ထက် ပါရမီခေါ်သော ဇဝနညာဏ် ပိုဖွယ်ရာ မရှိပါ။ ဒေသ၏ လက္ခဏာတစ်ရ
ဖြစ်သော ခိုင်းနှိုင်းတတ်ပုံ ဓလေ့သည် ထိုဒေသကျေးရွာတို့၌ တစ်ပြေးညီ တည်ရှိ
နေသော ဓလေ့တစ်ခုဖြစ်ကြောင်း ၁၉၇၄ ခု ဇန်နဝါရီလထုတ် ဒဂုန်မဂ္ဂဇင်းပါ
ဇေယျာခင်၏ "ရွှေဘိုသား"ဆောင်းပါးကို လေ့လာခြင်းဖြင့် လည်းကောင်း၊ ယနေ့
ထိုဒေသ ကျေးရွာများသို့ ကိုယ်တိုင် သွားရောက် လေ့လာ ကြားနာခြင်းဖြင့်
လည်းကောင်း သိနိုင်ပါသည်။ ရွှေဘိုသား၏ ဆောင်းပါး၌–

လှတောရွာသား

မဲကုန်းရွာသား

ပတ္တာကျင်ရွာသား

သရိုင်ရွာသား

ကန်ကြီးကုန်းရွာသား

ပင်းဇင်းရွာသားတို့၏ ပေါ်လွင်ထက်မြက်သော အသုံးအနှုန်း၊ အခိုင်း
အနှိုင်းများကို တင်ပြထားပါသည်။ ယနေ့လည်း အဆိုပါ ကျေးရွာများနှင့် ပတ်ဝန်း
ကျင် ကျေးရွာတို့၌ ယင်းသို့သော အခိုင်းအနှိုင်း၊ အသုံးအနှုန်းများကို ကြားနိုင်
ပါသည်။





ပတ်ဝန်းကျင်ဒေသများကို ကျော်တက်ပြီး လှတောသားတို့ အမည်ထွက်လာရခြင်း၏ အခြေခံမှာ ရေခံမြေခံ ကောင်းခြင်းနှင့် လုံ့လ ဝီရိယ ရှိခြင်းတို့ ဖြစ်ဖွယ် ရှိပါသည်။

ဆိုင်းသမား၏ ရင်သွေးသည် စည်းဝါးကို ငယ်စဉ်ကပင် နားလည်နေတတ်သည်။ လက်သမား၏ ရင်သွေးသည် စူး၊ ဆောက်တို့၏ သဘော၊ လက်သမားအလုပ်၏ သဘောကို ငယ်စဉ်ကပင် နားလည်တတ်ပါသည်။ တံငါကျေးရွာ၌ ရင်သွေးငယ်သည် ပိုက်ကွန်၏သဘော၊ တံငါလုပ်ငန်း၏ သဘောတို့ကို ငယ်စဉ်ကပင် နားလည်နေတတ်ပါသည်။ လယ်သမားကျေးရွာ၌ လယ်သမားရင်သွေးတို့သည် ထွန်၊ ထယ်၊ ကျွဲ၊ နွားတို့၏ သဘော၊ လယ်ယာလုပ်ငန်းခွင်၏ သဘောတို့ကို ငယ်စဉ်ကပင် နားလည်နေတတ်ပါသည်။ လူကြီးမိဘတို့၏ လုပ်ငန်းနှင့် အတတ်ပညာတို့သည် ကလေးငယ်အပေါ် အစဉ် အရိပ်ပေးနေတတ်ပါသည်။ ကလေးငယ်သည် အသက်နှင့်မမျှသော ပတ်ဝန်းကျင် အတွေ့အကြုံများ ရရှိနေတတ်ပါသည်။

လှတောရွာ၌ တစ်ခေတ်က ဘိုးလေးစု၊ ဘိုးလေးခင်၊ ဘိုးလေးကြောင်၊ ဦးကဲ၊ ဦးပွဲ၊ ဦးဖိုးကြာ၊ ဦးလူထွေး၊ ဦးလူမော်၊ သူကြီးဦးကံညွန့် စသူတို့သည် ထူးခြားထက်မြက်သော အခိုင်းအနှိုင်းများကို အစဉ်တစိုက် ပြောဆိုသုံးနှုန်းခဲ့လေရာ ထိုအဘိုးတို့၏ စကားရိပ်သည် နောက်လူတို့အပေါ် လွှမ်းမိုးခဲ့ပါသည်။ ထိုအဘိုးတို့၏ စကားရိပ်သည် နောက်လူတို့၏ သန္တာန်၌ စိမ့်ဝင် ကိန်းအောင်းနေပါမည်။ နောက်လူတို့သည် ထိုစကားရိပ်နှင့် ကျွမ်းဝင် ရင်းနှီးမှုသည်ပင် လှတောသားတို့ စကားစင်မြင့်ပေါ် ရောက်လာရခြင်း၏ ရေသောက်မြစ်တစ်ခု ဖြစ်ပါလိမ့်မည်။ တစ်နည်းအားဖြင့် ထိုရင်းနှီးမှုသည်ပင် ရေခံမြေခံကောင်းတစ်ခု ဖြစ်သည် ဆိုရပါလိမ့်မည်။

လှတောသားတို့ စကားစင်မြင့်ပေါ် ရောက်လာရခြင်း၏ ဒုတိယ အကြောင်းရင်းမှာ ဝီရိယရှိခြင်း ဖြစ်ပါလိမ့်မည်။

လှတောသားတို့ သုံးခဲ့သည့် အသုံးအနှုန်း၊ အခိုင်းအနှိုင်းများသည် တော်တော် ခပ်စောစောကပင် စာပေထဲ စီးဝင်လာသည့်စာ ဖြစ်လာသည်။ စာဖြစ်လာသဖြင့် သိသူများလာသည်။ သိသူတို့က စိတ်ဝင်စားလာသည်။ စိတ်ဝင်စားမှုဂယက်က လှတောသားထံ ပြန်လည် ရိုက်ခတ်လာသည်။ လှတောသားတို့သည် အဆိုပါ ဂယက်ကြောင့် စိတ်ကို ဆွပေးသလိုရှိမည်။ ထိုနည်းဖြင့် လှတောသားတို့ ဝီရိယထုတ်ရန် ဖန်တီးလာသလို ဖြစ်တော့သည်။ အတုမြင် အတတ်သင်လာကြသည်။ အားစမ်းပြီး ပြောကြည့်ကြသည်။ အပြောများလာကြသည်။ အသုံးအနှုန်းကောင်း၊ အခိုင်းအနှိုင်းကောင်းများ ပိုမို ထွက်လာသည်။ အရေအတွက်ရော၊ အရည်အသွေးပါ တက်လာသည်။ ထိုအခါ စာရေးဆရာတို့က ရေးကြပြန်သည်။ ရေးကြပြန်သဖြင့် ပိုမို ပျံ့နှံ့ ကျော်ကြားလာသည်။ ဤသို့ဖြင့် တိုးတက်မှုသံသရာလည်လေတော့သည်။

စာရေးဆရာများကသာမက တရားဟော ဓမ္မကထိကတို့ကလည်း အဆိုပါ စကားများကို သုံးစွဲလျက် တရားနာပရိသတ်အား ရွှင်လန်း ပျော်မွေ့စေခဲ့ကြသည်။ ဓမ္မကထိက အကျော်အမော်များ ဖြစ်ကြသော ဦးလှသိန်း၊ ကြာနီကန် ဆရာတော်တို့၏ တရားပွဲများ၌ လှတောသားစကားကို မကြာခဏ ကြားနာခဲ့ကြရပါမည်။ ကြားရတိုင်းလည်း စိတ်ရွှင်ပျမှုကို ခံစားကြရပါမည်။ ချီးလည်း ချီးကျူးကြရပါမည်။

စာရေးဆရာများနှင့် ဓမ္မကထိကများက စင်မြင့်တင်ပေးလိုက်သောကြောင့် ထင်ပေါ်လာသောအခါ လှတောသားတို့သည် ထပ်မံကြိုးစားလိုစိတ် ဖြစ်ပွားလာပေမည်။ ယခုအခါ လှတောရွာ၌ အများသူငှာဆိုသလို ပြောလာကြသည်။ ပြောလာကြသည် ဆိုသော်လည်း တကူးတကန့် လေ့ကျင့်နေခြင်းမျိုး မဟုတ်။ ကြုံလျှင် ပြောလိုက်တတ်သော အလေ့အထများ ဖြစ်ပေါ်လာခြင်းပင်တည်း။ အဟောင်းစကားများကိုပင် မွမ်းမံပြောကြသဖြင့် အရည်အသွေး ပိုတက်နေသည်ကို တွေ့ရပါသည်။ ပုံစံအားဖြင့် ယခင်က 'မြွေပေါလိုက်ပုံကတော့ မုန့်တီဟင်း





မြင်ထားတဲ့အတိုင်းပါပဲ' ဟု သုံးခဲ့ရာမှ ယခုအခါ 'မုန့်တီတောင်း ဇောင်းသွန်ထားတဲ့အတိုင်းပဲ' ဟု မွမ်းမံ သုံးစွဲလာခြင်းမျိုး ဖြစ်ပါသည်။

လှတောသားအကြောင်း၊ လှတောသားစကားအကြောင်း ကြားဖူးသူအချို့က "လှတောသားဟုဆိုလျှင် ဤသို့ပြောနိုင်သည်။ လှတောသား ပြောတိုင်းလည်း ဤသို့ အစဉ် ထက်မြက် ထူးခြားနေသည်ချည်း ဖြစ်သည်" ဟု ထင်နေကြပါသည်။ အချို့ကတော့ ဤသို့ ဖြစ်လေသလားဟု မေးကြပါသည်။

မဟုတ်ပါ။ လှတောသားတိုင်း မပြောနိုင်ကြပါ။ လှတောသား ပြောတိုင်း ထူးခြားသည် မဟုတ်ပါ။ လှတောသားသည် ယေဘုယျအားဖြင့် (ယနေ့) တခြားရွာသားတို့ထက် ထူးထူးခြားခြား ပြောနိုင်ခြင်းမျှသာ ဖြစ်ပါသည်။ စကားပြောကောင်းသူ ဦးရေများခြင်းသာ ဖြစ်ပါသည်။ တစ်ရွာလုံး ဤစကားမျိုးကိုချည်း ပြောနိုင်သည်၊ ပြောနေကြသည်ဆိုလျှင်လည်း ထိုအဆိုသည် သဘာဝမကျနိုင်ပါ။ သင်တန်းပေး လေ့ကျင့်ထားသော ပုဂ္ဂိုလ်များ မဟုတ်ပါဘဲလျက် အဘယ်မှာ အားလုံး ဤသို့ ပြောနိုင်ပါမည်နည်း။

သို့ရာတွင် တောလက်ကျေးရွာတို့၌ ရှိတတ်သော သဘောထက် လှတောရွာသည် (ယနေ့) ပိုရှိနေသည်ကား အမှန်ပင် ဖြစ်ပါသည်။ ကျွန်တော်သည် လှတောရွာ အနီးတစ်ဝိုက်ရှိ ကျေးရွာများသို့လည်း သွားရောက်ခဲ့သည်။ မြန်မာပြည်တခြားဒေသ အနှံ့ရှိ ကျေးရွာအချို့ သို့လည်း ရောက်ဖူးသည်။ သို့သော် ဤအရာ၌မူ လှတောရွာကို မမီဟု ဆိုရပါမည်။ လှတောသားတို့သည် အကြောင်းဆုံစည်း၍ ပြောလိုက်ရလျှင် မှတ်လောက် သားလောက် ရှိသည်ကို တွေ့ကြရပါမည်။ အထက်၌ ဝီရိယ ရှိလာသည်ဟု ရေးခဲ့သော်လည်း တကူးတကန့် လေ့ကျင့်နေခြင်းမျိုး မဟုတ်။ အကွက်ဆိုက်လာပါက ပြောဖြစ်အောင် ပြောလိုက်ခြင်းသာ ဖြစ်ပါသည်။ တမင်တကာ ပြောပြပါ ဆို၍လည်း ရချင်မှ ရပါမည်။ ဤသို့ မရနိုင်ခြင်းမှာ လှတောသားတို့၏ စိတ်စောမှုကြောင့်လော မပြောတတ်ပါ။ ဤအချက်ကြောင့် ပါရမီနှင့် ဆိုင်သည်ဟု ပြောနိုင်ဖွယ် ရှိပါလိမ့်မည်။

ယနေ့ လှုတောရွာ၌ လူငယ်ပိုင်းနှင့် လူလတ်ပိုင်းတို့က အောင်မြင်သော အသုံးအနှုန်းများကို ပိုမို ပြောဆိုနိုင်ကြသည်ကို တွေ့ရပါသည်။ ဤအသက် အပိုင်းအခြားသည် စကားလည်း လိပ်ပတ်လည်အောင် ပြောတတ်၊ အတွေ့အကြုံ လည်း အသင့်အတင့် ရရှိ၊ ခေတ်လည်း အတန်အသင့် မီသောအပိုင်း ဖြစ်သော ကြောင့် ပိုမို အောင်မြင်အောင် ပြောဆိုနိုင်ခြင်း ဖြစ်ဟန်တူပါသည်။

ဦးစစ်၊ ဦးဘယု၊ ဦးချစ်စွန်၊ ဒေါ်ကြည်ရွှင်၊ ဒေါ်ဌေးကြည်၊ ဒေါ်ငြိမ်းတို့သည် လူကြီးပိုင်းငါးယောက် စကားပြောကောင်းသူများ ဖြစ်ပါသည်။ ကိုတိုးစိန်၊ ကိုကျိုးညို၊ (ကိုကျိုးညို သုံးယောက်စလုံး)၊ ကိုစိုး၊ ကိုရွှေမန်း၊ ကိုချစ်ရီ၊ ကိုပြေဌေး၊ ကိုပြေအေး၊ ကိုဝမ်း၊ မောင်မြင့်သိန်း စသူတို့သည် စကားပြောကောင်းသော လူလတ်ပိုင်းများ ဖြစ်ကြပါသည်။ ထို လူလတ်ပိုင်းတို့သည် လူကြီးပိုင်းထက် အရေအတွက်ရော အရည်အသွေးပါ ပိုမို ထုတ်လုပ်နေသည်ဟု ဆိုကြပါသည်။ ထုတ်လုပ်မှု အရှိန်အဟုန်သည် မြင့်လာသလောက် စုဆောင်း သိမ်းဆည်းမှုဘက်က မြင့်လာသည်ကို မတွေ့ရသေးပါ။ မောင်မြင့်သိန်း၊ ကိုဝင်းမောင်တို့လောက်သာ စုဆောင်း မှတ်သားနေကြသည်ဟု သိခဲ့ရပါသည်။ မွေးသူက မွေးဖွား သန့်စင် ပေးပါလျက် ကောက်ယူ သုတ်သင်ကျွေးမွေးသူ မရှိသဖြင့် အဖတ်မတင်ခြင်းသည် လွန်စွာ နှမြောဖွယ် ဖြစ်တော့သည်။ ထွက်ပြီးသမျှကိုလည်း စုဆောင်းထားသင့် ပါသည်။ သဲသောင်ထက်က လက်ယက်စမ်းရေတွင်းပမာ ထာဝစဉ် တစိမ့်စိမ့် ယိုစီးနေမည်သာတည်း။

လှုတောသားတို့၏ အသုံးအနှုန်း အခိုင်းအနှိုင်း အချို့တို့သည် လွန်စွာ ပညာသားပါလှသည်။ ပညာသားပါပုံကို အလင်္ကာရှုထောင့်က ကြည့်ရှုသုံးသပ် သောအခါ၌ ထင်ထင်ရှားရှား တွေ့နိုင်ပါသည်။ ထို့ပြင် ဟာသရသကို ပေးစွမ်းနိုင် သည်မှာလည်း အထင်အရှားပင် ဖြစ်ပါသည်။ လှုတောသားတို့ ဤသို့နှယ် ပြောဆို နိုင်ကြသည် ဆိုသည်ကို အချို့က သံသယ ရှိနေကြသည်ဟု ပြောကြသောအခါ





လှုတောသား မိတ်ဆွေများက 'မယုံရင် ခေါ်ခဲ့ပါ။ ကျွန်တော်တို့နဲ့ တွေ့ရရင် တောမိမင်းတောင် အူတက်နေဦးမယ်' ဟု ပြောကြပါသည်။

လှုတောသားတို့၏ စကားတို့၌ ထို့ထက် ကောင်းမြတ်သော တန်ကြေး တစ်ခု ရှိပါသေးသည်။ ထိုတန်ကြေးကား လှုတောသားတို့၏ နိုင်ငံရေး၊ စီးပွား ရေး၊ လူမှုရေးကို ဖော်ပြပေးနိုင်သော အမှတ်တံဆိပ် ဖြစ်ခြင်းပါတည်း။ ယင်းစကား တို့သည် အလေ့ကျ ပေါက်လာသည် မဟုတ်။ ဗီဇနှင့် ရင်း၍၊ ဘဝနှင့် ရင်း၍၊ ဝီရိယနှင့် ရင်း၍ ယူရသော ရတနာ အဆီအခဲများ ဖြစ်ပါသည်။ ထိုစကားတို့မှ အတိသယဝုတ္တိ ခေါ် အညွန့်ကို ပယ်လိုက်ပါလျှင် ကျန်သောအရင်းသည် လှုတောသားတို့၏ "ဘဝဝန်းကျင်" ဖြစ်လာပါသည်။

ဤစာရေးသူသည် စာဖတ်သူအား ပျော်ရွှင်မှု ဟာသကိုလည်း ပေးလိုပါ သည်။ ပညာပါသော စကားအများဖြင့်လည်း ထိတွေ့စေလိုပါသည်။ ထို့ထက် လယ်သမားထဲက လယ်သမားများ ဖြစ်ကြသော လှုတောသားတို့၏ "ဘဝ ဝန်းကျင်" ကို သရုပ်ဖော်ပေးနေသည့် အသုံးအနှုန်းများ လေထဲတွင် ကွယ်ပျောက် မသွားစေဘဲ၊ ရဟာနှာအဆီအခဲများ အငွေ့ပြယ်မသွားစေဘဲ အမှတ်ထင်ထင် အက္ခရာ တွင်စေလိုခြင်းသည် စာရေးသူ၏ ပန်းတိုင် ရည်ရွယ်ချက် ဖြစ်ပါသတည်း။

ဘဝအမောကို ဟာသနှော၍ ပြောတတ်သော လှုတောသားတို့၏ အရှင်ဓာတ်သည် စာဖတ်သူ၌ ထင်ဟပ်နိုင်ပါစေဟု…

**ကျေးဇူးစကား**

ဟာသများနှင့် ပတ်သက်၍ သဘာဝကျကျ ပေါ်လွင်စေလို သဖြင့် အချို့ပုဂ္ဂိုလ်များ၏ အမည်များကို အရင်းအတိုင်း ထည့်သွင်းဖော်ပြထားပါသည်။ သို့ ဖော်ပြထားသော်လည်း တစ်စုံတစ်ဦးကိုမှ နစ်နာစေလိုသောဆန္ဒ တစိုးတစိမျှ မရှိ ကြောင်း ရိုးသားစွာ ဝန်ခံပါသည်။ ချွတ်ချော်ယွင်းပါးမှု

တစ်စုံတစ်ရာ ပါလျှင်လည်း ခွင့်လွှတ်ကြမည်ဟု ယုံကြည်ပါသည်။

စကားအလှ၊ ဟာသ အမြတ်၊ အရှင်ခေတ် အမြိုက်ရတနာတို့ကို ပျိုးစိုက်ကာ သီးပွင့်လာကြသော လှတောရွာသား မိတ်ဆွေများ၊ ခူးရွေ စုဆောင်းပေးကြသော မိတ်ဆွေများ၊ အဘက်ဘက်မှ ကူညီကြသော ပုဂ္ဂိုလ်များအား ကျေးဇူးတင်ပါသည်။

အောင်နိုင်(တက္ကသိုလ်)

# အတွဲ (၁)

## ကြားဖူးပါသည်

တစ်နေ့တွင် လှတောရွာသားတစ်ဦးနှင့် အခြားရွာသားတို့သည် မိမိနွား မည်မျှကောင်းကြောင်း ဝင့်ဝါရင်း အချင်းချင်း နွားကောင်း ပြိုင်နေကြလေသည်။ နွားကောင်း ပြိုင်နေကြသည် ဆိုသော်လည်း တကယ်တမ်း နွားချင်းယှဉ်ကာ အပြိုင်မောင်းနှင်နေကြသည် မဟုတ်။ ပါးစပ်ချင်း ပြိုင်နေကြသည်သာ ဖြစ်လေသည်။

လှတောရွာသားက 'မင်းနွားက ဘယ်လိုကောင်းတာလဲ၊ ဘယ်လောက်ကောင်းတာလဲ။ ဆိုစမ်းပါဦးကွ'ဟု မေးလိုက်လျှင် တခြားရွာသားက ဤသို့ ပြောပြလေသည်။

'ငါ့နွား ကောင်းပုံကတော့ ပြောရရင် ယုံမှာတောင် မဟုတ်ဘူး။ ငါ လှည်းပေါ် ထိုင်လိုက်ရတဲ့အခါဆိုရင် ကျည်ဆန်ထိပ်ဖူးပေါ် ထိုင်လိုက်ရတဲ့အတိုင်းပဲ။ ဒီလောက်ကောင်း၊ ဒီလောက်မြန်တာ မောင်ရေ့'

ထိုအခါ လှတောရွာသားက ဤသို့ ပြန်ကောင်းပြလိုက်လေသည်။

'အေး မင်းနွား ကောင်းတာလည်း ဟုတ်ပေမှာပဲကွ။ ဒါပေတဲ့ ငါ့နွားကောင်းပုံက ဒီထက်သာလိမ့်မယ်။ တော်တော် တလောဆီက ဒီရွာမှာ အလှူတစ်ခုရှိခဲ့တယ်။ အလှူမှာ ကဖို့ အငြိမ့်မင်းသမီးတစ်လက်ကိုလည်း ငှားထားတယ်ကွ။ ရှင်လောင်းလှည့်ရာမှာ လိုက်ပါ ကပြဖို့ မင်းသမီးကို ငါ့လှည်းနဲ့ သွားခေါ်ရတယ်။ ရှင်လောင်းလှည့်ချိန်ကလည်း သိပ်နီးကပ်နေပြီဖြစ်လို့ လှည်းပေါ် မင်းသမီး တက်မိ





တာနဲ့ လှည်းကို ခြေကုန်စိုင်း မောင်းနှင်ရတယ်။ မဏ္ဍပ်ရောက်လို့ မင်းသမီးကို ဆင်းခိုင်းတဲ့အခါကျတော့မှ မင်းသမီး ကျန်နေရစ်ကြောင်း သိရတော့တယ်။ ဒါနဲ့ ငါလည်း လှည်းကို ချက်ချင်းလှည့်ပြီး မောင်းသွားလိုက်တာ မင်းသမီးဟာ လှည်းဆောင့်လို့ မြောက်တက်သွားတာ မြေပေါ်မကျသေးဘဲ လေထဲမှာပဲ ဝဲနေတုန်းရှိသေးလို့ ငါလည်း မင်းသမီးအောက်က လှည်းထိုးခံပြီး လှည်းကို မဏ္ဍပ်ဘက် ပြန်မောင်းခဲ့ရတယ်'

ဤသို့ ချေပ ပြောဆိုလိုက်လေရာ နွားကောင်းပြိုင်ဖက်သမားသည် တဟားဟား ရယ်ရင်း အရှုံးပေးလိုက်ရလေသည်။

အထက်ပါ နွားကောင်းပြိုင်ပွဲအကြောင်းကို ကျွန်တော်သည် မမ္ဘကထိက အကျော် ဦးလှသိန်း၏ တရားပွဲတစ်ခုတွင် နားထောင်ခဲ့ရခြင်း ဖြစ်ပါသည်။ ထိုသို့ နားထောင်ရစဉ်က ပရိသတ်သည် တဝါးဝါး တဟားဟား နေအောင် သဘောကျနေသလို ကျွန်တော့်စိတ်မှာလည်း အမှတ်ထင်ထင် စွဲကျန်နေပါလေတော့သည်။

## ဆရာကမ်းသော ဤလမ်းသွယ်

ကျွန်တော် စာတမ်းတစ်စောင် တင်သွင်းဖို့ ကြံလာသောအခါ ကျွန်တော် ဖတ်ထားမှတ်ထား စုထားပြီးဖြစ်သည့် အလင်္ကာများအကြောင်း ရေးသား တင်သွင်းရန် စီစဉ်ပြင်ဆင်လိုက်ပါသည်။ အလင်္ကာအကြောင်းကို ရေးသား တင်သွင်းဖူးသူလည်း မရှိသေးခြင်း၊ မရှိသေးသည့်အလျောက် မိမိပြုစုမည့် ကျမ်းသည် စာပေအတွက် အကျိုးရှိမည်ဟု သဘောပေါက်ခြင်း၊ မိမိတွင် အချက်အလက် (အထိုက်အလျောက်) စုပြီးဆောင်းပြီး ဖြစ်သဖြင့် ပင်ပန်းဆင်းရဲမှု မရှိရဘဲ ပြီးမြောက်နိုင်မည်ဖြစ်ခြင်းတို့ကြောင့် ကျွန်တော်၏ အစီအစဉ် အကြံအရွယ်ကို ကျွန်တော့်ဘာသာ သဘောကျနေပါသည်။ တိတိကျကျ လုပ်ဆောင်နိုင်ရေးအတွက် ဆိုင်ရာကို တင်ပြ အတည်ပြုရပေဦးမည်။

ဆိုင်ရာတို့က မိမိအကြံကို အလွယ်တကူပင် လက်ခံလိုက်သည်။ လက်
လိုက်ရုံသာမက ဖြစ်မြောက်အောင် ကြိုးစားဖို့၊ ဖိဖိစီးစီး လုံးပမ်းဖို့ပါ တိုက်တွ
လိုက်ပါသေးသည်။ ထို့အပြင် စာထဲပေထဲ၌ ရှိသည်များကိုသာမက လူထုပါးစပ်ထဲ
နားထဲမှာ ရှိနေသေးသည့် အလင်္ကာများကိုပါ တစ်ခန်း တစ်ကဏ္ဍအဖြစ် ထည့်သွ
သင့်ကြောင်း၊ စာပေအလင်္ကာဆိုသည်မှာ လူထုထဲမှ စီးဆင်းလာသော အလှအ
များသာ ဖြစ်ကြောင်း၊ လူထုထဲမှ အနည်းငယ်မျှသော အလင်္ကာများသာ စာပေထဲ
စီးဝင်သောင်တင်ခဲ့ကြောင်း၊ မြုပ်ချေ ပေါ်ချေ မျောပါနေသော လူထုပါးစပ်ထဲ
နားထဲမှ အလင်္ကာများကို စီစဉ်ထည့်သွင်းပေးနိုင်ပါက စာပေအတွက် အကျိုးပေ
နိုင်မည် ဖြစ်ကြောင်းများကိုပါ ထည့်သွင်းအကြံပေးပါသည်။

ဤသို့ အကြံပေးလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်၏ရင်တွင်း၌
စွတ်စိုစွာ ဖွဲ့နေသော အထက်ပါ နွားကောင်းပြိုင်ပွဲအကြောင်းသည် လက်ခ
ပေါ်ထွက်လာပါသည်။ လှတောရွာ အမည်သည်လည်း ရင်ထဲတွင် ရိုက်ခတ်တုန်
လာပါသည်။ ထို့ကြောင့် တစ်တိုင်းပြည်လုံး အတိုင်းအတာနှင့် ရှိနေသော အလင်္ကာ
များကို မစုဆောင်း မစီစဉ်နိုင်သည့်တိုင်အောင် လှတောရွာနှင့် လှတောရွာကဲ့သို့
သော ဒေသများမှ ထက်မြက်သည့် အလင်္ကာများကိုမူ စူးစမ်းစုဆောင်းမည်ဟု
ဆုံးဖြတ်လိုက်ပါသည်။ ထို့ကြောင့် လှတောရွာသို့ သုတေသန ခြေလှမ်း စတင်ခဲ့
ပါသည်။

## လေကျွယ်ရာ အရပ်

လှတောရွာသားများ၏ လေ (အလင်္ကာများ) ကို လူတော်တော်များများက သိသား
ကြလေပြီ၊ သိနေကြလေပြီ။ လှတောသားတို့သည် အမြင်မတော် အကြားမတော်
လျှင် မည်သူ့ကိုမဆို စာချိုးတတ်လေသည်။ လှတောခဲလဖြင့် ရိုက်လှဲတတ်လေ
သည်။ ဤသို့ ကျွန်တော် ကြားထား သိထားပါသည်။ ထို့ကြောင့် လှတောရွာသို့
ကျွန်တော် သွားရသောအခါ တစ်ဖက်က ပျော်သလိုလိုရှိသော်လည်း တစ်ဖက်က





ရွံ့တွန့်တွန့် ဖြစ်နေမိပါသည်။ မိမိကိုယ်ကို လှတောခံတာပေး ထွက်လာသူအဖြစ် အသိမပေးဘဲ အမှတ်မထင် ခိုဝင်လေ့လာခြင်း၊ မှတ်သားခြင်းက ပိုမိုအကျိုးရှိမည်၊ ဥပါဒ်ကင်းမည်ဟု သဘောရထားသည်။ လေညာဘက်က ဖွေရှာဖို့ ဆုံးဖြတ် လိုက်ပါသည်။

ကျွန်တော်သည် လှတောသို့ ရောက်သောအခါ ဦးဘရင်အိမ်တွင် တည်းခို ခွင့် ရပါသည်။ ဦးဘရင်၏အိမ်သည် အရှေ့ဆန်စက်ဝင်းအတွင်း၌ ရှိပါသည်။ ဦးဘရင်သည် ကျွန်တော့်အသိ မဟုတ်ပါ။ ဝက်လက်မြို့ရှိ မိမိ၏တပည့်ဖြစ်ဖူးသူ မစိမ်းစိမ်းလွင်က မိတ်ဆက်အပ်နှံပေးသဖြင့် သိကျွမ်းရခြင်း ဖြစ်ပါသည်။ မိမိနှင့် ကျွမ်းဝင်ရင်းနှီးပြီး မဟုတ်သေးသူ အိမ်ရှင်အား မိမိ၏ရည်ရွယ်ချက်ကို အသိ ပေးမထားလျှင် မိမိအား တစ်မျိုးတစ်မည် ထင်မှတ်ရာရှိသည်။ မိမိ၏ရည်ရွယ်ချက် အား တည်းအိမ်အပေါ်တွင် မြှုထားခြင်းသည် မလျော်ကန်သော အပြုအမူမျိုး ဖြစ်နိုင်သည်။ ဤသို့ စဉ်းစားမိသဖြင့် ဦးလေးရင်မိသားစုအား ဖွင့်ဟတိုင်တည် ထားလိုက်ပါသည်။

## ချဉ်ပင်အောက် ချဉ်သီးရှားလေပြီလား

ယင်းသို့ ဖွင့်ပြောသောအခါ ဦးလေးရင်က 'ပြောတော့ ပြောနေကြပါရဲ့။ ဒါပေမဲ့ ဘယ်သူမှ မှတ်မှတ်သားသား မထားကြပါဘူး။ ဒီလို တစ်လုံးတစ်ခဲတည်း စုဆောင်းဖို့တော့ ရမယ် မထင်ဘူး'ဟု ပြောပြပါသည်။ ကျွန်တော့်အဖို့ ယုံရခက် မယုံရခက် ဖြစ်နေမိပါသည်။ လှတောသားတွေ စကားကြွယ်ကြောင်း၊ လှတော သားတို့ ပြောသောစကားများ ထူးခြားထိရောက်လှကြောင်း ရပ်တကာ ရွာတကာ အသိ ဖြစ်နေပါလျက် ဦးလေးရင်က စုဆောင်းလို့ ရမယ်မထင်ဟု ဆိုနေချေပြီ။ အဘယ်သို့ ဖြစ်ဘိသနည်း။

ဟုတ်တော့ဟုတ်ပါသည်။ အခု လှတောသို့ ကျွန်တော် ရောက်နေသည် မှာ သုံးနာရီလောက် ကြာနေပါပြီ။ ကျွန်တော် လိုလားသော၊ ကျွန်တော် ကြား

ချင်နေသော အသုံးအနှုန်းဟူ၍ တစ်လုံးတစ်ပါဒမျှ မကြားရသေးပါကလား၊ ဦးလေးရင်တို့ မိသားစု စကားပြောကြသည်မှာလည်း ရိုးရိုးအေးအေးမျှသာတည်း၊ သူလို ငါလိုသာ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် ကြားခဲ့သမျှသည် ဟုတ်မှ ဟုတ်ပါလေစ။ ကျွန်တော် မျှော်လင့်ထားသမျှတို့သည် သဲထဲရေသွန် ဖြစ်ရတော့ မည်လော။ ချဉ်ပင်အောက် ချဉ်သီး ရှားလေပြီလော။

## လာပါပြီ နိဒါန်း

ညနေ သုံးနာရီလောက်၌ ဦးလေးရင်ထံသို့ ဦးစိန်မောင်ဆိုသူတစ်ဦး ရောက်လာ ပါသည်။ ဦးစိန်မောင်သည် အရှေ့ဘက် ဆန်စက်မန်နေဂျာ ဖြစ်ပါသည်။ စက် လည်နေရင်း မီးငြိမ်းသွားသဖြင့် မီးဆက်တတ်သူ ဦးလေးရင်အား လာခေါ်ခြင်း ဖြစ်သည်ဟု သိရပါသည်။ စက်ထဲတွင် မီးငြိမ်းသွားသဖြင့် စက်ရုံတစ်ခုလုံး မှောင်ကျနေလေပြီ။ လုံးဝ အလုပ်လုပ်၍ မဖြစ်တော့ပြီ။ စက်ထဲ၌ မီးဆက်တတ်သူ မီးပြင်တတ်သူ မရှိ။ ဦးလေးရင်သည်သာ လုပ်နေကျဖြစ်သဖြင့် ကျွမ်းကျင်သည်၊ သို့သော် ဦးလေးရင်သည် ယင်းအလုပ်မှ အနားယူထားပြီး ဖြစ်ပါသည်။

ဦးလေးရင်သည် မိမိ အနားယူခါနီး၌ စက်ထဲတွင် လုပ်တတ်ကိုင်တတ် ရှိအောင် လုပ်ဖော်ကိုင်ဖက်များ တတ်သင့် တတ်ထိုက်သည်များကို လက်ထပ် သင်ပေးဖို့ ကြိုးစားခဲ့သည်။ သို့သော် တချို့လုပ်သားများက စိတ်မဝင်စားကြ။ သင်ပေးသည်ကိုလည်း မှတ်သားလေ့လာခြင်း မပြုကြ။ ထို့ကြောင့် ယခုတိုင် မလုပ်တတ် မကိုင်တတ်ကြသေးပေ။ ဤသည်ကို ဦးလေးရင်က သဘောမကျ၊ ထို့ကြောင့် ဦးစိန်မောင် လာရောက် ခေါ်ငင်သောအခါ ဦးလေးရင်က စက်ရုံ လုပ်သား အချို့အပေါ် ညည်းတွားပြနေရှာသည်။ ဦးစိန်မောင်ကလည်း တောင်း တောင်းပန်ပန် ခေါ်ငင်နေရှာပေသည်။

ထိုစဉ်က ကျွန်တော်တို့သည် စက်ရုံဘက်သို့ မျက်နှာမူ စကားပြောနေကြ သည်ဖြစ်ရာ စက်ရုံရှေ့ လှုပ်ရှားမှု အားလုံးလောက်ကို မြင်တွေ့နေကြရသည်၊





အလုပ်သမားတစ်ယောက်သည် စက်ရုံထဲမှ ထွက်လာသည်ကို ကျွန်တော်တို့ မြင်နေကြရသည်။ ထိုအလုပ်သမားသည် စက်ရုံထဲတွင် ပူအိုက်သောကြောင့် ဖြစ်ဟန်ရှိသည်။ မိမိကိုယ်ကို ပုဆိုးစဖြင့် ယပ်ခတ်လာသည်။

စက်ရုံပတ်လည်တွင် ဝမ်းစာစပါးကြိတ်ရန် ညအိပ် စောင့်နေကြသော လှည်းများမှ နွားများက စွန့်ထားသည့် နွားချေးပုံများလည်း ရှိနေသည်။ အဆိုပါ လုပ်သားသည် ပုဆိုးကို မလျက် လက်တစ်ဖက်က ယပ်ခတ်ရင်း နွားချေးပုံများကို ခုန်ကာခုန်ကာ ကျော်လွှား သွားလာနေသည်။ ထို့ကြောင့် ဦးစိန်မောင်က–

'ဦးလေးရင်ရေ၊ အလုပ်သမားတွေကိုတော့ မပြောပါနဲ့တော့။ စက်ထဲနေ စက်ထဲ အလုပ်လုပ်ပြီး ဆီဂျီး (ချေး) မကိုင်ချင် ဘာမကိုင်ချင်နဲ့။ ဟိုမယ် ကြည့်ပါဦး၊ အလုပ်သမားတဲ့ဗျာ၊ လုပ်နေလိုက်ပုံကတော့ ဇာတ်ခုံပေါ်က ရွှေမန်း တင်မောင် ကိန္နရာက ကနေတာ မှတ်ရတယ် 'ဟု ပြောလိုက်ပါသည်။ ဦးစိန်မောင် သရုပ်ဖော် ခိုင်းနှိုင်းလိုက်ပုံမှာ အလွန် သဘာဝကျကြောင်း မျက်မြင်ဖြစ်သော ကျွန်တော်တို့ အံ့အားသင့်ရပါတော့သည်။ ကျွန်တော်သည် ဤအခိုင်းအနှိုင်း ကြားလိုက်ရသဖြင့် ပြန်လည် အားတက်လာပါသည်။ ကျွန်တော်သည် အနီးရှိ မှတ်စုစာအုပ်ကို လှမ်းယူ ရေးမှတ်ထားလိုက်ပါသည်။

ထိုအခြင်းအရာကို မြင်လိုက်သော ဦးစိန်မောင်က 'ဆရာရေ၊ ဒါမျိုးကို လိုချင်ရင်တော့ ရေးလို့ မှတ်လို့ကို ကုန်နိုင်မှာ မဟုတ်ဘူး။ လှတောမှာ ဆရာ တစ်ဝါဆို နေရမယ်'ဟု ပြောပြသဖြင့် ပိုမိုအားတက်မိပါသည်။

သို့သော် ထိုနေ့ တစ်ညနေလုံးနှင့် ထိုည တစ်ညလုံးမှာပင် နောက်ထပ် ရေးမှတ်စရာ တစ်စုံတစ်ရာမျှ မကြားရ မကြုံရတော့ပါ။ ထို့ကြောင့် ရနိုင်ရာ ရနိုင်ကြောင်း နည်းလမ်းကောင်းများ ညွှန်ပြပါရန် ဦးလေးရင်ထံ ချဉ်းကပ်တိုးလျှိုး ရပါတော့သည်။

စင်စစ်တော့ ဦးလေးရင်သည် လှတောရွာမှာ အခြေချ နေထိုင်သော်လည်း လှတောရွာဇာတိ မဟုတ်သည်က တစ်ကြောင်း၊ ကိုယ်တိုင်ကလည်း ပြောဆို

သုံးနှုန်းလေ့ မရှိသည်က တစ်ကြောင်းတို့ကြောင့် ရနိုင်မည့် နည်းလမ်းကောင်း ဆိုသည်ကို မရှာဖွေ မပြောပြတတ်ပါ။

စာပေနှင့် ပတ်သက်လာလျှင် တောရွာများ၌ ဘုန်းတော်ကြီးများသည် အတွေ့အကြုံလည်း များတတ်သည်။ အမှတ်အသားလည်း ရှိတတ်သည်၊ ဘုန်းတော်ကြီးများထံ ချဉ်းကပ်ရလျှင် သင့်မည်ဟု စဉ်းစားမိသည်။ စဉ်းစားမိသည့် အတိုင်း ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းကျောင်းသို့ ပို့ပေးပါရန် ဦးလေးရင်ထံ ဆန္ဒပြုရပါတော့သည်။ ဦးလေးရင်ကိုယ်တိုင်ပင် လှတောရွာ တောရကျောင်းခေါ် အုတ်ကျောင်းသို့ လိုက်ပို့ပေးပါသည်။ ယင်းတောရကျောင်းသည်ကား ရွှေကျင် သာသနာဂိုဏ်းကို စတင်ထူထောင်တော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့သည့်ကျောင်း ဖြစ်သည်ဟု သိခဲ့ရပါသည်။

ယခုလက်ရှိ သီတင်းသုံးနေတော်မူသော ဆရာတော်ကြီးနှင့် ကျွန်တော်တို့ အတန်အသင့် စကားစမြည် ပြောကြပြီးနောက် မိမိဆန္ဒကို ဆရာတော်ကြီးအား တင်ပြလျှောက်ထားကြရပါသည်။ ဆရာတော်၌ ကြားဖူး ကြုံဖူး မှတ်ဖူး သားဖူး သည်များ ရှိပါက မ စ ပါရန်လည်း လျှောက်ထားကြရပါသည်။

'အေးကွယ့်၊ ဒီလိုဘက်ကတော့ တို့ရွာသားတွေက တော်တော်ပါရမီ ထူးကြတာပဲကွယ့်။ သူသူငါငါ ဆိုသလို ပြောဆိုနေကြတာပါပဲကွယ်။ ဒါပေမဲ့ ဘယ်သူကမှ မှတ်မှတ်သားသား ထားမယ် မထင်ပါဘူးကွယ်။ တို့များလည်း မှတ်မထားမိဖူးပါဘူး'ဟု အမိန့်ရှိပြီး ဆရာတော်ကြီးသည် စဉ်းစားဟန် ပြုနေပါ သည်။ မကြာမတင်မှာပဲ 'တစ်ခုတော့ မှတ်မိသေးရဲ့'ဟု အစပျိုးကာ အောက်ပါ အတိုင်း ပြောပြလိုက်ပါသည်။

## ပင်ကြားအထဲ ကြီးပုံများ

'တစ်ခါက လှတောရွာသား တစ်ယောက်ဟာ ကိစ္စတစ်ခုနဲ့ ရွှေဘိုမြို့ကို သွားသတဲ့၊ ဟိုစဉ်က ကားလမ်း မရှိသေးလေတော့ ခြေကျင်သွားရတာပေါ့။ အဲဒီ ဒကာဟာ





လမ်းမှာ ရေငတ်တာနဲ့ လယ်ထဲမှာတော့ ရေရှိမှာပဲဆိုပြီး လယ်ကွက်တစ်ခုထဲ ဆင်းကြည့်သတဲ့။လယ်ထဲမှာလည်း ရေရှိဖို့ မဆိုထားနဲ့ မြေတွေတောင် ခြောက်သွေ့ ပြီး ပင်ကြားအက်ကြီးတွေ ဖြစ်နေတယ်ဆိုပဲ။ ခရီးသွား လှတောရွာသား ဒကာဟာ ပင်ကြားအက်ကြီးက တယ်ကြီးပါလားဆိုပြီး တအံ့တသြ ငုံ့ကြည့်လိုက်တဲ့အခါ အိတ်ထဲပါလာတဲ့ ထုံးဘူးကလေးဟာ ထွက်ကျပြီး ပင်ကြားအက်ထဲ ဝင်သွား သတဲ့။ "အော် ငါ့ ထုံးဘူးကလေး ဆုံးရှာပြီ"လို့ ရေရွတ်ပြီး ရွှေဘိုဘက် ဆက်လက် ထွက်ခွာသွားသတဲ့။

'ညနေတိမ်းလို့ ရွှေဘိုက ပြန်လာပြန်တော့ ဒီပင်ကြားအက်ကြီးကို သတိရပြန်သတဲ့။ "ငါ့ထုံးဘူးကလေး ကျသွားတဲ့ ပင်ကြားအက်ကြီးပေကပဲ"လို့ အောက်မေ့ရင်း ငုံ့ကြည့်လိုက်ရာ ဟိုအောက်ဆီမှာ "ဂျောက်ဂျောက် ဂျောက် ဂျောက်"နဲ့ ထုံးဘူးကလေး ကျနေဆဲအသံကို ကြားရသေးသတဲ့။ ပင်ကြားအက် ကြီးက ဒီလောက်ထိ ကြီးတယ်ဆိုတဲ့ သဘောပေါ့ကွယ်။ အဲဒါ တို့လှတောသား ပြောတဲ့ စကားပေါ့မောင်ရာ'ဟု ဆရာတော်က အဆုံးသတ်လိုက်ပါသည်။

## သူ့ထက်သူ

ပင်ကြားအက်ကြီးပုံနှင့် ပတ်သက်၍ လှတောသားအချင်းချင်း စကားနိုင် ပြောဆို ကြပုံကို ဤနေရာတွင် တစ်ဆက်တည်း ဖော်ပြပါဦးမည်။

လှတောသားနှစ်ယောက်တို့သည် မိမိ၏ လယ်ကွက်ထဲရှိ ပင်ကြားအက်က ပိုမိုကြီးကြောင်း စကားနိုင်လုကြရာ၌ တစ်ယောက်သောသူက–

'ငါတို့ လယ်ကွက်ထဲရှိတဲ့ ပင်ကြားအက်ကြီး ကြီးမားပုံတော့ မပြောပါနဲ့ တော့ကွာ။ ငါ ထွန် ထွန်နေတုန်း နွားနှစ်ကောင်ရော ထွန်တစ်စုံပါ ပင်ကြားအက်ထဲ ကျသွားလိုက်တာ နွားနှစ်ကောင်ကို ပုရွက်ဆိတ်လောက်ပဲ မြင်ရတော့တယ်'ဟု ပြောပြလိုက်သည်။ ကျန် ပြိုင်ဖက်တစ်ဦးက–

'ဒါဆိုရင် မင်းပြောတဲ့ ပပ်ကြားအက်က ဘာဟုတ်သေးလို့လဲ။ ငါ့လယ်ထဲ ရှိတဲ့ ပပ်ကြားအက်က ပိုကြီးတာပေါ့။ ကြီးဆိုကွာ ပပ်ကြားအက်ထဲ ငုံ့ကြည့်လိုက်တဲ့ အခါ ငရဲခံနေရရှာတဲ့ ဒေဝဒတ်ကို ငုတ်တုတ်ကလေး မြင်ရတော့တာပါပဲ'ဟု ချေပလိုက်သည် ဟူ၏။

## ဝိဇ

ကျွန်တော်တို့သည် ထိုနေ့နံနက်မှာပင် ဝှာတောတောင်ကျောင်းသို့ ဆက်သွားကြ ပါသည်။ လှတောတောင်ကျောင်းတွင် လှတောရွာ ဆရာတော်များ၏ နာယက ဖြစ်သော ဆရာတော်ကြီး ကျောင်းထိုင်လျက် ရှိပါသည်။

ယင်းဆရာတော်ကြီးနှင့် တွေ့ဆုံမေးမြန်းရသော အခါ၌လည်း အလားတူ ပင် မှတ်မှတ်သားသား မထားမိကြောင်းသာ မိန့်ဆိုနေပြန်ပါသည်။ သို့သော် ဤကဲ့သို့ လွန်လွန်ကျူးကျူး ပြောဆို သုံးနှုန်းတတ်သော ဓလေ့မှာ မင်းတုန်းမင်း ခေတ်လောက်ကပင် ရှိနေပြီဖြစ်ကြောင်း၊ မင်းတုန်းမင်းကြီး၏ အမှုတော်ထမ်း ကောင်း ဗိုလ်ပြင်သည် လှတောရွာသားဖြစ်ကြောင်း၊ ဗိုလ်ပြင်၏ သားတစ်ဦးမှာ စစ်ကဲကြီးဦးထွန်း ဖြစ်ကြောင်း၊ ဦးထွန်းသည် မိမိတို့ လှတောသားများ စကား တတ်သည်ကို အထူးနှစ်ခြိုက်ကြောင်း၊ ယင်းသို့ ပညာပါသည့် အသုံးအနှုန်းများ ကို လေးစားကြောင်း၊ ဟာသအဖြစ်လည်း သဘောထားကြောင်းများကို မိမိ မှတ်သားဖူးကြောင်း နာယကဆရာတော်ကြီးက အမိန့်ရှိပါသည်။

စစ်ကဲကြီးသည် တန်ဖိုးထား လေးစားသည့်အလျောက် လှတောရွာသား များ ဖြစ်ကြသည့် ဘိုးကြောင်၊ ဘိုးလေးစု၊ ဘိုးခင် စသူများကို အဆက်မပြတ် ခေါ်ယူထားလေ့ရှိကြောင်း၊ မိမိကိုယ်တိုင် ပျင်းရိသည့် အခါများတွင်လည်း ယင်း ပုဂ္ဂိုလ်ကြီးများ အချင်းချင်း စကားနိုင်ပြောစေကြောင်း၊ စကားနိုင်လုကြရာတွင် စကားပြောကောင်းကြသူများ၊ ဇဝနဉာဏ် ထက်မြက်ကြသူများပီပီ အချေအတင် အနိုင်ရအောင် ကြိုးစားကြကြောင်း၊ ကြိုးစားသည့်အလျောက် နားထောင်၍





မညည်းနိုင်အောင်၊ တသောသော ရယ်မောရအောင် အာဝဇ္ဇန်း ရွှင်ကြကြောင်း၊ သူတို့စကားဝိုင်းသည် တရားပွဲတစ်ပွဲ၊ အငြိမ့်ပွဲတစ်ခုထက် ပိုမို စိုပြည်စည်ကားသည့် အခါရှိကြောင်း၊ ဤသို့သော စကားရည်လုပွဲကို နားထောင်ရင်း စစ်ကဲကြီးသည် အပျင်းပြေတတ်ကြောင်း၊ တစ်ခါတစ်ရံဆိုလျှင် မိမိရွာသားတို့၏ စကားရည်ချွန်မှု ကို ဂုဏ်ယူပလွှားလိုသဖြင့် မိမိနှင့်ရင်းနှီးသော အခြားအရပ်က အရာရှိအရာခံ လူကြီးမင်းများ စုံရာတွင် မိမိ၏လက်သုံးတော် ပါးစပ်စကြာရှင်များအား ပွဲသွင်း ကင်ပြပေးတတ်ကြောင်းများကို မှတ်သားရဖူးကြောင်း နာယကဆရာတော်ကြီးက လှတော၏ စကားဗီဇသမိုင်းကို ပြန်လှန်မိန့်ကြားတော်မူပါသည်။

## ဈေးလိုက်တဲ့ ကောက်ညှင်း

နာယကဆရာတော်ကြီးကပင် မိမိကြားဖူးသည့် ကောက်ညှင်းဈေး ပြိုင်ကြပုံ တစ်ခု အကြောင်းကို ဆက်လက်ပြောပြပါသည်။

'တစ်နေ့တော့ စစ်ကဲတော်ကြီးဟာ မိမိရဲ့ လက်သုံးတော် စကားတတ် ပုဂ္ဂိုလ်တော်ကြီးများကို ဧည့်ခံကျွေးမွေးရင်း စကားရည်လုအောင် လမ်းစထွင်ပေး လိုက်သတဲ့။ စကားစ ရလာတဲ့အခါကျတော့ ဘိုးလေးကြောင်တို့ဟာ ကောက်ညှင်း ဈေးပုံကို စကားစ ရောက်သွားကြသတဲ့။

'တစ်ဦးသောပုဂ္ဂိုလ်က "ကောက်ညှင်းဈေးပုံကတော့ကွာ ငါ့လယ်က ကောက်ညှင်းဟာ တကယ် ပြောလောက်တာပဲ။ တစ်ခါက နတ်တင်ပြီး ကောက် ညှင်းပေါင်း လက်တစ်ဆုပ်စာကို လှည်းဦးပေါ် ပုံထားလိုက်မိတယ်။ သုံးနှစ်သုံးမိုး မိုးကြီးတွေ သည်းသည်းထန်ထန် ရွာတောင်မှ အပုံအနေအထား မပျက်ဘူး။ အဲဒီလောက် စီး (ဈေး) တာလားကွ" လို့ ပြောပြလိုက်သတဲ့။

'ကျန်တစ်ယောက်က "ဒါဆို ကိုရင့် ကောက်ညှင်းဈေးတာက ဘာဟုတ် သေးလို့လဲ။ ကိုရင့်လိုပဲ ကျုပ်ရဲ့ ဆပ်သွားဖူး ကောက်ညှင်းပေါင်းကို လှည်းဦးပေါ်

ပုံထားခဲ့မိတာ ကောက်ညှင်းပေါင်းကို ကျီးကန်းက ချီသွားတော့ လှည်းကြီးပါ ကပ်ပါသွားလို့ တော်တော် လိုက်ရှာယူရတယ်"လို့ အနိုင်ယူ ပြောပြလိုက်ပြန်သတဲ့ ကွယ်။

'အဲဒီအခါ နောက်ဆုံးတစ်ယောက်က ဒီလို ပြောပြန်သတဲ့ကွယ်။ "ကိုရင်တို့ ကောက်ညှင်းတွေက ကောက်ညှင်းပေါင်းဘဝ ရောက်နေကြပြီကိုး။ အင်း ကျွန်ုပ် ကောက်ညှင်းအကြောင်းလည်း ပြောရသေးတာပ။ ဟိုတစ်နှစ်ကပေါ့ ကျွန်ုပ်ရဲ့ ဝက်သားဆီ ကောက်ညှင်းမျိုးကို အရှေ့လယ်တောမှာ စိုက်ထားလိုက်တယ်။ စပါးကလည်း သိပ်ကောင်း၊ ပေါင်းကလည်း အတော် ရှုပ်နေတာနဲ့ ပေါင်းရှင်းအောင် လယ်ကြားထွန်နဲ့ ထွန်လိုက်ပါတယ်။ လား လား စပါးပင်တွေက ထွန်တုံးကြီးကို ကပ်နေလို့ လယ်ကွက်ကြီးပါ ထောင်ပါလာပါကရောဗျား။ လူမှ လယ်ကွက်ထဲက အနိုင်နိုင် ရုန်းထွက်ယူရတယ်။ အဲ အဲဒါ စပါးပင်ဘဝပဲ ရှိသေးတယ်။ ဆန်မဖြစ်သေးဘူး။ မပေါင်းရသေးဘူး တဲ့။

'အဲဒီလို ပြောတတ်ကြတယ်ဆိုပဲ မောင်ရင်ရဲ့'

## ကုလားပဲ ကြဲသော စစ်ကဲကြီး

'အဲဒီလို ပြောလိုက်တာကို ထမင်းစားရင်း နားထောင်နေတဲ့ စစ်ကဲတော်ကြီး ကြားလိုက်ရတဲ့အခါ မချုပ်တည်းနိုင်တော့ဘဲ ခွက်ထိုးခွက်လန် ရယ်လိုက်မိသတဲ့။ ရယ်မိတော့ ပါးစပ်ထဲက ထမင်းတွေ ဖွေးခနဲ ဖြာထွက်သွားသတဲ့။ အဲဒီအခါ အနီးမှာ ရှိနေတဲ့ လူတော်သားတစ်ယောက်က ကောက်ကာ ငင်ကာ ပြောလိုက်တာ ကတော့–

'"အလိုလေး စစ်ကဲတော်မင်း ပါးစပ်ထဲက ထွက်လာလိုက်တာများ အရှေ့ဘက်လယ်ထဲ ကုလားပဲ ကြဲနေတဲ့ အတိုင်းပါပဲလား"လို့ ဆိုပဲကွယ့်'

နာယက ဆရာတော်ကြီးက ဤသို့ ပြောပြလိုက်ပါသည်။

ရာပြည့်စာအုပ်တိုက်



## သူတို့တလည်း ထစ်မျိုးဒီ

ကောက်ညှင်းစီး(စေး)ပုံနှင့် ပတ်သက်သော အခြား ပြိုင်ဆိုင်မှုတစ်ရပ် အကြောင်းကိုလည်း မှတ်သားခဲ့ရပါသည်။ တစ်နေ့တွင် လူတော်သားအချင်းချင်း ကောက်ညှင်းစီးပုံချင်း ငြင်းခုံ အနိုင်လုနေကြရာ တစ်ယောက်သောသူက–

'ငါ့ကောက်ညှင်း စီးပုံက ပြောလောက်လို့ပြော၊ ပြိုင်လောက်လို့ ပြိုင်နေတာကွ။ ငါ့နွားတွေအတွက် ကြိုး မရှိတော့ဘူးဆိုရင် ငါက ကြိုးဝယ်နေတာ မဟုတ်ဘူး။ ပုတ်ထဲက ကောက်ညှင်းကို ထောင်း၊ ဆန်မှုန့်ကို နန်းဆွဲပြီး ကြိုးအဖြစ် သုံးလိုက်တာပဲ။ အခု ငါ့နွားမှာ ချည်ထားတဲ့ ကြိုးဟာ အဘိုးလက်ထက်က ကြိုးဟောင်းလေးပေါ့။ ဒီလောက်ထိ စီးတာ မောင်ရေ့'ဟု ရှင်းပြလာသည်။

ထိုအခါ ပြိုင်ဘက်လူက–

'အင်း…မင်းကောက်ညှင်းက တော်တော် စီးပေတာကိုး။ သို့ပေမယ့် အဲဒီ ကောက်ညှင်းမျိုးဟာ ငါ့ဆီက တိမ်ကောသွားတဲ့ မျိုးနဲ့ တူပါရဲ့။ အခု ငါ့လက်ထဲမှာ ရှိနေတဲ့ ကောက်ညှင်းကတော့ မျိုးကောင်းမျိုးသန့်ဖြစ်လို့ စွမ်းအင် အပြည့် ရှိသေးတယ်။

'တစ်နေ့က ငါ့အိမ်ရှင်မက သွားရည်စာအဖြစ် စားဖို့ ကောက်ညှင်းဆန်လေး တစ်စလယ်လောက်ကို ပေါင်းအိုးနဲ့ ပေါင်းနေခိုက် ကောင်းကင်က လေယာဉ် တစ်စင်းလဲ အရှိန်နဲ့ ခုတ်မောင်းလာနေသံကို ကြားကြရတယ်။ တို့အိမ်အပေါ် တည့်တည့်လဲ ရောက်ကရော လေယာဉ်ဟာ တန့်ခနဲ ရပ်သွားတယ်။ လေယာဉ်ကြီး ရပ်သွားလို့ လူတွေက အုတ်အော်သောင်းနင်း ထွက်ကြည့်ကြတော့ ငါ့မိန်းမကလဲ ကောက်ညှင်းပေါင်းအိုးကို ရုတ်တရက် ပိတ်လိုက်ပြီး ထွက်ကြည့်တော့မှ လေယာဉ်လဲ ဆက်လက် ပျံထွက်သွားတယ်။ ဒီတော့မှ ကောက်ညှင်းအငွေ့က လေယာဉ်ကို ဆွဲကပ်ထားမှန်း ငါတို့ ရိပ်မိကြတော့တယ်' ဟု ချေပလိုက်ရာ ယခင် ကောက်ညှင်းသမားသည် 'လဲ ကရောကွား' ဟု ရယ်မောကာ အရှုံးပေးသွားရလေသည်။

ရာပြည့်စာအုပ်တိုက်

## မြတ်နိုးထိုက်သည် ထိုဝသီ

လှေတောသားများသည် စကားဖြင့် အနိုင်ယူတတ်သောသဘော ရှိသည်ဟု ယေဘုယျအားဖြင့် ယူဆဖွယ်ရှိသည်။ သို့သော် တသမတ်တည်း ဤသို့ ယူဆ၍ မရပါ။ နိုင်လျှင်လည်း နိုင်သည် ဟူ၍လည်းကောင်း၊ ရှုံးလျှင်လည်း ရှုံးသည် ဟူ၍လည်းကောင်း ဖွင့်ပြောရဲပါသည်။ ဖွင့်ပြောကြပါသည်။

စကားအနိုင်လုပြောရာမှ ရန်ဖြစ်ရသည်၊ ရိုက်မောင်း ပုတ်မောင်းဖြစ်ရသည် ဟူသော အဖြစ်မျိုးလည်း လှေတောသား သမိုင်းတစ်လျှောက်လုံးတွင် တစ်ကြိမ်တစ်ခါမျှ မရှိခဲ့ဘူးဟု သိရသည်။ စကားနိုင်လု ပြောရာမှ လှလှကြီး ခံလိုက်ရလျှင်လည်း 'လဲကရောကွား' ဟူသော အာပတ်ဖြေစကားဖြင့် ပျော်ပျော်ကြီး ခံယူသွားတတ်ကြသည်မှာ လှေတောသား၏ မြတ်နိုးဖွယ်၊ နှစ်သက်ဖွယ် အမူအရာတစ်ခု ဖြစ်သည် ဟု ဆိုရပါမည်။

## လှေတောကွ၊ သရိုင်ကွ

အထက်ပါ အဆိုနှင့် ပတ်သက်၍ သာဓကပြဖို့ လိုပါလိမ့်မည်။ ဝက်လက်မြို့နယ်တွင်း ကျေးရွာအချင်းချင်း ဘောလုံး ဗိုလ်လုပွဲ ကျင်းပစဉ်က ဖြစ်သည်။

သရိုင်ရွာသားအသင်းနှင့် လှေတောရွာသားအသင်းတို့သည် ဝက်လက်ကွင်းသို့ သွားရောက် ကစားကြရသည်။ ဝက်လက်နှင့် လှေတောမှာ ခုနစ်မိုင်ဝေးသည်။ သရိုင်နှင့် ဝက်လက်မှ ဤမျှလောက် မဝေးဟု ဆိုသည်။ ခရီးနီးသည့်အလျောက် သရိုင်ရွာသား အများအပြား လာရောက် အားပေးကြသည်။ လှေတောသားကမူ ခရီးဝေးသည့်အလျောက် သရိုင်နှင့် နှိုင်းစာလျှင် လာရောက် အားပေးသူ အတော်နည်းနေသည်။

ကွင်းတွင်း ကစားပွဲ၌ တစ်ဖက်နှင့် တစ်ဖက် ခြေရည်တူနေကြသည်။ အပြန်အလှန် ကစားနေကြသည်။ ကွင်းပြင်၌မူ တစ်ဖက်က တစ်မျိုးသာပြီး ကျန်တစ်ဖက်က တစ်မျိုးသာနေသည်။ သရိုင်ဘက်က လူအင်အား အပြတ်အသတ်





သာပြီး လှေတောဘက်က စကားအင်အား အပြတ်အသတ် သာနေသည်။ ထို့ကြောင့် လက်ခုပ်သံ၊ ညာသံများမှာ သရိုင်ဘက်က ဟိန်းဟိန်းသွားအောင် ထုထည်ကြီးစွာ ပေါ်ထွက်လာသည်။ လှေတောဘက်ကမူ လက်ခုပ်သံ၊ ညာသံက သိပ်မထွက်လာ။ ဖိစီးစီး ပက်သွင်းလိုက်သော စကားသံများသာ ပေါ်ထွက်လာတတ်သည်။ လှေတောသားဘက်က စကား၏ ထိုးနှက် ထိမှန်ချက်မှာလည်း ပိသာလေးတွေ တန်းစီကြွလာသလား အောက်မေ့ရသည်။ အထိအမှန် ခံရသူများမှာ ပက်လက်ကြီးလန်၊ နောက်ပြန်ကြီး လဲ လိုက်ဘိသို့ ရှုံ့မဲ့နေရအောင် ပြင်းထန်လှသည်။

## တွယ်လိုက်ပြီ

သရိုင်အသင်းက ဂိုးသမားမှာ ခပ်ပိန်ပိန်ပင် ဖြစ်သည်။ အသားကလည်း ခပ်ညိုညို ဖြစ်သည်ဟု သိရသည်။ သို့သော် ဆံပင်ရှည်ထားသဖြင့် ခေါင်းကြီးမှာ ပွဆောင်းဆောင်း ဖြစ်နေသည်။ ထို့ကြောင့် ခပ်လှမ်းလှမ်းက ကြည့်လျှင် အထက်ကြီးအောက်သေးပုံ ပေါ်နေသည်။ ဤပုံသည် လှေတောသားတို့အတွက် ပစ်မှတ်ကြီး ဖြစ်နေသည်။ သရိုင်ဂိုးအနီးမှ စောင့်ကြည့်နေသော လှေတောသားတစ်ဦးက–

'အလိုလေး ဂိုးသမားတဲ့ကွာ၊ အစာမစားရတဲ့ ငါးခူပိန်ကို ရေတွင်းထဲ ချထားတဲ့ အတိုင်းပါပဲ' ဟု ထောပနာလိုက်ရာ ရယ်သံများ ဝေါခနဲ ထွက်လာသည်။ ရယ်သံများတွင် လှောင်ပြောင်သော အဓိပ္ပာယ်လည်း ပါဝင်သည်။ (ငါးခူငါးသည် ခေါင်းပြားပြီး ကိုယ်သေးသည်။ အစာမစားရလျှင် ကိုယ်ခန္ဓာ ပိုသေးဦးမည်။ ရေတွင်းထဲ ချထားပါက ပိုမို အစာငတ်သဖြင့် ပို၍ ပို၍ပင် ကိုယ်ခန္ဓာ သေးပေဦးမည်။ ဤအမြင် ဤအတွေးဖြင့် ခိုင်းနှိုင်းလိုက်ခြင်း ဖြစ်ရာ ကြားရသူ ဘဝင်မခွေ့ဘဲ ရှိနိုင်မည် မထင်ပေ။)

ဂိုးသမားခမျာ အသားလွတ် ခံလိုက်ရသဖြင့် စိတ်ထွက်လာသည်။ စိတ်ထွက်လာသဖြင့် နေရာယူ မှား မှား လာသည်။ ထို့ကြောင့်လည်း သရိုင်သားတို့

လောက်ပါရဲ့' ဟု ပြောလိုက်သဖြင့် သူတို့ အချင်းချင်း ရယ်မောလိုက်ကြတော့သည်။

ဤသည်ကိုပင် သရိုင်သားတို့က မိမိတို့အား လှောင်ပြောင်သည်ဟု ထင်ကာ မျက်နှာတော်ညို ရန်လိုသော အမူအရာများ ဖြစ်ပေါ်နေကြလေသည်။

## ခြေထောက် ပါမှဖြင့်

တစ်ကြိမ်တွင် လှတောဘက်မှ ဂိုးသွင်းလိုက်ရာ ဂိုးဝင်သွားသည်ဟု (လှတောသားများက) ပြောကြသည်။ သရိုင်ရွာသားများက မဝင်ဟု ငြင်းကြသည်။ 'ဝင်တယ်ကွ၊ မဝင်ဘူးကွ' အသံများ ပြိုင်ဆိုင် ကျယ်လောင်လာသောအခါ ကွင်းသည် ဆူဆူပူပူ ဖြစ်လာသည်။ မူလကတည်းကပင် စောင်းချိတ် အံကြိတ်နေကြသူများ ဖြစ်ကြရာ ပြဿနာမီးစ ပေါ်လာသည်နှင့် တစ်ပြိုင်နက် လောင်ဖို့၊ အကြမ်းဖက်ဖို့ ရုတ်ရုတ်သဲသဲ လုပ်လာကြသည်။ ကွင်းတွင်းက မပြောပလောက်။ ကွင်းပြင်က ကြမ်းသထက် ကြမ်းလာသည်။ ရမ်းသထက် ရမ်းလာသည်။ တစ်စတစ်စဖြင့် ထိန်းမနိုင် သိမ်းမရတော့ဘဲ အချင်းချင်း ရိုက်ကြ နှက်ကြတော့သည်။ ရိုက်နှက်ကြသည်ဟုသာ ဆိုရသော်လည်း တကယ်တော့ သရိုင်သားများက တုတ်၊ ဓား၊ ကျောက်ခဲ၊ လက်နက်များကို အသုံးပြုကြစဉ် လှတောသားများကမူ ခေါင်းနှင့် ကျောကိုသာ လိပ်ပတ်လည်အောင် အသုံးပြုနေကြရခြင်း ဖြစ်သည်ဟု (လှတောသားများက) ပြန်ပြောပြကြပါသည်။

အင်အားချင်း မမျှတသည့်အလျောက် လှတောသားတို့မှာ ဦးတည့်ရာ ပြေးကြရသည်။ ပြေးရင်း ပုန်းရင်းဖြင့် လှတောသားနှစ်ဦးတို့ ချောင်တစ်ခုတွင် ဆုံမိကြသည်။ တစ်ဦးက'ကဲ ဘယ်နှယ့်လုပ်ကြမလဲ' ဟု မောဟိုက်သံနှင့် မေးရာ 'ဘယ်လိုလုပ်မလဲကွ၊ ခြေထောက်ပါမှပဲ ပြေးရုံသာ ရှိတာပေါ့' ဟု ဆိုကာ သုတ်ခြေတင်ကြရတော့သည်ဟု ပြောပြပါသည်။





## ရွှေမြင်းမိုရ် တစ်တောင်လုံး

လှတောသားတို့သည် နောက်ကျတဲ့ ဖနောင့်၊ သစ္စာဖောက်ဂါထာကို ရွတ်ဖတ်ရင်း မိမိတို့ ရွာဘက်သို့ ပြေးကြရသည်။ ပြေးဆဲ လွှားဆဲမှာပင် ရှေ့သို့ ရောက်နေပြီဖြစ်သော လှတောသားတစ်ယောက်သည် နောက်သို့ လှည့်ပြေးလာပြန်သည်။ တစ်စုံတစ်ခု ရှာဖွေနေဟန်လည်း ပြုနေသည်။

'ဟေ့ မောင်အဂ္ဂာ၊ ငါ့ ခတ်မီးခြစ်ကလေး ကျနေလို့ကွ။ မင်းတို့ မတွေ့မိခဲ့ကြဘူးလား' ဟု မေးလိုက်သည်။

အမေးခံရသူများထဲမှ တစ်ယောက်က–

'အလိုလေးကွာ၊ မောင်ရင့် မီးခြစ် တွေ့ဖို့ နေနေသာသာ ဘွိုင်လာအိုးကြီး ဆောင်ထားတာတောင် မမြင်လို့ တက်နင်းမိခဲ့သေးတယ်' ဟု ဖြေလိုက်သဖြင့် ပြေးရင်း လွှားရင်းပင် ရယ်လိုက်ကြရပါသေးသည်။ မီးခြစ်အရှင်လည်း ထိုသူ့အဖြေစကားကြောင့် နောက်ဘက်သို့ မသွားဝံ့တော့ဘဲ ရွာဘက်သို့ ဆက်လက် ပြေးမြဲပြေးရပြန်လေတော့သည်။

## သူ့ရွာ ငါ့ရွာ မှတ်လို့

အချိန်ကလည်း နေဝင်ဖျိုးဖျ မှောင်စပျိုးချိန်။ ရန်သူကလည်း အားမာန်ကြီးသော နိုင်ချင်ကြက်။ ကြောက်စိတ်ကလည်း မ စသဖြင့် ဘာကိုမျှ ဂရုမထားနိုင်။ ခရီးတွင်ရေးသည်သာ လှတောသားတို့၏ တစ်ခုတည်းသော ဦးတည်ချက်ဖြစ်ရာ လှတောသားတို့၏ ခြေထောက်များသည် တာဝန်သိသိ သစ္စာရှိရှိ၊ လှတောသားတို့အား လှတောရွာဆီသို့ အမြန်နှုန်းဖြင့် သယ်ဆောင်ပေးနေဆဲဖြစ်သည်။ အချိန်အတော်ကြီးကြာအောင် ပြေးမိသောအခါ လှတောသားတို့သည် ရွာတစ်ရွာကို တွေ့ကြရသည်။ ရွာထိပ်တွင် သစ်ပင်နှင့် ရေအိုးစင်လေးတစ်ခုကိုပါ တွေ့လိုက်ရသည်။ ရေအိုးစင် မြင်လိုက်ရမှပင် အာခေါင်တွေ ခြောက်နေသည်ကို သတိရမိတော့သည်။ နတ်တို့ဖန် ရေကန်အသင့် ကြာအတင့် ပေပဲထင့်။

'ကဲ မန်းကျည်းတုံ့ရွာသို့ ရောက်ကြပေပြီ။ ရန်သူ့ စက်ကွင်းနဲ့လည်း ကင်းလောက်ပေပြီ။ ခြောက်နေသော အာခေါင်ကိုတော့ ရေဆွတ်ပေးဦးမှ'ဟု အောက်မေ့ကာ ကြောက်စိတ်ကို ဖြေချလိုက်ကြသည်။ ရေသောက်ရန် ရေအိုးစင်ရှိရာသို့ ချဉ်းကပ်ရင်း ရေအိုးစင်ကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်သည်။

"လှတောရွာ ဒေါ်ငွေသင့်ကောင်းမှု" ဟူသည့် စာတန်းက လှတောသားတို့အား ပြုံးပြနေသည်ကို တွေ့လိုက်ရသည်။ ဤတွင် လှတောသားတစ်ဦးက ဤသို့ ရေရွတ်လိုက်လေသည်။

'အားလိုလေးဟဲ့၊ သရိုင်သား တန်ခိုးဣဒ္ဓိပါဒ်ကြောင့် တို့တစ်တွေ လှတောရွာတောင် ရောက်နေပါပေါ့လား'

(မန်ကျည်းတုံ့ရွာရှိ ရေချမ်းစင်နှင့် ပတ်ဝန်းကျင် အနေအထား၊ လှတောရွာရှိ ရေချမ်းစင်နှင့် ပတ်ဝန်းကျင် အနေအထားနှစ်ရပ်သည် ခပ်ဆင်ဆင်ဖြစ်သည်။ ယခုတိုင် ရှိနေသေးသည်ဟု သိခဲ့ရပါသည်။ မန်ကျည်းတုံ့ရွာသည်ကား ဆရာကြီးရွှေဥဒေါင်း၏ ချက်မြှုပ်ဇာတိ ဖြစ်ပါသည်။)

## ခရမ်းသီးတောင်း ခေါင်းရွက်ယည်

လှတောသား ခြေမြန်တော်များ လှတောရွာသို့ ပြန်ရောက်ကြသောအခါ ရွာသားတို့က ဆီးကြိုမေးမြန်းကြသည်။ သတင်းကို ကြားသိကြရလျှင် နှာလိုခံခက် ဖြစ်ကြသည်။ တချို့မှာ အိပ်မရအောင်ပင် တဖြစ်တောက်တောက် ပြောနေမိကြသည်။

နံနက်လင်းခဲ့ပေပြီ။ လှတောရွာတွင် လူစုစုရှိတိုင်း ဘောပွဲအကြောင်း၊ ရိုက်ပွဲအကြောင်း၊ ပြေးပွဲအကြောင်းများကိုသာ ပြောဆိုနေမိကြသည်။

ရွာခံတစ်ဦး။ 'ဘယ်လိုလဲကွ၊ မင်းတို့ဘောပွဲ ပျက်ခဲ့ရတယ် ဆိုပါလားကွ'

ပွဲပြန်တစ်ဦး။ 'ပျက်ခဲ့ရရုံတင် ဘယ်ကမလဲ မောင်ရာ၊ တို့တစ်တွေတော့ ခရမ်းတောင်း ခေါင်းရွက်ပြီး ကွမ်းစားပြန်ခဲ့ရတာပါပဲ'

(ခရမ်းသီးတောင်း ခေါင်းရွက်ရသည်ဟူသော သဘောမှာ ဦးခေါင်းတွင်





ဒဏ်ရာဒဏ်ချက်များကြောင့် ဖူးယောင် ညိုမည်းနေသည်ကို ရည်ရွယ်ခြင်း ဖြစ်ပါသည်။ ကွမ်းစားခဲ့သည်ဟူသော သဘောမှာ သွေးထွက်သံယိုဖြစ်အောင် ခံခဲ့ရသည်ကို ရည်ရွယ်ခြင်း ဖြစ်ပါသည်။ )

## လူကို ဘောလုံးမှတ်နေသလား

တစ်ဦးက ဖြည့်စွက် ပြောလိုက်သေးသည်ကား–

' 'သရိုင်သားတွေနှယ်ကွာ၊ ဘောလုံးကန်ပါဆိုမှ တို့ကို ကန်လွှတ်လိုက်တယ် မောင်ရေ။ တို့တစ်တွေ တစ်ခါတည်း လှတောရွာထဲ ဂိုးဝင်သလို ဝင်ပြေးတော့တာပါပဲ' ဟူ၍ ဖြစ်လေသည်။

## သရိုင်ရွာက ပုဏ္ဏက

သရိုင်သားတွေက လိုက်လံ ရန်ပြုသည်ကို လှတောသားတို့က လှတောသားတို့၏ ဝသီအတိုင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ချဲ့ချဲ့ထွင်ထွင် အစီရင်ခံကြသဖြင့် ရွာခံ လှတောသားတို့ကလည်း ခံပြင်းသော ဒေါသဖြင့် မေးမြန်းနေမိကြသည်။

ရွာခံတစ်ဦး။ 'သရိုင်သားတွေ ဒီလောက်ထိအောင်တောင် ကြမ်းတမ်းရိုင်းပျကြသလားကွာ'

ပွဲပြန်တစ်ဦး။ 'အာလိုလေးလေး၊ ကြမ်းချက် ရမ်းချက်မတော့ ပုဏ္ဏကဘီလူးအရက်လွန်ကျူးထား မှတ်ရတယ် မောင်ရေ့'

## ဘယ်ဆီတိမ်းလို့ စိမ်းတဲ့သူရယ်

ရွာခံတစ်ဦး။ 'သရိုင်သား ဒီလောက် ရမ်းနိုင်ကြမ်းနိုင်ခွင့် ရနိုင်တယ် ဆိုရအောင် ဘောလုံးပွဲမှာ ရဲတွေဘာတွေ မရှိကြတော့ဘူးတဲ့လားကွာ'

ပွဲပြန်တစ်ဦး။ 'ပုလိပ်ဆိုလို့ကွာ၊ ဝက်လက်တစ်မြို့လုံး ဇကာ (ဆန်ကာ) နဲ့ ချရှာတာတောင် တစ်ကောင်တလေမှ မတွေ့ရပါဘူး'

## ရွှေဘောတော် အလိုမကျရော့ထင်

ရွာခံတစ်ဦး။ ‘ပုလိပ်တစ်ယောက်မှ မရှိဘူးဆိုတာတော့ ထားပါတော့ကွာ။ မြို့ကြီးပြကြီး ဖြစ်နေမှတော့ မြို့အုပ်လောက်တော့ ရှိမှာပေါ့ကွာ’

ပွဲပြန်တစ်ဦး။ ‘အင်း မြို့အုပ်ဆိုတဲ့လူတော့ မြင်ခဲ့ပါရဲ့ကွာ။ ဒါပေတဲ့ သူ့မျက်နှာကြည့်ရတာက ညောင်နီခေါက် ပေါက်ဆိန်နဲ့ လွှာထားသလား အောက်မေ့ရတယ်’

(မျက်နှာကြီး နီရဲနေသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။)

## သူတို့တန်ခိုးကြောင့် မူးရှိုးများ ကောရော့လား

ပွဲပြန်တစ်ဦး။ ‘အခါတိုင်းကြည့်တော့ မူးရှိုးတွေဟာ တော်တော်ကျယ်တယ် အောက်မေ့ထားခဲ့တာ၊ အခုတစ်ခါတော့ ကောက်ရိုးမျှင် ကျော့်လွှားခဲ့သလား အောက်မေ့ရတယ် မောင်ရေ့’

နောက်တစ်ဦး။ ‘ဒီလိုဆို မောင်ရင်က တော်သေးတာပေါ့ကွာ။ ဝက်လက်နဲ့ လှုတောရွာကြား မူး နှစ်မြောင်းရှိခဲ့တာ၊ ငါတော့ တစ်ခုမှ မတွေ့ခဲ့ရဘူးဗျာ’ (ထိုနယ်တစ်ဝိုက်တွင် ရေပေးမြောင်းများကို မူးဟု ခေါ်ကြပါသည်။)

## တရုတ်နှစ်သစ်ကူးပွဲ

ဦးသာဗျော့ဆိုသူမှာ ဝက်လက်မြို့ဇာတိ ဖြစ်သည်။ ထိုစဉ်က အစိုးရဝန်ထမ်းအဖြစ်ဖြင့် လှုတောရွာတွင် လာရောက် နေထိုင်ရသူလည်း ဖြစ်သည်။ လှုတောရွာတွင် နေရသူဖြစ်သည့် အားလျော်စွာ လှုတောရွာအပေါ် သံယောဇဉ် ရှိနေသည်။

ဦးသာဗျော့သည် လှုတောဘောလုံးအဖွဲ့က မိမိ၏မြို့သို့ လာရောက်ယှဉ်ပြိုင်ခွင့် ရသောအခါ လှုတောအဖွဲ့ကို အထူးအားပေးလိုက်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လှုတောသားနှင့် သရိုင်သားတို့ ရိုက်နှက်ကြသောအခါ





လှုတောသားတို့ အားမတန်၍ မာန်လျှော့ကာ ပြေးလွှားပုန်းအောင်း ကြရသည်။ ယင်းကို ဦးသာဗျော့ သားအဖတို့ မြင်တွေ့နေကြရသည်။ နာလိုခံခက် စိတ်ထွက်လာကြသည်။ ရရာလက်နက် စွဲကိုင်လျက် လှုတောဘက်က ဝင်ကူကြသည်။ သို့သော် သရိုင်သားတို့၏ ဦးစွတ်ဝင်ရောက် ထိုးနှက်ချက်ကို ဦးသာဗျော့တို့မည်သို့မျှ မတွန်းလှန် မဟာန့်တားနိုင်။ မဟာန့်တားနိုင်ရုံသာမက မိမိတို့ကိုယ်တိုင်ပင် သရိုင်သားတို့၏ လက်ချက်ကို လှလှကြီး ခံလိုက်ကြရသည် ဆိုပါသည်။

အချင်းဖြစ်ပွားပြီး၍ နောက်တစ်နေ့တွင် လှုတောရွာ၌ လှုတောသားတို့စကားလက်ဆုံကျသောအခါ ဖော်ပြခဲ့သည့်အတိုင်း ရန်ပွဲအကြောင်းကိုချည်းပြောနေမိကြသည်။ ဦးသာဗျော့တို့၏ အဖြစ်အပျက်ကိုလည်း ထည့်သွင်းပြောမိကြသည်။ ဦးသာဗျော့တို့ အဖြစ်အပျက်ကို ကြားကြရသောအခါ လှုတောသားတို့က– ‘အရိုက်ခံရရှာတဲ့အထဲ ဦးသာဗျော့တို့ သားအဖပင်လည်း အဆစ်ပါသွားရှာတာကိုး’ဟု ညည်းတွားလိုက်သည်။ ထိုအခါ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့သူ လှုတောသားတစ်ဦးက –

‘အလိုလေးဗျာ၊ ဦးသာဗျော့တို့သားအဖ ခံလိုက်ရသမှ မပြောပါနဲ့တော့။ သရိုင်သားတို့ လက်သွက်လိုက်ပုံများ တရုတ်နှစ်သစ်ကူးပွဲ ဗျောက်အိုးဖောက်နေသလား အောက်မေ့ရအောင် တဗျောင်းဗျောင်း နေတာပါပဲဗျာ’ဟု နိုင်းနှိုင်းလိုက်လေသည်။

## ဂိုးတိုင်စွန်းက ဆွမ်းတော်ဗျို့

ရွာခံတစ်ဦး။ ‘မင်းတို့ ပြောကြသလိုဆိုတော့ တို့လှုတောရွာက ခြေသာနေသားပဲကွ။ ခြေသာပါလျက်နဲ့ ဘယ်နှယ်ကြောင့် အနိုင်မရခဲ့တာလဲကွ’

ပွဲပြန်တစ်ဦး။ ‘ခြေသာတာကတော့ အမှန်ပါပဲ။ ဒါပေတဲ့ သရိုင်းဂိုးသမားက သိပ်ကောင်းနေတယ်ဗျ။ ဖမ်းပုံကလည်း သိပ် သေသေသပ်သပ်

ရှိတာပဲ။ လှတော သားတွေက ဂိုးထဲ ကန်ထည့်လိုက်ပြီဆိုမှဖြင့် ဂိုးသမားက ဖတ်ခနဲ ဖတ်ခနဲ ဖမ်းထား လိုက်တာများဗျာ၊ ဆွမ်းခံ ကိုရင်ကြီး သပိတ်ပိုက်ထားတဲ့ အတိုင်းပါပဲ။ ဒီတော့ ဂိုးက ဘယ်ဝင်နိုင်တော့မှာလဲဗျ'

## နိုင်ချင်လိုလို့ ဟုတ်ပါပဲ

လှတောသားတို့၏ ခလေ့အတိုင်း ချဲ့ချဲ့ဖွဲ့ဖွဲ့ ပြောကြသည်မှတစ်ပါး အထက်ဖော်ပြ ချက်များသည် အမှန်တကယ် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ ဖြစ်ပါသည်။ လှတောသားများနှင့် သရိုင်ရွာသားများ ရန်ဖြစ် ရိုက်နှက်ကြသည်မှာလည်း အမှန် ဖြစ်ပါသည်။ လှတောသားတို့ ခံခဲ့ ပြေးခဲ့ကြရသည်မှာလည်း အမှန်ဖြစ်ပါသည်ဟု လှတောသားများ ကိုယ်တိုင်က ပြောပြကြပါသည်။ ထိုပွဲသည် ခံပွဲ ဖြစ်ခဲ့ပါသည်။ လှတောသားတို့သည် ခံခဲ့ရသဖြင့် ထိန့်ဇက်ဖုံးကွယ်မထား။ ခံခဲ့ရကြောင်းများကိုပင် ပုံကပ် (တင်စား) ပြီး ရယ်ရယ်မောမော ပြောဆိုနေကြပါသေးသည်။

အကယ်၍ လှတောသားများသာ နိုင်လိုမင်းထက် တင်စီးလိုသော စိတ်ထား မနသီသာ ရှိခဲ့ပါက ဤအဖြစ်အပျက်မျိုးကို ဤသို့ ဟိုးလေးတကျော် ဖြစ်အောင် အပုပ်ရေ လေလွင့်နေကြမည် မဟုတ်။ တတ်နိုင်သလောက် ဖုံးဖိမျိုသိပ် ထားကြပေမည်။ တတ်နိုင်သလောက် မွမ်းမံခြယ်လှယ်သော စကားပရိယာယ်များ ဖြင့် လိုးလွဲဖယ်ရှားကြပေမည်။ ယခုကား ထိုသို့မဟုတ်။

ထို့ကြောင့် လှတောသားတို့ စကားကြီးစကားကျယ် ဖွဲ့ခြင်း၊ စကားနိုင် လုခြင်းတို့မှာ နိုင်ချင်လို၍ မဟုတ်။ စကားတတ်သောကြောင့်သာ၊ စကားရည် လုတတ်သော ဝသီကြောင့်သာ၊ စကားအခိုင်းအနှိုင်း အစွမ်းထက်သောကြောင့်သာ ဖြစ်သည်ဟု ကောက်ချက်ချရပါမည်။

ကျွန်တော်ကိုယ်တိုင် ကြုံခဲ့ ကြားခဲ့ရသော အဖြစ်အပျက် အပြောအဆိုများ ကိုလည်း ဆက်လက် နားထောင်ပါဦး။





## စကား စမ်းမြပြင်

၁-၇-၇၃ နေ့က ဖြစ်ပါသည်။ အချိန်မှာ နံနက် ၆ နာရီကျော်ကျော် ဖြစ်ပါသည်။ ကျွန်တော်သည် ဆရာအုန်း၊ ဦးဘရင်တို့နှင့်အတူ ကားဆိပ်ရှိ ကိုတိုးစိန်၏ လက်ဖက်ရည်ဆိုင်သို့ ရောက်နေကြပါသည်။ ဆရာအုန်းနှင့်အတူဟု ဆိုရသော် လည်း ဆရာအုန်းတို့က ကျွန်တော့်ကို သူတို့၏ စားပွဲတွင် ထိုင်ခွင့်မပေး၊ အတွင်း ဘက်ကျ စားပွဲတွင် လမ်းဘက်ကို ကျောပေးထိုင်စေပါသည်။ ကျွန်တော်တို့ ထိုင်မိ ကြ၍ လက်ဖက်ရည်ပန်းကန်များ လာရောက် ချပေးစဉ်မှာပင် လမ်းဘက်မှ အသံ များက ဆိုင်ရှင် ကိုတိုးစိန်အား လှမ်းစ နေသည်ကို ကြားရပါသည်။

ကိုတိုးစိန်သည် လှတောသား ပီသသူတစ်ဦး ဖြစ်သည်။ ခရီးသွားများ၊ ဈေးသည်များ၊ ဈေးဝယ်များအား ဆိုင်ထဲ ဝင်လာချင်အောင်၊ ဗိုက်ထဲက မဆာဘဲ လျက် လက်ဖက်ရည် သောက်ချင်လာအောင် ဆွယ်နိုင်သော သတ္တိထူးရှိသူ ဖြစ်သည်။ စကားန စကားယဉ် ပြောနိုင်စွမ်းရှိသလို၊ အခိုင်းအနှိုင်း အနှိပ်အနံ့ ဖြင့်လည်း စကား စစ်ထိုးနိုင်စွမ်း ရှိလှသည်။ မထိတထိဖြင့်လည်း စ နိုင်သည်။ ဟာသဉာဏ်ရည်လည်း ထက်သည်။ ထို့ကြောင့် လှတောသား ဗိုလ်တကာ့ဘုရင် စကားထိပ်တင်တို့သည် ဤလို နံနက်ခင်းမျိုးတွင် ဘုရားဖူးရင်း လိပ်ဥတူးရင်း ဆိုသလို ကိုတိုးစိန်ဆိုင်သို့ မင်းပေါင်းစုံညီ လာရောက်ကြပြီး လက်ဖက်ရည် သောက်ရင်း စကားစမြည် ပြောတတ်ကြသည်။ တစ်ခါတစ်ရံ လက်ဖက်ရည် သောက်သူ အချင်းချင်း စကားစစ်ခင်းတတ်ကြသည်။ သောက်သူအချင်းချင်း စကားစ မရသည့်တိုင်အောင် ကိုတိုးစိန်က စကားစ ခင်းပေးတတ်သည်။ ကိုတိုးစိန် သည် ဧည့်သည်အချင်းချင်း စကားရည် မလုဖြစ်လျှင် မိမိကပင် တိုက်စစ်နေရာ ယူ၍ တစ်ဦးဦးနှင့် စကားရည်လုတတ်သူ ဖြစ်သည်။ ထို့ကြောင့် ယင်းဆိုင်သို့ သွားရောက် လေ့လာလျှင် လှတောစကား လှတောသားလေ ရနိုင်သည်ဟု ဆရာ အုန်းတို့က အကြံပြုသဖြင့် အထက်ပါအတိုင်း ကျွန်တော်တို့သည် ကိုတိုးစိန်ဆိုင်သို့ ရောက်ရှိနေကြခြင်း ဖြစ်ပါသည်။

ကိုတိုးစိန်သည် စကားစ ခင်းပေးရုံသာမက လက်ဖက်ရည်သောက်လာသူ အချင်းချင်း စကားတည့်မိ၍ စကား စစ်ထိုးပြီဆိုလျှင် စကားရည်လုပွဲ ဖွံ့ဖြိုးစည်ကားလာအောင်၊ တိုက်ပွဲအရှိန် မြင့်တက်လာအောင် မီးထိုးလေပင့် ပေးနိုင်သည့် ပေးလေ့ ရှိသည်။ ဤသို့လျှင် နှစ်ဦးနှစ်ဖက်သာမက တစ်ခါတစ်ရံ ဦးရာလူတွယ်စတမ်း ပုံသဏ္ဍာန်ဖြင့် ဦးတည်ရာသို့ ချွန်းဖွင့် ထိုးနှက်လာတတ်လေရာ ဤအခါမျိုးတွင် ပွဲကြည့်ပရိသတ်သည် ပွဲကြီးပွဲကောင်း နားထောင်ရင်း တဟားဟား တဝါးဝါး ပွဲကျနေတတ်လေသည်။ သို့ဖြစ်လေရာ ကျွန်တော်တို့ ကံကောင်းလျှင် ထိုပွဲမျိုးနှင့် တိုးနိုင်လေသည်။

## မရှင်း မရှင်းနဲ့

ထိုစဉ် ဆရာအုန်းက လူတစ်ယောက်ကို လှမ်းခေါ်သံ ကြားလိုက်ရသည်။ ထိုသူကပင် ဆိုင်ထဲဝင်လာရင်း–

'ဟေ့ တိုးစိန်၊ မင်းမိန်းမ ထပြီလားကွ'ဟု မေးလိုက်ရာ–

'အလို ငါ့မိန်းမ မထတာ ထတာ မင်း အသိပေးရဦးမှာလားကွ'ဟု ကိုတိုးစိန်က ပြန်လည်ချေပ လိုက်သည်။ ထိုအခါ မေးလိုက်သူက–

'တလွဲမတွေးပါနဲ့ကွ၊ အိပ်ရာက ထပြီလားလို့ မေးတာပါ'ဟု လေပြေထိုးလိုက်ပြန်ရာ ကိုတိုးစိန်က ချက်ချင်းပင် –

'ဟေ့ မရှင်း မရှင်း မလုပ်နဲ့၊ မရှင်းမရှင်း လုပ်ပြီး ရှင်းမယ့် ရှင်းတော့မှ အရှုံးပြတဲ့ ဟိုလူကြီးမျိုး ငါ သဘောမကျနိုင်ဘူး'ဟု ပြောဆိုသွားလေသည်။ ကျွန်တော်သည် ကောက်ကာငင်ကာ စာအုပ်တွင် ရေးမှတ်ထားလိုက်ရပါသည်။

## မုန့်ထဲက လက်ဖက်ရည်

ကျွန်တော်သည် ဆိုင်အတွင်းဘက်ကျကျတွင် လမ်းဘက်ကို ကျောပေး ထိုင်ရသူဖြစ်သဖြင့် လူပုံပန်းသဏ္ဍာန်ကို လည်းကောင်း၊ မည်သူမည်ဝါ ဖြစ်သည်ကို





လည်းကောင်း သိခွင့်မရသဖြင့် နာမည်နာမများကို မှတ်သားခွင့် မရခဲ့ပါ။ ဤသို့ ကျောပေးထိုင်စေသည်မှာ ဆရာအုန်းတို့၏ အစီအမံ ဖြစ်ပါသည်။ လူတောသားများသည် ပကတိ အနေအထားအတိုင်း လွတ်လွတ်လပ်လပ် စကားပြောရလျှင် ပိုမို အာရှင်တတ်ကြသည်၊ ပိုမို အစွမ်းထက်တတ်ကြသည်။ အကယ်၍ တစ်ဦးတစ်ယောက်သောသူက သူတို့စကားပြောပုံကို လေ့လာ မှတ်တမ်းတင်နေမှန်း သိလျှင် စကားဆွံ့အ ကောင်း ဆွံ့အ သွားနိုင်သည်။ထို့ကြောင့် လေ့လာနေသူကို ထိုသူတို့ မရိပ်မိစေရန် ဆရာအုန်းတို့က တမင်တကာပင် ဤသို့ နေထိုင်ရန် မှာထားခြင်းဖြစ်သည်။ ကျွန်တော်သည် အချောင်နှိုက်ယူရန် မျှောင်မိုက်က စောင့်၍ နေချေပြီ။

ခဏအတွင်းမှာပင် ရွာသားတစ်ဦး ဝင်လာရင်း–

'ဟေ့ မုန့်ထဲက လက်ဖက်ရည်တစ်ခွက် ပေးစမ်းဟေ့'ဟု မှာသံကို ကြားရပြန်ပါသည်။

ဤသို့ မှာကြားလိုက်သဖြင့် ယခင် ရောက်နှင့်ပြီးသူက 'ဘယ်လိုဗျ၊ မုန့်ထဲက လက်ဖက်ရည် ဟုတ်လား။ ဘာကို ဆိုလိုတာလဲဗျ'ဟု မေးပါသည်။

မေးသူမှာ မသိ၍ မေးနေခြင်းမျိုး မဟုတ်ကြောင်း ပြုံးစိစိ လုပ်နေသောသူ့မျက်နှာက သက်သေခံနေပါသည်။

'ဘာရမှာလဲကွ၊ မုန့်ထဲက ရေတွေခပ်ပြီး တိုးစိန်က လက်ဖက်ရည်လုပ်ရောင်းနေတာကွ။ မုန့်ရေက နီနီ၊ လက်ဖက်ရည်က ရဲရဲ၊ တွဲအုပ်နေတာလေ'

'အလို့ ဒီလိုကိုး၊ ဟိုတုန်းကတော့ နွားနို့တစ်မြုံ ရေကိုးမြုံလို့ ဆိုကြတယ်။ ခု မောင်တိုးစိန်ကတော့ မုန့်ရေတစ်ခွက် နို့တစ်စက်နဲ့ လက်ဖက်ရည်ဆိုင် ထောင်ထားတာ မဟာရူဇကာ မဆန်လွန်းဘူးလား'

## ဗုဒ္ဓဝင် နို့

အထက်ပါအတိုင်း ရွာသားနှစ်ဦးတို့ အချီအချ အချိတ်အဆက်မိမိဖြင့် ဆိုင်ရှင်ကို ထိုးနှက်နေကြစဉ် ကိုတိုးစိန်က အောက်ပါအတိုင်း ချေပလိုက်ပါသည်။

'အားလို့လေး၊ သကောင့်သားတွေဟဲ့။ တစ်ထောင်နှစ်မနို့ တစ်ကော
စို့လို့ရတဲ့ သုဇာတာ သူဌေးသမီးထံက ခွဲတမ်းလေး ရထားတဲ့ နို့နဲ့ ဖျော်ပေးတဲ့
လက်ဖက်ရည်ကို မူးရေနဲ့ မှားကြပြန်ပြီ။ အကုသိုလ်များတဲ့ ငမိုက်သားတွေ
အဖို့တော့ သမက်ကို သူခိုးထင်ကြပေတာပဲ 'ဟူ၏။

## ကြောင်ကိုက်သံ

ဤသို့ စကားရှိန်လေး ရလာသည်နှင့်အမျှ စကားဝိုင်းသည် စိုစိုပြည်ပြည် ဖြစ်လာပြ
ဖြစ်သဖြင့် လက်ဖက်ရည်ဆိုင်ကလေးသည် စည်စည်ကားကား ရှိလာသည်။
ဝက်လက်သို့သွားမည့် ခရီးသည်အချို့လည်း ခရီးသည်တင်ကား မထွက်သေး
သဖြင့် လူစုစုရှိရာ လက်ဖက်ရည်ဆိုင်သို့ ဦးလှည့်လာကြသည်။ စိုင်နိုင်ရွာသား
သုံးယောက်လည်း စကားဝိုင်းထဲ ဝင်လာသည်။ ကျီးသဲရွာမှ ဦးတောလည်း စက်ဘီး
ကလေးတစ်စီးဖြင့် လျှောခနဲ ရောက်လာသည်။ လှတောရွာမှ သူကြီးဟောင်း
ဦးကံညွန့်၊ ကိုရွှေမန်း၊ ဦးဘသစ်နှင့် ဦးလေးဆောင်တို့အပြင် အခြား ၃–၄ ဦးလည်း
ရှိနေကြလေပြီ။ လူတစ်ကျိတ်ကျော်ကျော် ရှိသည့် စစ်မြေပြင်သည် ခေတ္တမျှ စကား
ပြတ်ဟန်ဖြင့် တိတ်ဆိတ်လျက်ရှိစဉ် ခရီးသွားဖို့ စိတ်စောနေဟန်ရှိသူ တစ်ဦးက
'ဘယ်နှစ်နာရီလောက် ရှိပါလိမ့် ကိုတိုးစိန်။ ရေဒီယို ဖွင့်လိုက်စမ်းပါ'ဟု ဆန္ဒပြု
လိုက်သည်။ ဤသို့ ဆန္ဒပြု မေးသံ ထွက်လာသည်နှင့် တစ်ပြိုင်နက် ကျီးသဲ
ရွာသား ဦးတောက–

'ဒီကောင့် ရေဒီယိုကိုတော့ မဖွင့်ကြပါနဲ့ကွာ။ သူ့ရေဒီယိုကို နားထောင်
ရတာ ပြာသိုလ ညမှောင်မှောင် ကြောင်ချင်းကိုက်တာနဲ့ တူလွန်းလို့ပါ'ဟု ကာရံ
မိမိ ပြောပြလိုက်သည်။ အခြားတစ်ယောက်က–

'ပြာသိုလ ကြောင်ကိုက်တာက ဘယ်လိုနေလို့လဲ ဦးတော'ဟု ဝင်မေး
လိုက်လျှင် ဦးတောက–





'အလိုလေး ခွီးခွီး ခွီးခွီးနဲ့ ပေါ့' ဟု ပြောလိုက်သဖြင့် အားလုံး ရယ်လိုက်မိ
ပါသည်။ ဤသို့ ရယ်ကြသည်မှာ ဦးတော၏စကားကို သဘောကျသောကြောင့်
ဖြစ်သည့်ပြင် ကိုတိုးစိန်ကို ကလိလိုသောကြောင့် ဖြစ်ဟန်ရှိသည်။

## မြန်မာစံတော်ချိန်

ကိုတိုးစိန်၏ ရေဒီယိုအပေါ် ပြက်လုံးထုတ်ကာ ရယ်ပွဲဖွဲ့နေမိကြသဖြင့် အချိန်
သိလိုသူ၏ အမေးကို မဖြေမိကြဘဲ ရှိနေရာ လှတောသား လူငယ်တစ်ဦးက
မိမိ လက်ပတ်နာရီကို မြှောက်ကြည့်ပြီး 'ခုနစ်နာရီတောင် ကျော်နေပြီဗျို့'ဟု
ဖြေကြားပေးရှာသည်။ ထိုအခါ လှတောသားတစ်ဦးက–

'မင်းနာရီကကော မှန်လို့လား'ဟု ထောက်မေးလိုက်ပြန်သည်။ ဦးတော
(ကျီးသဲ) ကလည်း–

'သူ့နာရီကတော့ကွာ၊ မြို့သားတွေ ပြောနေကြတဲ့ တိုက်နာရီမျိုးပေါ့ကွာ။
မှန်လိုက်ပုံကတော့ ပြောမနေနဲ့တော့။ ဘယ်အချိန်ကြည့်ကြည့် နေရာကကို
မရွေ့ဘူး'ဟု ချီးမွမ်းခြေကျောက် ဝင်ရောက် နှိမ်ချလိုက်ပြန်သည်။ ဦးတော၏
စကား မဆုံးမီမှာပင် နာရီပိုင်ရှင်လူငယ်က သွက်သွက်လက်လက် ချေပလိုက်သည်
ကား– 'အားလိုလေး၊ ကျွန်တော့်နာရီ မှန် မမှန်တော့ အကျယ်ချဲ့ ပြောမနေချင်
ဘူး။ မြန်မာ့အသံက နာရီပျက်တဲ့အခါတိုင်း ကျွန်တော့်ဆီကို လှမ်းလှမ်းမေးနေလို့
ရောင်းပစ်မယ် စိတ်ကူးမိတယ်။ အခုတော့ ရောင်းချင်းရောင်းရင် သူတို့ဆီ ရောင်းပါ
လို့ မြန်မာ့အသံက ကမ်းလှမ်းထားရှာတယ်'ဟူ၍ ဖြစ်ပါသည်။

## ရယ်ရခက် နာရခက်

ဝက်လက်သို့သွားရန် စိတ်စောနေသူ တချို့သည် စကားဝိုင်းတွင် ထိုင်နေရင်းကပင်
ကားဘက်သို့ လည်တဆန့်ဆန့်, လှမ်းတမျှော်မျှော် ကြည့်နေကြသည်။ ကားထွက်

သွားလျှင် မိမိတို့ ကျန်နေရစ်မည်ကို စိုးရိမ်နေ၍ပေလား၊ ကား မထွက်နိုင်သဖြ
အားမလို အားမရ ဖြစ်နေ၍လား မပြောတတ်၊ ဂနာမငြိမ် ဖြစ်နေသည်မှာ
စကားဝိုင်းတွင် ပေါ်လွင်ထင်ရှားနေသည်။ ဤအမူအရာကို သတိထားမိသော
လှတောရွာသားတစ်ဦးက–

'ကဲ သွားမှာဖြင့်လည်း မြန်မြန်သွားကြစမ်းဗျာ။ ခင်ဗျားတို့ ကြည့်ရတာ
ကလေးမမွေးနိုင်တဲ့ ခွေးမကြီး ထချီ ဝပ်ချီ ဖြစ်နေတာနဲ့ တူလွန်းလို့'ဟု ဝေဖ
လိုက်ရာ ခရီးသည်တချို့မှာ မချိပြုံးပြုံးရင်း 'သွားပါတော့မယ်ဗျာ' ဟု ပြောက
ထ သွားရှာလေတော့သည်။

## ကား ကြပ်ပုံ

ထိုသူများ ထ သွားသောအခါ ကိုတိုးစိန်က အောက်ပါအတိုင်း လှမ်း၍ ပြောလိုက်
ပါသည်။

'အင်း သွားချင်လည်း သွားကြလေ၊ ကားသမားတွေကတော့ ဒီခရီးသည်
လောက်နဲ့တော့ ထွက်မှာ မဟုတ်သေးဘူး။ ကားပေါ်မှာ ခရီးသည်တွေ ကြပ်ညပ်
နေလို့ လက်ဖက်ထုပ် (ပို) ကုတ်နှိပ်ထားသလား အောက်မေ့ရမှ ထွက်မှာ သေချာ
တယ်။ ခုပုံမျိုးနဲ့ ဆိုရင်တော့ ကားအောက်မှာ ထိုင်စောင့်ရင်း ဖင်ခြစားလို့ ကားပေါ်
ထိုင်စရာ ဖင်မပါဘဲ ဖြစ်နေဦးမယ်'

ဤသို့ ပြောလိုက်သဖြင့် ဆိုင်ထဲ၌ ကျန်ရစ်သူများ ဟားတိုက် ရယ်မော
ကြရပြန်သည်။

ယခုစာကို ဖတ်ကြည့်ရသော အခါ၌ ရယ်ချင်စရာ ဖြစ်ကောင်းမှ ဖြစ်နေပါ
မည်။ တကယ်တော့ သူတို့ပြောသည်ကို နားထောင်နေရစဉ်ကမူ သူတို့၏
အာဝဇ္ဇန်း၊ သူတို့၏ လေယူလေသိမ်း ဟန်အမူအရာတို့ကြောင့် နားထောင်ရသူတိုင်း
ထိန်းမနိုင်အောင် ရယ်ကြရသည်သာ ဖြစ်ပါသည်။ ကိုယ်တိုင် ပြန်လည်ရေးကြည့်
သော အခါတွင် အားမရနိုင်အောင် ဖြစ်ရပါသည်။





## ကားများဆိုင်ရာ ဩဘာစာ

စကားစစ်မြေပြင်တွင် ရှိနေကြသော စကားစစ်သူကြီးများသည် အချင်းချင်း စစ်ထိုး
ခြင်းကို ယာယီအားဖြင့် ရပ်ဆိုင်းပြေငြိမ်း နေကြပါသည်။ သူတို့၏ မြားဦးသည်
ဝက်လက်သွား ကားများဆီသို့ တည့်တည့်စူးဝင်သွားပါသည်။ ကားများအကြောင်း၊
ကားလမ်းများအကြောင်းကို တစ်ဦးပြီးတစ်ဦး ချီးမွမ်းခန်း ဖွင့်ကြပါတော့သည်။

မှန်ပါသည်။ သူတို့တစ်တွေ မင်္ဂလာဩဘာစာ ကျွေးချင်လောက်အောင်
ပင် လှတော–ဝက်လက် ကားလမ်းသည် ကြမ်းတမ်းလှပါသည်။ လှတောရွာမှ
ဝက်လက်မြို့ထိ ခုနစ်မိုင် ဝေးသည်။ ယင်း လမ်းတစ်လျှောက်လုံးမှာပင် ခရမ်းသီး၊
ရှောက်သီး၊ မာလကာသီးခန့်ရှိသော ကျောက်တုံး ကျောက်ခဲတို့သည် အနည်းမထိုင်
အသားမကျဘဲ ဟိုသည် လိမ့်နေကြပါသည်။ ကျင်းခွက် ချိုင့်ဝှမ်းများကလည်း
ကားတစ်ခွင်ရာစာမျှ မလပ်အောင် ပေါများလှပါသည်။ ထိုလမ်းနှင့် ပလူးပလဲ
ထိတွေ့နေရသော ကားခများတို့မှာလည်း လမ်း၏ဆုလာဘ်များကိုလည်း ရရှိခံစား
နေရပါသည်။ ကားအချို့မှာ ပုံပျက်ပန်းပျက် ဖြစ်နေပါသည်။ ဤအားနည်းချက်၊
ချို့ယွင်းချက်များသည် လှတောသားတို့အဖို့ စကားသေနတ်ပစ်ဖို့ ပစ်မှတ်ကြီးများ
အဖြစ် ထင်းတင်းကြီး ပေါ်နေပါသည်။ ပစ်လည်း ပစ်နေကြပါသည်။

## တီးဝိုင်းအဖွဲ့ လာချေပြီ

လှတောသားတစ်ဦးက 'ဝက်လက်သွားတဲ့ ကားတွေထဲမတော့ ကိုအုန်းမောင်ရဲ့
ကား ဗိုလ်သံစုံဟာ အထူးခြားဆုံးပါပဲ။ ကားကြည့်တော့ မီးခြစ်ဘူးလောက်ရှိရဲ့။
စက်သံကတော့ မောင်းလာလိုက်ပြီဆိုရင် ဘင်ခရာ တီးဝိုင်းအဖွဲ့ ချီတက်လာသလို
ဒုန်းချွမ်းချွမ်း–ဒုန်းချွမ်းချွမ်းနဲ့ ပါပဲ'ဟု ချီးကျူးထောမနာ ပြုလိုက်သည်။

## မြေသယ်နေသော ပုရစ်တစ်စင်း

ထိုသို့ ခိုင်းနှိုင်းပြောဆိုနေ၍ မကြာမီမှာပင် ရွာထိပ်ဆီမှာ ကားငယ်ငယ် တစ်စီးသည်
ကားဆိပ်ဆီသို့ ခုတ်မောင်းလာနေသည်ကို ကျွန်တော်တို့ မြင်နေရပါသည်။

'လာပါပြီဗျာ ဗိုလ်သံစုံတို့'ဟု တစ်ယောက်က ပြောလိုက်သဖြင့် ကျွန်တော်တို့လည်း ယင်းကားကို ဂရုတစိုက် ငေးမောကြည့်နေမိပါသည်။ ကားမှာ ဒေါ့ဂျ်မျှသာရှိပြီး လွန်စွာ ဟောင်းနွမ်းနေပါသည်။ ကားဘော်ဒီသည် မွဲခြောက် စုတ်ပြတ်နေပါသည်။ ကားဘီးက သေးငယ်သောကြောင့်လော၊ လေတွေက ပျော့နေသောကြောင့်လော မပြောတတ်၊ ကားဘန်ဘာသည် မြေပြင်နှင့် ပွတ်တိုက်နေသည်ထင်ရအောင် နိမ့်နေပါသည်။ ကျွန်တော်ကိုယ်တိုင် ဤသို့ မြင်တွေ့ စဉ်းစားနေဆဲပင် စကားဝိုင်းထဲမှ တစ်ယောက်က–

'ဒီကား မောင်းလာတာ ကြည့်ရ၊ တွင်းတူးနေတဲ့ ပုရစ် မြေစာတွေ မြေပေါ်တွန်းပို့သယ်ဆောင်လာတာနဲ့ တူလိုက်ပါဘိတော့'ဟု ရေရွတ်လိုက်ပါသည်၊ အများကလည်း သဘောကျ ရယ်မောလိုက်ကြပါသည်။ မှန်ပါသည်။ ကား၏ ဘန်ဘာသည် ပုရစ်၏ ရှေ့လက်ဖျားကလေးနှစ်ချောင်းက မြေကို တွန်းလာသည်နှင့် အလွန်ပင် တူလှပါဘိသည်။

## ဒညင်းသီး တဲ့

'အေးလေ၊ ကားက ရင်ဘတ်နဲ့ ရှပ်တိုက်နေရတာလည်း မပြောနဲ့လေ၊ ကားဘီးကိုလည်း ကြည့်ကြပါဦး၊ ဒညင်းသီးလေးခြမ်း ဇော်နဲ့ ကပ်ထားသလောက် ရှိရှာတာ' ဟူသော ကရုဏာသံကို ထပ်မံကြားလိုက်ရပြန်သည်။ ဤသို့ ပြောလိုက်သူကား ဆိုင်ရှင် ကိုတိုးစိန်ပင် ဖြစ်ပါသည်။

## ကား ထွက်ပါတော့မည်

ဝက်လက်သို့ ထွက်မည့် ပထမဦးဆုံးကားသည် ယခုထက်တိုင် မထွက်သေး၊ ထွက်ဖို့နေနေသာသာ ကားဆရာတို့သည် မြေပြင်ကို ကျားကွက်ရေးကာ ကျားထိုးဖို့ပင် ပြင်ဆင်နေဟန် တွေ့ရသည်။ ကားပေါ်တွင်မူ ခရီးသည် အတော်ကြပ်၍ နေချေပြီ။ မူးတံတားဘက်ဆီကလည်း ကားစီးမည့်ဟန်ရှိသည့် ခရီးသည်တို့သည်





ကားဆီသို့ ခပ်သုတ်သုတ် လှမ်းလာနေကြဆဲ ဖြစ်သည်။ ထိုသူများကို စပယ်ယာဖြစ်ဟန်ရှိသူ မြင်လိုက်သောအခါ 'လာကြလာကြ၊ မြန်မြန်လာကြ။ ကားထွက်တော့မယ်'ဟု လှမ်းခေါ်နေပါသည်။ ကျွန်တော်သည် ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်တွင် လူစည်စကတည်းက လမ်းဘက်ကို မျက်နှာမူထားပြီး ဖြစ်သဖြင့် လမ်းဘက်က သွားလာလှုပ်ရှား ဖြစ်ပျက်သမျှ အားလုံးလောက်ကိုပင် မြင်တွေ့နေပါသည်။

ကားဆီသို့ ခပ်သုတ်သုတ် လာခဲ့သူတို့သည် ကားနားရောက်၍ ကားပေါ်တက်မည်ပြုသောအခါ တက်နိုင်ဖို့ မဆိုထားဘိ၊ လက်ကိုင်ဖို့ပင် နေရာလပ်မရှိဖြစ်နေကြသဖြင့် ခါးထောက် နောက်ဆုတ်ကာ ငေးမောနေလိုက်ကြပါသည်။ ထိုအခါ ယခင် ခေါ်ငင်နေသူ စပယ်ယာကပင်–

'တက်ကြလေ၊ ကားက ထွက်တော့မယ်'ဟု ထပ်မံဆော်ဩနေပြန်ပါသည်။ သူကသာ 'ထွက်တော့မယ်'ဟု အော်နေသော်လည်း ကျားကစားနေသော ကားသမားတို့ကမူ စားကွက်ကို သဲသဲမဲမဲ ရှာနေဟန်တူပါသည်။ ခေါင်းဖော်ပင်မရအောင် စူးစိုက် တိုက်ပွဲဝင်နေပါသည်။

ထိုအခါ ကျွန်တော်တို့ဆိုင်ထဲမှ လူတစ်ယောက်က အားလုံး ကြားနိုင်လောက်သော အသံဖြင့်–

'ဟုတ်ပါ့၊ တက်ကြတာ မဟုတ်ဘူး။ ကာပေါ်လိုက်မယ့် အရိမေတ္တေယျဘုရားတောင် ကြွရောက်လာခါနီးပြီ'ဟု အော်ပြောလိုက်ပါသည်။

## ကားဆုံမည့် နည်းကောင်း

ကားအောက်က ခရီးသည်တို့ အတန်ကြာမျှ တွေဝေငေးမော ကြည့်နေစဉ် ကားသမားများက 'တက်သာ တက်ကြပါ။ ကားက အချောင်ကြီး ရှိပါသေးတယ်။ ကားထွက်တော့ ပိုချောင်သွားဦးမှာပါ'ဟု ထပ်မံ တိုက်တွန်းပြန်ပါသည်။

ထိုအခါ ကိုတိုးစိန်က–

'အားလို့လေး၊ ချောင်သေးတယ် ဆိုပါလားဟရို့။ ဒီလူတွေ အားလုံး ဆံ့အောင်ကတော့ လူတွေကို ပြာချတင်ဖို့ တစ်နည်းပဲ ရှိတော့တယ်'ဟု ပြောလိုက်လေသည်။

## ကားအမိုး

လှတောသားတစ်ဦးကပင် ဝက်လက်ကားတစ်စီးက အမိုး (မိုးကာ) နှင့် ပတ်သက်၍ အောက်ပါအတိုင်း ခိုင်းနှိုင်း သရုပ်ဖော်လိုက်ပါသည်။

'ကားအမိုးကလည်း စုတ်ပြတ်နေလိုက်တာကွာ၊ လင်းနို့အိုကြီး တောင်ပံ လောက်စာလုံး မှန်ထားသလို စိတ်မြွာနေပါလေရော'

## ဒုံးပျံနှင့် အပြိုင်

ခရီးသည်တွေကလည်း ပြည့်ညပ်နေသည်က တစ်ကြောင်း၊ နေကလည်း ပူလာသည်က တစ်ကြောင်း၊ အချိန်ကလည်း ကြာညောင်းလှပြီ ဖြစ်သည်က တစ်ကြောင်းတို့ကြောင့် ခရီးသည်တို့သည် လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ 'ထွက်ပါတော့ဗျို့' ဟူသော ဆန္ဒပြသံများလည်း ထွက်ပေါ်လာသည်။ ထိုအခါမှ ကားသမားများသည် ကျားကစားရာမှ 'အဆောတလျင် ထပြေး၊ ကားစက်ကို ကပျာကသီ နှိုးကာ အရှိန်ပြင်းပြင်းဖြင့် မောင်းနှင်ထွက်ခွာ သွားလေတော့သည်။

ဤအခြင်းအရာကို မြင်လိုက်ရသော လှတောသားတစ်ဦးက–

'အင်း ဒီက စထွက်ချိန်မတော့ သူတို့ကားတွေ စီးရတာ ဒုံးပျံပေါ် ထိုင်လိုက်နေသလား အောက်မေ့ရအောင် မြန်ပါဘိတော့တယ်။ ဝက်လက် ရောက်ခါနီးရင်တော့သာ ဒီကားတွေကို နောက်ကလာတဲ့ ရေစည်လှည်းက လမ်းတောင်းရတာ 'ဟု ညည်းညည်းညူညူဖြင့် ထောမနာပြုလိုက်ပါသည်။

## သူ့ထက်သူ

အခြားသူ တစ်ယောက်ကလည်း အထက်ပါလူ၏ စကားကို ထောက်ခံရင်း ဝက်လက်ကားများကို ချီးကျူးလိုက်ပုံမှာ 'ဟုတ်ပါတယ်ဗျာ၊ တစ်ခါတစ်ရံ သင်းတို့





ကားကို စီးနေရတာ ခရုကို ကျောပိုး လိုက်နေရသလားတောင် အောက်မေ့မိရတယ်။ တကယ်ပါပဲ' ဟူ၍ ဖြစ်ပါသည်။

## ဝက်လက်ကားလမ်း

အသက် တော်တော်ကြီးဟန်ရှိသော ဦးကြီးတစ်ယောက်ကမူ ကားတွေကိုသာ အပြစ်တင်နေခြင်းမှာ နည်းလမ်း မကျသေးကြောင်း၊ ကားတွေ ယခုကဲ့သို့ ပျက်စီးနေရခြင်းမှာ လမ်းကြောင့်သာ ဖြစ်ကြောင်း ပြောလိုဟန်ဖြင့် ညည်းတွားလိုက်သည်မှာလည်း အနှိုင်းအခိုင်း တစ်ခုနှင့်ပင် ဖြစ်လေသည်။

'အေးလေ၊ ကားတွေ ခုလောက် ပြေးလွှားနိုင်သေးတာကိုတောင် အံ့သြရမလို၊ ကျေးဇူးတင်ရမလို ဖြစ်နေတယ်။ တကယ်တော့ ဒီကားတွေ မောင်းနှင်နေရတဲ့ ကားလမ်းတွေဟာက မင်းတို့ သိတဲ့အတိုင်းပဲ ကျောက်တုံးကျောက်ခဲတွေဆိုတာများ ပေါက်ပေါက်ဆုပ် ကြဲထားသလား မှတ်ရတယ် မဟုတ်လား'

## ရှောင်နိုင်မှ လွတ်စေ

လက်ဖက်ရည်ဆိုင်တွင်းရှိ စကားစစ်သူကြီးများသည် ဘတ်စ်ကားများနှင့် လမ်းများကို ထိုးနှက်နေကြရာမှ ဘတ်စ်ကားတစ်စီး ထွက်ခွာသွားသောအခါ သူတို့၏ စကားမြားဦးသည် ဆိုင်တွင်းသို့ လှည့်လာပြန်ပါသည်။ ဆိုင်တွင်းသို့ လှည့်လာသည်နှင့် တစ်ပြိုင်နက် အချင်းချင်း တိုက်ခိုက်ကြတော့မည်မှာလည်း သေချာပါသည်။ တိုက်ခိုက်မှုကို မခံလိုသူသည် ဝေးဝေးမှ ရှောင်ကြရပေတော့မည်။

## အကြွေပြဿနာ

လက်ဖက်ရည်သောက် လာသူတစ်ဦးသည် ပြန်တော့မည့်ဟန်ဖြင့် မတ်တတ်ရပ်ကာ လက်ဖက်ရည်ဖိုးကို ကိုတိုးစိန်ထံ သွားပေးနေသည်ကို ကျွန်တော်တို့ မြင်ရပါသည်။ ထိုအခါ ကိုတိုးစိန်က–

'အလိုလေး လူရယ်၊ လက်ဖက်ရည်လေး တစ်ခွက်အတွက် ဆယ်တန်ကြီး ပေးရတယ်လို့ ငါ့ဆိုင်များ အနုပ် (အကြွေ) စက်ရုံများ အောက်မေ့နေသလား'ဟု မြည်တွန်လိုက်ပါသည်။ ထိုစဉ်က အကြွေ အလွန်ရှားနေသော အချိန်ဖြစ်ပါသည်။ ကိုတိုးစိန်သည် ဆယ်တန်ကို မအမ်းနိုင်သဖြင့် မြည်တွန်နေခြင်းဖြစ်ဟန် ရှိပါသည်။ သို့တိုင်အောင် ဆယ်တန်ရှင်က–

'ကျုပ်မလဲ ဒါပဲ ပါတယ်ဗျာ။ အမ်းနိုင်ရင်လည်း အမ်းလိုက်ပါ'ဟု အရေးဆိုနေပြန်ပါသည်။

'ဟ လူရ၊ မအမ်းနိုင်ပါဘူး ဆိုမှပဲ။ အနုပ်နဲ့ တူတာဆိုလို့ ပင့်ကူအိမ်မှေးတောင် မရှိဘူး။ ကြည့်ပါဦး'ဟု ကိုတိုးစိန်က ပြောပြောဆိုဆို အကြွေသေတ္တာကို စောင်းငဲ့ပြလိုက်ရာ အကြွေအနည်းငယ် ရှိသံကို ကြားလိုက်ရပါသည်။ ဤသည်ကို အခွင့်ကောင်းယူကာ လှတောသားတစ်ဦးက–

'အားလို့လေး မောင်တိုးစိန်ရယ်၊ ပြောတော့ အနုပ်မရှိဘူး၊ မရှိဘူးနဲ့။ လူတိုင်းကို ပေါက်ချည်းလွှတ်နေတယ်။ သူ့ပိုက်ဆံသေတ္တာကို ကြည့်လိုက်တော့ မဟာမြတ်မုနိဘုရားရှေ့က အလှူခံသေတ္တာကျနေတာပဲ'ဟု ကောက်ကာငင်ကာ စွပ်စွဲ အပုပ်ချလိုက်လေသည်။ ဆိုင်တွင်းရှိ လူများကလည်း တဟားဟား ရယ်မောပြောင်လှောင်နေကြပါတော့သည်။

ဆိုင်ထဲရှိ လူများစုသည် တစ်ဦးဦး တစ်ယောက်ယောက်က ကိုတိုးစိန်ကို အနိုင်ယူ ပြောဆိုနိုင်လိုက်တိုင်း ဝိုင်းဝန်း ရယ်မောတတ်ကြပါသည်။ ဤသည်မှာ ကိုတိုးစိန်သည် လူတိုင်းကို စတတ် အနိုင်ယူတတ်သူ ဖြစ်သောကြောင့် ဝိုင်းဝန်း ချေပသည့်အနေဖြင့် လှောင်ပြောင်ရယ်မောခြင်း ဖြစ်ဟန်တူပါသည်။

ရယ်မောပြီး ခဏအကြာတွင် လူတစ်ယောက်က–

## ရွှေမန်းတို့ ရေနံဆီ

'အိမ်မယ်လည်း မီးထွန်းစရာ ရေနံဆီ ကုန်နေလို့ကွ။ မင်းဆီ ရေနံဆီ ရောင်းစရာ ရှိသေးရဲ့လား'ဟု ကိုရွှေမန်းကို လှမ်းမေးလိုက်ပါသည်။ ထိုအခါ ကိုတိုးစိန်က–





'ရွှေမန်း ရေနံဆီ ဝယ်မယ့်အစားကွာ၊ သောက်ရေအိုးထဲ မီးစာစိုက်ပြီး ထွန်းလိုက်ပါတော့' ဟု ရန်စ ပျိုးလိုက်ပြန်ပါသည်။

'ငါရောင်းတဲ့ ရေနံဆီက လေယာဉ်ပျံဆီတွေကွ။ ငါ့အိမ်လာရင် ဝါး တစ်ရိုက်လောက်မှာသာ ဆေးလိပ်သောက်ခွင့် ပြုနိုင်တယ်'ဟု ကိုရွှေမန်းက ပြန်လည်ချေပ အသားယူလိုက်ပါသည်။ ထိုအခါ ဦးတောက–

'အလိုလေးဟယ်၊ ပြောတော့ လေမြန်ဆီ လေမြန်ဆီနဲ့၊ ည ထွန်းကြည့်တော့မှ ခွေးနဲ့ကြောင် ကိုက်နေသလို ဖြီးဖြီး ဖြီးဖြီးနဲ့ ရေသံတွေချည်းပဲ'ဟု ဝင်ရောက်နှံလိုက်သဖြင့် တဝါးဝါး ရယ်ကြရပြန်ပါသည်။

စင်စစ် ဦးတောကား လှတောရွာသား မဟုတ်။ လှတောရွာတောင်ဘက်ရှိ ကျီးသဲရွာက ဖြစ်သည်။ ကျီးသဲရွာသည် လှတောကြီး ငါးရွာတွင် တစ်ရွာ အပါအဝင် ဖြစ်သည်။ ဦးတောသည် အသက် ၄၇ နှစ် ရှိသူ ဖြစ်သည်။ လှတောရွာနှင့် ကျီးသဲရွာသည် တမြေတရေတည်း ရှိရုံသာမက ကူးလူးဆက်ဆံမှုလည်း အလွန်များသည့် ရွာများ ဖြစ်သည့်အလျောက် ပြောပုံဆိုပုံများလည်း ရောထွေးယှက်တင်ဖြစ်နေကြပါသည်။ လှတောရွာသားများနှင့် ဆက်ဆံရင်းနှီး နေကြသည့်အတိုင်း လှတောလေများသည် ကျီးသဲ အပါအဝင် အနီးတစ်ဝိုက်ရှိ ရွာများသို့ ကူးလူးပျံ့နှံ့လျက် ရှိပါသည်။

ဦးတောသည် လှတောသားများနှင့် အချေအတင် ချက်လှည့်ခံ ပြောနိုင်သူ ဖြစ်လေသည်။ လှတောရွာသို့ ပျင်းပျင်းရှိတိုင်း၊ အားအားရှိတိုင်း စက်ဘီးတစ်စင်းဖြင့် ရွှတ်ခနဲ ရွှတ်ခနဲ ရောက်ရောက်နေသူ ဖြစ်သည်။ ကျွန်တော် လှတောတွင် ရှိစဉ်၌ ဦးတောကို လှတောရွာ၌ နေ့တိုင်း တွေ့ရပါသည်။ တွေ့ရတိုင်းလည်း လှတောသားများနှင့် စကား အချေအတင် ပြောနေသည်သာ များပါသည်။ တစ်ခါတစ်ရံ ဦးတောက လှတောသား အများစုကို တစ်ဦးတည်း ခံချနေသည်ကိုပင် အံ့သြဖွယ် တွေ့ရပါသေးသည်။

## စက်ဘီးဆိုင်ရာ အလင်္ကာ

လက်ဖက်ရည်ဆိုင် စကားဝိုင်းတွင် လူတောသားများသာမက တခြား ရွာသားများလည်း လက်ဖက်ရည်သောက်ရင်း လူတောသားတို့၏ ဟာသပေါ်လွင်သည့် အလင်္ကာများကို နားထောင်လျက် ရှိကြသည်။ စကားစ ခေတ္တ ပြတ်သွားခိုက် စိုင်နိုင်ရွာသား သုံးဦးအနက်မှ တစ်ဦးက 'ခင်ဗျားတို့ရွာမှာ စက်ဘီး ရောင်းချင်တဲ့ လူများ မကြားမိကြဘူးလား'ဟု တည်တည်တံ့တံ့ မေးရှာသည်။ လူတောသား နှစ်ဦး သုံးဦးကပင် 'တို့တော့ ကြားလည်း မကြားမိဘူး၊ သတိလည်း မထားမိဘူး'ဟု အသီးသီး အဖြေပေးကြသည်။ ထိုအခါ လူတောသား တစ်ဦးက ဦးတော (ကျီးသဲ)၏ စက်ဘီးကို ကိုင်ကြည့်ရင်း 'ဦးတော၊ စက်ဘီး ရောင်းလိုက်ပါလား'ဟု တိုက်တွန်းလိုက်ပါသည်။

'ဟ ကြိုက်ဈေးရရင် ရောင်းမှာပေါ့ဟ၊ ရင်က လွယ်မွေးရတဲ့ သားသမီးတောင် သဘောကျတဲ့သူနဲ့ဆိုရင် ပေးစားရသေးတာပဲ။ ငွေနဲ့ ပေးဝယ်လို့ရတဲ့ စက်ဘီးလည်း ကြိုက်ဈေးရရင် အိမ်ထိအောင်တောင် ထမ်းပို့လိုက်ဦးမယ်'ဟု ဦးတောက မာန်ပါပါ ဖြေလိုက်ပါသည်။

## လေယာဉ် တာယာ

ဤသို့ ဦးတောက ဈေးစကားပြောရင်း စက်ဘီးရောင်းမည်ဟု ဆိုသောအခါ လူတောသားတစ်ဦးက စက်ဘီးကို လှမ်းကြည့်ရင်း–

'ခင်ဗျားက ကြိုက်ဈေးစကားချည်း အသားယူ ပြောနေတာပဲ။ စက်ဘီးကဖြင့် ကနောင်မင်းစက်ရုံက ထုတ်တဲ့ ပစ္စည်းကျနေတာပဲ။ အကုန် အဟောင်းချည်းပဲ'ဟု ဦးတောကို စ လိုက်ပါသည်။ ဦးတောသည် စက်ဘီးကို လက်ညှိုးငေါက်ငေါက်ထိုးကာ ညွှန်ပြရင်း ပြောလိုက်သည်မှာကား–

'ဟ မင်းတို့ရွာသားတွေ အက္ခရာသုံးဆယ့်သုံး နောက်ဆုံးက ကောင်ချည်းပါပဲလား။ သေသေချာချာ ကြည့်စမ်း၊ ငါ့တာယာတွေ အားလုံးဟာ





လေယာဉ်ပျံတာယာလောက် ထူတာကွ။ အခု လေယာဉ်တွေမှာ တပ်မောင်းလို့ရသေးတယ်'ဟု ဆတ်ဆတ်ထိမခံ ကက်ကက်လန်အောင် ခုခံပြောဆိုနေပါသည်။ ထိုအခါ စက်ဘီးကို ကိုင်ကြည့်နေသူ လူတောသားက တာယာကို လက်ဖြင့်ကော်ကာ ပွတ်သပ်ရင်း–

'အလိုလေးဗျာ ပြောတော့ လေမြန်တာယာတဲ့။ တကယ်ကိုင်ကြည့်တော့ သူ့တာယာက ကလေးငယ်ထိပ်ကျနေတာပဲ။ ဟောက်ပက် ဟောက်ပက်နဲ့'ဟု ပြောလိုက်သဖြင့် ဆိုင်တစ်ခုလုံး ဝါးခနဲ အသံကြီး ထွက်ပေါ်လာအောင် ရယ်မိကြပါတော့သည်။

## စက်ဘီးမှ အက္ခရာတစ်လုံး

အခြား လူတောသားတစ်ဦးကလည်း စက်ဘီးဒေါက်ကို ခြေဖြင့် ကန်ကြည့်ရင်း–

'ဦးတော၊ ခင်ဗျားကြီး ကြွားလုံးတွေ မနည်း တစ်ခွဲကြီးနဲ့ ဈေးစကားတွေ ပြောမနေနဲ့။ ခင်ဗျားစက်ဘီးက ဒေါက်ကို ပြန်ကြည့်ပါဦး။ ကောက်ကွေးနေလိုက်တာများ (ဌ) ဌတလင်းချိတ်က အဖေခေါ်ရတော့မယ်'ဟု ထပ်မံ နှိမ့်ချလိုက်ပြန်ရာ ဝါးခနဲ ပွဲကျသွားပြန်ပါသည်။

ဦးတောမှာ နှစ်ကြိမ်တိုင်တိုင် ခံလိုက်ရသော်လည်း မျက်နှာပျက်ခြင်းမရှိ၊ ပရိသတ်နှင့် ဝင်ရောက် ရောနှော ရယ်မောရင်းကပင် အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် ချေပ ပြန်ပါသည်။

'စက်ဘီးဆိုတာ စီးကြည့်မှ တကယ် ကောင်း မကောင်း သိရတာကွ။ မင်းတို့က စီးမကြည့်ရသေးဘဲနဲ့ ငါ့စက်ဘီးကို အပြစ်ဆိုနေကြတာကိုး။ ငါ့စက်ဘီး စီးကြည့်တဲ့အခါ ဂျက်စီးနေရသလား အောက်မေ့ရမယ်။ စီးခါစမှာသာ တစ်ချက်နှစ်ချက် နင်းရတယ်။ နောက်ကျတော့ မနင်းဘဲနဲ့ မြန်လွန်းလို့ တောင်တက်မှာတောင် ဘရိတ်အုပ် လိုက်ရလိမ့်မယ်'ဟု သိဒ္ဓိတင်၍မှ မပြီးသေးခင် ကိုတိုးစိန် ဝင်လာပြန်ပါသည်။

'ဂျက်စီးရသလို နေမှာပေါ့ဗျ၊ စက်ဘီးက တိုက်တိုက်နေတော့ တဂျက်ဂျ
ဖြစ်နေတာကိုး။ တောင်တက်မှာ ဘရိတ်အုပ်ထားရမှာပေါ့၊ အုပ်မထားရ
နောက်ပြန် လိမ့်ကျမှာကိုး'ဟူ၍ ဖြစ်ပါသည်။ အားလုံး ရယ်မောကြပြန်ပါသည်
ပရိသတ်သည် လှတောသား စကားပြောလျှင် ရယ်ရမည့်တာဝန် ရှိသည်ဟူ၍
နားလည်ထားလေသလား မသိ၊ တစ်ခါပြောလျှင် တစ်ခါရယ်နေသည်မှ
တဝေါဝေါ တသောသော ဖြစ်၍ နေပါတော့သည်။

## ဝါယောနဲ့ စာပြော

ဦးတောသည် ခံစစ်အနေအထားသို့ ရောက်၍ နေလေပြီ။ လှတောသားတို့
ဝိုင်းအုပ်ကြသည်ကို ခံနေရလေပြီ။ လှတောသားတို့ ထိုးနှက်လိုက်တိုင်း ပရိသတ်
လည်း အလိုတူ အလိုပါ သဘောမျိုးဖြင့် ရယ်မောနေကြလေပြီ။ သို့ကြောင့်
လား မသိ၊ ဦးတောသည် ခေတ္တမျှ ငိုင်တွေတွေ ဖြစ်၍နေသည်။ အတန်ကြ
ငိုင်တွေနေပြီးမှ–

– 'စက်ဘီးဆိုတာ အုံကောင်းဖို့ လိုတယ်၊ အုံကောင်းရင် အခိုင်းခံတာ
အုံတောင့်ရင် တာယာမပါဘဲ သံခွေချည်း သက်သက်နဲ့ စီးတောင် မွေ့ရာ
ထိုင်ရသလောက် စည်းစိမ်ရှိနိုင်တယ်'ဟု ယေဘုယျသဘော ဆောင်သော စကား
သာ ရင့်ကျူးဟန်ဖြင့် ရေရွတ်နေပါသည်။ ထိုအခါ လှတောသားတစ်ဦး
(သူကြီးဦးကံညွန့် ဖြစ်မည် ထင်ပါသည်။) အသံကျယ်ကျယ်ဖြင့် –

'အားလို့လေး မောင်တောရယ်၊ မင်းကြည့်ရတာ သနားစရာ ကောင်းပါ
တော့ကွယ်။ စက်ဘီးကလေးတစ်စီး ရောင်းစွံရမယ့်အကြောင်း ပြောလိုက်
လိုက်ရတာ စာပြောဆရာ ခေတ္တရာစိန်ထက်တောင် ပင်ပန်းလှပါကပေါ့လား'
ဝင်နှက်လိုက်ရာ အားလုံးပင် ခွက်ထိုးခွက်လန် ရယ်မောကြရပါတော့သည်
ဦးတောကိုယ်တိုင် အားရပါးရ ရယ်နေသည်ကိုလည်း တွေ့ရပါသည်။





## သည်တစ်ကြိမ် တိုးစိန်အလှည့်

ယ်မောပြီးကြသဖြင့် ရေနွေးကြမ်းသောက်သူက သောက်၊ ဆေးလိပ်မီး ထတို့
သူက တို့၊ အပြင်သို့ ထွက်သူက ထွက်၊ အတွင်းသို့ နောက်ထပ် ဝင်ရောက်လာ
ာ့ လာဖြင့် ခေတ္တ စကားစ ပြတ်နေကြပါသည်။ သည်တစ်ချိန် တိုးစိန် ခံလော့ဟု
ား ကံက ပစ်ချလိုက်သလား မပြောတတ်။ စိုင်နိုင်သားတစ်ဦးက ကိုတိုးစိန်၏
က်ဘီး ဆီသို့ သွားရောက်ကြည့်ရှုနေပါသည်။ ကိုတိုးစိန်အကြောင်းကိုတော့
ရှုသူ သိပြီး ဖြစ်ပေမည်။ စကားပြောကောင်းသလောက် စကားအရာ အကြွား
ဝါလည်း နည်းသူ မဟုတ်ပေ။ သူ့စက်ဘီးကို ပရိသတ်က အာရုံစိုက်နေကြမှန်း
ကိုတိုးစိန် မြင်နေသောအခါ–

'ကိုင်ကြည့်နေဖို့ မလိုပါဘူးဗျ၊ အပွေးမြင် အပင်သိ၊ အသွေးမြင် အသွင်သိ
ို့ အဝေးမြင်နဲ့ပဲ စက်ဘီးအနေအထား သိနိုင်ပါတယ်။ ကျုပ်စက်ဘီးက အခု
န်မသုတ်ရသေးလို့။ ဖုန်သုတ်ထားမယ်ဆိုရင် စက်ဘီးစီးရင်း ခေါင်းဖီးနိုင်တယ်။
လောက်သစ်တာ၊ ဒီလောက်ပြောင်တာ' ဟု လက်ဖက်ရည်ဖျော်ရင်း ခပ်ကြွားကြွား
ကြွားကြော်လိုက်ပါသည်။

'ဟုတ်ပါ့ ဟုတ်ပါ့၊ ပြောင်လိုက်သမှ ဆေးတစ်စက်မှ မရှိတော့ဘူး။
အတိ သံချောင်းသက်သက်ပါပဲ မောင်တိုးစိန်'တဲ့ ။ ဤသို့ ပြောလိုက်သူမှာ
ိုးသဲက ဦးတောပင် ဖြစ်ပါသည်။

## ပဏ္ဏာကမ္မလာ ယိုအိမ်သာ

က်တီးကို ကြည့်နေသူသည် လက်ကိုင်ကို ရမ်းကြည့်လိုက်၊ ခြေနင်းကို လှည့်ကြည့်
ိုက်၊ တာယာ၊ ဘီးဖုံး၊ ဘားတန်းများကို ပွတ်သပ်ကြည့်လိုက်ဖြင့် အသေးစိတ်
ကဲစတ်နေဟန် ရှိသည်။ ကုံး (ဖင်ထိုင်ခုံ) က သားရေပေါက်သည် အနည်းငယ်
နေဟန်တူပါသည်။ ယင်းအပေါက်ကို လက်ဖြင့်နှိုက်ကာ ဖဲ့ရွဲ့နေပါသည်။ ထို

အခြင်းအရာကို သိသော ကိုတိုးစိန်သည် "အားနည်းချက်ကို ကာကွယ်ဖို့ လိုလေပြီ
ဟုများ သဘောထားလေသလားမသိ၊ ပြောလိုက်သည့် စကားကတော့ အောက်
အတိုင်း ဖြစ်ပါသည်။

'ထိုင်ခုံကတော့ အပျံစားပါပဲ။ ခုံအတွင်းက လေညင်းကလေး တသုန်သုန်
နဲ့ ထိုင်လိုက်ရတဲ့အခါ သိကြားမင်းထိုင်စရာ ပဏ္ဍုကမ္ဗလာလား အောက်
ရအောင် အိစက်ညက်ညော ဖောင့်ဖွဲ့အာရုံကြောတွေ စိမ့်သွားမယ်'

ကိုတိုးစိန် စကားမဆုံးမီမှာပင် ဦးတော ဝင်၍ လာချေပြီ။

'အလိုလေး မောင်တိုးစိန်ရေ၊ အာရုံကြောတွေ စိမ့်မယ် မစိမ့်မယ်တော့
မပြောတတ်ဘူး၊ မင့်ထိုင်ခုံရဲ့ ကောင်းကွက်တစ်ခုကိုတော့ တွေ့နေပြီကွ။ မင့်ထို
က စက်ဘီးစီးနေတုန်း အိမ်သာ မလိုတော့ဘူးဟေ့။ ကုံးအပေါက်က ယိုချလိုက်
တာယာမှာ ကွာနေတဲ့ အစတွေက တစ်ခါတည်း ချေးသုတ် တုတ်ခနေောင်းအဖြ
သုတ်သင်ရှင်းလင်းသွားမှာ သေချာတယ်'ဟု နှက်လိုက်လျှင် ပရိသတ်များလ
ထုံးစံအတိုင်း ရယ်မောနေကြရလေသည်။

## တာယာ အသစ်

ကိုတိုးစိန်က ထိုင်ခုံကို ချီးမွမ်းမိခါမှ ထိုင်ခုံသာမက တာယာပါ ရှုတ်ချခံ
ရသဖြင့် အထိနာသွားပုံ ရသည်။ ကိုတိုးစိန်သည် ချက်ချင်းပင် ချွန်းဖွင့်
တိုက်ကွက် ဆင်လေတော့သည်။ လက်ထဲမှ ကရားကြီးကို ချထည့်ကာ မိမိစက်
ကို ညွှန်ပြလျက်–

'အ လိုက်ပါဘိ ဦးတောရယ်၊ တာယာကောင်းဆိုတာ မြင်ဖူးရဲ့
သေချာကြည့်စမ်းပါ၊ မျက်စိပွတ်ကြည့်စမ်းပါ။ တာယာပန်းအပွင့် အခြေမ
သေးတဲ့ မြေမနင်းသား စစ်စစ်။ စီးကြည့်ရင် ဒစ်ဒစ် ဒစ်ဒစ်သံ ကြားရလိမ့်ဦး
ဟု မင်္ဂလာသြဘာ ပန်းတာယာ ချီးမွမ်းခန်း ဖွင့်လိုက်ပါသည်။





## ထင်မိယောင်များ

ကိုတိုးစိန်၏ ကာရန်နဘောတို့ဖြင့် ခြေခြေမြစ်မြစ် တာယာဘုန်းဘွဲ့ လှစ်၍သွားသံ
ကို ကြားပြီးသူတို့သည် ဦးတောထံမှ တုံ့ပြန်သံကို မျှော်ကြပေရော့မည်။ ကြာကြာ
မျှော်စရာ မလိုပါ။ ချက်ချင်းပင် ဦးတောထံမှ ပေါ်ထွက်လာပါပြီ။

'အလိုလေး–မောင်တိုးစိန်၊ မင့်တာယာ အသစ်၊ အသစ် ဟုတ်လား။
ကြည့်ကြပါဦး၊ အသစ်ဆိုတဲ့ မြေမနင်းသား တာယာကို မြင်ကြတဲ့အတိုင်း သံချွေ
ပေါ် ငါးရှဉ့်တက်ပတ်နေတဲ့ အတိုင်းပါပဲဗျာ'

ပရိသတ်သည် လွန်စွာ သဘောကျသည့်အတိုင်း ဟက်ဟက်ပက်ပက်
ကတ်ထိုးခွက်လန် ရယ်ကြပါတော့သည်။ ကျွန်တော်သည် လွန်စွာ အံ့သြမိပါတော့
သည်။ ခိုင်းပုံနှိုင်းပုံသည် ရုတ်ခြည်းပင် ဖြစ်ပါလျက် ဤမျှ သဘာဝကျကျ ထိထိမိမိ
ပေါ်ပေါ်လွင်လွင် ရှိသည်ကို ကြားလိုက်ရသဖြင့် အံ့သြခြင်းနှင့်အတူ မိမိ၏
ပေါ်လာရမှု အပေါ်လည်း များစွာ ကျေနပ်ဝမ်းမြောက်မိပါတော့သည်။

## မောင်ဗမာ

စက်ဘီးလိုချင်သူ စိုင်နိုင်သားတို့မှာ ဈေးဝယ်များပင် ဖြစ်လင့်ကစား အရောင်း
အဝယ် စကားနှင့် ပတ်သက်၍ ပါးစပ်ပင် မဟာရ။ လှတောသားတို့ စက်ဘီးနှင့်
ပတ်သက်သည့် စကားစစ်ခင်းပွဲကိုသာ နားထောင်ရင်း ရယ်မောခြင်း အလုပ်ဖြင့်
သာ ပါးစပ်ကို အဆက်မပြတ် အသုံးချနေကြလေသည်။ ယခု လှတောသားတို့
စနားယူခိုက်တွင် မိမိတို့ အရောင်းအဝယ်ကိစ္စကို အစပြန်ကောက်လိုဟန်
တူသည်။

'ဒီရွာမြောက်ပိုင်းမှာ စက်ဘီးတစ်စီး ရောင်းချင်တာ ရှိတယ်လို့ ကြားမိပါ
တယ်။ ဘယ်သူ့စက်ဘီး ဖြစ်လောက်သလဲ။ ခင်ဗျားတို့များ သိကြမလား'ဟု မေး
လာပါသည်။ စိုင်နိုင်သားက အတည်မေးသောအခါလှတောသားတစ်ဦးကပင်–

'မြောက်ပိုင်းက ဆိုရင်တော့ မောင်အတ္တရဲ့စက်ဘီး ဖြစ်ကောင်း ဖြစ်ပါလိမ့်

မယ်။ သူလည်း ရောင်းချင်သလိုလို ပြောသံ ကြားမိတယ်’ဟု လေးလေးစားစား
အဖြေပေးလေသည်။ သို့ရာတွင် လှတောသားတစ်ယောက်ကမူ–

‘ဒီကောင့်စက်ဘီးက မောင်ဗမာ.မဟုတ်လား။ မောင်ဗမာစက်ဘီးတော
မမှန်းကြပါနဲ့ကွာ။ ကြည့်လိုက်တော့ သေးသေးကွေးကွေးနဲ့ သူ့စီးရတာများ တ
ခုတ်ကောင် ကားယားခွထိုင်ရသူထက် ကြပ်တည်း စူးရှသေးတယ်’ဟု ဝင်တော
လိုက်သဖြင့် အေးသွားသော ပရိသတ်သည် ထပ်မံရယ်ရပြန်ပါသည်။

## ဟောဒီဟာက တစ်မျိုး

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အလေးထား ဖြေကြားပေးသူ လှတောသာ
ကပင် တည်တည်တံ့တံ့ လေသံဖြင့် ထပ်မံ အကြံပေးပြန်ပါသည်။ အဆိုပါ မော
ဗမာ စက်ဘီးအပြင် ကိုထွန်းမြိုင်၏ စက်ဘီးသည်လည်း ရောင်းကောင်း ရောင်
မည်ထင်ကြောင်း၊ ရောင်းလျှင် စက်ဘီးအခြေအနေ မဆိုးလှသေးကြောင်းများကို
ပြောရင်း ဆက်စပ်ပေးရှာပါသည်။

‘ဟော့ ထွန်းမြိုင်စက်ဘီးလား၊ ထွန်းမြိုင် စက်ဘီးကိုတော့ စိတ်မကူးကြပ
နဲ့ကွာ။ မင်းကသာ အခြေအနေ မဆိုးဘူး ပြောပေတဲ့ တာယာတွေကတော
စုတ်ပြတ်နေလို့ ချုပ်ထားလိုက်တဲ့ အပ်ချည်ရာတွေက ကင်းခြေများမိသားစု
စည်းဝေးပွဲ ထိုင်နေသလား အောက်မေ့ရပါတယ်’

ဤသို့ ဝင်ရောက် ခိုင်းနှိုင်းလိုက်သူမှာ ဦးတောပင် ဖြစ်ပါသည်။

## ငွေတစ်ပဲနဲ့ လည်ဆွဲကိုင်

စိုင်နိုင်သားက စကားစရင်း၊ လှတောသားက အသောဖောက်ရင်းဖြင့် စိုင်နိုင်သား
တို့မှာ မိမိတို့ လိုအင်ဆန္ဒကို ထိရောက် ဖြောင့်ဖြူးအောင် အကောင်အထည်
မဖော်နိုင်တော့ချေ။ ဤသို့ဖြင့် အချိန်အတော်ကြာသွားပြီ ဖြစ်သောကြော
ပြန်ကြရန် ဟန်ပြင်လိုက်ကြသည်။ ထိုအခါ ကိုတိုးစိန်က–





‘ခင်ဗျားတို့ စက်ဘီး လာဝယ်တာတော့ ဟုတ်ပါပြီ။ ငွေက ဘယ်လောက်
လိုက်မယ် စိတ်ကူးလို့ အခု ဘယ်လောက် ယူလာခဲ့ကြသလဲ’ ဟု မေးလိုက်သည်။
စိုင်နိုင်သားတစ်ဦးက–

‘ကောင်းရင် ကောင်းသလောက် လိုက်ဖို့ပါပဲ။ အခုတော့ ငွေ ထည့်မလာ
ခဲ့သေးဘူး’ ဟု အရိုးအတိုင်း ဖြေလေသည်။

‘အလိုလေးကွာ၊ မေးလိုက် မြန်းလိုက်တဲ့ စက်ဘီးကတော့ ဖိုးထိုက်
ကြေးတန် ထောင်တန် ရာတန်တွေချည်းပါလား။ အိတ်ထောင်ထဲမတော့ ကူးတို့ခ
ဆောင် မပါပါလားကွ’ ဟု ညည်းတွားလိုက်သဖြင့် ပရိသတ်နှင့်အတူ စိုင်နိုင်သား
တို့ပင် ရယ်မောကြရပါတော့သည်။

## ဘာသားနဲ့ လုပ်ထားလို့လဲ

လှတောသားများသည် စကားတတ်ကြသည်။ အမြင်မတော်လျှင်လည်း အားနာမှု
မထား၊ နာနာကြည်းကြည်း အုပ်တတ် ဆော်တတ်သည်။ အထူးသဖြင့် မြို့နေ
လူတန်းစားများ၊ အရာရှိ အရာခံများတွင် အမြင်မတော်သော၊ မလျော် မလျောက်
ပတ်သော ရုပ်ရည်လက္ခဏာ၊ အမူအကျင့်၊ လုပ်ပုံကိုင်ပုံများ တွေ့ရလျှင် မှတ်
လောက် သားလောက် ဟားရလောက်အောင် ဆော်တတ် နှက်တတ် အချက်
ကျကျ ဆုံးမတတ်ကြသည်။ ဤသို့ ကျွန်တော် ကြိုတင်သိထား ကြားထားပါသည်။
ထို့ကြောင့် မိမိတွင် အားနည်းချက်၊ ပျော့ညံ့ကွက်၊ အမြင်မတော်သော အချက်များ
မရှိအောင်၊လုံးဝ မကင်းနိုင်လျှင် နည်းနိုင်သမျှ နည်းပါးအောင် ကြိုတင် သတိထားရှိ
ရပါသည်။ မျက်စိစပါးမွေး စူးစရာမရှိအောင် တတ်နိုင်သမျှ အကာအကွယ်ယူ
ပြင်ဆင်ထားရပါသည်။ သို့တိုင်အောင် လှတောသား၏ တိုက်ကွက်မှ လွတ်လိမ့်
မည်ဟူ၍ကား လုံးဝ မျှော်လင့်မထားတော့ပါ။ မတော်တဆ ခံလိုက်ရလျှင် ကိုယ်ခံ
ကောင်းအောင်သာ စိတ်ကို တင်းထားဖို့ ဆုံးဖြတ်ထားလိုက်ပါသည်။ ကျွန်တော်
တစ်ကွက်ခံလိုက်ရလျှင် အချက်အလက်တစ်ခု တိုးလာသည်ဟူ၍ သဘောထား–

တော့မည်ဟု အကောင်းဘက်က တွက်ထားလိုက်ပါသည်။ ဦးလှသိန်းလို နိုင်
ကျော် ဓမ္မကထိကကြီးသော်မှ လူတောသား၏ဟားကွက် ဖြစ်ရသေးကား
ကျွန်တော်ကား ဘာသားနှင့် လုပ်ထား၍ လူတောသားစကွင်းက လွတ်ကင်း
နိုင်ပါတော့အံ့နည်း။

## ရက်ကန်းခတ်သမား

အထက်တွင် ဖော်ပြထားသည့်အတိုင်း ကိုတိုးစိန်၏ဆိုင်တွင် လူတောသားတို့
နှုတ်စွမ်းပြကြရာ၌ လွန်စွာ သွက်လက်ကြပါသည်။ တစ်ဦးပြော၍မှ ပါးစပ် မပိတ်မိ
တစ်ဦးက ချေပပြီး၊ ပြန်လည် ထိုးနှက်ပြီးဖြစ်အောင် မြန်ဆန်ကြပါသည်။ တစ်ခါ
တစ်ရံ အပြိုင်ပြောနေမိသဖြင့် သူတို့၏ခိုင်းနှိုင်းမှုများသည် ကျွန်တော် ရှုပ်ထွေး
ကုန်ပါသည်။ တချို့ လုံးဝ လက်လွတ်ကုန်ပါသည်။ ပါးစပ်မြန်သလောက် လက်က
မလိုက်နိုင်သည်မှာ သဘာဝတစ်ခု ဖြစ်ပါသည်။ ယခုတွင်မူ စက်သေနတ်ပစ်နေ
သော ပါးစပ်ပေါက်အများကို ကျွန်တော်တစ်ဦးတည်း လက်ဖြင့် လိုက်ရေးမှတ်နေ
ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အဖိုးတန် အသုံးအနှုန်းများ သဲထဲရေသွန် ဖြစ်ကုန်
ရပါသည်။

ကျွန်တော်သည် စာကို ဘယ်ရေညာပါ ရေးတတ်သူ၊ ရေးနိုင်သူ ဖြစ်ပါ
သည်။ ညာညောင်းလျှင် ဘယ်နှင့်ရေး၊ ဘယ်နေးလျှင် ညာနှင့်ကူနိုင်သူ ဖြစ်ပါသည်။
ဆိုင်ထဲ၌ စကားစစ်ထိုးသူတို့ စကားစ ပြတ်နေခိုက်မျိုးတွင် ကျွန်တော်သည်
ဖောင်တိန်၊ ဘောလ်ပင်များကို မှတ်စုစာအုပ်တွင် ညှပ်ကာ လက်ဖက်ရည်
သောက်တန်သောက်၊ ရေနွေးကြမ်း သောက်တန်သောက်ရင်း ခြေဆန့်လက်ဆန့်
ပြုရပါသည်။ သူတို့ပါးပစ်မှ အသုံးကောင်း အနှုန်းကောင်းများ ထွက်လာသည်နှင့်
တစ်ပြိုင်နက် နီးရာဖောင်တိန်ကို ကြုံရာလက်ဖြင့် ကောက်ကာငင်ကာ ဆွဲယူ
ရေးမှတ်လိုက်ရပါသည်။ တစ်ခါတစ်ရံ အရေးတကြီး ကောက်ယူလိုက်ရသဖြင့်
ညာလက်တွင် ဖောင်တိန်၊ ဘယ်လက်တွင် ဘောလ်ပင် ရှိနေတတ်ပါသည်။ အဆင်





သင့်သလို ရေးမှတ်လိုက်တတ်ပါသည်။ ဤသို့ရှိစဉ် လူတောသား တစ်ယောက်က
ဆရာအုန်းထံကပ်ကာ ဆရာအုန်းနှင့် ဤသို့ အမေးအဖြေ လုပ်နေသည်ကို ကြား
လိုက်ရပါသည်။

လူတောသား။ 'ဆရာအုန်း၊ ဟိုထဲက ဆရာက ဘယ်ကလဲဆရာ။ ဘာလုပ်နေ
တာတဲ့လဲ'

ဆရာအုန်း။ 'ကျွန်တော့်မိတ်ဆွေပါ။ ရန်ကုန်က လာတာပါ။ ခင်ဗျားတို့
လူတောသားတွေ စကားကြွယ်တယ်ကြားလို့ လာလေ့လာတာ
ပါ တဲ့။ သုတေသန လာလုပ်တယ် ဆိုပါတော့ဗျာ'

လူတောသား။ 'အလိုလေးဗျာ၊ သုတေသနလုပ်တဲ့ ပုဂ္ဂိုလ်ကလည်း လက်ဖက်
ရည်ဆိုင်ထဲကိုလာပြီး လွန်းပျံရက်ကန်း ခတ်နေရသလားဗျာ' တဲ့။

## လက်ရုံးတစ်ထောင် ဆောင်ခဲ့ပါ

လွန်းပျံရက်ကန်း ခတ်နေသလားဟု ပြောလိုက်ခြင်းမှာ ကျွန်တော် ဘယ်လက်
ညာလက်တို့ဖြင့် ယောက်ယက်ခတ် ရေးမှတ်နေသည်ကို တွယ်လိုက်ကြောင်း
ကျွန်တော် သိလိုက်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ထိုသူဘက် မျက်နှာ
လှည့်ကာ–

'ဒီလို ရက်ကန်းခတ်နေတာတောင် လိုက်မှတ်လို့ မမီနိုင်အောင် နောင်
ကြီးတို့ ရွာသားတွေက သွက်လည်း သွက်ကြပါပေတယ်၊ ထက်လည်း ထက်ကြပါ
ပေတယ်။ ရေးမမီနိုင်လို့ လွတ်ကုန်တာတွေ နှမြောလိုက်ပါဘိတော့တယ်ဗျာ' ဟု
ဖွင့်ဟ ဝန်ခံလိုက်ရပါသည်။ ထိုအခါ အခြားတစ်ယောက်က ဤသို့ ပြောလိုက်ပြန်
ပါသည်။

'ဆရာရေ၊ လူတောသားဆီက ဒါမျိုးကိုသာ မှတ်ချင်ရင်တော့ မာရ်နတ်
မင်းကို ခေါ်ခဲ့မှ တန်ကာကျမယ်'

ကျွန်တော်သည် သူ၏စကားကို ထုံးစံအတိုင်း မှတ်စုစာအုပ်တွင် ရေးမှတ်

ထားလိုက်ပါသည်။ သို့သော် ဘာကို ဆိုလိုမှန်းမသိ ဖြစ်နေပါသည်။ သူ့ထံ ပြန်မေးရမှာလည်း ရှူသလိုလို ရှိနေသဖြင့် မေးဖို့ ဝန်လေးနေပါသည်။ ထို့ကြောင့် ကိုယ့်စိတ်မှာသာ အပြန်ပြန် အလှန်လှန် အဓိပ္ပာယ်ကို ရှာကြံနေမိပါသည်။ ကံအားလျော်စွာ ခဏအကြာတွင်–

'မာရ်နတ်မင်းမှာ စက်ဘုန်းအရောင် ရှိသည်။ သူ့မှာလေ လက်ရုံးတစ်ထောင် ရှိသည်' ဟူသော ဓာတ်ပြားသီချင်း တစ်ပိုင်းတစ်စကို သတိရမိပါသည်။ "အင်း လှတောသားများကတော့ ကျမ်းဂန်လည်း မလွတ်စေရ၊ လေးနက်အောင်လည်း ပြောတတ်ကြပါပေတယ်" ဟု စိတ်ထဲမှာ အကြိမ်ကြိမ် ချီးကျူးမိပါတော့သည်။

## လှတောသူ တဲ့

ယနေ့ ဇူလိုင်လ ၂၇ ရက်နေ့ ဖြစ်ပါသည်။ ကျွန်တော်တို့ နံနက်စောစောက ပင်ဆည်းရွာသို့ သွားကြပါသည်။ ပင်ဆည်းက ပြန်ရောက်ကြသောအခါ ၁၀ နာရီ ကျော်ကျော် ရှိနေပါပြီ။ ထို့ကြောင့် လက်ဖက်ရည်ဆိုင်များတွင် လူများများ မတွေ့ရတော့ပါ။ တစ်ယောက်ဝင် တစ်ယောက်ထွက်နှင့် ဖြိုးဖြိုးဖြောက်ဖြောက်သာ ရှိပါသည်။ ကျွန်တော်တို့သည် မော ပြန်လာကြသည့်အလျောက် ဦးချစ်လှိုင်နှင့် အတူ ဦးချစ်လှိုင်အိမ်ရှေ့တွင် အမောဖြေရင်း စကားပြောနေကြပါသည်။ ခဏအကြာတွင် အနီးရှိ ဒေါ်ငြိမ်း၏ ဆိုင်တွင် လူသုံးယောက် စကားလက်ဆုံ ကျနေသည်ကို မြင်လိုက်ရသည်။ ကျွန်တော်သည် မှတ်စုစာအုပ်ကို ပိုက်လျက် ဒေါ်ငြိမ်းဆိုင်ဘက် ကူးခဲ့ပါသည်။

ဒေါ်ငြိမ်းဆိုင်တွင် လက်ဖက်ရည် ကော်ဖီလည်း ရနိုင်သည်။ အသီးအရွက် ဟင်းချက်စရာများလည်း ရနိုင်သည်။ တိုလီမိုလီများလည်း ရနိုင်သည်။

ဈေးဝယ်အမျိုးသမီး တစ်ယောက်သည် ဒေါ်ငြိမ်းထံ ဈေးဝယ်နေသည်။

ဈေးဝယ်။ 'ဒီ ခဝဲသီးတွေက ဘယ်လို ရောင်းသလဲအေ့'





ဈေးသည်။ 'တစ်လုံး ပြား ၄၀ ပါ'

ဈေးဝယ်။ 'ဟင် တစ်လုံးတစ်မတ် မဟုတ်ဘူးလား။ ဘယ်တုန်းက တက်လိုက်ပြန်သလဲ'

ဈေးသည်။ 'ကြာပါပြီတော်၊ အစစ ဈေးတွေ တက်နေတာပဲဟာ'

ဈေးဝယ်။ 'ညည်း ခဝဲသီးက ကိုယ့်ယာထဲက ထွက်တာ မဟုတ်လား'

ဈေးသည်။ 'ကိုယ့်ယာထဲက ထွက်တော့ကော ဈေးမတက်ရတော့ဘူးလား'

ဈေးဝယ်။ 'အင်း ဟုတ်မှာပေါ့အေ၊ ရေနံဆီဈေး၊ ဒီဇယ်ဈေးက တက်နေပေတာကိုး'

ဈေးသည်။ 'ဒီဇယ်ဈေးတက်လို့ မဟုတ်ဘူးတော်ရေ့၊ မိုးရေ ဈေးတက်လို့'

ကျွန်တော် လှတောသို့ သွားသော ၁၉၇၄ ခု ဇူလိုင်လ ဝန်းကျင်တွင် အမြို့မြို့ အနယ်နယ်မှာ ရေနံဆီဈေး၊ ဒီဇယ်ဈေးတွေ အဆမတန် တက်နေပါသည်။ လှတောရွာတစ်ဝိုက်တွင် မိုးခေါင်နေသဖြင့် လယ်သမားတို့ စိတ်ပူနေကြရပါသည်။ ဤအခြေအနေအရ အမျိုးသမီးနှစ်ဦးတို့သည် ဤသို့ ပြောဆိုနေကြခြင်း ဖြစ်ပါသည်။

## ယောက္ခမလောင်း တုသလား

လှတောရွာသို့ ကျွန်တော် ရောက်ရှိနေသော အချိန်မှာ ဒုတိယ ဝါဆိုလဆန်းပိုင်း ဖြစ်ပါသည်။ ဝါဆိုဝါခေါင် ရေတဖောင်ဖောင် ဆိုစကားအတိုင်း အညာမြေ မှတ်သုန်လေသည် ၂၄ နာရီပတ်လုံး တဟူးဟူး တိုက်ခတ်မြဲ ဖြစ်ပါသည်။ လေတဟူးဟူးကြောင့် နားတွေအူ၊ သဲတဖြူးဖြူးကြောင့် မျက်စိတွေစပ်နှင့် စိတ်ညစ်စရာလည်း ကောင်းပါသည်။ ပျင်းစရာလည်း ကောင်းပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ခဝဲသီးအကြောင်း အမျိုးသမီးနှစ်ဦး စကားကောင်းနေစဉ်မှာပင် ကျီးသဲရွာ ဦးတော စက်ဘီးလေးဖြင့် ရောက်လာပြန်သည်။ စက်ဘီးပေါ်မှ လွှားခနဲ ခုန်ချလိုက်ပြီး ပါးစပ်ကလည်း 'ဟွေး' ဟု လေမှုတ်ထုတ်လိုက်သည်။

'အလိုလေး မရွှေငြိမ်းရယ်၊ အမိန့်တော်မြတ်ကြောင့်သာ ပြေးလိုက်ရတယ်၊ ဖတ်ဖတ်ကို မောသွားတာပါပဲ။ တိုက်လိုက်တဲ့လေက ပြောမပြောချင်တော့ဘူး။ အသွားတုန်းကတော့ မိဘာသဘောတူတဲ့ ရည်းစားအခန်းထဲ ဝင်ရသလို လေက နောက်က တွန်းတွန်းပေးနေလို့ စက်ဘီးကို တစ်လမ်းလုံး ဘရိတ်အုပ်မှောလိုက်နေရတယ်။ အပြန်ခါကျတော့ မိဘာသဘောမတူတဲ့ ရည်းစားအခန်းချဉ်းကပ်ရသလို လေက ရင်ဘတ်ကို ကျားကန်တွန်းထားလို့ နင်းနေရင်းက စက်ဘီးလည်း နောက်ပြန်ဆုတ်နေတယ်'

ဦးတောမှာ စကားအရသာ သဘောကျစရာ ကောင်းသည် မဟုတ်ဘဲ ကိုယ်အမူအရာ အားလုံးသည်လည်း တကယ်ပင် မောဟိုက် ပင်ပန်းနေဟန် ဖော်ပြနေသည်။ ကြားရမြင်ရသူ အားလုံး အပြုံးကိုယ်စီနှင့် ဖြစ်နေကြပါတော့သည်။

## ဗိုက်ပြည့်နေပါပြီ

ဦးတောကို ရွှေကျင်ရွာဘက်သို့ သတင်းပို့ခိုင်းလိုက်သလား၊ တစ်စုံတစ်ရာ အယူခိုင်းလိုက်သလား၊ အကြည့်ခိုင်းလိုက်သလား မပြောတတ်။ ဆိုင်ရှင်ဒေါ်ငြိမ်းက ခိုင်းလိုက်ခြင်း ဖြစ်ပုံရပါသည်။

'ကဲ...ဦးတော၊ ဦးတော လက်ဖက်ရည်နဲ့ မုန့်ကလေး သုံးဆောင်လိုက်ပါဦး' ဒေါ်ငြိမ်းက လက်ဖက်ရည်ပန်းကန် ချပေးရင်း ပြောလေသည်။

'ဟာ...နေပစေ၊ တော်ပြီ တော်ပြီ။ တောင်ဟာစား မြောက်ဟာစားနဲ့ လူလည်း ပေါင် ၂၅၀ ဝင် ဆန်အိတ် မျိုထားမိသလို ဗိုက်စူလို့နံကား စဥ့်အိုးကြီး ပွေ့ထားရတဲ့အတိုင်း ဖြစ်နေပြီ'

## ဆင့်ကာ ဆင့်ကာ ဥပမာ

ဆိုင်ရှေ့ဆီမှ 'ငှက်ပျောသီးသည်'ဟု အော်သံ ကြားလိုက်ရသည်။ ဆိုင်ထဲက အမျိုးသားတစ်ယောက်၏ လှမ်းခေါ်သံကိုလည်း ကြားလိုက်ရသည်။ ငှက်ပျောသီး





သည် သည် ဆိုင်ရှေ့ မြေပြင်တွင် လာရောက်ထိုင်ချလိုက်သည်။ အမျိုးသားသည် ငှက်ပျောသီးဗန်းရှေ့တွင် ထိုင်ကာ ငှက်ပျောသီးများကို လှန်လိုက် လှောလိုက်၊ မ လိုက် မြှောက်လိုက် ကြည့်နေသည်၊

ကျား။ 'အလိုလေး မိရွှေရယ်၊ နင့်ငှက်ပျောသီးကလဲ မနဲ့လေးလက်သန်းလောက် ရှိပါလားဟာ။ ဒီငှက်ပျောသီးသာ ဝယ်သွားရရင်တော့ အိမ်က သားမယားတွေက ငါ့မြင်ရင် အင်္ဂုလိမာလမှတ်လို့ ထွက်ပြေးကြလိမ့်မယ်'

မ။ 'အမယ် သေးမှချို၊ ညိုမှ မှည့်သတဲ့တော်။ သကြားငှက်ပျောပါတဲ့။ သကြားလုံး ပျားရည်ဖုံးထားသလား အောက်မေ့ရမယ်၊ ချိုလွန်းလို့ ချိုလွန်းလို့'

ကျား။ 'ချို မချိုတော့ မပြောတတ်ပေဘူး။ ရင်ကြပ်လိုက်မယ့် ဖြစ်ခြင်းကတော့ အလောင်းကောင် ကြပ်စည်းထားသလား အောက်မေ့ရလိမ့်မယ်'

မ။ 'ရင်ကြပ်မှာစိုးရင် ရင်ချောင်အောင် ရင်ပတ်ကြယ်သီး ဖြုတ်စားပေါ့တော်'

ကျား။ 'ဒီလိုဆို မင်းတို့လို အပျိုလေးတွေ ဝယ်ကျွေးရမှာပဲ'

အမိပ္ပာယ်ကို သဘောပေါက်လိုက်သည်နှင့် တစ်ပြိုင်နက် အနီးအပါးရှိသူ အားလုံးပင် တဝါးဝါး ရယ်ကြပါတော့သည်။

အမျိုးသားနှင့် အမျိုးသမီး တစ်ယောက်တစ်ခွန်း အလုအယက် ပြောဆိုသွားခြင်း ဖြစ်သဖြင့် ကျွန်တော်သည် အချုပ်သဘောလောက်သာ မှတ်သားနိုင်လိုက်ပါသည်။ တကယ်တော့ သူတို့ ပြောဆို သုံးနှုန်းသွားသည်မှာ ယခု ဖော်ပြသည်ထက် ပိုမို ထိမိ စည်ကားလှသည်ဟု ဆိုရပါမည်။

## မူလတန်းကျောင်းနှင့် အပြိုင်

ရယ်မောသံများ ရပ်စဲသွားလေပြီ။ ဆိုင်တွင်းရှိ ရွာသားများသည် တစ်ယောက်တစ်ခွန်း ပြောကြလေပြီ။

လှတောသား။ 'ငှက်ပျောသီးက ဗန်းလိုက် မျိုတောင် အဆာပြေမှာ

မဟုတ်ဘူး။ ဒီတော့ ကလေးများတဲ့ အိမ်တွေကသာ ဝယ်ဖို့ ကောင်းပါတယ်'

အခြား လှတောသား။ 'ကလေးများတဲ့အိမ် ဝယ်စတမ်းဆိုရင်တော့ မငြိမ်းက အရင်ဆုံး ဝယ်ရမှာပဲ။ သူ့အိမ်က ပွဲသွားရင် ကလေးတွေ ပုတ်ထဲထည့်၊ ပုတ်ကို လှည်းပေါ်တင်သွား၊ ပွဲခင်းရောက်တော့ လှည်းကို နောက်မြီးလှန်ချရတာဗျ'

ဦးတော။ 'ဟုတ်မှာပေါ့ဗျာ၊ မွေးလိုက်တဲ့ကလေးက ဆိတ်ချေးယိုနေတဲ့အတိုင်း မဟုတ်လား။ သူတို့ လူလုပ်စက်များ ပျက်တယ်လို့ကို မရှိဘူး'

ဒေါ်ငြိမ်း။ 'ဦးတောက သူများတော့ ပြောနေတယ်။ ကိုယ့်အိမ်ကိုလည်း ပြန်ကြည့်ပါဦး။ တစ်နေ့က ပညာအုပ်မင်း ကျောင်းစစ်လာတော့ ဦးတောအိမ်ဝင်ပြီး စာရင်းစာအုပ်တွေ အတင်းတောင်း၊ ကလေးတွေ ရေတွက်ကြည့်နေလို့ ကျောင်း မဟုတ်ကြောင်း၊ ဦးတောအိမ် ဖြစ်ကြောင်း၊ မူလတန်းကျောင်းက အရှေ့မြောက်ဘက် ခပ်လှမ်းလှမ်းတွင် ရှိကြောင်း ပြောဆို တောင်းပန်လွှတ်လိုက်ရသတဲ့တော်။ ဒါတောင် ညညမှာ ဦးတောက တခြားရွာသွား ဖဲရိုက်နေလို့သာ ဒီလောက် ရှိသေးတာတော့'

## မုတ်ဆိတ် ဖျားခဲ့ပြီ

လှတောသားတို့သည် လူစုစုရှိလျှင် စကားပြောဖြစ်ကြသည်။ တစ်ယောက်တစ်ပေါက် ပြောရင်းအစ အကြောင်းအရာစုံ ပြောဖြစ်ကြသည်။ ပြောဖန်များသောအခါ၊ ပြောတာ ရှည်လာသောအခါ သဘောတိုက်ဆိုင်မှု ရှိသလို၊ သဘောထား မတိုက်ဆိုင်မှုလည်း ရှိလာသည်။ သဘောထား မတိုက်မဆိုင် ဖြစ်လာလျှင် အတိုက်အခိုက် ဖြစ်လာသည်။ စကားနိုင် လုလာသည်။စကားနိုင်လုရသည်နှင့် တစ်ပြိုင်နက်





လှတောသားများသည် ဉာဏ်ထက်လာသည်၊ လျှာသွက်လာသည်၊ ဟာသဖက်လာသည်။ အခိုင်းအနှိုင်း ပုံပမာတွေ ထွက်လာသည်။ ကျွန်တော်သည် ပုံပမာလိုချင်နေသူတစ်ယောက် ဖြစ်သည်။ ပုံဥပမာ ရနိုင်သော လမ်းစသည် လူစုဝေးမိစေရန် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် လူစုလူဝေး ဖြစ်ကြပါစေဟု ဆုတောင်းနေမိသည်။ ယနေ့ ဆုတောင်းပြည့်ပေပြီ။

ထိုနေ့ကား ဆရာဦးကျော်ခင်က ကျွန်တော့်အား ထမင်းဖိတ်ကျွေးသောနေ့ ဖြစ်ပါသည်။ ကျွန်တော်သည် ဦးကျော်ခင်အိမ်သို့ ရောက်သောအခါ ဦးကျော်ခင်က 'ကိုသောင်းရေ့၊ တစ်နေ့ ကိုသောင်းအတွက် ပွဲကြီးပွဲကောင်း ရှိနေပြီ'ဟု ပြောလာသည်။

'ဘာလဲ ဆရာရဲ့၊ ဘာ ပွဲကြီးပွဲကောင်းလဲ။ အမိန့်ရှိပါဦး'

'ဒီနေ့ နေ့လယ် မြောက်ရွာထဲမယ် လယ်သမားတွေကို အစိုးရက ပင်ထောင်စရိတ် ချေးပေးလိမ့်မယ်။ အဲဒီမှာ လယ်သမားအားလုံး ရောက်လာကြလိမ့်မယ်။ လူစုံရင် ကိုသောင်းအတွက် ပွဲကြီးပွဲကောင်းပေါ့ဗျ'

ကျွန်တော် အလွန်ပျော်သွားပါသည်။ ထိုနေ့အဖို့ ကျွန်တော်သည် တည်းအိမ်ဖြစ်သည့် အရှေ့စက်ထဲသို့ မပြန်တော့ပေ။ စားပြီးသည့်နောက် ဦးကျော်ခင်အိမ်မှာပင် အနားယူရင်း ပင်ထောင်စိုက်စရိတ် ထုတ်ပေးချိန်ကိုသာ လည်တဆန့်ဆန့် ငံ့လင့်နေလိုက်သည်။

ငွေထုတ်ပေးနေသည့် အိမ်သို့ ကျွန်တော်တို့ ရောက်သောအခါ အိမ်ဝိုင်းထဲ၌ လူပြည့်နေသည်ကို တွေ့လိုက်ရသည်။ စာချုပ် ချုပ်နေသော စားပွဲ၊ ငွေထုတ်ပေးသောစားပွဲ ပတ်ပတ်လည်တွင် နေရာမလပ် ပြည့်ကျပ်နေသည်။ ကျွန်တော်ကား လူအုပ်ထဲသို့ ဝင်ချင်သည်။ သို့သော် မလွယ်တော့ပေ။ ထို့ကြောင့် ဦးကျော်ခင်တို့ ခေါ်ဆောင်ရာ အိမ်အတွင်းသို့သာ လိုက်ပါခဲ့ရပါတော့သည်။ သို့သော် တော်ပေသေး၏။ အိမ်ထဲမှာလည်း ခုတင်နှစ်လုံး နေရာမလပ်အောင် လယ်သမားတို့ နေရာယူထားပြီး ဖြစ်နေကြလေပြီ။

## ခြေသွက်ကြသည့် ရက္ခစိုး

ငွေထုတ်မပေးမီ စိုက်ပျိုးရေးဌာန အမှုထမ်း၊ ဘဏ်အမှုထမ်းတို့က စကား အနည်းငယ် ပြောပါသည်။ အစိုးရက လယ်သမားများအပေါ် ထားရှိသော စေတနာ စိုက်စရိတ် ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်၊ လယ်သမားတို့၏ တာဝန်၊ ဆန်စပါး၏ အရေးပါပုံ၊ စပါးမှောင်ခိုသူတို့၏ အန္တရာယ် စသည်များကို သဘောပေါက်လောက်ရုံ ရှင်းလင်းပြောပြသွားကြပါသည်။ လယ်သမားများသည် သတ်မှတ်ထားသည့် အတိုင်း စပါးကို အစိုးရသို့သာ ရောင်းသင့်ကြောင်း၊ မှောင်ခိုကို အားပေးခြင်းသည် ကိုယ့်သေတွင်း ကိုယ်တူးသည်နှင့် တူကြောင်း ပြောပြသောအခါ ကျွန်တော်တို့ အနားရှိ လူတောသားတစ်ဦးက ကျွန်တော်တို့တစ်စု ကြားသာရုံ ကောက်ကာငင်ကာ ပြောပြလိုက်ပါသည်။

'ဒီမှောင်ခိုတွေ အကြောင်းတော့ ပြောရမှာတောင် အော့နှလုံး နာပါတယ်ဗျာ၊ တကယ်ပါပဲ။ ညောင်ပင်မှ မစိုက်ရသေးဘူး၊ ရက္ခစိုးတွေက ဝိုင်းဝိုင်းလည်နေတာပါပဲ။ ကျုပ်တို့က ပျိုးခင်းတောင် မကြဲရသေးဘူး၊ ဒင်းတို့က ငွေထုပ်ကလေး ပြကာပြကာနဲ့ ကညာသံ နှာသံ ကဗျာဆန်ဆန် နှော်ပြီး ပျားရည်နဲ့ဝမ်းချဖို့ ခြေသလုံး လာဖက်ကြတာပါပဲ'တဲ့။

## ကွာပါပေ့ ဗျာ

အခြားတစ်ဦးကလည်း အစိုးရဌာန တချို့၏ စီးပွားရေးမဆန် ရုံးဆန်ဆန် လုပ်နေသည်များကို အားမလို အားမရ ဖြစ်နေဟန် တူပါသည်။

'ကျွန်တော်တို့ဟာ လယ်သမားတွေ ဆိုပေမယ်လို့ ဒီလောက် နားမဝေးကြတော့ပါဘူး။ အစိုးရရဲ့ စေတနာကိုလည်း နားလည်ကြပါတယ်။ မှောင်ခိုရဲ့ အန္တရာယ်ကိုလည်း သဘောပေါက်ကြပါတယ်။ ဒါပေတဲ့ ခင်ဗျားတို့ အမှုထမ်းတွေဘက်ကသာ အချိန်မီ အခါမီ အခွင့်ကောင်းကို ယူတတ်ကြဖို့ လိုပါတယ်။ စပါးဝယ်ရာမှာဆိုရင် မှောင်ခိုသမားတွေက လျင်လိုက်တာဗျာ၊ သိန်းငှက်ကို ဂျက်အင်ဂျင်





တပ်ထားတဲ့အတိုင်း ဝှီးခနဲ ဝှီးခနဲ နေတာပါပဲ။ အစိုးရ အဝယ်တော်မင်းများကတော့ လိပ် ခြေလေးဘက် လက်ထိပ်ခတ်ထားသလို တုံ့နေး တုံ့နေးနဲ့ ပေါ်တော်မူကို မလာကြတော့ဘူး'ဟု ပြောလိုက်ပါသည်။ ကျွန်တော်တို့ အိမ်အတွင်းတစ်ခုလုံး သိမ့်သိမ့်တုန်သွားအောင် တဟားဟား ရယ်လိုက်ကြရပါသည်။

## ဝေဿန္တရာဇာတ် မခင်းကြနဲ့

ငွေများ ထုတ်ယူရရှိပြီးသော သူများသည် ပျော်တပြုံးပြုံး ဖြစ်နေကြသည်။ ငွေထုတ်ကလေးများကို ပွေ့ကာပိုက်ကာဖြင့် အိမ်ဘက်သို့ ပြန်သွားကြသည်။ အချို့ ဇနီးများကလည်း ငွေထုတ်ပိုက်လာမည့် ခင်ပွန်းသည်ကို လာရောက်ကြိုဆိုနေကြသည်။ ငွေရလာသောအခါ တူနှစ်ကိုယ် ပြုံးပျော်လျက် ခြံဝင်းထဲမှ ထွက်ခွာသွားကြသည်။ ဤသည်တို့ကို မြင်နေရသောအခါ တစ်ယောက်သောသူက အာပေါင် ကျယ်ကျယ်ဖြင့် ဟစ်အော် သတိပေးလိုက်ပါသည်။

'အစိုးရငွေ ထုတ်ယူကြတုန်းကတော့ ပြုံးနေလိုက်ကြတာ နှုတ်ခမ်းနှစ်ဖက်ဟာ နောက်စေ့မှာ လာဆုံနေတာပဲ။ အစိုးရဒိုင် စပါးသွင်းချိန်ကျတော့ စနေ အင်္ဂါ ရွေးရွေးနေတတ်ကြတယ်။ ဒီလောက်တောင် ကျေးဇူးမသိတတ်တဲ့ကောင်တွေတော့ ဒီနှစ်မှာလည်း ဒီလိုလုပ်ကြရင် ဂဏှာ-ဇာလီ ဇူဇကာ နှောင်ကြိုးတည်းသလို ရဲလက်ထဲ လက်ထိပ်ကြီးတွဲလဲနဲ့ ပါသွားမှာ မြင်ယောင်ပါသေးတော့ကွာ' တဲ့။

## ရွှေမိုးရေ လာပါတော့

ယခု အစိုးရက စိုက်စရိတ် ထုတ်ပေးချိန်သည် ဒုတိယဝါဆိုလ ဖြစ်၍ နေပါပြီ။ ဝါဆိုလဆိုလျှင် ပုံမှန်အားဖြင့် ပျိုးခင်းတွေ ကြဲလှဲပြီး၍ ညို့ညို့မည်းနေရမည့် အချိန်ဖြစ်သည်ဟု သိရပါသည်။ သို့သော် ယခုနှစ်တွင် လူတောတစ်ကြော၌ မိုးက ဖြစ်ဖြစ်လောက်လောက်ကို မရွာသေး။ မိုးနှင့် အသက်မွေးရသော လယ်

သမားတို့သည် မိုးမရွာသဖြင့် သောကများ ဝင်လာကြလေပြီ။ မိုးကို အငမ်း
တမ်းတနေကြလေပြီ။ မူးရေကို ရကောင်း ရနိုင်သေးသော်လည်း စပါးအောင်မြ
ရေးတွင် မူးရေသည် အဓိက မဟုတ်။ မိုးသာလျှင် အဆုံးအဖြတ်ပေးမည့် တ
သူကြီး ဖြစ်လေသည်။ထို့ကြောင့် မိုးကိုသာ စွဲစွဲမြဲမြဲ တမ်းတနေကြခြင်း ဖြစ်သ

ယခု အစိုးရထံမှ စရိတ်ငွေ ထုတ်ယူပြီးကြချေပြီ။ ငွေထုတ်လျှင် ပေ
ပေးကြရမည်။ ပေးလည်း ပေးချင်ပါသည်။ မပေးနိုင်မည်ကို စိုးရွံ့ကြသည်
ငွေထုတ်ပြီးမှ မိုးကို ပို၍ မျှော်မိကြသည်။ ဤသို့ အချင်းချင်း ပြောဆိုနေ
ပါသည်။

'ဒီနှစ်တော့ စပါးစိုက်ရက်က သိပ်နောက်ကျနေတယ်ကွာ။ စိုက်တာ
သီတင်းကျွတ်၊ သီးတာက နှစ်လုံးပြွတ်၊ ရိတ်ရာမှာ ဖင်ဒရွတ်ဆိုတဲ့ ကိန်း
ဆိုက်နေဦးမလားဘဲ။ ဒီကိန်းသာ ဆိုက်ရင်တော့ တို့တစ်တွေအားလုံး ကြွက်ဝမ်း
လစီ (လစေ့) သံညှပ်နဲ့ မိသလို မျက်လုံးပြူးကြရဦးမှာပဲ' ဟု စိုးရိမ်သ
ပြောသည်ကိုလည်း ကျွန်တော်တို့ သဘောကျ ရယ်မောမိကြပါသေးသည်။

## အေပီစီ လက်မြှောက်ရခြင်း

တစ်ဖက်ခုံပေါ်တွင် လူငယ်တစ်ယောက်သည် တလူးလူး တလိမ့်လိမ့် ဖြစ်နေသ
ကို ခုမှ ကျွန်တော် သတိထားမိသည်။ စောစောက အိပ်ပျော်နေသည်ဟု ကျွန်တေ
ထင်မိသဖြင့် အမှတ်မထင် နေမိသည်။ ယခုမူ လူးလိမ့်နေရုံသာမက တခါ
တဟင်းဟင်း ညည်းတွားနေပါသည်။ စုံစမ်းကြည့်သောအခါ ခေါင်းကိုက်နေသ
ဟု သိရပါသည်။ ကျွန်တော်သည် အေပီစီကို အမြဲတမ်းလောက် ဆောင်ထားတ
ပါသည်။ ယခု စမ်းကြည့်သောအခါလည်း အိတ်ထဲမှာ ပါလာသည်ကို တွေ
ပါသည်။ ထို့ကြောင့် ဆေးပြားကို ထုတ်ယူပြီး 'ဒီ အေပီစီ ဆေးပြားကို သော
လိုက်ပါ။ သက်သာကောင်း သက်သာပါလိမ့်မယ်'ဟု ပြောဆိုလျက် လက်က
လိုက်ပါသည်။ ထိုလူငယ်က ဤသို့ ပြန်ပြောလိုက်ပါသည်။





'နေပါစေ ဆရာ။ ကျွန်တော်က အေပီစီဆေးပြားကို ပဲလှော်ကြော် သုပ်
စားသလို စားခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော့်ခေါင်းကိုက်က အေပီစီ ရယ်တာပေါ့
လုပ်နေပါတယ်'

ဝေဒနာကို ဟာသနှော၍ ပြောလိုက်ပါသည်။

## ရောင်းဖို့ တစ်စိတ်၊ ကြိတ်ဖို့ တစ်ကျိ

လယ်သမားများသည် ငွေထုတ်ရန် မိမိအလှည့်ကို စောင့်ကြရင်း တွေရာလေးပါး
ပြောဆိုနေကြပါသည်။ စီဖိုးအကြောင်း၊ မာကြူရီအကြောင်း၊ မနော်ဟရီ
အကြောင်း၊ မိုးအကြောင်း၊ ရေအကြောင်း၊ နွားအကြောင်း၊ လယ်အကြောင်း
စုံအောင် ပြောဖြစ်နေကြပါသည်။ အစိုးရက အိမ်တိုင်ရာရောက် စိုက်စရိတ် ထုတ်
ပေးသည်ကိုလည်း ကျေးဇူးတင်ကြောင်း အထူးတလည် ပြောဆိုနေကြပါသည်။
ဤသို့ ပြောဆိုနေရာမှ တစ်ခါတစ်ခါလည်း ရယ်မောစရာများ ပါပါလာပါသည်။

'အင်း အစိုးရကတော့ အထူးဂရုစိုက်ပြီး ငွေတွေ ထုတ်ပေးရှာပါပေတယ်။
ဒါပေတဲ့ တချို့လယ်သမားတွေက မသိတတ်ကြဘူး။ မလွဲသာလို့ စပါးဒိုင်ကို
စပါးရောင်းလာတဲ့ အခါကျတော့လည်း နည်းလိုက်တဲ့စပါး၊ ပတ်ဝိုင်းထဲ ဆိုင်း
သမား ထိုင်နေတဲ့အခါ ခေါင်းတောင် မမြင်ရသလို ရိုင်ပတ်ထဲက လှည်းသမား
ခေါင်းတောင် မဖူးမြင်ရပါဘူး။ ကိုယ့်အိမ်အတွက် ဝမ်းစာကြိတ်ခွဲဖို့ကျတော့
တင်လာလိုက်တဲ့ စပါးတွေ လှည်းပေါ် မောက်လျှံနေလိုက်တာများ ကောင်းမှုတော်
ဘုရား ရှိင်နဲ့ ပတ်ထားသလား အောက်မေ့ရပါတယ်'ဟု တစ်ယောက်က ပြောလိုက်
သဖြင့် အားလုံး ပွဲကျသွားပြန်ပါသည်။

## လက်မှတ်ထိုးမယ် ကြဲ

ကျွန်တော်တို့ အိမ်တွင်းမှ ပွဲကျသံသည် ကြိုးကြား ကြိုးကြားမျှသာ ဖြစ်ပါသည်။
ပရိသတ်အတွင်း နေရာအသီးသီးမှ ပေါ်ပေါက်လာသော ပွဲကျသံများကား ရေဒီယို

ဟာဒယရှင်ဆေး အခန်းတမျှ မြင့်နေပါသေးသည်။ ထိုပွဲကျသံများသည် လုတော
သားတို့၏ ပြောင်မြောက်သော ပုံပမာများ၏ ရလဒ်များ ဖြစ်ဖို့များပါသည်
ယင်းပုံပမာများနှင့်မူ ကျွန်တော်တို့ ရေစက် မဆုံခဲ့ရပါ။ သို့သော် အော်ကျယ်ကျယ
ပြောတတ်သောသူ အချို့၏ ပုံပမာများကိုမူ မှတ်သားရယူနိုင်ခဲ့ပါသည်။

'ထိုးပါကွ၊ ထိုးသာထိုးပါကွ။ အလိုလေး မောင်ရာ၊ စာလေးတစ်လုံ
ရေးမှာများ စစ်ကိုင်းတံတားကြီး ပန္နက်ရိုက်ဟာ ကျနေတာပဲ'ဟူသော အသံ
ခပ်ကျယ်ကျယ်ကို ကြားလိုက်ရပြီး ချက်ချင်း ရယ်မောသံများ ထွက်ပေါ်လာပါ
သည်။ စုံစမ်းမေးမြန်းကြည့်သောအခါ ဤသို့ သိရပါသည်။

လုတောသားအချို့သည် စာရေးမကျွမ်းကြ။ ယာနှင့်တွဲနေသလောက်
စာနှင့်ကွဲနေကြရသဖြင့် မိမိနာမည်ကိုပင် ကောက်ကာငင်ကာ မရေးနိုင် ရှိကြသည်
ယခု ငွေထုတ်သောအခါ လက်မှတ်ကို မလွဲသာ မရှောင်သာ ထိုးကြရသည်
သို့သော် တကယ်ထိုးမည် ရွယ်သောအခါ မရဲမရွဲ ဖြစ်နေသဖြင့် ဖောင်တိန်ကို
ကိုင်ရင်း တုန်တုန်ယင်ယင် ဖြစ်နေသည်။ တုံ့ဆ တုံ့ဆ ဖြစ်နေသည်။ ဤသို
ဖြစ်သဖြင့် အနားရှိသူတစ်ဦးက အထက်ပါအတိုင်း အားပေးရင်း ခိုင်းနှိုင်းလိုက်ခြင်း
ဖြစ်ပါသည်။

## ကောလိုက်တဲ့ မူး

ကာဘိုးဆည်ကြီးတွင် လှောင်ထားသော ရေများကို ရွှေဘို၊ ဝက်လက် စသော
နယ်မြေအသီးသီး ဆန့်စပါး စိုက်ပျိုးနိုင်ရန် မြောင်းအသွယ်သွယ်ဖြင့် ရေဖြန့်ပေး
ထားသည်။ ယင်းမြောင်းများကို လုတောဒေသ တစ်ဝိုက်တွင် "မူး" ဟု
ခေါ်ကြသည်။ မူးခေါ် ယင်းမြောင်းများသည် စပါးအောင်မြင်ရေးတွင် လွန်စွာ
အရေးပါလေသည်။ လုတောသားတို့သည် မိုးကို တမ်းတ၍ မော်ကြသောအခါ
မူးဘက် လှည့်လာကြပြန်သည်။ မိုးပင်ခေါင်သော်လည်း ယခုအချိန် မူးရေ ဖောဖော





သီသီလေး ရလိုက်မည်ဆိုလျှင် ပျိုးခင်းများလည်း အောင်မြင်ဖို့ အလားအလာ
ကောင်းလာနိုင်သည်။ လယ်ကွက်များကိုလည်း ထွန်ရေးညက်အောင် ဆွထားနိုင်
သည်။ ဤသို့ တမ်းတနေကြပြန်သည်။

မူးအကြောင်း ရောက်လာသောအခါတွင်လည်း လုတောသားတို့၏
စကားချက်များသည် အဆင်တန်ဆာ ပုံဥပမာတို့ဖြင့် ပေါ်ထွက်လာပါသည်။

'အင်း တို့ကတော့ မူးရေကို အဖေလာတော့မလို မျှော်ကြပါရဲ့။ ဒါပေမဲ့
မူးတွေက ရေလာဖို့ မဆိုထားနဲ့၊ ကောနေလိုက်တာများ ကျောက်ပြင်ကို ပက်လက်
လှန်ထားတဲ့အတိုင်းပါပဲကွာ'

## ကြက်ဥတွင်းက လုပ်သား

နောက်တစ်ယောက်ကလည်း ဤသို့ ညည်းတွားလိုက်သည်။ မူး ကောနေရ
ခြင်းအပေါ် တရားခံကို ထုတ်ဖော် ပြစ်တင်လိုက်ပြန်သည်။

'မူးတွေ ကောရတာလည်း မပြောနဲ့လေ။ မြောင်းအလုပ်သမားတွေက
အလုပ်မှ ကောင်းကောင်း မလုပ်ကြဘဲ။ ဆည်မြောင်းဌာန အကြီးအကဲတွေကတော့
လယ်သမားတွေအတွက် ရှေးရှုပြီး မြောင်းလုပ်သားတွေ ခန့်ထားလိုက်တာ
မြောင်းပေါင်ပေါ် တန်းစီရပ်ခိုင်းမယ်ဆိုရင် မြောင်းပေါင်တောင် ကျိုးကျလောက်
ပါပေတယ်။ ဒါပေတဲ့ အလုပ်သမား အချို့ကတော့ မြောင်းပေါ် ရောက်ပြီဆိုရင်
ထမင်းစား၊ ထမင်းစားပြီးတော့ သစ်ပင်ရိပ်မှာ ခွေခွေကလေးတွေ အိပ်နေလိုက်ကြ
တာဗျာ ကြက်ဥ သန္ဓေတည်နေတဲ့အတိုင်းပါပဲ'

နောက်တစ်ယောက်ကလည်း အထက်ပါ အဆိုများကို ထောက်ခံနေပြန်
ပါသည်။

'သင်းတို့ အလုပ် မလုပ်ကြလို့ပေါ့ဗျ။ ရေလွှတ်ပေါက်တွေဟာဆိုရင်
တဖြည်းဖြည်း ကျဉ်းကျဉ်းလာလိုက်တာ ငါးမြွေထိုးတောင် လမ်းမလျှောက်သာ
တော့ဘူး'

လှတောက လယ်သမားတို့သည် မိုးခေါင်၍ စိတ်ညစ်နေရသည့်အထဲ မှူးရေက အဆင်မပြေ ဖြစ်ပြန်သောအခါ အလိုလိုနေရင်း စိတ်ပြိုငြင်နေကြဟန်တူ သည်။ အပြစ်တင်၍ ရသော မှူးကိုသာ ဝိုင်းဝန်းဖိထောင်း နေကြလေတော့သည်။ ဤသို့ အပြစ်တင်နေခိုက်တွင် တစ်ယောက်သော လှတောသားက မှူးဘက် အကာအကွယ် ပေးလိုက်ပါသည်။

'အင်း မင်းတို့ကတော့ မှူးမှူးနဲ့ တစ်မှူးတည်း မှူးပြီး မှူးကိုပဲ အပြစ်မြင်နေကြ တာကိုးကွ။ တကယ်တော့ လယ်သမားတွေက သောက်မှန်းမသိလို့ ဒီလိုဖြစ်ကုန် တာကွ။ လာသမျှရေကို ဝေစုအတိုင်း မျှမျှတတယူဖို့ စိတ်မကူးကြဘူး။ ဟိုက နိုးချိုး၊ ဒီက ခိုးဖောက်နဲ့။ ခုတော့ ကြည့်စမ်း ဒို့မှူးရှိုးတစ်လျှောက်လုံးမယ် အပေါက်တွေ အပေါက်တွေများ သံစုံ (ဘာဂျာ) ကို တုံးလုံးချထားသလား မှတ် တယ် မဟုတ်လား'

## သူပျော်ပုံက ဒီလို

အထက်ပါအတိုင်း မှူးအကြောင်း ဝေဖန်ရေး လုပ်ကောင်းနေတုန်း နောက်နားဆီ အသံတစ်သံ ထွက်ပေါ်လာပါသည်။

'အေးကွာ ခုနေခါများ မှူးရေ ကမ်းလုံးပြည့် လာမယ်ဆိုရင် ငါတို့တော့ ပျော်လိုက်မယ့်ဖြစ်ခြင်းနှယ်၊ နတ်ရေကန့်ကမ်းစပ်နား ဒွေးမယ်နော် ရင်လျားလေးနဲ့ နှစ်ကိုယ်ကြား တွေ့ရတဲ့အတိုင်း နေမှာပဲကွာ'

ယင်းစကားကြောင့် ကျွန်တော်တို့အနားရှိ လူအားလုံးပင် တဝါးဝါး တဟားဟား တသောသော ရယ်မော၍ မရပ်နိုင်အောင် ရှိနေကြပါသည်။ ကျွန်တော်သည် အဘယ်ကြောင့် ဤမျှ သဘောကျနေကြပါလိမ့်ဟု သိလိုသဖြင့် လှမ်းကြည့်လိုက်ရာ နှစ်ကိုယ်ကြား ပျော်လိုသူမှာ အဘိုးကြီးတစ်ယောက် ဖြစ်နေ ကြောင်း သိလိုက်ရပါသည်။





## ပေ့ပေ့ရှပ်သွင် သားအမြင်

၁၀ နာရီလောက် ရှိပြီ ထင်ပါသည်။ ဦးလေးရင်နှင့် စကားစမြည် ပြောရင်း ကျွန်တော်သည် သမ်းသမ်းဝေဝေ ဖြစ်လာသည်။ ဦးလေးရင် ရိပ်မိဟန် တူပါသည်။

'ကဲ ဆရာလည်း အိပ်ချင်ရော့မယ်။ ကျွန်တော်လည်း မနက်အတွက် ပြင်ဆင်စရာ ရှိသေးတယ်။ ဆရာ အိပ်ချေဦး'ဟု ကျွန်တော့်အား အခွင့်ပေးပါ သည်။ အိပ်ရာပေါ်ရောက်၍ မှေးမှေး မှေးမှေး ဖြစ်ခါမှ အိမ်ပြင်က ပြေးသံလွှားသံ တွေရော၊ ခွေးဟောင်သံတွေပါ ကြားလိုက်ရသဖြင့် မျက်စိကျယ်သွားပါသည်။ မောင်အေး၊ မောင်အေး'ဟုလည်း ခေါ်သံကြားလိုက်ပါသည်။ မောင်အေး၏မိခင် က 'ဟဲ့ ဘယ်သူလဲ'ဟု မေးရင်း မြန်းရင်း တံခါးဖွင့်သောအခါ လူတစ်ယောက် သည် ဟောဟဲဟောဟဲ မောသံကြီးဖြင့် ပြေးဝင်လာသည်ကို တွေ့လိုက်ရပါသည်။

ပြေးလာသူမှာ မောင်မြင့်သိန်းဆိုသူ လူငယ်တစ်ယောက် ဖြစ်ပါသည်။ ဦးဘရင်၏သားကြီး မောင်အေး၏သူငယ်ချင်း ဖြစ်ပါသည်။ မောင်မြင့်သိန်းခမျာ ဖခင်ဖြစ်သူ ဦးသောင်းဟန်က လိုက်ရိုက်သဖြင့် ထွက်ပြေးလာရကြောင်း သူတို့ ပြောစကားအရ ကျွန်တော် သိရပါသည်။ မောင်အေးတို့ မိသားစုက အားပေးစကား ပြောရင်း ဘယ်မှ မသွားဖို့၊ ဒီည ဒီမှာပဲ အိပ်ဖို့ ချော့မော့ထားလိုက်ကြပါသည်။ ကျွန်တော်သည် မောင်အေးနှင့် ခုတင်ကျယ်ကြီးတစ်ခုတွင် အတူအိပ်ကြသည် ဖြစ်ရာ ယနေ့ည မောင်မြင့်သိန်းရော သုံးယောက်ဖြစ်နေပြီ။ လူငယ်နှစ်ယောက် သည် မအိပ်နိုင်ကြသေးဘဲ တဖျစ်တောက်တောက် ပြောဆိုနေကြပါသည်။ လူကြီး များက အိပ်ကြဖို့၊ စကားပြောလျှင်လည်း တိုးတိုးသက်သာ ပြောကြဖို့၊ ဦးသောင်း ဟန် ကြားသွားလျှင် လိုက်လာနေဦးမယ်ဖြစ်ကြောင်း မကြာမကြာ သတိပေးနေ ပါသည်။ သို့သော် သူတို့နှစ်ဦးသား တွတ်ထိုးမြဲထိုးလျက် ရှိပါသည်။

ယခုကဲ့သို့ သားအဖချင်း လိုက်ရိုက်သည်အထိ ဖြစ်ရခြင်းမှာ ကျောင်း နေဆဲဖြစ်သူ သားက အိမ်ထောင်ရေး စဉ်းစားသောကြောင့် တားမြစ်ရာမှ စိတ် သဘောထား ကွဲပြားပြင်းထန်လာခြင်း ဖြစ်သည်မှ စ၍ မောင်မြင့်သိန်းက သူ့

သူငယ်ချင်း မောင်အေးအား ဇာတ်ကြောင်းပြန်နေပါသည်။ သူတို့ပြောကြ သည့် စကားများထဲမှ အချို့ကို ကျွန်တော် မှတ်စုစာအုပ်တွင် ရေးမှတ်ထားလိုက် ပါသည်။

'တစ်နေ့ကလည်း ဒီကိစ္စနဲ့ ပတ်သက်ပြီး သဘောချင်း မတိုက်ဆိုင်တာ ငါ အိမ်က ထွက်သွားခဲ့တယ်။ အမေက ပြန်လာခဲ့ဖို့ အတန်တန်မှာတာနဲ့ ငါ ပြန်လာခဲ့တာကွ။ ငါ ပြန်ရောက်တော့ သူ(အဖေ) အိမ်မှာ မရှိဘူး။ သူ စိတ်ပြေပြီ လားလို့ အမေ့ကို မေးကြည့်တော့ အမေက "တစ်နေ့တော့ စိတ်ပြေမှာပေါ့ကွယ်၊ ခုတော့ ပြေပုံ မရသေးဘူး။ ကနေ့မနက်ကပဲ အမေ ဆိုင်သွားခါနီး မင်းအဖေ အိမ်ရှေ့ခုတင်ကြီးပေါ်မှာ တွေ့ရတယ်။ ငူတူတူကြီး ထိုင်နေလိုက်တာ ဘုရားရှေ့က မန္တသီဟကြီး ကျနေတာပဲ။ အမေက ပြေရာပြေကြောင်း ဖျောင်းဖျစေ့စပ်ပေးတာကို အင်းမလှုပ် အဲမလှုပ်နဲ့ တေမိ စိတ်ကောက်နေသလား အောက်မေ့ရတယ်။ နှုတ်ခမ်းကြီးကလည်း စူထားလိုက်တာ ငါးမြွေထိုး နှုတ်သီးအတိုင်းပဲ သားရေ့၊ ဒီတော့ လုံးလုံးကြီးတော့ စိတ်ပြေဦးမှာ မဟုတ်သေးဘူး ထင်တယ်။ သားက အပြောအဆို ပျော့ပျော့ပျောင်းပျောင်း ရှိဖို့လိုတယ်"လို့ အမေက ငါ့ကို ပြော တယ်ကွ' ဟု မောင်မြင့်သိန်းက ပြန်ပြောပြပါသည်။ တဆက်တည်းမှာပင် ယခု တစ်ကြိမ် စိတ်ဆိုးကြပုံ အကျယ်တဝင့် ပြောပြပြီး 'တစ်ဟုန်ထိုး ထလိုက်တာကွာ ခြသေ့်မင်း တုတ်နဲ့ ထိုးမိလိုက်တဲ့အတိုင်းပဲ' ဟုလည်း သူ့အဖေ ထလိုက်ပုံကို ပြောပြလိုက်ပါသေးသည်။

## လှုတောက ရှားမီး

နံနက်အိပ်ရာမှ ထသောအခါ ဆရာအုန်း လာရောက်စောင့်နေပြီ ဖြစ်သည်ကို တွေ့ရပါသည်။ ကျွန်တော်သည် လုပ်စရာရှိသည်များကို ခပ်သုတ်သုတ် လုပ်ကိုင် ပြီး ဦးလေးရင်တို့ အသင့်ချထားသည့် ရေနွေးကြမ်းကို သောက်လိုက်ပါသည်။ လက်ဖက်ရည် အမြည်းအဖြစ် မုန့်ပြားသလက် ပါရှိပါသည်။ ဦးလေးရင်က





'ကနေ့တော့ မုန့်ပြားသလက်ပဲ ရတယ်ဆရာ၊ ပူပူနွေးနွေးလေး စားလိုက်ပါဦး' ဟု တိုက်တွန်းလိုက်ပါသည်။ ထိုစဉ် ဦးစိန်မောင် ရောက်လာပြီး ခရီးရောက်မဆိုက် ပင် 'စား ဆရာရေ့၊ လှုတောမှာတော့ ဒါ ရှားမီးကိတ်ပဲ' ဟု ခိုင်းနှိုင်းလိုက် ပါသည်။

မရှေးမနှောင်းမှာပင် အခြားတစ်ယောက် ရောက်လာပြန်ပါသည်။ ရောက် တက်ရာရာ ပြောကြရင်း နောက်ရောက်လာသူက 'ဆရာအုန်း၊ အခု ကလေး ဘယ်နှစ်ယောက် ရှိပါလိမ့်'ဟု မေးသဖြင့် ဆရာအုန်းက 'မနည်းဘူးဗျို့၊ ရှစ် ယောက်တောင် ရှိတယ်'ဟု ဖြေလိုက်ပါသည်။

'အလိုလေး ဆရာရယ်၊ အခုခေတ်ကြီး ဆရာ့ကလေးတွေနဲ့ ဆရာ့လခနဲ့ ဆိုရင် ရေဝယ်တိုက်တောင် ဝမယ် မဟုတ်ဘူး'ဟု ဆိုလိုက်သဖြင့် အားလုံး ပြုံးမိကြပါသည်။

## မြေယာ တီထွင်သူ

ကျွန်တော်ဘို့ ကိုတိုးစိန်ဆိုင် ရောက်သောအခါ ကိုတိုးစိန်ဆိုင်ထဲ၌ ကျွန်တော်တို့ အရင် ရောက်နေသူ သုံးလေးဦးပင် ရှိနေပေပြီ။ ဆရာဦးကျော်ခင်လည်း မကြာ မတင် ရောက်လာသည်။ လက်ဖက်ရည်ဆိုင်၌ လူစည်ပါစေဟူသော သဘောဖြင့် ဆရာအုန်း၊ ဆရာဦးကျော်ခင်တို့သည် ရင်းနှီးသူများအား ရင်းနှီးသည့်အလျောက်၊ စိမ်းနေသေးသူအား စိမ်းနေသေးသည့်အလျောက် သင့်တင့်သော စကားဖြင့် လက်ဖက်ရည်သောက်ဖို့ ဖိတ်မန္တက ပြုနေကြပါသည်။ ဤသို့ ဖိတ်ခေါ်သည်ကို လူတောသားတစ်ယောက်ကမူ အောက်ပါအတိုင်း ပြန်ပြောလိုက်ပါသည်။

'ဆရာ မခေါ်လဲ ကျွန်တော်တို့ကတော့ သောက်မှာပါပဲ။ ကျွန်တော်က ဒီဆိုင် လာသောက်နေကျပါ။ သောက်ချင်လို့ သောက်တာတော့ မဟုတ်ပါဘူး။ မြေယာမဲ့ ဖြစ်လို့ သောက်ရတာပါ'

'မြေယာမဲ့တာနဲ့ လက်ဖက်ရည်သောက်တာ ဘာဆိုင်လို့လဲဗျ'

'ဆိုင်ပါသကောဗျာ၊ တိုးစိန်လက်ဖက်ရည်က မှုံးရေ ခပ်ထားတာဗျ။ သောက်ဖန်များလွန်းတော့ အသည်းနှန်းတင်လာတာပေါ့။ အခုဆိုရင် ကျွန်တော့် အသည်းပေါ်မှာ စပါးစိုက်ရခါနီးနေပြီဗျ'

ဆိုင်တွင်းရှိ လူများသည် ကိုတိုးစိန်ကို ကလိသည့်သဘောမျိုးဖြင့် 'ဩ ဟုတ်လား'ဟု ရေရွတ်လိုက်ကြပါသည်။

တစ်ယောက်က 'ကဲ မောင်တိုးစိန်၊ ဗူးရွက်ပြုတ်ရည်များလည်း ချပေးပါဦး ကွ။ ခံတွင်းထဲက နှန်းတွေ ဆေးကြောချရအောင်လို့'ဟု စလိုက်ပြန်သည်။

ကိုတိုးစိန်။ 'ဘယ်က ဗူးရွက်ပြုတ်ရည်ရမှာလဲဗျ။ ရှေ့ဖိမိုးလွတ် လက်ဖက်ခြောက်နဲ့ နှပ်ထားတဲ့ လက်ဖက်ရည်ကြမ်းဗျ'

တစ်ယောက်။ 'မိုးလွတ်လက်ဖက်ခြောက် ဆိုဟာကိုတော့ ယုံပါတယ်ကွာ။ မင်းက မိုးမလွတ်ချင်ပါဘူးလို့ ခြေဆင်းငိုရင်တောင် မိုးခေါင်တာနဲ့ လွတ်ရတော့မှာပဲ'

ထို့နောက် အချိန်အတော်ကြာအောင်ပင် စကားပြတ်နေကြပါသည်။

## ဗိုက်ပြည့်လွန်းလို့

ကျွန်တော်တို့ ဇာတ်လိုက်ကြီး ကျိုးကန်ရွာမှ ဦးတော ရောက်၍လာပါပြီ။ ဆိုင်ထဲမှာလည်း ပရိသတ် အတော်အသင့်ရှိပြီး ဖြစ်ပါသည်။ ကျွန်တော်သည် လိုက်ရေ မှတ်ဖို့ အင်္ကျီလက်ပင့်ကာ အဆင်သင့်ဖြစ်ဖို့ လိုတော့မည် ထင်ပါသည်။

လှတောသား။ 'ကနေ့ ဦးတော တယ်အခံစား နောက်ကျပေသကိုး၊ ကဲ လက်ဖက်ရည်လား၊ ကော်ဖီလား'

ဦးတော။ 'တော်ပြီ တော်ပြီ။ ဟိုဟာသောက် ဒီဟာစားနဲ့ အသောက်အစား များလာလို့ လူလဲ ငါးစည်ပွ (ငါးပူတင်း) လင်နေမှာသလို ဗိုက်ကားနေပြီ'





## ကျားနှင့် ဆင်

ကိုတိုးစိန်၏ ကလေးများသည် အချို့ သွားရည်စာစား၍ အချို့ ထမင်းကြမ်း စားနေကြပါသည်။ ကျွန်တော်တို့နှင့် မဝေးလှသဖြင့် ကလေးများ၏ ထမင်း ဟင်းများကို မြင်တွေ့နေရပါသည်။

ဦးစို။ 'ဟဲ့ တိုးစိန်၊ ကလေးတွေ ဟိုဟာကျွေး၊ ဒီဟာကျွေး မလုပ်နဲ့ နော်။ ငှက်ပျောသီး စားလိုက်၊ မာလကာသီး စားလိုက်နဲ့၊ တော်ကြာ ကလေးတွေ ချွဲကပ်နေလို့ သရက်သီး ဂျင်လှည့်နေ သလို နေလိမ့်မယ်'

ဦးတော။ 'တိုးစိန် ဘာသိတာ မှတ်လို့ဗျာ။ ကြည့် အခု ပဲတွေ ကျွေးထား ပြန်ပြီ။ လေက တဟူးဟူး တိုက်တုန်း ပဲတွေစား၊ ဝမ်းတော် လားလိုက်မယ့် ဖြစ်ခြင်းတော့ ကန်ပေါင်ရိုး ကျိုးကျလိုက်သလို ဒလဟောနေလိမ့်မယ်'

ကိုတိုးစိန်။ 'ခင်ဗျားတို့က ပဲစားတာကိုသာ မြင်ကြတာကိုးဗျ။ ပဲရဲ့ အာနိသင်ကိုမှ မသိကြဘဲနဲ့။ ပဲက ဘားပလက်ဗျ၊ ပဲတစ်ခွက် စားရင် ဘားပလက် တစ်ဘူးစာနဲ့ အတူတူပဲဗျ'

ဦးတော။ 'ဘားပလက်စားတဲ့ မင်းသားတွေ ကြည့်လိုက်တော့ ဗတ်ခွ ထောင်ထားတဲ့အတိုင်း နံရိုးတွေ ပေါ်လို့ပါလားကွ'

ကိုတိုးစိန်။ 'ဒီမှာကြည့်ပါ ဦးတောရ။ ခင်ဗျားတို့လို ဗိုက်ဖောပေမယ့် ကိုယ်ကာယ ဘယ်လောက် တောင့်တင်းခိုင်မာတယ် ထင်သလဲ။ လူတစ်ကိုယ်လုံး သံတုံးနဲ့ လုပ်ထားသလား အောက်မေ့ရမယ်' (ကိုတိုးစိန်သည် ကိုယ်ကာယ အလှပြသော အလေးမသမားများ ကဲ့သို့ လက်မောင်းများ ညွှစ်ထုတ်ပြသနေပါသည်။ )

ဦးတော။ 'အလိုလေးကွာ၊ ဒီလောက်တောင် မာတယ်ထင်ရင် ရော့ (ခွဲသား ထင်းချောင်းတစ်ခုကို ပစ်ပေးလျက်) အဲဒီ ထင်းခြမ်းကို

ပေါက်ခွဲစမ်း။ ပန်းနုသမား တောင်ပေါ်တက်ရသလို ဖားဖိုထိုး
သံ ထွက်လာမယ်'

ကိုတိုးစိန်။ 'ဒီထင်းလောက်တော့ ပုဆိန်သုံးဖို့ မလိုပါဘူး။ လက်သည်းနဲ့
ဆိတ်ခွဲလိုက်ရင် မီးခြစ်ဆန် ကြဲထားသလို ဖြစ်သွားမယ်'

ဦးတောနှင့် ကိုတိုးစိန်တို့ အပြန်အလှန် ပြောသွားကြသော စကားများထဲတွင် အံ့မခန်း ဆန်းပြားသော အခိုင်းအနှိုင်း ပါရှိသည် မဆိုသာသော်လည်း စကားရပ်တိုင်းတွင် အခိုင်းအနှိုင်း မလွတ်သည်ကို တွေ့ရှိနိုင်ပါသည်။

ဤသို့ အချီအချ ပြောပြီးနောက်တွင် အချင်းချင်း စကားစစ်ထိုးသော အသွင်မျိုး ပေါ်မလာဘဲ ရောက်တတ်ရာရာ ပြောဆိုနေကြသော အသွင် ပေါ်နေသည်။ အကြောင်းအရာမှာလည်း တစ်ခုတည်း မဟုတ်တော့ဘဲ ဤသူကား ဤအကြောင်းအရာ ပြော၊ ထိုသူက ထိုအကြောင်းအရာ ပြောခြင်းမျိုးဖြင့် စကားပြန့်ကြဲကြီး ဖြစ်နေသဖြင့် မှတ်ရသူ ကျွန်တော့်အဖို့မှာလည်း ဆန်စင်ရာ ကျည်ပွေ့ မလိုက်နိုင်သလို ဖြစ်နေသည်။

## ထောင်အကြောင်း

လုတောသားတစ်ဦးက လမ်းထိပ်ဘက်သို့ လက်ညှိုးညွှန်ပြလျက် 'ဟောဟိုမှာ ပြုတ်လျှောတွေ လာနေပြီ'ဟု ပြောလိုက်ပါသည်။

တစ်ဦး။ 'ဘယ်က ပြုတ်လျှော၊ ဘာပြုတ်လျှောတွေလဲ'

တစ်ဦး။ 'ဟို ပုလိပ်တွေလေ၊ ပြုတ်တဲ့ကောင် ပြုတ်၊ ရာထူးလျှောတဲ့ ကောင်တွေ လျှော၊ အဲဒီကောင်တွေပေါ့'

ဆိုင်ထဲက လူများ ရည်ညွှန်းပြောဆိုနေသော ပြုတ်လျှော အခေါ်ခံ နှစ်ဦးသည် ကျွန်တော်တို့ဆိုင်ထဲသို့ တန်းတန်းမတ်မတ် ဝင်ရောက်လာကြပါသည်။

လုတောသား။ 'ဘယ့်နှယ့်လဲ ထောင် အတွေ့အကြုံလေး လင်းစမ်းပါဦးဗျ'

ပြုတ်လျှော။ 'မပြောရဲပါဘူးဗျာ၊ ပြောစရာလည်း မရှိပါဘူး'





ဦးတော။ 'မင်းတို့ ပုလိပ်ဆိုတဲ့ အကောင်တွေကတော့ ရဲချင်ရင်လည်း ကျီးအာသီးပဲ။ ကြောက်ချီးပါပြီ ဆိုတော့လည်း ကျီးကန်း မှန်ပြ ထားမိသလိုပါပဲလားကွ'

ပြုတ်လျှော။ 'ကြောက်ရပါသော်ကောဗျ၊ ထောင်ပုလိပ်ဆိုတာက အပြင်ပုလိပ် ထက် ပိုကြမ်းတယ်မဟုတ်လား၊ ခုဆိုရင် ထောင်သားတွေက ထောင်ပုလိပ်ကို ကြောက်လိုက်ရတာများ မုန့်ဟင်းခါးမျက်နှာ ကြက် မကြည့်ဝံ့တဲ့ အတိုင်းပါပဲ'

တစ်ဦး။ 'ဦးဇာဂ လက်နက်မှုနဲ့ ပြုစောထီးတွေ ဖမ်းသွားတုန်းကလည်း ဝိုင်းရိုက်လိုက်ကြတာ၊ ကလေးတွေ ပလုပ်တုတ်တုတ် ဖုံခေါက် ကြတဲ့အတိုင်း ဆိုပဲ'

တစ်ဦး။ 'ဒါကြောင့် ဦးဇာဂက ပြောတာပေါ့။ စိန်ထွန်း သေတာ သေ တာ၊ ငါ့လောက် မနာဘူးတဲ့'

တစ်ဦး။ 'ဟုတ်တာပေါ့။ ဦးဇာဂကို ရိုက်လိုက်ကြတာများ ဦးတင့်တယ် တူထုနေသလား မှတ်ရတယ်။ တစ်ကိုယ်လုံး ရိုက်နက်ချိုးချေ ထားလိုက်ပုံများ ကြောက်ခမန်းလိလိပါပဲ။ လွတ်လာလို့ စမ်း ကြည့်လိုက်တော့ တစ်ကိုယ်လုံး ကြေမွနေလိုက်တာ မုန့်လေပွေ ဆုံနဲ့ ကြိတ်ထားသထက် ဆိုးသေးတယ်'

ဦးတော။ 'လွတ်လာတော့ ပိန်နေလိုက်တာလည်း ကြည့်ပါဦး။ အိပ်နေတဲ့ အခါများဆိုရင် နံရိုးတွေဟာ လေဘာတီ ပတ္တလား ချခင်းထား သလိုပါပဲ'

တစ်ဦး။ 'ခင်ဗျားတို့တော့ ထောင်သံကြားရင် ဖျားချင်နေရော့ပေါ့နော။ မျောက်ငါးပိနံ့ ရတဲ့အတိုင်း နေမှာပဲ'

ပြုတ်လျှော။ 'ဖျားချင်ရုံတင် ဘယ်ကမလဲ၊ တက်ချင်တက်ချင် လာတာပေါ့။ ထောင်ထဲမှာ အိပ်တော့လည်း ကြမ်းပိုးတဲ့ဗျာ၊ ပိုးဟပ်က အခွန်

ဆက်ရတယ်။ ထောင်ထဲက ထမင်းကလည်းဗျာ ကိုင်ကြည့်လိုက်
ရင် ခပေါင်းချိုင့် ခြူလှုပ်ရမ်းနေသလိုပါပဲ။ ဟင်းရည်လေး
နဲ့များ လူးနယ်ကြည့်မယ်ဆိုရင် စပါးလုံးနဲ့ သဲတွေ ခဲတွေက
အင်္ဂတေဖျော်စက် ဖွင့်လိုက်သလို ဂျောက်ဂျောက်သံ မိုးမွှန်သွား
တာပါပဲ'

ဦးတော။ 'ဒါကြောင့်မို့ ထင်ပါရဲ့၊ မောင်အတ္တာတို့များ အရင်က ကျွဲပေါက်
လောက် ရှိတဲ့အကောင် အခုများဆိုရင် လေလာရင် လွင့်ပါ
လောက်နေပြီ'

တစ်ဦး။ 'ခင်ဗျားတို့ ထောင်ထဲမှာ ဆူကြတုန်းက တော်တော် ပစ်လိုက်
တယ် ဆိုပါလားဗျာ'

ပြုတ်လျှော။ 'ဟာ ပစ်လိုက် ခတ်လိုက်ပုံများတော့ ပေါက်ပေါက် လှော်
တဲ့အတိုင်း ပါပဲ'

တစ်ဦး။ 'ဒီလောက် မိုက်မိုက်ရိုင်းရိုင်း ပစ်တယ် ဆိုကတည်းက ဒီ ထော
ပုလိပ်တွေဟာ သရဲသဘက် ပူးထားလို့ ဖြစ်မှာပဲ'

တစ်ဦး။ 'ထောင်သားတွေကို နိုင်ရာမှာတော့ ဒီအကောင်တွေက စွံ
ထဲက ငါးပြေမ တုတ်နဲ့မွှေရသလို သောမနုဿ ဖြစ်နေကြ
ပေါ့'

တစ်ဦး။ 'ထောင်ပုလိပ်ဆိုတာ ထောင်သားတွေထက် ပို မိုက်နိုင်
ဖြစ်လာတာကွ၊ ဒီကောင်တွေက ၆ရက်သီးထိုးတဲ့ ပိုးမျိုးတွေ
သူတို့အဖို့ ပူစရာရှိတော့တာ မဟုတ်ဘူး။ သူတို့က သေး
ပစ်ရတာကို ဧယ်တောက် ကစားရတာလောက် အောက်မေ့
ကြတာပဲ'

ဦးတော။ 'အလိုလေးကွာ၊ ထောင်ပုလိပ်ဆိုတာ ထောင်ထဲမှာသာ သ





ကောင်းမှာပါ။ စစ်သားတွေလို ရှေ့တန်း ပို့ကြည့်စမ်းပါလား။ ဦးချစ်လွန်ကြက် ခွပ်လက်ဝင်သလို ရှေ့တိုးနောက်ငင် ဖြစ်နေမှာ သေချာပါတယ်'

တစ်ဦး။ 'ဒီလို သေနတ်တွေနဲ့ ပစ်လိုက်တော့ ထောင်သားတွေ ထွက်ပြေး ကြရောလား'

ပြုတ်လျှော။ 'ဟာ ပြေးလိုက်ကြပုံတော့ ဘယ်ပြောကောင်းမလဲဗျာ၊ အိပ်ဆောင်တွေပေါ်က ခုန်ခုန်ချလိုက်ကြတာ ဆိုတာများ စိတ်ပုတီးကြိုး ပြတ်ကျလိုက်တဲ့ အတိုင်းပေါ့'

တစ်ဦး။ 'ဟော့ ဟော့ စကားပြောရင် ဆင်ဆင်ခြင်ခြင် ပြောကြ၊ မဟုတ်တရုတ်တွေ လျှောက်ပြောလို့ ထပ်ထောင်ကျနေကြဦးမယ်'

လုတောသား။ 'အလိုလေးဗျာ၊ ဒီလို ပြောလို့သာ ထောင်ချစတမ်းဆိုရင် တစ်ယောက်ချင်း ဖမ်းမနေနဲ့တော့။ လုတောရွာကိုသာ အုတ်နံရံ ကာပ်လိုက်ပေတော့။ ဒါပဲ ရှိတယ်'

၁၉၇၄ ခု မေလထဲက ရွှေဘိုထောင်တွင် ထောင်ဆူသဖြင့် သေနတ်ပစ်ဖောက်ကာ သိမ်းသွင်းရသည်။ ဤတွင် ထောင်သားတစ်ဦး ထိခိုက်သေဆုံးသွားသည် ဆိုပါသည်။ ယခု ပြုတ်လျှော ဆိုသူများသည် ထိုစဉ်က ထောင်သားအဖြစ် ရှိခဲ့သည် ဆိုပါသည်။

## ဖနီးသာလျှင် ပဓာန

တဆက်တည်းမှာပင် ဦးလှကျော်ဆိုသူ ရဲအမှုထမ်းတစ်ဦး၏ အကြောင်းကို ပြောကြပြန်ပါသည်။

ဦးလှကျော်ကို မိမိတာဝန် မကျေပွန်ဟု အကြောင်းပြကာ နယ်ပြောင်းပစ်မည်ဟု အထက်အရာရှိများက အကြိမ်ကြိမ် ခြိမ်းခြောက်ကြသည်။ မည်သူမည်သို့ပင် ခြိမ်းခြောက်စေကာမူ ဦးလှကျော်ကမူ သိပ်ဂရုမစိုက်ပေ။ ဤသည်များကို

လက်ဖက်ရည်ဆိုင်အတွင်းရှိ လှေတော်သားတို့က အချင်းချင်း ပြောဆိုဝေဖန်နေ ကြပါသည်။ တစ်ဦးသောသူက ဝေဖန်လိုက်သည်ကား–

'ဦးလှကျော်ကတော့ ဘယ်သူ့မှ မှုလိမ့်မယ် မထင်နဲ့။ အဲ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်။ သူ ပြောင်းရွှေ့ပေးချင်ရင် မိန်းမပါ တစ်ပါတည်း ထည့်လိုက်၊ မိန်းမသာ ပါမယ်ဆိုရင် ရိုင်ဖယ်ထဲ တစ်ပါတည်း ထည့်ပစ်လိုက်။ ကျရာအရပ်မှာ ပျော်မယ့်လူစားပဲ' ဟူ၍ ဖြစ်ပါသည်။

## ကားအကြောင်း

ထောင်အကြောင်း စကားပြတ်သွားသောအခါ ဆိုင်တစ်ခုလုံး တိတ်ဆိတ်သွား ပါတော့သည်။ အချို့ ကားစီးမည့် ခရီးသည်များလည်း ကားရှိရာသို့ ထွက်ခွာ သွားကြပါသည်။ စကားစသည် အတော်ကြီးပင် ပြတ်သွားလေရာ တချို့ရှာသား များပင် ထပြန်ကြပါတော့သည်။ ယခုကဲ့သို့ လူနည်းသွားလျှင် စကားဝိုင်းသည် လုံးဝ ပျက်သွားနိုင်သဖြင့် ကျွန်တော်သည် ကြိုတင်စိုးရိမ်လာသည်။ ဤသို့ အခြေအနေ ယုတ်လျော့နေဆဲမှာပင် ဝက်လက်သို့သွားမည့် ကားတစ်စင်းသည် လှေတောကားဆိပ်မှ စတင်ထွက်ခွာ သွားလေသည်။ ဤကား ထွက်သွားခြင်းသည် စကားဝိုင်းကို အသက်ဆက်ခြင်းနှင့် တူပါလေတော့သည်။ ကားနှင့်ပတ်သက်၍ စကားပြောဖြစ်ကြပါလေတော့သည်။ ပြောဖြစ်အောင် ကျွန်တော်ကပင် စကား ဖော်ပေးလိုက်ရပါသည်။

ကျွန်တော်။ 'လမ်းကကြမ်း၊ ကားကကြပ်၊ ဒရိုင်ဘာက ဒီလိုမောင်းပုံမျိုးနဲ့ တော့ ခရီးသည်တွေ တယ် သက်သာလှမယ် မထင်ဘူး'

လှေတော်သား။ 'သက်သာဖို့ မအောက်မေ့ပါနဲ့ဗျာ။ ဒီကားမျိုး စီးမယ့်အစား နွားကျောင်းသားရဲ့ နို့ဆီဘူးထဲ ရောက်ရတဲ့ လောက်စာလုံးက ဘဝပေး ကောင်းပါသေးတယ်'

ရာပြည့်စာအုပ်တိုက်



လှေတော်သားတစ်ဦး။ 'ဒီလမ်းနဲ့ ဒီကားတွေ စီးရတာဟာ ဆန်စက်က ဇကာထဲ ထိုင်နေရသလို နတ်ကိုင်ခံရသထက် ဆိုးဦးမယ်'

တစ်ဦး။ 'ကြည့်ပါဦး၊ တင်ထားလိုက်တာကိုလဲ။ သူတို့ကားနဲ့ အဝီစိက ငရဲအိုးဟာ အတူတူပါပဲ။ ဘယ်တော့မှ ပြည့်တယ်လို့ မရှိဘူး။ လာသမျှ လက်ခံမြဲပဲ'

တစ်ဦး။ 'တင်တော့သာ နင်လား ငါလား တင်တတ်ကြတာ။ ကားကျ တော့ ဘယ်ကားမှ ဟုတ်တိပတ်တိ ကောင်းတာ မဟုတ်ဘူး။ တချို့ကားက ဆော်ဒီအိမ်ဆိုရင် လေလာရင် လွင့်ပါလောက် တယ်။ အမိုးတွေ စုတ်ပြတ်နေလိုက်ပုံများ မိုးရွာပြီဆိုရင်လည်း ငပြာရည် စစ်ထားသလို တစ်စက် တစ်စက်နဲ့ ပါပဲ'

တစ်ဦး။ 'လမ်းလယ် ရောက်ပြီဆိုရင် ပြတ်လိုက်ရတဲ့ ပန်ကာကြိုးက ရေတွက်မနိုင်ဘူး။ ဒီလောက်တောင် ပြတ်မှဖြင့် နွားနဖားကြိုး တပ်မောင်းတောင် လောက်နိုင်စရာ မရှိဘူး'

တစ်ဦး။ 'တလောက ကိုအဂ္ဂာရဲ့ကားက ဝက်လက်က စက်ဘီး ဖြတ် နင်းပစ် ဆိုပါလား'

ဦးတော။ 'နင်းဆိုကွာ စက်ဘီးခွေတွေများ မုန့်လက်ကောက် တုတ်နဲ့ ထုထားတဲ့ အတိုင်းပေါ့'

ကိုတိုးစိန်။ 'နင်းတာလည်း မပြောနဲ့လေ။ မောင်းတဲ့ ဒရိုင်ဘာက မူးထား လိုက်တာ ဆိုရင် ကြေးစည်နားရွက် တင်းပုတ်နဲ့ နှက်ထားသလို သွက်သွက်ခါ ချာချာလည်နေတယ် ဆိုပဲဗျ'

တစ်ဦး။ 'ဒီအကောင် သောက်တတ်လို့လား'

ကိုတိုးစိန်။ 'အလိုလေး သောက်တတ်ရုံ ဘယ်ကမလဲဗျာ။ အခုဆိုရင် မျက်နှာကြီး ပွနေလိုက်တာ ဆော်ဒါ များသွားတဲ့ ပေါင်မုန့်ကြီး ကျနေတာပဲ'

ရာပြည့်စာအုပ်တိုက်

တစ်ဦး။ ‘နင်းတော့သာ ကားသမားကို အပြစ်ဆိုကြတာပါ။ တကယ်တော့ လမ်းသွားလမ်းလာတွေကလည်း ခပ်ကဲကဲပဲ။ ဟွန်းတီးတာတောင် မကြားသယောင် လုပ်ချင်ကြတာဗျ’

ကိုတိုးစိန်။ ‘မကြားယောင်ဆောင်တာ မဟုတ်ဘူး။ တကယ့်ကို မကြားရတာကွ။ သူတို့ ကားဟွန်းသံက ကလေးတွေ သဘော်ရီးမှုတ်တာလောက်တောင် ကျယ်တာမှ မဟုတ်ဘဲ’

တစ်ဦး။ ‘သူ့ခမျာလဲ စက်ဘီးတိုက်မှုဖြစ်ပြီး အတော် စိတ်မကောင်းဖြစ်နေရှာတယ်’

တစ်ဦး။ ‘ဟုတ်မယ် ဟုတ်မယ်။ အရင်ကဆိုရင် ဒီအကောင် ဝလိုက်ပုံများ ရာဘာပူပေါင်း မှုတ်ထားတဲ့အတိုင်းပဲ။ အခုတော့ဖြင့် ပိန်သွားလိုက်တာ ပူပေါင်း လေလျှော့ပစ်လိုက်သလား မှတ်ရတယ်’

တစ်ဦး။ ‘စိတ်မကောင်း ဖြစ်မယ်ဆိုလည်း ဖြစ်လောက်တာပေါ့ဗျာ။ စက်ဘီးက နှစ်ပြားတန်၊ အလျော်တောင်းတာက ၂၀၀၀ ကျပ်ဆို မဟုတ်လား’

ဦးတော။ ‘၂၀၀၀ ကျပ် ကြီးများတောင် လျော်ရသတဲ့လား။ အင်း ဒီအကောင်ကို ၂၀၀၀ ကျပ် အလျော်တောင်းတာကတော့ ပဒုမဇာတ်ထဲက ပေါင်တိုကို ယိုးဒယားက ကခိုင်းတာထက် ပိုရက်စက်ရာ ကျမှာပေါ့ကွာ။ မတရားလိုက်တာ’

(ဦးတောသည် ခံပြင်းနာကြည်းဟန်ဖြင့် ရှုသိုးသိုးကြီး လုပ်နေပါသည်။ ပရိသတ်သည် ဦးတောကို ကြည့်ရင်း သဘောကျနေကြပါသည်။ )

တစ်ဦး။ ‘မတရားဘူး မပြောနဲ့ဦး။ နင်းပစ်လိုက်တာက နည်းနည်းမဟုတ်ဘူးနော။ စက်ဘီး ဘားတန်းတွေဆိုရင် အကုန်လုံးငုက်ကြီးတောင်ဓားတွေ ဖြစ်ကုန်တာပဲတဲ့ဗျ’

တစ်ဦး။ ‘ဘာပဲဖြစ်ဖြစ် တချို့ကတော့ ၂၀၀၀ကျပ် လျော်ရတယ်လို့ ကြား





သိရတော့ စိတ်မကောင်း ဖြစ်ကြတယ်။ ဝင်ငွေက မဖြစ်စလောက်၊ သားသမီးက တစ်ကျိတ်လောက်၊ စားရတာက ဖလံခေါက်မို့ စိတ်နောက်သွားမှာတောင် စိုးရတယ်လို့’

ကိုတိုးစိန်။ ‘တချို့ကျတော့လည်း သနားစရာပါပဲ။ တချို့ ကားသမားတွေကျတော့လည်း ရသလောက် ကစားလိုက် စားလိုက်ပေါ့။ တစ်ခါတလေများ မတရားသဖြင့် စားထားပြီး ညကျရင် ပေါက်လိုက်တဲ့ အီးကလဲဗျာ မိုးဇာဗျောအဖွဲ့က စည်တော်ရွမ်းနေ မှတ်ရတယ်’

ကိုတိုးစိန် စကားကြောင့် အားလုံးပင် ဝါးလုံးကွဲ ရယ်မောကြပါတော့သည်။

ယခု စကားပြောပွဲသည် ယခင်နေ့များကဲ့သို့ စစ်ထိုးသောအသွင် မဟုတ်သဖြင့် တက်တက်ကြွကြွ စိုစိုပြည်ပြည် မရှိလှသော်လည်း ပြောသွားသောစကားများမှာ တည်တည်ငြိမ်ငြိမ်ဖြင့်ပင် အခိုင်းအနှိုင်းများ အကွက်စေ့စေ့ ပါဝင်ခြင်း၊ ယင်းအခိုင်းအနှိုင်းများသည် လွန်လွန်ကျူးကျူး မဟုတ်သော်လည်း ပေါ်ပေါ်လွင်လွင်ရှိခြင်းတို့ကြောင့် နားထောင်ရသူအဖို့ နှစ်သက်ကျေနပ်မှုကို ဖြစ်စေပါသည်။

## ကမ္ဘာ့ဌာန်းဆရာ့လက်

စကားလမ်းကြောင်းသည် ဟိုရောက်လိုက် သည်ရောက်လိုက်နှင့် ကစဉ့်ကလျားရှိသော်လည်း ကားအကြောင်းကိုမူ ထပ်ပြန်တလဲလဲ ပြောမိနေကြပါသည်။

ခရီးသွားတစ်ဦး။ ‘ကားတွေ ဒီလောက် ကြပ်နေမှန်း သိလျက်နဲ့ တချို့က မသိတတ်ကြဘူး။ ဟိုတိုးပြန်ပြီ၊ ဒီခွေ့ပြန်ပြီနဲ့ ကားပေါ်မှာ တဆူဆူတကျွက်ကျွက် ဖြစ်နေတာတွေကို ပိုပြီး ကြောက်မိတယ်’

ဦးတော။ ‘ဟုတ်တာပေါ့ဗျာ။ တစ်နေ့ကပဲ တစ်ခါ ကြုံခဲ့ရသေးတယ်။ ဟို ရွာက ဈေးသည်မကြီးပေါ့။ သူ့ကြည့်တော့ ကြာဆံထုပ်ကြီး

ရွက်ထားတဲ့ သေခါနီးကြီး။ ကားလှူပ်လို့ သူ့ထိမိတာနဲ့ဗျာ၊ ရှုံ့တွနေလိုက်တာ မျောက် ငါးပိနဲ့ တို့မိတဲ့အတိုင်း ပါပဲ'

ဦးတောသည် ခပ်စောစောက တစ်ချီတစ်ချီလောက်သာ ဝင်စွက်ခဲ့သော်လည်း ယခုတစ်ကြိမ်မှာမူ မိမိကိုယ်တွေ့ ဖြစ်ခဲ့သဖြင့် တက်တက်ကြွကြွ ဖြစ်လာကာ သူ ချည်းလိုလိုပင် ရှန်းရှန်းဝေအောင် ပြောပါလေတော့သည်။ ဖော်ပြပါ ဈေးသည်ဆိုသူ မိန်းမကြီးကို အများကပင် သိကြဟန် တူပါသည်။ အများကပင် ဝိုင်းဝန်း ပြစ်တင် ဝေဖန်ကြလေတော့သည်။

လှတောသား။ 'ဟ ဒီမိန်းမကြီး အမြဲတမ်းလို ဈေးဝယ်လိုက်နေတာဗျ။ အသက် သာကြီးတယ်။ အံမယ် ဝတ်စားထားလိုက်တာကတော့ ၁၆ နှစ် တစ်ရက်လျှော့လေး ကျနေတာပဲ။ အသားမည်းမည်းပေါ် သနပ်ခါး ကျဲကျဲကြီး လိမ်းထားလိုက်တာများဗျာ။ ငါးခူငါးပိကောင် ဆားခဲကြီး ကပ်နေသလား အောက်မေ့ရတယ်'

ဦးတော။ 'သက်တူရွယ်တူဆိုလည်း ထားပါဦးတော့ဗျာ။ အခုတော့ မျက်ခွက်ကို ကြည့်လိုက်စမ်း၊ ပါးရေတွန့်တွေက မီးသဘော် နောက်က လှိုင်းလုံးတွေ ကျနေတာပါပဲ '

တစ်ဦး။ 'ဟုတ်တယ် ဟုတ်တယ်၊ အသားမည်းလိုက်တာကလည်း ကတ္တရာပုံးထဲက ဝါးတောမ ထန်းလျက် ကျနေတာပဲဗျ'

ဦးတော။ 'သူ့ ဟိုပစ္စည်း ကိုင်ကြည့်မယ်ဆိုရင် ခရမ်းသီး နှပိန် နေလှော် ထားသလို ပျော့ဖပ်နေရော့မယ်။ သူ့ ယူမိရင် မကြာမီ မသာ အလောင်း ပိုက်ရလိမ့်မယ်။ ဒါတောင် အကဲပါနေလိုက်တာက ဓားခုတ်ကောင် မီးနဲ့ တို့မိတဲ့အတိုင်းပါပဲ'

လှတောသား။ 'တစ်ခါတလေများမယ် စီးကရက်များတောင် သောက်နေလိုက် သေးတယ်။ အရှုပ်ဆိုးလိုက်တာကတော့ သရဲအရေခွာထား သလား အောက်မေ့ရတယ်။ ဒါပေတဲ့ မွေးနံ့သာတွေ ဖို့ဖိထားပုံ





ကျတော့ ဒေါနပင် ရေလောင်းထားလား အောက်မေ့ရအောင် ကြိုင်နေတာပဲ'

လှတောသား။ 'အဘွားကြီး အကဲပါတာကိုသာ ခင်ဗျားတို့က ပြစ်တင်နေကြ တာကိုး။ ဦးတော ဆိုတာကလည်း စိတ်ချရတာမှ မဟုတ်ဘဲ။ သူ့လက်သရမ်းနေပုံက ချည်ရှယ်နေသလို ဖြစ်လို့ ဟိုက ရှက်ပြီး မူရတာမှန်းမှ မသိတာ'

ဦးတော။ 'အလိုလေး မဟုတ်ရပါဘူး မောင်ရာ။ ကျုပ်လက်ကို သိမ်းဆည်း ထားလိုက်သမှ ကမ္ဗဋ္ဌာန်းသမား ဈာန်ဝင်စားနေတဲ့ အခါမှာ ချထားတဲ့ လက်အနေအထားမျိုးပါဗျာ'

ဦးတောက ပျာပျာသလဲ ကာကွယ်ဖြေရှင်းလိုက်ပုံကို သဘောကျသံဖြင့် ရယ်မောလိုက်ကြ ပြန်ပါသည်။

## သမဝါယမ ထင်း

ကိုတိုးစိန်၏ လက်ဖက်ရည်ဆိုင်တွင် ထင်းအဖြစ် စပါးဖွဲပြာတွေကို သုံးထားပါသည်။ အလှည့်မသင့်သေး၍လား မသိ။ ကျွန်တော်တို့ စကားပြောနေချိန်တွင် မီးဖိုမှ မီးခိုးတွေ တအူအူ ထွက်နေပါသည်။ ကျွန်တော်တို့ စားပွဲဘက်သို့ပင် ဝေ့ဝေ့လာတတ်ပါသည်။ စကားပြတ်နေသောအခါတွင် ဤရမ်းကားနေသော မီးခိုးလုံးကို ပိုမို သတိထားလာကြပါသည်။ သတိထားမိသည့်အလျောက် တစ်ယောက်သောသူက–

'ကိုတိုးစိန်၊ သမဝါယမက ထင်းရတယ် ပြောတယ်။ ခင်ဗျားတို့ မဝယ်ကြဘူးလား' ဟု အကြံပေးလိုက်သည်။

တစ်ဦး။ 'သမဝါယမ ထင်းကို သုံးမယ့်အစားတော့ကွာ ကောက်ရိုးကို ခွဲခြမ်းလုပ်ပြီး သုံးပါတော့'

တစ်ဦး။ 'အံမယ် သမဝါယမကို လာသွင်းတဲ့ ကန်ထရိုက်တွေက

ပြောတော့ သူတို့ ထင်းတွေဟာ တကယ်တော့ မီးရထားဌာနကို ဇလီဖားတုံးအဖြစ် သွင်းဖို့ လုပ်ထားတာဆိုပဲ။ အခုမှ ထင်းရှားတဲ့ နေရာတွေကို သနားလို့ ပို့ပေးလိုက်တာတဲ့ဗျ'

ကိုတိုးစိန်။ 'အလိုလေးဗျာ၊ သူတို့ကပြောတော့ ဇလီဖားတုံးတွေတဲ့လား၊ တကယ့် တကယ် ကြည့်တဲ့အခါကျတော့ သုံးပုံဖဲတောင် မကစားလောက်ပါဘူးဗျာ'

## ဝန်ကြီးအင်္ကျီ ဝတ်သူ

အလုပ်သမားခေါင်း ဆိုသူတစ်ဦး၏ အကြောင်း ရောက်သွားပြန်ပါသည်။ ယင်းပုဂ္ဂိုလ်ကိုလည်း ဝိုင်းဝန်း ဝေဖန်ပြစ်တင်သည်က များပါသည်။ မည်သူက မည်သို့ စကား စပေးလိုက်သည်ကိုမူ မသိလိုက်။ ဦးတောက ဤသို့ ဝေဖန်လိုက်ပါသည်ကိုသာ မှတ်မိလိုက်ပါသည်။

ဦးတော။ 'အလုပ်သမားခေါင်း ဦးအဝှာလား။ အလုပ်သမားခေါင်းမို့ ပေါ့ကွာ။ အရာရှိသာဆိုရင် လုပ်သားတွေ ထောင်ချပစ်လို့ နွားခြံမှတ်ရလိမ့်မယ်'

တစ်ဦး။ 'အောက်လက်ငယ်သားသာ နှိမ်တာဗျ။ အထက်လူကြီး ဖားရာမှာတော့ စာခြောက်ရုပ် ဝန်ကြီးအင်္ကျီ ဝတ်ထားသလို နေလိမ့်မယ်'

တစ်ဦး။ 'ပြောတော့ကော ကြည့်ပါဦး၊ မြန်မာပြည်က သတင်းဆို ခံတွင်းမတွေ့ဘူးတဲ့။ နိုင်ငံခြားသတင်းကိုမှ ပြောချင်တယ် တဲ့'

တစ်ဦး။ 'သူက နိုင်ငံခြားကို ဝင်းထရံ ခြားသလောက် အောက်မေ့နေပုံရပါတယ်'

တစ်ဦး။ 'အလုပ်သမားတွေက အလုပ်ကိစ္စနဲ့ ပတ်သက်လို့ သွားကပ်မယ်





ဆိုရင် မပြောချင်သလိုလို၊ မဆိုချင်သယောင်ယောင်၊ မတုန်မလှုပ်နဲ့ ကျောက်ဆင်းတု မေ့ဆေး ထိုးမိထားတဲ့ ပုံမျိုးဗျ'

တစ်ဦး။ 'နိုင်ငံခြားသတင်းကိုသာ အသားယူပြောတတ်တာ။ တကယ်တော့ စာက တစ်လုံးမှ တတ်တာ မဟုတ်ဘူး။ ထ (ထဆင်ထူး) ရေးပြတာကိုတောင် မျက်မှန်ကိုင်း ပြုတ်ပါလို့ လျှာထွက်အောင် ငြင်းတဲ့ အကောင်မျိုးဗျ'

## ရာဇဝံသမျိုး

ကျေးရွာ သမဝါယမနှင့် ပတ်သက်၍လည်း မိမိတို့သိသည့် အကြောင်းအရာ၊ မိမိတို့ သဘောထား စသည်များကို ပြောဆိုကြပြန်ပါသည်။ တချို့ ပုဂ္ဂိုလ်များက အသင်းအမှုဆောင်များအပေါ် မကျေနပ်ချက်ကလေးများ ရှိသည့်အလျောက် ဝေဖန်လိုက်ကြပါသည်။ ထိုအခါ တစ်ယောက်က လေအေးအေးဖြင့် ပြောဆိုလိုက်သည်ကား–

'သမလူကြီးတွေကို သိပ်အထင်မသေးကြနဲ့ဗျ။ သူတို့က ရာဇဝင်နဲ့ လာတဲ့ လူတွေဗျ။ နှယ်နှယ်ရရတွေ မဟုတ်ဘူး။ သူတို့ မျိုးရိုးတွေကို ဆက်စပ်ကြည့်တော့ စစ်ကိုင်းမြို့ ထီးနန်းကောင်းစားစဉ်က နာမည်ကြီးခဲ့တဲ့ ငတက်ပြားရဲ့ ဆွေမျိုးတွေပေါ့'ဟူ၍ ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံး ဖြုန်းခနဲ ရယ်လိုက်မိကြပါတော့သည်။

## သိန်းတန် ဆန်ပြုတ်

နက်ဖြန် သဘက်လောက်တွင် အငြိမ့်တစ်ခုသည် အကပဒေသာ ဟူသော အမည်တစ်ခုဖြင့် လှတောရွာ ချိန်တန်ပြီရုံ၌ ရုံသွင်းရန် ရှိပါသည်။ ဤအကြောင်းအရာများနှင့် ပတ်သက်၍လည်း စကားစပ်မိကြသေးသည်။ လှတောသား တစ်ယောက်က–

'ဒီတစ်ခါ ရုံသွင်းမယ့်အဖွဲ့တော့ ဘယ်လိုနေမယ် မသိဘူး။ ဟိုအဖွဲ့တစ်ဖွဲ့ကတော့ ကရော်ကမယ် လုပ်သွားတာနဲ့ ရွာက တော်တော် စိတ်ပျက်သွားကြတယ်' ဟု ပြောလိုက်လျှင် ကျန်သူများလည်း တစ်ယောက်တစ်မျိုး ဝင်ရောက်ပြောလာကြပါတော့သည်။

တစ်ဦး။ 'နာမည်သာ တန်ချင်သလောက် တန်လိမ့်မယ်၊ တကယ် လုပ်သွားပုံကတော့ တစ်မတ်တောင် မတန်ချင်ဘူး။ ရပ်ရွာက စေတနာ ရှိပြီးသားဆိုတဲ့ စေတနာအားကိုးနဲ့ နောက်တစ်ခါ ဒီလိုသာ ရှော်ပျက်ပျက် လုပ်ရင်တော့ ဆန်ပြုတ်သောက် ပြန်ရလိမ့်မယ်'

တစ်ဦး။ 'အံမယ် လှတောမှာသာ ကွဲသွားပေမယ့် ရသာ (ရွာသာ) ရွာရုံတော့ ရုံပြည့်တယ် ဆိုပါလားဗျ'

တစ်ဦး။ 'ရသာရုံတော့ ပြည့်မှာပေါ့ကွ။ ရုံက ပိုလိုဘူးခွံလောက် ရှိတဲ့ဥစ္စာ'

(ပိုလိုဘူးခွံ = စီးကရက်ဘူးခွံ)

## အပူသည်တွေ ပါလား

လှတောသားတစ်ဦးသည် အခြားသူတစ်ဦးထံမှ ငွေချေးယူထားမိသည်။ ချေးယူစဉ်က ပေးသူ ယူသူ နှစ်ဦးလုံးနှင့် ရင်းနှီးယုံကြည်ရသူ တစ်ဦးက ချေးယူသူ တစ်ဦးဘက်မှ ဝင်ရောက် အာမခံထားလိုက်သည်။ သို့သော် ချေးယူသူက ကတိအတိုင်း ပြန်မဆပ်နိုင်သောအခါ အာမခံသူမှာလည်း ကြားထဲက မျက်နှာမကောင်းဖြစ်ရသည်။ ချေးယူသူနှင့် အာမခံသူတို့သည် ဆုံမိကြပါတော့သည်။

အာမခံသူ။ 'ဘယ်လိုလဲကွာ၊ ကိုယ့်ကတိကိုလည်း တန်ကြေးထားစမ်းပါဦးကွာ။ ငါဖြင့် ပူလိုက်ရတာ ဘုရားငွေ သုံးထားမိတဲ့ အတိုင်းပါပဲ'

ချေးယူသူ။ 'သိပါတယ်ဗျာ၊ မဆပ်နိုင်သေးလို့ နေရတာပေါ့။ ပစ္စည်းမရှိ





ကတိမတည်ဆိုတဲ့ စကားလို ဖြစ်ရတာပေါ့။ ကျွန်တော်က ပိုပူတာပေါ့ဗျာ။ အထက်မီး အောက်မီး မှန့်ထက် အခံရခက်သေးတာပေါ့'

အာမခံသူ။ 'အေး မင်းက ပူရုံသာပူရတာ။ ငါကတော့ ကြားထဲက မျက်နှာပျက်ရတာကွ။ သူ့ကို တွေ့တိုင်း တွေ့တိုင်း ရှက်လွန်းလို့ မျက်နှာအုပ် အုပ်ထားရတာများ ဝဒိန် မှုတ်နေရတဲ့ အတိုင်းပါပဲ'

(ဝဒိန် = သံဂဟော ဆက်သူ၌ မျက်နှာကို ကာကွယ်ထားရပုံနှင့် နှိုင်းခြင်း ဖြစ်သည်။)

## သုတေသန လင်းတ

စကားလည်း တော်တော်များများ ပြောခဲ့မိကြပေပြီ။ အချိန်လည်း အတော် ကြာမြင့်ခဲ့ပေပြီ။ လက်ဖက်ရည်ဆိုင်တွင်လည်း တချို့ ဝင်လာလိုက်၊ တချို့ ထွက်သွားလိုက်ဖြင့် အပြောင်းအလဲလည်း အတော်များခဲ့ပေပြီ။ ထို့ကြောင့် ဒိုင်ခံ ပြောနေရသူများလည်း အတော်ငြီးငွေ့နေကြဟန် တူပေပြီ။ သူတို့က ဦးဆောင် အစဖော်ပြောဆိုနေခြင်းမျိုး မရှိတော့ဘဲ တခြားလူများ ပြောကြ ဆိုကြသဖြင့် အကွက်ဆိုက်လာသော အခါမျိုးတွင်သာ တစ်ချက်ကောင်း ဝင်ပြောတတ်ကြတော့သည်။ ထို့ကြောင့် အကြောင်းအရာသည် တစ်ခုတည်း မဟုတ်တော့ဘဲ ရောက်တတ်ရာရာ အတိုအစများသာ များလေတော့သည်။

တစ်ခါတွင် လူတစ်ယောက်က ဘယ်သို့ စိတ်ကူးရလာသည် မသိ၊ ကောင်းကင်ကို မော့ကြည့်ရင်း–

'ဝါလ နီးလာလို့လား မပြောတတ်ဘူး၊ စွန်တွေတောင် မမြင်ရတော့ဘူး' ဟု ဆိုလာပါသည်။ တစ်ယောက်ကလည်း–

'စွန်တွေမကဘူး၊ လင်းတတွေတောင် မမြင်ရတာ ကြာလှပါပြီ' ဟု ထောက်ခံရင်း အဆိုသစ် တင်လိုက်ပြန်ပါသည်။ ဤတွင် ဦးတောက–

'လင်းတတွေ ဘယ်တွေ့တော့မတုန်းကွ၊ မြန်မာပြည်က လင်းတတွေ

တောင်ဗီယက်နမ်ဘက် သုတေသနခရီး ထွက်ကုန်ကြပြီပဲ’ဟု ဆိုလိုက်သဖြင့် ပြုံးလိုက်ကြရပြန်သေ သည်။

## ဦးပုညထက် သာတော့မပေါ့

တစ်ချိန်တွင်လည်း လှတောသားတို့သည် လူတစ်ယောက်အကြောင်း ပြောဆိုနေကြလေသည်။ ယင်း လူတစ်ယောက်ဆိုသည်ကား ယခု လက်ဖက်ရည်ဆိုင်ထဲ၌ မရှိပါ။ ထိုသူသည် ယခု သူ့အကြောင်း ပြောနေသူများနှင့် အလောင်းအစားပြုဖို့ စိန်ခေါ်နေဟန် တူပါသည်။

‘မင်းတို့သာ ရဟန်းခံပေးနိုင်ရင် ငါက ရဟန်းဝတ်ရဲပါတယ်’ဟု စိန်ခေါ်နေခြင်း ဖြစ်ပုံရပါသည်။ သေသေချာချာတော့ မသိလိုက်ရပါ။

တစ်ယောက်။ ‘ဒီလူက ရောဇ် (သျှောင်ထုံး) တစ်ထုံး အဆုံးခံရဲပါတယ်လို့ချည်း ပြောပြောနေတယ် မောင်ရေ့’

ကျန်တစ်ယောက်။ ‘အားလို့လေးကွာ၊ သျှောင်တစ်ထုံး အဆုံးခံနိုင်တယ် အဆုံးခံနိုင်တယ်နဲ့ သူ့သျှောင် အဆုံးခံရမှာများ ဧရာမပရိက္ခာဂကြီး ကျနေတာပဲ။ သူ့သျှောင်ကဖြင့် နတ်အုန်းသီးပေါ် ဖြုတ်နားနေသလောက် ရှိတာများ’

ယင်းစကားကြောင့် ကျွန်တော်တို့အားလုံး ပြုံးမိ ရယ်မိကြပြန်ပါသည်။

**(ဦးပုညက “ဆံထုံးတော်ကြီး တမာသီး“ဟုသာ ဆိုသည်။)**

## ပြဿဒါးကွ၊ မာတ်ဆားကွ

လူတစ်ယောက်သည် ဆေးလိပ် လက်ကြားညှပ်လျက် လမ်းမအတိုင်း အရှေ့မှ အနောက်သို့ လာနေပါသည်။ ကိုတိုးစိန်၏ ဆိုင်အနီးသို့ ရောက်သောအခါ ဆိုင်ထဲမှ လူတစ်ယောက်က ထိုသူအား လှမ်းမေးလိုက်ပါသည်။

ဆိုင်ထဲကလူ။ ‘ဟေ့လူ ဘယ်ကိုလဲဗျ။ ခင်ဗျား ဒီနေ့ ပျိုးမထောင်ဘူးလား’





ထိုလူ။ ‘ပျိုးထောင်လို့ ဘယ်ဖြစ်မလဲဗျ။ ဒီနေ့ ပြဿဒါးနေ့ကြီးပဲ’

ကိုတိုးစိန်။ ‘မင်း ပြဿဒါး မာတ်ဆားကျတော့ မလွန်ဆန်နိုင်ပါဘူးကွာ’

ထိုလူ။ ‘ခင်ဗျားတို့မာတ်ဆားက ဘယ်လောက် အစွမ်းထက်လို့လဲ’

တစ်ဦး။ ‘အလိုလေးကွာ၊ မင်းက မာတ်မြေသြဇာအကြောင်း မသိဘူးနဲ့တူပါတယ်။ တစ်နေ့က မကြားမိဖူးလား။ ဟိုဘက်ရွာက လယ်သမားတစ်ယောက်က မာတ်မြေသြဇာအိတ်တွေကို လှည်းနဲ့ သွားတိုက်သတဲ့။ အချို့အိတ်တွေကလည်း ပေါက်ပြီး ယိုကျနေသတဲ့။ တင်လာပြီး လမ်းတစ်ဝက်ရောက်လို့ လှည့်ကြည့်လိုက်တော့ မြေသြဇာအိတ်တွေအောက်က ခင်းထားတဲ့ ကောက်ရိုးခြောက်တွေက ထသီးပါလေရောတဲ့ ဗျား။ အိမ်ရောက်လို့ အိတ်တွေ သယ်ချကြတော့ မြေသြဇာအိတ်တွေအားလုံး စပါးအိတ်တွေချည်း ဖြစ်ကုန်သတဲ့။ မင်း မကြားလိုက်ဘူးလား’

ကြဲကြဲဖန်ဖန် ပြောတတ်သော ထိုသူ၏ စကားကြောင့် အတော်အတန် ခြောက်သွေ့စ ပြုနေပြီဖြစ်သော လက်ဖက်ရည်ဆိုင်သည် တဝါးဝါး တဟားဟား တို့ဖြင့် စိုပြည်စည်ကား သွားပါလေတော့သတည်း။

## ဘိုင်လာထဲက ကျောက်ချဉ်ရည်

အထက်ပါ မာတ်မြေသြဇာ အကြောင်းမှ အစပြု၍ စကားဝိုင်းသည် ပြန်လည် အသက်ဝင်လာပါသည်။ မိုးအကြောင်း၊ မူးအကြောင်း၊ စပါးအကြောင်းများ ဖြစ်ကြသဖြင့် ယနေ့ လှတောသားတို့ စိတ်စောနေကြသည့် အကြောင်းအရာ၊ စိတ်ပူနေကြသည့် အကြောင်းအရာများ ဖြစ်လေသည်။ အားလုံးနှင့် အကျွမ်းဝင်သည့် အကြောင်းအရာ ဖြစ်သောကြောင့်လည်း သူတစ်ခွန်း ငါတစ်ခါ ဝင်ရောက် ပြောဆို လာကြပါသည်။

တစ်ဦး။ ‘ပြဿဒါးရက် မဟုတ်လည်း မပျိုးနိုင်သေးပါဘူး။ မိုးက မရွာ၊

မူးက မလာနဲ့။ တကယ်လို့ ပျိုးကြဲလိုက်ရင်လည်း ဆန်ပန်း ပေါက်ပေါက် လှော်သလို ဖြစ်ကုန်မှာပါပဲ'

တစ်ဦး။ 'ဟဲ့ မူးရေ လာနေပြီလို့ ကြားပါတယ်။ သွားရော မကြည့်ကြဘူးလား'

တစ်ဦး။ 'ကြည့်ပြီးခဲ့ပါပြီကောဗျာ'

တစ်ဦး။ 'ကြည့်ပြီးခဲ့ရင်လည်း ရေလေးဘာလေး အေးစ ပြုမလာသေးဘူးလား''

(မူးရေ စလာလျှင် ရေသည် တဖြည်းဖြည်း ပို၍ ပို၍ အေးလာသည်ဟု သိရပါသည်။ ရေအေးလာပြီလားဟု မေးခြင်းသည် ရေလာစ ပြုပြီလားဟု မေးခြင်းပင် ဖြစ်သည်။)

တစ်ဦး။ 'အလိုလေးဗျာ၊ အေးဖို့ မဆိုထားနဲ့ဦး၊ မူးထဲ ဆင်းကြည့်ရတာ ဘွိုင်လာအိုးထဲ လိမ့်ကျလိုက်တာလား အောက်မေ့ရပါတယ်'

တစ်ဦး။ 'အထက်ကတော့ ရေ စလွှတ်လိုက်ပြီလို့ ပြောနေကြပါတယ်။ ရေလေး ဘာလေး နည်းနည်းမှ နောက်စ မပြုသေးဘူးလား'

(မူးရေ တိုးတိုးလာလျှင် ရေသည် ပို၍ပို၍ နောက်နောက်လာသည်။ မူးရေ လျော့လျော့သွားလျှင် ရေသည် တဖြည်းဖြည်း ကြည်၍ကြည်၍ လာသည် ဆိုပါသည်။)

တစ်ဦး။ 'ကြည်လိုက်သမှဗျာ၊ အုန်းရေထဲ ကျောက်ချဉ် ခတ်ထားသလိုပါပဲ'

## ပျိုးခင်းထဲက သက်န်းဆိုင်

တစ်ဦး။ 'အခါတိုင်းဆိုရင် ဒီအချိန်လောက်မှာ ပျိုးပင်တွေ တစ်ထွာ တစ်မိုက်လောက် ရှိကုန်ပြီ'

တစ်ဦး။ 'အင်း ဒီနှစ်တော့ တချို့ မျိုးတောင် မကြဲရသေးဘူး။ ကြဲပြီးသား ပျိုးခင်းတွေလည်း ရေမလာ မိုးမရွာနဲ့၊ ဝါခြောက်ကုန်လိုက်တာ





ပျိုးခင်းပြင် သင်္ကန်းတွေ ဖြန့်လှန်းထားသလား အောက်မေ့ရတယ်'

တစ်ဦး။ 'ဒီနှစ်တော့ ဘာပဲဖြစ်ဖြစ် ဒီလောက်နောက်ကျမှ စိုက်ရတာဆိုတော့ စပါးထွက် လျော့မှာပါပဲ။ မနှစ်က ဒီလထဲမှာ စိုက်ကြပျိုးကြနဲ့ လယ်ကွင်းထဲ ကြည့်လိုက်ရင် ကောက်စိုက်သမတွေ စိုက်နေလိုက်ကြတာ ဗျိုင်းအုပ်ကြီး ကျနေ မှတ်ရလောက်တယ်'

ဦးတော။ 'ခုပုံမျိုးနဲ့တော့ စိုက်ဖို့နေနေသာသာ ထွန်ယက်ဖို့တောင် မလွယ်သေးပါဘူး။ စိုက်တယ်ဆိုတာက မြက်ပုပ်တွေ၊ မြေသားတွေ၊ နွားချေးတွေနဲ့ မူးရေနောက်တွေ သမနေပြီး စိမ်ရေအိုး ပွက်သလို ပွက်ထနေမှ စိုက်ကောင်းတာဗျ'

တစ်ဦး။ 'အခါတိုင်းဆိုရင် ဒီလလောက်မှာပဲ အထက်က ပင်ထောင်ကြည့် လာတတ်ကြတယ် မဟုတ်လား'

ဦးတော။ 'အေး အခုအချိန်သာ ပင်ထောင်ကြည့် ဆင်းလာရင်တော့ ဟောဒါ ပင်ထောင်ပါပဲဆိုပြီး ထန်းပင် လက်ညှိုးထိုးပြရုံပဲ ရှိတော့တယ်'

## မီးနှစ်ရပ်ဖြင့် လေပူကို ညှပ်နည်း

လယ်တောသားတစ်ဦးကို အခြားတစ်ဦးက လက်ဖက်ရည်သောက်ပါဦးလား ဟု တိုက်တွန်းလိုက်ရာ 'ဘာမှ မသောက်ချင်ပါဘူးကွာ၊ အထက်မီးအောက်မီး တစ်ချပ် သွားစားမိတာနဲ့ လေပူထပြီး မစားချင် မသောက်ချင် ဖြစ်နေတယ်'ဟု ပြန်လည် ပြောကြားလိုက်သည်။ ထိုအခါ ဦးတောက 'တစ်ခုတလေ စားရင်တော့ ထမှာပေါ့ဗျ။ ဆယ်ခုလောက် အုပ်ထည့်လိုက်စမ်းပါလား။ မင့်လေပူ ပိတ်ကြပ်နေလို့ ဘယ်လိုလုပ် ထနိုင်ဦးတော့မှာလဲ'ဟု ဟာသနှောလိုက်သည့်အတွက် ကျွန်တော်တို့ ပြုံးကြရပါသေးသည်။

(အထက်မီးအောက်မီး (မုန့်)–ယင်းမုန့်ကို ဖုတ်ရာ၌ အထက်က မီးတစ်မျိုး၊ အောက်က မီးတစ်မျိုး၊ မီးနှစ်မျိုး တစ်ပြိုင်နက် အပူပေး ဖုတ်ရသောကြောင့် ယင်းသို့ ခေါ်ခြင်းဖြစ်သည်။)

## ကျွန်တော် သံဃာနှော

ရှေ့ပွဲလာများသည် တစ်ယောက်ပြီးတစ်ယောက် ဆိုသလို ထပြန်ကြလေပြီ။ ဆရာအုန်း၊ ဆရာဦးကျော်ခင်တို့ပင် အလုပ်အတွက် ထွက်ခွာသွားကြလေပြီ။ စကားဝိုင်းသည် မီးသေသလောက် ဖြစ်၍နေပေပြီ။ ကျွန်တော်သည် နောက်ထပ် ရေးမှတ်စရာ ရနိုင်ဖွယ် မရှိတော့ပြီ ဖြစ်သဖြင့် မှတ်ပြီး တေးပြီး သည်များကို လှန်လှော ကြည့်ရှုနေမိပါသည်။ ပူပူနွေးနွေး ဖြစ်သခိုက် ပြည့်ပြည့်စုံစုံ ဖြစ်အောင် ကျကျန်နေသည်များ၊ မသဲမကွဲသေးသည်များကို ဖြည့်စွက်ပြင်ဆင် နေမိပါသည်။

ထိုစဉ် ကျွန်တော်နှင့် မျက်စောင်းထိုး စားပွဲတွင် ထိုင်လျက်ရှိသေးသည့် ပုဂ္ဂိုလ်တစ်ဦးက 'ဒီဆရာကြီးက ဘာလာလုပ်တာလဲဗျ' ဟု မေးလိုက်သံကို ကြားလိုက်ရပါသည်။ ကျွန်တော်က မော့်ကြည့်လိုက်ရာ ကျွန်တော့်ကို မေးနေခြင်းဖြစ်ကြောင်း သိလိုက်ရပါသည်။ ကျွန်တော် လိုက်မှတ်နေပုံ၊ မှတ်စုစာအုပ်ကို ပြန်လှန်ဖတ်ရှု ပြင်ဆင်နေပုံများကို အကဲခတ်ကြည့်နေဟန် တူပါသည်။ လှတောက တချို့ပုဂ္ဂိုလ်များသည် ကျွန်တော်၏အကြောင်းကို သိနေကြပြီဖြစ်သော်လည်း တချို့က မသိကြသေးပါ။ မသိသေးသည့် ပုဂ္ဂိုလ်များထဲတွင် ဤပုဂ္ဂိုလ်ကြီး ပါဝင်ပေမည်။

ကျွန်တော်။ 'ဆရာကြီး ခေါ်လောက်အောင် မကြီးသေးပါဘူး ခင်ဗျာ။ ပြီးတော့ ဆရာကြီးဆိုတာက တခြားအဓိပ္ပာယ်လည်း သက်ရောက်နိုင်ပါသေးတယ်'

ကျွန်တော်သည် ထိုပုဂ္ဂိုလ်၏အမေးကို မဖြေသေးဘဲ ကျွန်တော့်အား ဆရာကြီးဟု ခေါ်လိုက်သည်ကို လက်မခံလိုသည့် သဘောဖြင့် အထက်ပါအတိုင်း တုံ့ပြန်လိုက်ပါသည်။

ရာပြည့်စာအုပ်တိုက်



ထိုသူ။ 'ဒါဖြင့် ဆရာလေးလို့ ခေါ်စေချင်လို့လား'

ကျွန်တော်။ 'ဆရာလေးလို့လည်း အခေါ်မခံပါရစေနဲ့ ခင်ဗျာ။ သီလရှင်နဲ့ မှားနိုင်လို့ပါ။ ကျွန်တော့်မှာ သီလလည်း ရှိချင်မှ ရှိမှာပါ'

ထိုသူ။ 'ဒါဖြင့် ဘယ်လို ခေါ်ရမလဲဗျ'

ကျွန်တော်။ 'မောင်ရင်လို့ပဲ ခေါ်လိုက်တာပေါ့'

ထိုသူ။ 'မောင်ရင် ခေါ်ရအောင် သင်္ကန်း သပိတ် ပရိက္ခရာလည်း မပါ ပါလား'

ကျွန်တော်က ကတ်သီးကတ်သတ် ကန့်ကွက်ခဲ့သည်ကို တုံ့ပြန် လက်စားချေသည့် သဘောဖြင့် ပြောလိုက်ခြင်းဖြစ်ဟန် တူပါသည်။

ကျွန်တော်။ 'ကဲ ကြိုက်သလိုသာ ခေါ်ပါတော့ခင်ဗျာ။ ကျွန်တော်ကတော့ ဦးကြီးတို့ လှတောရွာက ပုဂ္ဂိုလ်ကြီးများ စကားပြောတဲ့အခါ မှတ်လောက် သားလောက် ခိုင်းတတ်တယ် ကြားရလို့ မှတ်သားလေ့လာလောက်အောင် လာခဲ့တာပါပဲ'

အခြား။ 'အလိုလေး မောင်ရင်ရယ်။ လှတောသားကိုများ စကားစက်ရုံ အောက်မေ့နေသလားကွယ်။ မင်းတို့ လိုချင်တိုင်း တို့က ဘယ် ထုတ်ပေးနိုင်ပါ့မလဲ။ လှတောသားထံက စကားလိုချင်ရင် လှတောသား စိတ်ဆိုးအောင် စ ရတယ်။ မြွေဟောက်ရဲ့ အလှကို ကြည့်ချင်ရင် မြွေဟောက် ဒေါသဖြစ်လာအောင် စ ရသလိုပေါ့'

ကျွန်တော်။ 'စ တာကတော့ ဟုတ်ပါပြီ။ ဒေါသကို ပြေငြိမ်းအောင် မထိန်းတတ်တဲ့အခါ ကျွန်တော် မြွေပေါက်ခံရမှာ။ ကျွန်တော့်မှာ အဆိပ်ဖြေဆေး မပါဘူး ဦးရဲ့။ ခုခံကိုက်သတ်ဖို့ ဆိုတော့လည်း ကျွန်တော့်မှာ အဆိပ်မှ မရှိဘဲ'

ထိုသူ။ 'ကိုယ်ခံလေးမှ မရှိဘဲနဲ့ မြွေတောကို ခြေဦးလှည့်ခဲ့တာ အံ့ပါရဲ့ ကွယ်'

ရာပြည့်စာအုပ်တိုက်

အခြား။ 'အင်း...လှတောက စကားကို လေ့လာချင်လို့၊ လှတောက အခိုင်းအနှိုင်းတွေကို သုတေသန လုပ်ချင်လို့နဲ့ လာလိုက်ကြတဲ့ လေ့လာရေးသမားတွေ၊ လာလိုက်ကြတဲ့ သုတေသီတွေ လူချင်းကို ထပ်နေတော့တာပါပဲ။ ဆွမ်းကြီးလောင်းပွဲမှာ ဘုန်းကြီးတွေ တန်းစီကြွလာနေတဲ့ အတိုင်းပါပဲဗျာ။ ဆွမ်းလည်းခံပြီးရော ဘယ်ဘုန်းကြီး၊ ဘယ် ဘိုးသူတော်ကမှ ဘာလေးတစ်ခုမှ စွန့်ကြဲခဲ့တယ်လို့ မရှိပါဘူး၊ ဘယ်သူကမှ ပြန်စောင်းခတ်တယ်လို့ မရှိပါဘူး'

ကျွန်တော်။ 'ကျွန်တော်ကတော့ လှတောက ရခဲ့တဲ့ ဆွမ်းဆန်တွေကို ချက်ပြုတ် ကြည့်ပါဦးမယ်။ ကျက်ကျက်နပ်နပ် အရသာရှိရှိ ဖြစ်လာမယ်ဆိုရင်တော့ ဦးကြီးတို့ကို စားဦးစားဖျားလေးများ တင်ပါ သ ပါဦးမယ် ခင်ဗျာ'

ကိုတိုးစိန်။ 'အမယ် အမယ် ပြောတော့ သူ့ကိုယ်သူ အဆိပ်မရှိဘူးလေး ဘာလေးနဲ့။ အခုလို ပြောပြ ခုခံနေပုံကျတော့ စိန်နဲ့ သံပုရာ သုံးဆောင်နေကျ ဖြစ်တဲ့ မြွေပွေးအတိုင်းပါပဲလားဗျာ'တဲ့။

## ပလွေတျူသံလား မြွေပွေ့သံလား

ထိုနေ့ ညနေပိုင်းလောက်တွင် မှူးရေ လာပြီဖြစ်ကြောင်း ပြောဆိုနေကြပါသည်။ လယ်သမားတွေ အထူးဝမ်းသာနေကြပုံ ရပါသည်။ ထွန်ကြယက်ကြရန် ထွန်ထယ် ပြင်သူက ပြင်၊ ရေသွယ်မြောင်းဖောက်ရန် တူရွင်းရှာသူက ရှာ လယ်သမားများ အလုပ်ရှုပ်နေကြပါသည်။

ည ၈ နာရီလောက်တွင် ကျွန်တော်တည်းသည့် ဦးဘရင်၏ သားငယ် မောင်စံဌေးသည် အနောက်တောသို့သွားရန် လှည်းနွား ပြင်ဆင်နေပါသည်။ ညဦးကပင် စောင့်ဆိုင်းရေသွယ်ယူရန် ဖြစ်ပါသည်။ မောင်စံဌေးနှင့် အတူတူ





သွားကြမည့် သူများသည် လာရောက် ခေါ်ငင်နေကြပါသည်။ လှည်း စထွက်လိုက်သောအခါမှ လက်နှိပ်ဓာတ်မီး မေ့နေသေးကြောင်း သတိရလိုက်ကြပါသည်။ ဦးလေးရင်က လှည်းကို ရပ်ခိုင်းပြီး ဓာတ်မီးကို လိုက်ပေးပါသည်။ လိုက်ပေးရင်းပင် ဦးလေးရင်က 'ဓာတ်မီးမပါလို့ မဖြစ်ဘူး။ ရေလာရင် မြွေသတ္တဝါတွေက ပြောင်းကြ ရွှေ့ကြ၊ သွားကြ လာကြနဲ့ တော်တော် သတိထားရတယ်' ဟု ပြောလိုက်ရာ မောင်စံဌေး၏ သူငယ်ချင်းတစ်ယောက်က ဤသို့ ပြောလိုက်ပါသည်။

'အလိုလေး၊ ဒီအချိန် မြွေပေါ်လိုက်ပုံကတော့ မြွေတွန်သံတွေဟာ ညအခါ လသာသာ ပလွေတွေ မှုတ်နေသံ နားခံရတဲ့ အတိုင်းပေါ့ဗျာ'

## တတ်ရောင်ခြည် တဲ့

မောင်စံဌေးကမူ ဓာတ်မီးကို စုံစုံမက်မက် ယူဖို့ စိတ်ကူးပုံမပေါ်။ ဓာတ်မီး ယူသွားဦး ဆိုသည်ကို သိပ်အရေးမကြီးလေဟန် ပြောနေလေသည်။ ကျွန်တော်ကလည်း 'အများတကာတွေလည်း ယူကြတယ် မဟုတ်လား။ မင်းလည်း ယူသွားမှ ပေါ့'ဟု ကူညီတိုက်တွန်းလိုက်ပါသည်။ ဤတွင် တံခါးဝဆီမှ လှမ်းပြောသံကို ကြားလိုက်ရသည်ကား–

'အလိုလေးဗျာ၊ အခုအခါမျိုးမှာ လယ်တောတစ်လျှောက် ပေါလိုက်၊ ထိုးလိုက်တဲ့ ဓာတ်မီးတွေဆိုရင် မိုးညင်းသမ္ဗုဒ္ဓေက ဘုရားကိုယ်တော်တွေ ရောင်ခြည်လွှတ် ပြိုင်ပွဲ ကျင်းပနေတဲ့ အတိုင်းပါပဲ'ဟူ၍ ဖြစ်ပါသည်။

## ပရိက္ခရာ နှစ်ပါး

ချိန်တန်ပြီရုံတွင် ယနေ့ည ပဒေသာကပွဲတစ်ခု စတင် ကပြပါတော့မည်။ ထိုပွဲအတွက် ကျွန်တော်သည် မပြန်ဖြစ်သေးဘဲ စောင့်နေရပါသည်။ ၈ နာရီခန့်၌ ဆရာအုန်း၊ ဦးချစ်လှိုင်တို့နှင့်အတူ ရုံဆီသို့ သွား ကြပါသည်။ ပွဲခင်းတစ်လျှောက်တွင် ပွဲလာပရိသတ် အတော်များပါသည်။ ယောကျ်ားကြီးတိုင်းလောက် တုတ်နှင့်

ဓာတ်မီးများကို ကိုင်ဆောင်လာကြသည်ကို အံ့ဩရင်မောဖွယ် တွေ့ရပါသည်။ တုတ် ကိုယ်စီ ကိုင်ကြသည်မှာ အကြောင်းရှိ၍လော။

ကျွန်တော်။ 'ဆရာ၊ လူတွေက တုတ်ကိုယ်စီနဲ့ပါလား ဆရာ'

ဦးချစ်လှိုင်။ 'ကိုသောင်းရေ၊ တုတ်နဲ့ ဓာတ်မီးကတော့ လှတောသားရဲ့ ညဆောင် ပရိက္ခရာ နှစ်ပါးပေါ့ဗျာ'

ဤတွင်မှ ကျွန်တော် စိတ်ပေါ့ပါးသွားပါသည်။

ရုံးသို့ရောက်၍ မိနစ် ၂၀ ခန့်ကြာလျှင် ရုံခါပါတော့သည်။ ရုံထဲမှ ထွက်လာသူ လူငယ်တစ်ဦးက ဤသို့ ပြောလိုက်ပါသည်။ 'ရုံခါလို့ ထွက်လာလိုက်ကြတာ၊ ရုံထဲမှာ ကြမ်းပိုးနဲ့ တချွေပဲ ကျန်တော့မယ် ထင်တယ်'

လူငယ်တစ်ဦး။ 'ဆိုင်းသမားတွေတောင် မကျန်တော့ဘူးလားကွ'

ပထမလူငယ်။ 'ဆိုင်းသမားတွေလည်း မထွက်ဘဲ ဘယ်နေနိုင်မလဲကွာ။ ရုံထဲမှာ အိုက်လိုက်ပုံက နံပြားဖိုထဲဝင် အရက်သောက်ရသထက် ဆိုးသေးတာကိုး'

## မိန်းမ ဆောပွဲ

ခေါင်းဆောင်မင်းသမီးသည် အရုပ်လည်း ပုသည်။ အနည်းငယ်လည်း ဝသည်။ ပုအိုင့်အိုင့်ဖြစ်သည်။ အသားလည်း အတန်ညိုသည်။ နှစ်ပါးသွားခန်း၌ ခေါင်းဆောင်မင်းသမီးက မင်းသားအဖြစ် ကပြပါသည်။ ကြိုးကြိုးစားစားလည်း ကရှာပါသည်။ မင်းသမီးလုပ်သူများကလည်း မင်းသား တစ်ပိုဒ် ကပြီးတိုင်း တစ်ယောက် ပြေးဝင်လာကာ မင်းသားလုပ်သူကို မြှောက်ပင့်အားပေးလျက် ကပြစေပါသည်။

ဤတွင် ကျွန်တော့်အနီးရှိ လှတောသားတစ်ဦးက ဤသို့ မှတ်ချက်ချလိုက်ပါသည်။

'အလိုလေးလေးဟဲ့၊ ဆောလုံးကို ခေါင်းပေါင်း ပေါင်းပေးပြီး ဓာတ်ခုံပေါ်တင် ကန်နေကြတာနဲ့ တူလိုက်ပါဘိတော့နော်' တဲ့။





## ဦးလှသိန်းနှင့် လှတောရွာ

နိုင်ငံကျော် မမွကထိက ဦးလှသိန်းကိုတော့ အထူးပြောနေစရာ လိုမည်မထင်ပါ။ ဗုဒ္ဓဘာသာဝင်ဟူသမျှ ဦးလှသိန်း၏တရားကို မနာဘူးသူ ရှားကောင်းရှားပါလိမ့်မည်။ နားထောင်ဖူးသူတိုင်းလည်း ဦးလှသိန်း၏ အဟောအပြောကို စွဲမက်ကြပါလိမ့်မည်။ အံ့ဩချီးမွမ်းကြရပါလိမ့်မည်။

ဦးလှသိန်းနှင့် လှတောရွာ ဆက်ဆံမှုကိုမူ သိသူနည်းမည် ထင်ပါသည်။ သို့လင့်ကစား ဦးလှသိန်းသည် လှတောရွာနှင့် မကင်းကြောင်း၊ လှတောရွာ၏ နာမည်သည် ဦးလှသိန်းကြောင့် ပိုမိုတောက်ပြောင်လာကြောင်းကိုမူ တရားနာ ပရိသတ်အချို့ ဦးလှသိန်း တရားပွဲမှတစ်ဆင့် အထိုက်အလျောက် သိနေကြမည် ဖြစ်ပါသည်။

လှတောရွာမှ ပုဂ္ဂိုလ်များသည် ဦးလှသိန်းကဲ့သို့သော ပုဂ္ဂိုလ်ကြီးနှင့် နီးစပ်ဆက်ဆံခွင့် ရကြသဖြင့် ဝမ်းလည်းသာကြသည်။ ဂုဏ်လည်း ယူကြသည်။ ဦးလှသိန်း၏ အဟောအပြော၊ သီလ သမာဓိကြောင့် ဦးလှသိန်းကို လေးမြတ်နှစ်ခင်ကြသည်။

ဦးလှသိန်းကလည်း လှတောရွာ ပုဂ္ဂိုလ်ကြီးများကို လေးလေးစားစား ဆက်ဆံသည်။ မိမိက နှုတ်မှုပညာ၏ တန်ကြေးကို သိထားသူပီပီ လှတောသားများကို နှုတ်မှုပညာရှင်များအဖြစ် တန်ဖိုးထားသည်။ လှတောသားတချို့ကို စကားတတ် ပုဂ္ဂိုလ်ကြီးများအဖြစ် နေရာပေး လေးစားသည်။ အချင်းချင်း ဆိုမနာ၊ ပြောမနာ မိတ်ဆွေများအဖြစ် ချစ်ခင်ကြသည်။ ဦးလှသိန်းသည် လှတောရွာသို့ မပြတ် လာရောက်တတ်သည်။ အနည်းဆုံး တစ်နှစ်တစ်ခေါက်လောက် ရောက်သည်။ လှတောရွာသို့ ရောက်လာတိုင်းလည်း လှတောသားတို့ စကားကြွယ်မှုကိုလည်း မှတ်သားလေ့လာသည်။ စကားပြောကောင်းသူများအား တကူးတကန့် ဖိတ်ခေါ်ပြီး နာယူမှတ်သားသည်။ စကားပြောကောင်းသူတို့၏ ဆန္ဒအလိုက် အကျေးအမွေးဖြင့် ဧည့်ခံကာ နှုတ်သွက်လျှာသွက် ထက်မြက်အောင်လည်း ဖန်တီး

ပေးသည်။ လှုဘောမှ မှတ်သားရရှိသည့် စကားများကို နိုင်ငံအနှံ့အပြား တရားပွဲကျင်းပတိုင်း အကွက်ဆိုက်သလောက် ထည့်သွင်းပြောပြခြင်းဖြင့် ဖြန့်ဖြူးပေးလေသည်။ လှုဟောရွာ ယနေ့လောက် ကျယ်ကျယ်ပြန့်ပြန့် လူသိများလာရခြင်းမှာ ဦးလှုသိန်း၏ ကျေးဇူးကြောင့် ဖြစ်သည်။

အထက်ပါအတိုင်း လှုဘောရွာပုဂ္ဂိုလ်များက ဦးလှုသိန်းနှင့် လှုဘောရွာ ပတ်သက်နေပုံကို ကျွန်တော့်အား အမိန့်ရှိ ပြောပြလိုက်ကြပါသည်။

လှုဘောသားများသည် ဦးလှုသိန်းအား ရိုသေလေးမြတ်ကြသည်ဟု ဆိုသော်လည်း ပြောစရာ ဆိုစရာ တွေ့လာလျှင် နှုတ်ပိတ်၍ မနေကြ။ ပြောမနာ ဆိုမနာ ပုဂ္ဂိုလ်များ ဖြစ်ကြသည့်အလျောက် ရင်းနှီးမှုကို အားကိုးပြုကာ ဦးလှုသိန်း၏ ပျော့ကွက် ဟာကွက်များကို ခိုင်းနှိုင်းကျီစယ် ပြောဆိုကြပါသည်။ ဤသို့ ပြောဆိုသဖြင့်လည်း ဦးလှုသိန်းက နာလိုခံခက်ဖြစ်ခြင်း မရှိဟု သိရပါသည်။

## ဦးခေါင်းက စ ဖြိုခြင်း

ဦးလှုသိန်းသည် အသက်အရွယ် အတန်ငယ် ထောက်လာပြီ ဖြစ်သဖြင့် ဆံပင်များလည်း ဖြူနီကြောင်ကြား ဖြစ်လာလေပြီ။ ဆံပင်ကျွတ်သည့် နေရာများတွင်လည်း ဆံပင်ပါးပါးမျှသာ ရှိလေပြီ။ ဦးခေါင်းတပြင်လုံးခြုံ၍ ကြည့်လိုက်လျှင် အထူအပါး ဖြူနီကြောင်ကြားတို့ဖြင့် ကွက်တိကွက်ကြား ဖြစ်နေသည် ဆိုပါသည်။

ဤသည်ကို သတိထားမိသော လှုဘောသားတစ်ဦးက ဤသို့ ခိုင်းနှိုင်းလိုက်သည် ဟူပါ၏။

'ဆရာကြီး ဦးလှုသိန်းတို့များ ခေါင်းပေါင်း ပေါင်းထားတဲ့ အခါများကျတော့လည်း သားသားနားနား နုနုစိုစိုနဲ့ လူပျိုမင်းသားလေး မှတ်ရပါပေတယ်။ ခေါင်းပေါင်း ချွတ်ထားတဲ့ အခါကျတော့လည်း ခေါင်းတစ်ခုလုံးဟာ ပျိုးခင်းစမ်းစားထားတဲ့ အတိုင်းပါပဲဗျာ'

ပျိုးခင်းစမ်းစား=စပါးပျိုးပင်အခင်းကို ရေတိုက်စားထားသဖြင့် ပျိုးပင်များ





ဟိုတစ်စု သည်တစ်စု ကွက်တိကွက်ကြား ရှိနေသည်ကို ခေါ်ခြင်းဖြစ်သည်။ အချို့ကလည်း ဦးလှုသိန်း၏ ဦးခေါင်းကို ပျိုးခင်းကျွတ်စာ စားထားသည်နှင့် တူသည်ဟုလည်း ခိုင်းနှိုင်းကြသေးသည်ဟု မှတ်သားခဲ့ရပါသည်။

ပျိုးခင်းကျွတ်ဆိုသည် ကောက်ကွက်အတွက် ပျိုးခင်းများကို နုတ်ယူထားသော ပျိုးကွက်ဟောင်းကို ခေါ်ခြင်းဖြစ်ပါသည်။ ပျိုးကွက်ဟောင်းဟု ဆိုသော်လည်း ကြွင်းကျန်ရစ်သော ပျိုးခင်းများ အနည်းငယ် ကျန်ရှိနေတတ်ပါသည်။ ယင်းပင်ကျန်များသည် ကြီးရင့်ပြီး အနှံများ ထွက်နေတတ်ရာ လူတို့က ဂရုမစိုက်အားကာပြီ ဖြစ်သဖြင့် စာများ အနှောင့်အယှက်မဲ့ စားသောက်တတ်ပါသည်။ ထို့ကြောင့် ရှိသမျှ စပါးပင်များမှ စပါးနှံများသည် ဖြူဖပ်ဖြူရော် ဖြစ်နေတတ်ပါသည်။ ကောက်ပင်ကလည်း တစ်ပင်တလေသာ ရှိ၊ ရှိသည့် ကောက်ပင်တို့မှာလည်း ဖြူဖပ်ဖြူရော် ဖြစ်နေတတ်သဖြင့် ဤသို့ ခိုင်းနှိုင်းခြင်း ဖြစ်သည်ဟု သိရပါသည်။

## ဖုန်းဆရာတစ်ပါး လုံးရာက ပြားရခြင်း

တစ်နေ့တွင် ဓမ္မကထိကဆရာကြီး ဦးလှုသိန်းသည် လှုဘောရွာတွင် တရားဟောနေသည် ဆိုပါသည်။ အပျော်အပါးဖက်သော လှုဘောသား တချို့ကမူ ဦးလှုသိန်း တရားပွဲသို့ မသွားဘဲ ဦးလှုသိန်း တရားပွဲသို့ လူအားလုံး ဂရုတစိုက် သွားရောက်နေခိုက် မိမိတို့က အခွင့်ကောင်းယူကာ ဖဲကစားဖို့ စိုင်းပြင်းကြလေသည်။ သူတို့၏ အစီအမံကိုလည်း ရဲများက ကြိုတင်သိရှိထားသည် ဆိုပါသည်။

ထို့ကြောင့် ဖဲသမားတို့ ကစားရန် ပြင်ဆင်ဆဲမှာပင် ရဲက ဝင်ရောက်ရှာဖွေသဖြင့် ဝိုင်းပျက် ထွက်ပြေးကြရလေတော့သည်။ သို့ရာတွင် ဖဲသမားတို့သည် ခဲလေသမျှ သဲရေကျ ဖြစ်ရသည်ကို မကျေမချမ်းနိုင် ဖြစ်နေလေသည်။ ထို့ကြောင့် လူစုလူဝေးရှိရာ တရားပွဲဆီသို့ လျှောက်လာရင်း ဘာလုပ်ရမည်ကို စဉ်းစားလာကြသည်။ တရားပွဲ ထောင့်တစ်နေရာတွင် စုဝေးရပ်နေကြရင်း ဦးလှုသိန်းကို အကဲခတ်နေကြလေသည်။

အတန်ကြာ ရပ်မိသော် ဖဲသမားတစ်ဦးက –

'စိတ်ကူးဖဲရိုက်ကြမယ်ကွာ။ အခု ဆရာကြီး ဦးလှသိန်း ခေါင်းပေါင်း ပေါင်းထားတယ် မဟုတ်လား။ အဲ ဆရာကြီးရဲ့ခေါင်းဟာ ဘိုကေနဲ့လား၊ ကတုံး (ခေါင်းတုံး) ကြီးလား၊ ခေါင်းပေါင်းဖြုတ်တဲ့အထိ စောင့်လောင်းကြမယ်' ဟု အစဖော် အကြံပေးလိုက်သည်။ ကျန်ရဲဘက်များကလည်း တသွေးတသံတည်း သဘောတူကြကာ ဦးလှသိန်း၏ ဦးခေါင်းကို ဖဲချပ်အဖြစ် သဘောထားလျက် အလောင်းအစား ဖြစ်မြောက်သွားကြသည် ဆိုပါသည်။

## ရှားပြီဆိုတော့လည်း ရှင်းရှင်းပဲ

တစ်နှစ်က ဆရာကြီးဦးလှသိန်းသည် လှတောရွာအနောက်ဘက် ကပ်လျက် ရှိသော သိန်းသန်းဆန်စက်သို့ ရောက်ရှိတည်းခိုနေပါသည်။ ဆရာကြီး ရောက်နေသည်ဟု ကြားသဖြင့် ဆရာကြီးနှင့် ရင်းနှီးခင်မင်သူ လှတောက ပုဂ္ဂိုလ်ကြီးများသည် ဆရာကြီးအား နှုတ်ဆက်ရန် ဆန်စက်ထဲသို့ သွားကြသည်။ ယင်းတို့အထဲတွင် ဦးဖိုးကြာလည်း ပါဝင်လေသည်။ ဦးဖိုးကြာသည် စကားပြောကောင်းသူတို့တွင် အတွတ်အထိပ်တစ်ယောက် ဖြစ်သည်ဟု ပြောကြပါသည်။

ဦးဖိုးကြာကို မြင်လိုက်သောအခါ ဆရာကြီး ဦးလှသိန်းက စကားစလိုက်သည်။

'တစ်ခေါက်တော့ လာခဲ့ရပြန်ပြီဗျို့။ ကျွန်ုပ်တော်တို့ဆီမှာ အစစ ရှားပါးတာနဲ့ ဦးဖိုးကြာတို့ထံ တောင်းရ ရမ်းရအောင် လာခဲ့ရတာပါပဲ။ ဦးဖိုးကြာတို့ဆီမှာတော့ စပါးထွက်တဲ့ အရပ်ဖြစ်လို့ အစိုးရက အဝတ်အစား၊ အသုံးအဆောင်တွေ ဖောဖော သီသီ ရောင်းချပေးမှာပဲ ထင်ပါတယ်'

ဦးဖိုးကြာ။ 'အလိုလေး ဆရာကြီးရေ၊ ရတယ် မရတယ် ဆိုတာကိုတော့ အထူး ပြောမနေပါရစေနဲ့တော့။ ကျုပ်မိန်းမ ကျိုးဝိုင်းမှာစိုးရလို့ လောက်လေးကိုင် ထိုင်စောင့်နေရပါတယ်ဗျာ'





ဦးလှသိန်းမှာ သဘောကျလွန်းသဖြင့် မထိန်းနိုင် မသိမ်းနိုင် ခွက်ထိုး ခွက်လန် ရယ်မောနေရသည်ဟု လှတောသားများက ပြောပြကြပါသည်။

## ချွေး မဖြစ်ပါရစေနဲ့

လှတောသားများ ပက်ပက်စက်စက် ခိုင်းနှိုင်းတတ်ပုံနှင့် ပတ်သက်၍ စဥ့်ကူးမြို့နယ် ဥဒိန်ရွာ ဦးတုတ်က ဤသို့ ပြောပြပါသည်။

'ကျွန်တော် ဦးလှသိန်းရဲ့ တရားပွဲကို သွားနာဖူးပါတယ်။ လှတောသား စကားကြွယ်ပုံနဲ့ ပတ်သက်ပြီး ဦးလှသိန်းက ထည့်ဟောပါတယ်။ တစ်နေ့တော့ ဦးလှသိန်းဟာ လှတောရွာကို ရောက်နေပါသတဲ့။ ဦးလှသိန်းနဲ့ မနီးမဝေးက လူတစ်ယောက်ဟာ ဆေးတံခဲထားသတဲ့။ ဒါကို လှတောသားက မြင်လိုက်တော့–

'အလိုလေးဟယ်၊ ဟိုလူ ဆေးတံ ခဲထားလိုက်ပုံကတော့ နှစ်ကျပ်ခွဲဝင် ဆီမှုတ် ချွေးချီလာတဲ့အတိုင်းပါပဲလား' လို့ ခိုင်းနှိုင်းလိုက်သတဲ့။ ဒီစကားကို ဦးလှသိန်းက နားနဲ့ ဆတ်ဆတ်ကြားလိုက်တာကိုး။ ဒါနဲ့ပဲ ဦးလှသိန်းလည်း မိမိ ပါလာတဲ့ ဆေးတံကလေးကို မသောက်ရဲတော့ဘဲ သိုသိုသိပ်သိပ် ဝှက်ထား လိုက်ရသတဲ့။

## ခြောက်စထောင်လှည်း စီးချင်သူများ

လှတောသားအချင်းချင်း ပုံတွေ ပါဠိတွေ ဥပမာတွေနှင့် စည်ကားစိုပြည်စွာ ပြောဆိုသွားကြသည်ကို ကြားနာလိုက်ရသော ဦးလှသိန်းသည် တအံ့တဩ ဖြစ်မိ သလို နှစ်ထောင်းအားရလှည်း ဖြစ်မိသည် ဆိုပါသည်။ ထို့ကြောင့် ဦးလှသိန်းက–

'ခင်ဗျားတို့ လှတောသားတွေကတော့ တကယ်အံ့ဩလောက်ပါပေတယ်။ စကားပြောရာမှာ ပေါ်လွင်ထိမိ ထက်မြက်ထူးခြားတဲ့စကား၊ ဟာသမြောက်တဲ့ ပုံဥပမာတွေနဲ့ချည်းပဲ။ ဇဝနဉာဏ်လည်း တကယ်ရှူးရှထက်မြက်လှပါပေတယ် ဗျာ' ဟု တကယ့်စေတနာရင်းဖြင့် ဥဒါန်းကျူးသလို ထောမနာနေမိသည်။

ကိုအခါ လှတောသားတစ်ဦးက ဤသို့ပင် ပြန်ပြောလိုက်ပါသည်။

'ဟုတ်ပါတယ် ဆရာကြီး။ ကျွန်တော်တို့ လှတောသားတွေကတော့ စကားပြောရာမှာ ပုံပမာ ဂါထာမပြောရရင် လှည်းမြီးတိုကြီး စီးရသလို တယ်ခံတွင်း ပျက်လှပါတယ်။ ခြောက်စထောင် လှည်းယဉ်ကော့နဲ့ ကြော့ကြော့လေး သွားရသလို ပုံဥပမာ အခိုင်းအနှိုင်း အဆင်တန်ဆာတွေနဲ့ ပြောရမှ ခံတွင်းတွေ့ကြပါတယ် ဆရာကြီး'

## ကန်စွန်းရွက် သတ္တိ

လှတောရွာ ပုဂ္ဂိုလ်တချို့သည် ဆရာကြီးဦးလှသိန်းနှင့် ရင်းရင်းနှီးနှီး ခင်မင်လေးစားနေကြသည်။ ဆရာကြီး လာရောက်နေစဉ် ပျော်ပျော်ပါးပါး တရင်းတနှီး ဆက်ဆံနေကြသည်။ ဆရာကြီး ပြန်သွားသောအခါမှ လှတောရွာသူရွာသား တချို့သည် လွမ်းကျန်ရစ်နေကြသည်။ ဆရာကြီးအကြောင်းကိုလည်း စကားကြုံတိုင်း စားမြုံ့ပြန် ပြောဆိုနေတတ်ကြသည်။

တစ်နေ့တွင် လူ သုံးလေးယောက် ဆုံစည်းမိကြသဖြင့် ဦးလှသိန်း အကြောင်းကို ပြောဆိုနေဖြစ်ကြသည်။ ဆရာကြီးသည် ကျမ်းတတ် ပေတတ် ပုဂ္ဂိုလ်ကြီးလည်းဖြစ်၊ အဟောအပြောလည်း အလွန်ကောင်း၊ တစ်ခါတစ်ရံ မိမိတို့ မေ့လျော့ ပျော်ပါး နေမိကြသော်လည်း ဆရာကြီးနှင့်တွေ့ရမှ သတိသံဝေဂများ ဝင်လာကြောင်း၊ ဆရာကြီး ဦးလှသိန်းသည် လောကုတ္တရာသက်သက်ကိုသာမက လူသားတို့ မကောင်းနိုင်သေးသော လောကီရေး၊ လူမှုရေးများကိုလည်း ရှေ့ဆောင်လမ်းပြအဖြစ်ဖြင့် ဟောပြောလမ်းညွှန်ပေးတတ်ကြောင်းများကို တစ်ယောက် တစ်လှည့်စီ ဆိုသလို ချီးမွမ်းနေမိကြသည်။ ထိုအခါ လှတောသားတစ်ယောက်က အောက်ပါအတိုင်း ဝင်ရောက် ပြောဆိုလိုက်ပါသည်။

'ဟုတ်ပါတယ် ခင်ဗျာ။ ဆရာကြီးကတော့ တကယ်ကိုးကွယ်ထိုက်တဲ့ ပုဂ္ဂိုလ်ကြီးပါပဲ။ စားရေးသောက်ရေး၊ နေရေးထိုင်ရေးများနဲ့ ပတ်သက်လို့ ဆရာကြီး





ပြောစကားများကို ကြားယောင်နေမိပါတယ်။ တောရပ်တောရွာမှာ နေခြင်းဟာ လူဖြစ်ရကျိုးနပ်ကြောင်း၊ ဆန်ရေစပါး ပေါများတဲ့ ကျွန်တော်တို့လို အရပ်ဒေသမှာ လူဖြစ်ရခြင်းဟာ သမ္ပတ္တိစက်ကြီး ရနေကြောင်း၊ အသားစားရလည်း လတ်လတ် ဆတ်ဆတ်၊ အသီးအရွက် စားရလည်း လတ်လတ်ဆတ်ဆတ်၊ ဒီလို လတ်ဆတ်တဲ့ အသီးအရွက်၊ အမဲသားငါးကို စားရတဲ့အတွက် ကိုယ်ခန္ဓာ ဖွံ့ဖြိုးသန်စွမ်းကြောင်း၊ ရောဂါဘယ ကင်းကြောင်း၊ မြို့ကြီးများတွင် နေရခြင်းထက် အဘက်ဘက်က သာလွန်ကြောင်း၊ နောက်ဆုံးပိတ် ပြောရရင် လယ်ကွင်းထဲက ကန်စွန်းရွက် ခူးစားရင်တောင် အင်အားပြည့်ဖြိုး ကျန်းမာရေး တိုးနိုင်ကြောင်းများ ပြောသွားလိုက်တာ မှတ်သားလို့ မကုန်နိုင်ဘူး။ အဲ...သူတော်ကောင်းစကား မှားရိုး မရှိတဲ့ အတိုင်း ကန်စွန်းရွက် စားရင် အားဖြစ်မှာပဲဆိုလို့ ငါလည်း ဦးလှသိန်း ပြန် ကတည်းက ကန်စွန်းရွက်ချည်း စားနေလိုက်တာ အခုဆိုရင် ကျွဲပေါက်မြင် ခတ် ချင်ချည်း နေတော့တာပါပဲဗျာ'

ဟုတ်တော့မလိုလိုနှင့် အဖျားကျမှ ဖောက်လာသော စကားကြောင့် စကားဝိုင်းတစ်ခုလုံး လေးဆေးထိုင်းမှိုင်းရာမှ သွက်လက်လာသည် ဆိုပါသည်။

(ကျွဲပေါက် = သန်မာ တုတ်ခိုင်နေသော ကျွဲသိုး။)

## ပေါက်စ လှတောသားလေးများ

လှတောရွာသားများ စကားတတ်ကြပုံ၊ အခိုင်းအနှိုင်း ထက်မြက်ပုံတို့မှာ အံ့ဩဖွယ် ကောင်းလောက်သည်ဟု ဆိုကြပါသည်။ ဆိုလည်းဆိုလောက်သည် ထင်ပါသည်။ လှတောရွာသားတိုင်း မဟုတ်စေကာမူ ရွာသားအများစုသည် အခိုင်းအနှိုင်းများဖြင့် ပြောတတ်ကြပါသည်။ လူကြီးများသာမက ကလေးများသည်လည်း လူကြီးများ၏ နှုတ်ရိပ်တွင် ကြီးထွားရသူများ ဖြစ်သည့်အတိုင်း ခိုင်းနှိုင်းပြောဆိုတတ်ကြပါသည်။ ရေမြေလိုက်ပြီး မသင်ရဘဲ ပြောတတ် ဆိုတတ်ကြပါသည်။ တစ်ခါတစ်ရံ ထူးခြား ထက်မြက်သော အခိုင်းအနှိုင်း၊ အသုံးအနှုန်းများကို ခိုင်းနှိုင်းတတ်ကြသည်ကို

တွေ့ရသည် ဆိုပါသည်။ အောက်ဖော်ပြပါ အဖြစ်အပျက်၊ အပြောအဆိုကို ကြည့် လျှင် ယင်းအဆို မှန်ကန်သည်ဟု ဆိုကြပါမည်။

## ဈေးနွားအတိုင်းပဲ

တစ်နေ့တွင် ဆရာတော် ဦးသောဘိတသည် ကိုယ်လက် မအီမသာနှင့် ဖျားချ သလိုလို ဖြစ်လာသည်။ ဆရာတော်သည် ဆေးသောက်လိုသဖြင့် ရေနွေး ကျိုပေးရ ကိုရင်များအား စေခိုင်းလိုက်သည်။ ဆရာတော့်အပါးမှ ခွာခဲ့၍ တော်တော် ခပ်လှမ် လှမ်း ရောက်သောအခါ ကိုရင်ကြီးတစ်ပါးက 'ဖျားတာလည်း မပြောနဲ့၊ စားတာ ကလည်း စုံနေတာပဲ'ဟု ဝေဖန်လေသည်။ ထိုအခါ ကိုရင်လေးတစ်ပါးက 'ဆရ တော် စားတာတော့ ပြောမနေနဲ့တော့၊ ဈေးနွားအတိုင်းပါပဲ'ဟု ထောက်ခံလိုက် လေသည်။ ယင်းစကားကို ဆရာတော် ကြားသွားလေသည်။

'ဟဲ့ ဟိုကိုရင်၊ လာခဲ့စမ်း လာခဲ့စမ်း။ နင်ကလား ငါ့ကို ဈေးနွားလေး ဘာလေးနဲ့ ခိုင်းနှိုင်းရတာ' ဟု ဆရာတော်က ဒေါသဖြင့် မေးလေသည်။ ကိုရ ကလေးကလည်း 'ဟုတ်ပါတယ် ဘုရား၊ တပည့်တော် ခိုင်းနှိုင်းပါတယ်' ဟုဖ လျှောက်တင် ဖြေကြားလေရာ ဆရာတော်ကြီးမှာ ပိုမိုပြီး နာလိုခံခက် ဖြစ်သွာ ရပြန်သည်။ အနီးအပါးရှိ ကြိမ်လုံးကို ထဆွဲလေတော့သည်။ ထိုစဉ် ကိုရင်ကလေ က ရှင်းပြလိုက်သည်ကား 'ဈေးနွားဆိုတာ ဈေးသူဈေးသားများ စွန့်ပစ်ထားသမျှ ကို စားပါတယ် ဘုရား။ ဆရာတော်ကလည်း ဒကာ ဒကာမများ နိဗ္ဗာနပစ္စယော စွန့်လွှတ်လှူဒါန်းတဲ့ ပုံသက္ကူစစ်စစ်ကိုသာ ဘုဉ်းပေးတော်မူတယ် လို့ ဆိုလိုတာပါ ဘုရား' ဟူ၍ ဖြစ်လေသည်။ ဆရာတော်ကြီးသည် ကိုင်ထားသော တုတ်ကို ပစ်ချလိုက်ရင်း 'နင်ပဲ တတ်နိုင်လွန်းတယ်'ဟု ဆိုကာ ပြန်ထိုင်သွားသော ဟူ၏။

## ပွင့်ပြန်တော့လည်း ပိတ်မနိုင်

မောင်ဒွေးပိုသည် ဝမ်းချုပ်လွန်းသဖြင့် ကိုယ်လက်မအီမသာ ဖြစ်နေသည်။ အစ်မ ဖြစ်သူ မသောင်းတင်အား အကျိုးအကြောင်း ပြောပြမိသောအခါ မသောင်းတင်





က မိမိ သိမ်းထားဖူးသော ဝမ်းနုတ်ဆေးကို စမ်းသုံးကြည့်ရန် တိုက်တွန်းလေသည်။ မောင်ဒွေးပိုကလည်း စားကြည့်ဦးမည်ဆိုကာ ယူသွားလေသည်။

နောက်တစ်နေ့တွင် မသောင်းတင်သည် မိမိဆေးကို စားကြည့် မကြည့်၊ နေထိုင် ကောင်း မကောင်း သိရန် ဒွေးပိုထံ သွားမေးလေသည်။ ဒွေးပိုက ဤသို့ ဖြေကြားလိုက်သည် ဟူ၏။

'အလိုလေး အစ်မရာ၊ ဝမ်းသွားလိုက်ပုံတော့ ပြောတောင် မပြောနိုင်တော့ ပါဘူး။ ဖယောင်းတား မပါတဲ့ ပလွေကို မှုတ်နေရတဲ့အတိုင်း ဟော…ဟောနဲ့ နေတာပါပဲဗျာ'

## စည်တို့သံ ငိုချင်း

လှတောရွာသည် ရှေးရွာကြီးတစ်ရွာ ဖြစ်သည့်အလျောက် ဘုန်းတော်ကြီးကျောင်း ၇ ကျောင်းပင် ရှိခဲ့သည်။ တစ်ချိန်က ယင်း ၇ ကျောင်းလုံး၌ပင် ကျောင်းထိုင် ဆရာတော်၊ ခန်းနေ သံဃာများ၊ ကိုရင်များ၊ ကျောင်းသားများဖြင့် ကျောင်းပြို ခမန်း စည်ကားခဲ့ကြသည်။ အတန်းကျောင်းတွေ ပေါ်ထွန်းလာသောအခါတွင်မူ ဘုန်းတော်ကြီးကျောင်းများ မှေးမှိန်လာကြသည်။ ကျောင်းသားတွေသည် အတန်း ကျောင်းဘက် ပြောင်းကုန်ကြသည်။ တချို့ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းခံ၊ ဆွမ်းကပ်မည့် ကျောင်းသားပင် မရှိသလောက်ပင် နည်းကုန်သည်။ တချို့ လုံးဝ မရှိတော့ပေ။

လှတောရွာ ဥယျာဉ်ကျောင်း၌လည်း ကျောင်းသား မရှိတော့ပေ။ ဆရာတော် ဦးသိရိန္ဒမှာလည်း သက်တော်ကြီးလေပြီ။ ရေပူရေချမ်း ကပ်မည့်သူ လိုရှာပြီ။ ယခု ရွှေကျင်ကျောင်းသစ်ရှိ အရှင်ဇနိတ ကိုယ်တော်သည် ထိုစဉ်က ကိုရင်ကြီးသာ ဖြစ်သည်။ ဥယျာဉ်ကျောင်းဆရာတော်အား ပြုစုရန် ကျောင်းသား ငယ်များ ရှာဖွေပြီး ထိုကျောင်းသို့ မကြာခဏ သွားရသည်။ လိုအပ်သော ဝတ်ကြီး ဝတ်ငယ်တို့ကို ဖြည့်ဆည်းရသည်။

တစ်နေ့တွင် ကိုရင် ရှင်ဇနိတ ဆွမ်းဘုဉ်းပေးပြီးသဖြင့် ကျောင်းသား သုံးယောက်တို့အား ဆွမ်းစွန့်လိုက်သည်။ သုံးယောက်ဆိုသည်မှာ မောင်မှို၊ မောင်ဖိုနှင့် မန်းမော်တို့ ဖြစ်ကြသည်။ မန်းမော်ကား အငယ်ဆုံး။

သူတို့သုံးယောက် ထမင်းစားနေခိုက်မှာပင် မန်းမော်သည် ဆွမ်းစားကျောင်းပေါ်မှ ပြေးဆင်းလာပြီး ရှိုက်ကြီးတငင် ဟစ်အော် ငိုပါလေတော့သည်။ မနီးမဝေးရှိ ဆရာတော် ဦးသိရိန္ဒသည် မန်းမော်ဆီသို့ လှမ်းသွားရင်း–

'ဟဲ့ မန်းမော်၊ ဘာဖြစ်သလဲ။ ဘာလို့ ဒီလောက် ငိုရတာလဲ'ဟု စိုးရိမ်တကြီး မေးလိုက်သည်။ မန်းမော်သည် ငိုသံကြီးဖြင့် ဖြေလိုက်ပုံမှာ–

'ငိုပါသော်ကော ဘုရား၊ စည်တိုလောက်ရှိတဲ့ ငါးရံ့တုံးကို သူတို့နှစ်ယောက်ထဲ လိုမ့်ယူသွားကြတာကိုး ဘုရား' ဟူ၍ ဖြစ်သည်။

## ဆရာကောင်း တပည့်

လှတောရွာဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ဖြစ်သည်။ ဆရာတော်ကြီးကို ဆွမ်းဝတ် ကွမ်းဝတ် ပြုစုပေးနေသော ကျောင်းသားလေးများ ရှိကြသည်။ တစ်နေ့တွင် ဆရာတော်ကြီးက ကျောင်းသားငယ်တစ်ဦးအား 'သောက်ရေတစ်ခွက် ကပ်စမ်း' ဟု စေခိုင်းလိုက်သည်။

ကျောင်းသားငယ်သည် ရေခပ်ပြီး ရေခွက်ကို ဆရာတော်ကြီးထံ ဂရုတစိုက် ယူလာစဉ် ဆရာတော်အပေါ် ရောက်ခါမှ ရေ အနည်းငယ် ဖိတ်ကျသွားရှာသည်။ ယင်းကို ဆရာတော်ကြီး မြင်လိုက်ရာ–

'အိုကွယ် ရေခပ်ခဲ့ပါ ဆိုနေမှပဲ၊ မင်းလက်က နံပြားဖုတ်တဲ့ တရုတ်လက်လို ယောက်ယက်ခတ်လာတာကိုးကွ' ဟု ငေါက်ငန်း ပြစ်တင်လိုက်သည်။ ဆရာ့တပည့်ပီသသူ ကျောင်းသားလေးက ပြန်လည်လျှောက်တင်လိုက်သည်ကား–

'အလိုလေး ပြောမှ ပြောရက်တယ် ဘုရား၊ တပည့်တော်မှာဖြင့် ရေ





မဖိတ်အောင် ခပ်ယူခဲ့ရတာများ ဓာတ်တော် ပင့်နေရသလား အောက်မေ့ရတယ်' ဟူ၍ ဖြစ်သတည်း။

## ဘုန်းကြီးချက် နက်လိုက်ပုံ

လှတောရွာ ဘုန်းကြီးကျောင်း အသီးသီးမှ ကျောင်းသားကလေးများသည် အလှူတစ်ခုတွင် တွေ့ဆုံကြသည်။ ပျော်ပျော်ပါးပါး ကစားကြရင်း ဟိုရောက် ဒီရောက် စကားစမြည် ပြောကြသည်။ ယင်းသို့ ပြောဆိုရင်း မိမိတို့ ဘုန်းကြီး၏ချက်မည်မျှလောက် နက်ကြောင်း အပြိုင်ပြောမိကြသည်။

ကျောင်းသားတစ်ဦး။ 'တို့ကျောင်းဘုန်းကြီး ချက် နက်လိုက်ပုံကတော့ကွာ၊ ကြမ်းပိုး ခုနစ်ကောင် အိမ်ထောင်ကျပြီး ချက်ထဲမှာပဲ ခိုအောင်းနေကြတယ်'

ကျန်တစ်ဦး။ 'အင်း ဒီလိုဆိုတော့ မင်းတို့ဘုန်းကြီး ချက်က အတော်နက်ပေသားပဲ။ ဒါပေတဲ့ တို့ဘုန်းကြီး ချက်လောက်တော့ မနက်သေးဘူးကွ ။ တစ်နေ့က တို့ဘုန်းကြီးက ကျောင်းသားတွေကို အနင်းခိုင်းနေတုန်း ကျောင်းသားတစ်ယောက် ချက်ထဲ လိမ့်ကျသွားလို့ စက်သီးတပ်ပြီး ဆယ်ယူလိုက်ရတယ်'

## ခံလိုက်ရသော ဗိုလ်ကြီး

လှတောရွာနှင့် ဝက်လက်မြို့သည် ခုနစ်မိုင်ဝေးကြောင်း၊ ကားလမ်းမှာ ကြမ်းတမ်းလှကြောင်း အထက်တွင် ဖော်ပြခဲ့ပြီ။

ဆောင်းအကုန် နွေအကူးလောက်က ဖြစ်၏။ ဗိုလ်ကြီးတစ်ယောက်သည် မော်တော်ဆိုင်ကယ်စီးပြီး လှတောမှ ဝက်လက်သို့ သွားလေသည်။ မော်တော်ဆိုင်ကယ်မှာ တော်တော် ဟောင်းနွမ်းနေဟန်တူသည်။ လမ်းကလည်း ကြမ်းလွန်း

သုံဖြင့် လှတောရွာကအထွက် ရွာနှင့်ခပ်လှမ်းလှမ်း လေသုံကွေ့နားတွင် ဆိုင်ကယ် ပျက်လေတော့သည်။

အနီးအနားတွင် နွားကျောင်းသားလေးများ ရှိကြသည်။ လှတောရွာသား လေးများ ဖြစ်ကြသည်။ ဗိုလ်ကြီး မော်တော်ဆိုင်ကယ် နှိုက်ချွတ်နေသည်ကို မြင်ကြ လျှင် နွားကျောင်းသားတို့သည် အနီးအပါးသို့ ချဉ်းကပ်သွားကြသည်။ ဗိုလ်ကြီး ပြုမူ လုပ်ကိုင်နေပုံများကို ရပ်ကြည့်နေကြသည်။

ဗိုလ်ကြီးသည် ဟိုနှိုက် သည်ချွတ် လုပ်လိုက်၊ ခြေထောက်ဖြင့် ဆောင့် ဆောင့် နင်းပြီး နှိုးလိုက်၊ တစ်ဖန် ပြန်ချွတ်လိုက်၊ နှိုးလိုက် လုပ်သည့်တိုင်အောင် စက်က မနိုး။ နေကပူ၊ စိတ်ကတိုနှင့် ချွေးများပင် ကျနေသည်။ ရလောက်ပြီ ထင်ပြန်လျှင် နင်းနင်းပြီး နှိုးကြည့်ပြန်သည်။ စက်ကား မနိုး။

အတော်ကြီးကြာလျှင် နွားကျောင်းသားလေးတစ်ယောက်က–

'အလိုလေး ဗိုလ်ကြီးရယ်၊ မောင်းထောင်းစားရင် တိုက်တောင် တည်ရ ပါပြီ' ဟု ပြောလိုက်လေသည်။

## ကျောင်းသားလေးချင်း ကျတော့

ယခု လှတောရွာတွင် အစိုးရအလယ်တန်းကျောင်း ဖွင့်ထားပါပြီ။ တွဲဖက် အထက်တန်းအဆင့်အထိ သင်ကြားပို့ချနိုင်ပါပြီ။ သို့သော် လှတောရွာသည် ပညာရေး အားပေးမှု နည်းနေသေးသည်။ လှတောရွာက လူကြီးများအချို့နှင့် ဆရာအုန်း စသူတို့ကပင် အထက်ပါအတိုင်း ပြောဆိုနေကြသည်။ ရွာရှိလူဦးရေနှင့် စာလျှင် ကျောင်းဆက်နေသူ အလွန်နည်းနေသေးသည်။

ကျောင်းတွင် လှတောသားဦးရေ နည်းသည်ကို တခြားရွာ ကျောင်းသား ကလေးများကလည်း သတိထားမိကြသည်။ အထင်လည်း အထိုက်အလျောက် သေးသည်ဟု ဆိုပါသည်။

ရာပြည့်စာအုပ်တိုက်



တစ်နေ့တွင် လှတောသား ကျောင်းသားလေးများနှင့် တခြားရွာသား ကျောင်းသားလေးများ စကားနိုင်လု ပြောကြသည်။ တခြားရွာသားလေးတစ်ဦးက 'မင်းတို့ လှတောသားတွေ ကျောင်းမှန်းကန်မှန်း သိကြတာ မဟုတ်ပါဘူး။ လှတော သားတွေ သေရင် အဝီစိမှာ လှတောရွာတစ်ရွာ တည်ရမှာ သေချာတယ်'ဟု နှိမ်ချ ပြောဆိုလိုက်သည်။

လှတောသားလေးတစ်ယောက်က ကောက်ကာငင်ကာပင်–

'အလိုလေး၊ လှတောသားက ကျောင်းမနေရပေတဲ့ အကုသိုလ် မရှိဘူးကွ။ မင်းတို့ ရွာသားတွေကသာ တစ်ရွာလုံး ငါးဖမ်းနေကြတာ။ ရေအိုင်တွေ့သမျှ ငါးပက်ကြလွန်းလို့ ကျောက်လမ်းပေါ်တောင် သေးမပေါက်ရဲအောင် ဖြစ်နေပြီ'ဟု ချေပလိုက်လေသည်။

## ဈေးဝယ်နှင့် ဈေးသည်

ကျောင်းရှိလျှင် ဈေးရှိမြဲပင်။ လှတောရွာ တွဲဖက်အထက်တန်းကျောင်းအနီး ကျောက်လမ်းဘေးတွင်လည်း သွားရည်စာဆိုင်၊ လက်ဖက်ရည်ဆိုင် စသည်တို့ ရှိကြသည်။ ကလေးသွားရည်စာဆိုင် တော်တော်များများ ပါဝင်သည်။ မုန့် များသလက်၊ မုန့်လက်ကောက်၊ မုန့်လင်မယား ဆိုင်များအပြင် အကြော်ဆိုင်များ လည်း ပါဝင်သည်။

ခေတ်ခါအလိုက်ပင် သွားရည်စာများလည်း ဈေးကြီးမြင့်လာကြသည်။ မုန့်သည်အချို့က ဈေးပိုယူကြသည်။ အချို့က ပစ္စည်းပမာဏကို လျှော့ချကြသည်။ ထို့ကြောင့် ငါးပြားတန်မုန့်ဆိုလျှင် အလွန်ပင် သေးသွားသည်။

လှတောကျောင်းသားလေးတစ်ဦးက သေးငယ်သော မုန့်ကို ကိုင်ကြည့်ရင်း ဈေးသည်ကို မေးလိုက်လေသည်။

'ဒေါ်ဒေါ်၊ ဒီမုန့်က ဘယ်လို ရောင်းတာလဲဗျ'

'တစ်ခု ငါးပြားကွယ်'

ရာပြည့်စာအုပ်တိုက်

'အလိုလေးလေး၊ ခင်ဗျားမုန့်က ငါးပြားစေ့နဲ့ တိုင်းလုပ်ထားတာပါလား'

ဈေးသည် အဒေါ်ကြီးသည် အနာပေါ် တုတ်ကျလိုက်သလို နာလိုခံခက်ဖြစ်သွားပုံရသည်။

'ဟဲ့ ဝယ်ချင်မှ ဝယ်၊ လျှာရှည်မနေနဲ့။ ဆန်ဈေးက ဘယ်လောက်ကြီးတယ် မှတ်လို့လဲ။ ဆန်ဝယ်မယ့်ပိုက်ဆံ ချက်စားရင် ထမင်းထက် အဆာပြေလိမ့်ဦးမယ်။ နင် သိလား'ဟု ဈေးပ ပြောဆိုလိုက်သည်။

## လက်ကောက်လား၊ လက်စွပ်လား

တခြား ကျောင်းသားလေးတစ်ဦး ပြောပုံကလည်း စိတ်ဝင်စားဖွယ် ကောင်းသည်ပင်။

ကျောင်းသားလေးသည် ကျောင်းလွှတ်ချိန်တွင် မုန့်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်လာသည်။ ထိုဆိုင်မှာ မုန့်လက်ကောက်ဆိုင် ဖြစ်နေလေသည်။ မုန့်လက်ကောက်များမှာ အလွန်သေးငယ်နေသည်ကို တွေ့လိုက်ရသဖြင့် ရုတ်ခြည်းပင် ကျောင်းသားလေးပါးစပ်မှ–

'အလိုလေးဗျာ၊ မနဲ့လေး လက်စွပ်တွေ ဒီဗန်းထဲ လာပုံထားပါလားဗျို့'ဟု အော်ညည်းလိုက်လေသည်။

## မီးခြစ် လိုသလား

လှတောရွာ အထက်တန်းကျောင်းမှ ဆရာအချို့သည် စာမေးပွဲ နီးလာပြီ ဖြစ်သဖြင့် အချိန်ပိုသင်တန်းများ ခေါ်ယူပို့ချ ပေးနေကြသည်။ ဆရာမ ဒေါ်မြမြဝင်းကမူ ပိုမို အပင်ပန်းခံ သင်ပေးရှာသည်။ ဆရာ ဆရာမများက စိတ်အားထက်သန်စွာ သင်ပေးကြသော်လည်း ကျောင်းသားများအဖို့မူ ထိုင်ရလွန်း၊ သင်ရလွန်းသဖြင့် ငြီးငွေ့နွမ်းနယ်လာကြသည်။ လူငယ်ကျောင်းသားတို့ သဘာဝအတိုင်း ဆရာမကိုလည်း အပြစ်တင် ငြိုငြင်လာကြသည်။ ဆရာမ အတန်းလွှတ်ပေးလိုက်သည်နှင့်





တစ်ပြိုင်နက် ကျောင်းသားများသည် အခန်းအပြင်သို့ လိမ့်မိုန်ထွက်လာကြသည်၊ ထိုစဉ် အပြင်ဘက်ရှိ ကျောင်းသားတစ်ယောက်က–

'မင်းတို့ဆရာမက ဘာယ်လုပ်လိုက်ပါလဲကွ' ဟု ချီးကျူးသလိုလို ပြောဆိုလိုက်ရာ မျက်နှာရှုံ့တွလာသူ ကျောင်းသားတစ်ဦးက အောက်ပါအတိုင်း ဖြေကြားလိုက်လေသည် ဟူ၏။

'အားလို့လေး၊ ဆရာမ သင်လိုက်ပုံကတော့ မပြောလိုက်ချင်တော့ပါဘူးကွာ။ ဆေးလိပ် မီးတို့ချင်ရင် ငါ့ဖင် လာတို့ကြပါတော့။ ထိုင်ရလွန်းလို့ ဖင်အခွက်က မီးထွက်နေပါပြီ'

## ပါးစပ် ကျယ်လိုက်ပုံ

အလျှုအိမ်တစ်အိမ်က ထမင်းရုံထဲတွင် ကလေးများကို ထမင်းကျွေးနေစဉ်က ဖြစ်သည် ဆိုပါသည်။

– ကလေးတစ်ယောက်က အသားတုံးကြီးကြီးများကို သူ့များထက် ဦးအောင် ကောက်ကာငင်ကာ ဆယ်ယူ စားသောက်နေလေသည်။ ဤသို့ အခွင့်အရေး ယူဖန်များလာသည်ကို သည်းမခံ၊ ခွင့်မလွှတ်နိုင် ဖြစ်လာသောအခါ ကလေးတစ်ယောက်က–

'မင်းပါးစပ် ကျယ်လိုက်ပုံကတော့ ဆင်နှစ်ကောင် ဂျွမ်းပစ် ဝင်ရင်တောင် အာမထိ လျှာမထိ နေဦးမယ်' ဟူ၍ ရှုတ်ချလိုက်လေသည်။

## ဆေးပင်စခန်းနှင့် ဆေးဝန်ထမ်း

လှတောရွာတွင် ကိုယ်ထူကိုယ်ထ ဆေးပေးခန်း ဖွင့်သောနေ့က ဖြစ်သည်။ မြို့နယ်ကျန်းမာရေးဌာနက ပုဂ္ဂိုလ်များ၊ ကျေးရွာလူကြီးများ၊ ဧည့်သည်တော်များသည် ဆေးပေးခန်းဖွင့်ပွဲ အခမ်းအနားသို့ စုံစုံညီညီ ရောက်ရှိနေကြပေပြီ။ လှတောရွာမှ ကလေး လူကြီးများလည်း စုရုံးရောက်ရှိ ကြည့်ရှုနေကြပေပြီ။ ဖွင့်ပေးရန် တာစူ

နေ့စဉ် ပရိသတ်ထဲမှ ကလေးများ အချင်းချင်း ပြောဆိုနေသံများကို ကြားကြရလေသည်။

'အလိုလေး၊ ဆေးခန်းကြီးက တယ်ကြီးလိုက်ပါလား'

'ကျယ်ဆိုကွာ၊ ဆင်လင်မယား ဂျွမ်းထိုးဝင်လို့တောင် ရတယ်ကွ'

'အခန်းက ဘယ်လောက်ကျယ်ကျယ်ကွာ ဆေးမရှိဘဲနဲ့ ဘာသွားလုပ်မှာတဲ့လဲ'

'အိုး ဒီဆေးခန်းအတွက် နန္ဒင်းတက်ကို မြင်းမိုရ်တောင်ထိပ်မှာ စိုက်နေပြီဆိုပဲကွ'

'ဟော့ ချာတိတ်တွေ၊ တိတ်တိတ်နေကြစမ်း။ တောပြော တောင်ပြောနဲ့'

ကလေးများ၏ စကားက သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့အတွက် မျက်နှာပျက်စရာ ဖြစ်လာသဖြင့် လှတောရွာ လူကြီးတစ်ဦးက ဝင်ရောက်ဟန့်တားလိုက်ခြင်း ဖြစ်သည်။ ခေတ္တမျှ စကားတိတ်သွားသော်လည်း ခဏအကြာမှာပင် ကလေးများ၏ ဝေဖန်သံ ကြားကြရပြန်သည်။

'ဆေးက ရှိတယ်ထားပါဦး။ သူနာပြု ဆရာမကကော ဘယ်မှာတဲ့လဲ'

'အိုကွာ၊ ဆရာမ လုပ်မယ့် မိန်းကလေးက အခု မူလတန်းကျောင်းမှာ သူငယ်တန်းတောင် ရောက်နေပြီ ဆိုပဲကွ'

ကြားကြရသော လူကြီးများမှာ မျက်နှာ ထူပူသွားသည်။ ထို့ကြောင့် ကြိမ်းမောင်းမာန်မဲ လွှတ်လိုက်ကြလေသည်။

'ဟော့ ကလေးတွေ၊ သွားကြ။ ဒီနား တစ်ယောက်မှ မနေကြနဲ့။ ငါ အကုန် ရိုက်လွှတ်လိုက်မယ်'

## အမေ့ကျိန်စာ သားလိမ္မာ

လှတောသူ ကလေးမိခင်တစ်ဦးမှာ ကလေးက များ၊ စီးပွားရေးက မပြေလည်၊ ယင်းကလေးများမှာလည်း ပြောမရ ဆိုမရ၊ တစ်ယောက်တစ်မျိုး ဆိုးလိုက်ပေလိုက်ပူဆာလိုက်။ ထို့ကြောင့် ဤသို့ ညည်းတွားလိုက်သည် ဆိုပါသည်။

ရာပြည့်စာအုပ်တိုက်



'မင်းတို့နဲ့တော့ ငါ စိတ်ညစ်လှပါပြီကွယ်။ ရောဂါပိုးမျိုးစုံကိုသာ ၁၂ မျိုး ဂျင်းသုပ် လုပ်စားလိုက်ချင်တော့တာပဲ'

ဤတွင် သားလိမ္မာတစ်ယောက်က အားပေးစကား ပြောကြားလိုက်သည်ကား–

'ဂျင်းသုပ်များ နှင်နေရင် ပြောပါအမေ။ ဝါဆေးကော်ဖီလေး တစ်ခွက်လောက် ဖျော်တိုက်စမ်းချင်လို့ပါ 'ဟူသတည်း။

**(ဝါဆေး = ဝါပိုး သတ်သည့်ဆေး)**

## ဓီးတဲ့ ရေ၊ ဆည်တဲ့ တန်သင်း

လူတို့သဘာဝသည် တစ်ခါတစ်ရံသာ တွေ့ကြုံရသော အဖြစ်အပျက်မျိုးကို မှတ်မိနေတတ်ကြသည်။ ဆန်းဆန်းပြားပြား ဖြစ်သော ဖြစ်ရပ်များကိုလည်း မှတ်မိနေတတ်ကြသည်။ နေ့စဉ် ကြုံတွေ့နေရသော ကိစ္စမျိုး၊ ဖြစ်ရိုးဖြစ်စဉ် ကိစ္စမျိုး၊ ဆန်းပြားမှု မရှိသော ကိစ္စမျိုးကိုမူ မှတ်မိခဲတတ်ကြလေသည်။

လှတောသားတို့သည် မိမိတို့ သုံးနှုန်း ခိုင်းနှိုင်းခဲ့သည်များကို မှတ်မှတ်သားသား ထားရှိသူ လွန်စွာ ရှားပါးလှသည်။ ဤသို့ဖြစ်ရသည်မှာ မိမိတို့ သုံးနှုန်းနေကြသော အခိုင်းအနှိုင်းများကို မိမိတို့အဖို့ မဆန်းသောကိစ္စ၊ ဖြစ်ရိုးဖြစ်စဉ်ကိစ္စအဖြစ်သာ သဘောထားသဖြင့် ဖြစ်ကြောင်း သိသာပါသည်။ လှတောသားတို့၏ အခိုင်းအနှိုင်း၊ အသုံးအနှုန်းများသည် သူစိမ်းတစ်ရံဆံများအဖို့ ဆန်းပြားထူးဆန်းနေကောင်း နေမည် ဖြစ်သော်လည်း လှတောသားတို့ အဖို့မှာမူ "ရွာနားမြက် ရွာနွား မမက်"ဆိုရိုးကဲ့သို့ ထမင်းစားရေသောက် ကိစ္စများလောက်သာ သဘောထားကာ အမှုမဲ့ အမှတ်မဲ့ ပစ်ထားခြင်းကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ယင်းအသုံးအနှုန်းများကို စုဆောင်း မှတ်သားလိုသူများက လှတောရွာသို့ သွားရောက် မေးမြန်းသောအခါတွင် ထင်သလောက် မလွယ်ဘဲ အခက်အခဲနှင့် ကြုံရပါတော့သည်။ 'သုံးတော့ သုံးနေကြတာပါပဲ။ မှတ်တော့

ရာပြည့်စာအုပ်တိုက်

မထားမိပါဘူး' ဟူသော ပေါ့ပေါ့ဆဆ အဖြေများကိုသာ ထပ်တလဲလဲ ကြားနေရ ပါတော့သည်။

စင်စစ် ခိုင်းနှိုင်းသုံးစွဲခဲ့ကြသော စကားပဒေသာရှင်တို့က မေ့ပျောက်ဘတ် သော်လည်း ခိုင်းနှိုင်းထိုးနက်ခြင်း ခံလိုက်ရသောသူ၊ ကိုယ်တိုင် ကြားနာလိုက်ဖူး သောသူ၊ တစ်ဆင့် ကြားဖူးလိုက်သော သူတို့ကမူ အရိုးစွဲကာ အသည်းခိုက်နေတတ် ကြသည်။

လှတောသားများနှင့် တွေ့ကြုံ ဆက်ဆံနေရသူများမှာ ပတ်ဝန်းကျင်ရွာ များ ဖြစ်ကြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများအရ ဆက်ဆံနေကြရသည်။ ထိုရွာသားများကမူ တစ်ဆင့်ကြားဖူးသော လှတောစကား၊ မိမိတို့ကိုယ်တိုင် ကြားဖူးသော လှတောစကား၊ မိမိတို့ကိုယ်တိုင် ခံခဲ့ရဖူးသော လှတောစကားများကို မှတ်မိနေတတ်ကြပါသည်။

ထို့ကြောင့် ကျွန်တော်သည် လှတောရွာမှာ လေ့လာရုံနှင့်သာ မတင်းတိမ် နိုင်တော့။ လှတောရွာနှင့် ထိစပ်ဆက်သွယ်နေသော ကျီးကန်ရွာ၊ ရွှေကျင်ရွာ၊ ရေထွက်ရွာ၊ ပင်းဆည်းရွာနှင့် ဝက်လက်မြို့၊ ရွှေဘိုမြို့များသို့ ကိုယ်တိုင် သွား ရောက် ရပါတော့သည်။ ယင်းမြို့များသို့ သွားရောက်ရခြင်းသည် သွားရကျိုး နပ်သည်ဟု ဆိုရပါမည်။ ဆန်းဆန်းပြားပြား အသုံးအနှုန်းများကို တစ်ဦးမဟုတ် တစ်ဦး မှတ်မိနေတတ်ကြပါသည်။ စိတ်ဝင်စားစွာဖြင့်လည်း ပြန်လည် ပြောပြကြ ပါသည်။ ကျွန်တော်တို့ နားထောင်ကြည့်ကြပါစို့။

## မြေဈေးနဲ့ ငွေကြေး

လှတောသားတစ်ဦး၏ လယ်မြေတစ်ကွက်သည် ပင်းဇင်း (ပင်းဆည်း) ရွာခြေနား တွင် ရှိသည်။ လှတောသားသည် ထိုလယ်သို့ နှစ်စဉ် လာရောက် ထွန်ယက် လုပ်ကိုင်နေသဖြင့် ထိုမြေဝန်းကျင်ရှိ ပင်းဇင်းလယ်သမားတို့နှင့် ရင်းနှီးနေသည်။





တစ်နှစ်တွင် မိုးဦးကျ၍ လယ်တွေ စကြသောအခါ လှတောသားလည်း မိမိ လယ်မြေသို့ လာရောက် ထွန်ယက်လေသည်။ လှတောသား၏ လယ်ကွက်နှင့် ကပ်လျက်ရှိသော လယ်တစ်ကွက်တွင် မိမိ မသိသည့် လူစိမ်းတစ်ယောက် ထွန်နေ သည်ကို လှတောသားက သတိထားမိသည်။ ထို့ကြောင့် ခဏတစ်ဖြုတ် ထွန်နား သောအခါ ထိုလူစိမ်းထံ သွားရောက် နှုတ်ဆက်ရင်း–

'ဒီလယ်ကွက်ပိုင်ရှင် ကိုအဂ္ဂာတစ်ယောက် မလာပါလားဗျ။ နေထိုင်များ မကောင်းလို့လား'ဟု အကဲခတ် မေးစမ်းကြည့်လိုက်သည်။

'နေထိုင်မကောင်းလို့ မဟုတ်ပါဘူး။ ဒီမြေကွက်ကို ကျွန်တော်က ဝယ်ယူ လိုက်လို့ပါ။ ကျွန်တော့်ကို ရောင်းလိုက်တယ်လေ'

'ဟုတ်လား။ အရောင်းအဝယ် ဖြစ်ကြတာတောင် ကျွန်တော် မသိလိုက် ဘူး။ နို့ နေစမ်းပါဦး၊ ဒီလယ်ကွက်ကို ဝယ်လိုက်တော့ ဘယ်လောက်များ ပေးလိုက်ရပါလိမ့်'

'၁၂၀၀ ကျပ် ပေးလိုက်ရတယ်'

'အားလို့လေး၊ လယ်မြေဈေးကလည်း ဘုရားကျောင်းတော် ဇေတဝန် မြေဈေးထက် ကြီးနေပါပေါ့လား'ဟု ပြောလိုက်သဖြင့် လှတောသား သဘာဝကို သိထားသော လူစိမ်းလယ်ရှင်သည် နှစ်နှစ်ခြိုက်ခြိုက် ပြုံးရယ်နေမိပေတော့သည် ဆိုပါသည်။ ခဏကြာသောအခါ လှတောသားကပင် ခပ်အေးအေးလေသံ ဖြင့်–

'အင်းလေး ဟုတ်ပေမှာပဲ။ ငွေစက္ကူတန်ဖိုးကလည်း ဘာမှ ရှိတော့တာ မဟုတ်ပဲဘဲ။ ဟင်းရွက်သည်ကတောင် ဟင်းရွက်နဲ့ ငွေစက္ကူကို နှန်းချင်း (ဆတူ) ချိန်ရောင်းချင်နေတဲ့ အခါပေကို' ဟူ၍ ညည်းတွားလိုက်ပါသေးသည်။

**(မှတ်ချက်။ မြတ်စွာဘုရားသခင်အတွက် ကျောင်းတော် ဆောက်လုပ်လှူဒါန်းရန် ဇေတဝန် ဥယျာဉ်မြေကို ဝယ်ယူသောအခါ မြေ အကျယ်အဝန်းနှင့် ညီမျှသော ငွေများကို ဖြန့်ခင်းပေးရသည်ဟု ဗုဒ္ဓဝင်တွင် ပြဆိုထားပါသည်။)**

## နွား ဝယ်မိလို့

ဂျပန်ခေတ်က ဖြစ်သည်။ လူတောသားတစ်ဦးသည် စပါးလှည်းကို ရွာတော်ကုန်း ရွာတွင်းက ဖြတ်မောင်းစဉ် ရွာထဲရှိ ရွံ့ဗွက်တစ်ခုတွင် လှည်းနစ်၍ နေတော့သည်။ နွားများကို ခြောက်ချီတစ်ခါ၊ ချော့ချီတစ်လှည့်၊ ရိုက်နှက်၍တစ်ဖုံ မျိုးစုံအောင် မောင်းနှင်သော်လည်း နွားများမှာ တလူးလူး တလွန့်လွန့်ဖြင့် ဗွက်လွတ်အောင် မရုန်းနိုင်ကြတော့ပေ။

ဗွက်နစ်နေစဉ် ရွာတော်ကုန်းသားများသည် လှည်းနားက ဖြတ်သန်းသွားရင်းဖြင့် လည်းကောင်း၊ လှည်းနားတွင် ရပ်လျက် လက်ပိုက် ကြည့်ရင်းဖြင့် လည်းကောင်း အမျိုးမျိုး ဝေဖန်နေကြသည်။

'နွားနှယ် ညံ့ရန်ကောကွာ၊ ဒီဗွက်လောက်မှ မရုန်းနိုင်ရင် နွားလုပ်မနေပါနဲ့တော့' ဟူ၍ တစ်မျိုး။

'နွားနှယ်ကွာ ပုဆိန်နဲ့သာ ပေးစားလိုက်ဖို့ ကောင်းတော့တာပါပဲ' ဟူ၍ တစ်ဖုံ၊ တစ်ယောက်လာ တစ်မျိုး၊ နောက်တစ်ယောက်လာ တစ်မျိုး အမျိုးမျိုး ပြစ်တင် ဝေဖန်နေကြသည်။

ဒုက္ခရောက်နေသူကို ကူညီရကောင်းမှန်းတော့ မသိ။ အပြစ်တင်ဖို့သာ သိတတ်သော ရွာသားတွေပဲဟု အောက်မေ့ကာ လူတောသားသည် တော်တော် ချဉ်နေလေသည်။ ထိုသို့ ငြိုငြင်အံခဲနေစဉ်မှာပင် ရွာတော်ကုန်းသား တစ်ယောက်က –

'ဒီလောက်တော့ကွာ နွားဆိုတာကို မပြောနဲ့တော့၊ လူတောင် ရုန်းနိုင်ပါ သေးတယ်ကွာ' ဟု အာပေါင်အာရင်း သန်သန်ဖြင့် နှိမ်ချလိုက်လေသည်။ လူတော သားသည် နှိမ်ချလိုက်သူ၏ လေသံမျိုးဖြင့်ပင် ပြန်လည် ချေပလိုက်လေသည်။

'အဲဒါကြောင့် ပြောတာပေါ့ဗျာ၊ နွားဝယ်စဉ်တုန်းက ကျုပ် အဖေ့ကို အကြိမ်ကြိမ် ပြောပါတယ်။ နွားမဝယ်ပါနဲ့။ ရွာတော်ကုန်းသားကို ဝယ်ပေးပါလို့၊ အဖေ့ကြောင့် ဒီလိုဖြစ်ရတာ' ဟူ၍ ဖြစ်ပါသည်။





## ခွေးမျိုးကောင်း

ပင်းဇင်းဆည်ကြီး မရှိခင်က ပင်းဇင်းရွာ မြောက်ဘက်တစ်ဝိုက်၊ အနောက်ဘက် တစ်ဝိုက် ဒေသသည် တောကောင်းသောဒေသ ဖြစ်သည်။ သားငှက်တိရစ္ဆာန်များ နှင့်တကွ တောကောင်များ အလွန်ပေါခဲ့လေသည်။ တစ်နေ့တွင် လူတောသား တစ်ယောက်သည် ခွေးတစ်ကောင်နှင့် ပင်းဇင်းရွာအနီးသို့ ရောက်လာသည်။ ခွေးမှာ သေးကွေးကြုံလှီလှသဖြင့် တောလိုက်ခွေးနှင့် မတူ။ လမ်းဘေး ခွေးဝဲစားလေးနှင့်သာ တူလေသည်။ ထိုအခြင်းအရာ၊ ထိုအခြေအနေကို ပင်းဇင်းသား တစ်ဦးက မြင်မိသည်။

'ဟေ့ မောင်ရင်၊ ခွေးတစ်ကောင်၊ ဓားတစ်လက်နဲ့ တောကစားထွက်ဖို့ စိတ်ကူးလာသလားကွယ့်' ဟု မေးကြည့်သည်။

'စိတ်ကူးလာတာ မဟုတ်ပါဘူး။ အလှူတစ်ပွဲစာအတွက် ယုန်တစ်လှည်း တိုက် အာမခံနဲ့ ထွက်ခဲ့တာပါ'

'အလိုလေး မောင်ရင်ရယ်၊ မောင့်ခွေးမျိုးနဲ့တော့ တို့တောကို မချဉ်းကပ်ဖို့ သတိပေးလိုက်ပါရဲ့ကွယ်။ တို့တောက ယုန်တွေက မောင်ရင့်ခွေးလောက်တော့ အမြီးနဲ့ ဝိုင်းပုတ်တာနဲ့ ခွေးသေမလှ ဖြစ်လိမ့်မယ်။ လူကြားမကောင်း မဖြစ်အောင် တားလိုက်ပါရစေ မောင်ရင်'

'အင်း ခင်ဗျားက ကျုပ်ခွေးအကြောင်း မသိသေးဘူး ထင်ပါတယ်။ ဒီခွေးအမေနဲ့ ဒီတောကို အကြိမ်ကြိမ် လိုက်ခဲ့ဖူးပြီကော။ ခွေးခြေခံကာ ဖတ်တတ်တဲ့ တောကောင်တွေကတော့ ဒီတောက ပြောင်းသွားကြပြီလေ။ ဒီခွေးရဲ့အမေ ခွေးမကြီး ကိုယ်လေးလက်ဝန် ရှိနေတုန်း ဟင်းစားလေးပြတ်တာနဲ့ ခွေးမကြီးနဲ့ပဲ တောဝင်ခဲ့မိ တယ်။ ခွေးမကြီးက ယုန်တစ်အုပ်ကို တဟုန်ထိုး လိုက်အုပ်ရာမှာ ရှူးငုတ်နဲ့ဗိုက် တိုက်မိပြီး ဗိုက်ကွဲသေဆုံးသွားရှာတယ်။ ဗိုက်ထဲက ခွေးလေးတွေက ခွေးမကြီး လိုက်နေတဲ့ ယုန်ကို ဆက်လိုက်လိုက်ကြတာ ချောက်တစ်ချောက်တောင် မခုန် လိုက်ရဘူး၊ ခွေးလေးပါးစပ်ထဲ ယုန်ကြီးဟာ အခွေသား လဲရတော့တာပါပဲ။

ရာပြည့်စာအုပ်တိုက်

အခု ဒီခွေးလေးဟာ ဗိုက်ကွဲတုန်းက မွေးလာတဲ့ ခွေးငယ်တစ်ကောင်ပေါ့ဗျ’ဟု ပြောလိုက်ရာ ပင်းဇင်းသားမှာ လူတောသားဆိုရင် လူလိမ္မာ၊ လူကုံထံ မဆိုထားဘိ၊ မုဆိုးကတောင် အာစွမ်းလျှာစွမ်း ပြနိုင်ပေတာပဲဟု စိတ်ကူးမိရင်း ခပ်မဆိတ် နေလိုက်ရသည်။ ထိုသို့ နေစဉ်မှာပင် လူတောသား မုဆိုးက–

သေသွားတဲ့ ခွေးမကြီးကို သနားတာနဲ့ ခေါင်းဖြတ်ပြီး အိမ်ယူလာခဲ့မိတယ်။ အိမ်ကလှည်းပေါ်မှာ ခွေးခေါင်းကို နေလှန်းထားမိကာ၊ ခွန်တစ်ကောင်က အစာအမှတ်နဲ့ လာသုတ်လိုက်တဲ့အခါ ခွေးခေါင်းက ဖမ်းဟပ်ထားလိုက်တာနဲ့ အဲဒီ နေ့က ထမင်းပွဲမှာ ယုန်သားဟင်းချိုနဲ့ ခွန်သားကင်၊ ထမင်းဝင်လိုက်တာ မပြောပါနဲ့တော့’ဟု ခွေးငှိုကာ ထပ်ဆင့်ချဲ့ထွင် နေပြန်လေသည်။ ပင်းဇင်းသားမှာ ‘တိုက်လိုက်တဲ့ လူတောလေဟဲ့၊ ကြာကြာနေ လေရိုက်လို့ ငါလဲတော့မယ်’ဟု အောက်မေ့ကာ လူတောသားအပါးမှ ခပ်မြန်မြန် ခွာခဲ့ရသော ဟူ၏။

## ဝါလိုက်ပုံက ထရံရုံ၊ လဲလိုက်ပုံက အတုံးအရုံး

တစ်ချိန်က လူတောရွာ အပါအဝင် ဝက်လက်နယ် အများအပြားကို သောင်းကျန်းသူများ သိမ်းပိုက်ထားခဲ့ဖူးသည်။ ယင်း နယ်မြေများကို အစိုးရတပ်က ပြန်လည် သိမ်းပိုက်ပြီးသောအခါ နယ်မြေ လုံခြုံရေးအတွက် ပြောက်ကျားတပ်များကို တာဝန် ပေးထားသည်။ သို့သော် သောင်းကျန်းသူများသည် ဒွန်တဲကုန်း (ထွန်တဲကုန်း) စသော လမ်းအနောက်ဘက် ကျေးရွာများကို ခြေကုပ်ယူထားကြပြန်သည်။ အစိုးရ နယ်မြေ ကျေးရွာများကိုလည်း ခဏခဏ လာရောက် နှောင့်ယှက်တတ်ကြသည်ဟု ဆိုပါသည်။

တစ်ခါသော် လူတောရွာ သိမ်ဦးကျောင်း ဘုန်းတော်ကြီးတစ်ပါး ပျံလွန်တော်မူလေသည်။ ဘုန်းကြီးပျံပွဲကို တခမ်းတနား ကျင်းပကြသည်။ ဇာတ်ပွဲများလည်း ထည့်သွင်းကပြကြသည်။ တောရွာများတွင် ဘုန်းကြီးပျံပွဲရှိက ပွဲထိန်းသိမ်းရေး တာဝန်ကို ရဟန်းတော်များက တာဝန်ယူ ထိန်းသိမ်းလေ့ ရှိကြသည်။ သိမ်ဦး





ကျောင်း ဘုန်းကြီးပျံပွဲတွင်လည်း ရဟန်းတော်များက တာဝန်ယူကြလေသည်။ ဘုန်းကြီးပျံပွဲ စည်ပင်သာယာရေး၊ ပရိသတ်ငြိမ်ဝပ်ပိပြားရေးများကို ရဟန်းတော်များက ဂရုတစိုက် ကြပ်မတ်ပေးကြသည်။ ကြပ်မတ်ပေးရုံသာမက အမူးသမား၊ အဖျက်သမား၊ လူဆိုးလူရမ်းကားတို့၏ ရန်က အကင်းရှင်းဆုံး ဖြစ်စေရန် ရဟန်းတော်များသည် တုတ်လက်နက် အသီးသီး ကိုင်ဆောင်လျက် ဇာတ်ခုံပေါ် တန်းစီတက်လာကြသည်။ ရဟန်းတော်တစ်ပါးက–

‘ပွဲခင်းကို မိမိတို့ ရဟန်းတော်အဖွဲ့က အုပ်ချုပ်မည်ဖြစ်ကြောင်း၊ ပျံလွန်တော်မူသွားရှာသည့် မိမိတို့ ဆရာတော်ကြီး၏ မျက်နှာတော် ကျေးဇူးတော်ကို ထောက်ထားသဖြင့် ပွဲသဘင် သာယာရေးကို ရှေးရှုကူညီသင့်ကြကြောင်း၊ ဖျက်လိုဖျက်ဆီးလုပ်သူများကို မိမိတို့က ပြင်းပြင်းထန်ထန် အရေးယူ ဆုံးမမည် ဖြစ်ကြောင်း၊ အရပ်သားကို မဆိုထားနှင့် လက်နက်ကိုင်များကိုပင် ဆုံးမမည် ဖြစ်ကြောင်း၊ ပွဲခင်းတစ်လျှောက်တွင် မည်သည့်လက်နက်ကိုမျှ ကိုင်ဆောင်ခွင့် မရှိကြောင်း၊ မိမိတို့ ရဟန်းတော်ဆိုသည်မှာ ခြေသလုံးအိမ်တိုင် ဖြစ်သဖြင့် သံယောဇဉ် မရှိကြောင်း၊ မျက်နှာလိုက် ငဲ့ညာစရာ မရှိကြောင်း၊ ထို့ကြောင့် ပွဲခင်း အေးချမ်းမှုအတွက်ဆိုလျှင် အသက်ကို ပဓာနမထားဘဲ အကာအကွယ်ပေးမည် ဖြစ်ကြောင်း’များကို တကက်တကက်ကြွကြွ ကြေညာထားလိုက်သည်။ ကြေညာပြီးနောက် တုတ်လက်နက် တကိုင်တိုင်နှင့် ပွဲခင်းတွင်း လှူးလာပြန်ခတ် သွားလာ စောင့်ရှောက်နေကြသည်။

အရက်သမားများနှင့် လူငယ်တချို့တို့မှာမူ စိတ်ထင်တိုင်း လွတ်လပ်ခွင့် မရ၊ ပျော်ရွှင်ခွင့် မရ၊ ရမ်းကားခွင့် မရှိသဖြင့် ရဟန်းတော်များအပေါ် မလိုတမာ ဖြစ်နေကြသည်။ မကျေမချမ်း ဖြစ်နေကြသည်။ သို့သော် မည်သို့မျှ မတတ်နိုင်။ လက်မှိုင်ချနေ ကြရသည်။

ညဉ့်နက်၍ လာလေပြီ။ ပွဲထွက်ချေတော့မည်။ ပရိသတ်သည် ဇာတ်ခုံဘက်သို့ အထူး အာရုံစိုက်နေကြလေပြီ။ ပွဲထွက်ခရာပင် မှုတ်လေပြီ ထင်၏။

သောင်းကျန်းသူများသည် ပွဲပျက်အောင် တမင်လုပ်လိုက်လေသလား မသိ၊ ပွဲခင်း ခပ်လှမ်းလှမ်းဆီမှ သေနတ် သုံးလေးချက် ပစ်ဖောက်လိုက်ကြသည်။ သေနတ်သံ ကြားလိုက်သည်နှင့် တစ်ပြိုင်နက် တုတ်ကိုင် ရဟန်းငယ်များသည် ဟိုပြေးသည်လွှား ပြုကြသည်။ အချို့ရဟန်းများက ကွပ်ကဲထိန်းသိမ်းကြ၊ အချို့က ပြေးကြ၊ ပုန်းကြ၊ ဝပ်ကြ၊ မှောက်ကြသဖြင့် ရုတ်တရက် ကိုယ်ရှောင် ပျောက်ကုန်ကြသည်။

ထိုအခါ ပွဲလယ်ရှိ အမူးသမားတစ်ယောက်က မတ်တတ်ရပ် လက်သီးလက်မောင်းတန်းပြီး ကြွေးကြော်လိုက်သည်ကား–

'အားလိုလေးလေးဟဲ့၊ ဘယ်လက်နက်ကိုင်မဆို ပြင်းပြင်းထန်ထန် ဆုံးမလိုက်မယ်လေး၊ အသက်စွန့် ကာကွယ်မယ်လေးနဲ့ ကြွားလိုက်ဝါလိုက်ကြတာ။ ခုတော့ သေနတ်သံလေး ဖျောက်ဖောက်သံလောက် ကြားရရုံနဲ့ ပြေးလိုက်၊ လွှားလိုက်၊ ပုန်းလိုက်၊ ဝပ်လိုက်ကြတာ လိမ္မော်သီးဗန်း မှောက်ကျလိုက်တဲ့ အတိုင်း ပါပဲ' ဟူ၍ ဖြစ်ပါသတည်း။

ရွှေကျင်ကျောင်းသစ် ဦးပဥ္စင်းတစ်ပါးက အထက်ပါအတိုင်း အမိန့်ရှိလိုက်ပါသည်။

## အဝယ်တော်မင်း ဝဋ်ဒုက္ခ

လူတောရွာ သမဝါယမအသင်းက အဝယ်တော် ကိုကျီးညိုသည် မြို့နယ် ကုန်သွယ်ရေးမှ ပစ္စည်းများ ဝယ်ယူရန် ဝက်လက်မြို့သို့ သွားရောက်ရသည်။ ထိုနေ့က စနေနေ့ ဖြစ်ပါသည်။ အဝယ်တော်သည် ငွေလက်ခံရာဌာန၌ ငွေများကို ဦးစွာသွင်းပြီး၍ ငွေပြေစာများ ရရှိသောအခါ ကုန်ထုတ်ရမည့် နေရာကို ညွှန်ပြပါရန် ငွေလက်ခံဌာနကို မေးမြန်းကြည့်သည်။ လက်ခံစာရေးကလည်း စိတ်ရှည်လက်ရှည်ဖြင့် ပစ္စည်းအမျိုးအမည်နှင့် တကွ ပြေစာများကို ခွဲခြားပေးလျက်–

ဒီပစ္စည်းက မြို့တောင်ပိုင်းက ဂိုဒေါင်မှာထုတ်၊





ဒီပစ္စည်းက မြို့လယ်ဈေးနားက ဆိုင်မှာထုတ်၊

ဒီပစ္စည်းက မြို့မြောက်ပိုင်းက ဂိုဒေါင်မှာထုတ်၊

စသည်ဖြင့် အကွဲကွဲအပြားပြား ဒေသများကို ညွှန်ပြပေးရှာသည်။

အဝယ်တော် ကိုကျီးညိုသည် တွေငိုင်သွားလေပြီ။ အချိန်ကလည်း ၁၁ နာရီ ထိုးပြီးနေလေပြီ။

'ရုံးပိတ်ချိန်ကလည်း နီးနေပြီဗျ။ ဒီပစ္စည်းတွေကို တစ်နေရာတည်းမှာ ထုတ်လို့ မရနိုင်ဘူးလား'

'မရနိုင်ပါဘူး။ ဆိုင်ရာဆိုင်ရာ ဂိုဒေါင်တွေထဲမှာပဲ ထုတ်ရပါမယ်'

လူတောသားခမျာ ဤသို့ ညည်းတွားရင်း သုတ်ခြေတင်ရပါလေတော့သည်။

'အလိုလေးဗျာ၊ အချိန်မီ ပစ္စည်းတွေရအောင် ထုတ်ယူဖို့နည်းကတော့ ခွေးမဖင် သစ်ခေါင်းပျား ဝိုင်းလိုက်လို့ ပြေးတဲ့ နှုန်းနဲ့ ပြေးလေမှ ဖြစ်တော့မှာပါပဲ'

## မစို့ မပို့၊ တစ်တို့ နှစ်တို့

စားကုန်သောက်ကုန်များကို သမဝါယမက မကိုင်တွယ်ခဲ့မီက (ပ–ပ–က) မှ ဆန်၊ ဆီ များကို တာဝန်ယူ ဖြန့်ဖြူးပေးခဲ့သည်။ သို့ရာတွင် ဖြန့်ဖြူးပုံ စနစ် မကျသေးသဖြင့် လည်းကောင်း၊ ဆိုင်ရာဝန်ထမ်းတို့ မကျွမ်းကျင်သေးသဖြင့် လည်းကောင်း၊ တချို့ မရိုးသားကြသဖြင့် လည်းကောင်း လူထု လက်ထဲသို့ လိုသလောက် မရောက်ဘဲ မလောက်မင ဖြစ်ခဲ့ရသည်။

ဤတွင် လူတောသားတစ်ဦးက အလိုမကျဟန်ဖြင့် ပြောလိုက်သည်ကား–

'ပပက က ဆန်၊ ဆီ၊ ဆား ပေးတာကလည်းကွာ မစို့မပို့နဲ့၊ မောင်ရှင်လောင်းကို ဘီသိက်ထမင်း ခွံ့နေတဲ့ အတိုင်းပါပဲ' ဟူသတည်း။

(ရှေးက ကျေးလက်တောရွာများတွင် အလှူမင်္ဂလာပွဲပြုလျှင် မောင်ရှင်

လောင်းကို အဘိသိက် သွင်းတတ်ကြသည်။ အဘိသိက်သွင်းရာ၌ မောင်ရှင်လောင်းကို ထမင်းခွံ့သော အစီအမံလည်း ပါမြဲဖြစ်သည်။ ထမင်းခွံ့သည်ဟု ဆိုသော်လည်း တကယ် ထမင်းခွံ့၍ စားရသည် မဟုတ်။ ထမင်းကို ဇွန်းဖြင့် ကော်စပ်၍ မောင်ရှင်လောင်း၏ ပါးစပ်နားသို့ ချိန်ရွယ်ကာ ခွံ့ဟန်ပြုခြင်းမျှသာ ဖြစ်သည်။)

## မီးလှုံ့ရင်း သန်းရှာ

နှစ်အတော်အတန်ကြာက ဝက်လက်တွင် မီးကြီး လောင်ဖူးလေသည်။ မီးသည် ညတွင် လောင်သည်ဖြစ်ရာ ဝက်လက်မြို့နှင့် ခုနစ်မိုင် ကွာဝေးသော လှေတော်ရွာက ပင် မီးရိပ်မီးရောင်ကို မြင်နေကြရသည်။

နံနက်မိုးလင်းသောအခါ ထုံးစံအတိုင်း နေပူစာတွင် နေပူစာလှုံရင်း စကား စမြည်ပြောကြရာ ညက ဝက်လက်မြို့ မီးလောင်သည့်အကြောင်းကိုလည်း စကား စပ်မိကြသည်။ ဤသို့ စကားစမြည် ပြောဆိုနေဆဲမှာပင် ဝက်လက်က ပြန်လာသူ တစ်ဦးက လှေတော်ရွာသို့ ရောက်လာသည်။ လှေတောသားတို့က ထိုသူကို မြင် လိုက်ကြသောအခါ–

'ညက ဝက်လက်မီးကတော့ တယ်ကြီးပါလားကွ'ဟု စကား စလိုက် ကြသည်။ ဤတွင် ဝက်လက်မှ ပြန်လာသူက–

'ဝက်လက် မီးလောင်တာ ခင်ဗျားတို့ဆီက မြင်ရသလား'ဟု အံ့ဩသည့် အမူအရာဖြင့် ပြန်မေးလိုက်သည်။ လှေတောသားတစ်ဦးက ဖြေလိုက်ပါသည်။

'အလိုလေး လူရာ၊ မြင်ရတယ် မမြင်ရတယ်တော့ ပြောမနေနဲ့တော့။ မိုးလင်းပြီမှတ်လို့ ညက လှေတောသူတွေ အားလုံး မီးရောင်နဲ့ သန်းရှာနေကြလေရဲ့'

## သူ့ထက်သူတဲ

လှေတောသားတစ်ဦးသည် တခြားရွာ တစ်ရွာသို့ အလည်အပတ် ရောက်နေ သည်။ ရွာခံအိမ်ရှင်က လှေတောသား သွားရည်စာအဖြစ် ကျွေးမွေးရန် သဘော်





သီး တစ်လုံးကို ခွဲစိတ်နေလေသည်။ သဘော်သီးကို မြင်ရသော လှေတောသား က–

'ခင်ဗျားတို့ဆီက သဘော်သီးက တယ်လဲ ငယ်ပေတာကိုး။ ကျုပ်တို့ရွာက သဘော်သီးများကျတော့လည်း မြင်မကောင်းအောင် ကြီးပေတာပဲ'

အိမ်ရှင်။ 'ခင်ဗျားတို့ရွာက သဘော်သီးက ဘယ်လောက်ကြီးလို့လဲဗျ'

လှေတောသား။ 'ကြီးဆိုဗျာ တစ်လုံးတစ်လုံး အစိတ်ဝင်အိုး၊ ငါးဆယ်ဝင်အိုး တွေလောက် ရှိတာဗျ'

လှေတောသားများ၏ လေကို သိထားသော အိမ်ရှင်သည် လှေတောသား ကြွားနေမှန်း တပ်အပ်သိသော်လည်း အတိုက်အခံ ပြောနေလျှင် မိမိလည်း နိုင်မည် မဟုတ်။ လှေတောသားကလည်း ကဲသထက် ကဲကဲလာမည်ကို သဘောပေါက် ထားသဖြင့် မည်သို့မျှ ပြန်လှန်မပြောတော့ဘဲ ခပ်မဆိတ် နေလိုက်လေသည်။

ယင်း လှေတောသား လာပြီးနောက် များမကြာမီပင် တခြားလှေတောသား တစ်ယောက် အဆိုပါအိမ်သို့ ရောက်လာပြန်သည်။ သဘော်သီးအကြောင်းကို သတိတရဖြစ်ကာ ဘဝင်မကျ ဖြစ်နေသောအိမ်ရှင်သည် ယခုလာရောက်သည့် လှေတောသားကို ဖွင့်ဟတိုင်တန်းပါလေတော့သည်။ ထိုအခါ လှေတောသားက အံ့ဩသည့် အမူအရာ၊ စိတ်ပျက်သည့် အမူအရာများဖြင့်–

လှေတောသား။ 'ဒီလူ ဒီလို ပြောသွားတာ အမှန်ပဲလား'

ရွာခံများ။ 'ဟာ အမှန်ပေါ့ဗျ။ ကျုပ်တို့က ဘာလို့ လုပ်ကြံပြောရမှာလဲ'

လှေတောသား။ 'ဒီလိုပြောသွားတာ ခင်ဗျားတို့အားလုံး သိလိုက်လို့လား'

ရွာခံများ။ 'ကျုပ်တို့တင် ဘယ်ကမလဲ၊ ဒီရွာထဲက လူတွေ အများအပြား သိလိုက်ပါတယ်။ သူ ပြောသွားတုန်းက ဒီအိမ်မှာ ရွာသားတွေ အတော်များများ ရောက်နေကြတာဗျ'

ရွာခံများသည် လှေတောသား၏ အမူအရာကိုကြည့်ကာ တိုင်တောရကျိုး နပ်ပြီဟု သဘောရသဖြင့် အတော်ကျေနပ်နေကြသည်။ ဒီလှေတောသားကတော့

လေကြီးသမားလည်း ဟုတ်ပုံမရ၊ မဟုတ်မခံသမားလည်း ဖြစ်ပုံရသည်ဟု အကဲခတ် နေမိကြသည်။ ထို့ကြောင့် သဘော်သီးဖြင့် ကြွားလုံးထုတ်ထားသော ယခင် လှတောသားအား အပြစ်တင်ပေတော့မည်ဟု မျှော်လင့်ထားကြသည်။ ထိုစဉ် လှတောသားက ပြောပြလိုက်သည်ကား–

'ဒီလူက ဒီလိုသာ အစိတ်ဝင်အိုး၊ ငါးဆယ်ဝင်အိုးတွေလောက် ရှိတယ်လို့ ပြောခဲ့တာမှန်ရင် ဒီလူဟာ ကျုပ်တို့ လှတောရွာကို သက်သက် သိမ်ငယ်အောင်၊ အရှက်ကွဲအောင် လုပ်သွားတာပဲဗျ၊ တကယ်တော့ သူမြင်ဖူးတဲ့ သဘော်သီးက "အကင်း"တွေနဲ့ တူပါတယ်ဗျာ' ဟူ၍ ဖြစ်ပါသတည်း။

(အစိတ်ဝင်အိုး – ဆီ ၂၅ ပိဿာဝင်သော စဉ့်အိုး
ငါးဆယ်ဝင်အိုး – ဆီ ၅၀ ပိဿာဝင်သောစဉ့်အိုး)

## ကြေးစည်ပြောသော မိုးပွားရေး

တစ်နေ့တွင်လည်း လှတောသားတို့ အိမ်တစ်အိမ်၌ ဆုံမိကြသောအခါ လယ်မြေ အကြောင်း၊ မိုးရေအကြောင်း ပြောဆိုရင်းက ကျီးကန်ရွာတွင် အခါတိုင်းလောက် စပါးမကောင်း၊ စပါး မရကြောင်းကို ရောက်ရှိသွားကြသည်။ ဤတွင် လှတောသား တစ်ဦးက လှတောနှင့် ကျီးကန်ကို ဤသို့ နှိုင်းယှဉ်ပြောဆို သွားလေသည်။

'ကျုပ်တို့ လှတောမှာတော့ သိကြတဲ့အတိုင်း မိုးလေကလည်း မှန်၊ အောင်ရေကလည်း အဆင်ပြေပြေ အလောတော် ရလိုက်တာမို့ ဆန်စပါးလည်း ဖောဖော့သီသီကြီးကို ရလိုက်ကြတာပါပဲ။ ရသလောက် လှူကြဝန်းကြ ကုသိုလ်ပြုကြနဲ့ လှတောကျောင်းတိုင်းမှာ ခေါင်းလောင်းသံ တဒုန်ဒုန်၊ ကြေးစည်သံ တဝေဝေနဲ့မို့ အာသောကမင်းကြီးခေတ် ရောက်နေမှတ်ရတယ်'

## ကားပေါ်က ပိဋကတ်

မန္တလေးမြို့နှင့် ရွှေဘိုမြို့ကို ပြေးဆွဲနေသော ရန်အောင်–မန်း ကားအသင်းမှ ကားများသည် လှတောရွာ ကားဆိပ်တွင်လည်း ရပ်နားတတ်ကြသည်။ လှတောရွာ





နှင့်တကွ ကျောက်လမ်းဘေးရှိ ရွာများသည် မန္တလေးသို့လည်းကောင်း၊ ရွှေဘိုသို့လည်းကောင်း သွားလိုသောအခါ ယင်း ရန်အောင်–မန်း အနေးကားများကို အဓိကထား အားကိုးကြရသည်။ အခြားကြားကားများနှင့် စာလျှင် ယင်းအသင်း ကားများသည် မြန်လည်းမြန်၍ အချိန်လည်း မှန်သည်ဟု ပြောကြပါသည်။

တစ်နေ့တွင် လှတောသားတစ်ဦးသည် မန္တလေးသို့သွားရန် ယင်း ရန်အောင်–မန်း ကားတစ်စီးဖြင့် လိုက်ပါလာသည်။ လှတောသားသည် ကားပေါ် တွင် ဟိုဟိုဒီဒီ ကြည့်မိသောအခါ–

ခရီးသည်ချင်း ကိုယ်ချင်းစာပါ၊
ထသွား ပြန်ကြည့်၊ ကျန်ရှိပစ္စည်း တာဝန်မယူ၊
ဆင်းမည့်မှတ်တိုင် ကြိုတင်ပြောပါ၊
ကန့်သတ်ပစ္စည်း တာဝန်မယူ၊

ခေါင်း မထွက်ရ၊ လက် မထုတ်ရ၊ စသည့် စသည့် စာတန်းများကို လေးဘက် လေးတန်တွင် ရောင်စုံအမျိုးမျိုးဖြင့် မြင်တွေ့နေရသည်။ ဤတွင် လှတောသားက ရွတ်ဆိုလိုက်သဖြင့် ကားပေါ်ပါသူ အားလုံး ရယ်ကြရသော ဟူ၏။ လှတောသား ရွတ်ဆိုလိုက်သည်ကား–

'အလိုလေးဗျာ၊ တို့ကျောင်းက ပိဋကတ်သုံးပုံ ပျောက်သွားတဲ့အနက်က ပိဋကတ် နှစ်ပုံက ဒီကားပေါ် ရောက်နေတာကိုး' ဟူ၍ ဖြစ်ပါသည်။

## သွားမကောင်း စားမကောင်း

လှတောရွာသူတို့သည် ညနေဘက်တွင် ရေကန်သို့ဖြစ်စေ၊ ရေတွင်းသို့ ဖြစ်စေ ရေခပ်ထွက်တတ်ကြသည်။ တစ်နေ့တွင် လှတောသူ သုံးလေးယောက် ရေခပ် ထွက်လာစဉ် မိမိတို့ အိမ်မှုကိစ္စများအကြောင်း ပြောဆိုနေကြသည်။

တစ်ဦး။ 'တို့အိမ်က အမေက သွားမကောင်းတော့ ချက်ရပြုတ်ရ သိပ် လက်ဝင်တယ် အေ။ သူတို့နဲ့ သင့်အောင် ကြိဖန်ချက်ပြုတ် နေရတာ တယ် မလွယ်လှတာပဲ'

နောက်တစ်ဦး။ 'ညည်းအမေက တော်ပါလိမ့်ဦးမယ်အေ။ တို့အဖေကမှ သွားတွေ ယိုင်နဲ့ ကျိုးပဲ့နေတာမို့ ငှက်ပျောသီးမှည့် လှိမ့်ထားတာတောင် ကောင်းကောင်း မဝါးနိုင်တော့ ခက်တာပေါ့အေ'

ကျန်တစ်ဦး။ 'ဒါဆိုရင် မယ်မင်းကြီးမတို့ အမေ အဖေတွေက အခြေအနေ သိပ်ကောင်းနေသေးတာပေါ့။ တို့အိမ်က အဖေတို့များတော့ ကျိုးလိုက်တဲ့ သွားတွေ ဘာမှ မစားနိုင်တော့လို့ ရေကို ထောင်း တိုက်ရမလို ဖြစ်နေတယ်'

## ဆင်နှင့် လိပ်

လူတောရွာနှင့်တကွ ပတ်ဝန်းကျင်ရွာများသည် တစ်ချိန်က သောင်းကျန်းသူများ အောက် ကျရောက်ခဲ့ရသည်။ ယင်းရွာများကို အစိုးရက ပြန်လည်သိမ်းပိုက် နိုင်သည့်တိုင်အောင် သူပုန်တို့က အနောက်ဘက်ရွာများကို ခြေကုပ်မြဲမြဲယူကာ လူတော စသော ရွာများကို မကြာခဏ လာရောက် နှောင့်ယှက်တတ်ကြသည်။ ထို့ကြောင့် အစိုးရက ရွာ၏ လုံခြုံရေးအတွက် ရွာပတ်လည် ခြံစည်းရိုးများကို မြဲမြံခိုင်ခံ့ လုံခြုံစိတ်ချရအောင် အသစ်ပြုပြင် ကာရံစေလေသည်။

တစ်နေ့တွင် အထက်အရာရှိတစ်ဦးသည် လူတောသို့ ရောက်လာသည်။ ခြံစည်းရိုး အကာအရံများ ခိုင် မခိုင်၊ ကောင်း မကောင်း သိရအောင် လှည့်လည် ကြည့်ရှုမည်ဟု စီစဉ်လိုက်သည်။ ဤတွင် အနီးရှိ တောင်ပိုင်းလူတောသား တစ်ဦးက…

'ကြည့်ချင်လည်း ကြည့်ပေါ့၊ ကျုပ်တို့ အပိုင်းကတော့ မြဲမြံခိုင်ခံ့ရုံတွင် မကဘူး။ ခြံစည်းရိုး မြင့်လိုက်တာကလည်း ဆင်ပေါ်က စီးကြည့်တောင် ရွာကို မြင်ရမှာ မဟုတ်ဘူး'ဟု ပြောပြလေသည်။ ထိုအခါ အနီးမှာပင်ရှိသော မြောက်ပိုင်း လူတောသားတစ်ဦးက ယခင်ပုဂ္ဂိုလ်နှင့် အခန့်မသင့်သူ ဖြစ်သည့်အလျောက် ကန့်ကွက်ပြောဆိုလိုက်သည်ကား–





'အလကားပြောတာ မယုံနဲ့။ သူ့စည်းရိုးကဖြင့် လိပ်ခုန်ဝင်ရင်တောင် ရတယ်' ဟူ၍ ဖြစ်ပါသတည်း။

## တစ်လုံးမှ မပြင်ရသေး

လူတောရွာသည် ရွာကြီးတစ်ရွာ ဖြစ်သဖြင့် ရပ်ရေးရွာရေး သာမှုနာမှု ကိစ္စများကို ထိထိရောက်ရောက် ကူညီဆောင်ရွက်နိုင်စေရန် ကာလသားအဖွဲ့ကို နှစ်ဖွဲ့ခွဲ ဖွဲ့စည်းထားကြသည်။ တစ်ရွာလုံးကိစ္စနှင့် ပတ်သက်သော အခါမျိုးတွင်မှ နှစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်ကြသည်။

များသောအားဖြင့် တောင်ပိုင်းကာလသားအဖွဲ့သည် တက်ညီလက်ညီ လုပ်ဆောင်တတ်သလို ရသမျှ ဘုံငွေကိုလည်း စုစုဆောင်းဆောင်းပြုကာ ရွာ ဘုံပစ္စည်းများ ထူထောင်ခြင်း၊ ရွာဘုံအဆောက်အအုံများ ပြင်ဆင်ခြင်း၊ ဘုရား ပုထိုးများ ပြုပြင်မွမ်းမံခြင်းများ အခါအားလျော်စွာ ပြုလုပ်ကြသည်။ မြောက်ပိုင်း အဖွဲ့ကမူ အလုပ်လုပ်ရာ၌ တက်တက်ကြွကြွ၊ စည်းစည်းလုံးလုံး ရှိသော်လည်း ရသမျှ ငွေကြေးများကို ရရစားစား၊ ပျော်ပျော်ပါးပါး သုံးဖြုန်းပစ်သည်က များသည် ဆိုပါသည်။

တစ်နေ့တွင် ရွာလူကြီးများ ရပ်ရွာအကြောင်း ရောက်တတ်ရာရာ ပြောဆို ကြရင်း ကာလသားနှစ်ဖွဲ့ အကြောင်းကို စကားစပ်မိကြလေသည်။ အမျိုးမျိုး ထင်ကြေးပေး ကောက်ချက်ချကြသည်။ ဦးကျီးညိုဆိုသူက ကောက်ချက်ချလိုက် သည်မှာကား ဤသို့ ဖြစ်လေသည်။

'တောင်ပိုင်းက ကလေးတွေကတော့ ချီးကျူးစရာချည်းပါပဲ။ အခု မြင်နေ တဲ့အတိုင်း ချမ်းသာကြီးဘုရားတွေ ပြုပြင်မွမ်းမံထားလိုက်တာများ စစ်ကိုင်းတောင် ရိုးက အရှုံးပေးရလိမ့်မယ်။ မြောက်ပိုင်းအဖွဲ့ကတော့ ဘုရားပြင်ဖို့နေနေသာသာ၊ တံခွန်တိုင်က တိတ္ထိရုပ် လစေ့ပြုတ်နေတာ တစ်လုံးတောင် ပြန်တပ် မပေးနိုင် သေးဘူး'

## လွန်လွန်းလို့ပါ

လှတောရွာ တောင်သူတစ်ဦး၏ ပြောင်းခင်းကို နွားဝင်စားသည့်ကိစ္စနှင့် ပတ်သက် ၍ အမှုအခင်းဖြစ်ကြရာ မြို့ရုံးသို့ တက်ရောက် အမှုဆိုင်ကြရသည် ဆိုပါသည်။ တရားသူကြီးနှင့် တရားလို လှတောသားတို့ အမေးအဖြေ လုပ်နေသည်ကို နားထောင်ရသူတို့သည် တသောသော ရယ်မောကြသော ဟူ၏။

'တရားလို မောင်ဘယ်သူဆိုတာ မောင်မင်း ဟုတ်ပါသလား'

'ဟုတ်ပါတယ်'

'မောင်မင်းရဲ့ ပြောင်းခင်းကို မောင်ဘယ်သူ့နွားက ဝင်စားတာ အမှ ပဲလား'

'အမှန်ပါပဲ'

'မောင်မင်း ပြောင်းခင်းက ဘယ်လောက် ရှိလို့လဲ'

'ကျွန်တော်မျိုး ပြောင်းခင်းက ကောင်းလွန်းလို့ နာဋ္ဌာဂီရိဆင် ဝင်သွား တောင် မမြင်ရပါဘူး'

'အခု နွားဝင်စားသွားတော့ ဘယ်လောက် ကျန်ပါသေးသလဲ'

'အခုတော့ ယုန်သူငယ် ကိုက်စရာ အငုတ်တောင် မကျန်တော့ပါဘူး'

## ဈေးဆိုမှ ဈေး

ယခု လှတောရွာ ပတ်ပတ်လည်တွင် လယ်ကွင်း ယာကွက်တို့ချည်း ဖြစ်နေသေ တစ်ချိန်ကမူ ယခုကဲ့သို့ လယ်တွေ မထွန်းကားသေးဘဲ ပတ်ပတ်လည် တော်တေ များများတွင် ချုံပိတ်ပေါင်းတွေ ထူထပ်ထွန်းကား နေခဲ့ဖူးသည်။ တောကောင်းသည့် အလျောက် တောကောင် အငယ်စားများလည်း ပေါများခဲ့ဖူးသည်။ ရွာတိုင်းရှ တိုင်းကလိုလိုပင် အပျင်းပြေ ဟင်းစားလေးရအောင် တချို့ ရွာသားများသည် တောလိုက် တတ်ကြသည်။

တစ်နေ့သ၌ လှတောသား တောလည်တစ်ယောက်နှင့် အခြားရွာသား တောလည်တစ်ယောက်တို့သည် လက်နက်ကိုယ်စီ ခွေးကိုယ်စီဖြင့် တွေ့ကြသည်





သူတော် အချင်းချင်း သတင်းလွှေလွှေ ဆိုစကားအတိုင်း တောလည်သူ နှစ်ဦးသည် တောအကြောင်း၊ တောကောင်အကြောင်း၊ မိမိတို့ အသုံးပြုသော ထောင်ချောက် လက်နက်အကြောင်း၊ ခွေးအကြောင်း စသဖြင့် ဆွေးနွေးဖလှယ် နေမိကြသည်။ ခွေးအကြောင်း ရောက်သောအခါ အောက်ပါအတိုင်း ပြောကြ ဆိုကြသည် ဟူ၏။

'တကယ်တော့ ကျုပ် လက်နက်တွေ ယူလာတာ အပိုပဲဗျ။ ကျုပ်ခွေး ပါလာရင် အားလုံး ပြည့်စုံတော့တာပါပဲ။ ကျုပ်ခွေးက စုတ်တစ်ခါသပ်ရင် ပဒတ် တစ်ကောင်၊ လက်ခေါက် တစ်ခါမှုတ်ရင် ယုန်တစ်အုပ်ပဲဗျ'

'ခင်ဗျားခွေးလည်း သိပ်မဆိုးပါဘူး။ ဒါပေမဲ့ ကျုပ်ခွေးတော့ မမီနိုင်ဘူး ဗျို့။ တစ်နေ့က အဖြစ်အပျက်ကလေး တစ်ခုကိုပဲ ပြောရဦးမယ်။ ကျုပ်တောင် ဘာမှ စိတ်မကူးရသေးဘူး၊ ကျုပ်ခွေးက အမြီးတန့်န့်နဲ့ စွတ်ခနဲ ချုံထဲ တိုးဝင်တာ မြင်လိုက်ရတယ်။ အတော်နဲ့ ပြန်ထွက်လာတာ မတွေ့ရလို့ ငါ့ကောင်ကြီး ဘာများ ဖြစ်နေပါလိမ့်မလဲဆိုပြီး ချုံထဲ ဝင်လိုက်သွားရတယ်။ အလိုလေးဗျာ၊ ပါးစပ်ထဲ ခဲထားလိုက်တဲ့ ယုန်ကြီး ငယ်ပါရိုးလား။ ယုန်ဖြုတ်ယူမယ် ကြံရွယ်တုန်း ပြားပြား ဝပ်ထားပုံ ဆန်းတာနဲ့ ဟိုဟိုဒီဒီ ကြည့်လိုက်တော့ ခြေလေးချောင်းက လိပ် လေးကောင်ကို ဖိထားလို့ပေါ့ဗျာ။ အမြီးက ပဒတ်တွင်းဝကို ဆို့လို့။ မျက်စိက ပျားအုံကို ကြည့်လို့'

'ခင်ဗျားခွေးက လွန်လှချည်လားဗျာ'

'မလွန်နဲ့ဦးဗျို့။ ခွေးကိုယ်ကို မ လှန်ကြည့်လိုက်တဲ့ အခါကျတော့ ဗိုက်အောက်က ငွေဒင်္ဂါးတစ်ပြား ရသေးတယ်။ အခု ဒီဆေးတံခွေးဟာ အဲဒီ ငွေနဲ့ လုပ်ထားတာပေါ့ဗျ'

## လေတွင်ဝဲသော ငှက်သီး

ကောက်စိုက်ချိန်၊ ကောက်ရိတ်သိမ်းချိန်၊ စပါးလှေ့ချိန်များတွင် လှတောသူတို့သည် ဆိုင်ရာဆိုင်ရာ လယ်ကွင်းထဲ၌ တစ်နေကုန် အလုပ်လုပ်ကြရသည်။ နံနက်မိုးလင်း

ကတည်းက လယ်တောသို့ ထွက်ခဲ့ကြသဖြင့် ထမင်းဟင်းများကိုပါ တပါတည်း ထုပ်ယူခဲ့ကြရသည်။

နေရင့်လာသောအခါ သစ်ရိပ်၌ဖြစ်စေ၊ လှည်းရိပ်၌ဖြစ်စေ၊ ဖြန့်ကြက်ထားသော စောင်ရိပ် အဝတ်ရိပ်၌ဖြစ်စေ စုဝေး ထမင်းစားကြသည်။ တစ်စုနှင့်တစ်စု၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ လယ်နီးချင်းဖြစ်ပါက ထမင်းပေး ဟင်းယူ အကူးအလူး ရှိတတ်ကြသည်။

တစ်ခါသ၌ ကောက်စိုက်သမတစ်စု ထမင်းစားကြစဉ် တစ်ယောက်က ငရုတ်သီး စားချင်စိတ် ပေါ်လာသည်။ မလှမ်းမကမ်းရှိ အစုတစ်စုထံသို့ ငရုတ်သီး ပါလျှင် ပေးပါရန် လှမ်းတောင်းလိုက်သည်။ ငရုတ်သီးထောင်း ပါလာသူ မိန်းမ တစ်ဦးက လှမ်းပြောလိုက်သည်မှာကား–

'ငရုတ်သီးထောင်း ပါခဲ့တယ်ဟေ့၊ လာယူ မနေနဲ့တော့။ အဲဒီက စောင်ပိုင်းသာ ခံထားလိုက်ကြ။ ဒီက ငါ လေထဲ လွှင့်လိုက်မယ်' ဟူ၍ ဖြစ်သတည်း။

**(ဤသို့ ပြောရခြင်းမှာ ဆီရှားသဖြင့် ငရုတ်သီးထောင်းတွင် ဆီမပါကြောင်း ရည်ရွယ်ပြောခြင်း ဖြစ်ပါသည်။)**

## တစ်ကျပ်တန် မုန့်တီပွဲ

လူတောသားတစ်ယောက်သည် ဝက်လက်မြို့သို့ ရောက်စဉ် "မြို့ပေါ် ရောက်တုန်း ရောက်ခိုက် မုန့်တီကောင်းကောင်း စားလိုက်ဦးမည်"ဟု ဆုံးဖြတ်ကာ နာမည်ရ ဆိုင်ကို စုံစမ်းမေးမြန်း သွားရောက် စားသောက်လေသည်။ သို့သော် မုန့်တီတစ်ပွဲ ဆိုသော်လည်း အလွန်နည်းနေသည်ကိုမူ အခဲမကျေ ဖြစ်ခဲ့ရသည်။

ရွာရောက်၍ စကားလက်ဆုံ ကျသောအခါ ယင်းမုန့်တီကိစ္စနှင့် ပတ်သက်၍ မှတ်မှတ်ရရ ပြောမိလေတော့သည်။

'ဘုတာအထွက်က မုန့်တီဆိုင် နာမည်ကြီးလို့ သွားစားပါတယ်ကွ၊





ယူတော့ တစ်ပွဲ တစ်ကျပ်တဲ့။ စားကြည့်တော့ တစ်ကျပ်တန် တစ်ပွဲက နှစ်ဇွန်းနဲ့ တစ်ဝက်ပဲ ကော်လိုက်ရပါတယ် မောင်ရာ'

'နှစ်ဇွန်းနဲ့ တစ်ဝက်ထဲ ကော်လိုက်ရအောင် မင်းက ယောက်ချိုနဲ့ ကော်သောက်နေမှန်းမှ မသိတာ'

'မဟုတ်ရပါဘူး ကိုယ့်လူရာ၊ နားဖာကလော်နဲ့ ကော်သောက်လိုက်တာပါ'

## ဝင်ပါတာ အလကား

ဝက်လက်မြို့မှ စီးပွားရေး အတော် တောင့်တင်းသူတစ်ဦးသည် လှတောရွာမှ လူငယ်တစ်ယောက်ကို မိမိသမီးနှင့် လက်ထပ်ပေးကာ အိမ်သို့ ခေါ်ယူထားလေသည်။ လူငယ်ကလေးသည် သွက်လက်ချက်ချာမှုလည်းရှိ၊ ဆွေမျိုးလည်း မကင်းတတ်သေးသဖြင့် အကွက်မြင်သော ဝက်လက်သားက ယခုကဲ့သို့ ခေါ်ယူ ပေးစားလိုက်ခြင်း ဖြစ်သည်။ ယောက္ခမအထီးသည် သမက်လက်သစ်ကလေးကို မိမိ စီးပွားရေးအတွက် အကွက်ကျကျ အသုံးချနေလေသည်။

လှတောမှ ဆွေမျိုးများနှင့် သူငယ်ချင်းများကမူ ဝက်လက်မှ စီးပွားရေး တောင့်သူ၏ သမက်ဖြစ်ရသဖြင့် ကောင်ကလေးအတွက် အလွန်ဝမ်းသာနေကြသည်။ ကောင်ကလေးကိုလည်း ချီးကျူးနေမိကြသည်။

သမက်ကလေးသည် အချိန်ကြာကြာ ရွာပြန်မရောက်ခဲ့သဖြင့် တစ်နေ့တွင် လှတောသို့ ပြန်လာခဲ့သည်။ တွေ့လေသူ လှတောသားတိုင်းက–

'မောင်အဇ္ဇာတို့များ တယ်ကုသိုလ်ကံ ကောင်းပေတာပဲ။ အခုတော့ သူဌေး သမက်ကြီး ဖြစ်လို့ စည်းစိမ်တွေ ယစ်နေမှာပေါ့။ တသွေးတမွေးကြီးတောင် ဖြစ်နေတယ် အောက်မေ့ပါတယ်'စသဖြင့် အထင်တကြီး ချီးကျူးပြောဆို နှုတ်ဆက်ကြလေသည်။

ဤတွင် ကိုယ့်ဝမ်းနာ ကိုယ်သာသိသော သူဌေးသမက်ကလေး ပြောဆို လိုက်သည်ကား –

'အလိုလေး၊ ခင်ဗျားတို့ကတော့ စိုင်ကော်လို့ ချုပေါ် ရောက်နေကြပြီ ထင်တာကိုး။ ကျွန်တော့်မှာတော့ ဖင်ပါတာတောင် အလကားဖြစ်နေပြီ။ သူ့အိမ်ရောက်ပေါ့ ဆိုကတည်းက နားနားနေနေ ထိုင်ရတယ်ကို မရှိဘူး။ အချိန်ရှိတိုင်း လျှောက်ခိုင်းနေတာပါပဲဗျာ'ဟူ၍ ဖြစ်သတည်း။

## ဘုန်းတင်ပျဉ် ဘယ်သွင်ခွေရပါ့

တစ်ရပ်တခြားမှ ပုဂ္ဂိုလ်တစ်ဦးသည် လှတောရွာသို့ ရောက်ရှိနေသည်။ ဧည့်သည်ပုဂ္ဂိုလ်သည် ရွာခံများနှင့် အာလာပ သလ္လာပ ပြောဆိုဆွေးနွေးနေရင်းက စီးပွားရေးအကြောင်း စပ်မိသောအခါ–

'ခင်ဗျားတို့ ဒေသများမှာ ဆန်ရေစပါး ကောင်းကောင်းမွန်မွန် ရကြပါရဲ့လား။ ချောင်ချောင်လည်လည်ကော ရှိကြပါရဲ့လား'ဟု မေးမြန်းလိုက်သည်။ လှတောသားတစ်ဦး၏ အဖြေကား မပြုံးဘယ်သူနေပါ့မယ် ဆိုရလောက်အောင် ထိမိလှပါပေသည်။

'မိုးလေဝသကလည်း မမှန်လေတော့ ဆန်ရေစပါးလည်း ရကြတယ်လို့ကို မရှိသလောက်ပါပဲဗျာ။ ဆန်စပါး မရကြတော့ လူတွေလည်း ဘယ်ချောင်လည်နိုင်တော့မလဲ။ လက်ဆုပ်ပြည့်မှ လက်ကြားယို ဆိုစကားအတိုင်းပါပဲ။ အလှူအတန်း ကုသိုလ်ကောင်းမှုများလည်း မကြားရသလောက် ပြတ်တောက်နေပါပြီ။ ဘုန်းတော်ကြီးများတောင် အလှူမလိုက်ရတာ ကြာလေတော့ သင်္ကန်းရုံနဲ့ တင်ပျဉ်ခွေတောင် မေ့နေကြပြီဆိုပဲဗျ'

## ကြပ်တယ်ဗျို့

အစိုးရဌာနမှ အရာရှိတစ်ဦးသည် တစ်ခါက လှတောရွာသို့ ရောက်လာသည်။ အရာရှိသည် နယ်မြေဒေသ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများကို အလျဉ်းသင့်သလို မေးမြန်းနေလေသည်။ စီးပွားရေးနှင့် ပတ်သက်၍ အရာရှိက–





'ခင်ဗျားတို့ နယ်မြေဒေသကတော့ စပါးထွက်ဒေသဖြစ်လို့ ချောင်ချောင်လည်လည် ရှိကြမယ် ထင်ပါတယ်'ဟု ထင်မြင်ချက်ကို ထုတ်ဖော်လိုက်ရာ လှတောသားတစ်ဦးက ကောက်ကာငင်ကာ ပြောကြားလိုက်သည်ကား–

'အလိုလေး၊ မထင်လိုက်ပါနဲ့ ဆရာ။ ချောင်လည်ဖို့ မဆိုထားပါနဲ့ဦး၊ ကြပ်လိုက်ကြပုံများဖြင့်ဗျာ၊ ဝါးလုံးခေါင်းထဲ ဆင်တိုးဝင်နေရတဲ့အတိုင်းပဲ'ဟူ၍ ဖြစ်ပါသတည်း။

## အငြိမ့်ပွဲနှင့် ငိုချင်းသံ

အလားတူစွာပင် ရပ်ဝေးမှ ဧည့်သည်တစ်ဦးသည် လှတောသားများနှင့် စကားလက်ဆုံကျသောအခါ ရောက်တတ်ရာရာ ပြောဆိုကြရာမှ လယ်ယာ ချောင်းမြောင်း၊ ဆန်ရေစပါးအကြောင်း ရောက်သွားကြသည်။ ဧည့်သည်ကပင် ဆန်ရေစပါး ကောင်းမကောင်း၊ ရပ်သူရပ်သားများ ချောင် မချောင် မေးမြန်းသောအခါ လှတောသားတစ်ဦးက ဤသို့ ဖြေလိုက်လေသည်။

'စပါး ကောင်း မကောင်း ဆိုတာကတော့ အကွက်အကွင်း လိုက်လို့ပါပဲဗျာ။ တချို့ မူးနိမ့်တဲ့ လယ်တွေ ကျပြန်တော့လည်း ရတတ်ပါရဲ့။ မူးဝေးတဲ့လယ်တွေ ကျပြန်တော့လည်း ရင်းစားတောင် မရကြပါဘူး။ အရှေ့တောလယ်တွေကျတော့ မူးကလည်းနီးတာမို့ ရေက များ၊ စပါးက ကောင်းနဲ့ ဖုံတုတ်ငှက်တွေ မြူးပျော်နေလိုက်တာများ အငြိမ့်ပွဲက စည်တိုနှက်နေသလား အောက်မေ့ရတယ်။ အဲ အနောက်တော လယ်တွေကျတော့ ရေလည်း မမြင်ရ စပါးပင်လည်း မရှိနဲ့ တစ်တီတူးတွေ ငိုချင်းချသံသာ လှိုင်နေတော့တာပါပဲဗျာ'

(ဖုံတုတ်ငှက်။ ။ စည်တိုကို တီးနှက်သကဲ့သို့ မြည်တွန်တတ်သော ရေငှက် တစ်မျိုး၊ ရေပေါများ၍ စိမ်းစိမ်းစိုစို သစ်ပင်များ ပေါက်ရောက်သော နေရာမျိုးတွင် မြူးပျော်ကျက်စားတတ်သည်။)

တစ်တီတူးငှက်။ ။ ခြောက်သွေ့သော ဒေသတွင်သာ ကျက်စားတတ်သော ငှက်။ ယင်းငှက် မြည်သံကြားရလျှင် နိမိတ်မကောင်းဟု မြန်မာတို့ ယုံကြည် ယူဆကြသည်။)

## ရွှေကျင်သာသနာ

လှတောရွာ၏ အနောက်မြောက်ဘက်တွင် ရွှေကျင်ရွာ ရှိသည်။ ငါးရာတွင်း (၁ မိုင်) ခန့်မျှသာ ဝေးသည်။ ရွှေကျင်ရွာသည် ရွှေကျင်သာသနာဂိုဏ်း စတင်ရာ ဘူမိနက်သန်မြေ ဖြစ်သည်။ ရွှေကျင်ရွာသို့ ကျွန်တော် ရောက်သွားသောအခါ ရွှေကျင်ရွာ ပုဂ္ဂိုလ်များက ရွှေကျင်သာသနာဂိုဏ်း ပေါက်ဖွားရာ ဇာတိမြေ ဖြစ်ရသည်ကို ဂုဏ်ယူဝင့်ကြွားစွာ ပြောပြကြပါသည်။ ဂုဏ်ယူမည်ဆိုကလည်း ဂုဏ်ယူလောက်ပါပေသည်။ မြန်မာနိုင်ငံတွင် ဝိသုဒ္ဓါရုံဂိုဏ်း၊ ရွှေကျင်ဂိုဏ်းတို့သည် ဗုဒ္ဓဘာသာဝင်တို့အား ဦးဆောင်လမ်းပြမှု ပြုရင်း ပရိယတ်၊ ပရိပတ်များ ကြီးထွား စည်ပင်အောင် ချီးမြှောက်ပြုစုနေသော အဓိပတိ ဂိုဏ်းကြီးများ မဟုတ်ပါလော။

ရွှေကျင်သာသနာဂိုဏ်းကြီးကို စတင်ထူထောင်သည့် ပထမ ရွှေကျင် ဆရာတော်ကြီးသည် ရွှေကျင်ရွာဇာတိ ဖြစ်သည်။ ခမည်းတော် ဦးဖိုးမောင်၊ မယ်တော် ဒေါ်ဇာတို့က ဖွားမြင်တော်မူသည်။ ငယ်စဉ်ကပင် ရွှေကျင် ရွာဦးကျောင်းတွင် သီတင်းသုံးတော်မူသည်။ ထို့နောက် လှတောအုတ်ကျောင်းခေါ် တောရကျောင်းတွင် သီတင်းသုံးတော်မူသည်။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ အကျင့်သိက္ခာကို မင်းတုန်းမင်းတရားကြီး ကြားသိတော်မူသောအခါ ရွှေမြို့တော်သို့ ပင့်ဆောင် ကိုးကွယ်တော်မူသည်။ ရွှေမြို့တော်တွင် သီတင်းသုံးရသောအခါ သာသနာတော် ကြီးပွားတိုးတက်ရေးအတွက် ဆရာတော်ဘုရားကြီးသည် မိမိကိုယ်ကို စံပြအဖြစ်ထားကာ ကြိုးပမ်းပြုစုတော်မူသည်။ ဤနည်းနှင်နှင်ဖြင့် ရွှေကျင်ဆရာတော်ကြီး ဦးဆောင်သော ရွှေကျင်သာသနာဂိုဏ်းကြီးသည် ယခု အများသိထားသည့်အတိုင်း တိုင်းပြည်နှင့်အဝန်း ထွန်းကားစည်ပင်လာလေသည်။ ယခုအခါမှာမူ ရွှေကျင်သာသနာဂိုဏ်းကြီးသည် အောက်ပြည်အောက်ရပ်တွင်





ပိုမိုထွန်းကားလျက်ရှိသည်ဟု ရွှေကျင်ရွာ လူကြီးသူမများက ကျွန်တော့်အား ရှင်းလင်းပြောပြ ကြပါသည်။

ကျွန်တော်ကလည်း လှတောရွာသားများရှေ့တွင် စကားစပ်မိသဖြင့် အထက်ပါ အကြောင်းများကို ပြန်ပြောင်းပြောပြရင်း နှုတ်မှ ချီးကျူးနေမိပါသည်။ ထိုအခါ လှတောသားတစ်ဦးက–

'အင်း အံ့သြမယ်ဆိုရင်လည်း အံ့သြလောက်ပါပေရဲ့။ ချီးကျူးမယ် ဆိုရင်လည်း ချီးကျူးလောက်ပါပေရဲ့။ သူတို့ ပြောကြတဲ့အတိုင်း ရွှေကျင်ရွာဟာ သာသနာဂိုဏ်းကြီးတစ်ခု သီးပွင့် ဖြစ်ထွန်းလာရာ ပင်စည်ပင်မ ဖြစ်ခဲ့တာ အမှန်ပါပဲ။ ခုအခါမှာတော့ ဒီပင်စည်ထဲက ဖွတ်ထွက်ပြီး ပင်စည်တစ်ခုလုံး ဖွတ်ချေးဖုံးနေပါပြီ' ဟု တည်ကြည်အေးဆေးစွာပင် ပြောလိုက်သဖြင့် နားထောင်နေကြသူတို့မှာ ရယ်ရတော့မလိုလို၊ သံဝေဂ ယူရတော့ယောင်ယောင် ဖြစ်မိပါတော့သည်။

ဤသို့ ပြောသည်ကို ကြားလိုက်ရသောအခါမှ ရွှေကျင်ရွာဦးကျောင်းသို့ ကျွန်တော် ရောက်ခဲ့စဉ်က မြင်တွေ့ခဲ့ရသည့် (ကောခဲ့ပြီဖြစ်သော ဓရကန်၊ ရဟန်းသံဃာ မရှိတော့သည့် ကျောင်းအို၊ ပြိုတော့မည့် တကဲကဲ ခြအုံတွေ ပွဲသဘင်ခံ မြူးပျော်နေရာ ဇရပ်ပျက်နှင့် ချုံနွယ်သက်န်း ဆင်မြန်းဝတ်ရုံထားသော ဘုရားများ) ကို ပြန်လည် မြင်ယောင်မိပါတော့သည်။

## ဆူးတောတိဘ္ဘကြားက ဒွေးလှေးယားသီး

ကျောက်လမ်းဘေးတွင် လှတောရွာသူ မောက်သားတစ်စု ကောက်စိုက်နေကြသည်။ ရန်အောင်–မန်း ကားတစ်စီးသည် ယင်းလယ်ကွက်နှင့် မနီးမဝေးတွင် ထိုးရပ်လာသည်။ ကားပေါ်မှ ခရီးသည်များသည် အလျှိုအလျှို ဆင်းလာကြပြီး ကားလမ်းဘေးတစ်လျှောက် ဟိုဟိုသည်သည် သွားကြကာ ချုံနွယ် သစ်ပင်ကွယ်တို့၌ အပေါ့အလေး သွားကြသည်။ ခရီးသည်တို့ထဲတွင် ဘောင်းဘီဖင်ကြပ်ဝတ်ထားသော လူငယ်တစ်ဦးလည်း ပါသည်။ လူငယ်သည် လမ်းဘေးချုံကွယ်၌

မတ်တပ်ရပ်လျက် ကို့ရိုးကားရား အပေါ်သွားလေသည်။ ရုတ်တရက်ဖြစ်၍ ကောက်စိုက်သမများကို လူငယ်က သတိထားမိဟန် မပေါ်သော်လည်း ကောက်စိုက်သမ တစ်စုကမူ လူငယ်ကို အထင်းသား မြင်တွေ့နေကြရသည်။ ထို့ကြောင့် ကောက်စိုက်သမ တစ်ဦးက ပြောလိုက်သည်မှာ-

'အားလိုလေးဟယ်၊ ဟိုအကောင် ဘောင်းဘီဖင်ကြပ် ဝတ်ထားလိုက်ပုံ ကတော့ ဆူးထောက်ခွကြပ်ကြပ် သပ်ပင်းထားတဲ့ အတိုင်းပဲဟယ်။ ခုလို ဟိုဒင်း လုပ်နေပုံကျတော့လည်း ဆူးထောက်ခွကြား ခွေးလျှေးယားသီး ညပ်နေသလား အောက်မေ့ရတယ် ဟဲ့' ဟူ၍ ဖြစ်ပါသည်။ ဖောက်သား (ကောက်စိုက်သူ) တစ်စုက ခစ်ခစ်ခစ်ခစ် ရယ်မိလိုက်သောအခါမှ ထိုလူငယ်သည် သတိရပြီး ကပျာကသီ ထွက်ပြေး၊ ကားပေါ်သို့ တက်သွားလေသော ဟူ၏။

**(ဆူးထောက်ခွ။ သစ်သားခက်ရင်း။ ဝါးဖြစ်စေ၊ သစ်သားဖြစ်စေ၊ အဖျားတွင် အစွယ်နှစ်ခု ပြုကာ ခက်ရင်းကဲ့သို့ အစွယ်ကားကားရှိအောင် သပ်ပင်းထားသော တောင်သူသုံး ကိရိယာတစ်မျိုး။)**

## အခွံ့နွှာ တောင်းသူ

၁၉၆၇ နှစ်က ဆန်စပါး အထွက်နည်းခြင်း၊ မှောင်ခိုကုန်သည်တို့၏ ဝင်ရောက်နှောင့်ယှက်ခြင်း၊ သက်ဆိုင်ရာ ဝန်ထမ်းတို့၏ ဆန်ဖြန့်ဖြူးပုံ မကျွမ်းကျင်သေးခြင်းတို့ကြောင့် မြန်မာပြည်အရပ်ရပ်တွင် အနည်းနှင့်အများ ဆန်အခက်အခဲ ကြုံတွေ့ခဲ့ကြရသည်။ ဆန်မထွက်သော ဒေသများတွင် ပိုမို အခက်အခဲ တွေ့ခဲ့ကြရသည်။ ဆန်ဈေးလည်း ကြီးမားသွားခဲ့လေသည်။ မန္တလေးမြို့တွင်လည်း ဆန်ဈေးအတော် ကြီးမြင့်နေသည်။ လှတောရွာသည် စပါးအထွက်ကောင်းသော ကျေးရွာတစ်ရွာဖြစ်သည်။ လှတောသူအချို့သည် မိမိတို့တွင် ပိုလျှံသည့် ဆန်များကို ဈေးကောင်းရသည့် မန္တလေးမြို့သို့ တစ်ရွက်တစ်ထမ်းစာ သွားရောက်ရောင်းချကြသည်။ မြို့ပေါ်တွင် တည်းအိမ် မရှိသော သူတို့သည် နီးစပ်ရာ ဘုန်းတော်ကြီး





ကျောင်းများ၌ ချရပ်ခိုနားကြသည်။ သွားဖန်လာဖန် နေထိုင်ဖန် များလာသောအခါ ရဟန်းငယ်အချို့နှင့် လှတောသူတို့ မျက်စိကျကြတော့သည်။ ဤနည်းဖြင့် လှတောသူ လေးငါးယောက်လောက်သည် ရဟန်းလူထွက်များနှင့် အကြောင်းပါကြကုန်သည်။ ရဟန်းငယ်များသာမက ကျောင်းတွင်ကပ်နေသော ကျောင်းသားတစ်ယောက်ပင် လှတောသူနောက် ကောက်ကောက်ပါလာသည်ဟု ဆိုပါသည်။

ဤအကြောင်းအဲရာများကို သိသော ရွှေကျင်ကျောင်းသစ် ဘုန်းကြီးတစ်ပါးက လှတောသားတစ်ဦးကို မေးမြန်းလိုက်သည်။

'ဘယ့်နှယ့်လဲ ဒကာရဲ့၊ လှတောသူတွေကတော့ သိမ်ဝင်ပစ္စည်းတွေကို တယ်အသုံးတဲ့နေကြ ဆိုပါလား'

'မှန်လှပါ၊ ဘုရားတပည့်တော်တို့ လှတောသူတွေကတော့ လိမ္မော်သီးအခွံ့နွှာ (အခွံခွာ) ရာမှာတော့ ကပ်နေတဲ့ အမျှင်ပါ မကျန်အောင် စွမ်းလှပါတယ် ဘုရား' ဟု လျှောက်ထား ဖြေကြားလိုက်ပါသတတ်။

## အသားအရေ ခန်းခြောက်လေ၍

မိုးဦးကျတစ်နေ့တွင် ဘုန်းကြီးလူထွက်တစ်ဦးသည် လှတောရွာ ကန်တွင်းကျောင်းအနီး၌ လယ်ထွန်နေသည်။ နေမြင့်၍ နေကလည်း ပူ၊ ရေကလည်း ဆာသဖြင့် ထွန်ကို ရပ်နား၊ ကန်တွင်းကျောင်းထဲသို့ ဝင်ရောက် ရေသောက်လေသည်။ ကန်တွင်းကျောင်းဆရာတော်က ဘုန်းကြီးလူထွက်ကို-

'ဘယ့်နှယ့်လဲ မောင်ရင်၊ လူ့ဘဝ လူ့ကိစ္စတွေနဲ့ စည်းစိမ်ရှိသလား၊ ပင်ပန်းဆင်းရဲနေသလား' ဟု မေးမြန်းတော်မူသည်။

'မှန်လှပါ ဘုရား၊ ပန်းတာ မပန်းတာတော့ မေးမနေပါနဲ့တော့၊ မျက်နှာ အသားအရေသာ ကြည့်ပါတော့ဘုရား။ သစ်ကြားသီး နေလှန်းထားတဲ့အတိုင်းပါပဲ။ နောက်ကျောပြင် တစ်ခုလုံးဟာလည်း မီကျောင်းရေ နေလှန်းထားသလား အောက်မေ့ရပါတယ်။ တပည့်တော် လူထွက်မိတာကတော့ ဘုရားရှေ့ အိမ်သာ

ဆောက်မိသလို ဖြစ်နေပါပြီ။ အိမ်သာတက်တိုင်း ဖင်လှန်ပြနေသလို ဖြစ်နေပါပြီ ဘုရား’ ဟု ကောက်ကာငင်ကာ ဖြေကြား လျှောက်ထားလိုက်သည်။

## မျက်နှာကြီးသား

လှတောရွာသို့ ရေဒီယိုတစ်လုံး ပထမဆုံးအကြိမ် ရောက်လာစဉ်က ဖြစ်သည်။ လှတောသား အများစုသည် ပြောသံသာ ကြားဖူးပြီး ရေဒီယိုကို ကိုယ်တိုင်ကိုယ်ကျ ယခင်က မမြင်ဖူးကြသေး။ လှတောသားတစ်ဦးက ရေဒီယိုတစ်လုံး ဝယ်ယူလာသောအခါ ကျေးရွာတို့ထုံးစံအတိုင်း လာရောက် ဝိုင်းဝန်းကြည့်ရှုကြသည်။ အချို့က ကြည့်ရှုရုံသာမက ဟိုလှည့်သည်လှည့်ဖြင့် တစ်ယောက်လာ တစ်ခါ ကလိနေကြသည်။ ထိုအခါ ရွာသားတစ်ဦးက ပြောလိုက်သည်မှာ–

‘ရေဒီယိုကတော့ကွာ၊ မျက်နှာကြီးမယား သားကလေး မွေးထားတဲ့ အတိုင်းပါပဲကွာ။ တစ်ယောက်လာ တစ်ခါ လှပ်ကြည့်၊ တစ်ယောက်လာ တစ်ခါ လှပ်ကြည့်နဲ့ ကြာတော့ အအေးမိပြီး အသံမထွက်ဘဲ နေတော့မှာပဲ’ဟူ၍ ဖြစ်ပါသည်။

## အင်္ဂလိပ်စစ်ဗိုလ်

လှတောသားတစ်ဦးသည် မန္တလေးရောက်ခိုက် မြို့ခံအပေါင်းအသင်းများက တိုက်တွန်း ခေါ်ဆောင်လွန်းသဖြင့် ရုပ်ရှင်ကြည့်ဖြစ်သွားလေသည်။ သို့သော် သူတို့ ကြည့်ရသော ရုပ်ရှင်ကားမှာ မြန်မာကား မဟုတ်။ အင်္ဂလိပ်ကား ဖြစ်နေသဖြင့် ဇာတ်လမ်းကို နားမလည်နိုင်ခဲ့ရှာပေ။ ဇာတ်ကား၏ ကြီးကျယ်ပုံနှင့် ဆန်းပြား အံ့ဩ ဖွယ်ရာများကိုသာ မှတ်သားစွဲထင် ကျန်ရစ်ခဲ့လေသည်။

လှတောသို့ ပြန်ရောက်သောအခါ မိမိ အင်္ဂလိပ်ရုပ်ရှင် ကြည့်ခဲ့ရကြောင်းကို ပြန်ပြောပြလေသည်။ အံ့ဩဖွယ်ကောင်းကြောင်းကိုလည်း ထပ်တလဲလဲ ပြောမိနေလေသည်။ ထိုအခါ ရွာသားတစ်ဦးက–





‘မင်းကလည်းကွာ၊ အံ့ဩဖို့ ကောင်းတယ်လို့သာ ထပ်ခါတလဲလဲ ပြောနေတယ်။ ဘာတွေက ဘယ်လို အံ့ဩဖို့ ကောင်းတယ် ဆိုတာကိုလည်း ရှင်းပြဦးမှပေါ့ကွ’ ဟု မေးမြန်းလိုက်သည်။

‘အလိုလေးကွာ၊ အံ့ဩဖို့ ကောင်းဆို ရုပ်ရှင်ထဲမှာပါတဲ့ အင်္ဂလိပ်စစ်ဗိုလ်ကြီး ဆိုတာများ အဆောင်အယောင် အဆင်တန်ဆာတွေနဲ့ ဝတ်စားထားလိုက်ပုံများ ကဏ္ဍိကမြင်း ကကြိုးတန်ဆာ ဆင်ထားတဲ့အတိုင်းပါပဲ မောင်ရာ’ဟု ဖြေလိုက်သည်။

## ခြင်ကိုက်လိုက်ပုံ

လှတောသားတစ်ဦးသည် မိမိဆွေမျိုးထဲမှ လူနာတစ်ဦး မန္တလေးဆေးရုံကြီးတွင် တက်ရောက်ကုသရသဖြင့် လူနာစောင့်ရင်း ဆေးရုံပေါ်တွင် ညအိပ်ရလေသည်။ လူနာစောင့်သည် အိပ်စက်မနေသင့် ဟူသော ဆေးရုံ၏သဘောထားအရ အိပ်ရာနေရာ မရနိုင်ပေ။ ခြင်ထောင်၊ ခေါင်းအုံးများလည်း သုံးခွင့်မရနိုင်ပေ။ ထို့ကြောင့် လူနာစောင့်များ ခြင်စာအဖြစ်ဖြင့် ဝဋ်ဒုက္ခ ခံရမြဲဖြစ်သည်။ လှတောသားခမျာမှာလည်း အလားတူ တစ်ညတာလုံးလုံး ခြင်ပရိသတ်ကို မိမိအတ္တဘောကြီးဖြင့် ပွဲတော်ဆက်ခဲ့ရရှာသည်။ နံနက်လင်း၍ မိမိတည်းအိမ်သို့ ပြန်ရောက်သောအခါ ခြင်ကိုက် ဒဏ်ရာများကို လှန်ပြရင်း ဤသို့ ညည်းတွားလိုက်သည် ဆိုပါသည်။

‘အလိုလေးဗျာ၊ ခင်ဗျားတို့ ဆေးရုံ ခြင်ကိုက်လိုက်ချက်များတော့ တန်ဆောင်းလက်ပတ်ချုံထဲ ငှုမ်းပစ်လဲလိုက်ရသလိုပါပဲ။ တစ်ကိုယ်လုံး ဆူးရာတွေဖုံးနေတော့တာပါပဲဗျာ’

## ကိုတံဝါးသာ ကြည့်ပါတော့

ပါလီမာန်ခေတ်က ဖြစ်သည်။ ရွေးကောက်ပွဲ နီးလာတိုင်း နီးလာတိုင်း တစ်ပြည်လုံးမှာပင် မဲပေးနိုင်ခွင့်ရှိသူ စာရင်းကို ပြုစုကြသည်ဟု သိရပါသည်။

ဆည်မြောင်းဌာနက ဦးတင်အို အမှူးပြုသော စာရင်းပြုစုရေးအဖွဲ့သည် လှတောရွာသို့ ရောက်ရှိလာသည်။ မဲပေးနိုင်ခွင့်ရှိသူ စာရင်းများကို သူကြီးနှင့် တိုင်ပင်ပြုစုနေသည်။ တစ်ခါတွင် မိန်းကလေးတစ်ဦးသည် မဲပေးခွင့်စာရင်းတွင် မိမိ ပါရှိရန် စာရင်းလာပေးလာသည်။ သို့သော် ယင်းမိန်းကလေး၏ ရုပ်ရည်မှာ အလွန်နုနေသည်။ ငယ်ရုပ်ပါနေသည်။ စာရင်းပြုအဖွဲ့က ပုဂ္ဂိုလ်များသည် ယင်း မိန်းကလေးကိုကြည့်ကာ သံသယဝင်နေသဖြင့် ခပ်အင်အင် လုပ်နေသည်။ လုပ်ရုံ သာမက နောက်ဆုံး သူကြီးကို–

‘ဒီမိန်းကလေး အသက် ၁၈ နှစ် ရှိပါ့မလား’ ဟုပင် မေးမြန်းလေတော့ သည်။ ထိုအခါ အနီးရှိ အဘွားကြီးတစ်ယောက်က ဒေါမာန်ပါပါဖြင့် ဝင်ဖြေလိုက် လေသည်။

‘အလိုလေး စာရေးကြီးတို့နှယ်၊ ဒီမိန်းကလေး ၁၈ နှစ် ပြည့် မပြည့် သံသယ ဖြစ်နေရတယ်လို့တော်။ လူမို့သာပေါ့၊ ထန်းသီးသာဖြစ်ရင် ကိုက်တောင် ရမှာ မဟုတ်တော့ဘူး’

အထက်ပါစကားကြောင့် ယင်းမိန်းကလေး၏ အမည်ကို မဲပေးနိုင်သူ စာရင်းတွင် ကောက်ကာငင်ကာ ဖြည့်သွင်းလိုက်ကြသည် ဟူ၏။

## ဟောင်းနွမ်းသော ငွေစက္ကူ

လှတောရွာသူ အဘွားကြီးတစ်ယောက်သည် ဝက်လက်မြို့ကအပြန် ဝက်လက်– လှတော ကားကို စီးလာသည်။ ကားသမားက ကားခတောင်းသောအခါ ငါးကျပ် တန် တစ်ရွက်ကို အဘွားကြီးက ထုတ်ပေးသည်။ ကားသမားက အဘွားကြီးအား ကျပ်တန်လေးရွက် ပြန်အမ်းလေသည်။ သို့သော် ကျပ်တန်အားလုံးပင် အတော် ဟောင်းနွမ်းနေသည် ဆိုပါသည်။ အဘွားကြီးသည် ငွေစက္ကူများကို အပြန်ပြန် အလှန်လှန်ကြည့်ရင်း–

‘မောင်ရင်လေးရယ်၊ မောင့်ရင့် ကျပ်တန်တွေကတော့ ပလာတာ





(ထပ်တစ်ရာ) အပျက် ကြက်ယက်ထားတဲ့ အတိုင်းပါလားကွယ်’ ဟု ညည်းတွား ပြောဆိုလိုက်သည် ဟူ၏။

## မြွေတွေ မြွေတွေ

တခြားရွာသားများနှင့် လှတောရွာသားတို့သည် လယ်နီးချင်း ကောက်ရိတ်ကြရင်း ခေတ္တအနားယူခိုက် စကားလက်ဆုံကျကြသည် ဆိုပါသည်။ စကားလက်ဆုံ ကျ[illegible]ိက်မှာပင် ကောက်ရိတ်နေသူ တချို့ဆီမှ မြွေတွေ့ကြောင်း ပြောကြ ဆိုကြ၊ ရိုက်ကြ နှက်ကြသည်ကို ကြားနာမြင်တွေ့နေကြရသည်။ ထိုအခါ တခြား ရွာသား တစ်ယောက်က ‘မြွေကတော့ ဂရုစိုက်နိုင်မှ တော်ကာကျမယ်ဗျို့။ ကျုပ်တို့ ရွာနားက လယ်တွေမှာဆိုရင် ပေါလိုက်တဲ့ မြွေတွေများ ဝါးဖောင်တွေ မျောလာ သလား အောက်မေ့ရတယ်။ တော်တော်လန့်စရာ ကောင်းတာပဲ’ ဟု ပြောပြလေ သည်။ လှတောသားကလည်း အားကျမခံ မြွေပေါပုံကို ဤသို့ ပြန်ပြောလိုက်လေ သည်။

‘ဟုတ်ပေမှာပဲဗျာ။ ကျုပ်တို့ဆီ မြွေပေါလိုက်ပုံများလည်း အံ့မခန်းလိလိ ပါပဲ။ လယ်ပြင်ထဲ လှမ်းကြည့်လိုက်မယ်ဆိုရင် မုန့်တီတောင်း စောင်းသွန်လိုက်တဲ့ အတိုင်းပါပဲ’

(“အချို့က မုန့်တီဟင်း ပြင်ထားတဲ့အတိုင်း” ဟု နိုင်းနှိုင်းသည်ဟု ပြောပြ ကြသည်။)

## ဒါးကော့သော နွား

လယ်သမားတို့သည် နွားကို တန်ဖြေးထားသည်မှာ ဓမ္မတာဖြစ်သည်။ နွားကောင်း ကောင်း ကိုင်လိုကြသည်။ ပိုင်လိုကြသည်။ နွားကောင်း ကိုင်ရလျှင်လည်း ဂုဏ်ယူ ကြသည်။ တစ်ခါတစ်ရံ နွားကောင်း ပြိုင်တတ်ကြသေးသည်။ နွားကောင်း ကြန်အင် လက္ခဏာတို့တွင် ခါးကော့ခြင်းလည်း တစ်ခုအပါအဝင် ဖြစ်သည်။

တစ်နေ့တွင် တခြားရွာသားတစ်ယောက်နှင့် လှတောသားတစ်ယောက်တို့သည် နွားကောင်းလက္ခဏာ ဆွေးနွေးကြရာမှ မိမိ၏နွား ခါးကော့ကြောင်း ပြိုင်ဆိုင်ပြောဆိုမိကြလေသည်။

တခြားရွာသား။ 'ကျုပ်နွား ခါးကော့တာက အခုတွေ့မြင်နေကြရတဲ့ နွားကော့တွေလို ငါးစင်းပြေးသက်သက် ကော့တာမျိုး မဟုတ်ဘူးဗျ။ စိန်ဗေဒါကြီး ပတ္တလား တီးတော့မယ့် အနေအထားမျိုးထိ ကော့တာဗျ'

လှတောသား။ 'ဒါဆိုရင် ခင်ဗျားနွား ကော့တာကို ကော့တယ်လို့တောင် ပြောမဖြစ်သေးဘူး။ ကျုပ်နွားနဲ့ ယှဉ်မိရင် ကုန်းတယ်လို့တောင် ပြောနိုင်သေးတယ်။ ကျုပ်နွား ခါးကော့လိုက်ပုံက ချေး (ချီး) ပါတဲ့အခါ ချိုကြားကိုချည်း ကျနေတာပဲ။ ကျလာတဲ့ နွားချေးပုံ အမြီးနဲ့ ပြန်ပြန်သုတ်ပေးရတယ်'

## ရေသူခိုး

လှတောရွာသည် စပါးစိုက်ပျိုးခြင်းဖြင့် အသက်မွေးသော ရွာကြီးတစ်ရွာ ဖြစ်သည်ဟု ယေဘုယျအားဖြင့် ဆိုရပါမည်။ လယ်သမားအတွက် ပထမ အရေးကြီးဆုံး အရာမှာ မြေ၊ ဒုတိယ အရေးကြီးဆုံးမှာ ရေ ဖြစ်သည်ဟု ဆိုရပါမည်။ မြေပင်ရှိသော်လည်း ရေမရှိပါက စပါးစိုက်ပျိုးဖို့ အိပ်မက်ပင် မက်၍ မရစကောင်း။ ထို့ကြောင့် ရေကို လွန်စွာ တန်ဖိုးထားကြပါသည်။ တစ်ခေတ်က ရေလုရာမှ အသက်ဆုံးရှုံးရမှုများပင် ရှိခဲ့သည်ဟု သိရပါသည်။

တစ်နေ့တွင် လှတောရွာသူကြီးထံသို့ ရွာသားတစ်ယောက် ရှူးရှူးရှားရှား ဒေါမာန်ပွားလျက် ရောက်လာသည်။

ရွာသား။ 'ဗျို့ သူကြီးမင်း၊ သူကြီးမင်း ရှိပါသလား'

သူကြီး။ 'ဟဲ့ ဘယ်သူလဲဟဲ့၊ ရှိပါတယ်။ ဘာဖြစ်လို့လဲ ဟဲ့'





ရွာသား။ 'ကျုပ်ပါ သူကြီး။ ကျုပ်လယ်ထဲက ရေတွေကို (မောင်မဲ) က ညတုန်းက ဖောက်သွယ် ခိုးယူသွားပါတယ်။ အဲဒါ သူကြီးမင်း အမြန်ဆုံး အရေးယူပေးပါ'

သူကြီး။ 'ဟ မင့် ဘယ်လယ်ထဲကတုန်းကွ'

ရွာသား။ 'အရှေ့တော မူးဆေး လယ်ထဲကပါ'

သူကြီး။ 'ဟဲ့ အဲဒီ လယ်ထဲမှာ ရေရှိလို့လားကွ'

ရွာသား။ 'ရှိပါသော်ကော သူကြီးမင်းရယ်၊ ရှိဆိုဗျာ ဆင်ထောက်လို့တောင် မမီနိုင်ပါဘူး'

သူကြီး။ 'ဒီလောက်ရှိရင်လည်း ယူပါစေတော့ကွာ၊ ကိုယ့်ရွာသား အချင်းချင်းပဲဟာ'

ရွာသား။ 'ယူတာက ဟုတ်တယ်ဗျ၊ အခု ကျုပ်လယ်ထဲမှာ ယင်သောက်ဖို့တောင် မကျန်တော့ဘူးဗျ'

## လင်းဧသတည်း

တစ်နေ့သ၌ မြို့ပေါ်မှ အစိုးရအမှုထမ်းတစ်ဦးသည် လှတောဘက်သို့ ရောက်လာသည်။ အဆင်ပြေသဖြင့် လှတောအိမ်တစ်အိမ်မှာပင် တည်းခိုခွင့် ရလေသည်။ ညနေဘက် ထမင်းစားပြီး စကားစမြည် ပြောနေကြစဉ် ဧည့်သည်သည် ဆေးလိပ်သောက်ရန် မိမိ၌ ပါလာသော ယိုးဒယားမီးခြစ် အကောင်းစားကလေးကို အမှတ်မထင် ထုတ်ယူခြစ်မိသည်။

အိမ်ရှင်သည် ဤမီးခြစ်မျိုးကို ယခင်က မမြင်ဘူးသေး၊ မြင်ရလျှင် မြင်ရချင်း စိတ်ဝင်စားနေသည်။ အပြန်ပြန် အလှန်လှန် ကိုင်တွယ်ကြည့်နေသည်။ စိတ်ဝင်စားသော်လည်း ချီးကျူးဖို့ ဝန်လေးနေသည်။

'ခင်ဗျားမီးခြစ်က အမြင်တော့ လှပါရဲ့၊ အသုံးမှာတော့ ကျုပ်မီးခြစ်မျိုး မီမယ် မထင်ပါဘူး' ဟု ပြောရင်း ပြည်တွင်းဖြစ် အပေါစား မီးခြစ်ကလေးတစ်လုံးကို

ထုတ်ပြလာသည်။ ညှော်သည်ကမူ မိမိမီးခြစ်မှာ ခေတ်မီစွာ တီထွင်ထုတ်လုပ်ထား သော နိုင်ငံခြားဖြစ် မီးခြစ်ဖြစ်သဖြင့် လှလည်း လှကြောင်း၊ အသုံးလည်း ကောင်း ကြောင်း အရိုးအတိုင်း ပြောပြမိသည်။ ဤတွင် လှတောသားက–

'အသုံးမှာတော့ ကျုပ်မီးခြစ်ကို ဘယ်မီနိုင်မလဲဗျ။ ကျုပ်မီးခြစ်က သာမန်မ မဟုတ်ဘဲ။ ဓာတ်ဆီမပါဘဲ ခြစ်တာတောင်မှ မီးထတောက်နိုင်တယ်။ ဓာတ်ဆီမျာ ထည့်ခြစ်မယ်ဆိုရင် စစ်ကိုင်းလောက်က လှမ်းကြည့်တာတောင်မှ ရွာ မီးလောင် နေသလား အောက်မေ့ရတယ်။ ဒီလောက်ကောင်းတဲ့ မီးခြစ်ဗျ'ဟု ပြောပြလေ သည်။

## ခြ ပေါလိုက်ပုံများ

တစ်နေ့တွင် ခြပေါကြောင်း၊ ခြင်နှိပ်စက်ကြောင်း စကားစပ်မိကြသည်။ သူတို့ အချင်းချင်း စကားရည်လုကြပုံမှာ ဤသို့ ဖြစ်ပါသည်။

'တို့တောမှာ ခြတွေ ပေါလိုက်ပုံကတော့ စိတ်ပျက်လောက်အောင်ပါပဲ။ တစ်နေ့က ရေချိုးမယ်ဆိုပြီး ပုဆိုးခေါက်ကလေး မြက်ခင်းစပ် ချထားမိပါတယ်။ ရေချိုးပြီးလို့ ပုဆိုးလဲဖို့ ကောက်ကြည့်လိုက်တော့ လား‌လား ပုဆိုးတစ်ထည်လုံး ခြစားထားတာ အနားပတ်နဲ့ ချုပ်ရိုးပဲ ကျန်တော့တယ်'

'မင်းပြောတာ ဟုတ်ပေမှာပဲ။ တို့တောမှာလည်း ဒီလိုပါပဲ။ ဟိုတစ်နေ့က ထွန် ထွန်ရင်း ခေါင်းပေါ်က ခမောက် လေလှန်ချလိုက်လို့ ကပျာကယာ လိုက် ကောက်တာတောင် ခမောက်ထိပ်က သံပြားအုပ်ကလေးပဲ ရလိုက်တော့တယ်။ ကျန်တာတွေအားလုံး ခြဗိုက်ထဲ ရောက်ကုန်တယ်'

## မီးစက်ချင်း ပြိုင်တော့

လှတောရွာ ဘုန်းကြီးကျောင်းအတွက် အင်ဂျင် (မီးစက်) ဝယ်လာစဉ်က ဖြစ်သည်။ စက်က အနည်းငယ် သေးငယ်သည်ကို ဥယျာဉ်မ ရွာသားတစ်ဦးက သိသောအခါ လှတောသားအား–





'မင်းတို့ရွာမီးစက်က တယ်ကြီးတယ် ဆိုပါလားကွ။ လက်ဆွဲသေတ္တာနဲ့ ဘောင် ထည့်ယူခဲ့ရတယ်ဆို'ဟု (ခပ်ငေါ့ငေါ့) ပြောလိုက်မိသည်။ ထိုအခါ လှတောသားက–

'မငေါ့ပါနဲ့ဗျာ၊ သေတ္တာနဲ့ ထည့်ယူရတယ်ဆိုတော့ ဘယ်ကြီးနိုင်ပါတော့ မလဲ။ တကယ်တော့ ခင်ဗျားတို့ ဥယျာဉ်မ (ရွာ) မီးစက်က မီးခြစ်ဗူးနဲ့ ထည့်ယူရ တယ်ဆိုတော့ ဘယ်မှာ ခင်ဗျားတို့ စက်လောက် ကြီးနိုင်ပါ့မလဲ'ဟု အပေးအယူ မျှ ချေပလိုက်သည် ဟူ၏။

## စံပြ လုံခြုံရေးတပ်ခွဲနှင့် ဒရဝမ်

လှတောရွာမ၏ အနောက်တောင်ဘက်တွင် ရွာပိုးလေး ရှိပါသည်။ ယင်းရွာပိုးမှာ ပင် ဝက်လက်ကားဆိပ်၊ အစိုးရအလယ်တန်းကျောင်း၊ ဆန်စက်များ ရှိ၍ ကျောက်လမ်း ဟိုဘက်တွင် အစိုးရ စပါးဂိုဒေါင်ကြီး ရှိပါသည်။ ဂိုဒေါင်ဝင်းထဲ မှာပင် ရဲစခန်းလည်း ရှိပါသည်။ ဂိုဒေါင်စောင့် (ဒရဝမ်) မှာ ဦးသာပြောဆိုသူ ဖြစ်ပါသည်။ –

တစ်ညတွင် ဂိုဒေါင်၌ ချည်ထားသော ဦးသာပြော၏ နွားသည် အခိုးခံ လိုက်ရသည်။ ယင်းသတင်းကို ကြားလိုက်ရသူတို့သည် အတော်အံ့သြသွားကြလေ သည်။ နွားရှိထားသူ လယ်သမားတို့မှာလည်း ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြသည်။

မည်သို့ သဘောထားလေသည် မသိ၊ ယင်းနွားခိုးမှုကို စုံစမ်းရန် လှတော သားအား တာဝန်မပေးဘဲ ဝက်လက်စခန်းမှ လာရောက်စစ်ဆေးသည် ဆိုပါသည်။ ဝက်လက်စခန်းမှ လာရောက်စစ်ဆေးသည့် သတင်းကို ကြားကြသူ လှတောသား တို့သည် ဦးသာပြောအိမ်ရှိရာ ဂိုဒေါင်သို့ လာရောက်နားထောင်ကြသည်။ လှတော ရဲသားတချို့မှာမူ မိမိတို့ တာဝန် ပျက်ကွက်ရာရောက်သဖြင့် စိတ်မကောင်း ဖြစ်လေသလား မသိ၊ မျက်နှာမသာမယာ ဖြစ်နေကြသည်။ ရောက်လာသည့်ရဲများ က စစ်မေးသောအခါ တစ်ခါတစ်ရံ တာဝန်ရှိသူတို့က မဖြေမီ လှတောသားတို့က ဝင်ဖြေနေကြလေသည်။

ရဲ။ 'ပျောက်သွားတဲ့ နွားက ဘယ်သူ့နွားလဲဗျ'

လှတောသား။ 'ဦးသာပြော နွားပေါ့။ ဒရဝမ်၊ ဒရဝမ်ကြီးရဲ့ နွားပေါ့'

ရဲ။ 'ဒရဝမ်ရဲ့နွား ပျောက်ရအောင် နွားက ဘယ်မှာချည်ထ လို့တုန်း'

လှတောသား။ 'ရဲသားခြေထောက်မှာပေါ့ဗျာ'

အနီးအပါးရှိ လာရောက်ကြည့်သူတို့ တဝါးဝါး ရယ်ကြရလေသည် မူလကပင် မျက်နှာမသာမယာ ဖြစ်နေကြသော လှတောရဲသားများမှာ မိမိတို့အ တမင်ချောက်တွန်းရာ ရောက်သော ထိုသူ၏ အဖြေစကားကြောင့် မျက်နှာတခ်ခု ညိုပုပ်နေအောင် စိတ်ဆိုးကြသော ဟူ၏။

## ဆံပင် ဆလန်တင်ပါသည်

ဝက်လက်နှင့်လှတော ပြေးဆွဲနေသော ကားတစ်စင်းသည် အချိန် အတော် နော ကျမှ ဝက်လက်သို့ ရောက်သွားသည်။ ဆိုင်တစ်ဆိုင်ရှေ့တွင် ထိုးရပ်လိုက်သောအ ဆိုင်ရှင်က ကားကိုကြည့်ရင်း–

'ခင်ဗျား ကားတာယာတွေကလည်း ပါးလိုက်တာ လွန်ပါရောလား အသစ်ကလေး ဘာလေး လဲသေးရောပေါ့'ဟု အကြံဉာဏ်ပေးလိုက်သည်။ ဤတ လှတောသားက–

'တာယာတွေ ပါးနေတာတော့ ပြောမနေပါရစေနဲ့တော့ဗျာ။ ဆံ ဖြတ်ဆိုင်ရှေ့တောင် မမောင်းရဲတော့ပါဘူး။ ဆံပင်မွေးစူးပြီး ပေါက်မှာစိုး ဆံပင်ညှပ်ဆိုင် ရှောင်မောင်းနေရတာနဲ့ အခုလို နောက်ကျနေရတာပါပဲ' ဖြေလိုက်လေသည်။

## နောက်တတ်လာတဲ့ မောင်ပုလဲ

ကျေးရွာများ၌ သူကြီးများ အုပ်ချုပ်သော ခေတ်က ဖြစ်ပါသည်။ လှတောရွာသူ ရွေးပွဲတွင် သူကြီးဟောင်းကို ယှဉ်ပြိုင်အရွေးခံမည့် သူကြီးလောင်းမှာ ဦးကံညွ





ပွဲသည် ဆိုပါသည်။ ရွာသားအများစုသည် သူကြီးဟောင်းအပေါ် အားရကျေနပ် နည်းနေကြခိုက်တွင် ဦးကံညွန့်လို သွက်လက်သူ ဝင်ရောက် ယှဉ်ပြိုင်သောအခါ အလွန်ဝမ်းသာ ကျေနပ်နေကြသည်။ ဦးကံညွန့် အနိုင်ရရှိရေးအတွက်လည်း အဘက်ဘက်က ကူညီဆောင်ရွက်ကြသည်။ သို့ဖြင့် ယင်းရွေးချယ်ပွဲ၌ ဦးကံညွန့် င် အနိုင်ရလိုက်သည်။

ဦးကံညွန့်သည် ပွင့်လင်းသည်၊ ရဲရင့်သည်၊ တက်ကြွသည်၊ ကောင်းမည် ထင်သည်ကို ရဲရဲဝံ့ဝံ့ လုပ်သည်။ သို့သော် တချို့လုပ်ဆောင်ချက်များမှာမူ ရွာသား အတွက် အနေအထိုင် ကျုံ့စရာ ဖိနှိပ်ရာ ရောက်နေလေသည်။ အထူးသဖြင့် သမ်းဘေး လယ်ဘေးများတွင်ရှိသော ရေအိုင်များ၊ ရေမြောင်းများကို လေလံဆွဲ လုပ်ကိုင်စေသည်ကိုမူ ပိုမိုခံပြင်းကြသည်။ ယခင်က ယင်းရေအိုင် ရေမြောင်း များတွင် ရွာသားတို့ တစ်အိုးစား တစ်ဟင်းချက်အတွက် လွတ်လွတ်လပ်လပ် ငါးပက် ဖမ်းဆီးခွင့် ရှိသော်လည်း ယခုမူ ဖမ်းဆီးခွင့် မရှိတော့ပြီ။ ထို့ကြောင့် ကျေမနပ်သံများ လှိုင်နေအောင် ပြောဆိုလာကြသည်။ တစ်နေ့တွင် ဦးဖိုးကြာ အိမ်၌ ယင်းကိစ္စကိုပင် ရွာသားတချို့ ပြောဆိုပြစ်တင်နေမိကြရာ ဦးဖိုးကြာက ဤသို့ ပြောဆိုလိုက်သည်။

'အင်း ကံညွန့် မဲပေးမိတာကတော့ကွာ သစ်ပင်စောက်ထိုး စိုက်မိသထက် ဆိုးနည်းကုန်ပါပြီ'

ထိုသို့ ပြောဆိုနေကြဆဲမှာပင် သူကြီး ဦးကံညွန့်လည်း ဦးဖိုးကြာ၏ အိမ်ဝိုင်းထဲသို့ ဝင်လာသည်ကို မြင်ကြရသည်။ ဤတွင် ဦးဖိုးကြာက လက်ဆေး လက် ရှိသော မိမိဇနီးအား ပြောလေဟန်ဖြင့် ဦးကံညွန့် ကြားလောက်အောင် ပြောလိုက်သည်ကား–

'ဟဲ့ ဟဲ့ ရှင်မရေ၊ မြန်မြန်လက်ဆေးဟဲ့၊ ဆေးပြီးရင် အင်တုံကို မြန်မြန် သွန်ပစ်လိုက်၊ ဟိုက ကံညွန့်လာနေပြီ။ တော်တော်ကြာရင် လေလံပစ်တဲ့ထဲ မှာအင်တုံပါ ပါသွားလိမ့်မယ်'

## သိကြားနှင့် သကြား

လှတောရွာတွင် တစ်ခါက ရက်ရှည်ကြာမျှော မိုးအဆက်မပြတ် ရွာခဲ့ဖူးပါသည်။ မိုးသည် သဲသဲမဲမဲ ရွာခြင်းလည်း မဟုတ်။ တစ်စက်တစ်စက်နှင့် အဆက်မပြတ် ဖွဲနေခြင်းသာ ဖြစ်သည်။ ရက်ကြာလာသဖြင့် အလုပ်အကိုင် အပျက်မခံနိုင် သူတို့သည် စွတ်စွတ်စိုစိုကြီးထဲမှာပင် သွားလာလုပ်ကိုင်ကြရသည်။

ဒေါ်သိန်းရင် ဆိုသူသည်လည်း သမဝါယမဆိုင်သို့ ပစ္စည်းထုတ်ရန် ရောက်လာသည်။ ဆိုင်ထဲသို့ ဝင်သောအခါ ခြေထောက်တွေစို၊ အဝတ်အစား တွေလည်း စိုသည့်အပြင် ဆံပင်မှလည်း မိုးရေများ တစက်စက်ကျနေသည်။ ဤတွင် ဒေါ်သိန်းရင် ပြောလိုက်သည်ကား–

'ကိုရွှေမိုးသိကြားတို့ ကဲလိုက်ပုံများတော့ သမဝါယမက သကြားအိတ်နဲ့ အတူ ငိုချင်းရှည်ပြိုင်ပွဲ နွှဲနေတော့တာပါပဲ' ဟူ၍ ဖြစ်သတည်း။

## သွေးကွဲသော ရွာ

အထက်တစ်နေရာတွင် ဖော်ပြခဲ့ဖူးသည့်အတိုင်း လှတောရွာသည် တောင်ပိုင်း မြောက်ပိုင်း ဟူ၍ နှစ်ပိုင်းကွဲနေသည်။ အရေး တစ်စုံတစ်ရာ ကြုံလာရလျှင် တောင်ပိုင်းက ဘယ်လို၊ မြောက်ပိုင်းက ဘယ်နှယ့် ဟူသော စကားမျိုးကို ကြားကြား လာရတတ်သည်။ ဤသည်ကို အမြော်အမြင်ကြီးသော ပုဂ္ဂိုလ်အချို့က မကြားလို မနာလိုကြပေ။ တစ်နေ့တွင်လည်း ကိစ္စတစ်ခုအတွက် ပြောကြဆိုကြစဉ် ယင်း စကားသည် အလိုအလျောက် ပေါ်လာပြန်လေသည်။ ဤတွင် သွေးကွဲစကားကို မနှစ်သက်နိုင်သူ ဦးစိုးက ဤသို့ ပြောဆိုလိုက်လေသည်။

'မင်းတို့မဲလဲကွာ၊ တစ်ခါလာ တောင်ပိုင်း မြောက်ပိုင်း၊ တစ်ခါလာ တောင်ပိုင်း မြောက်ပိုင်းနဲ့၊ ရွာကလေးကြည့်လိုက်တော့ ကြွက်မြဲလောက်ရှိရဲ့ ကွဲထားလိုက်ပုံများကတော့ လက်ပစ်ဖုံး အမ်းဘတ်ကား ကြိတ်ထားတဲ့အတိုင်းပါပဲ ကွာ' ဟူ၍ ဖြစ်ပါသည်။





## ဘာဂျာမှုတ်သည် အိုဇည့်သည်

တစ်ခါသ၌ ဝက်လက်မြို့မှ ကုန်သွယ်ရေးအရာရှိ တစ်ဦးသည် လှတောရွာသို့ ရောက်လာသည် ဆိုပါသည်။ ရောက်တုန်းရောက်ခိုက် မိမိရုံးနှင့် ဆိုင်သည့် ကိစ္စရပ်များကိုလည်း တစ်ပါတည်း မေးမြန်းဆောင်ရွက်ရင်း လှတောမှာ ခေတ္တ နားနေလေသည်။ ဧည့်သည်လာလျှင် ဧည့်ဝတ်ကျေတတ်သော ကျေးလက်တို့၏ လက်ရိုးစဉ်လာအရ လှတောရွာ အိမ်တစ်အိမ်က မိမိတို့တွင်ရှိသည့် ပြောင်းဖူးများကို ပြုတ်၍ ကုန်သွယ်ရေးဧည့်သည်အား ပူပူနွေးနွေး တည်ခင်းကျွေးမွေးလေသည်။

ဧည့်သည်သည် ရယ်ရွှန်းဖတ်ရွှန်း ပြောတတ်သူလည်း ဖြစ်သည်။ သွက်သွက်လက်လက် လုပ်ကိုင်တတ်သူလည်း ဖြစ်သည် ဆိုပါသည်။ ပြောင်းဖူး ချကျွေးလာသောအခါ ဧည့်သည်သည် ပြောင်းဖူးက အလွန်အရသာရှိကြောင်း တတွတ်တွတ် ပြောဆိုရင်း ပလုတ်ပလောင်း စားပစ်လိုက်လေသည်။ ယင်း ဧည့်သည် ပြန်သွားသောအခါ၌ ပြောင်းဖူးစားနေသည်ကို မြင်လိုက်သော လှတော သား တစ်ယောက်က–

'ပြောသွားလိုက်တဲ့ စကားတွေကတော့ အဖေလောက်နီးနီး အားကိုးရမယ့် ပုံကြီးပါပဲ။ ဒါပေတဲ့ တကယ့်တကယ် သူတို့ဆီ သွားလျှောက်တော့ ဘာတစ်ခုမှ ရတယ်လို့ မရှိဘူး။ အခု သူများပြောင်းဖူး အလကား ရတော့ စားနေလိုက်တာ များဗျာ၊ ဘာဂျာမှုတ်နေတဲ့အတိုင်း နှုတ်ခမ်းတောင် သုတ်ရမှန်း မသိဘူး' ဟူ၍ ပြောလိုက်လေသည်။

## အာမခံ ကျောင်းတိုင်

လှတောရွာတွင် ယခင်က အစိုးရပညာသင်ကျောင်း မရှိသေးပါ။ ဆရာအုန်း ဦးစီးပါဝင်သော ကျောင်းကော်မတီဝင်တို့၏ အားထုတ်မှုကြောင့် ကျောင်း စတင် ဖွင့်သည်။ ကော်မတီဝင်တို့သည် မိမိတို့ရွာအတွက် ကျောင်းဖွင့်မိန့် ကျလာသော အခါ လွန်စွာ ဝမ်းမြောက်သွားကြသည်။ ကျောင်းအဆောက်အအုံ ပေါ်ထွက်လာ

ရေးအတွက်လည်း ဆက်လက် ကြိုးပမ်းကြပြန်သည်။ ကျောင်း အကောင်အထည် ပေါ်လာရေးသည် သူတို့အတွက် အလွန် အရေးကြီးနေသည်။ ထို့ကြောင့် အချို့ ရန်ပုံငွေဖြင့် လည်းကောင်း၊ အချို့ အိတ်ထဲမှ ခေတ္တစိုက်ထုတ်ငွေဖြင့် လည်းကောင်း သစ်သား၊ ဝါးများ ဝယ်ကြသည်။ သို့ရာတွင် အလျင်စလို လုပ်ရသော ကိစ္စမျိုးတို့ ထုံးစံအတိုင်း သစ်ဝါးမှာ လိုသလောက် အလွယ်တကူ မရနိုင်ခဲ့။ ထိုအခါ တစ်ပတ် နွမ်း အသားများကိုပါ ထည့်သုံးရန် စဉ်းစားကြရတော့သည်။ ဤသို့ဖြင့် တိုင် အချို့အတွက် အိမ်ဟောင်းမှ တိုင်များကို ထည့်သွင်းရလေတော့သည်။

ဆက်ဆက်သား ဆောက်ကြသောအခါ၌ လက်သမားခေါင်းဆောင် လုပ်သူသည် တိုင်ဟောင်းများကိုကြည့်ကာ အင်တင်တင် လုပ်နေသည်။ 'ဒါတွေနဲ့ သာ ဆောက်လို့တော့ ဘယ်လောက်မှ ခံမှာမဟုတ်ဘူး' ဟုလည်း မကြားနိုးနား ပြောကာ တွေငေးငေးကြီး လုပ်လုပ်နေသည်။ အားတက်နေသော ကော်မတီဝင်တို့ မှာ သူ့ အမူအရာကိုကြည့်ကာ အားမလိုအားမရ ဖြစ်လာကြသည်။ ဤတွင်မှ ကော်မတီဝင် ဦးချမ်းမြေ့က တိုင်ကို ခြေဖြင့် ကန်လိုမ့်ရင်း ခပ်ကျယ်ကျယ် လှမ်းပြောသည်ကား–

'ဂျီးတွေ ဂျောင်တွေ (ချေးတွေ ကြောင်တွေ) များမနေနဲ့။ ဒီတိုင်တွေဟာ ကျောင်းတစ်သက်မကဘူး၊ အရိမေတ္တေယျဘုရား ပွင့်တဲ့အခါ ဓမ္မာရုံဆောက်ဖို့ ဆက်လက် လှူဒါန်းသုံးစွဲရဦးမယ်' ဟူ၍ ဖြစ်ပါသည်။ ကော်မတီဝင်၏ စကား ကြောင့် လက်သမားများသည် လက်နက်များကို အသီးသီး ကောက်ယူကာ ခုတ်ကြ ဖြတ်ကြ၊ ထွင်းဖောက်ကြလေတော့သည် ဟူ၏။

## အလှူ လက်စတ်ခွက်

တစ်နေ့တွင် ရွှေဘို–ဝက်လက်ပြေး ကားတစ်စီးသည် လှတောရွာတွင် စက်ချို့ယွင်း သွားလေသည်။ လှတောသားတစ်ဦးသည် လက်ဖက်ရည်ဆိုင်တွင် ထိုင်ရင်း အဆိုပါ ကားကို ကြည့်နေမိသည်။





ခရီးနီး ပြေးဆွဲကြသည့် ကားများ ဖြစ်ကြသည့်အလျောက် ပြေးဆွဲနေကြ သော ကားသမားအချင်းချင်း သိကျွမ်းနေကြသည်။ အချို့သည် အလွန်ရင်းနှီးသော မိတ်ဆွေများပင် ဖြစ်ကြသည်။ ထို့ကြောင့် ကားတစ်စီး ရောက်လာလျှင် ပျက်နေ သော ကားအနီး၌ ရပ်ကာ တတ်သမျှ မှတ်သမျှဖြင့် လှန်လှောမွှေနှောက်ကာ ပြင်ဆင်ပေးသည်။ ပြီးလျှင် စက်ကို နှိုးစမ်းကြည့်သည်။ သို့သော် စက်က မနိုး။ ထိုအခါ ကူပြင်ပေးသူသည် လက်လျှော့ကာ မိမိကားကို ဆက်လက် မောင်းနှင် ထွက်ခွာသွားလေသည်။

နောက်တစ်စီး ရောက်လာသောအခါလည်း ယခင်နည်းအတိုင်း ဟိုနှိုက် သည်ချွတ် ပြင်ဆင်ကာ စက်နှိုးကြည့်သည်။ သို့သော် ထူးမခြားနား။ ကားသမား သည် ဆက်မောင်းသွားပြန်သည်။ နောက်တစ်စီး လာလိုက်၊ ပြင်လိုက်၊ နှိုက်လိုက်၊ ရေ ထွက်သွားလိုက်ဖြင့် အချိန်လည်း အတော်ညောင်းပေပြီ။ ကားပေါင်းလည်း များလေပြီ။

ဤတွင် လက်ဖက်ရည်ဆိုင်မှ ထိုင်ကြည့်နေသော လှတောသားက ဤသို့ ဥဒါန်းကျူးလိုက်သည် ဟူ၏။

'အလိုလေး ဟိုကားနှယ်ကွာ၊ အလှူအိမ်က လက်ဖက်ခွက်ကျနေတာပဲ။ လာလာသမျှ တစ္စွတ်စွတ်နဲ့ နှိုက်သွားကြတာပါပဲလား ကရို့'

## အစာကြေဆေး

တစ်ခါက ဝက်လက်မြို့သို့ သွားမည့် ခရီးသည်တစ်စုသည် လှတောသို့ ရောက် သွားကြသည်။ လှတောမှတစ်ဆင့် ဝက်လက်သို့ ကိုယ်ပိုင်ကားဖြင့် သွားကြရန် ဖြစ်သည် ဆိုပါသည်။ ခရီးသည်တို့သည် ယခင်က ဤလမ်းကို မရောက်ဖူးကြ။ ထို့ကြောင့် လှတော၌ ခေတ္တရပ်နားကြစဉ် ခရီး၏ အနီးအဝေး၊ ကားလမ်း၏ အခြေအနေများကို လှတောသားတစ်ဦးထံ မေးမြန်းကြသည်။ လှတောသား

ဖြေကြားသည့်စကားကို ကြားရသောအခါ ခရီးသည်များမှာ ရယ်မောရင်း ရင်မော
ကြရပေတော့သည်။

'ခင်ဗျားတို့ ဒီလမ်းအတိုင်းသာ သွားမှာဖြစ်ရင် ဒီက ဘာမှ စားမသွား
ကြနဲ့၊ ကျောက်ခဲသာ မျိုသွားကြ။ ဟိုရောက်တော့ အစာကြေလိမ့်မယ်'

## ဘုရားပွင့်တော်မူရာ အရပ်

လှတောသားတစ်ဦးသည် မန္တလေးသို့ သွားရန် ရွှေဘို ကားတစ်စီးဖြင့် လိုက်
လာခဲ့သည်။ မန္တလေးမြို့အဝင် မဟာမြတ်မုနိဘုရား အနောက်မုခ် အရောက်တွင်
ဆင်းမည့်ခရီးသည် ပါလာသဖြင့် ကားသည် ခေတ္တ ရပ်လိုက်သည်။ လှတောသား
သည် ကားရပ်လိုက်စဉ် ဟိုဟိုဒီဒီ ကြည့်ရှုလိုက်ရာ ကျောက်ဆင်းတု ဘုရားများ
မြင်လိုက်ရသည်။ ထို့ကြောင့် လှတောသားက ရေရွတ်လိုက်သည်မှာ–

'အလိုလေး၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ဟာ ကပိလဝတ်ပြည်
မှာ ဖွားမြင်ပြီး နေရဉ္စယာ မြစ်ကမ်းနားမှာ ပွင့်တော်မူတယ်လို့ ကျမ်းတွေ
ဆိုထားပါတယ်။ တကယ်တော့ ဘယ်ဟုတ်လို့လဲ။ စကျင်တောင်မှာ ဖွားမြင်ပြီး
ဘုရားကြီး အနောက်မုခ်မှာ ဘုရားအဖြစ် ပွင့်တော်မူတာပါပဲကလား' ဟူ
ဖြစ်ပါသည်။

## ကိုရွှေပုလိပ်နှင့် အင်္ဂလိပ်ကျောင်းသား

တစ်ခါက လှတောသားတစ်ဦးကို လက်နက်မသင်္ကာမှုဖြင့် ဖမ်းဆီးခေါ်ဆော
သွားကြသည်။ ခေါ်ဆောင်သွားစဉ်ကပင် စစ်ရင်း ဆေးရင်း၊ မေးမြန်းရင်း ရိုက်
သွားကြသည် ဆိုပါသည်။ ထိုသူ ပြန်လွတ်လာသောအခါ ဤသို့ ပြန်ပြောသ
ဟူ၏။

'အလိုလေး မောင်ရာ၊ တစ်လမ်းလုံး ငါ့ကို ဝိုင်းပြီး ကန်လိုက် ကျော
လိုက်ကြတာများ ဘုန်းကြီးကျောင်းသား ခြင်းလုံးခတ်ကစားနေသလိုပါပဲ။ ကြ





ကြာနေ လမ်းမှာပဲ သေတော့မှာပဲ အောက်မေ့ပြီး ဌာနာကိုသာ မြန်မြန်ရောက်ပါ စေတော့လို့ ဆုတောင်းနေရတော့တယ်။ ဌာနာရောက်ရင်တော့ သက်သာတန် ကောင်းပါရဲ့ပေါ့။ အလိုလေး၊ ဘယ်မှာ သက်သာလို့လဲကွာ။ အချုပ်ခန်းလည်း ရောက်ကရော၊ အင်္ဂလိပ်ကျောင်းသား ဂိုးသွင်းလိုက်သလို အခန်းထဲ ကန်သွင်းထည့် လိုက်တာ ငါဖြင့် လေယာဉ်ပျံစီးရတာ ဒါမျိုးပဲလား အောက်မေ့လိုက်မိတယ်'

**(တစ်ချိန်က အတန်းပညာ သင်ယူသူများကို အင်္ဂလိပ်ကျောင်းသားဟု သုံးနှုန်း ခဲ့ကြသည်။)**

## ဦးကျည်ဆန်၊ ဒေါ်ဂျစ်ကားတို့၏ ရင်သွေး

အစိုးရက လှတောရွာတစ်ဝိုက်ကို သောင်းကျန်းသူများလက်မှ ကယ်တင်ပြီးသည့် နောက်၌ ရွာတွင် အစောင့်အဖြစ် ပုလိပ်တပ်ဖွဲ့များ ထားရှိသည်။ သို့သော် သောင်း ကျန်းသူတို့က မကြာခဏ ဆိုသလို လာရောက်နှောင့်ယှက်တတ်ကြသေးသည်။ အင်အားမမျှသော အခါမျိုးတွင် ပုလိပ်တို့က လက်ရှောင်ပေးတတ်ကြသည်။ ဤသည်ကို လှတောသားတို့က မနှစ်မြို့ကြ။ သူပုန် ပြန်သွားသောအခါမှ ပုလိပ် တို့က ရွာကို စုံစမ်းသလေး၊ စစ်ဆေးသလေး လုပ်တတ်ကြသေးသည်။ သင်္ကာ မကင်းဟန် ပြုကြသေးသည်။ ထို့ကြောင့် လှတောသားတို့ တစ်နေ့ စကားလက်ဆုံ ကျသောအခါ–

'ပုလိပ်အကြောင်းတော့ မပြောချင်ပါဘူးကွာ။ တို့ လက်လုပ်လက်စား ရွာသားတွေအပေါ်ကျတော့ ကရောင်းရိုက် ထွက်လာတတ်ကြပါရဲ့။ လက်နက်ပါ တဲ့ သူပုန်များ ဝင်လာရင်တော့ဖြင့် ပြေးလိုက် လွှားလိုက်ကြတာများကွာ ကျည်ဆန် နဲ့ ဂျစ်ကား သားကျထားသလား အောက်မေ့ရတယ်' ဟု ပြောဆိုလေသည်။

**(ကရောင်းရိုက် ထွက်လာသည်ဆိုသည်မှာ ဘီလူးဆိုင်းတီး၊ ဘီလူးထွက် ထွက်လာသည်ဟု ပြောလိုခြင်း ဖြစ်သည်။)**

## သူကြီးက တစ်မျိုး

လှတောရွာသားတစ်ဦးနှင့် အခြားရွာသားတစ်ဦးတို့ စကားလက်ဆုံ ကျသောအခါ၌ မိမိတို့သူကြီး ရွာအပေါ် ဆိုးပုံကို အသီးသီး ပြောကြလေသည်။

'ကျုပ်တို့ ရွာသူကြီးကတော့ ရွာကို နှိပ်စက်ဖို့ သူကြီး ခန့်ထားတဲ့အတိုင်းပဲ'

'ကျုပ်တို့ရွာသူကြီးလည်း ဒီအတိုင်းပါပဲ။ ရွာသားတွေအပေါ် နိုင်လိုက်ပုံများတော့ မစင်တုံး ခွေးနိုင်တဲ့အတိုင်းပါပဲ။ သူပုန်များ လာရင်တော့ ကြောက်လိုက်ပုံများဗျာ၊ မူးထဲ ပြေးဝပ်တော့တာပါပဲ။ သူပုန်ပြန်လို့ လိုက်ရှာကြည့်လိုက်တော့ ဖနောင့်ကလေးပဲ ပေါ်တယ်၊ ဒီလောက်ပါပဲ'

## ဓာတ်လိုက်ကြီး၏ အပွခန်း

ကျီးကန်ရွာက ဦးတော (စကားပြောကောင်းသူ) သည် ဥယျာဉ်မရွာ သွား၍ ဥယျာဉ်မသားများနှင့် ဖဲကစားရာ ဦးတောပင် နိုင်လေသည်။ ဖဲရှုံးကြသော ဥယျာဉ်မ ရွာသားတို့က ရန်ရှာကြသဖြင့် အချင်းချင်း ရန်ဖြစ်ရလေတော့သည်။ ရန်ဖြစ်သည်ဟုသာ ဆိုရသော်လည်း တကယ်တော့ တစ်ယောက်နှင့်အများ ဖြစ်သည့်အလျောက် ဦးတောပင် ခံခဲ့ရလေသည်။ ဦးတော ခံခဲ့ရသည်ကို လှတောသား တစ်ယောက်က ဤသို့ ပြောလိုက်လေသည်။

'ဦးတော ခံလိုက်ရပုံများကတော့ မျက်နှာတစ်ခုလုံး ကျားသစ်ပုတ်ထားတဲ့အတိုင်းပါပဲ'

## ဖွတ်တူးခန်း

တစ်ခါက လှတောရွာသို့ ဧည့်သည်တစ်ယောက် ရောက်လာသည်။ ဧည့်သည်သည် လှတောရွာသား မိတ်ဆွေတစ်ဦးထံ ခေတ္တ ဝင်ရောက်နားနေစဉ် အာလာပသလ္လာပ စကားများ ပြောကြသည်။ အိမ်ရှင်ယောကျ်ားမှာ ကြွားဝါတတ်သူ ဖြစ်သည်





ဟူ၏။ ဤသည်ကိုလည်း ဧည့်သည်က အတော်အတန် သိထားနှင့်သည်။

ဧည့်သည်။ 'ခင်ဗျား ဒီနှစ် စပါး ဘယ်လောက် ရလိုက်သေးသလဲဗျ'

အိမ်ရှင်(ကျား)။ 'မိုးက မမှန်လေတော့ သိပ်ရတယ် မဟုတ်ပါဘူး။ ၄၈၀ ကျော် ကျော် လောက်ပဲ ရှိပါလိမ့်မယ်'

အိမ်ရှင်ယောကျ်ား၏စကားကို ကြားလိုက်သော အိမ်ထဲရှိ ဇနီးက 'ဖွတ်' ဟု ရေရွတ်လိုက်သည်။ ဤစကားကို အပြင်ဘက်ရှိ အိမ်ရှင်ယောကျ်ားရော ဧည့်သည်ပါ ကြားလေသည်။ ("ဖွတ်"ဟု ရေရွတ်လိုက်ခြင်းမှာ မိမိယောကျ်ားက "သက်သက်ညာနေတာ" ဟူသော အဓိပ္ပာယ်ဖြင့် ကွဲရဲ့လိုက်ခြင်း ဖြစ်လေသည်။) အိမ်အပြင်ဘက်တွင်မူ မိတ်ဆွေနှစ်ဦး စကားစမြည် ဆက်လက် ပြောလျက်ရှိကြသည်။

ဧည့်သည်။ 'နှမ်းလျှင်ကော ရပါသေးရဲ့လား'

အိမ်ရှင်(ကျား)။ 'နှမ်းလျှင်လည်း မဖြစ်စလောက်ပါပဲ။ တင်း ၂၀ လောက်တော့ ရှိတော့မပေါ့'

အိမ်ရှင်(မ)။ 'ဖွတ်'

ဧည့်သည်။ 'ပြောင်းကော ရဦးမှာပေါ့'

အိမ်ရှင်(ကျား)။ 'ဘယ်ဟာမှ ပြောလောက်အောင် မရဘူးဗျ။ ပြောင်းလည်း အစိတ် သုံးဆယ်ထက် မပိုပါဘူး'

အိမ်ရှင်(မ)။ 'ဖွတ်'

ဤနည်းနှင်နှင်ဖြင့် ဧည့်သည်က မေးတိုင်း အိမ်ရှင်(ကျား)က ကြွားလုံးထုတ် ဖြေလိုက်၊ ဖြေလိုက်တိုင်းလည်း အိမ်ရှင်မက 'ဖွတ်' ဟုချည်း ရွတ်လိုက်ဖြစ်နေလေသည်။ နေအတော်စောင်းလာသောအခါ ဧည့်သည်က ပြန်ဖို့ နှုတ်ဆက်လိုက်သည်။

ဧည့်သည်။ 'စကားပြောလို့တော့ ကောင်းဝါရဲ့။ နေလည်း စောင်းလာပြီမို့ ပြန်လိုက်ဦးမယ်ဗျာ'

အိမ်ရှင်(ကျား)။ 'အင်း ခင်ဗျားလည်း ပြန်ပေဦးရော့။ ကျုပ်လည်း ဖွတ်တွင်းထဲက

ဖွတ်ကောင်မ တူးလိုက်ဦးမယ်ဗျာ'

ဟု ပြောဆိုကာ မိန်းမကို ဆွဲထုတ် ရိုက်နှက်လေတော့သတည်း။

## အရက်သာ သောက်တော့မပေါ့

ဒေါ်ကြီး၊ ဒေါ်လေး တော်စပ်သူများက မိမိတို့ တူငယ်တစ်ယောက်အား အရက်မသောက်ရန် ဆုံးမ ပြောဆိုနေကြသည်။

'ငါ့တူရယ်၊ မင်း အလုပ်ကြိုးစား လုပ်တာကို လူတွေက သိပ် သဘောကျနေကြတာ။ ဟိုဘက်ရွာက ဟိုကလေးမရဲ့ မိဘတွေကဆိုရင် မင့်ကို မျက်စိကျနေကြပြီဆိုပဲ။ မင်းသာ အရက်ပြတ်သွားမယ်ဆိုရင် သူတို့ကတောင် လာပြီးစပ်စားဖို့ စိုင်းပြင်းနေကြတာကွယ့်။ အဲဒီတော့ ငါ့တူရယ် မင်း အရက် ဖြတ်လိုက်ပါတော့လားကွယ်'

'အလိုလေးဗျာ၊ ကျုပ်ကိုကြိုက်လို့ လက်ထပ်ချင်ကြတယ် ဟုတ်လား။ အရက်ကန်ကြီးထဲ ခုန်ချလိုက်၊ အမဲခြောက်ပုံကြီးပေါ် တက်အိပ်လိုက်၊ အဲဒီလိုထားနိုင်မယ် ဆိုရင်တော့ ပေးစားလှည့်ကြပေါ့'ဟု အရက်သံကြီးနှင့် ပြောလိုက်လေသည် ဟူ၏။

## ညံ့လို့သာပေါ့

လှတောရွာသား ဦးချစ်စွန်သည် မဲကုန်းရွာတွင် အိမ်ထောင်ကျကာ ထိုရွာမှာပင်လုပ်ကိုင်နေထိုင်ရင်း ရွာလူကြီး ဖြစ်နေသည်။ ထိုရွာသားတစ်ယောက်သည်လှကောသားတစ်ယောက်နှင့် တွေ့သောအခါ 'ကျုပ်တို့ရွာ ရောက်နေတဲ့ ဦးချစ်စွန်ကတော့ ရပ်ရေးရွာရေးမှာ အတော်ဦးဆောင်နိုင်တာပဲ။ သူရောက်လာမှ ရပ်ရွာလည်း ပေါက်ပေါက်ရောက်ရောက် ဖြစ်လာတယ်' စသဖြင့် ချီးကျူးပြောဆိုနေမိလေသည်။ ဤတွင် လှတောသားက -





'ဩ ဒီလူလား၊ ဒီလူဟာ ကျုပ်တို့ရွာဇာတိ အစစ်ပဲဗျ။ ကျုပ်တို့ရွာမှာတုန်းကတော့ ဒီလူဟာ လူညံ့တစ်ယောက်ပေါ့။ ဘာမှ သုံးမဖြစ်တာနဲ့ အမှိုက်သွန်ခိုင်းလိုက်တာ၊ အမှိုက်ကောလူပါ မှုးထဲကျ မျောပါသွားရင်းက ခင်ဗျားတို့ရွာမှာ သွားတင်နေတာဗျ' ဟု ပြန်ပြောလိုက်လေသည်။

## သိုင်းထက်သော ရာကျော်

...ဆိုးရာက စမ်းသပ်စိုက်ခိုင်းသော မျိုးသစ်စပါးတိုင်းကို လှတောရွာ လယ်သမားတို့...က်စမ်းကြသည်။ အချို့စပါးကို လက်မလွှတ်နိုင်အောင် စွဲလမ်းကြပြီး အချို့စပါး...တို့မှ အော့နှလုံးနာသွားကြသည်။ မျိုးသစ်စပါးများကို ကြိုက်လျှင်လည်း ကြိုက်...သလို ဆိုရိုးတစ်ခုခုဖြင့် သိဒ္ဓိတင်ထားတတ်ကြ၍ မကြိုက်လျှင်လည်း ပြန်လှည့်...ကြည့်လောက်အောင် ခိုင်းနှိုင်းထားတတ်ကြသည်။

...ိုးနှင့်ပတ်သက်၍-

'ချမ်းသာချင် ထီမထိုးနဲ့ စီဖိုးကိုစိုက်'ဟူ၍လည်းကောင်း၊

...နော်ဟာရီနှင့် ပတ်သက်၍-

'သဘောကြည်တဲ့ မနောဟာရီကိုတော့ မပစ်နိုင်ပါ'ဟုလည်းကောင်း၊

...မာကျူရီနှင့် ပတ်သက်၍လည်း-

'ရှင်ပြုချင် ယာကူလီ မလိုက်နဲ့၊ မာကြူရီ စိုက်'ဟု လည်းကောင်း...ဆောင်ပုဒ်ကလေးများ ထွင်ထားကြသည်။ မာကြူရီသည် စပါးထွက်လည်း...ကောင်းသည်။ အခွံပါးသဖြင့် ဆန်ထွက်လည်း ရဲသည်။ စားရာ၌လည်း နူးညံ့သည်။...ထို့ကြောင့် ကြိုက်ကြသည်။

တစ်ချိန်က နာမည်ကြီးခဲ့သော ရာကျော်စပါးကိုမူ လှတောလယ်သမားတို့...အလန့်တင်ကြလေပြီ။

တစ်နေ့တွင် လှတောရွာလယ်သမားတို့ စပါးအကြောင်း စကားကောင်း...ကြရာ၌ ဤသို့ ပြောဆိုနေကြလေသည်။

ပထမလူ။ ‘ရာကျော် ရာကျော်နဲ့ တကယ်တော့ ရာကျော်အောင် ထွက်တာ လည်း တစ်ခါမှ မတွေ့ဖူးပါဘူးဗျာ။ အပင်ကြည့်တော့လည်း ခွေးမြီး ဖုတ်သိုက်လောက် ရှိတယ်’

ဒုတိယလူ။ ‘ရာကျော်ဆိုတာ နာမည်အရသာ ကျော်တာကွ။ စားကြည့်တော့ မီးခြစ်ကျောက် ဝါးရတဲ့ အတိုင်းပဲ’

တတိယလူ။ ‘အမယ် လည်ချောင်းထဲ ဆင်းသွားတာတောင် ရှီးရှီးတန်းတန်း မဆင်းသေးဘူးဗျို့၊ တားသိုင်းက ဆင်းသွားတတ်တယ်’

(တားသိုင်း က ဆင်းတယ် ဆိုသည်မှာ ရာကျော်ထမင်း ကြမ်းတမ်းလွန်းသဖြင့် လည်ချောင်းထဲ စူးရှနာကျင်သည်ကို ရည်ရွယ်ခြင်းဖြစ်သည်။ )

## ကြွက်မ ငိုသည့်ရွာ

လှတောရွာတွင် ရွာသားများ စကားဝိုင်းဖွဲ့ ပြောနေကြရင်း သမ်သာရွာကို အစိုးရက စပါးရောင်းဖို့ ဝိုက်တွန်းနေကြောင်း စကားဆက်မိသွားကြသည်။ ဤတွင် ဦးဖိုးကြာက–

‘သမ်သာရွာက စပါးဝယ်လို့ ဘယ်ရနိုင်ပါ့မလဲကွာ။ ကောက်ရိုးတောင် ကြွက်မြုံလုပ်ဖို့ မရှိလို့ ကြွက်မတွေ စိတ်ညစ်နေကြရပဲဟာ’ ဟု ပြောလိုက်သည်။ ပြောရင်းဆိုရင်း လက်ဖက်ရည်ပွဲတွင် တည်ခင်းထားသော လက်ဖက်သုပ်ကို စားလိုက်သည်။ ဖွန်းမှ ခွက်ထဲ ပြန်မချခင် ဦးဖိုးကြာက ဆက်ပြောလိုက်သည်က–

‘အလိုလေးကွာ၊ မင်းတို့ ပဲစိမ်းကြော်တွေကလည်း မာလိုက်တာ ကျောက် စရစ်ခဲ ကြော်ထားမှတ်ရတယ်’ ဟူ၍ ဖြစ်ပါသည်။

ထို့နောက် မုန့်ချောင်းထဲမှ ငါးဖမ်းခွင့်ရအောင် မူးကို လေလံ ဆွဲသင့် မဆွဲသင့် စကားစပ်မိကြသောအခါတွင်လည်း ဦးဖိုးကြာကပင် တားမြစ်လိုက်သည် မှာ –

‘မူး လေလံဆွဲမယ့်အစားတော့ကွာ အိမ်ခေါင်ပေါ်က ရေတံလျှောက်





တက် ငါးမျှားကြပါတော့။ မူးက အဖျားရောက်တော့ ရေသမင်ပဲ ရတော့တာပါပဲ’ ဟူ၍ ဖြစ်ပါသည်။

## ပုဂံမြို့သစ် တစ်နေရာ

ပုစွန်လုံးများသည် ရေရှိသည့် နေရာမျိုးတွင် ပျော်တတ်သည့်အလျောက် စပါးခင်းများတွင် အမြဲတမ်းလောက် ပုစွန်လုံးများကို တွေ့ရတတ်သည်။ တစ်နေ့တွင် လှတောသားတို့ ပုစွန်လုံးအကြောင်းနှင့် ပတ်သက်၍ စိုးရိမ်စိတ်ဖြင့် ပြောဆိုနေကြသည်။

ပထမလူ။ ‘လယ်တွေလည်း ပုစွန်လုံးဖျက်တာနဲ့ တော်တော် ပျက်ကုန်ကြပြီ။ ဖျက်ရုံတွင် မကသေးဘူး၊ ကျစ်စာတွင်းတွေကလည်း ခြေမချရဲလောက်အောင် ထပ်နေတော့တာပါပဲ’

ဒုတိယလူ။ ‘အင်း အခု စပါးပင်တွေ ရှိတုန်းတော့ သိပ်မမြင်ရသေးဘူးပေါ့။ ရိုးပြတ်ချိန် ရောက်ပလားဆိုမှဖြင့် လယ်တော လှမ်းကြည့်လိုက်ရင် ကြီးမားများပြားလိုက်တဲ့ ပုစွန်ကျစ်စာပုံကြီးတွေများ ပုဂံမြို့ဟောင်း ဘုရားဖူး ရောက်နေသလား အောက်မေ့ရတယ်’

## ဖျိုခင်းထဲက မူလီခေါင်း

လှတောရွာက လယ်သမားတချို့သည် ကန်သင်းပေါ်တွင် ဝိုင်းဖွဲ့စကားပြောရင်း ဖျိုခင်းအကြောင်း ရောက်သွားကြသည်။

ပထမလူ။ ‘မင်းတို့ပျိုးခင်းတွေ နုတ်လို့ လွယ်ရဲ့လားကွ’

ဒုတိယလူ။ ‘ဟာ လွယ်သမှ သိပ်ကို လွယ်တာပဲ။ ချိုးမွေးနုတ်ရတဲ့အတိုင်းပဲ’

တတိယလူ။ ‘အင်း တို့ပျိုးခင်းများကျတော့လည်း တယ်ကြပ်တာပဲကွာ။ ရေခြောက်ခြောက်များ နုတ်ရမယ်ဆိုရင် ကြပ်လိုက်ပုံများ မူလီခေါင်းစုပ်ကို ဝဒိန် မှုတ်ထားသလား အောက်မေ့ရတယ်’

## လွန် မဆွဲနိုင်းရဲပါ

လှတောရွာသားတစ်ယောက်သည် မူးကြီးရွာ ဘုရားဆွမ်းလောင်းပွဲသို့ လိုက်သွားလေသည်။ တောရွာ ဘုရားဆွမ်းလောင်းပွဲများတွင် စေတီ သို့မဟုတ် ဆင်းတုတော်မြတ်အား ညကတည်းကပင် သားကြော် ငါးကြော်၊ အဖျော်ယမကာ၊ မုန့်ယို၊ စည်သွတ်ဗူး စသည်များဖြင့် ဆွမ်းတော်တင် ကပ်ထားတတ်ကြသည်။

ဆွမ်းလောင်းလှူပွဲ ပြီးသောအခါတွင်မူ ဘုရားလူကြီးက ယင်းဆွမ်းတော်တင်ပွဲကို စွန့်လေသည်။ စွန့်ရာတွင် လိုချင်သူ ကလေးသူငယ် စသူတို့အား ပေးကမ်းတတ်သည်။ ဤအခါတွင် ကလေးများ (အချို့ လူကြီးများပါ) လုယူတတ်ကြသည်။

မူးကြီး ဘုရားဆွမ်းတော်တင် စွန့်နေပုံကို လှတောသား ကြည့်နေရာ ကလေးရော လူကြီးပါ ဝင်ရောက် လုယူနေကြသည်ကိုလည်း မြင်နေသည် ဆိုပါသည်။ တစ်နေ့တွင် မူးကြီးရွာသားများနှင့် တွေ့သောအခါ လှတောသားက ပြောလိုက်သည်မှာ–

'မင်းတို့ မူးကြီးသားတွေ ဆွမ်းတော်တင် လုလိုက်ကြတာများကွာ နို့ဆီဘူးတောင် ခါးပြတ်သွားရတယ်' ဟူ၍ ဖြစ်ပါသတည်း။

## တိုက်တည်ချင် တရားပွဲလုစ်

တစ်ချိန်က လှတောရွာ၌ ပရမတ္ထ တရားပွဲများ ခေတ်စားလာသည်။ ယင်းတရားပွဲများကို အချို့သော ရွာခံဘုန်းတော်ကြီးများက မနှစ်သက်ဟု ဆိုပါသည်။ ဘုန်းတော်ကြီးက မနှစ်သက်လျှင် ကျောင်းသားများနှင့် အရပ်သားအချို့က ခဲများဖြင့် ပစ်ပေါက် နှောင့်ယှက်ကြတော့သည်။ ထိုသတင်းကို ကြားသောအခါ သူကြီးက ခဲပေါက်သူကို လိုက်ရှာလေသည်။ ဤတွင် လှတောသားတစ်ဦးက ပြောလိုက်လေသတည်း။

'အံမာ...အခုမှ ခဲပေါက်သူ ရှာနေရသလား။ အလှူ့ဒကာ ငွေးပိုမှာတော့ အုတ်တိုက်ဆောက်ဖို့ စရံတောင် ပေးနေပြီပဲ'





## ရန်ကုန်က ရွှေပေါ်

ရန်ကုန်မြို့သို့ ရောက်ခဲ့ဖူးသော လှတောသားတစ်ဦးက စကားစပ်မိသောအခါတိုင်း ရန်ကုန်မြို့အကြောင်းကို ပြန်ပြောပြလေ့ရှိသည်။ ရန်ကုန်မြို့၌ ကား တော်တော်ပေါသလား ဟူသော အမေးကို–

'အလိုလေး၊ ရန်ကုန် ကားပေါချက်ကတော့ကွာ ကျောက်လမ်းပေါ်ရွှေပေါ် ထိုးနေတဲ့အတိုင်းပါပဲ' ဟု ဖြေလိုက်လေသည်။ ထို့ပြင် ဘတ်စ်ကားများ ကြပ်ညပ်နေပုံနှင့် ပတ်သက်၍လည်း မှတ်သားလောက်အောင် ပြောလိုက်သေးသည်။ ရွာသားတစ်ဦးက ခါးပိုက်နှိုက်ကလည်း အလွန်ကြောက်စရာ ကောင်းတယ်ဆိုတာရော ဟုတ်ပါသလား ဟူသော အမေးကို–

'ကားပေါလိုက်ပုံကတော့ တို့ဆီမှာ မီးခြစ်ဘူးခွံ လိုက်စုတာတောင် ဒီလောက် ပေါမှာ မဟုတ်ဘူး။ ကားတွေ ဒီလောက်ပေါနေပေတဲ့ ဘတ်စ်ကားတွေမှာ ကြပ်လိုက်တာကလည်း မတရားပါပဲ။ ခါးပိုက်နှိုက် ပေါမှာ ပေါကွ။ ကားက သိပ်ကြပ်တော့ အမေက ပေးလိုက်တဲ့ မွေးရင်းပါပစ္စည်း ဖြတ်ယူသွားတာတောင်မှ သိမှာမှ မဟုတ်ပဲဘဲ' ဟု ဖြေလိုက်သည် ဆို၏။

## နေလှန်းထားသော လောက်စာလုံး

တစ်ချိန်က ရွှေကျင်ရွာ ကျောင်းသစ်တွင် ရဟန်း၊ သံဃာ၊ ကိုရင်၊ ကျောင်းသားများ အလွန်စည်ကား များပြားခဲ့သည်။ သီတင်းကျွတ်၍ လူဝတ်လဲရတော့မည်ဖြစ်သော သာမဏေများကလည်း သာမဏေဘဝက ဆံပင်များ လူဝတ်ကြောင်ဘဝ ပါလာရအောင် ဆံပင်ရိတ်ကြသည်။ ရဟန်းသံဃာများကလည်း ပဝါရဏာ ပြုရမည်ဖြစ်သောကြောင့် ဆံတော်များ ပယ်ကြသည်။

တစ်နေ့တွင် သံဃာတော်များသည် ပဝါရဏာပြုရန် သိမ်ထဲသို့ စုဝေးရောက်ရှိနေကြသည်။ ကျောက်လမ်းဘက်က လမ်းလျှောက်လာသော လှတောသား တစ်ဦးသည် သိမ်ပြတင်းပေါက်မှ ရဟန်းတော်များ၏ ဦးခေါင်းတွေကို မြင်လိုက်သောအခါ–

'အလိုလေးဟယ်၊ ရွှေကျင်ကျောင်းသစ်တို့များ စည်ကားလိုက်ပါဘိ တော့။ သိမ်ထဲမှာ ရဟန်းတော်များ စုဝေးနေတော်မူလိုက်ကြတာ လောက်စာလုံး ဗန်း နေလှန်းထားသလား အောက်မေ့ရတယ်' ဟု ချီးမွမ်းလိုက်သည်။

နေလှန်းထား၍ မခြောက်တခြောက်ရှိသော လောက်စာလုံး၏ စိမ်းညိုညို အရောင်နှင့် ရိတ်သစ်စဖြစ်သော ဦးခေါင်း၏ အရောင်တို့သည် အလွန်တူမည်ကို ခန့်မှန်းကြည့်က သိသာလှပါသည်။

## လှတောက အရက်

လှတောရွာတွင် တစ်ချိန်က အရက်ဖိုများ ပေါများကြောင်း အထက် တစ်နေရာတွင် တွေ့ခဲ့ပြီး ဖြစ်ပါမည်။

တစ်နေ့တွင် အခြားရွာသားတစ်ယောက်က လှတောက ချက်အရက် ကောင်း မကောင်း လှတောသားအား မေးလေသည်။ အမေးခံရသော လှတောသား က လှတောလေဖြင့် ပြန်ဖြေလိုက်သည်။

'ဒီလောက် နာမည်ကြီးတဲ့ အရက်ကိုများ မေးနေရသေးသလားဗျာ၊ လှတောက အရက်ဆိုရင် ဦးရေ မဆိုထားနဲ့ ဒုတိယရေကို မော့ကြည့်လိုက်ရင်ပဲ လည်ချောင်းထဲ ရှားမီးစ ဆွဲသွင်းသွားသလား အောက်မေ့ရမယ်။ အရက်သမား စွန့်လိုက်တဲ့ ကျင်ငယ်ရေနံ့ နမ်းမိတဲ့နွားတွေတောင် လေးကွက်သိုင်း နင်းကြ တယ်'

## နို့ဆီ ဗူးသော်လည်း

ဒွန်တဲကုန်းရွာမှ ကိုအောင်ရှိန်သည် မျက်စေ့နာရောဂါ ရက်ကြာနေပြီ ဖြစ်သဖြင့် ဝက်လက်ဆေးရုံသို့ သွားရန် လှည်းဖြင့် ထွက်ခဲ့သည်။ လှည်းကို (ယခု လှတော အလယ်တန်းကျောင်းဆရာ ဦးအောင်ခိုင်က မောင်းပေးသည်။ တစ်လမ်းလုံး နေပူပြင်းသဖြင့် ခေါင်းမြီးခြုံလာခဲ့ရာမှ လှတောတွင် ခေတ္တနား၊ ရေသောက်ခိုက်





ခေါင်းမြီးခြုံကို လှပ်လိုက်သည်။ ကိုအောင်ရှိန့်မျက်နှာကို မြင်လိုက်သော လှတော သားတစ်ယောက်က ဤသို့ ရင့်ကျူးလိုက်သည် ဟူ၏။

'အားလို့လေးဟယ်၊ မျက်ချေးနှယ် ထွက်ထားလိုက်တာက ကျွဲခေါင်းနို့ဆီ ရိုက်ဖိတ်ထားတဲ့အတိုင်း ပါလားကရို့'

**(ရိုက်ဖိတ်။ နို့ဆီကို ရိုက်ထုသဖြင့် အန်ထွက်ယိုဖိတ်သည်ကို ဆိုလိုပါသည်။ ဤသို့ အဓိပ္ပာယ်ထိရောက်သည့် အသုံးအနှုန်းများကို လှတောရွာတစ်ဝိုက်တွင် သုံးနှုန်းလေ့ ရှိပါသည်။)**

## လှတောရွာက လူသွားလမ်း

လှတောရွာက ဒေါ်ဖွားမှန်သည် ရွာတောင်ဘက် ကျောက်လမ်းသို့ ထွက်လာရာ လမ်းတွင် ဒယီးဒယိုင် ဖြစ်လာကြသော အရက်သမားများကိုချည်း ကပ်ကပ် သပ်သပ် ရှောင်ခဲ့ရလေသည်။ ကျောက်လမ်းဘက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သောအခါမှ ဤသို့ ညည်းတွားလိုက်လေသည်။

'တို့လှတောက လမ်းတွေဟာ အရင်ကတော့ လေယာဉ်ကွင်းတောင် လုပ်လောက်ပါရဲ့။ ခုများတော့ ဟိုအိမ်က ချဲ့၊ ဒီအိမ်က ချဲ့နဲ့ လင်းမြွေတောင် မလျှောက်သာတော့ဘူး။ ဒီအထဲ အရက်သမားတွေကလည်း အလုပ်မရှိတိုင်း လမ်းသလားနေလိုက်ကြတာ မထွေး ဖမ်းတဲ့ ရွှေစွန်ညိုဟန်း ကျနေတာပဲ'

## မူးသူက ထရွန်းရွှန်း မှန်းသူက ထဝုတ်ဝုတ်

လှတောရွာတွင် အမူးသမားတွေ လမ်းသလားနေသည်ကို အလိုမကျသူ တစ်ဦးက ဤသို့ ပြောပြသည် ဟူ၏။

'တို့ရွာမှာလည်း အမူးသမားတွေက ပေါလိုက်တာ နေ့ရောညပါ ပြတ်လှ တယ်လို့ကို မရှိဘူး။ ငါ့ခွေးမလေးကလည်း အမူးသမားသံ ကြားတိုင်း မမောမပန်း ဟောင်တော့တာပဲ။ ကြာတော့ နားညည်းလွန်းတာနဲ့ ခွေးမလေးကို တောင်းနဲ့

အုပ်ထားလိုက်ရတယ်။ မနက်လင်းမှ ခွေးဟောင်သံ မကြားရတော့လို့ အုပ်ထားတဲ့ တောင်းကို လှပ်လိုက်ပါတယ်၊ အလိုလေး ခွေးမလေးထံက အသံသာ မကြားရတယ်၊ မေးထိုးနေတုန်း ရှိသေးတယ်'

## နယ်ပိုင်ကတော်

တစ်ခါက လူတောရွာသို့ နယ်ပိုင်တစ်ယောက်နှင့် ၎င်း၏ ဇနီးတို့ ရောက်လာသည် ဆိုပါသည်။ နယ်ပိုင်၏ ဇနီး ပါလာကြောင်း ကြားသိသောအခါ တချို့သည် မယောင်မလည် သွားကြည့်ကြလေသည်။ ကြည့်ပြီး ပြန်လာသူတစ်ဦးက ဤသို့ ပြောလိုက်လေသည်။

'နယ်ပိုင်ကတော် ရောက်နေတယ်၊ နယ်ပိုင်ကတော် ရောက်နေတယ် ပြောကြတော့ အင်း နယ်ပိုင်ကတော်ဆိုတော့ အတော်ချော အတော်လှမှာပဲ အောက်မေ့ပြီး သွားကြည့်မိပါတယ်။ အလိုလေးလေး မယ်ကုဝဏ် သံပုရာသီးခြမ်း ကိုက်ထွက်လာတဲ့ အတိုင်းပါပဲ'

**(ဘီလူးမတို့မည်သည် မျက်နှာပေါက်က ကြောက်စရာကောင်းသည့်ပြင် သံပုရာသီးက ချဉ်သဖြင့် ရှုံ့တွမဲ့ရွဲ့နေသည်ကို ရည်ရွယ်ပြောဆိုခြင်း ဖြစ်ပါသည်။)**

## ရှုပ်ဆိုးပုံ၊ ရှုပ်ချောပုံ

လူတောသားတို့သည် အရုပ်ဆိုးသူကို သရုပ်ဖော်ရာ၌ "သရဲ အရေဆုတ်ထားသလို" ဟု ခိုင်းနှိုင်းကြသည်။

ချောမောလှပသူကို သရုပ်ဖော်ရာ၌မူ "ဘဲဥ ပွတ်ခံထားတဲ့အတိုင်း"ဟု နှိုင်းခိုင်းကြသည်။

## သမီးလေး အောင်ထူးနိုင်ပါစေ

လူတောရွာ မိန်းကလေးတစ်ဦးသည် အတော်ချော အတော်လှလေသည်။ ကွမ်းတောင်ကိုင်ကလေး ဖြစ်သည်။ လှသည့်အလျောက် ပိုးပန်းသူ၊ စပ်ကြဟပ်ကြ





သူလည်း အတော်ပင် ပေါလေသည်။ အိမ်ကထွက်လိုက်လျှင် စကားလိုက်ပြောသူ၊ စာလိုက်ပေးသူများကိုသာ လွတ်အောင် ရှောင်နေရလေသည်။

ယင်းမိန်းမချောလေး၏ မိခင်က ဤသို့ ပြောပြသည် ဆိုပါသည်။

'သမီးလေးကို အိမ့်ပြင်ခိုင်းလိုက်ရရင် စိတ်ကို မချနိုင်ဘူး။ မတတ်သာလို့ ခိုင်းလိုက် လွှတ်လိုက်ပြန်တော့လည်း ကာလသားတွေက ဟိုက ဆီး ဒီက ကာနဲ့ ထုတ်ဆီးတိုးတမ်း ကစားရသထက် ပင်ပန်းရှာပါသေးတယ်။ ဒါကြောင့် လွှတ်လိုက် ကတည်းက အိမ်မြန်မြန် ပြန်ရောက်ပါစေလို့သာ ဆုတောင်းနေရပါတော့ တာပဲ'

## အသေဆိုးလသူ

လူတောသားတစ်ဦးသည် မန္တလေးမှ ထွက်လာသည့် ရန်အောင်-မန်း ကားတစ်စီးကို အုန်းတောကျေးရွာက စောင့်ပြီး တက်စီးလိုက်သည်။ ကားပေါ်တွင် ဘောင်းဘီဖင်ကြပ်ဝတ်သူ လူငယ်တစ်ဦးသည် နက်ကတိုင် လည်ပင်းစီးလျက်ပင် အိပ်ပျော်နေလေသည်ကို လူတောသား မြင်လိုက်လေသည်။ လူတောသား၏ ကရုဏာ စကားကြောင့် ခရီးသွားများ တဝါးဝါး ရယ်မိကြသော ဟူ၏။ လူတောသား၏ စကားက–

'အလိုလေးကွယ်၊ ကြိုးဆွဲချ သေတဲ့မသာ ကားပေါ်မှာ ပါလာရသကိုး' ဟူသတည်း။

## မီးလောင်မှာ စိုးလို့

ဦးလူဦးက မိမိသားဖြစ်သူအား 'ဟ ကောင်လေး၊ ကနေ့ ဘာဖြစ်လို့ ယာထွန် မသွားရတာလဲ'ဟု သွားစေချင်သော သဘောဖြင့် မေးလေသည်။ သား ဖြစ်သူက–

'လယ်ထဲ ရေမှ မရှိဘဲ ဘာသွားထွန်လို့ ရနိုင်မလဲ'ဟု ဖြေလေသည်။

'အခုလောက်ဆိုရင် မူးထဲ ရေလာချင် လာရောပေါ့။ သွားလည်း ကြည့်ပါဦးကွာ'

'ကြည့်မနေပါနဲ့။ မူးနားမှာတောင် ဆေးလိပ် မသောက်ရဲဘူး။ မူးမီးလောင်မှာစိုးလို့'

## ငါးခြောက်ထောင်း၏ ထောင်းခြင်းနှစ်ပြာ

အလှူမဏ္ဍပ်ဆီသို့ သွားနေသူတစ်ဦးသည် အလှူမှ စားသောက်ပြီး၍ ပြန်လာသူများနှင့် လမ်းတွင် တွေ့ဆုံကြသည်။ သွားနေသူက ပြန်လာသူအား သိချင်သည်များကို လှမ်းမေးနေလေသည်။

'အလှူက ဘာတွေ ကျွေးလိုက်သလဲဗျ'

'ကျွေးတာကတော့ ငါးခြောက်ထောင်း၊ မှန်ဟင်းချိုနဲ့ သရက်ချဉ်တွေပါပဲ'

'ဘယ့်နှယ့်လဲ၊ စားလို့သောက်လို့ ကောင်းကြပါရဲ့လား'

'ကောင်းဖို့ မပြောထားပါနဲ့ဦး၊ ငါးခြောက်ထောင်းကြော်တဲ့ဗျ၊ ငန်လိုက်ပုံများကတော့ မူးဘေး မေးတင်နေခဲ့ရတယ်'

'ငန်ရုံတွင် ဟုတ်ပါသေးရိုးလား၊ ငရုတ်သီးနှန်းချင်းနဲ့ ကြော်ထားဆိုတော့ အလိုလေး၊ စပ်လိုက်ပုံများကလည်း လေချွန် ထွက်ခဲ့ရပါတယ်'

## အရိုးများသော ငါးခြောက်

ငါးခြောက် အရိုးများပုံနှင့် ပတ်သက်၍ လှတောသားတစ်ဦးက ဤသို့ ပြောလိုက်လေသည်။

'ရှားရှားပါးပါး ကုန်သွယ်ရေးက ငါးခြောက်လေး ပေးတာမို့ စားရခဲဘိခြင်း ဆိုပြီး အကောင်းစား ကြော်စားလိုက်ပါတယ်။ အလိုလေး များလိုက်တဲ့ အရိုးတွေ၊ အပ်ထုပ် ဝါးနေရသလား အောက်မေ့ရပါတယ်ဗျာ'





## နားဝင်ပီယံ ကက်ဆက်သံ

လှတောတွင် ကျွန်တော်ရှိနေစဉ်က ရေဒီယိုအဆိုကျော် ရီရီသန့်လည်း ပြန်ရောက်နေပါသည်။ ရီရီသန့်တွင် မိမိဆိုထားသော သီချင်းတိတ်ခွေများလည်း ပါလာသည်။ လှတောရွာသူရွာသားတို့သည် မိမိတို့ရွာက အဆိုကျော်၏ သီချင်းကို အလွန် နားထောင်ချင်နေကြသည်။ မည်သူ့၌ ကက်ဆက်ရှိလဲ၊ မည်သူ့ ကက်ဆက်က ကောင်းသလဲ အချင်းချင်း မေမြန်း ပြောဆိုနေကြသည်။ လှတောသား လူငယ်တစ်ယောက်က 'မတင်မြိုင် ကက်ဆက် မဆိုးဘူးဗျ'ဟု အကြံဉာဏ်ပေးလေသည်။ လူငယ်တစ်ယောက်ကပင် ကန့်ကွက်ပြောဆိုလိုက်ပါသည်။

'မတင်မြိုင့်ကက်ဆက်တော့ မလုပ်လိုက်ပါနဲ့ကွာ။ ညအခါ ဖွင့်ထားမယ်ဆိုရင် ဒန်အိုးဖုံး ခွေးသူခိုး လှန်ချနေတဲ့ အတိုင်းပါပဲ'

## ဖွယ်တော်ပင့် ကစားနည်း

ကျောင်းသားကလေးများသည် အလယ်တန်းကျောင်းဝင်းထဲတွင် ဘော်လီဘောပုတ်ကစားနေကြသည်။ အနားတွင် အားပေးနေသော ကျောင်းသားတစ်ဦးက အားမလိုအားမရ ပြောပြလိုက်သည်က–

'အလိုလေးကွာ၊ ဘော်လီဘော ပုတ်ပါဆိုနေမှ ခတ်တော်ကြုတ် ပင့်နေကြတာကိုးကွ' ဟူ၍ ဖြစ်ပါသည်။

## တံတောင်းလို့ အနှောင့်တျွန်

ဆေးသွေးကျောက် ကောင်းလှပုံနှင့် ပတ်သက်၍ လှတောသား တစ်ယောက်က ဤသို့ ပြောပြသည် ဆိုပါသည်။

'ဘယ်သူ့ဆေးသွေးကျောက် ကောင်းတယ်ပြောပြော၊ ဘုန်းကြီးကျောင်းကဆေးသွေးကျောက်တော့ မီမှာ မဟုတ်ဘူး။ တလောက ငါ့လယ်ထဲ သစ်ငုတ်ပေါင်းမြက်တွေ ရှင်းနေတုန်း ငါ့ဓားမကြီး တုံးသွားတာနဲ့ အနီးအနားမှာရှိတဲ့

ဘုန်းကြီးကျောင်းပဲ သွားသွေးတော့မယ် စိတ်ကူးနဲ့ သွားလိုက်တယ်။ ဓားသွေးကျောက်ပေါ် ဓားမကို တင်မိခါမှ ဘုန်းကြီးကို ဦးချဖို့ သတိရတော့တယ်။ ကဲ ဦးချပြီးမှပဲ သွေးတော့မယ်ဆိုပြီး ဘုန်းတော်ကြီးဆီကို သွားပြီး ဝတ်ပြုလိုက်တယ်'

'ဟဲ့ ဒကာ၊ ဘာကိစ္စရှိလို့ လာတာလဲကွယ့်'

'ငုတ်ရှင်းနေတုန်း ဓားတုံးသွားလို့ ဓားသွေးလာပါတယ် ဘုရား'

'အခု ဓားက ဘယ်မှာလဲကွယ့်'

'အောက်က သွေးကျောက်ပေါ် တင်ထားခဲ့ပါတယ် ဘုရား'

'ဟဲ့...မြန်မြန်ပြေး မြန်မြန်ပြေး၊ ကျန်မှ ကျန်ပါတော့မလားကွာ'

'ဘုန်းတော်ကြီးက ပြေးခိုင်းတာနဲ့ ငါလည်း ဓားဆီ ပြေးသွားပြီး ကြည့်လိုက်တော့ အလိုလေး၊ စားထားလိုက်တာ အနှောင့်ပဲ ကျန်တော့တယ်။ အဲဒီလောက်ကောင်းတဲ့ ဓားသွေးကျောက်ပါပဲ'

## ကျောက်စားပိုး

အသီးအနှံတွေ ပိုးကျသဖြင့် တောင်သူလယ်သမားများမှာ ပြောဆို ညည်းတွားနေကြစဉ် တစ်ယောက်က ဝင်ရောက် ပြောဆိုလိုက်သည်ကား–

'ဒီနှစ် အသီးအနှံတွေမှာ ကျလိုက်တဲ့ပိုး၊ ကြမ်းလိုက်တဲ့ပိုးကတော့ မပြောပါနဲ့တော့။ ရွာဦးကျောင်းက ကျောက်ဆင်းတုတောင် ပိုးကျတာနဲ့ အခုဆိုရင် မကိုင်ရဲတော်ပဲ ကျန်တော့တယ်' ဟူသတည်း။

တစ်ဦးကလည်း 'ပိုးတွေ သရမ်းလွန်းလို့ပေါ့ဗျာ၊ ဥသျှစ်သီးတွေတောင် ခြင်းလုံး ဖြစ်ကုန်ကြပြီ' ဟူသတည်း။

## ထွားလိုက်သည့် လေ

မန္တလေး ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် ဦးကုသလကို လှတောရွာ အနီးတကောင်းမင်းရွာ ဇာတိဖြစ်ကြောင်း သိသောအခါ 'မောင်ကုသလရဲ့၊ မောင်





ကုသလတို့ လှတောသားတွေ စကားပြောရင် ကျမ်းဂန် မလွတ်ရဘူးလို့ ပြောသံကြားရတယ် ကွယ့်။ ဘယ်လိုစကားတွေလဲ ပြောပြစမ်းပါကွယ့်' ဟု မေးတော်မူသည်။

'မှန်ပါ ဘုရား၊ တပည့်တော်ကိုယ်တိုင် တွေ့ကြုံဖူးပါတယ် ဘုရား၊ လှတောက အလှူပွဲတစ်ခုအတွက် တပည့်တော် လှတောရွာကို ရောက်နေပါတယ် ဘုရား။ နေဝင်ဖျိုးဖျ အချိန်မှာပဲ တပည့်တော် ဘုရားဖူးချင်တာနဲ့ လှတောကဒကာတစ်ယောက်ခေါ်ပြီး ဘုရားဝင်းထဲကို သွားပါတယ်။ ဘုရားဖူးပြီးတဲ့အခါနှစ်ယောက်သား စေတီတော်တွေကို လျှောက်ကြည့်ကြပါတယ်။ ဘုရားတစ်ဆူမှာတော့ ရွှေလည်း မရှိဘူး၊ ထုံးလည်း မဖွေးတာနဲ့ တမင်တကာ သွားကြည့်ရင်း "ရွှေမရှိတဲ့ ဘုရား၊ လူ မရှိသေ"စကား တယ်မှန်ပါလားလို့ တပည့်တော်က ရွတ်ဆိုနေဆဲမှာပဲ လှတောသားဒကာက ပါလာတဲ့ လက်နှိပ်ဓာတ်မီးနဲ့ စေတီတော်ကို ထိုးကြည့်လိုက်ပါတယ် ဘုရား။ ဓာတ်မီးရောင်ကြောင့် လင်းနို့ ၁၄–၅ ကောင်လောက် ရှိမယ် ထင်ပါတယ်၊ စေတီတော်ထဲက ထွက်ပြေး ပျံတက်သွားတာ မြင်လိုက်ပါတယ်။ ဒါကိုပဲ လှတောသားက ပြောလိုက်တာ ဘုရား–

'အလိုလေး၊ လူတွင် မရှိသေတာ မဟုတ်ပဲဘဲ။ လင်းနို့ကတောင် မရှိသေပါပဲလား။ ဘုရားပေါ် စံပျော်နေလိုက်တဲ့ လင်းနို့တွေ၊ လင်းနို့တွေ ဆိုတာများ ရှင်သာရိပုတ္တရာ ညီနှောင်လေးဦး တစ်နေကုန် ထိုင်ရေရင်တောင် ရေတွက်လို့ ရနိုင်မှာ မဟုတ်ဘူးတဲ့ ဘုရား။ တကယ်တော့ လင်းနို့က ၁၄–၅ ကောင်ထက် ပိုမယ် မဟုတ်ပါဘူး ဘုရား'

## ကာကနဲ့ အပြိုင်

'တစ်ခါကလည်း အလှူတစ်ခုက ဆွမ်းစားပင့်ထားတာနဲ့ အချိန်မီ ရောက်နိုင်အောင်ဆိုပြီး တပည့်တော် ခပ်သုတ်သုတ် လှမ်းသွားမိပါတယ် ဘုရား။ အဲဒါကို လယ်ကွင်းထဲ ကလားပဲ ကြဲနေတဲ့ လှတောသားတစ်ယောက်က မြင်သွားပါတယ်။

'အရှင်ဘုရား၊ ဘယ်ကြွစရာရှိလို့ ဒီလောက် သုတ်ခြေတင်တာလဲဘုရား'

'သုတ်ခြေတင်တယ် မဟုတ်ပါဘူး။ အလှူ ဆွမ်းမီအောင် သွားရတာပါ'

'အလိုလေး ဘုရား၊ သုတ်ခြေသာ မတင်ဘူးဆိုတယ်၊ အရှင်ဘုရားကြွနေတော်မူတာတော့ ကာကတောင် လိုက်မီမှာ မဟုတ်ဘူးလို့ ခိုင်းနှိုင်းလိုက်ပါတယ် ဘုရား။ လှတောသားတွေ စကားတတ်တယ်ဆိုတာ အဲဒီလို အသုံးအနှုန်းကောင်းတာတွေကို ပြောကြတာပါ ဘုရား'ဟု အရှင်ကုသလ ကိုယ်တော်က မေးမြန်းတော်မူသည်ဟု ဦးလှဦးက ကျွန်တော့်အား ပြောပြလိုက်ပါသည်။

**(စန္ဒပဇ္ဇောတမင်းတွင် ခြေမြန်ယာဉ်၊ ခြေမြန်ကျွန်များ ရှိသည်။ ဘဒ္ဒဝတီဆင်မသည် တစ်နေ့ ယူဇနာ ၅၀ သွားနိုင်သည်။ ကာကဟူသော ကျွန်သည်ကား တစ်နေ့ ယူဇနာ ၆၀ သွားနိုင်သည်။ ဇီဝကသည် စန္ဒပဇ္ဇောတမင်း အလွန်မုန်းသည့် ထောပတ်ဆေးကိုပင် ထိုမင်းအား တိုက်ကျွေးပြီး ဘဒ္ဒဝတီဆင်မကို စီးလျက် ထွက်ပြေးလေသည်။ ထိုအခါ စန္ဒပဇ္ဇောတမင်းက ကာကအား လိုက်လံစေပြီး ဇီဝကကို ဖမ်းဆီးစေလေသည်။)**

## ကက်ဆက်ပိုင်ရှင်

လှတောရွာသားတစ်ယောက်သည် ကက်ဆက်တစ်လုံး ဝယ်ယူပြီး ရွာပြန် ရောက်လာသည် ဆိုပါသည်။ လှတောရွာသို့ ပထမဆုံး ရောက်လာသော ကက်ဆက်ဖြစ်သည်ဟု ဆိုပါသည်။ ကက်ဆက်ပိုင်ရှင်သည် မိမိကက်ဆက်ကို ပွေ့ပိုက်လျက် အိမ်တကာဝင်၊ လူမြင်သမျှ ဖွင့်ပြနှင့် ဂုဏ်ယူဝင့်ကြွားနေသည်။

ထိုအခါ မြင်ပြင်းကတ်လာသူ လှတောသားတစ်ဦးက ဤသို့ ပြောလိုက်လေသည်။

'ဒီကောင် ကက်ဆက်ရတာဟာ တိတ္တိ မြသပိတ်ရလာတဲ့ အတိုင်းပါပဲကွာ။ အိမ်တကာ ဝင်ထွက်ပြီး ပြာဋိဟာ ပြနေသလား အောက်မေ့ရပါတယ်'





## စကားနည်းသော ဆရာကြီး

လှတောရွာ အစိုးရအလယ်တန်းကျောင်းက ကျောင်းအုပ်ဆရာကြီး ဦးသန်းသည် အေးဆေးတည်ငြိမ်စွာ နေတတ်သောပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ စကားအလွန်နည်းပြီး အလုပ်ကိုသာ ကြိုးကြိုးကုတ်ကုတ် လုပ်တတ်သူ ဖြစ်ပါသည်။ တချို့သော လှတောသားတို့ကမူ လှတောသားတို့ ဗီဇအတိုင်း စကားကို ရွှန်းရွှန်းဝေအောင် ပြောတတ်သော ပုဂ္ဂိုလ်ကြီးအဖြစ် မြင်လိုဟန် တူပါသည်။

ဆရာကြီး အေးဆေးပုံ စကားစပ်မိကြသောအခါ ဆရာကြီးအပေါ် အားအရ နည်းနေသူ တစ်ယောက်က–

'တို့ဆရာကြီး စကားနည်းချက်ကတော့ ပြောပလောက်ပါပေတယ်ဗျာ။ တေမိ အိပ်ဆေး ထိုးထားတဲ့အတိုင်း ပါပဲဗျာ' ဟူ၍ ခိုင်းနှိုင်းလိုက်လေသည်။

## သည့်ထက် မှောင်နိုင်သေးသလား

ဆရာဦးကျော်ခင်တို့ လှတောသို့အပြန် လိုက်ပါစီးနင်းကြမည့် ကားသည် ရွှေဘိုမြို့မှာပင် ပျက်တော့သည်။ အလွန်မိုးချုပ်နေပြီ ဖြစ်သဖြင့် တခြားကားလည်း မရှိသလောက် ဖြစ်နေသည်။ ထို့ကြောင့် ပျက်နေသောကား ကောင်းလာချိန်ကိုသာ ခရီးသည်တစ်စု စောင့်နေကြရသည်။ ထိုအချိန်မှာပင် မုန်တိုင်း တိုက်ခတ်လာသောကြောင့် လျှပ်စစ်မီးများ ငြိမ်းသွားလေပြီ။ ကားသမားများသည် ရရာလက်ဆွဲမှန်အိမ် မှိတ်တုတ်တုတ်ကလေးဖြင့် ကားကို ဆက်ပြင်နေကြရရှာသည်။ မှန်အိမ်ကလေးမှာလည်း လေပြင်းကြောင့် ငြိမ်းမည်တကဲကဲ လုပ်ရင်း တင်းခံပါသေးသည်။ ကြာကြာမခံနိုင်ပါ၊ လေပြင်းတစ်ချက် အဝှေ့တွင် ဟုတ်ခနဲ အသက်ကုန်သွားပါလေတော့သည်။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း ပိန်းပိတ်အောင် မှောင်ပါလေတော့သည်။ ဤတွင် ကားအနီး ထိုင်စောင့်နေသူ လှတောသားတစ်ဦးက ပြောလိုက်သည်ကား–

'အလိုလေးဟယ်၊ မှောင်လိုက် မည်းလိုက်ပုံများ မျက်မမြင်အကျဉ်းသား

တိုက်ပိတ်ထားလိုက်တဲ့ အတိုင်းပါလား ဟရို့' ဟူ၍ဖြစ်သည်ဟု ဆရာဦးကျော်ခင်က ပြောပြပါသည်။

## သက်ကြီးလူငယ်

လှတောရွာသူတို့သည် ရွှေမန်းကျော်အောင်ဇာတ်ကို မျှော်လင့်နေကြသည်။ ယင်းသို့ မျှော်လင့်နေခြင်းမှာ လူငယ်ကြည်ခိုင် အမည်ခံ ပြဇာတ်မင်းသား နာမည်ကြီးလှသဖြင့် ကြည့်ချင်သောကြောင့်ပင်။ မျှော်လင့်ထားသည့်အတိုင်း ရွှေဘိုမြို့ထောင့် ဘုရားပွဲတွင် ရွှေမန်းကျော်အောင်၏ ဇာတ်သဘင် ပါလေသည်။ ကြော်ငြာတွင် လူငယ် ပြဇာတ်မင်းသား၏ အမည်ကိုလည်း တွေ့ကြရသည်။ ထို့ကြောင့် စောင့်စားနေကြသော လှတောသူတို့သည် ယင်းဇာတ်အဖွဲ့ကို သွားကြည့်ကြသည်။

ကြည့်ပြီး၍ ပြန်လာကြသောအခါ လှတောသူအချင်းချင်း ဤသို့ ပြောကြသည် ဟူ၏။

'အလိုလေးအေ၊ လူငယ်ကြည်ခိုင် လူငယ်ကြည်ခိုင် ဆိုလို့ သွားကြည့်ပါတယ်အေ၊ ထွက်လာလိုက်တော့ လားလား ဘုရားရှေ့က နိမိတ်ကြီးလေးပါးရုပ်တွေကို သွားမြင်ယောင်မိပါတော့တယ်'

## တွံ့တေးသိန်းတန်

လှတောရွာသည် အခြားတောရွာများနည်းတူ တွံ့တေးသိန်းတန်၏ သီချင်းများကို စွဲစွဲလမ်းလမ်း ကြိုက်ကြသည်။ တစ်ခါကမူ တွံ့တေးသိန်းတန်သည် ပြဇာတ်အဖွဲ့တစ်ခုနှင့်အတူ လှတောရွာရှိ ချိန်တန်ပြဇာတ်ရုံတွင် လာရောက်ရှုသွင်းကြသည်။ တွံ့တေးကို ကြိုက်ရင်းစွဲရှိကြသော ရွာသူရွာသားတို့သည် ပထမတွင် ဝက်ဝက်ကွဲအောင် လာရောက်ကြည့်ရှုကြသည်။





တွံ့တေးသိန်းတန်အကြောင်းနှင့် ပတ်သက်၍မူ အဘွားအိုကြီးတစ်ဦး ပြောဆိုလိုက်သည်ကား–

'တွံ့တေး တွံ့တေးရယ်လို့ သွားကြည့်မိပါတယ်ကွယ်၊ အာဋ္ဌာဝက အတိုင်းပါပဲလား။ လူကောင်ကတော့ ဖားလတက် (ကျော်စံကေး) လောက် ရှိပါတယ်။ အသံကျတော့ ဖားဂုံညင်းအတိုင်းပါပဲတော်' ဟူ၍ ဖြစ်ပါသည်။

## လူက မင်းသား အစားက သရဲ

တစ်ခါကလည်း လှတောရွာသို့ ပြဇာတ်အဖွဲ့တစ်ဖွဲ့ ရောက်လာဖူးသည်။ လှတောရုံတွင် ရုံသွင်းကပြရန် ဖြစ်သည်။ ယင်းအဖွဲ့တွင် အတန်အသင့် ဇာတ်ကားရိုက်ဖူးသော ရုပ်ရှင် သရုပ်ဆောင်များ၊ ဂီတအဆိုတော်များ စုပေါင်းပါဝင် လာကြသည်။

မင်းသမီးကလေးများနှင့်သာ အထူးကျွမ်းဝင် ရင်းနှီးခွင့်ရသော လှတောသား တစ်ယောက်ကမူ ထမင်းပင် ဖိတ်ခေါ် ကျွေးမွေးသည် ဆိုပါသည်။ အိမ်ရှင်သည် အရင်းခံ စေတနာလည်းရှိ၊ ဂုဏ်လည်း ယူလိုသဖြင့် စားကောင်း သောက်ဖွယ်များကို အထူးတလည် စီမံချက်ပြုတ်ထားလေသည်။

ခူးခပ်ကျွေးမွေးသော အခါ၌လည်း အလျော့အနည်း မရှိရအောင် လိုက်ပွဲအစုံစုံ ချပေးကြသည်။ အားမနာတမ်း သုံးဆောင်ကြဖို့လည်း အထပ်ထပ် တိုက်တွန်းကြသည်။ ဧည့်သည်တို့ကလည်း မြိန်ရည်ယှက်ရည် စားပစ်ကြသည်။ အသားဟင်းများ၊ အသီးအရွက်ဟင်းများမှာ လတ်လတ်ဆတ်ဆတ် ချက်ပြုတ်ထားသဖြင့် အရသာထူးကဲလှကြောင်း၊ ထို့ကြောင့် အားမနာတမ်း စားပစ်လိုက်ကြောင်း၊ ယခု ထမင်းပွဲကို မေ့နိုင်တော့မည် မဟုတ်ကြောင်း ပြောဆို တုံ့ပြန်သွားကြသည်။

စားသောက်ပြီး စကားစမြည် အနည်းငယ် ပြောပြီး ဇာတ်ဆောင်များသည် ထပြန်သွားကြသည်။ အိမ်ရှင်ကမူ အလွန်ဝမ်းသာဂုဏ်ယူလျက် ကျန်ရစ်လေသည်။ ထမင်းကျွေးမွေးရေးအတွက် ဝင်ရောက်ကူညီပေးနေသော လှတောသားတစ်ဦးကမူ ဤသို့ မှတ်ချက်ချလိုက်သည်ဟု ဆိုပါသည်။

'အင်း မြို့သူမြို့သားတွေလည်းဖြစ်၊ နာမည်ကျော် ရုပ်ရှင်အနုပညာသည်တွေလည်းဖြစ်၊ ရုပ်ကလေးတွေကလည်း ချောချောမောမောကလေးတွေဆိုတော့ စားတဲ့သောက်တဲ့ နေရာမှာ နုနုယဉ်ယဉ်နဲ့ ဟန်ပြကလေးလောက်သာ စားကြလိမ့်မယ်လို့ ထင်မိပါ။ လားလားဗျာ ကြက်သားဟင်းများ ကောက်ကာငင်ကာ ကိုက်ကာဖဲ့ကာ စားလိုက်ကြတာ မတရားပါပဲ။ အရိုးတွေ ပုံနေလိုက်ပုံများလည်း ဝေသာလီပြည် ဘီလူးစားသထက် ကြောက်စရာ ကောင်းလိုက်သေးဗျာ'

## လက်ပြလိုက်ပုံ

အဆိုပါ ပြဇာတ်အဖွဲ့ ကပြပြီး၍ ပြန်ကြသောအခါ ကားပေါ်မှ ရုပ်ရှင်မင်းသမီးတစ်ဦးသည် လမ်းဘေးနှစ်ဖက်ရှိ တွေ့တွေ့သမျှသော လှတောသားများကို လက်ပြနှုတ်ဆက်သွားလေသည်။ ယင်းကို မြင်တွေ့လိုက်ရသော လှတောသားတစ်ဦးက–

'အလိုလေး ရုပ်ရှင်မင်းသမီးတို့ နှုတ်ဆက် လက်ပြသွားလိုက်ပုံများဗျာ လမ်းဆုံ လမ်းခွဲက လက်ပြပုလိပ် ကိန္နရာနှာ ပေါက်ထားတဲ့ အတိုင်းပါပဲ' ဟူ၍ ချီးကျူးလိုက်သည် ဆိုပါသည်။

## ချောလိုက်တဲ့ မင်းသမီးတွေ

တစ်နှစ်ကလည်း ပန်တျာကြည်လင် ဇာတ်အဖွဲ့သည် လှတောရှိ ချိန်တန်ပြီရုံတွင် ရုံသွင်းကပြရန် ရောက်ရှိလာကြသည်။ ခရီးရောက်မဆိုက် ဆိုသလိုပင် မင်းသမီးတချို့က 'လှတောသူ လှတောသားတွေ သိပ်စကားတတ်တယ် ပြောသံ ကြားဖူးတယ်။ ဘယ်လို တတ်လို့၊ ဘယ်လောက် တတ်တယ်ဆိုတာ ကြားချင်လိုက်ပါဘိတော့တယ်' ဟု အချင်းချင်း ပြောဆိုနေကြရာမှ ပါးစပ် မပိတ်မီ လှတောရွာ ဈေးသည်တစ်စုသည် ရုံ၏ မြောက်ဘက် လမ်းပေါ်မှ ဖြတ်သွားကြရင်း မင်းသမီးတွေကို မြင်လိုက်သဖြင့် ချီးကျူးလိုက်သည်ကား–





'အလိုလေးဟယ်၊ မင်းသမီးတွေနှယ် ချောလိုက်ပါဘိတော့။ ကြည့်ကြစမ်းပါဦး၊ ငရုတ် ဆီလိမ်းထားသလား အောက်မေ့ရတယ်' ဟူ၍ ဖြစ်ပါသည်။

## ဖြူလည်း ဖြူပေတာကိုး

အခြားတစ်ယောက်ကလည်း အထက်ပါ အဆိုကို ထောက်ခံရင်း ထပ်ဆင့် ချီးကျူးလိုက်ပြန်သည်ကား–

'ချောတာလည်း မပြောကြနဲ့လေ၊ အသားကလည်း ဖြူနေတာပဲ။ စိမ်းစားဥ အခွံနွှာ (သင်) ထားတဲ့အတိုင်း မဟုတ်လား' ဟူ၍။

## စအို ငိုချင်း

အခြား ဇာတ်သမားတစ်ယောက်သည်လည်း ထောင့်တစ်နေရာတွင် အိပ်မောကျလျက် ရှိလေသည်။ သို့သော် ထောင့်တစ်ခုတွင် ကွယ်နေသဖြင့် ရုတ်တရက်မှု သူ့ကို မမြင်နိုင်ကြပေ။ တစ်ခါတွင်မူ ယင်းဇာတ်သမားသည် လေလည်လိုက်သည်။ လေလည်လိုက်ပုံမှာလည်း တိုးတိုးမဟုတ်၊ ကျယ်ကျယ် ကြာကြာကြီး ဖြစ်သည် ဆိုပါသည်။ လေလည်လိုက်ပုံနှင့် ပတ်သက်၍ လှတောသားတစ်ဦးက အလန့်တကြား အသံမျိုးဖြင့် အော်လိုက်သည်ကား–

'အလိုလေး ဇာတ်သမားရယ်၊ ခင်ဗျားစအို ငိုချင်းရှည် ချဲ့လိုက်ပုံကတော့ ဥသြကြိုး ဒန်းခိုစီးထားတာထက် ရှည်ပါသေးကလားဗျာ' ဟူ၍ ဖြစ်ပါသည်။

## ပျော့ပျောင်းပုံ များ

တစ်ခါက လှတောသားတစ်ဦးသည် ဦးမောင်မောင်၏ ဆပ်ကပြပွဲကို ကြည့်ရှုခွင့်ကြုံခဲ့သည်။ ယခင်က ဆပ်ကပြပွဲကို တစ်ကြိမ်တစ်ခါမျှ ကြည့်ရှုဖူးခြင်း မရှိသည့်အလျောက် ယခု ကြည့်ရှုရသောအခါ မြင်ရသမျှတို့သည် အထူးအံ့သြဖွယ်ချည်း ဖြစ်နေသည်။ အထူးသဖြင့် ဆပ်ကတွင် ပါဝင်ကပြသည့် အမျိုးသမီးကလေးများ၏

ပျော့ပျောင်းပုံသည် လှတောသားအဖို့ အံ့သြဖွယ်ရာ ဖြစ်နေသဖြင့် ချီးကျူးလိုက်သည်ကား–

'အလိုလေး၊ ဆပ်က ထဲက မင်းသမီးတွေ ပျော့ပျောင်းလိုက်ပုံများတော့ မျှော့ကို လပိုင်ဆီ လိမ်းထားတဲ့ အတိုင်းပါပဲ မောင်ရာ' ဟူ၍ ဖြစ်ပါသတည်း။

## ဝင်ကျုံ့လိုင်ပါ

လှတောရွာ အမျိုးသမီးကြီးတစ်ဦးသည် ရွှေမန်းတင်မောင်ရုံပွဲကို ကြည့်လာပြီးနောက် မင်းသားမင်းသမီးများအကြောင်း၊ ဇာတ်လမ်းဇာတ်ကွက်အကြောင်း၊ ကကြိုးကဟန်များအကြောင်း၊ ပြက်လုံးများအကြောင်း စသဖြင့် မိမိနှစ်သက်ခဲ့၊ မှတ်မိခဲ့သမျှတို့ကို လှတောသူများအား ပြန်ပြောနေလေသည်။ မကြည့်ရသေးသူများကလည်း သိချင်သည်များကို နှုတ်ထောက် မေးမြန်းနေကြလေသည်။ တစ်ယောက်သော အမျိုးသမီးက–

'ရွှေမန်းပွဲ ကြည့်တော့ ကြည့်ချင်ပါရဲ့၊ ဒါပေတဲ့ ဖျာရဖို့က သိပ်ခက်တယ် ဆိုလို့ မသွားဖြစ်သေးဘူး။ ညည်းကော ဖျာရခဲ့ရဲ့လား' ဟု မေးသောအခါ ပွဲပြန် အမျိုးသမီးကြီးက ဤသို့ ဖြေကြားလိုက်လေသည်။

'ရတော့ ရပါရဲ့အေ၊ ရုံထဲရောက်လို့ ကြည့်လိုက်တော့ ဖျာနဲ့ ဆယ်ပြားဈေး မှားနေတော့တာပါပဲ'

## ကတော်နေရာ

တစ်ယောက်သော အမျိုးသမီးက ဤသို့ ပြန်ပြောလေသည်။

'နာမည်ကြီးတဲ့ ရုံပွဲတော့ သိပ်မသွားတာပဲ ကောင်းပါတယ်။ သွားရင်လည်း ရှေ့နားကျကျ နေရာရမှ တန်ကာကျတယ် နောက်ပိုင်းကျကျ ရရင်တော့ ရှုရှုနှံ့ခံပြီး ပြန်ခဲ့ရုံပဲ ရှိတယ်'

ထိုအခါ ပွဲပြန်အမျိုးသမီးကြီးက ဤသို့ ပြန်ပြောလေသည်။





'တို့တော့ဟယ်၊ ဒီတစ်ခါ နေရာကောင်းပုံများ ပြောပြရရင်တော့ ဇာတ်ဆရာ က လို့ ကုန်းမိတဲ့အခါတိုင်း ငါ့ကို နမ်းမိနမ်းမိ သွားတာပဲ' ဟူ၏။

## လှတောက ဒုံးအက

လှတောရွာတွင် တောင်ပိုင်းသားနှင့် မြောက်ပိုင်းသားတို့ ဆုံစည်းမိကြသည့်အခါမျိုးတွင် နောက်ပြောင်ကျီစယ်သည့် သဘောဖြင့် အချင်းချင်း နှိမ်ချပြောဆိုတတ်ကြသည်။

တစ်နေ့တွင် ဦးစိုသည် လှတောတောင်ပိုင်းသို့ လည်ပတ်နေရင်း အိမ်တစ်အိမ်၌ ဝင်နားနေသည်။ ထိုစဉ် ခြင်တစ်ကောင်စ နှစ်ကောင်စ ဦးစိုအား ကိုက်လိုက်လေသည်။ အခွင့်ကြုံလျှင် စကားနိုင်ယူတတ်သော ဦးစို သုံးနှုန်းလိုက်သည်ကား–

'အလိုလေးကွယ်၊ မောင်ရင်တို့တောင်ပိုင်း ခြင်ပေါလိုက်ပုံကဖြင့် ကြောက်ခမန်းလိလိပါပဲလား။ ခြင်ရမ်းနေလိုက်ရတာ ကရင်ဒုံးယိမ်း က ရသထက် ပင်ပန်းလှပါပြီကွာ' ဟူသတည်း။

## မို့ သိပ်နေသလား

အလှူပွဲတစ်ခု၌ပင် ဖြစ်သည် ဆိုပါသည်။

လူတစ်ယောက်သည် ထမင်းရုံထဲသို့ ဝင်၍ ထမင်းစားနေလေသည်။ ထိုသူ စားနေသည်မှာ တော်ရုံတန်ရုံ ဝရုံ အနေအထားမျိုး မဟုတ်။ အလကားရရင် ရေကို သေအောင်သောက်မည့် လူစားမျိုး ဖြစ်ဟန်ရှိသည်။ ထမင်းရော ဟင်းပါ အဝအပြဲ စားသောက်နေသည်မှာ တခြားလူများ နှစ်ပွဲဆက် စားသလောက် ကြာသွားသည်။ ဤတွင် မြင်ပြင်းကတ်လာသူ လှတောသားတစ်ဦးက မှတ်ချက်ချလိုက်သည်ကား–

'ဒီလူ ထမင်းစားတာကလဲကွာ၊ကူးတို့ဆိပ် မို့ သိပ်နေသလား အောက်မေ့

ရပါတယ်။ တဖက်ကူးမှာမို့ ရိက္ခာယူနေတာနဲ့ တူပါတယ်' ဟူ၍ ဖြစ်သည် ဟူ၏။

## ဘီလူးပါးစပ်လို

လုပ်သားဂျာနယ်တွင် ဆယ့်နှစ်မျိုးဂျင်းသုပ် ဟာသခန်းကို အပတ်စဉ် တင်ဆက်နေသူ ဟာသကလောင်ရှင် ဇီးကွက်စိန်နှင့် အဖွဲ့သည် ခရီးထွက်ရာမှ အပြန် လှတော‌ရွာ ဦးကျိုးညို ဆီစက်သို့ ဝင်နားကြသည်။ ခေတ္တခဏ နားမိလျှင် ရေ တစ်ခွက် သောက်ပြီး ဆရာဇီးကွက်စိန်က စကားစလိုက်သည် ဆိုပါသည်။

စိန်။ 'သူများတွေ ဆီစက်တော့ လည်ခွင့်မရဘူး၊ ခင်ဗျားစက်တော့ လည်ခွင့် ရသလားဗျ'

ညို။ 'လည်ခွင့်ရအောင် လုပ်ရတော့တာပဲဗျို့၊ လည်ခွင့်ပေးတဲ့လူကို ပေးရကမ်းရတာလည်း ဘီလူးပါးစပ်ပေါက်နား ထိုင်နေရသလိုပဲ၊ လာသမျှ အကုန်စားနေတာပဲ။ ဆီတောင်း ဆီ၊ ငွေတောင်း ငွေ၊ ဆန်တောင်း ဆန်။ နောက်ဆုံး မပေးနိုင်ရင်လည်း ကိုယ့်တောင် စားမယ် လုပ်နေတယ်ဗျို့။ တွက်ခြေ သိပ်မကိုက်ပါဘူးဗျာ'

စိန်။ 'ဒီလုပ်ငန်းတစ်ခုတည်းမှ မဟုတ်ဘဲ။ နောက်မိုးရွာလို့ လယ်ကစပါးလည်း ရသေးတယ် မဟုတ်လား'

ညို။ 'အလိုလေး၊ နောက်မိုးက ပျားချေးခါသလောက်မှ မရှိဘူး၊ ဘယ်ကလာ စပါးထွက်မှာလဲ'

စိန်။ 'မိုးကလည်း အောင်ရေ လွတ်ပေးသားပဲ မဟုတ်လား'

ညို။ 'ဟင်း ခင်ဗျားတို့ မိုးရေက မီးခဲပေါ် ယင်ကောင်နားသလောက် မကြာပါဘူး ဗျာ'





## မစားရ အံ့တို

အလုပ်သမားတစ်ဦးသည် အလုပ်ခွင်၌ ဒဏ်ရာ ရသွားသည်။ ဥပဒေအကိုင်းသက်ဆိုင်ရာသို့ နစ်နာကြေး လျှောက်ထားလိုက်သည်။ ရ မရ သွားရောက် စုံစမ်းတိုင်းပင် ရုံးက အကြောင်းအမျိုးမျိုး ပြကာ လျှောက်လွှာအသစ် တင်ခိုင်းသည်။ ရေးရ တင်ရဖန် များလာသောအခါ လျှောက်ထားသူမှာ စိတ်ပျက်လာသည်။

'ဒီတစ်ခါ ရပါလိမ့်မယ်၊ ဒီတစ်ခါ ရပါလိမ့်မယ်နဲ့ လျှောက်လွှာလည်း မရေတွက်နိုင်တော့ပါဘူးဗျာ'

'ရေးသာ ရေးပါ၊ ဒီတစ်ခါတော့ တကယ် သေချာပါပြီ။ ကျွန်တော် ရအောင် ဆောင်ရွက်ပေးမှာပါ'

ဤတွင် အနီးရှိ လှတောသားက ဤသို့ ဝင်ပြောလိုက်လေသည်။

'သေချာတာ မသေချာတာတော့ မပြောတတ်ဘူး။ လျှောက်လွှာရေးရလွန်းလို့ ဖောင်တိန်နစ်တော့ ဘဲမှတ်သီး ဖြစ်နေပြီ'

## ကျောက်ရောဂါ

တစ်ခါက လှတောရွာသို့ ရောဂါကာကွယ်ဆေးထိုး အဖွဲ့တစ်ဖွဲ့ ရောက်လာသည်။ ရွာသားများ ဆေးထိုးခံရန် လူကြီးအိမ်သို့ ဖိတ်ခေါ်လိုက်သဖြင့် ရောက်လာကြသော လှတောသားများနှင့် ဆေးအဖွဲ့တို့ အမေးအဖြေ ပြုကြလေသည်။

'ဒီရွာမှာ ကျောက်ရောဂါ ဖြစ်ဖူးသလား၊ ကျောက်ပေါက်တဲ့သူရော ရှိသလား'

'ဒီရွာမှာ ကျောက်မာ မရှိတဲ့သူဆိုလို့ ဘုန်းကြီးကျောင်းက ကျောက်ဆင်းတုနဲ့ ဆယ်ပြားစေ့ထဲက ဗိုလ်ချုပ်ပဲ ရှိတော့တယ်'

'ကာကွယ်ဆေးလေး ဘာလေး မထိုးကြဘူးလား'

'အလိုလေးလေး၊ ထိုးရလွန်းလို့ လက်မောင်းတစ်ခုလုံး ဝါးလုံး ပိုးဖောက်ထားတဲ့ အတိုင်းပဲပါပဲ'

'ဆေးခန်းကော သွားကြရဲ့လား'

'ဆေးခန်းသွားလည်း ဆေးထိုးလွန်းလို့ ဖင်ကို ပျားသလက် ဖြစ်ကုန်ကြပြီ'

## မောင်မြင့်သိန်း

စီးပွားရေးတက္ကသိုလ်၌ ပညာသင်နေသော လူတော်လူငယ်တစ်ဦး ဖြစ်သည်။ ကျွန်တော် လူတောရောက်စဉ်က မိမိဖခင် မတုန်မလှုပ် နေသည်ကို "တေမိမင်း စိတ်ကောက်နေ မှတ်ရတယ်"ဟု သုံးစွဲခဲ့သူ ဖြစ်ပါသည်။

စီးပွားရေးကျောင်းသူကျောင်းသားများ ပင်လယ်ပြင် လက်ခုပ်ကုန်းသို့ ခရီးထွက်ကြစဉ်က ဖြစ်သည်။ မောင်မြင့်သိန်းသည် ရိက္ခာလှည်းကို စောင့်ရှောက်လိုက်ရပါသည်။ ရှေ့က ကျောင်းသူကျောင်းသားများ ခြေကျင်လျှောက်ကြသဖြင့် ဖုန်တွေ တထောင်းထောင်း ထ ကုန်သည်။ စခန်းရောက်၍ ဆရာကြီးဦးခင်မောင်ညွှန့်က မောင်မြင့်သိန်းအား 'မင့်မျက်စိထဲ ဖုန်တွေ ဝင်သေးသလား' ဟု မေးလျှင် မောင်မြင့်သိန်းက ဤသို့ ပြန်ဖြေလိုက်ပါသည်။

'အလိုလေး ဆရာကြီးရယ်၊ ဝင် မဝင် မေးမနေပါနဲ့တော့။ မြေတူးစက်နဲ့ ကော်ထုတ်တောင် ကုန်မယ် မထင်တော့ပါဘူး'

ည မီးပုံပွဲတွင် ငါးသလောက်ကင်များ ကျွေးမွေးလေသည်။ ကျောင်းသူကျောင်းသားတချို့က 'ငါးကလည်း အရိုးများလိုက်တာ အရိုးများလိုက်တာ' ဟု တဖျစ်တောက်တောက် ပြောရင်း စားကြသည်။ ထိုအခါ မောင်မြင့်သိန်းက-

'အရိုးများလို့သာပေါ့။ အရိုးသာ မများရင် ငါးကင်တဲ့ ဝါးခြမ်း (တရို) ကိုတောင် အချောင်းလိုက် မျိုမယ်ဟာတွေ' ဟု နှံလိုက်လေသည်။





## မပေါင်းခက် ပေါင်းခက်

အုန်းတောဆောင် မောင်မြင့်သိန်းအခန်းသို့ သူငယ်ချင်းတစ်ယောက် ဝင်လာပြီး 'ဟိုဘဲနာကတော့ မလွယ်ကြောပါပဲကွာ။ မပေါင်းလည်းခက် ပေါင်းလည်းခက်' ဟု ညည်းပြလိုက်လျှင် မောင်မြင့်သိန်းကလည်း ဤသို့ပင် ညည်းပြလိုက်လေသည်။

'အင်း ဒီအကောင်နဲ့ ပေါင်းရတာ မလွယ်ဘူး။ မြွေပွေး မျက်လှည့်ပြနေရတဲ့ အတိုင်းပဲ'

## ဦးလူမော်

ဦးလူမော်သည် ပုံခိုင်းလည်း ကောင်းသည်။ အသောက်အစားလည်း ကျူးသည်။ အသက်ကြီး၍ အိုမင်းမစွမ်း ရှိလာသည့်တိုင်အောင် သောက်ကာ စားကာ ကစားကာဖြင့် အချိန်ကုန်လွန်ခဲ့စေသည်။ နာမကျန်းဖြစ်ကာ အိပ်ရာထက် လဲနေသောအခါ ရင်းနှီးသူ၊ သွေးသား တော်စပ်သူတို့က ဦးလူမော်အတွက် စိတ်မကောင်းဖြစ်ကြသည်။ ဦးလူမော် ကုသိုလ်မှု နည်းခဲ့သည်ကိုလည်း ဝမ်းနည်းမိ၊ စကားဆိုမိကြသည်။ ထိုအခါ ဦးလူမော်က-

'အကုသိုလ်ကြောင့်လား၊ ငါ့အတွက်လည်း ဝမ်းနည်းမနေကြနဲ့။ ငရဲအိုးကို ကြောက်မနေကြနဲ့။ ငါက အရင်ရောက်နေနှင့်မှာပါ။ ငါရောက်တဲ့အခါ ငရဲအိုးတွေကို အကုန်ရိုက်ခွဲထားနှင့်မယ်' ဟု သေခါနီးဆဲဆဲမှာပင် ဟာသနှောကာ ပြောသွားသည်ဟု ပြောကြပါသည်။

ပျိုရွယ်စဉ်ကမှ ဦးလူမော်သည် လက်တန်း စကားပြော သိပ်ကောင်းလေသည်။ ဟာသဉာဏ်ရော ဇဝနဉာဏ်ပါ အထူး ထက်မြက်လေသည်။ အငြိမ့်ပွဲ၊ ဇာတ်ပွဲများ ပျက်အောင်ပင် ယှဉ်ပြိုင် ပြောဆိုနိုင်သည်ဟု သိရပါသည်။

## သတ္တိရှိသလား

တစ်ခါက ဦးလူမော်သည် သခွတ်တောရွာသို့ သွား၍ သခွတ်တောသူကြီး အပါအဝင် ယင်းရွာသားများနှင့် ကက်ဆွဲ၍ နေလေသည်။ တစ်လှည့်တွင် ဦးလူမော်

ကြွေပစ်လိုက်ရာ ဦးလူမော်ပင် ဘိတ်ကျလေသည်။ ဦးလူမော် ကက်ကောက်နေစဉ်မှာပင် သခွတ်တောသူကြီးက ဘိတ်ကို လှန်ကြည့်မိလိုက်သည်။ ဤတွင် ဦးလူမော်သည် အသံမာမာ မျက်နှာထား တင်းတင်းဖြင့်–

'ဟေ့ကောင်၊ ငါ့ဘိတ်ကို မင်းနဲ့ ဘာဆိုင်လို့ လှန်ရတာလဲကွ'ဟု ငေါက်ငမ်းလိုက်သည်။

သခွတ်တောသူကြီးမှာကား ပြဿနာ မဖြစ်လောက်ဘူးဟု အောက်မေ့၍ အမှတ်မထင် လှန်မိသည်ကို ကစားဖော်အချင်းချင်း ဤမျှ မာရေကျောရေ ပြုရမလားဟု ခံပြင်းလာသဖြင့်–

'နေစမ်းပါဦးဗျ၊ ကစားဖော် အချင်းချင်းပဲ၊ ဒီလောက်ဖြစ်ရအောင် ခင်ဗျားကြေးက ဘယ်လောက်များ ရှိလို့တုန်း'ဟု ခပ်ပြတ်ပြတ်ပင် တုံ့ပြန် မာန်မဲလိုက်လေသည်။ ထိုအခါမှ ဦးလူမော်သည် ပိုမိုစိတ်ထွက်လာကာ လည်ချောင်းသံ၊ ဒေါသသံဖြင့် ပြန်ပြောလိုက်သည်မှာ–

'အံမာ ကြေးစကား ပြောသလား၊ ကြေးစကားတော့ ငါ့ လာမပြောနဲ့ကွ။ မင်းတို့ တကယ်သတ္တိရှိရင် တစ်လှည့်တည်းနဲ့ ကြိုးဆွဲချတမ်း လောင်းလိုက်ရအောင်လေ' ဟု စိန်ခေါ်လိုက်လေသည် ဟူ၏။

## ဦးလူထွေ

ဦးလူထွေတွင် အိမ်ထောင်မရှိပြီ ဖြစ်သဖြင့် ရင်းနှီးခင်မင်သူများက အိမ်ထောင်ပြုဖို့ တိုက်တွန်းကြသည်။

'အိမ်ထောင်ပြုပါတော့လို့ တိုက်တွန်းနေကြတယ်။ ငါက ဘယ်သူ့ကို ယူရမှာလဲ'

'ဦးလေးထွေနှယ်၊ ဦးဘယ်သူ့သမီး မိအဝှာဆိုရင် ဦးလေးထွေနဲ့ ဘယ်လောက် လိုက်ဖက်လိုက်မလဲ'

'အလိုလေးဟယ်၊ သူ့ကိုတော့ မယူပါရစေနဲ့ကွယ်။ သူ့ ယူမယ့်အစား





**တော့ လင်းတတောင်ပံကြား ခေါင်းထား အိပ်ပါရစေတော့။ မင်းတို့မို့ သူနဲ့မှ** စဉ်းစားကြလေတယ်ကွာ။ ကြည့်ပါဦး၊ ခြေအင်္ဂါက အင်္ဂတေကော်တဲ့ ယောင်းမပြား၊ လက်ကားပုံက ကြက်ခြေထောက်၊ ငါ့ကိုယ်ငါ အသက်ကြီးလို့ သစ်သီးမှည့်လို ကြွေပါစေတော့။ သူ့ကိုတော့ စိတ်မကူးပါရစေနဲ့ ' ဟု ငြင်းဆန်လိုက်လေသည်။

## မြင်းနင်းခံရတော့ မလို့

တစ်ခါက ဦးလူထွေသည် ကုန်းကြီးကျေးရွာ အလှူပွဲတစ်ခုသို့ သွားရောက်ခဲ့လေသည်။ ကုန်းကြီးရွာ အလှူက လူကြီးသူမများကလည်း ဦးလူထွေအား သက်ကြီးဝါကြီး ပုဂ္ဂိုလ်ကြီး ဟူသော အထိမ်းအမှတ်ဖြင့် သံဃာစင်ထက်တွင် နေရာပေးသည့်အလျောက် သံဃာစင်နှင့် လျောက်ပတ်သော တရားစကား စာပေများကို ပြောမှ သင့်မည်ဟု ဦးလူထွေ နှလုံးသွင်းနေစဉ် ကုန်းကြီးသူတစ်ဦးက ဦးလူထွေ အနီးသို့ လာရောက်ညှော်ဝတ်ပြုရင်း သဒ္ဒါစကားတွေကို ပုဒ်ခွဲရုပ်ခွဲပြကာ ဝိဘတ် ဝစနတို့ဖြင့် ဖျန်းဖျန်းမြည်အောင် ပြောဟောနေလေတော့သည်။ ဦးလူထွေမှာ ပါးစပ်ပင် ဟခွင့်မရဘဲ အငေးသား နားထောင်ပြီး ပြန်ခဲ့ရလေသည်။

အပြန်လမ်းတွင် ဦးလူထွေက စဉ်းစားသည်။ ငါက သဒ္ဒါမတတ်၊ သဒ္ဒါတတ်၍သာ သဒ္ဒါအရာဖြင့် စကားဆိုသောအခါ ငါ အရှက်ရခဲ့သည်။ သဂြိုဟ်ကိုမူ ငါ အထိုက်အလျောက် တတ်ပေသည်။ နောက်တစ်ခါကြုံလျှင် သဂြိုဟ်ဖြင့် စကားဆိုနိုင်အောင် ငါ ကျက်မှတ်ကြံစည်ထားမှ သင့်မည်ဟု အောက်မေ့ထားကာ ပြင်ဆင်မှုများလည်း ပြုလုပ်ထားလိုက်သည်။

ဦးလူထွေ တမ်းတမျှော်လင့်ခဲ့သော အခွင့်က ကြုံလေပြီ။ ကုန်းကြီးအလှူပွဲတစ်ခုသို့ နောက်တစ်ကြိမ် သွားရောက်ရခြင်းပင် ဖြစ်သည်။ ယင်းကုန်းကြီး အလှူပွဲမှအပြန် ဦးလူထွေ ပြောပြသည်ကား ဤသို့ ဖြစ်ပါသတတ်။

'အလိုလေး၊ သဒ္ဒါတတ် မိန်းမနဲ့ပဲ ထပ် စကားပြောခဲ့ရသကွာ။ သဒ္ဒါ

သာမက သင်္ကြိုဟ်မှာလည်း ဖျန်းဖျန်းကွဲပဲကိုး။ သင်္ကြိုဟ် ၉ ပိုင်း မြင်းလုပ်လို့ စီးနေလိုက်တာ မြင်းနင်း မခံရအောင် မြန်မြန်ပဲ လစ်ခဲ့ရပါလေတော့လကွာ'

## လူတွေ မချေတတ်တော့ပါဘူး

ဦးလူထွေခမျာ ကညာပျိုများနှင့် အကျိုးပေး သန်လေလားမသိ၊ ကြုံလိုက်ရ မိန်းမကိစ္စချည်း။

ယခုတစ်ကြိမ်လည်း ဦးလူထွေခမျာ တစ်ရွာသူတစ်ဦးနှင့် ပြဿနာတက်ရ ပြန်လေသည်။ ပြဿနာတက်ရာတွင်လည်း မိမိက တရားခံ၊ တရားသူကြီးရှေ့ ရောက်လျှင် မိမိ လျှောက်လဲ ပြောဆိုရမည့် စကားများကို ဦးလူထွေ ကိုယ်တိုင် ပင် ပြင်ဆင် စီစဉ်ထားလိုက်သည်။

အမျိုးသမီးက ဦးစွာ စွဲဆိုခွင့်ရလေသည်။ အမျိုးသမီးသည် အမှုအရာပါပါ၊ ဆင်ခြေအမျိုးမျိုး၊ အကျိုးအကြောင်း အချိတ်အဆက် မိမိ၊ စကားထိထိနှင့် ဒေါက်ဒေါက် ဒေါက်ဒေါက်နေအောင် စွပ်စွဲ တင်ပြသွားလေရာ လာရောက် အကဲခတ် ကြည့်ရှုသူများ အံ့သြငေးမော ကျန်ရစ်ကြရသည်။

'ကဲ ဦးလူထွေ ၊ ဦးလူထွေ ကြားပြီးဖြစ်တဲ့အတိုင်း တရားပြိုင်ကတော့ အချက်အလက်၊ အကိုးအကား၊ သက်သေ သာဓကတွေနဲ့ စွပ်စွဲပြီးသွားပြီ။ ဦးလူထွေ ဘယ်လို ဆင်ခြေပေး ချေပ ဦးမလဲ' ဟု မေးလေသည်။ ဦးလူထွေ ပြန်ပြောလိုက်သည်မှာ ဤသို့ ဖြစ်သည် ဟူ၏။

'မှန်လှပါ ဘုရား၊ ကျွန်တော်မျိုးမှာတော့ ပလ္လင်ပေါ် လိပ် ပက်လက် လှန်ထားသလို ယက်ကန်ယက်ကန် နေရုံမှတစ်ပါး အခြား ဘာမှ မတတ်နိုင်တော့ ပါဘူး ဘုရား'

ဦးလူထွေ၏ လျှောက်လဲချက်ကို ကြားသိရသော ပရိသတ်သည် သနား စိတ်ဖြင့်ပင် ရယ်မော စုတ်သပ်ကြရသည်။ ဤအမှုတွင် ဦးလူထွေမှာ ပြစ်ဒဏ်





မဆိုစလောက်သာ ခံရခြင်းမှာ ဦးလူထွေစကားကြောင့် တရားသူကြီးပါ သနား သွားသဖြင့် ဖြစ်သည်ဟု လှတောသားတို့ ယူဆနေကြသည်။

## ဒီခရီး ခြေကျင်လျှောက်ရမလား

ဦးလူထွေ ရွှေဘိုမှ ပြန်လာစဉ်က ဖြစ်သည်။ ရွှေဘိုမြို့နှင့် လှတောရွာ ၁၄ မိုင်ကျော် ဝေးလေသည်။ ဦးလူထွေသည် ရွှေဘိုက ကားတစ်စီးဖြင့် ရွာသို့ ပြန်လာသည်။ ကား စထွက်စဉ်ကပင် ကားသမားက ကားခတောင်းတော့သည်။ တခြားခရီးသည် တို့က ထုတ်ပေးကြရသော်လည်း ဦးလူထွေကမူ 'ကားမှ မထွက်ရသေးဘူး၊ ကားခက အရင်တောင်းနေပြီကိုးကွ' ဟု ဟောက်လိုက်သည်။ ကားသမားလည်း ဗာစ်စုံတစ်ရာ ပြောဆိုခြင်း မပြုတော့ဘဲ တိတ်ဆိတ်ငြိမ်သက် သွားလေသည်။

လှတောရွာနှင့် နီးလာသောအခါတွင်မူ ကားသမားက ကားခကို တိုက်ရိုက် မတောင်းတော့ဘဲ 'ဦးလေးက ဘယ်မှာ ဆင်းမှာလဲ'ဟု ဆင်းမည့်နေရာကို မေး သလိုလိုနှင့် ကားခပေးရန် သတိရအောင် စလိုက်ပြန်သည်။ သို့သော် ဦးလူထွေကမူ အလိုက်တသိ ကားခပေးဖို့ မဆိုထားဘိ၊ ဆင်းမည့်နေရာကိုပင် မပြောသေးဘဲ 'ငါ ခုန်မပြေးရဲပါဘူးကွ၊ ဆင်းတော့ ပြောပါ့မယ်' ဟုသာ ဖြေလိုက်ပြန်သဖြင့် ကားသမားမှာ အကြံအိုက်သွားပြန်သည်။

လှတောရွာ ကားဆိပ်သို့ ရောက်၍ ကားရပ်သောအခါ ဦးလူထွေသည် ကားပေါ်မှ တိတ်တဆိတ် ဆင်းခဲ့သည်။ ဦးလူထွေကို အကဲခတ်နေသော ကား သမားသည် ဦးလူထွေနောက်သို့ ပြေးလိုက်လျက်–

'ဗျို့ ဦးလေး ဦးလေး၊ ကားခ ပေးသွားဦးလေ'

'ကားခ မပါလာလို့ မပေးတာပေါ့ကွ၊ ပါရင် ပေးမှာပေါ့'

'ဒီမှာ မပါလာရင် အိမ်လိုက်ယူရမလား'

'ဟဲ့ ကလေးရဲ့၊ အိမ်မှာ ပိုက်ဆံရှိရင် ကား စင်းလုံးငှားပြီး အိမ်အရောက် ခေါ်ခဲ့မှာပေါ့ကွ'

'ပိုက်ဆံမရှိဘဲနဲ့ဗျာ၊ သူများကား စီးချင်ရသေးသလား။ ဘယ်လိုလူကြီးပါ လိမ့်'

'ဘယ်လိုလူကြီးမှ မဟုတ်ပါဘူးကွ။ ကားမစီးလို့ ဒီခရီးနဲ့ ဒီခရီး ငါလို အဘိုးကြီးက ခြေကျင်လျှောက်ရဦးမလား'

ဦးလူထွေ၏ စကားကြောင့် ကားပေါ်ပါ ခရီးသည်များသည် ဝါးခနဲ ရယ်လိုက်ကြသည်။

## ဒီ အခွန်တော်လောက်တော့

ကျေးလက်များတွင် သူကြီးများ ခန့်ထားစဉ်က အခွန်တော် ဟူသမျှကို သူကြီး များက တောင်းခံပြီး အထက်အထက် အာဏာပိုင်များထံ အပ်နှံရသည် ဆိုပါသည်။ ယင်းဥပဒေအတိုင်း သူကြီးဦးကံညွန့်သည်လည်း မိမိပိုင် နယ်မြေတွင်းမှ အခွန် တော်များ တောင်းခံအပ်နှံရန် တာဝန်ရှိနေသည်။ နယ်ပိုင်ကလည်း မကြာမကြာ နှိုးဆော်သတိပေးနေသည်။ တစ်နေ့တွင် နယ်ပိုင်က သူကြီးများကို ခေါ်ယူတွေ့ ဆုံပြီး အခွန်တော်များ အမြန်တောင်းခံပေးသွင်းဖို့ အပူတိုက်လေသည်။ ဦးကံညွန့် အား တစ်ဦးချင်း တွေ့သောအခါ၌လည်း ထပ်မံသတိပေး၏။

'ကဲ သူကြီးမင်း၊ ပေါ့ပေါ့ဆဆ လုပ်မနေကြနဲ့။ ဒီပြင် သူကြီးတွေ အကျေ ပေးဆပ်ပြီးကုန်ကြပြီ'

'ဘယ် သူကြီးတွေများ ကျေကြလို့လဲ ဝန်ထောက်မင်းရဲ့'

'မန်ကျည်းဖြူသူကြီး ဦးဘညွန့်တို့ပေါ့ဗျ၊ ကြွေးကျေတာ ကြာ ကြာ လှပြီကော'

'အလိုလေး ဝန်ထောက်မင်းရယ်၊ ဘညွန့် အခွန်တော်လောက်များတော့ ကျွန်တော်မျိုးက ရှံ့ခွာ လောက်စာလုံး ရောင်း ဆပ်တောင် ကျေပါတယ်ဗျာ'

(သူကြီး ဦးဘညွန့်၏ နယ်သည် ကျဉ်း၍ သူကြီးဦးကံညွန့်၏ နယ်မှာ ကျယ်သည်ဟု ဆိုပါသည်။ )

မျိုးပြည့်စာအုပ်တိုက်



## မြွေပွေး ပိုးထိ

တစ်နေ့တွင် လှတောရွာသူကြီး ဦးကံညွန့်၏ နွားက ရွှေကျင်ရွာက ဘုံကုလားပဲ ခင်းကို ဝင်စားလေသည်။ ရွှေကျင်သားများက အမှုလုပ်သဖြင့် ဦးကံညွန့်ခမျာ အခါတိုင်းက ဒဏ်တပ်မိန့် ချမှတ်ခဲ့သူ ဖြစ်ပါလျက် ယခုတစ်ချီတွင်မူ တရားခံ အဖြစ်နှင့် ဒဏ်ငွေ နှစ်ဆယ့်ငါးကျပ် လျော်လိုက်ရသည်။ (ရှေးက နှစ်ဆယ့် ငါးကျပ် ဒဏ်တပ်ခံရခြင်းသည် များစွာ အထိနာသော ပြစ်ဒဏ်မျိုး ဖြစ်သည် ဆိုပါသည်။)

ယင်းကို ကြားသိသူတိုင်းက သူကြီးဦးကံညွန့်အား မေးကြမြန်းကြရင်း စုတ်တသပ်သပ် လုပ်ကြသည်။ ထိုအခါ ဦးကံညွန့်က

'မေးနေ ပြောမနေကြပါနဲ့တော့ကွာ။ ငါလည်း ပြောပဲ မပြောချင်တော့ပါ ဘူး။ သူတို့ ကုလားပဲခင်းတဲ့ကွာ၊ ကြည့်လိုက်တော့ ဟိုအမွေး မီးလောင်ထား သလောက် လိမ်ကောက်ကောက်ကလေး ရှိပါတယ်။ တွယ်လိုက်တဲ့ ဒဏ်ငွေက တော့ တစ်သက်လုံး စားလောက်အောင်ပါပဲ။ ဒင်းတို့က ကုလားပဲကို အသီး စားရအောင် စိုက်ကြတာမှ ဟုတ်ပဲ၊ ဒဏ်တပ်စားရအောင် စိုက်ထားကြတာကွ' ဟု စိတ်နာနာဖြင့် ပြောပြလိုက်သည် ဆိုပါသည်။

**(လှတောရွာတွင် အသီးအနှံကို နွားစား၍ ဒဏ်တပ်တိုင်း အထက်ပါစကားကို ယခုတိုင် သုံးနေကြသည် ဟူ၏။)**

## ပူလိုက်လေ

သူကြီးဦးကံညွန့်နှင့် ဦးဘညွန့်တို့သည် ခင်မင်ကြသူများ ဖြစ်ကြသည်။ တစ်နေ့ တွင် ဦးကံညွန့်က ဦးဘညွန့်ထံမှ ငွေချေးယူလေသည်။ ခိုင်ငွေ ပြန်ထုတ်သော အခါ ဆပ်ပါမည်ဟုလည်း ကတိပြုထားသည်။ ဦးကံညွန့်က အထပ်ထပ် ပူဆာ၊ ဆပေးပါမည်ဟုလည်း ကတိပြုထားသဖြင့် စိတ်လေးလေးနှင့်ပင် အခွန်တော်ငွေထဲမှ ချေးငှားလိုက်ရသည်။

မျိုးပြည့်စာအုပ်တိုက်

သို့ရာတွင် ဦးဘညွန့်ခမျာ အခွန်တော် ပေးဆောင်ရမည့်ရက် နီးလာသဖြင့် ဦးကံညွန့်ထံ အပူတပြင်း တောင်းရလေတော့သည်။ မိမိမှာ ယင်းငွေ မပေးသွင်းနိုင်လျှင် ထုံးစံအတိုင်း အချုပ်ခန်း ဝင်ရတော့မည်ဖြစ်ကြောင်း၊ သို့ကြောင့် အလွန်အမင်း စိတ်ပူနေကြောင်း ပြောပြတောင်းပန်လေတော့သည်။ ထိုအခါ ဦးကံညွန့်က အောက်ပါအတိုင်း ပြောလိုက်သည်ဟု မှတ်ခဲ့ရပါသည်။

'နေစမ်းပါ ဘညွန့်ရာ၊ ငါလည်း သူကြီးပါပဲ။ မသိဘဲ နေပါ့မလား၊ ငါက မင်းထက် ပိုပူသေးတယ်။ ပူဆိုကွာ ရှင်မောဂ္ဂလာန် ငရဲမီးလိုက်သထက်ကို ပိုပူသေးတယ်'

## အရက်ကင်းသော နေရာ

လူတောရွာသည် တစ်ချိန်က အသောက်အစား အတော်များခဲ့သည်ဆိုပါသည်။ များသည့်အလျောက် အရက်ဖိုများလည်း ရွာထဲမှာ ရှိနေသည်။ ထိုသတင်းကို အထက်အာဏာပိုင်တို့ကလည်း သိထားနှင့်ကြသည်။

တစ်နေ့တွင် အရေးပိုင်၊ ရာဇဝတ်ဝန်နှင့် နယ်ပိုင်တို့လည်း နယ်မြေစစ်ဆေးရေးအတွက် ခရီးထွက်ခဲ့ကြသည်။ လူတောရွာသို့လည်း ရောက်လာကြသည်။ ၎င်းတို့ကို ဦးကံညွန့်ကပင် အကျွေးအမွေးများဖြင့် ဧည့်ခံလေသည်။ စားသောက်ပြီးကြသောအခါ နယ်မြေ အခြေအနေကို စစ်ဆေးကြပါသည်။ အရေးပိုင် ကိုယ်တိုင်ကပင် ဤသို့ ထုတ်ဖော်မေးမြန်းလေတော့သည်။

'ဘယ့်နှယ့်လဲ ဦးကံညွန့်၊ သူကြီးရွာမှာ အရက်ချက်ကြတယ်၊ အသောက်အစား၊ အမူးအရူး ပေါလှတယ်လို့ သတင်းပြေးနေတယ်။ တကယ်ပဲ အရက်ဖိုတွေ ရှိနေသလား'

'အရက်ဖိုကတော့ မေးမနေပါနဲ့တော့ အရေးပိုင်မင်း၊ အရက်ဖို မရှိတဲ့နေရာဆိုလို့ ချမ်းသာကြီးဘုရားနဲ့ ဘိုးတော်ကြီးစင် (နတ်စင်) ပဲ လွတ်ပါလိမ့်မယ်။





အဲ...ဒါတောင် ဘိုးတော်ကြီးစင်ကတော့ လွတ်ချင်မှ လွတ်ပါ့မယ်။ ဒေါ်လီမန် နတ်တင်ထားတဲ့ အရက်ပုလင်း ရှိကောင်း ရှိနိုင်ပါတယ်' ဟူ၍ ဦးကံညွန့်က ခပ်တည်တည်ဖြင့် ဖြေလိုက်လေသည်။ လူတောသားဝသီကို သိထားသူအချို့က ပြုံးနေကြသော်လည်း အရေးပိုင်မှာမူ မျက်နှာအိုသွားသည် ဆိုပါသည်။

အရေးပိုင်တို့ ပြန်သွားကြ၍ များမကြာမီမှာပင် သူကြီးဦးကံညွန့်ခမျာ သူကြီးရာထူးမှ ပြုတ်ပါလေတော့သည်။ ဦးကံညွန့် သူကြီးရာထူးမှ ပြုတ်ရခြင်းမှာ အရေးပိုင်ကို ဤသို့ မချေမငံ ပြောလိုက်ခြင်းကြောင့် ဖြစ်သည်ဟု ယူဆပြောဆိုနေကြဆဲ ဖြစ်ပါသည်။

## လူတောသားနှင့် အထာစား

တခြားရွာသားတစ်ဦးသည် ဧည့်သည်အဖြစ်ဖြင့် လူတောရွာသို့ ရောက်နေခိုက် လူတောသားတချို့ ဖဲကစားနေကြောင်း ကြားသိလိုက်ရသဖြင့် –

'ခင်ဗျားတို့ လူတောသားတွေကတော့ စကားလည်း ထူးပါပေရဲ့၊ အကစားလည်း ကျူးပါပေရဲ့' ဟု ရင့်ကျူးလိုက်မိသည်။ ထိုအခါ အိမ်ရှင် လူတောသားက ဤသို့ ပြန်ပြောလိုက်သည် ဆိုပါသည်။

'ဟုတ်ကဲ့၊ ကျုပ်တို့လူတောသား အကစား ကျူးလိုက်ပုံကတော့ ပြောလောက် ပါပေတယ်။ လူတောသားက ဖဲကစားမိပြီဆိုရင် ဖင်တစ်ဖက် ခြတက်တာတောင် ကုပ်ရမှန်း မသိဘူး။ ကစားဝိုင်းပြီးလို့ ထလာတဲ့အခါ မူလအခေါင်းနဲ့ ခြခေါင်း ခွဲလို့ မရလို့ အိမ်သာပေါ်တက် စစ်ဆေးယူရတယ်တဲ့ ဗျာ'

## တုန်းဆပ်က ငါးမြေ့မ

ခက်ခေါင်းအေးဖုံးနှင့် ရေ့ဘီးဖုံးများ ဖြုတ်ထားသော ကားတစ်စီးသည် လူတောကားဆိပ်သို့ ဝင်ရပ်လာစဉ် လူတောသားက ဤသို့ ချီးမွမ်းလိုက်သည်။

'အားလိုလေးဟဲ့၊ ကားကြည့်ရတာ ငါးပြေမ ပါးဟက် ဖွဲ့ထားတဲ့အတိုင်း ပါပဲလား'

## ဟို မရောက်ခင် မှိုပေါက်ချင်

ဝက်လက်ထွက်မည့် ကားပေါ်တွင် ခရီးသည်များ ပြည့်ကြပ်လျက်ရှိသည်။ ထိုင်စောင့် နေရသည်မှာလည်း တမေ့တမောကြီး ဖြစ်၍ နေချေပြီ။ သို့သော် ကားက ထွက်ပုံ မပေါ်သေး။ ထို့ကြောင့် အဘိုးကြီးတစ်ဦးက –

'ဟေ့ ကားသမားတွေ၊ မင်းတို့ကားက ခုထိ မထွက်သေးဘူးလား။ လူတွေကို ကားပေါ် ပစ်ထားလိုက်တာ ကောက်ရိုးဆိုရင် မှိုပေါက်လောက်ပြီ၊ ထမင်း မဟုတ်ဘူး၊ ကောက်ညှင်းကျည်တောက်တောင် သိုးမယ့်ကားပဲ'ဟု ညည်းတွားပြီး–

'မဖြစ်သေးပါဘူး၊ ဒီက မထွက်နိုင်၊ ဟိုက အပြန်ကားကို မမီလိုက်နဲ့၊ ဝက်လက်မှာ အိမ်ထောင်ကျနေရင် ခက်မယ်'ဟု မြည်တွန်ရင်း ဆင်းသွားလေသည်။

## ဒီမွှးမှ တီမကျူးရ

မွှးခေါ် ရေပေးမြောင်းများ ကောသွားပုံနှင့် ပတ်သက်၍လည်း လှတောသားက ဤသို့ သရုပ်ဖော်လိုက်သည် ဆိုပါသည်။

'မွှးတွေ ကောလိုက်ပုံတော့ မပြောပါနဲ့တော့။ တီနှစ်ကောင်တောင် ရှောင်လို့ မလွတ်တော့ဘူး'

**(မွှး၏ ပမာဏမှာ အကျယ်ပေ (၂၀)၊ အစောက် (၅) ပေ ရှိသည်။)**

## အာဟာရနှင့် ဝိရဝ

လှတောရွာသားတစ်ဦးသည် အလှူပွဲတစ်ပွဲသို့ သွားရောက် စားသောက်ခဲ့ရသည်။ ယင်းအလှူပွဲတွင် ဒန်ပေါက်ထမင်း ကြက်သားဟင်းနှင့် ကျွေးမွေးသည်။ ကြက်မှာမူ





ရင့်လှသဖြင့် မနူးနပ်ဘဲ အရွတ်ဆွဲနေလေသည်။ ထို့ကြောင့် လှတောသားသည် သဘောမတွေ့ ဖြစ်ခဲ့ရသည်။

အိမ်ပြန်ရောက်သဖြင့် အကျွေးအမွေး အစားအသောက်များနှင့် ပတ်သက်၍ မေးကြ မြန်းကြသောအခါ အဆိုပါ လှတောသားက ဤသို့ ဖြေလိုက်ပါသည်။

'ကျွေးတဲ့ ဒန်ပေါက်ထမင်းကတော့ ကောင်းပါရဲ့။ ဟင်းခွက်ထဲက ကြက်သားကတော့ ငါ့ထက် အသက်ကြီးနေလို့ မစားမီ ဟင်းခွက်ကို ထိုင်ကန်တော့ခဲ့ရသေးတယ်'

## ဝ၍ မနိုင်

လှတောရွာသူ အဖွားဒေါ်လီမန်သည် အတော်ပင် ဝ သည်ဟု ပြောကြပါသည်။ ယင်းသို့ ဝ ကြောင်းကို လှတောသားတစ်ယောက်က ဤသို့ ပြောဆိုထားဖူးသည် ဟူ၏။

'ဒေါ်လီမန်ကို ငါ့လှည်းပေါ် တင်သွားရတုန်းက တော်တော် စိတ်ကုန်သွားတယ်ကွာ။ သူ လှည်းပေါ် တက်ထိုင်ပြီးကတည်းက သူ့ အထုပ်ကလေးတောင် ချာရာနေရာ မရှိတော့ဘူး။ ငါတောင် ထမ်းပိုးတုံးပေါ် ခွလိုက်ရတယ်'

## ခွက်၍ ရေမဝင်

အမျိုးသမီးတစ်ဦး၏ မျက်နှာသည် အရုပ်ဆိုး အကျည်းတန်လောက်အောင်ပင် ခွက်နေသည် ဆိုပါသည်။ ပိုပိုမိုမိုကလေးမှ မပြောရရင် ခံတွင်းမတွေ့သော လှတောသားတို့က သရုပ်ဖော် ချီးကျူးလိုက်သောအခါတွင်မူ ဤသို့ ဖြစ်လာသည် ဟူ၏။

'ဒီအမျိုးသမီးမျက်နှာ ခွက်လိုက်ပုံကတော့ ရေငုပ်ပြီး ပေါ်လာတာတောင် မျက်လုံး ရေစိုချိန် မရလိုက်ဘူး'

## ကျွယ်ကြစို့လား

စဉ့်ပါရွာသားတစ်ယောက်နှင့် လှတောရွာသားတစ်ယောက်တို့ စကား လက်ဆုံကျရာမှ ဓာတ်စက်အကြောင်း ရောက်သောအခါ ဤသို့ အကျွယ်ပြိုင်ကြသည် ဆိုပါသည်။

'ကျုပ်တို့ ဓာတ်စက်က သစ်လည်း အသစ်ဆိုတော့ အသံကျယ်ရာ အော်ရာမှာ ခင်ဗျားတို့ဓာတ်စက်တွေ တုနိုင်မှာ မဟုတ်ပါဘူး'

'ဆိုစမ်းပါဦး၊ ဘယ်လောက်များ အော်နိုင်လို့လဲ'

'အော်နိုင်ဆိုဗျာ၊ ကျုပ်တို့ စဉ့်ပါရွာက ဖွင့်တာ လေညာမှာ ရှိတဲ့ ရွှေဘိုက အသာလေး ကြားရတယ်။ ဒီလောက် အော်နိုင်တာဗျ'

'ဒါဆိုရင် ခင်ဗျားတို့စက် အော်တာ အသေးအမွှားလေးပဲဗျ။ ကျုပ်တို့ လှတောရွာက ဖွင့်တဲ့စက်ကမှ တကယ်အော်တာ။ မြန်မာပြည်က ဖွင့်နေတဲ့ဥစ္စာ၊ တရုတ်ပြည်က နားထိုင်းတွေ တစ်ညလုံး မအိပ်နိုင်ကြဘူးတဲ့ဗျ'

## မြင့်လိုက်ပုံ

လူတစ်ယောက်ယောက် အရပ်မြင့်လျှင် သော်လည်းကောင်း၊ တစ်စုံ တစ်ခုခု မြင့်လျှင် သော်လည်းကောင်း လှတောသားတို့က–

'မြင့်မားလိုက်ပုံကတော့ မြင်းမိုရ်တောင်ထိပ်ဖျား ဝါးလုံးစိုက်ထားတာက နိမ့်ကောင်း နိမ့်နေဦးမယ်' ဟု သုံးနှုန်းတတ်ကြသည်။

## ငှါ့ဘက်က သေချာသူ

လူပျို ကာလသားလေးများက မိန်းမပျိုကလေးများကို တစ်ဖက်သတ်ကြိုက်၊ တစ်ဖက်သတ် ပိုးနေပါလျက် ထိုကာလသားကပင် မိမိအား မိန်းမပျိုကလေးကလည်း ပြန်လည် ချစ်ကြိုက်လေဟန် ပြုမူပြောဆိုလေလျှင်–





'အလကားပါကွာ၊ ကြံရည်စက်ကြီး ဘီးတစ်ဖက်နဲ့ လည်နေတာပါ' ဟု နိမ့်ချ သုံးနှုန်းကြသည်။

## ဖြူလိုက်ပြန်တော့

အသားဖြူသော သူများကိုလည်း လှတောသားတို့က–

'အလိုလေး၊ အသားနှယ် ဖြူလိုက်ပုံများ ပြည်ကြီးက တရုတ်မပေါင် ရေသင်း စွတ်ထားတဲ့အတိုင်းပဲ' ဟု သိဒ္ဓိတင် ချီးမြှောက်တတ်ကြသည်။

## ခေါင်းအတွင်းက ဆံချည်ထွေး

လှတောရွာတွင် တစ်စုံတစ်ယောက်က တာဝန်ဝတ္တရားပေါ့ များရုံမက စဉ်းစား ဆုံးဖြတ်ရမည့် ကိစ္စ ထွေလာနေသဖြင့် ခေါင်းရှုပ် စိတ်များနေလျှင်–

'ခေါင်းရှုပ်လွန်းလို့ကွာ၊ ဦးနှောက်ထဲ ဆံချည်ထွေး အခဲလိုက် ညပ်နေတဲ့ အတိုင်းပါပဲ' ဟု သုံးနှုန်းကြသည်။

## မကောင်းရင် မတိုင်

တစ်ရပ်တစ်ရွာက နွားဝယ်များသည် လှတောရွာမှ နွားတစ်ကောင်ကို ဆိုင်ကြသည်။ အရောင်းအဝယ်ဖြစ်ရန် ဈေးစကား ကြေးစကား ပြောကြသည်။ နွားဝယ်တို့၏ အလေ့အထအတိုင်း နွားကို အမျိုးမျိုး ကြည့်ကြသည်။ နွားရုပ် နွားရေ၊ အသွေးအမွေး၊ အပြစ်အနာ၊ ကြန်အင်လက္ခဏာ စုံအောင် အကဲခတ်ကြသည်။ လူးလားခေါက်တုံ့ မောင်းနှင်ကြည့်ကြသည်။

နွားရှင် လှတောသားကမူ နွားကို ပွတ်သပ်ကြည့်သောအခါတွင် လည်းကောင်း၊ မောင်းနှင်ကြည့်သောအခါတွင် လည်းကောင်း–

'ခင်ဗျားတို့ စိတ်သာချ။ ကျုပ်က နွားမကောင်းရင် အိမ်မှာ ထားတာ

မဟုတ်ဘူး'ဟုသာ တွင်တွင်ပြောကာ အားမခံနေသည်။ ဤသို့ဖြင့် အရောင်းအဝ
တည့်သွားကြသည်။

ဝယ်သွား၍ လ အတန်ကြာသောအခါ နွားဝယ်သူသည် လှတောသာ
ဝင်လာသည်။ မိမိ ဝယ်သွားသောနွား ထုံကြောင်း ထိုင်းကြောင်း၊ နွားသ
မှားကြောင်း ပြောရင်း နွားရှင်အား အပြစ်ဆိုပါလေတော့သည်။ ဤအခါ နွား
လှတောသားက–

'ကျုပ်အကြိမ်ကြိမ် ပြောတယ် မဟုတ်လား၊ ကျုပ်က နွားမကောင်း
အိမ်မှာ မထားပါဘူးလို့'ဟု ပြောပြလိုက်ရာ ဤတွင်မှ နွားဝယ်သူလည်း သဘော
ပေါက် လက်မြှောက်သွားရသော ဟူ၏။

## ဗတ်တည့်သော လှတောသား

လှတောသား ဗတ်တည့်ပုံနှင့် ပတ်သက်၍ ဤသို့ ပြောပြသည် ဟူ၏။

'လှတောသား ဗတ်တည့်တာကို အထူး မေးနေရသေးသလားကွာ။ သံ
လေးအတတ်ကို လှတောသားထံက သင်ယူသွားတာပေပဲ'

(ဗတ် = လောက်စာထည့်၍ ပစ်ရသော လေးခွ။ ဗတ်ခွ ဟုလည်း ခေါ်ကြသည်

## ဆုံးမှာပေါ့

တစ်ချိန်က လှတော စသော ရွာများတွင် သူခိုးသူဝှက်၊ ဓားပြတို့ သေားရန်မှာ
စိတ်မချရ ရှိသည်။ ညမှုညတာ စိတ်မချရတတ်သဖြင့် ရှိပစ္စည်း အဖိုးတ
ကလေးများကို ညစဉ်ညတိုင်း ထုပ်ပိုး သိုဝှက်ကြရသည်ဟု ဆိုပါသည်။

လှတောရွာက မိန်းကလေးတစ်ဦးသည် လူငယ်တို့ဘာဝ ငိတ်
ရသလောက် ကြံဖန် သိမ်းဆည်းလေသည်။ ဓားပြ လာတိုက်လျှင်လည်း ရှာမ
နိုင်အောင်၊ သူခိုး လာခိုးလျှင်လည်း ပစ္စည်းဟား မသိနိုင်အောင် ရွှေတိ
ကလေးများကို အထုပ်ငယ်ပြုကာ သိမ်းဆည်းထားလိုက်သည်။ သို့





ကလေးအဖို့ အကုသိုလ် ဝင်လေသလားမသိ၊ ကြံကြံဖန်ဖန် သိမ်းဆည်းထား
မှ ပစ္စည်းထုပ်လေး ပျောက်ခြင်းမလှ ပျောက်သွားပါတော့သည်။ ရှာဖွေမရ
ည့် အဆုံးတွင် ဖခင်အား ဖွင့်ဟ တိုင်ကြားရလေသည်။

'ငါ့သမီးက ဘယ်မှာ သိမ်းဆည်းလို့ ပျောက်ရတာလဲကွယ့်'

'လူတွေ မတွေ့နိုင်အောင် အထုပ်ကလေးကို ဒူးတစ်ဖက်မယ် ချည်ထား
ပါ အဖေရဲ့'

'အလိုလေးဟဲ့ သမီးရယ်၊ ညည်းဟာက တပ်လမ်း သွားထားတာကိုး
ယ်' ဟု ပြောလိုက်လေသတည်း။

## ရထားတန်းပြိုင်ပွဲ

တောရွာသည် စစ်ကိုင်း–ရွှေဘို ကားလမ်းမကြီးပေါ်တွင် ရှိပါသည်။ အထူး
ဖြင့် ရန်အောင်–မန်း အသင်းဝင် ကားများသည် ယင်းကားလမ်းမကြီး၏
က် ဖြစ်ပါသည်။ နေထွက်မှ နေဝင် ပြတ်လှသည်ကို မရှိအောင် ပြေးဆွဲ
မောင်းနေကြပါသည်။ လှတောရွာသည်လည်း ယင်းကားများကို အားကိုး
ထား ပြုနေကြရပါသည်။

တစ်နေ့တွင် ကားလမ်းဘက်သို့ အရောက်အပေါက်နည်းသူ အနောက်
သားတစ်ယောက်သည် လှတောကားဆိပ်မှ ကားစီးရန် လှတောရွာဆီသို့
နေသည်။ ရွှေကျင်ဆန်စက် မရောက်မီ လမ်းတွင် လှတောသားတစ်ဦးနှင့်
သဖြင့် ရွှေဘိုဘက်သွားမည့် ကားတွေ ရှိပါသလား၊ အတော်ကြာအောင်
ရတတ်ပါသလားဟု မေးရှာသည်။ လှတောသားက ဤသို့ ဖြေလိုက်သည်
သည်။

'အလိုလေးဗျာ၊ ရွှေဘိုသွားတဲ့ကား ရှိသလားလို့ မေးနေရသေးတယ်။
ကားလမ်းပေါ်မှာ ကားတွေ ပြေးလွှားနေလိုက်ကြတာ မသိုးသက်န်းရက်
က လွန်းတွေလား အောက်မေ့ရပါလိမ့်မယ်'

## အော်နိုင်လျှင် အော်ပေဦးရော့

တစ်ခါကလည်း အလှူပွဲတစ်ခုတွင် ခေတ်စက် ငှားထည့်ထားသည် ဆိုပါသည်။ တစ်ယောက်ကလာ 'ဟိုခေတ်ပြား နားထောင်ပါရစေ'။ နောက်တစ်ယောက် လာ 'ဘယ်ဟာလေး ဖွင့်ပါဦး' နှင့် စက်သမားမှာ ရောက်ပေါ့ ဆိုကတည်းက အား နားရသည် မရှိတော့ဘဲ ဖြစ်နေသည်။ ထို့ကြောင့် ဖြစ်လိုရာ ဖြစ်စေတော့ဟု ဆုံးဖြတ်ကာ စက်ကိုပိတ် တိတ်တိတ်ကလေး ထွက်လာခဲ့သည်။ လမ်းဘက် ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ကာ အနားယူနေရင်း အနီးအနားရှိ လှတောသားမျ အား –

'ခင်ဗျားတို့ရွာက တယ်လည်း ကဲတာပဲဗျာ၊ ဖွင့်လိုက်ရတဲ့ စက်ဆိုတာမျ နားကို မနားခဲ့ရဘူး။ စက်တွေလည်း မီးအုံးထားတဲ့အတိုင်း ပူနေတော့တာပါပဲ'ဟု ညည်းတွားပြလိုက်မိသည်။ ထိုအခါ အနီးရှိ လှတောသားတစ်ဦးက ဤသို ဖြေဆေးပေးလိုက်သည် ဟူ၏။

'ခင်ဗျားဟာ အလွန်ကံကောင်းသေးတာပဲ။ အရင်တစ်ပတ်က စက်သမ ဆိုရင် ဖွင့်ရလွန်းလို့ ခေတ်ပြားတွေမှာ ပါသမျှ အားလုံး ကုလားပဲခွေ (စာလေးခွေ ချည်း ဖြစ်ကုန်တာပဲ။ အပ်တွေဆိုရင်လည်း တုံးကုန်လိုက်တာ ငရုတ်ကျည်ပွေ ထိပ် ဖြစ်ကုန်တာပဲ။ တချို့အပ်တွေများ တိုကုန်လို့ မီးခြစ်ကျောက်လောက် ကျန်တော့တယ်။ ကြာတော့ စက်ကြီးလည်း အော်ရလွန်းလို့ တဂွိဂွိနဲ့ ရှုံ လာတော့တာပါပဲ'

## ကောင်းလိုက်တဲ့ ခေတ်ပြား

တခြားရွာသားတို့က မိမိတို့ရွာတွင် တစ်နေ့က ဖွင့်သွားသော ခေတ်စက်မှ အလွန်ကောင်းကြောင်း၊ ပီသကြည်လင်ရုံသာမက အသံလည်း အလွန်မြည် ကြောင်း စတင် စကားဆိုကြသည်။ ဤတွင် တခြားရွာသားတစ်ဦးကပင်–

'ကောင်းဆိုဗျာ၊ အပ်ရိုပ်ပြလိုက်တာနဲ့ အသံက ထွက်လာတော့တာပဲ'ဟ





ပိုပိုသာသာလေး ပြောလိုက်မိသည်။ အခွင့်အခါကား လှတောသားအတွက် ဖြစ်ပေပြီ။ မည်သို့ ပြောလိုက်မည်ကိုသာ နားစွင့်နေရုံ ရှိတော့သည်။ လာပါပြီ။

'ခုတလော ခေတ်စက်တွေ နာလန်ထလာကြသလား မပြောတတ်ဘူး။ ခေတ်စက်ကောင်းတွေ တယ်ပေါလာတယ်။ လွန်ခဲ့တဲ့ ဆယ်ရက်လောက်ကပဲ ကျုပ်တို့ရွာလည်း စက်တစ်လုံး လာဖွင့်သွားတယ်။ ကောင်းလိုက်တာ လွန်ပါရော ဗျာ။ ဖွင့်နေရင်းပဲ ခေတ်ပြားတစ်ချပ် အက်သွားသတဲ့။ စက်ပိုင်ရှင်ကလည်း မာနကြီးသလား မပြောတတ်ပါဘူး၊ အပဲ့အနာပါရင် မကိုင်တတ်ဘူး ဆိုတဲ့ပြီး ခေတ်ပြားကို လွှင့်ပစ်လိုက်ရာမှာ အစိတ်ကလေးတစ်စိတ်က နွားချေးချတဲ့ လှည်းပေါ် ပါသွားပါရော။ လှည်းသမားကလည်း မသိရှာဘူးတဲ့။ လယ်ကွက်ထဲ နွားချေးတွေ ချလိုက်တော့မှ ခေတ်ပြားစိတ်ကလေးက ခံချုံပေါ်တင်၊ ခံဆူးနဲ့ ခြစ်မိပြီး "ဘို့မယ်... ဘို့မယ်။ ဘို့မယ်...ဘို့မယ်"နဲ့ အော်နေလို့ ပြန်ကောက် ယူလာခဲ့ရသတဲ့ဗျာ'

လှတောသားဆို ကြွားတတ်မှန်း သိထားသူများ ဖြစ်ပါလျက် ယခုကဲ့သို့ ကြံကြံဖန်ဖန် ပြောတတ်သည်ကို ကြားရသောအခါ နားထောင်သူတို့မှာ မရယ်ဘဲ မနေနိုင်အောင် ရှိတော့သည် ဟူ၏။

**(ဘို့မယ် ဘို့မယ် ဟု အော်သည်ဆိုခြင်းမှာ ဆင်ကဲဘို့မယ် ဇာတ်ထုပ်မှ ခေတ်ပြားကွဲ ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။)**

## သည့်ခြင်က တစ်မျိုး

အောက်ပြည်အောက်ရပ်သို့ ရောက်ခဲ့ဖူးသူတစ်ဦးက ဤသို့ ပြန်ပြောသည် ဟူ၏။

'နေဝင်မယ်မှ မကြံသေးဘူး၊ လာလိုက်တဲ့ ခြင်တပ်တွေဆိုတာ လူကို သဲနဲ့ ဆုပ်ပက်နေ မှတ်ရတယ်။ ကြီးလိုက်တဲ့ ခြင်တွေဆိုရင်လည်း ကေသနီမိဖုရား ချီသွားတဲ့ ငှက်ဆင်လောက် ရှိပေတာပဲ။ ခြင်ထောင်နဲ့ အိပ်ပေမယ်လို့ ခြင်ကောင်က ခြင်ထောင်ကို မ မ ဝင်လာသကိုးကွ။ ခဏ မှေးခနဲ ပျော်လိုက်မယ် မကြံနဲ့၊ ပျော်

လိုက်တာနဲ့ တစ်ပြိုင်နက် ခွေးသေကောင် လင်းတ ဝိုင်းဆွဲသလို လူကို ခုတင်အောက် ဆွဲဆွဲချလို့ ကိုယ့်ကိုယ်ကို ပြန်ကောက်ကောက်တင်ရတာ အမောပါပဲ'

## အားမတန်၍

လှတောရွာသားတစ်ဦးသည် မင်းကွန်းဘက်သို့ ရောက်စဉ် မင်းကွန်း ခေါင်းလောင်းကြီးကို ထိုးဖူးသည်ရှိအောင် ထိုးစမ်းကြည့်ခဲ့သည် ဆိုပါသည်။ ဤမျှ ကြီးမားသော ခေါင်းလောင်းကြီးကို အားစိုက်ထိုးရုံမျှဖြင့် မြည်မည်မဟုတ်။ အားကုန်စိုက်ထုတ်ထိုးနက်မှ တော်ကာကျမည်ဟု အောက်မေ့ စဉ်းစားမိသည့်အလျောက် ထိုးတံကို အားပါးတရ ဆုပ်ကိုင်လျက် မိမိကိုယ်ကို အစွမ်းကုန်လွှဲကာ ထိုးနှက်လိုက်ရာ လူတစ်ကိုယ်လုံး ချာလပတ်လည် လွင့်စင်သွားလေသည်။

ထိုသူသည် လှတောရွာသို့ ပြန်ရောက်လျှင် ဤသို့ ပြန်ပြောပြသည် ဆိုပါသည်။

'ငါတော့ကွာ၊ ခေါင်းလောင်းကြီး မြည်ဟီးလာအောင် ဟဲ့ ဆိုပြီး တအားကုန် လွှဲထိုးလိုက်ပါတယ်၊ အလိုလေးကွာ... ကြေးဖလားခွက် ဆန့်စေ့နဲ့ ပက်သလို လူ့ကို တစ်လံလောက်အဝေး ကားယားလေး လွင့်စင်ကျသွားတာပါပဲ မောင်ရာ'

## တူမ်းထွတ် လူမိုက်

တခြားရွာသားတစ်ယောက် လှတောရွာသားများနှင့် တွေ့သောအခါ ဤသို့ မေးမြန်းလေသည်။

'ခင်ဗျားတို့ ရွာသားတွေကတော့ဗျာ၊ အရက်သောက်လား သောက်ရဲ့၊ ဖဲရိုက်လား ရိုက်ရဲ့၊ ရန်ဖြစ်လား ဖြစ်ရဲ့၊ တော်တော်မိုက်တဲ့ ရွာသားတွေနဲ့ တူပါတယ်'

လှတောသားက ဤသို့ ပြန်ပြောလိုက်လေသည်။

'ရှင်သာရိပုတ္တရာကို ရိုက်နှက်သတ်ပုတ်ကြတဲ့ ခိုးသားငါးရာ ဘယ်မှာ တောခိုသွားကြတယ် အောက်မေ့သလဲ။ ခေါင်တောမှာ–တစ်ရာ၊ သခွတ်တောမှာ–





တစ်ရာ၊ ယင်းတောမှာ–တစ်ရာ၊ ညောင်ပင်ကြီးတောမှာ–တစ်ရာ။ နောက်ဆုံးသုံးလုပ်တဲ့ လူတစ်ရာကတော့ လှတော ရောက်လာကြတာပဲဗျ။ မမိုက်ဘဲ နေပါ့ရိုးလား'

## အလှူပွဲက ဒယ်အိုး

တစ်ခါက ရွှေကျင်ရွာတွင် သားရှင်ပြု အလှူပွဲတစ်ခု ကျင်းပသည်။ ဆွေမျိုးသားချင်းဖြစ်သည့် လှတောရွာသားများကိုလည်း ဖိတ်ကြားထားသဖြင့် လာရောက်ကူညီ လုပ်ကိုင်စားသောက်ကြသည်။ လှတောသားတို့ အလှူပွဲကအပြန် ရွှေကျင်ရွာထွက် ရောက်သောအခါ ရွှေကျင်ရွာသားများက 'ဘယ့်နှယ့်လဲ၊ ကျုပ်တို့ရွာအလှူကို ဘယ်လို သဘောရသလဲ' ဟု ရင်းနှီးသည့် အမူအရာမျိုးဖြင့် ဝေဖန်မှုကို ဖိတ်ခေါ်လိုက်ကြသည်။

အလှူပွဲအပေါ် အကျေနပ်ကြီး ကျေနပ်လာသော လှတောသားတစ်ဦးက–

'အလှူပွဲကတော့ နတ်ရွာတံခါး ဖွင့်တဲ့ ပွဲကြီးတစ်ပွဲပါပဲဗျာ။ ကျွေးလိုက်မွေးလိုက်တာကလည်း မုံးပေါလအောပါပဲ။ ချက်တဲ့ ပြုတ်တဲ့ မိုးပြဒယ်ကြီးတွေဆိုရင်လည်း များလိုက်ပုံများဗျာ၊ ကျွဲအုပ်ကြီး အိပ်နေမှတ်ရပါတယ်' ဟူ၍ ကောင်းချီးသြဘာ ပေးလိုက်သည်။ အလှူပွဲအပေါ် ကျေနပ်မှု ရခဲ့ဟန်မတူသော လှတောသားတစ်ယောက်ကမူ–

'မိုးပြဒယ်ကြီးတွေကတော့ တမျှော်တခေါ်ကြီးပါပဲဗျာ။ ဒယ်ကြီးတွေကို မြင်ရတော့ ငရဲသားကို ဓောင့်မျှော်နေတဲ့ ယမမင်းရဲ့ အဝီစိက ဒယ်အိုးကြီးတွေကို မြင်ယောင်မိလိုက်တယ်' ဟူ၍ ဝေဖန်လိုက်လေသည်။

## ငါ ထပ်ချပြန်ရောမယ်

အလှူပွဲတစ်ခုတွင် ဦးဇင်းဝင့် အမည်ရှိ တောထွက်ပုဂ္ဂိုလ်ကြီးသည် ရေစက်ချဘာဝန်ကျလေသည်။ အကယ် ရေစက်ချသောအခါ ရေစက်သည် အဆုံးမသတ်

နိုင်ဘဲ တဝဲလယ်လယ် ဖြစ်နေသည်။ ဒကာ ဒကာမ အတော်များများကပင် ဦးဇင်းကြီး ရေစက်လည်နေကြောင်း သိရှိလာကြသည်။ အခြေအနေ သိပ် မဟန်သည်ကို ရိပ်မိသော ရေထွက်ရွာသား ဦးလူကျော်က မိမိဘာသာ သင့်လျော်ရာရာ ရွတ်ဖတ်ကာ အမျှဝေလိုက်သဖြင့် အဆုံးသတ်သွားလေသည်။

ဦးဇင်းဝင့်လည်း မျက်နှာမထားတတ်တော့သဖြင့် သာဓုသံ ဆုံးလျှင် ဆုံးချင်း ကပျာကယာ ကြွတော်မူလေသည်။ သို့သော် စိတ်ထဲ၌ မကျေမချမ်း ဖြစ်နေသည်။ အပိုင်ကျက်ထားသော ရေစက်စာ ဖြစ်ပါလျက် လူထဲသူထဲကျမှ မေ့နေရသည်ကို လွန်စွာ ခံပြင်းနေလေသည်။ တစ်လမ်းလုံး မိမိ ရေစက်စာကို စဉ်းစားနေမိသည်။ ကျောင်းတံခါးဝ ခြေချမိခါမှ မေ့နေသော ဝိသာခါ ကျောင်းအမကြီး၏ အမည်ကို သတိရလေသည်။ မိမိနောက်တွင် ကပ်ပါလာသော ကပ္ပိယအား ဦးဇင်းကြီးက ဤသို့ ပြောလိုက်သည် ဟူ၏။

'တောက်၊ မေ့နေလိုက်တာကွာ။ သောက်ကောင်မကြီး ငါ ထပ်ချပြန်ရော မယ်၊ တကတည်းမှ လူကျော် ကယ်ပေလို့ ပြေးပေါက်ရတော့တယ်'

နောက်က ကပ္ပိယမှာ တိတ်တခိုး ရယ်မိသည် ဟူ၏။

## ကောင်းရန်ကော

ယဉ်ကျေးမှု ကဇာတ်အဖွဲ့ ရွှေဘိုမြို့သို့ လာရောက်ကပြစဉ်က ဖြစ်သည်။ လှတောရွာက အဘွားကြီးတစ်ဦးသည် ယင်း ကဇာတ်ကို မကြည့်ဖူးသဖြင့် ကြည့်ချင်နေသည်။ အဆင်သင့်ပင် မိမိအသိ အရာရှိတစ်ဦးက ခေါ်သဖြင့် လိုက်ပါ ကြည့်ရှုခဲ့ရသည်။ အဘွားကြီးသည် ယင်းဇာတ်၏ အကများကို အလွန်အမင်း သဘောကျ စွဲမက်ခဲ့လေသည်။ ရွာပြန်ရောက်၍ မေးမြန်းလာလျှင်လည်း အားပါးတရ ချီးမွမ်း လေတော့သည်။

'အဘွား ကဇာတ်အဖွဲ့ကို ကြိုက်ကော ကြိုက်ခဲ့ရဲ့လား'

'ကြိုက်ပါသော်ကောကွယ်၊ ငါ့လင်ထက်တောင် ကြိုက်လိုက်ချင်သေး တယ်'





'အကတွေက ကောင်းရော ကောင်းလို့လား အဘွားရဲ့'

'အလိုလေး လေး လေး၊ ကောင်းပုံတော့ မပြောပါနဲ့တော့၊ ယဉ်ကျေးမှု အဖွဲ့ကဆိုတော့ ယဉ်လည်းယဉ်၊ ညက်လည်းညက်၊ မင်းသမီးလေးတွေ ယဉ်ယဉ် ကလေး၊ နုနုညက်ညက်ကလေး က တာများကွယ် အောက်က မုန့်လေမွှေ ခံထား ရင်တောင် ကြေမှာ မဟုတ်ဖူးဟဲ့'

## လူသာအို သွားမအိုသေး

လှတောရွာက ရဟန်းဒါယကာ ဦးဘိုးဆယ်သည် အသက် ၈၀ ကျော်ပေပြီ။ သို့ရာတွင် ကျန်းမာသန်စွမ်းဆဲရှိသဖြင့် ခိမိဦးပဥ္စင်းရှိရာ ရွှေကျင်တောင်ကျောင်း (ကျောင်းသစ်) သို့ မကြာမကြာ ရောက်၍ လာတတ်သည်။

တစ်နေ့တွင်လည်း ဦးဘိုးဆယ် ကျောင်းသို့ ရောက်လာသဖြင့် အရှင်ဇနိတ ကိုယ်တော်က မိမိအနီးတွင်ရှိသော ကွမ်းအစ်ကို ဦးဘိုးဆယ်ထံသို့ တွန်းပို့ပေး လိုက်ရင်း–

'ကဲ ဒကာကြီး၊ ကွမ်းလေးဘာလေး စားလိုက်ဦး။ ကွမ်းသီးကတော့ တော်တော်မာတယ်။ ဒကာကြီး ဝါးမှ ဝါးနိုင်ပါ့မလား မသိဘူး'ဟု အမိန့်ရှိတော် မူသည်။ ဦးဘိုးဆယ်က ကွမ်းအစ်ကို ဆွဲယူရင်း–

'ဘုရားတပည့်တော်က အသက်ကြီးပေမယ့် ကွမ်းသီးလောက်နဲ့ တင်းမတိမ်နိုင် ဘူး ဘုရား။ ကျိုက်ထီးရိုးကျောက်တုံးကို ဝါးချင်နေတာ ဘုရား' ဟု လျှောက်ထား လိုက်လေသည်။ ဤသို့ အရှင်ဇနိတက ပြောပြလိုက်ပါသည်။

## တောင့်ပြန်တော့လည်း

လှတောရွာသား ကိုလေထွားတစ်ယောက်သည် ဝဖြိုးနေသော မိမိ၏ သားငယ်လေး ကို ပွေ့ချီလျက် တစ်ဖက်အိမ်သို့ မကြာခဏ သွားရောက် ကြွားဝါလေ့ရှိသည်။ ယင်းတစ်ဖက်အိမ်၏ ကလေးငယ်မှာမူ ချုချာသည့်အပြောက် ချိနဲ့ ကြုလှီနေ

ရှာသည်။ ဤသည်ကိုပင် လေထွားသည် အားမနာတမ်း ကလေးချင်း ပြိုင်လေ့ရှိသည် ဆိုပါသည်။

သို့သော် ကိုလေထွားကို လောကစံတရားက ဆုံးမဖို့ စီရင်လေသလားမသိ၊ ကိုလေထွား၏ ကလေးမှာ ယခင်ကလောက် ဝဖြိုးစိုပြည်ခြင်း မရှိတော့သည့်ပြင် တစ်ဖက်အိမ်ရှင်၏ ကလေးလည်း တသွေးတမွေး ပြောင်းကာ ဝဖြိုးစိုပြည်လာလေသည်။ အကြိမ်ကြိမ် အနိမ်ခံခဲ့ရရှာသော တစ်ဖက်အိမ်ရှင် ယောကျ်ားသည် မိမိသားကို ချီပိုးလျက် လူအများရှေ့မှာပင် ကိုလေထွား ကလေးနှင့် ယှဉ်ပြိုင်နေစေကာ–

'ဘယ့်နှယ့်လဲ ကိုလေထွား၊ ခင်ဗျားသားနဲ့ ကျုပ်သားကတော့ ယှဉ်ကြည့်ရင် လူရယ်စရာ ဖြစ်တော့မှာပဲ' ဟု အသားယူ ချေပလိုက်သည်။ ထို့ပြင် မိမိသားကို လက်ဝါးထက်တွင် မတ်တတ်ရပ်စေလျက် အထက်သို့ မြှောက်ပြလိုက်သေးသည်။ ဤတွင်မှ ကိုလေထွားသည် ခေါင်းပြန်မော်လာပြီး–

'အင်း မင်းသားကတော့ တောင့်လိုက် ဝလိုက်ပုံများတော့ ရှစ်ဆုပ်သစ်ပါးပုတ်ထားတဲ့ အတိုင်း ပါပဲကွာ။ ဒီလောက်တောင့်မှဖြင့် နွားခြံတိုင် လုပ်ရရင် တယ်ကောင်းမှာပဲ'ဟု ထပ်မံ ချီးနှိမ်လိုက်လေသတည်း။

## မျက်နှာထား ဒဏ်ရာ

သမံသာရွာသည် လှတောရွာနှင့် မနီးမဝေးမှာရှိသော ရွာတစ်ရွာ ဖြစ်သည်။ တစ်နေ့တွင် သမံသာရွာသား ကိုဘမောင်ကို ကိုစက်အောင်ဆိုသူက တမာသား ထင်းဖြင့် ရိုက်နှက်သဖြင့် ဒဏ်ရာပြင်းထန်စွာ ရသွားလေသည်။ ရွှေဘိုဆေးရုံသို့ ပို့ကာ အတွင်းလူနာအဖြစ် တင်ထားလိုက်ရသည်။ ကိုဘမောင်ကို ဆေးရုံပို့ရန် သယ်သွားစဉ်က လှတောသားအချို့သည် ကိုဘမောင်၏ ဒဏ်ရာများကို ကိုယ်တိုင် မြင်တွေ့လိုက်ကြရသည် ဆိုပါသည်။

လှတောရွာတွင် ကိုဘမောင် အရိုက်ခံရကြောင်း ပြောကြဆိုကြသော အခါ တချို့နီးစပ်သူများက ဒဏ်ရာ ကြီးသလား၊ သေးသလား မေးကြ မြန်းကြ





သည်။ ထိုအခါ ကိုယ်တိုင် မြင်တွေ့လိုက်ရသူ တစ်ဦးက ဤသို့ ဖြေကြားလိုက်သည် ဟူ၏။

'အလိုလေးဗျာ၊ ဒဏ်ရာ ပြင်း မပြင်းတော့ မေးမနေပါနဲ့တော့။ မျက်နှာတစ်ခုလုံး ရိုက်နှက်ထားလိုက်လို့ စုတ်ပြတ် ပေါက်ပြဲနေလိုက်တာ လယ်ကျင်းခွက်ထွန်စက်နဲ့ မွှေထားတဲ့အတိုင်း ပါပဲဗျာ'

## မကြည်လင်စရာတ

ပန်တျာကြည်လင် လှတောရွာသို့ လာရောက် ကပြမည်ဆိုကတည်းက လှတောရွာတစ်ရွာလုံးလောက် စိတ်ဝင်စားနေကြသည်။ ကြည့်ဖို့လည်း အားခဲနေကြသည်။ ယခင်က အသံ၊ အဆို၊ အငိုလောက်သာ နားထောင်ရသည်။ ယခု ရုပ်ရည်ကိုလည်း မြင်ကြရတော့မည်။ ကကြိုးကကွက်ကိုလည်း ရှုစားကြရတော့မည်။

အားခဲထားသည့်အတိုင်းလည်း အထူး အားပေးကြည့်ရှုကြလေသည်။ ညက ကြည့်ရှုခဲ့ရသည်များကို နောက်ရက်များတွင် အချင်းချင်း ပြောဆိုဝေဖန်တတ်သော ဓလေ့အတိုင်း လှတောသားတို့လည်း စကားတည့်လျှင် တည့်သလိုဝေဖန်ကြလေသည်။ လှတောသားတစ်ဦး၏ ဝေဖန်ချက်ကမူ ဇာတ်မင်းသားအဖို့ အောင့်သက်သက် ဖြစ်စရာဟု ဆိုနိုင်ပါသည်။

'ပန်တျာကြည်လင်တို့များ နှာမည်လည်း ကြီးပါပေရဲ့။ ကြီးအောင်လည်း အသံကောင်း၊ အဆိုအငို ကောင်းပေတာကိုး။ အကဆိုလည်း တန်းစေ့ လမ်းစေ့တော့ ရှိတာပါပဲ။ ရုပ်ရည်ကြည့်ပြန်တော့လည်း မျက်နှာပေါ်လေးနဲ့။ ဒါပေတဲ့ မျက်နှာနဲ့ မလိုက်အောင် ကြီးမားလှတဲ့ နှာခေါင်းကြီးကတော့ လောင်းတောင်း မှောက်ထားတဲ့ အတိုင်းပါပဲ'

(လောင်းတောင်း– ၁၆ ပြည်ဝင် တင်းတောင်းလောက်ပင် ရှိသော်လည်း တင်းတောင်းကဲ့သို့ ပုဝိုင်းဝိုင်း မဟုတ်။ ခပ်ရှည်ရှည် ခပ်လျှားလျှားရှိလျက် ဖင်ရှုံး အဝကျယ်တောင်းတစ်မျိုး ဖြစ်ပါသည်။)

## ပန်းပဲသမား လက်ချက်

တစ်ရွာသားကပင် 'ရွှေကျင်ရွာမှာ ပန်းပဲဖို ရှိတာ မသိမိဘူးဗျာ' ဟု အံ့သြသည့်ဟန်ဖြင့် ရေရွတ်လိုက်သဖြင့် လူတောသားက ပြန်ပြောလိုက်သည်မှာ–

'အလိုလေးဗျာ၊ ရွှေကျင်ရွာမှာ ပန်းပဲရှိရုံ ဘယ်ကမလဲ၊ ဓားလုပ်ရာမှာ နာမည်ကြီးပေါ့ဗျ။ ရွှေကျင်ရွာထဲဆိုရင် သံတောင် ကိုင်မသွားဝံ့ဘူး။ တစ်ခါက လယ်ထွန်စက်ကြီးတစ်စီး ရွှေကျင်ရွာထဲ ဖြတ်ဝင်သွားသတဲ့။ ဝင်သွားတုန်းကတော့ ထွန်စက် နောက်မှာ ထွန်သွားဘီး အဝိုင်းကြီးတွေ တသီတတန်း ပါသွားသတဲ့။ လယ်ထွန်စက် ဟိုဘက်တံခါးက ထွက်လာတော့ ဘီးဝိုင်းထွန်သွားတွေ တစ်ခုမှ မပါလာတော့ဘဲ ဓားတွေ အထောင်လိုက် အတန်းလိုက်ကြီး ဖြစ်လာသတဲ့ဗျာ' ဟူ၍ ဖြစ်ပါသည်။

## အုန်းနဲ့ပင်လား ဆေးလိပ်လား

ဆရာဦးကျော်ခင်သည် ဆေးရိုးစစ် ဆေးလိပ်ကိုသာ သောက်တတ်သူ ဖြစ်ပါသည်။ ဆေးအနည်းငယ်သာ ထည့်ကာ ခပ်ပေါ့ပေါ့ သောက်တတ်သူ ဖြစ်ပါသည်။

တစ်နေ့တွင် ဆရာဦးကျော်ခင်အိမ်သို့ အလည်ရောက်နေသော လူတောသားတစ်ဦးက ဦးကျော်ခင် ချထားသော ဆေးလိပ်ကို ကောက်သောက်လိုက်သည်။ အနီးတွင် ထိုင်လျက်ရှိသော အခြားတစ်ယောက်က ကပျာကယာ တားမြစ်လိုက်သည်မှာ–

'ဟေ့ ဟေ့၊ ဆရာ့ဆေးလိပ်ကို မသောက်လိုက်ပါနဲ့။ ဆရာက အုန်းနဲ့ပင်ဖက်ပတ်ထားတာကို သောက်တာကွ' ဟူ၍ ဖြစ်ပါသတည်း။

## ဘတ်စ်ကားမှတ်တိုင်

မန္တလေး ရောက်ဖူးသူတစ်ဦးနှင့် မရောက်ဖူးသေးသူတို့ စကားစပ်မိကြလေသည်။





– မန္တလေးမြို့ပေါ်မှာပဲ တစ်နေရာနဲ့ တစ်နေရာ သွားချင်တော့ ဆိုက္ကား၊ မြင်းလှည်းပဲ အသုံးပြုကြသလား။

● ဆိုက္ကား၊ မြင်းလှည်းလည်း သုံးလို့ရတယ်၊ လိုင်းကားလို့ ခေါ်တဲ့ ဘတ်စ်ကားတွေလည်း ရှိသေးတယ်။

– အဲဒီ လိုင်းကားဆိုတာက ကိုယ်သွားချင်တဲ့ နေရာအထိ လိုက်ပို့ပေးသလား။

● နေရာတိုင်းတော့ ဘယ် ပို့ပေးနိုင်မလဲ။ သူ သွားနေကျ လမ်းကြောင်းအတိုင်းသာ ပို့ပေးတာပေါ့။

– သူ သွားနေကျ လမ်းကြောင်းမှာတော့ ကိုယ်ဆင်းချင်တဲ့နေရာ ရပ်ပေးတယ်ပေါ့။

● သူတို့ ရပ်တဲ့နေရာ သတ်မှတ်ထားတယ်။ အဲဒါကို မှတ်တိုင်လို့ခေါ်တယ်။ မှတ်တိုင်ကျမှပဲ ရပ်ပေးရတယ်။

– မှတ်တိုင်တွေက တစ်ခုနဲ့တစ်ခု အဝေးကြီး နေမှာပေါ့နော်။

● ဘယ်ဝေးမလဲကွ၊ မန္တလေးက ကားမှတ်တိုင်တွေဆိုရင် နီးလိုက်သမှ ဘီးစိတ် ထောင်ထား မှတ်ရတယ်။

## ပန်းကန်ပြား ပဓာန

အလှူထမင်းရုံထဲတွင် ဖြစ်သည်။ ပါးစပ်ဆော့တတ်သူ ဧည့်သည်တစ်ယောက်က 'ထမင်းပန်းကန်ပြားကလည်းကွာ၊ လက်သည်းခွံလောက် ရှိပါရဲ့' ဟု အပြစ်တင်သံမျိုးဖြင့် မြည်တွန်လိုက်သည်။ ဤတွင် အနီးအပါးရှိ ထမင်းလိုက်နေသူ လူတောသား ဦးလေးတုတ်က 'အလိုဗျာ၊ ထမင်းပန်းကန်ပဲ၊ ထမင်းပန်းကန်လောက် ရှိတော့မပေါ့။ ဘယ်ကလာ တရုတ်ပြည်လောက် ကျယ်နိုင်ပါ့မလဲ' ဟု ချေပလိုက်သည် ဟူ၏။

## ခွေးခေါင်း စတုဒီသာ

လူတစ်ယောက်သည် မိမိပိုးခင်းတွင် တစ်ယောက်တည်း ပျိုးနုတ်နေသည်။ နံနက် စာ စားချိန် ရောက်သည့်အခါ၌လည်း မိမိတွင် ပါသော ထမင်းထုပ်ကလေးကို တစ်ယောက်တည်းပင် ဖြေ၍ စားသောက်နေလေသည်။ သို့သော် အနီးရှိ လမ်းမ က ဖြတ်ဖြတ်သွားသော လယ်သမားများအား လာတိုင်း လာတိုင်း 'ထမင်း စားသွား ပါဦးလား' ဟု ဖိတ်မန္တက ပြုလေ့ရှိသည်။ ဤတွင် အနီးအနားရှိ အသိတစ်ယောက် က ဤသို့ ပြောလိုက်သည် ဟူ၏။

'မင်းမလဲကွာ၊ ပါလာတဲ့ ထမင်းလေး ခွေးခေါင်းလောက်နဲ့များ စတုဒိသာ ကျွေးဖို့ စိတ်ကူးသေးသကွာ'

## မန္တလေးက ခြင်၊

လှေတောသားတစ်ဦးသည် မန္တလေးသို့ သွားရောက်ပြီး ရွာပြန်ရောက်၍ ကော လက်ဆုံ ကျသောအခါ ဤသို့ပြောပြသည် ဟူသတတ်။

'မန္တလေးက ခြင်ပေါတယ် ပြောသံတော့ ကြားဖူးနေတယ်။ ဘယ်လောက် ပေါတယ်တော့ မခန့်မှန်းမိဘူး။ အလိုလေး မောင်ရာ၊ ငါ တစ်ည အိပ်ဖြစ်သွားပါ တယ်။ နေမဝင်သေးဘူး၊ ခြင်တပ်ကြီး ချီလာလိုက်တာ ပျချီးခါ (ပျားရေးခါ) နေ မှတ်ရတယ်။ ကိုက်လိုက်တာကလည်း မပြောပါနဲ့တော့၊ စကားပြောကြရင် ခြေထောက်က နာပါတယ်လို့ ငုံ့ကြည့်လိုက်တာ၊ အလိုလေးဗျာ၊ ခြေသလုံး တစ်ခု လုံးကို သစ်ကိုင်း ပျားစွဲနေတဲ့ အတိုင်းပါပဲ။ မနက်ကျမှ ခြေသလုံးကို သေသေချာ ချာ ကြည့်လိုက်တော့ ခြေသလုံး တစ်ခုလုံး ဝဒိန်မှုတ်သလား အောက်မေ့ရတယ်'

(ပျားရေးခါ–ပျားအုံသက် ကြာလာ၍ ပျားအုံတွင် ပျားရေးများ ထူထပ်သောအခါ ပျားအုံ ပျားအားလုံးလောက်ပင် ပျားအုံပတ်ပတ်လည် အနီးကပ် ပျံသန်းရင်း ရေးများကို ခါချကြ သည်ကို ခေါ်သည်ဟု ဆိုပါသည်။)

ရာပြည့်စာအုပ်တိုက်



## မီးသီးချင်း ပြိုင်

လှတောရွာ တွဲဖက်အထက်တန်းကျောင်းသို့ တက်ရောက် ပညာသင်ကြားနေကြ သူများ ဖြစ်ကြသည့် လှတော ကျောင်းသားတစ်စုနှင့် ရွှေကျင်ရွာ ကျောင်းသား တစ်စုတို့ အချင်းချင်း စကားနိုင်လုကြရာတွင် ရွှေကျင်ရွာ ကျောင်းသားလေး တစ်ဦးက–

'မင်းတို့ လှတောရွာက မီးစက်ကဖြင့် လင်း မလင်း ပြောမနေနဲ့တော့၊ ပိုးစုန်းကြူးဖင် ချိတ်ထားသလောက် ရှိရဲ့'ဟု ပြောလိုက်သည်။ လှတောသားလေး တစ်ဦးက ချက်ချင်း ပြန်လည်ချေပလိုက်သည်ကား–

'ပိုးစုန်းကြူးဖင်ဆိုတော့ မီးမြင်ရသေးတာပေါ့ကွ။ မင်းတို့ ရွှေကျင်က မီးစက်ကမှ ညအခါ မီးထွန်းထားတာများ မြင်ရ၊ ခရမ်းချဉ်သီး ချိတ်ဆွဲထား မှတ်ရတယ်' ဟူ၍ ဖြစ်ပါသည်။

အတွဲ (၂)

## ကြားရဖြန်မြ ထိုဝသီ

လှေတောရွာ မိတ်ဆွေများက 'ပေါ်တုန်းပေါ်ခိုက် တစ်ခေါက်တစ်ခါ လာခဲ့ပါဦး' ဟု အကြိမ်ကြိမ် မှာနေသည်မှာ ကြာပြီဖြစ်သဖြင့် လည်းကောင်း၊ ကျွန်တော် ကိုယ်တိုင်ကလည်း ရောက်ချင်နေသည်မှာ ကြာပြီဖြစ်သဖြင့် လည်းကောင်း၊ ကျောင်းကလည်း အားလပ်နေပြီ ဖြစ်သဖြင့် လည်းကောင်း ၁၉၉၇ ခု ဒီဇင်ဘာလ တွင် လှေတောရွာသို့ ရောက်ဖြစ်အောင် ကျွန်တော် ထွက်ခဲ့ပါတော့သည်။

လှေတောကားဆိပ်သို့ ခြေချမိသောအချိန်မှာ ၁၁ နာရီ ကျော်နေပါပြီ။ လမ်းတစ်လျှောက်လုံး ကားက ဆောင့်၊ နေက မြင့်ဖြင့် ဝမ်းဗိုက်ကား ဟာလှ ဆာလှပေပြီ။ သည်အချိန်ဆိုလျှင် ကျွန်တော် တည်းမည့်အိမ်သည် နံနက်စာ ထမင်းစားပြီးလောက်ကြပေပြီ။ ကျွန်တော့်အတွက် ထပ်ချက်နေရလျှင်လည်း အလုပ်ပိုတစ်ခု ဖြစ်တော့မည်။ အနီးအပါးတစ်ဝိုက်ကို မျက်စေ့ကစားကြည့်လိုက် မိသည်။ ထမင်းဆိုင်ဟု ထင်ရသော ဆိုင်တစ်ဆိုင်ကို မြောင်းဘေး ကားလမ်းပေါ်၌ တွေ့ရသည်။ ယခင် တစ်ခေါက် လာစဉ်က မတွေ့မိဟု ထင်သည်။ ကောင်းကောင်း တော့ မမှတ်မိ။

မေးစမ်းကြည့်လိုက်သည်။ ဟုတ်ပါသည်။ ထမင်းဆိုင် ဖြစ်ပါသည်။ ကျွန်တော်သည် အဆောတလျင် ဝင်ထိုင်ရင်း ထမင်းတစ်ပွဲ မှာလိုက်ပါသည်။

ယင်းဆိုင်၌ အသက် သုံးလေးဆယ်အရွယ် ယောကျ်ား သုံးယောက်နှင့် ၁၃–၁၄ နှစ်အရွယ် ကလေးများကို တွေ့ရသည်။ ကလေးငယ် ယောကျ်ားလေး





တစ်ယောက်သာ ကျွန်တော့်အား လက်ခံမေးမြန်းရင်း ထမင်းဟင်း ချူးခပ်နေ သည်။ ကြည့်ရသည်မှာ လူကြီးများသည် ဆိုင်ရှင်ဟုတ်ဟန် မတူပါ။ ကလေးမှ လည်း စမ်းတဝါးဝါး ဖြစ်ဟန်တူပါသည်။ စားပွဲသို့ ထမင်းလာပို့လိုက်၊ ပြန်သွား လိုက်၊ ဟိုလှန် ဒီလှော လုပ်လိုက်နှင့် ကြန့်ကြာနေပါသည်။ ကျွန်တော်က ဆာလှပေပြီ။ စောင့်မနေနိုင်၊ ဟန်မဆောင်နိုင်တော့ပြီ။ လာချထားသော ထမင်း ကိုချည်းပင် ကော်ခပ် ဝါးမျိုနေမိတော့သည်။ ထိုစဉ် လူကြီးတစ်ယောက်က ဝင်ပြောလိုက်ပါသည်။

'ဟာ–ကောင်လေး၊ ဟိုမှာဖြင့် စားပြီးသား ပစ္စည်းက ချေးစာတော့ ဖြစ်ရော့မယ်။ မင့် ဟင်းက ကမ္ဘာပျက်လို့တောင် စုံနိုင်ပါဦးမလား'

'အလိုလေးဗျာ ခင်ဗျားကြီးက ဘာသိလို့လဲ။ ဒီမယ်ဖြင့် အိုးရှိသမျှ လှန်လိုက် လှော်လိုက်၊ ရှာလိုက် ဖွေလိုက်ရတာများ စိန်ဗေဒါကြီး ပတ်စမ်းနေတဲ့ အတိုင်းပဲ'

– ကလေးသည် ယခင်က ယင်းအသုံးကို ကြားဖူးထားလေသလား ထင်ဖွယ် ရှိပါသည်။

## ဟိုတယ် တဆိုဒ်ရသလား

ဦးလေးရင် (ဦးဘရင်) တို့အိမ် ရောက်သောအခါ ဦးလေးရင်တို့က ထမင်းစားပြီး ပြီလားဟု မေးကြသည်။ ကျွန်တော် စားခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါဆိုင်၌ စားခဲ့ ကြောင်း ဖြေရပါသည်။ ထိုအခါ မောင်စံဒွေးက ဤသို့ ပြောလိုက်ပါသည်။

'ဆရာကလည်း ဒီဆိုင်ကိုမှ ဝင်စားခဲ့ရတာကိုး။ ဒီဆိုင်က ထွန်းလှဟိုတယ် ထက် ဈေးကြီးသေးတယ်။ ဆိုင်ထဲက ပြန်ထွက်ရင် မှတ်ပုံတင်တောင် အနိုင်နိုင် ကျန်တတ်တာ ဆရာရေ့'

ထိုဆိုင်က ဈေးကြီးသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ မှန်ပါသည်။ ကျွန်တော် တစ်ခါပြင် စားသည်ကိုပင် ခုနစ်ကျပ် ယူလိုက်ပါသည်။

## ရေခဲအမှတ်

လှတောရွာသို့ ကျွန်တော်ရောက်သောလမှာ ဒီဇင်ဘာလ ဖြစ်ပါသည်။ ဒေသကား အညာဒေသ၊ ကာလကား ဆောင်းရာသီဖြစ်သဖြင့် ချမ်းအေးမည်ကို ကျွန်တော် သဘောပေါက်ပြီး ဖြစ်သည်။ ရန်ကုန်ကတည်းကပင် ဖြစ်နိုင်သမျှ စောင်များ၊ အနွေးထည်များ ယူဆောင် သယ်ပိုးခဲ့ပါသည်။ သို့ရာတွင် လှတောဝန်းကျင်က အအေးဓာတ်ကား ကျွန်တော် မျှော်လင့်တွက်ဆ ထားသည်ထက် သိသိသာသာကြီး ပိုနေပါပြီကော။ ပါလာသမျှသော စောင်များ၊ အနွေးထည်များ၊ ပုဆိုးများဖြင့် ထွေးပတ်ရစ်သိုင်းပြီး ကွေးသည့်တိုင်အောင် မနွေးနိုင်တော့ပါ။

နံနက်လင်း၍ သက်သာချောင်ချိရေး လက်ဖက်ရည်ဆိုင်၌ ဆုံမိကြသော အခါ ဆရာအုန်းကတော် ဒေါ်အုန်းကြည်က မေးပါသည်။

'ဆရာ၊ ညက အိပ်လို့ပျော်ရဲ့လား'

'မပျော်ပါဘူး ဒေါ်ဒေါ်ရယ်။ အေးလိုက် ချမ်းလိုက်တာ လွန်ပါရောလား'

ထိုစဉ် ဦးလေးယူ (ဦးဘယူ) က ဝင်ပြောပါသည်။

'အလိုလေး ကျုပ်တို့ဆီ အေးပုံကတော့ မပြောနဲ့ ဆရာရေ့၊ ညက ရေသောက်အိပ်တာတောင် မနက်ကျ ဆီးမပေါက်နိုင်ဘူး'

'ဘယ်လိုဖြစ်လို့လဲ ဦးလေးရဲ့'

'သောက်ထားတဲ့ ရေက ဗိုက်ထဲမှာ ရေခဲတုံး ဖြစ်နေလို့ပေါ့'တဲ့ဗျား။

## လူလား တန္ဆေလား

လှတောရွာ၌ စပါးပေါ်ချိန် ဖြစ်သဖြင့် လယ်သမားတို့သည် လယ်တောသို့ ဆင်း နေကြသည်က များပါသည်။ လယ်တော မဆင်းရသူတို့က ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်သို့ လာတတ်ကြပါသည်။ သို့ရာတွင် တချို့လက်ဖက်ရည်ဆိုင် တို့ကား လယ်ကိစ္စ၊ စပါးကိစ္စကြောင့် ယာယီ ပိတ်ထားကြပါသည်။ သို့ကြောင့် အထက်တန်းကျောင်း ကျောင်းကော်မတီက ဦးစီးဖွင့်လှစ်ထားသည့် သက်သာ





ချောင်ချိရေးဆိုင်သို့သာ စုပြုံလာကြပါသည်။ လက်ဖက်ရည်သောက်ရင်း၊ နေစာ လှုံရင်း စကားလက်ဆုံ ကျနေကြပါသည်။

ကျွန်တော်တို့ စားပွဲဝိုင်းတွင် ဆရာအုန်း၊ ဦးဖိုးဆင်၊ ဦးလေးယူနှင့် မောင်ချို့အေးတို့ ရှိနေကြသည်ကို မှတ်မိပါသည်။ ရောက်တတ်ရာရာ ပြောဆိုကြ ရင်း ဆရာအုန်းက–

'ဆရာရေ့ ရောက်တုန်းရောက်ခိုက် ရွှေကျင်ဆရာတော် အထိမ်းအမှတ် ဗိမာန်ကြီးကိုလည်း သွားလိုက်ဦးဆရာ'ဟု အကြံပေးပါသည်။

ရွှေကျင်ရွာသည် လှတောကြီးငါးရွာတွင် တစ်ခုအပါအဝင် ဖြစ်သည့်ပြင် ရွှေကျင်ဆရာတော်ဘုရားကြီး ဖွားတော်မူရာ ဇာတိလည်း ဖြစ်သည်။ ယခု စစ်ကိုင်း ရွှေဟင်္သာတောရ ဆရာတော်ဘုရားကြီး အမှူးပြုသော ရွှေကျင်သာသနာဂိုဏ်းဝင် ဆရာတော် သံဃာတော်များ၊ ဒါယကာ ဒါယိကာမများက ရွှေကျင်ဆရာတော် ဘုရားကြီးအတွက် အထိမ်းအမှတ် ဗိမာန်ကြီးတစ်ခု ရွှေကျင်ရွာ၌ တည်ဆောက် ထားကြပါသည်။ ဗိမာန်ကြီးဖွင့်ပွဲ ကျင်းပပြီးစီးသွားသည်မှာ မကြာသေးဟု သိရပါသည်။ ထို့ကြောင့် ဆရာအုန်းက သွားကြည့်ရန် အကြံပေးခြင်း ဖြစ်ပါသည်။

'ဆရာရေ၊ တောရွာဇနပုဒ်ကလေး ဖြစ်ပေမယ့်လို့ ဆရာတော်ဘုရားကြီးရဲ့ ဘုန်းတော် တန်ခိုးတော်ကြောင့် ဗိမာန်ဖွင့်ပွဲတုန်းကဆိုရင် စည်လိုက်ပုံများ အံ့သြလောက်ပါပေတယ်။ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မကြုံဖူးပါဘူး'

'အလိုလေး စည်ကားပုံတော့ ပြောပလောက်ပါပေတယ်။ စည်လွန်းလို့ ကျောက်လမ်းရိုးကြီးတောင် ကျိုးကျသွားတာပဲ'

ဤသို့ ချီးပနေကြသူများမှာ ရွှေကျင်ရွာက ပုဂ္ဂိုလ်များ ဖြစ်ဟန်တူပါသည်။

'အလကား ကြောတာပါ ဆရာ၊ ဖွင့်ပွဲနေ့တုန်းက စည်တယ်ပြောလို့ ကျွန်တော်လည်း သွားကြည့်ပါတယ်။ အလိုလေးဗျာ ပွဲခင်းထဲလည်း ရောက်ရော၊ သမ္ဘွေ့ရွှတ်ပြီး ပြန်ပြေးခဲ့ရတယ်'

ဤသို့ ပြောလိုက်သူမှာ ဦးလေးယူပင် ဖြစ်ပါသည်။

"သမ္ဗုဒ္ဓေရွတ်ပြီး ပြန်ပြေးခဲ့ရတယ်" ဆိုသည်မှာ ပွဲခင်းထဲ၌ လူသူမ
တစ္ဆေခြောက်မည်စိုးသဖြင့် ပြေးခဲ့ရသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

## မဟာစေနတလား မဟာဗြဟ္မာလား

'ဒီနှစ် လှတောတစ်ဝိုက်မှာ မိုးလေဝသ ဘယ့်နှယ်နေတုံး။ စပါးတွေရော ကောင်း
ကြ ရကြပါရဲ့လား'

'စပါး ရ မရတော့ မပြောတတ်သေးဘူး။ ဒီနှစ် မိုးကောင်းတာကတော့
အလွန်ပါပဲ။ ဝါတွင်းတုန်းက ရွာတဲ့ မိုးတစ်မိုးဟာဆိုရင် အိမ်မိုးခေါင် ပျုံးထော
ရတယ်ဆိုတဲ့ မိုးမျိုးပါပဲ'

ပြောသူမှာ ရွှေကျင်ရွာမှ ဘိုးလေးဆင် ဖြစ်မည် ထင်ပါသည်။

'ခင်ဗျားတို့ရွာဘက် ရွာတဲ့မိုးက ဘာဟုတ်သေးလို့လဲ။ ကျုပ်တို့ရွာဘက်
ရွာတဲ့ မိုးကဆိုရင် မတရားသဖြင့် ကြီးလွန်းလို့ ဗြဟ္မာတွေတောင် ရေကူးနေကြ
ရတယ်ဆို မဟုတ်လား'

ဤသို့ ပြောသူမှာ ဦးဒွေးမောင် ဖြစ်ပါသည်။

## သကြားလင်ခများနှင့် စကားအလင်္ကာ

'ဆရာ ကျွန်တော်တို့ လှတောစကားနဲ့ ပတ်သက်လို့ စာအုပ်ထုတ်တယ်လို့ ပြောသံ
ကြားမိပါတယ်။ ဘာစာအုပ်လဲ ဆရာ၊ ဘယ်လိုစာအုပ်မျိုးလဲ'

'ဟုတ်ကဲ့၊ ထုတ်သားပါတယ်။ "လှတောသား၏ စကားအလင်္ကာ"လို့
အမည်ပေးလိုက်ပါတယ်'

'ကျွန်တော်တို့လည်း မဖတ်ရပါလား။ မဖတ်ရဆို မြင်တောင် မမြင်ရသေး
ပါလားဆရာ'

'ဟုတ်ပါလိမ့်မယ်။ စာအုပ်က ချက်ချင်းဆိုသလိုပဲ ကုန်သွားတာ
လှတောကိုတောင် ၄-၅-၆ အုပ်လောက်ပဲ ပို့ပေးခဲ့ရပါတယ်။ လက်ကျန်စာအု





ကလေးတွေကိုလည်း လူနိုင်တွေက အတင်း လုယက်သွားကြလို့ လူစေ့အောင်
မပို့လိုက်နိုင်ဘူး။ အခုတော့ နည်းနည်း ယူလာပါသေးတယ်'

'စာအုပ်က ဘယ်လောက်ထုတ်လို့လဲ'

'အုပ်ရေ နှစ်ထောင်ပါ'

'အလိုလေးလေး ဆရာရယ်၊ နှစ်ထောင်ဆိုတော့ ဆရာ့စာအုပ်က
နတ်ပြည်မှာ သိကြားဖြစ်ရတာနဲ့ တူနေတော့မှာပေါ့ဗျာ'

'နတ်ပြည်မှာ သိကြားမင်းဖြစ်ရတာက ဘယ်လိုမို့ပါလဲ'

'ဆရာကလည်း နတ်ပြည်မှာဆိုတော့ သိကြားက တစ်ယောက်တည်း၊
နတ်သမီးတွေက တစ်ထောင်ကြီးများဆိုတော့ ခွဲတမ်းမမျှ ဘာမမျှနဲ့ လုကြ
ယက်ကြ ကစဉ့်ကလျား ဖြစ်ကုန်တာပေါ့ဗျာ' တဲ့။

## လျှာကိုခွင်းမည့် ထိုထမင်း

တစ်နေ့တွင် ဆရာအုန်းနှင့် ကျွန်တော်သည် စက်ဘီးကိုယ်စီနှင့် ဒွန်တဲကုန်း
ရွာသို့ သွားရောက် လှည့်လည် လေ့လာကြပါသည်။ တစ်အိမ်ဝင် တစ်အိမ်ထွက်
စကားကောင်းနေမိကြသဖြင့် နေ့ တစ်နာရီလောက်ကျမှ လှတောရွာသို့ ပြန်
ရောက်ကြပါတော့သည်။ ကျွန်တော့်အား ထမင်းကျွေးမည့် ဦးလေးရင်တို့ အိမ်က
လည်း ကျွန်တော် ပြန်လာသည်အထိ စောင့်နေသည်ကို တွေ့ရပါသည်။ ထမင်း
မှာ ဆန်သစ်ဖြစ်သဖြင့် လည်းကောင်း၊ အချိန်ကလည်း အလွန်နောက်ကျနေပြီ
ဖြစ်သဖြင့် လည်းကောင်း ထမင်းမှာ အလွန်မာနေပါပြီ။ သို့သော် ဆာလာပြီဖြစ်
သော ကျွန်တော့်အဖို့မူ မာမနေနိုင်တော့ပါ၊ အားပါးတရ လွေးချလိုက်ရပါသည်။
ကျွန်တော် စားပြီးခါနီးလောက်မှာပင် အမျိုးသမီးကြီးတစ်ယောက် ဝင်လာသည်ကို
တွေ့ရပါသည်။ အိမ်ရှင်က ထမင်းဝင်စားဖို့ ထုံးစံအတိုင်း ဖိတ်မန္တက ပြုပါသည်။
အမျိုးသမီးကလည်း စားပြီးခဲ့ပါပြီဟု ပြောရင်း ထမင်းပွဲနားကပ်သွားပြီး ထမင်းကို
စမ်းကြည့်ပါသည်။

'အလိုလေးအေ၊ ဒီလိုထမင်း စားမယ့်အစားတော့ ပေါက်ဆိန် (ပုဆိန်) ကိုပဲ ဆိဆမ်းစားတော့မယ်' တဲ့။

## ဦးချစ်လှိုင်တို့ သားအဖ

တစ်ညနေတွင် ကျွန်တော်သည် ကားဆိပ်မှအပြန် လမ်းဘေးရှိ ဦးချစ်လှိုင်၏ အိမ်ရှေ့ ကွပ်ပျစ်သို့ ဝင်ထိုင်လိုက်ပါသည်။ ဦးချစ်လှိုင်မှာ ကျွန်တော်နှင့် ယခင်ကတည်းက ရင်းနှီးပြီးသူ ဖြစ်ပါသည်။ ဦးချစ်လှိုင်သည် ကျွန်တော့်အား လက်ခံ စကားပြောရင်း သားကြီး မောင်ကြည်ဌေးအား လှမ်းပြောပါသည်။

'မောင်ကြည်ဌေးရေ၊ ဆရာ့အတွက် အကြမ်းအိုး တည်ပါဦးကွာ'

ကျွန်တော်နှင့် ဦးချစ်လှိုင်တို့ စကားစမြည် ပြောနေစဉ် မောင်ကြည်ဌေးသည် ရေနွေးအိုး တည်နေဟန် တူပါသည်။ တအောင့်လောက် အကြာတွင် မောင်ကြည်ဌေး ရေနွေးအိုး လာချပေးပါသည်။

'ဟဲ့ ရေနွေးအိုးကျရင် မီးဖိုကို မီးသတ်ထားလိုက်ဦး'

ဦးချစ်လှိုင်သည် မီးဖို မီးသတ်ဖို့ကို နှစ်ကြိမ်မျှ ထပ်ပြောနေပါသည်။ နောက်တစ်ခါ ထပ်အပြောတွင် သားဖြစ်သူက ဤသို့ ပြန်ပြောပါသည်။

'အလိုလေး သတ်ထားပြီးပါပြီ ဆိုမှပဲ အဖေကလည်း ရေနဲ့ လောင်းပစ်လိုက်လို့ ဖိုခနောက်အုတ်ခဲတွေတောင် မျောပါကုန်ပြီ'

ဒ ာအကြာ၌ ဦးချစ်လှိုင်သည် မီးဖိုဘက် ထွက်သွားပါသည်။ မီးဖိုဆီမှပင် ပြောသံကြားလိုက်ရသည်ကား ဤသို့ပါတည်း။

'အလိုလေး ကြည်ဌေးရယ်၊ ပြောတော့ ဖိုခနောက်တွေတောင် မျောပါကုန်ပြီတဲ့။ မီးဖိုထဲကြည့်တော့ မီးကျီးခဲတွေ ရဲနေလိုက်ပုံများ နေလုံးကြီးရဲရဲ ရှားမီးခဲနဲ့ ဖုတ်ထားတဲ့ အတိုင်းပါလားကွာ' တဲ့။





## စပါးထမင်းနှင့် တာယာဟင်း

ကျွန်တော် ရောက်ကတည်းက ဆရာဦးကျော်ခင်နှင့် စကားကောင်းကောင်း မပြောရသေးပါ။ ဦးကျော်ခင်သည် ရွေးချယ်တင်မြှောက်ပွဲအတွက် အလုပ်ရှုပ်နေသောကြောင့် ဖြစ်ပါသည်။ ယနေ့ ဝက်လက်က ပြန်ရောက်မည်ဟု သိရပါသည်။ ထို့ကြောင့် ညနေပိုင်း၌ ဆရာအုန်း၊ ဆရာမောင်ကိုတို့နှင့်အတူ ဆရာခင် အိမ်ကို သွားကြပါသည်။ ဆရာခင့်ကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရပါပြီ။

ဆရာခင့်အိမ်၌ ဆရာခင်တို့ မိသားစု၊ ဆရာမြလှိုင်တို့ မိသားစုနှင့် လူကြီးမိဘများ စုံစုံညီညီ ရှိနေကြပါသည်။ ကျွန်တော်တို့တစ်တွေ အာလာပ သလ္လာပ ပြောနေကြပါသည်။

'ဆရာခင်တို့ မှတ်ထား တေးထားတာလေးများရှိရင် ကူးယူစမ်းပါရစေ' ကျွန်တော်က တောင်းဆိုလိုက်ပါသည်။

'အလုပ်ကများတော့ ဂရုတစိုက် မှတ်ထားတာရယ်လို့ မရှိပါဘူး။ စိတ်ထဲ မှတ်ထားတာလေးတွေလည်း ကြာတော့ မေ့ကုန်တာပါပဲ။ အဲ တစ်နေ့က ဝက်လက် မျက်နှာစုံညီမှာ ကြားခဲ့ရတာတွေတော့ မှတ်မိပါသေးတယ်'

'လုပ်စမ်းပါဦး ဆရာ'

'ဒီလ ၂၃ ရက် (၂၃-၁၂-၇၇) နေ့က ဝက်လက်မှာ မျက်နှာစုံညီ စည်းဝေးပွဲ လုပ်ပါတယ်။ မြို့ပေါ်မှာပဲ ကျွန်တော်တို့ ညအိပ်နေကြရပါတယ်။ ထမင်းလည်း ကျွေးပါတယ်။ ကျွန်တော်ရယ်၊ ဦးချစ်စွန်ရယ်၊ ဦးချစ်ဖွယ်ရယ်၊ ကိုချစ်ဟုန်း ရယ် တစ်စားပွဲတည်း ထိုင်စားကြပါတယ်။ ထမင်းထဲမှာ စပါးလုံးက တော်တော်များများ ပါနေလို့ ကောက်ကောက် ပစ်နေကြရပါတယ်။ ဒီမှာပဲ ဦးချစ်စွန်က ပြောလိုက်ပတယ်'

'မြို့နယ်ကလည်းကွာ အလကား ဒုက္ခခံပြီး တောင်သူတွေဆီက စပါးဝယ်နေရသေးတယ်၊ ဒီထမင်းထဲက ကောက်ယူလည်း စပါး ၂၄ သိန်းတော့ ချောင်ချောင်လေး ရနိုင်တာပဲဟာ' တဲ့။

'ဒီလိုပြောလိုက်တာကတော့ ဒီနှစ် ကျွန်တော်တို့မြို့နယ် တစ်ခုလုံး... စပါးတင်း ၂၄ သိန်း ပေးသွင်းရောင်းချဖို့ တာဝန်ယူထားလို့ ဖြစ်ပါတယ်'

ဦးကျော်ခင်က ဆက်ပြောပါသည်။

'ဝက်သားဟင်းချက်ကလည်း သိပ် နူးနူးနပ်နပ် မရှိလှပါဘူး။ အခေါက်... ဆိုရင် တော်တော်ကြီးကို မာနေပါတယ်။ ဝက်ခေါက်တုံးကို လူးလှိမ့်ဖဲ့ရွဲ့နေရ... ဦးချစ်ဖွယ်က ထပ်ပြောလိုက်ပြန်ပါတယ်'

'အလိုလေး ဝက်သားဟင်းတဲ့ဗျာ၊ ကားတာယာတုံး ခုတ်ချက်ထားတဲ့ အတိုင်းပါပဲ' တဲ့။

## ဝက်ပါလမ်း

ဆရာခင်၏ဇနီးက အပ်ချုပ်သင်တန်း ဖွင့်ထားပါသည်။ အပ်ထည်များကိုလည်း လက်ခံ ချုပ်ပေးနေပါသည်။ မခက်ခဲသော အပ်ထည်များကို လက်သင်ကလေး များကပင် ချုပ်လိုက်ကြသည် ဆိုပါသည်။ ကျွန်တော်တို့ စကားပြောနေစဉ်မှာပင် အမျိုးသမီးတစ်ဦးသည် အပ်ထည်ကို လာရွေးပါသည်။ ထိုအမျိုးသမီးသည် မိမိအင်္ကျီ၌ အပ်ချည်ကြောင်း မဖြောင့်မဖြူး ဖြစ်နေသည်ကို မြင်ရသဖြင့် အတော် မကျေမချမ်း ဖြစ်သွားပုံ ရပါသည်။ ပြောလိုက်သည်ကတော့–

'ဘယ့်နှယ်တော်၊ လားရှိုးတောင်ကြားက မီးရထားလမ်းက ဒီအင်္ကျီပေါ် ရောက်နေရတယ်လို့ ' ဟူသတည်း။

ပြောသူ အမျိုးသမီးမှာ ဒေါ်ကြင်မြိုင်ဖြစ်သည်ဟု သိရပါသည်။

## အလောင်းမလှ

ဆရာဦးကျော်ခင်၊ ကိုကျီးညိုတို့ ဦးဆောင်သော လှတောရွာဘုရားဖူး အဖွဲ့သည် တန်ဆောင်မုန်းလထဲက ရန်ကုန်မြို့သို့ ဘုရားဖူး ရောက်ကြသည်။ ကလေး လူကြီး စုစုပေါင်း ၄၀ လောက် ပါသည် ဆိုပါသည်။





တောင်ဥက္ကလာတွင် တည်းခိုရင်း ဘုရားများကို လှည့်လည်ဖူးမြော်ကြ ...သည်။ တစ်နေ့တွင် ကိုကျီးညို၏ သမီးအကြီးဆုံး ၁၃ နှစ်ခန့်သည် ထမင်း ...းနေရာမှ စိတ်ကောက်ပြီး ထွက်သွားပါသည်။ ခဏကြာလျှင် ကိုကျီးညိုသည် ...က်ပူသဖြင့် ဟိုဟိုဒီဒီ ရှာကြည့်ရာ သမီးသည် ကျောက်လမ်းပေါ်၌ ရပ်လျက် ...မ့်စားနေသည်ကို တွေ့လိုက်ရသည်။ ကိုကျီးညိုသည် စိတ်လည်းပူ၊ စိတ်လည်း ...ိုးလှသဖြင့်–

'ဟဲ့ ကလေး၊ လာခဲ့ လာခဲ့၊ မြန်မြန်လာခဲ့။ ဒါ လှတောရွာ မဟုတ်ဘူး။ ...ား နင်းပြားပစ်လို့ အလောင်း ပေါက်ပြားနဲ့ ခြစ်ယူရလိမ့်မယ်'ဟု အော်ဟစ် ...ော်ဆိုလိုက်သည်။ ကြားကြားသမျှသော ပတ်ဝန်းကျင်အိမ်များက တဟားဟား ...ယ်လိုက်ကြသည်ဟု ဦးကျော်ခင်၏ ဇနီးက ပြန်ပြောပြပါသည်။

## ပွဲထိုင်အလှ

...တ်စားပြင်ဆင်မှု အရာတွင် ထူးထွေ ဆန်းပြားလှအောင် တီထွင် တိုးတက်နေ ...သော ရန်ကုန်မြို့၌ ပွဲထိုင်ကြွမည့် မိန်းမပျိုတစ်ဦးသည် ကြော့မော့ ကော့ပျံနေအောင် ...တ်စားဖီးလိမ်းထားသည် ဆိုပါသည်။ ထိုသူငယ်မအား ဘုရားဖူးလာသူ လှတော ...သူတို့ မြင်ကြရသောအခါ တအံ့တသြလည်း ဖြစ်နေကြသည်။ မကြည့်တတ်၊ ...မှုတတ်လည်း ဖြစ်နေကြသည်။ ရွာပြန်ရောက်၍ ရန်ကုန် အတွေ့အကြုံများကို ...မေးမြန်းသူ မေးမြန်း၊ ဖြေကြားသူက ဖြေကြား၊ အချင်းချင်းလည်း စားမြုံ့ပြန် ...ကြသည်။

'ဟဲ့ ရန်ကုန်သူတွေ ချောလှတယ်လို့ တို့ ကြားဖူးပါတယ်အေ၊ ဘယ်လို ...ချောလို့ ဘယ်လို လှကြတာလဲ။ ပြောကြစမ်းပါဦးဟဲ့'

'အလိုလေးအေ ချောလှတာတွေကိုတော့ မပြောတတ်ပါဘူး၊ တို့ မြင်ခဲ့ရတဲ့ ...မိန်းမပျိုတစ်ယောက်ကတော့အေ ဆံထုံးကြီး ထုံးထားလိုက်တာများ ဟနုမာန်မျောက် ...ကျင့်တောင်ကြီး ရွက်ထားတဲ့အတိုင်းပါပဲအေ'

## လှဲတောလယ်ကွင်း

ကျွန်တော် လှတောသို့ ရောက်စဉ် ကိုအောင်တင့်သည် ကျွန်တော့်ကို စိတ်အား ထက်ထက်သန်သန် ကူညီခဲ့ပါသည်။ ကိုအောင်တင့်သည် ဗိုလ်ရွှေပြင် အနွယ်ထဲက ဖြစ်၍ အသက် ၂၀ လောက်ရှိ လူငယ်တစ်ယောက် ဖြစ်ပါသည်။ တက်တက်ကြွကြွ ဖျတ်ဖျတ်လတ်လတ်လည်း ရှိပါသည်။ ယခု ရွှေပန်းကုန်း အဝယ်ဒိုင်၌ စာရေး လုပ်နေပါသည်။

တစ်နေ့နံနက်တွင် ကျွန်တော်သည် ကိုအောင်တင့်၏ အကူအညီဖြင့် လယ်ကွင်းပြင်များ၊ ဘုန်းတော်ကြီးကျောင်းများကို လှည့်ပတ်ကြည့်ရှုပါသည်။ ထိုဒေသတစ်ဝိုက်၌ ရွှေကျင်သာသနာ ထွန်းကားခဲ့သည်ဖြစ်ရာ ဘုန်းတော်ကြီး ကျောင်းများသည် ရွာနှင့်ခပ်လှမ်းလှမ်း လယ်ကွင်းထဲမှာသာချည်း ရှိကြပါသည်။

ကျွန်တော်တို့သည် ကျောင်းတွင်း ရေကန် ကန်ပေါင်ရိုးပေါ်မှ ရပ်ပြီး လှတောရွာ၏ အရှေ့မြောက်ဘက် လယ်ကွင်းပြင်ကြီးကို ငေးမောကြည့်ရှုနေမိ ပါသည်။ နံနက်ခင်း နှင်းမှုန်ကလည်း မပြယ်သေးသဖြင့် လည်းကောင်း၊ လယ်ကွင်း ပြင်ကြီးကလည်း ပြန့်ပြောလှသဖြင့် လည်းကောင်း မျက်စိတဆုံး မှုန်မှိုင်းပြန့်ပြူး နေသည်ကို ရှုမဝအောင် ငေးမောခဲ့ရပါသည်။

'ကိုအောင်တင့်၊ ဒီလယ်ကွင်းပြင်ကြီး တစ်ခုလုံးက လှတောကွင်းပြင်ကြီး ပဲလား။ သိပ်ကျယ်လှပါလားဗျ'

'ကျယ်ဆို မပြောနဲ့တော့ ဆရာ၊ လှတောကွင်းပြင်ဆုံးတော့ ဟိုဘက်မှာ စကြဝဠာတံတိုင်းပဲ ရှိတော့တာပဲ'

ကျွန်တော်သည် အံ့သြနေရာမှ ထိုစကားကြောင့် ပြုံးရပါတော့သည်။

## တံစဉ် အားနာသူ

ကန်ပေါင်ပေါ်မှ ဆင်းပြီး အနောက်မြောက်ဘက် လယ်ကွင်းထဲသို့ လျှောက်ကြပါ သည်။ ကိုက် ၈၀၀ လောက်၌ ကောက်ရိတ်အဖွဲ့တစ်ဖွဲ့ကို တွေ့ရပါသည်။





တစ်ဖွဲ့ဟုပင် ဆိုသော်လည်း ၃–၄ ယောက်သာ ရှိပါသည်။ စပါးခင်းမှာလည်း စပါးခင်း ခေါ်ရရုံသာ ဖြစ်ပါသည်။ ကောက်ပင်လေးတွေ ကျိုးတိုးကျဲတဲ၊ ရှိသည့် ကောက်ပင်များမှာလည်း ကြုံကြုံလိုလို သေးသေးကွေးကွေး၊ စပါးနှံမှာလည်း တိုနန့်နန့်၊ ကြဲတောက်တောက်၊ ပျိုးခင်းကျွတ်ကို စိုက်ကွက်လုပ်ထားသော စပါးခင်း ဖြစ်ဟန်တူပါသည်။

'ကိုအောင်တင့်ရေ၊ ကိုယ့်အခင်းမို့သာ ကိုယ်ရိတ်နေရတယ်၊ တံစဉ် ကိုတောင် အားနာသေးတယ်ဗျာ။ တကယ်တော့ ဇာဂနာနဲ့ပဲ နှုတ်ဖို့ ကောင်းပါ တယ်'

လယ်ခင်းရှင် ပြောလိုက်သောစကား ဖြစ်ပါသည်။

## ပေါင်းမြက် အဖျင်လား ခေါင်းထက် ဆံပင်လား

လယ်တောထဲ လျှောက်သွားကြရင်း ကိုအောင်တင့် ပြန်ပြောသော အသုံးအနှုန်း တစ်ခုကိုလည်း မှတ်သားခဲ့ရပါသည်။

စိုက်ခင်းသီးနှံများ ဖွံ့ထွားဖြစ်ထွန်းရန် ပေါင်းမြက်များကို ထွန်စဉ်ကပင် ရွေးချယ်သုတ်သင် ကြရပါသည်။ ထွန်စာ ထယ်စာတို့အောက်၌ မြုပ်ပိနေသော ပေါင်းမြက် အမှိုက်သရိုက်များကိုလည်း ထိုးကော် တူးနှိုက် ရှာဖွေ ရှင်းလင်းကြ ရပါသည်။

မပြား၏ ယာခင်း၌ ပေါင်းမြက်များ ကောက်ယူရှင်းလင်းကြစဉ်က ဖြစ်သည်ဟု ဆိုပါသည်။

မပြား။ 'ဟဲ့ ကောင်မတွေ၊ အပေါ်ယံလေးတွေချည်း သယ့်မနေကြနဲ့ဦး၊ အောက်ကိုလည်း နက်နက်ထိုးနှိုက် ရှာကြပါဦးဟဲ့'

ငြိမ်း။ 'အလိုလေး အေရယ် နက်နက်ပြောလွန်းလို့ ထိုးရ နှိုက်ရတာလဲ မပြောပါနဲ့တော့၊ မြက်မှိုက်မှတ်လို့ ဆွဲလိုက်ပါတယ်။ ဒု–သ– န–သောရဲ့ ဆံပင်တွေ ပါလာတော့တာပါပဲ' ဟူ၏။

(ဒု–သ–န–သော တို့သည် လောဟကုမ္ဘီငရဲ၌ ငရဲခံနေကြရသော သူများ ဖြစ်သည်ဟု ဆိုပါသည်။)

## ဝိရူရ ဘဝ

ရွှေပန်းကုံးရွာဘက် သွားသော ကားလမ်းသည် တောလမ်းဖြစ်သည့် အလျောက် ကြမ်းလည်းကြမ်း၍ ကျဉ်းလည်း ကျဉ်းလှပါသည်။ ငကုံး ငကျင်း အကွေ့ အကောက် များသလောက် လမ်းဘေးနှစ်ဘက်၌ ဆူးပင်၊ ချုံဖုတ်ပင်၊ သစ်ကိုင်း သစ်ခက်များကလည်း မလွတ်မကင်း ဖြစ်နေသည်။ ကားကြပ်လွန်းသဖြင့် ဖြစ်သလို တွဲခို လိုက်ရသူတို့အဖို့ အလွန့်အလွန် ဒုက္ခရောက်ကြရသည် ဆိုပါသည်။ ကျွန်တော်သည် ကိုအောင်တင့်၏ လုပ်ငန်းနှင့် ပတ်သက်၍ စပ်စုမိပါသည်။

'ခင်ဗျား ရွှေပန်းကုံးသွားတော့ ကားနဲ့ သွားသလား'

'ကားနဲ့လည်း သွားတဲ့အခါ သွားပါတယ်။ စက်ဘီးနဲ့ သွားတာက ပိုများပါတယ်'

'ဘာဖြစ်လို့ ကားနဲ့ အသွား မများတာလဲ'

'ဆရာနှယ် ဒီလမ်းကို ကားနဲ့ သွားရတာကတော့ ဟိုဟာနဲ့ တိုက်၊ ဒီဟာနဲ့ ငြိ၊ ဟိုဟာနဲ့ဆောင့်၊ ဒီဟာနဲ့ ရိုက်နဲ့ ဗျာ။ ဝိရူရအမတ် တောင်စောင်းနဲ့ တိုက်နေတဲ့ အတိုင်းပါပဲ။ ဘယ်သွားချင်ပါ့မလဲ ဆရာ'

## နင်လားဟဲ့ ဓားပြ

ဒီဇင်ဘာ ၁၆ ရက် ည ခုနစ်နာရီခန့်က ယင်းတောရွာအနီးရှိ ကျေးသီးကုန်းရွာ ဦးနီ၏ အိမ်ကို ဓားပြတိုက်ပါသည်။ ရွာသားများ၏ စည်းလုံးညီညွတ်မှု၊ ရဲရင့် တက်ကြွမှု၊ ပါးနပ်လိမ္မာမှုတို့ကြောင့် ဓားပြအားလုံးကို အလောင်းအဖြစ် ရမိ လိုက်ပါသည်။

လုံခြုံရေးတပ်သားတစ်ဦးသည် ထိုအရေးအခင်း၌ ပါဝင်ဖမ်းဆီးရသူ





တစ်ဦး ဖြစ်ခဲ့ရာ ယခု ကျွန်တော်တို့ရှိရာ သက်သာဆိုင်တွင် ထိုသူက ဖောက်သည် ချနေပါသည်။ သူ၏ ပြောဖြချက်အရ ဓားပြများကို တိုက်အိမ်ထဲ၌ ပိတ်မိထား ကြသည်။ ဓားပြများသည် ပြေးပေါက်မရသောအခါ မြင်မြင်ရာကို ရမ်းပစ်သဖြင့် သူ နှစ်ရွယ် မိန်းကလေးတစ်ယောက် အပါအဝင် သုံးယောက် ထိမှန် သေဆုံးရရှာ ပါသည်။ ခံပြင်း နာကြည်းနေပြီဖြစ်သော ရွာသားတို့သည် ခုခံနေသည့် ဓားပြ များကို ရဲနှင့်ပူးပေါင်းကာ ဝင်ရောက်တိုက်ခိုက် ထိုးခုတ်ကြရာ ဓားပြငါးယောက်လုံး အတုံးအရုံး သေဆုံးကုန်လေတော့သည်။

လုံခြုံရေးတပ်သား ရှင်းပြနေစဉ်မှာပင် လှုတောသားတို့က ဝင် ဝင် ပြောတတ်ကြပါသည်။

'ဓားပြသာဆိုတယ် လက်နက်က တပ်ရင်းတစ်ရင်းစာလောက် ရှိတယ်ဆို ဟုတ်လား'

'တပ်ရင်း တစ်ရင်းစာ မကလို့ နှစ်ရင်းစာရှိတော့လည်း ဘာမှုရမလဲ။ အခု ရွာသားတွေက ဝိုင်းပြီး ခုတ်ထစ်ပစ်လိုက်ကြတာ တိုက်ပေါ်မှာ အမဲကုန်စည်ဒိုင် ခင်းထားတဲ့အတိုင်းဆို မဟုတ်လား'

## မျိုးဆန်ချင်ဖွယ်

ဒီဇင်ဘာ ၂၀ ရက်နေ့က ဖြစ်သည် ထင်ပါသည်။ မောင်မြင့်သိန်း မန္တလေးက ပြန်ရောက်လာပြီဟု သိရသဖြင့် ကျွန်တော်သည် သက်သာဆိုင်မှ ထကာ အနီးရှိ မောင်မြင့်သိန်းတို့၏ ပွဲရုံသို့ သွားပါသည်။ မောင်မြင့်သိန်းနှင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရပါသည်။

ကျွန်တော်နှင့် မောင်မြင့်သိန်း စကားပြောနေစဉ် မောင်မြင့်သိန်း၏ မိခင် ဒေါ်ငွေကြင်က ဈေးဝယ်တစ်ဦးနှင့် စကားပြောရင်း အရောင်းအဝယ် လုပ်နေပါ သည်။ မောင်မြင့်သိန်းကလည်း တစ်ခါတစ်ခါ အရောင်းအဝယ်ကိစ္စတွင် ဝင်ရောက် ပြောဆိုတတ်ပါသည်။

ချေးဝယ်။ 'ဒီတစ်ခါ နှမ်းဖတ်က လတ်ကော လတ်ကြရဲ့လားရှင်'

မောင်မြင့်သိန်း။ 'လတ် မလတ် မေးနေရသေးလား။ ကြည့်ပါဦး၊ နှမ်းဖတ်ပြ ဆီမြုပ်တောင် မသေသေးဘူး'

ချေးဝယ်။ 'အေး ပြောတော့ဖြင့် ဆီမြုပ် မသေသေးဘူး၊ မသေသေးဘူ အရင်တစ်ခါ နှမ်းဖတ်တုန်းကဖြင့် အောက်စော် နံလှ နွားတွေတောင် ပျို့အန်ကုန်သေးတယ်'

## ဘာလဲဟဲ့ လောကဓံ

မောင်မြင့်သိန်း၏ ဖခင် ဦးသောင်းဟန်သည် ကူးသန်းရောင်းဝယ်ခြင်းဖြင့် အသ မွေးနေသူပီပီ မန္တလေးနှင့် လှတောကို ရေအိုးနှင့် ရေမှုတ်လို ကူးချေ သန် လုပ်နေရသည်။

ဦးသောင်းဟန်သည် တစ်နေ့တွင် လှတောသို့ မပြန်နိုင်တော့သ မန္တလေး မင်းကွန်းတိုက်၊ အောင်သပြေကျောင်း၌ပင် တည်းခိုနေလိုက်သည ဦးသောင်းဟန်သည် စကား မပြော ဘာမပြောနှင့် လက်ဖက်ရည်သောက်လို ဆေးလိပ်ကြီး ခဲနေလိုက်၊ တွေငေးငေးကြီးနေလိုက် လုပ်နေသည်ကို ဦးဇ ကိုရင်များက သတိထားထား မိလာကြသည်။ အချိန်တော်တော် ကြာလာသေ အခါ ဦးဇင်းလေးတစ်ပါးက မေးကြည့်လိုက်သည်။

'ဘယ်လိုလဲ ဦးသောင်းဟန်ရဲ့၊ စဉ်းစားလှုံချည့်လား'

'စဉ်းစားရတယ် ကိုယ်တော်၊ လောကဓံကို ဘောကန်သလို ကန် အောင် စဉ်းစားရတာပေါ့ ဘုရား'

## ကားသမားတို့ သဘောထား

လှတောရွာ၌ လယ်ရိတ်သိမ်းချိန် ဖြစ်သဖြင့် နံနက်လင်းသည်နှင့် တစ်ပြိုင် လယ်သမားတို့သည် လယ်ထဲ ဆင်းသွားကြပါသည်။ ထို့ကြောင့် ရွာထဲ၌ လူဝေး ဖြစ်ခဲ ရှိခဲလှသည်။ ကျွန်တော်ရောက်စဉ်၌ လူစုလူဝေးကို တ





မတွေ့ခဲ့ရသေးပါ။ ကျွန်ရစ်သူအချို့သာ သက်သာဆိုင်ဘက်သို့ ရောက်မရောက် သာတတ်ကြပါသည်။

သက်သာချောင်ချိရေး လက်ဖက်ရည်ဆိုင်သည် ကားဆိပ်နှင့်လည်း နီး၊ ဈေးနှင့်လည်း နီး၊ လမ်းဆုံလည်း ဖြစ်သဖြင့် လူမပြတ် ရှိနေတတ်ပါသည်။ ထို့ကြောင့် ကျွန်တော်လည်း အားအားရှိတိုင်း ယင်းဆိုင်သို့ ရောက်ရောက်နေတတ် ပါသည်။

ရွှေဘို–မန္တလေးကားများသည် ကားတိုင်းလိုလိုပင် သက်သာဆိုင်ရှေ့ လာရပ်တတ်ပါသည်။ ကားသမားတို့မှာလည်း ယခင်ကနှင့်မတူ၊ အထူး သွက် လက်ဖော်ရွေ ချိုသာနေသည်ဟု ကျွန်တော် ထင်မိပါသည်။ ကားတွေမှာလည်း သစ်လွင်လှပနေသည် ထင်ရပါသည်။ ထို့ကြောင့် ကျွန်တော် စကားစမိပါသည်။

'ရွှေဘိုကားတွေက ခုမှ ပိုသစ်လွင်နေပုံရတယ်။ လူလည်း ပိုချောင်နေ သလိုပဲ'

'ဟုတ်တယ်ဆရာ။ ရတနာပုံကားသင်း အသစ်တစ်ခု ထပ်တိုးလာလို့ အပြိုင်အဆိုင် ဖြစ်လာကြတယ်'

'ဒါဆိုရင် ခရီးသည်တို့အဖို့ ကံကောင်းတာပေါ့။ အရင်ကနဲ့စာရင် ပိုမို ချောင်ချောင်ချိချိ စီးရမှာပေါ့'

'သက်သာချောင်ချိရုံတင် မဟုတ်ဘူးဆရာ။ အရင်က ကားသင်း တစ်သင်း တည်း ရှိတာဆိုတော့ သိပ် မာကြောခက်ထန်တာပါပဲ။ ခမောက်ယူသွားတာတောင် မတင်နိုင်ဘူးဆိုပြီး ဖိနပ်နဲ့ ကန်ချတယ်။ အခုများဆိုရင် ထဘီထုပ် ယူသွားတာ တောင် ကလပ်နဲ့ ဆီးကြိုယူကြတယ်'

## မီးကြီးပြီ ဆိုမှဖြင့်

လက်ဖက်ရည်ဆိုင်ထဲ၌ ရောက်တတ်ရာရာ ပြောကြရင်း ကျွန်တော့်စာအုပ် အကြောင်းလည်း ပြောမိကြပါသည်။ ယင်းစာအုပ်ကို ဖတ်ဖူးသူ ခရီးသွားတစ်ဦးက ဝင်ပြောလာပါသည်။

'အဲဒီစာအုပ်ထဲမှာပေါ့၊ ဝက်လက်လောင်တဲ့ မီးဟာ ကြီးလွန်းလို့ ညကြီး ...ခေါင် လှတောာသူတွေ ထပြီး သန်းရှာနေကြတယ်ဆိုပဲ။ ဒီလိုဆိုရင် မီးက ...ရာကြီးလို့နဲ့ တူပါရဲ့'

'အလိုလေးဗျာ၊ ဝက်လက်လောင်တဲ့ မီးက ဘာဟုတ်သေးလို့လဲ။ စစ်ကိုင်း ...လောင်တဲ့ မီးကမှ လ ကို ကြွတ်ခိုးမှိုင်း စွဲသွားတာပဲ'

ဤသို့ ပြောလိုက်သူမှာ ဦးစစ် ဖြစ်ပါသည်။

## ရေနွေးကြမ်းလား ရေအေးချမ်းလား

...ဖက်ရည်သောက်ပြီးတိုင်း ရေနွေးကြမ်းကို သောက်တတ်ကြပါသည်။ ထို့ ...ကြောင့်ပင် သက်သာလက်ဖက်ရည်ဆိုင်၌လည်း အကြမ်းအိုးများ အစီအရီ ခတ်ပြီး ...းပွဲအသီးသီး၌ ချပေးထားပါသည်။ သို့ဖြစ်လင့်ကစား လူငယ်တစ်ဦးသည် ...ိုအောင်ကြည်ကို လှမ်းတောင်းနေပါသည်။

'ဗျို့ ကိုအောင်ကြည်၊ ရေနွေးကြမ်းအသစ် ခတ်ပေးပါဦးဗျ'

'အဲဒီကရား အခုတွင်ကမှ ခတ်ပေးထားတာပဲ။ အပူကြီး ရှိပါလိမ့်ဦးမယ်'

'အလိုလေး ဒီကရားတော့ စောင်သာ ထူထူခြုံပေးထားကြပါဗျို့။ ...ော်ကြာ အအေးပတ်ပြီး အဖျားတက်တော့မှာပဲ'

ရေနွေးအိုး အေးနေသည်ကို ဆိုလိုခြင်း ဖြစ်ပါသည်။

## နှစ်ခွဲတွဲ ရက်ခွဲတူ

ကျွန်တော်တို့ စကားပြောနေကြစဉ် ကားပေါ်မှ သတင်းစာလိပ်ကြီး လှမ်းပေး ...လိုက်ပါသည်။ သတင်းစာလည်း အမျိုးစုံသည့်ပြင် စောင်ရေလည်း တော်တော် ...များပါသည်။ သူတစ်စောင် ငါတစ်စောင် ကောက်ကာငင်ကာ ဆွဲယူဖတ်ရှု ...ကြပါသည်။ ကျွန်တော်လည်း တစ်စောင် ဆွဲကြည့်လိုက်ပါသည်။ ထိုသတင်းစာမှာ ...ထိုနေ့ရက်စွဲ သတင်းစာပင် ဖြစ်နေသည်ကို တွေ့ရပါသည်။





'ဩ သတင်းစာက နေ့ချင်းရောက်သကိုး'

'ဟုတ်ကဲ့ဆရာ'

'ဒါဖြင့် လှတောာက ဘယ်ဆိုးလို့လဲ။ သတင်းဦး သတင်းဖျား ... သိရတာပေါ့နော်'

'နေ့စွဲသာ တူနေတာပါ ဆရာ၊ သက္ကရာဇ်က ကွာပါတယ်' ဟု ပြော... ပါသည်။

**[ ဤစကားကို ရုတ်တရက် နားလည်ကောင်းမှ လည်ပါမည်။ ယခင်နှစ်က သတင်းစာ ယခုနှစ် (တစ်နှစ်တိတိပြည့်) မှ ရောက်လာသည်ဟု ဆိုလိုခြင်း ဖြစ်ပါ သည်။ အမှန်မှာ ဤမျှထိ နောက်ကျတတ်သည် မဟုတ်ပါ။ အလွန်အကျူး ပြော တတ်သည့် ဝသီကြောင့်သာ ဤသို့ ပြောခြင်းဖြစ်ပါသည်။ ]**

## အလင်္ကာ ကုန်ကြမ်း

ဝက်လက်–လှတောာ ကားလမ်းသည် လှတောာရွာသားတို့ စကားလင်္ကာ ... လုပ်ရာ ကုန်ကြမ်းကြီး ဖြစ်ပါသည်။ ထိုလမ်း၌ ကားစီးသွားပါလျှင် 'ကျေ... မျိုသွားရင်တောင် အစာကြေလိမ့်မယ်'ဟု ပြောဆိုရသည့်လမ်း ဖြစ်ပါသည်။

ကျွန်တော်သည် ဝက်လက်ကို သွားလိုသဖြင့် လမ်းအခြေအနေကို ... ကြည့်မိပါသည်။

'ဝက်လက်ကားလမ်းက ပြင်ပြီးကြပြီလား'

'အတော်အသင့် ပြီးနေပါပြီ'

'ဒါဖြင့် အရင်ကလောက်တော့ ဆိုးမှာ မဟုတ်ဘူးပေါ့နော်'

'မထူးလှပါဘူး ဆရာ'

'နည်းနည်းလောက်တော့ သက်သာလာတယ် မဟုတ်လား'

'အလိုလေး ဆရာရယ် မထင်လိုက်ပါနဲ့။ ဒီလမ်း ကားစီးရတာ ...ဏာမငြိမ်လိုက်ပုံကတော့ ကျောက်ပြင်ပေါ် သနပ်ခါး သွေးနေရတဲ့ အတိုင်း ...

## ဝက်လက် ထွက်ကုန်

ကျွန်တော်သည် ဒီဇင်ဘာလ ၂၂ ရက်နေ့လောက် ဝက်လက်သွားဖို့ အစီအစဉ် ရှိပါသည်။ ရောက်တုန်းရောက်ခိုက် ဝက်လက်ထွက်ကုန် ဆန်းဆန်းပြားပြားလေး များ ရှိလျှင်လည်း ဝယ်ဖို့ စိတ်ကူးမိပါသည်။ ထို့ကြောင့် ကိုကျီးညိုကို မေးမြန်း ကြည့်မိပါသည်။

'ကိုကျီးညို၊ ဒီရာသီ ဝက်လက်မှာ ဘာတွေ ပေါသလဲဗျ'

'ဝက်လက်မှာလား၊ ဒီရာသီမှာတော့ ခရမ်းချဉ်သီးနဲ့ အစည်းအဝေးပဲ ပေါပါတယ် ဆရာ။ ဘခြားဟာဆိုရင် လေတောင် ဝအောင် ရှူရမှာ မဟုတ်ပါဘူး'

'ဘာဖြစ်လို့လဲဗျ'

'ရှိသမျှ လေတွေက လုတော ရောက်ကုန်လို့ပေါ့ ဆရာ' တဲ့။

လုတောသားများ လေပေါတတ်ပုံ ပါအောင်လည်း ဆွဲထည့်ပြောသွားခြင်း ဖြစ်ပါသည်။

## သက်သာဆိုင်က လက်ဖက်ရည်

ဦးဘိုပျံသည် သက်သာလက်ဖက်ရည်ဆိုင်ထဲ ဝင်ရောက် နေရာယူပြီးသည်နှင့် မရှေးမနှောင်းမှာပင် လှမ်းမှာလိုက်ပါသည်။

'လက်ဖက်ရည်တစ်ခွက်၊ နံပြားတစ်ခုဟေ့'

ဤတွင် ဦးစွန်က ဝင်မေးလိုက်ပါသည်။

'နံပြားက တစ်ခုတည်းလားဗျ'

'တစ်ခုတည်းပေါ့ကွ။ နှစ်ခုလောက် မှာမိရင် လက်ဖက်ရည်က ပျားရည် ရလျှက်သလို လက်နဲ့ တို့လျက်ရလိမ့်မယ်'

လက်ဖက်ရည် အလွန်နည်းသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ နံပြားကို လက်ဖက်ရည်နှင့် တို့၍ စားတတ်ကြရာ လက်ဖက်ရည် နည်းလွန်းသဖြင့် မတို့လောက် ဖြစ်မည်ဟု အဓိပ္ပာယ်ရပါသည်။





## လေယာဉ် အရသာ

...ကျိုးကျော်ခင်သည် ရန်ကုန်ကို မလာဖြစ်ခင်က အသွား၌ ရထားနှင့် သွားပြီး ...၌ လေယာဉ်စီးဖြစ်အောင် စီးပြီး ပြန်လိုက်မည်ဟု အားခဲထားသည်။ ယင်း ...ထားသည့် အကြံကိုလည်း အကြောင်းဆုံသဖြင့် ဦးကျော်စိန်အား ဖွင့်ဟ ...ကြားလိုက်မိသည်။ ထိုအခါ ဦးကျော်စိန်က ဤသို့ ပြန်ပြောလိုက်ပါသည်။

'အလိုလေး ဆရာရယ်၊ လေယာဉ်တော့ မစီးချင်ပါနဲ့။ လေယာဉ် စီးရ ...က ကြောင် ပုဆိုးနဲ့ထုပ်ထားသလို ဘာမမြင်ရ ညာမမြင်ရနဲ့၊ မွန်းနေမှာပါ'

## ရွှေဝါဆပ်ပြာ

...ညနေ၌ ကျွန်တော်တို့သည် ထုံးစံအတိုင်း သက်သာလက်ဖက်ရည်ဆိုင် ...မှာပင် စကားစမြည် ပြောနေကြပါသည်။ တစ်ချိန်တွင် အသက် ၁၄-၅ နှစ် ...လောက် မိန်းကလေးတစ်ဦးသည် နီးတောင်းလေး ခေါင်းထက်ရွက်လျက် ...ထဲ ဝင်လာပါသည်။ စားပွဲတစ်ခု၌ နီးတောင်းကိုချကာ အထဲမှ ပစ္စည်းများကို ...ခုချင်း ထုတ်နေပါသည်။ ဒေါ်အုန်းကြည်နှင့်လည်း ပါးစပ်က တတွတ်တွတ် ...ပြောနေပါသည်။ ဆရာအုန်းလည်း မိန်းကလေး၏ ဆပ်ပြာခဲကို ကိုင်ကြည့်ရင်း–

'ဟဲ့ သိန်းကြည်၊ ဒီဆပ်ပြာခဲက ဆိုင်က ထုတ်လာတာလား'

'မဟုတ်ရပါဘူး ဆရာကြီးရယ်၊ အပြင်က ဝယ်လာတာပါ'

'ဆိုင်က ဘာလို့ မဝယ်ရတာလဲ'

'ဆရာကြီးရယ်၊ ဆိုင်က ဆပ်ပြာကဖြင့် ရွှေဖရုံသီးပြုတ်လောက်တောင် ...တာမဟုတ်ဘူး ဆရာကြီး' တဲ့။

## ကျိုးငှက်နှင့် စီးကွက်

...ယ်သမားများသည် လယ်ကွင်းသို့ နေ့စဉ် ဆင်းနေကြသဖြင့် ကျွန်တော့်မှာ ...ယ်သမားတို့နှင့် စကားပြောခွင့် မရသေးပါ။ အထူးသဖြင့် စကားပြောကောင်း

သူတို့နှင့် ကြုံခွင့် ဆုံခွင့် မရသေးပါ။ ထို့ကြောင့် အားမလို အားမရ ဖြစ်နေပါ
သည်။

တစ်ခါသ၌ ကိုတိုးစိန်ကို လမ်းပေါ်တွင် ရိပ်ခနဲ မြင်လိုက်ရသည်။ ကိုတိုးစိန်ကို လိုက်ခေါ်ဖို့ မောင်စံရွှေအား လွှတ်လိုက်ပါသည်။ မောင်စံရွှေ ပြန်လာသော်လည်း ကိုတိုးစိန်ကား ပါမလာပါ။ ကိုတိုးစိန် ပြောလိုက်သော စကား သာ ပါလာပါသည်။

'အလိုလေး မောင်ရာ၊ မင့်ဆရာက ခေါ်ပေမယ့် မလာရဲသေးပါဘူး၊ ညက ဖဲရှုံးထားလို့ ကြွေးရှင်တွေက ဇီးကွက်ကို ကျီးငှက်တွေ ဝိုင်းသလို တောင်း ရှာကြလို့ သစ်ခေါင်းထဲပဲ အောင်းနေစမ်း ပါရစေဦး' တဲ့။

## ဦးလူထွေနှင့် သားလူထွေ

ဆရာအုန်း၏ ဖိတ်ကြား စီမံပေးချက်အရ ဦးချစ်စွန်ကို သက်သာဆိုင်၌ တွေ့ခွင့် ရပါသည်။ ဦးချစ်စွန်သည် ပုံတိုပတ်စ မှတ်တတ်ပြောတတ်သူ ဖြစ်သည်။ တစ်ဇာတ်ပွဲတွင်ဇာတ် ကောင်းသူဖြစ်သည် ဟု ပြောကြသည်ကို ကျွန်တော် မကြာခဏ ကြားထားပါသည်။ သို့ဖြစ်သဖြင့် ဦးချစ်စွန်နှင့် တွေ့ရသည်ကို နှစ်သက်ဝမ်းမြောက် နေပါသည်။ ခဏထိုင်မိလျှင်ပင် ဆရာအုန်းက တောင်းဆိုပါတော့သည်။

'ကဲ ဦးချစ်စွန် လုပ်စမ်းပါဦး'

'ဒီလို တစ်ထိုင်တည်းပြောလို့ ရခဲပါတယ် ဆရာ'

'မှတ်မိသလောက် ပြောပေါ့ဗျာ'

'မှတ်မိတာတွေလည်း ကြာတော့ မေ့ကုန်တာပါပဲ'

'ဦးလူထွေအကြောင်း ပြောပြလိုက်လေကွာ' အဘိုးကြီးတစ်ယောက်က ဝင်ထောက်ပါသည်။

'ဟုတ်ကဲ့၊ ဦးလူထွေဆိုတာ လူက ဆိုးပေမယ်လို့ စကားပြောတော့ ကောင်းသဗျ။ ဦးလူထွေရဲ့သား ကိုဖိုးမှတ်ကလည်း အပြောကောင်းတာပဲတဲ့' ဟု အစချီကာ ဤသို့ ပြောပြပါသည်။





### သားတော် လုဒ္ဒက

ဦးလူထွေ၏ မိတ်ဆွေ စဥ့်ပါရွာသားတစ်ယောက်သည် တစ်နေ့ ဦးလူထွေအိမ်သို့ ရောက်လာသည်။

'ရောက်တုန်းရောက်ခိုက် စကားလည်း ပြောရအောင် ထမင်းစားပြီးမှ ပြန်တာပေါ့ကွာ'

ဦးလူထွေသည် မိတ်ဆွေဧည့်သည်ကို ဖိတ်မန္တကပြုပြီး သား မောင်ဖိုးမှတ်ကိုလည်း ဟင်းချက်စရာ စီမံခိုင်းလိုက်လေသည်။ သို့သော် အချိန် ကြာညောင်း သည့်တိုင်အောင် ဟင်းလျာက ဖြစ်မလာသေး။

'ဟဲ့ ဖိုးမှတ်၊ မင်း ကြက်သတ်တာကလည်းကွာ သုဘဒ္ဒါမိဖုရား ဆောနုတ္တိုရ် မုဆိုးကို ဆဒ္ဒန်ဆင်မင်း သတ်ခိုင်းရသထက် ကြာပါသေးလားကွာ'

'အလိုလေးဗျာ၊ အဖေကပြောတော့ လွယ်လိုက်တာ။ အဖေ့ ကြက် ရိုက်လိုက်ပုံကလည်း မယ်ဂမ္ဘီသမင်မ အလောင်းတော်ရာမ လိုက်နေရသထက် ဆိုးသေးတယ်'

'ကြက်ရိုက်လို့ ဟုတ်မှာ မဟုတ်ပါဘူး။ မင်းလေးကိုက အလုပ်ဖြစ်ပြီး ဘဲထီးကြီးရဲ့ ပစ္စည်းလို ပျော့နှဲ့နှဲ့ကြီး ဖြစ်နေတာကိုးကွ'

'ဘယ်ဟုတ်ရမှာလဲ အဖေရ၊ သေချာ ကိုင်ကြည့်စမ်းပါဦး။ လေးကဖြင့် သိဟိုဠ်ကျွန်းက ဘီလူးတွေ ခွင်းတဲ့ ဝိဇယမင်း လေးထက်တောင် သာသေးတယ်'

**(လေး – ဆိုသည်မှာ လောက်စာထည့်၍ ပစ်ရသော ဝါးကိုင်း လက်နက်တစ်မျိုး ဖြစ်ပါသည်။)**

သားနှင့်အဘ အားကျမခံ အချီအချ ပြောပြီးကြပြီး အရေးမလှသဖြင့် ဧည့်သည်အား အလျဉ်းသင့်ရာ ဟင်းဖြင့်ပင် ကျွေးမွေးရလေတော့သည်။

'ကဲ သူငယ်ချင်း၊ ရှိတာနဲ့ပဲ သုံးဆောင်ပေတော့ကွာ၊ မြက်မြက်ကလေး စားရအောင် ကြက်လုပ်ခိုင်းတာကလည်း ကြက်က လွတ်သွားလေတော့ မင်း စားရကံ နည်းတာပေါ့ကွာ'

သားဖြစ်သူက မီးဖိုချောင်ထဲမှ ဧည့်သည် မကြားလောက်အောင် ပြော လိုက်သေးသည်။

'စားရက်နည်းဆို မိတ္တဝိန္ဒက ဝင်စားထားတာမှန်းမှ မသိဘဲ' ဟူ၏။

**(မိတ္တဝိန္ဒက–ဆိုသည်ကား တောကျောင်း ရဟန်းဘဝတစ်ခု၌ ရဟန္တာတစ်ပါး၏ စားဖွယ် လာဘ်လာဘအပေါ် မနာလိုဝန်တို ပြုမိသဖြင့် ဘဝပေါင်း မြောက်မြားစွာ၌ တစ်နပ်တလေ မျှ ဝလင်အောင် မစား မသောက်ရရှာသော လောသကတိဿ မထေရ်လောင်းပင် ဖြစ်ပါသည်။)**

## မျက်နှာ ပျက်ရပုံ

ဦးလူထွေးသည် ဧည့်သည်မိတ်ဆွေအား မျက်နှာလုပ်ချင်မိ၍ကာမှ အဆင်မပြေ ရသည့်အထဲ သား၏ မချေမငံ စကားများကြောင့် စိတ်မကောင်း ဖြစ်နေလေသည်။ ဧည့်သည် ပြန်သွားသောအခါ သားကို အပြစ်တင်ဖို့ စ လိုက်သည်။

'ဖိုးမှတ်ရာ၊ မင်းပြောပုံက ဘာကောင်းသလဲကွာ။ ငါဖြင့် မျက်နှာ ပျက်လိုက်ရတာ၊ ဓာတ်ပုံ ကြောင်ကုတ်ခြစ်ထားတဲ့ အတိုင်းပါပဲ'

'ပျက်မနေပါနဲ့ အဖေရာ၊ သူ့ထိုက်နဲ့ သူ့ကံပါ။ ဟင်းကောင်း မကျွေး လိုက်ရတာပဲ ကောင်းတောင်းတောင်းပါ။ သူ့ ချက်ကျွေးရရင် ကြက်ဆိုတာ မပြောနဲ့၊ ပုဂံဖျက်တဲ့ ငှက်ကြီး ချက်ကျွေးရင်တောင် ဝမယ့်ဧည့်သည်မျိုး မဟုတ်ဘူး။ ပဲဟင်းချက်တောင် တစ်ခွဲတစ်တင်းချက် ကုန်မယ့်ပုံမျိုး။ ဗိုက်ကြည့်ရတာကိုက ဧေ…သလမင်းဗိုက် ငှားလာသလား အောက်မေ့ရတယ်'

## မယုံပါနဲ့

လှတောရွာ ဘာသာရေး အဆောက်အအုံတစ်ခု ပြင်ဆင်ရန် အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းကြသည်။ ယင်းအဖွဲ့အစည်းသည် တာဝန်ယူလိုက်သည်နှင့် တစ်ပြိုင်နက် ဥပုသ်သည် အများရှေ့မှာပင် သစ္စာစိဋ္ဌာန် ဆိုကြသည်။ သူတို့အဖွဲ့ သစ္စာစိဋ္ဌာန်





…ဆိုသည်ကို အသက်ကြီးနေပြီဖြစ်သော ဒေါ်ကြည်ရှင်သည် မသဲမကွဲ ကြား …ရသည်။

'ဟဲ့ ဒီအသံတွေက ဘာသံတွေလဲဟဲ့။ ဘာလုပ်နေကြတာတဲ့တုံး'

'အဆောက်အအုံ ပြုပြင်ရေးအဖွဲ့က သစ္စာဓိဋ္ဌာန် ဆိုကြတာတဲ့လေ'

'သစ္စာဓိဋ္ဌာန် ဆိုရအောင် ဘယ်သူတွေ ဘယ်သူတွေ မို့လဲကွယ့်'

'ဦးဖြူရယ်၊ ဦးနီရယ်၊ ဦးကြောင်ရယ်၊ ဦးကျားရယ်' စသဖြင့် နာမည်များကို …ပြလိုက်သည်။

'အလိုလေး ဒီလူတွေတဲ့လား။ ဒီလူတွေသာ ဆိုရင်တော့ သစ္စာဓိဋ္ဌာန် …သို့ ရွှေတိဂုံဘုရား ချိုချဉ်လို ငုံထားပြီး ပြောတောင် မယုံကြနဲ့' ဟူသတည်း။

## သဘာပတိ

…ရွာအုပ်စုများမှ လယ်သမားကောင်စီ စုပေါင်းစည်းဝေးပွဲကြီးကို လှတောရွာ၌ …င်းပခဲ့က ဖြစ်သည်။ အစည်းအဝေး သဘာပတိအဖြစ် သစ်ပုပ်ကန်ကျေးရွာမှ …ထွန်းစိန်ကို တင်မြှောက်ကြသည်။

ဦးထွန်းစိန်သည် အလုပ်ကိုသာ ကြိုးစားလုပ်တတ်သူဖြစ်လျက် လူထဲ …၌ စကားပြောလိုသူ မဟုတ်၊ ပြောဖူးခြင်းလည်း မရှိခဲ့။ သို့သော် အများ၏ …ောင်းပန်ချက်အရ သဘာပတိအဖြစ် ဆောင်ရွက်ရင်း အမှာစကား ပြောကြား …တော့သည်။ အလေ့အကျင့် မရှိသဖြင့် လည်းကောင်း၊ စီစဉ်ပြင်ဆင်မှု …သဖြင့် လည်းကောင်း ချောချောမောမော မပြောနိုင်ခဲ့ရှာပေ။

အစည်းအဝေးကို တစ်ထောင့်တစ်နေရာမှ ကြည့်နေကြသူ လှတောရွာသူ …တို့က အစည်းအဝေး ပြီးသောအခါ ဤသို့ ပြောကြသည် ဟူ၏။

'ဦးထွန်းစိန့် စကားပြောတာက တောထွက်ကိုရင်ကြီး စာထစ်နေတာနဲ့ …က်ပါဘိတော့ကွာ'

'တုန့်နေပုံကလည်း မနဲ့လေး ငှက်ဖျားတက်နေတဲ့ အတိုင်းပဲ'

'သောက်လိုက်ရတဲ့ ရေကလည်းတော် ကူဘိုတာပိုက် ပါးစပ်ထဲ တပ်ထား ရမယ့် အတိုင်းပါပဲ'

## ပွဲပေးရချေပြီ

၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့ ဖြစ်သည်။ ယနေ့ပါဆိုလျှင် လှတောသို့ ကျွန်တော် ရောက်နေသည်မှာ ၈ ရက်ပင် ရှိလေပြီ။ သို့သော် လူစုလူဝေး ပွဲကြီး ပွဲကောင်းဟူ၍ တစ်ပွဲတစ်လမ်းမှ မဆုံဆည်းရသေးပေ။ လယ်သမားတို့သည် နေထွက်နေဝင် လယ်ကွင်းပြင်၌သာ အချိန်ကုန်နေကြရသည်။ စကားအရေးထက် စပါးအရေးကို ဦးစားပေးနေကြရသည်။

သူတို့ကား စပါးလိုချင်သူ၊ ကျွန်တော်ကား စကားလိုချင်သူ၊ သူတို့အတွက် ပေါ်တုန်းပေါ်ခါ ဖြစ်သော်လည်း ကျွန်တော့်အတွက် ရှားတုန်းရှားခါ ဖြစ်တော့သည် ဟု ဆိုရတော့မည် ထင်၏။

လူစုလူဝေးဖြစ်နိုင်ရန် ကျွန်တော့်မိတ်ဆွေများက တွေးတောကြံဆနေကြ သည်။ သို့တိုင်အောင် လှတောသားတို့၏ နှုတ်ဝသီကို သိပြီးသူများ ဖြစ်ကြသည့် အလျောက် တကူးတကန့် ဖိတ်ခေါ်ဆုံစည်းမှုမျိုးကိုလည်း မလိုလားခဲ့ကြ။ တကူး တကန့် ဆုံစည်းပေးလျှင် လှတောသားတို့သည် အမ်းနေကြသဖြင့် စကား ဆွဲ့အ နေတတ်သောကြောင့် ပင်တည်း။

မည်သို့ပင်ရှိစေ ဤသို့ ဆုံစည်းပေးရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့ပြီ။ ဦးလေး ဦးလှထွန်းကလည်း ဤသို့ပင် ပြုလုပ်ရန် တိုက်တွန်းနေ သာမက ကျွန်တော်တို့ကိုလည်း ထမင်းကျွေးမည်။ ပရိသတ်ကိုလည်း သူကပင် ဖိတ်ခေါ်မည်။ သူ့အိမ်တွင် လွတ်လွတ်လပ်လပ် ဆုံစည်းနေစေမည်ဟု စီမံ စိုင်းပြင်းလေတော့သည်။ ကျွန်တော်တို့အားလုံးသည် ဦးလေးထွန်း၏ အစီအမံကို လက်ခံကြရတော့သည်။

ည ၆ နာရီခန့်၌ ဆရာအုန်း၊ ကိုကျိုးညို၊ ကိုအောင်တင့်တို့နှင့်အတူ





ဦးလေးထွန်း၏ အိမ်သို့ သွားကြပါသည်။ ဦးလေးထွန်း၏အိမ်မှာ ကျယ်ကျယ် ဝန်းဝန်း ရှိသလောက် စိုစိုပြည်ပြည်လည်း ရှိသဖြင့် နေချင်စဖွယ် ကောင်းလှပါ သည်။ ဦးလေးထွန်းကိုယ်တိုင်က စိတ်အေးချမ်းသာမှုကို အစဉ်ရှေးရှုသူဖြစ်သဖြင့် အိမ်ဝိုင်းမှာ သာယာသလောက် နေရာထိုင်ခင်းများလည်း သပ်ယပ်လှပေသည်။

ကျွန်တော်တို့ ရောက်ရှိပြီး မရှေးနှောင်းမှာပင် ဦးချစ်စွန်လည်း ရောက်လာ ပါသည်။ ဦးချစ်စွန်က ခရီးရောက်မဆိုက် 'မအိပ်ရတာလည်း နှစ်ညတိုင်တိုင်ရှိလို့ မျက်စိတွေလည်း ဖန်ခါးသီး ခတ်ထားသလို ဖန်တွတွ ဖြစ်နေတော့တာပဲ'ဟု အစပျိုးလိုက်ပါသည်။

## မတည့် အတူနေ

ထမင်းပွဲတွင် ဟင်းခွက်တွေမှာ စုံလည်း စုံလင်၍ ဖွယ်လည်း ဖွယ်ရာလှပါသည်။ သို့ရာတွင် ထမင်းမှာမူ ဖြူဖြူစင်စင်၊ စင်းစင်းကော့ကော့ မရှိလှဘဲ ညိုညစ်ညစ် ဖြစ်နေသည်ကို တွေ့ရသည်။ ထမင်းကိုမြင်လျှင် ကိုကျိုးညိုက 'ဖိုးထွန်းလေးရဲ့ ထမင်းက ဘာဆန်နဲ့ ချက်ထားလို့တုန်း။ တယ်မဖြူပါလား'ဟု မေးသောအခါ ဦးလေးထွန်းက 'အေးကွယ့်၊ ဆန်ကလည်း သိပ်မကောင်း၊ ဆန်ဟောင်းလည်း ဖြစ်ပြန်၊ စားကောင်းအောင်ဆိုပြီး အုန်းထမင်းအဖြစ် အုန်းနို့ နိုင်နိုင်နဲ့လည်း ချက်ထားတာဆိုတော့ အမြင်သိပ်မလှဘူးကွ'

'အလိုလေး ဖိုးထွန်းရာ ဒီဆန်နဲ့ အုန်းထမင်းချက်တာကတော့ တရား သူကြီးနဲ့ ရာဇဝတ်သား လက်ထိပ်နဲ့ တွဲထားသလို ဘယ်ကြည့်ကောင်းတော့ မလဲဗျာ'တဲ့။

## မောင်တင့်တယ် ကယ်တော်မူပါ

ကျွန်တော်တို့ ထမင်းစားနေကြစဉ် နောက်ထပ်လည်း သုံးလေးယောက် ဝင်လာ သည်ကို သတိထားမိပါသည်။ သူတို့အချင်းချင်း စကားပြောနေကြသော်လည်း

ကျွန်တော်တို့ ထမင်းဝိုင်းနှင့် အတန်ငယ်လှမ်းနေသဖြင့် ဘာပြောသည်ကို ကြားနိုင်ခွင့် မရှိတော့ပါ။ ကျွန်တော်တို့ ထမင်းစားပြီးသဖြင့် ထမင်းပွဲသိမ်းသွား လှတောသားတစ်ယောက်သည် အုန်းလာမင်းကို ဝင်မြည်းဟန် တူပါသည်။ သူပြန် ထွက်လာသောအခါ 'ထမင်းကလည်း မာလိုက်တာ အခုကတည်းက ကျော စရစ်ခဲ ဖြစ်နေပြီ။ ည ၈ နာရီကျော်မှ စားရင် မောင်တင့်တာယ် ဘယ်တူနဲ့ ခွဲစား လိမ့်မယ်'ဟု ပြောလိုက်ပါသည်။

'တူနဲ့ ခွဲရတာကတော့ ဟုတ်ပါပြီ။ ဘာပြုလို့ ဘယ်တူ၊ ညာတူရယ်လို့ သီးခြား ခွဲပြောရပါသလဲ'ဟု ကျွန်တော် စုံစမ်းကြည့်သောအခါ မောင်တင့်ယံ ဘယ်တူခွက် ၅၀၊ ညာတူခွက် အစိတ် ကိုင်သောကြောင့် ဤသို့ သုံးသည်ဟု သိရပါသည်။

## ဖွက်ပေါက်ကုန်ပြီ

နောက်ထပ်လည်း သုံး လေးယောက် ဝင်လာကြပြန်ပါသည်။ အော်ကျယ် အော် ကျယ်လည်း ပြောလာကြပါသည်။ ခွေးကလည်း ဆီးဟောင်နေပါသည်။ ဝင်လာ သူများအနက်–

'ခွေးကြည့်ပါဦး။ ဒီခွေး ကိုက်လိုက်ရင် ဂျီသရီးနဲ့ ပစ်ဖုံ့ထားသလို နေလိမ့်မယ်' ဟု ပြောသူက ပြော။

'ဒီခွေးကျားက ပခုံးဖက်ပြီး မျက်နှာကိုမှ ကိုက်တတ်တာ'ဟု ဆိုသူက ဆို

'မောင်အောင်တင့်က အမြန်လာခဲ့ရမယ်ဆိုလို့သာ ထ လာခဲ့ရတာ လက်လည်း မဆေးခဲ့ရသေးဘူး။ ထမနဲ့အိုး ထိုးတဲ့ ယောင်းမလို ဖေ့နေတာပဲ ညည်းသူက ညည်းနေကြပါသည်။

ထိုသူများမှာ ကိုခင်မောင်လတ်၊ ကိုပြေအေး၊ ကိုတရုတ်ကြီးတို့လူသိုက် ဖြစ်ပါသည်။ ကွပ်ပျစ်ကြီးပေါ်၌ ထိုင်မိကြသည်နှင့် ဤသို့ ပြောဆိုနေကြသည်ကို ကြားရပါသည်။





'အမှောင်ကြီးထဲ စမ်းတဝါးဝါး လာရလို့ ဒုက္ခရောက်နေရတဲ့အထဲ ကိုလွန်းခင်က အမှုသည် စစ်သလို စစ်နေလိုက်တာ ဖွက်ကို ပေါက်နေတာပဲ'

'မေးတာ ချက်ချင်း မဖြေလို့တဲ့ဗျာ၊ ဟိန်းလိုက် ဟောက်လိုက်တာက လည်း ကန်တော့ပွဲ အဝေမတည့်တဲ့ ဘုန်းကြီးနှစ်ပါး ကမ္ဗဝါ ဖတ်နေတဲ့အတိုင်း ပါပဲ'

'ကျုပ်တို့က သွားနိုင်ပြီ အောက်မေ့လို့ ထွက်လာခဲ့ပါတယ်။ ခပ်ဝေးဝေး ရောက်မှ နောက်က လှမ်းခေါ်လို့ ကျုပ်တို့ နှစ်ယောက်က ပြိုင်တူ လှည့်ကြည့် မိကြတယ်။ အလိုလေးဗျာ လူ နှစ်ယောက် နံဖူးချင်းရိုက်လိုက်တာကလည်း ကိုရင် နှစ်ပါး သပိတ်ချင်း ကိုင်ပေါက်သလို မှတ်ရတယ်၊ ခွပ်ခနဲ နေတာပဲ'

သူတို့ ပြောစကားများကို နားထောင်နေကြသူတို့သည် သဘောကျ ရယ်မောနေကြပါသည်။

## ဗိုလ်ဝင်ခဲ့ပြီ

ဦးလေးရင်တို့ သားအဖတစ်စုနှင့် ဦးချစ်တုတ်တို့ အဖွဲ့လည်း ရှေ့စဉ် နောက်ဆက် ဝင်လာကြသဖြင့် ကွပ်ပျစ်ကြီးမှာရော၊ မီးဖိုဆောင်မှာပါ ပြည့်သလောက် ဖြစ်နေပါပြီ။ ကိုအောင်တင့်သည် ရောက်ရှိပြီးသူများနှင့် ကျန်နေသေးသူများကို မေးမြန်းကြည့် ရင်း စိစစ်နေပါသည်။ သူပေးသော စာရင်းအရ ယခု ရောက်ရှိနေသူများမှာ–

ဦးဘရင်၊ ဦးဘယူ၊ ဦးချစ်ခွန်၊ ဦးချစ်တုတ်၊ ဆရာအုန်း၊ ကိုတိုးစိန်၊ ကိုခင်မောင်လတ်၊ ကိုကျော်သောင်း၊ ကိုပြေအေး၊ ကိုတရုတ်ကြီး၊ ကိုလှထွန်း၊ ကိုငွေသိန်း၊ ကိုအောင်မြင့်၊ ကိုချိုပြုံး၊ မောင်စံငွေတို့အပြင် ဆရာဦးခင်မောင်ကြည် (ရွှေပန်းကုံး) ပါ ရှိနေပါသည်။ ဦးလေးထွန်းတို့ အိမ်သားတွေရော ကျွန်တော် ပါဆိုလျှင် ပရိသတ်မှာ နှစ်ကျိပ်လောက်ပင် ရှိနေပေပြီ။ နောက်မှ ရောက်လာသူ တစ်ဦးက 'အလိုလေး ကနေ့ည ပရိသတ်ကတော့ တယ်စုံပါလား' ဟု ဟစ်ကြွေး လိုက်သဖြင့် ဦးချစ်ခွန်က–

'ကနေ့ည ပရိသတ်ကထော့ အလောင်းဘုရား ဦးအောင်ဇေယျ ဗိုလ်ဝင်ခံနေတဲ့ အတိုင်းပေါ့ မောင်ရာ့'ဟု နှိုင်းခိုင်းလိုက်ပါသည်။

## မျက်ခြည် ဖြတ်နိုင်သူ

ရောက်လာသူများထဲတွင် ကိုပြေဒွေးတစ်ယောက်ကို မမြင်မိသဖြင့် ကိုအောင်တင့်က 'ကိုပြေဒွေးတစ်ယောက် မလာပါလား။ ဘယ်များ ရောက်နေပါလိမ့်မလဲ'ဟု မေးရာ ကိုပြေအေးက–

'ဒီအချိန် ပြေဒွေး တွေ့နိုင်ဖို့ကတော့ သံလိုက်နဲ့ လိုက်ထောက်ရှာတောင် တွေ့မှာ မဟုတ်တော့ဘူးကွ'တဲ့။

## ညစ်၍ မရသောအဆီ

ဦးလေးထွန်းနှင့် အဖွဲ့က ပရိသတ် သွေးပူလာစေရန်၊ လျှာသွက်လာစေရန် မန္တလေး အိုးဗရန်ဒီဖြင့် မြှိုက်ပေးနေပါသည်။ အဖော်အဖက်များလည်း ထည့်ပေးလိုက်ပါသေးသည်။ သို့သော် အရက်မှာ အတော်ပေါ့နေသည် ဆိုပါသည်။ အတု ဖြစ်နေပုံရပါသည်။ ထို့ကြောင့် ပရိသတ်ထဲမှ 'ခင်ဗျားတို့ တိုက်တဲ့ မိုးရေတွေကလည်း သန့်ပုံ မရပါဘူးဗျာ။ ရှိန်းခိုဇော် နံသလိုလိုပါပဲ' ဟု ဆိုလိုက်သဖြင့် ရယ်လိုက်ကြပါသေးသည်။

ဦးလေးထွန်း၊ ဦးလေးယူ၊ ဆရာအုန်း၊ ကိုအောင်တင့်နှင့် ကျွန်တော်တို့ တိတ်တဲဆိတ် တိုင်ပင်ပြီး ကျွန်တော်တို့၏ ရည်ရွယ်ချက်ကို မရိပ်မိစေရန် သိုသိုသိပ်သိပ် စီမံထားသော်လည်း ပရိသတ်သည် များသောအားဖြင့် သိနေကြ၊ ရိပ်မိနေကြဟန် တူပါသည်။ အာသွက်၊ လျှာထက်လာစေရန် စီမံထားသော်လည်း အာမသွက်၊ လျှာမထက် လာသေးပါ။ ခပ်အမ်းအမ်း ဖြစ်နေကြပုံ ရပါသည်။ ထို့ကြောင့်ပင် သူတို့အချင်းချင်း 'ပြောကြပါ၊ ပြောကြပါ'ဟု ခဏခဏ တိုက်တွန်းနေကြပြန်ပါသည်။ တစ်ယောက်ကမူ–





'လူတောသားကို ဒီလိုနည်းနဲ့ အနိုင်ကျင့်လို့ကတော့ လမ်းကြိတ်စက်နဲ့ ကြိတ်ညှစ်တောင်မှ ထွက်မှာ မဟုတ်ဘူး'ဟု ဆိုလာပါတော့သည်။

မိမိတို့ သဘာဝအလျောက် အကြောင်းဆိုက်လာမှသာလျှင် စကားက အလိုလို ထွက်လာတတ်ပါသည်ဟု အားလုံးကပင် ဆိုနေကြသဖြင့် ကျွန်တော်တို့ "လုပ်ကြံပွဲ" ကြီးကို ရပ်ဆိုင်းပစ်ရတော့မလိုပင် ဖြစ်နေပါသည်။ သို့သော် လာရောက်နေသူတို့ကပင် ကျွန်တော့်ကို အားနာနေသဖြင့် ဖြစ်ညှစ်ပြောကြဖို့ မထတမ်း ပေထိုင်နေကြပါသည်။

## ကြွက်၏ တန်ဆာ အလင်္ကာ

ထိုသို့ အေးစက်စက်ကြီး ဖြစ်နေကြစဉ် ကြွက်တစ်ကောင်သည် လူကြားထဲ၌ တိုးဝင်ပြေးလွှားနေသဖြင့် ဖယ်သူဖယ်၊ ဖမ်းသူဖမ်း လုပ်ကြပါသေးသည်။ ဤကြွက်သည် စကားဆက်ပေးသော အရာဟု ဆိုရပါတော့မည်။

တစ်ဦး။ 'ကြွက်ကတော့ တယ်ပေါတာပဲ။ ကျုပ်တို့အိမ်မှာလည်း ဟိုဟာချီ ဟိုဟာဆွဲနဲ့ ကြွက်တွေ ကြွက်တွေ ဆိုတာများ ထောက်ခံဆန္ဒပြပွဲမှာ အလံတွေ ထမ်းလာတဲ့ လူတန်းကြီး မှတ်ရလောက်ပါပေတယ်'

တစ်ဦး။ 'အေးကွာ၊ ငါတို့အိမ်လည်း ကြွက်တွေ ပေါလွန်းလို့ ကြွက်သတ်ဆေး လိုချင်နေတာ၊ ဘယ်များ ရနိုင်မတုန်း'

တစ်ဦး။ 'အလကားဗျာ။ ကြွက်သတ်ဆေးသာ ဆိုရတယ်၊ ဘာမှလည်း အာနိသင် မရှိဘူး။ ကျုပ်တို့အိမ်က ကလေးတွေ လျက်ဆားလုပ် လျက်မိတာ ဘာမျှ မဖြစ်ဘူး။ လေကလေးတောင် လည်ဖော် မရဘူး'

ဤမှ ပရိသတ်သည် သူသူငါငါ ဝင်၍လည်း ပြောလာကြပါသည်။ ရယ်ရယ်မောမောလည်း ဖြစ်လာကြပါသည်။

တစ်ဦး။ 'ငါတို့အိမ်မှာလည်း စပါးထည့်ဖို့ ပုတ်ကလေးတစ်လုံး နံချိုး (နွားချေး) သုတ်ထားပါတယ်။ ညကျရင် ကိုက်လိုက်ကြတာ တဒေါက်ဒေါက်နဲ့၊ တရုတ်ပေသီး တွက်နေတယ် မှတ်ရတယ်'

တစ်ဦး။ 'အိမ်ကြွက်သာဆိုတယ် ကျွဲလောက်နီးနီး ရှိနေတာဗျ'

တစ်ဦး။ 'ကြီးလိုက်ပုံကတော့ ပြောမနေနဲ့၊ စစ်ကိုင်းတံတားတိုင်တော တစ်နေ့ ကိုက်ဖြတ်ပစ်လိမ့်မယ်'

## လောင်စာတုံး

ရာသီကား တဖြည်းဖြည်းနှင့် အတော်အေးလာပြီ။ ကွပ်ပျစ်ကြီးပေါ်က အစုနှင့် စားပွဲဝိုင်းက အစုတို့သည် အရက်ဖြင့် အအေးဒဏ်ကို ခုခံနေကြသလို ကျွန်တော် တို့ အစုကား မီးဖိုကြီးဖြင့် အအေးဒဏ်ကို ခုခံနေပါသည်။ သို့သော် တစ်ခါတစ်ရံ ထင်းမကောင်းသဖြင့် မီးဖိုကြီးမှာ မီးခိုးတွေ ထွက်ထွက် လာတတ်ပါသည်။

'ထင်းကလည်း နဘဲသားတွေများ ဖြစ်နေသလား။ မီးကို ကောင်းကောင်း မတောက်ဘူး'

'မင်းတို့ မဆိုက်တတ်လို့ပါ။ နဘဲသားက ဆိုက်တတ်ရင် ခာတ်ဆီ မီးဆိုက် ရသလို မြိုက်ခနဲ မြိုက်ခနဲ နေအောင် တောက်တာကွ' တဲ့။

## တရုတ်ကြီးလား၊ ငှတ်ကြီးလား

ကျွန်တော်တို့ မျှော်လင့်ထားသလောက် စကားမှာ မသွက်ဘဲ အေးစက်စက်ကြီး ဟာတာတာကြီး ဖြစ်ဖြစ်နေတတ်ပါသည်။ သူတို့ကိုယ်တိုင်ကလည်း အားမရ အားမရ ဖြစ်နေဟန် တူပါသည်။ 'ဒီလို "လုပ်" ယူတာမျိုးကျတော့ တယ် မလွယ်ဘူး' ဟု ကျွန်တော့်အား တောင်းပန်သည့် သဘောမျိုးဖြင့် မကြာခဏ ပြောနေကြပါသည်။ သို့တိုင်အောင် သူတို့အချင်းချင်းလည်း 'ပြောကြပါ'ဟု တိုက်တွန်းချည်း နေကြပါသည်။





သို့ရှိစဉ် ကိုတရုတ်ကြီး၏ကျောကို လက်သီးနှင့်ထုလျက်–

'စကားပြောဖို့ ခေါ်လာပါမှပဲ၊ တရုတ်ကြီးတို့များ ရှားနှစ်ငှတ် အာခေး ထည့်ထားတဲ့အတိုင်း ခလုပ်တိုက်လို့တောင် ဒုတ်ဒုတ်မြည်ဖော် မရတော့ဘူး' တဲ့။

## ငှတ်ကြီးတော့ ဘီးမကျော်

တစ်ခါတစ်ရံတော့လည်း သူတို့ကိုယ်တိုင် စကားထွင် မရသောအခါ မှတ်မိဖူးသည် များကိုပင် ပြန်ပြောပြတတ်ကြပါသည်။ ရွှေပန်းကုံး ဆရာ ဦးခင်မောင်ကြည် ကလည်း မှတ်ထားခဲ့ဖူးသော အသုံးတစ်ခုကို ပြန်ပြောပြတတ်ပါသည်။

လှတောသားတစ်ယောက်ဟာ ရှိမ်းမကားရွာကို လှည်းနဲ့ သွားသတဲ့။ ဂက်လက်မြို့ အရှေ့ဘက်ရောက်တော့ သရိုင်ရွာက လှည်းတစ်စီးနဲ့ တွေ့ကြသတဲ့။ တွေ့တဲ့နေရာကလည်း လမ်းကြား လမ်းကြပ် ဖြစ်နေလို့ တစ်ဦးနဲ့တစ်ဦး ရှောင်ပေးဖို့ တောင်းပန်နေကြသတဲ့။ နောက်ဆုံးတော့ သရိုင်က ဝန်လေးနဲ့ ဖြစ်နေတာမို့ လှတောသားကပဲ အလိုက်တသိ ရှောင်ပေးလိုက်သတဲ့။ ရှောင်လိုက်စဉ်မှာပဲ ဘီး တစ်ဖက်က ငှတ်ကြီးတစ်ခုနဲ့ ဝင်တိုက်လို့ လှည်းကို စောင်းသွားတာပဲတဲ့။ ဒီတွင် မှာပဲ လှတောသားက–

'ဟ လိုလေးလေးဟဲ့ ကြီးလိုက်တဲ့ ငှတ်ကြီးကလည်း မြင်းမိုရ်တောင်ထိပ် ဝင်တိုက်လိုက်ရသလိုပါပဲ' ဟု ပြောလိုက်ပါတဲ့။

## အလုပ်မရှိ အလုပ်ရှာ

အခြားတစ်ဦးကလည်း ဦးဖိုးကြာ ပြောခဲ့သည့် ဟာသတစ်ရပ်ကို ပြန်ပြော ပြပါသည်။

တစ်ခါက မမွကထိက ဦးလှသိန်းကြီး လှတောကို ရောက်လာသတဲ့။ 'ဖိုးလေးကြာ (ဦးဖိုးကြာ)တို့ လုပ်ငန်းကိုင်ငန်းလေးများ အဆင်ပြေကြပါရဲ့လား။ အခု ဘာတွေများ လုပ်နေကြတုံး' တဲ့။

'ဘာလုပ်ငန်းမှ ရေရေရာရာ မရှိလှပါဘူး ဆရာကြီးရယ်။ အလုပ်မရှိလို့ ရှိတဲ့အလုပ် ဖိလုပ်ပြန်တော့ စားအိုးသာ ကြီးကြီးလာတော့တာပါပဲ' လို့ ဖြေလိုက်သတဲ့။

ဖိုလေးကြာရဲ့ အဖြေစကားကြောင့် ဦးလှသိန်းမှာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရသတဲ့။

## သီပေါအာဏာ

ည ရှစ်နာရီနီးပါး ရှိနေပြီ ထင်ပါသည်။ ကျီးကန်ဘက်ဆီမှ အသံချဲ့စက် ဖွင့်သံ သဲ့သဲ့ ကြားရပါသည်။ သဲ့သဲ့ပင်ဆိုသော်လည်း ဖွင့်နေသော ဓာတ်ထုတ်မှာ သီပေါမင်းနှင့် စုဖုရားလတ်တို့ ဓာတ်လမ်းဖြစ်ကြောင်း သိနိုင်ပါသည်။ "စုရေ စုရေ"ဟူသော အသံကို ကြားကြားနေရပါသည်။ ဤဓာတ်လမ်းကို ဤဒေသ တစ်ဝိုက်၌ နားထောင်ဖူးနေကြပြီ ဖြစ်ဟန်တူပါသည်။

တစ်ယောက်က ပြောလိုက်သည်ကတော့–

'ဒီဓာတ်ထုပ် နားထောင်ရမှပဲ သီပေါမင်းရဲ့ အာဏာဟာ ရွာဆော်ကံ့ရဲ့ အာဏာလောက်ပဲ ရှိပါလားလို့ ရိပ်မိတော့တယ်' ဟူ၏။

## မျက်စဉ်း ခတ်တာလား

စကားဝိုင်းသည် ပြတ်တောင်း ပြတ်တောင်းမျှသာ ရှိပါသည်။ စိုစိုပြည်ပြည်ကြီး ဖြစ်မလာပါ။ တစ်ခါတစ်ရံလည်း သူတို့အချင်းချင်းတော့ ပြောဆို ရယ်မော တတ်ကြပါသည်။ ဘာပြော၍ ဘာဆိုနေသည်ကို ကျွန်တော်တို့ မသိရပါ။ ထို့ကြောင့် ဦးချစ်စွန်က–

'မင်းတို့ဟာကလည်း တသောသောသာ ဖြစ်နေတယ်။ ဘာပြောလို့ ဘာ ဆိုမှန်းလည်း မသိဘူး။ ကုလားဓာတ်ပြား နားထောင်နေရသလိုပဲ' ဟု ပြောပါ သည်။ ထိုစဉ် တစ်ယောက်က ဤသို့ ညည်းတွားလိုက်ပြန်သည်။





'အရက်ကလေး မျက်စဉ်းခတ်သလောက်နဲ့တော့ ဘယ်ကလာ စကား ထွက်လာပါတော့မလဲ။ အရက် ၉ မောင်းလောက် တိုက်လိုက်မှ နာဠာဂီရိဆင်ရဲ့ မာန်ဟုန်မျိုး တွေ့ရတော့မပေါ့' တဲ့။

## ရုပ ဖြဟ္မာတွေ

ဦးလေးယုသည် စကားသိပ်ပြောသည်ကို မတွေ့ရ။ အများပြောသည်ကိုသာ အကဲခတ် နားထောင်နေဟန် တူပါသည်။ ယခုကဲ့သို့ အေးဆေးတိတ်ဆိတ် နေသည်ကို အားမရ ဖြစ်လာဟန် တူပါသည်။ ထို့ကြောင့် ဤသို့ ကောက်ချက် ချလိုက်ပါသည်။

'ရှင်းရှင်းပြောရရင် မင်းတို့ကို ခေါ်လာတာက စကားပြောဖို့ ခေါ်လာတာ။ မင်းတို့ လုပ်နေကြပုံကတော့ ရုပဗြဟ္မာတွေ ဘိန်းမှိန်းနေကြတဲ့အတိုင်းပဲ'

ဦးလေးယု စကားကို သဘောကျသဖြင့် ရယ်ကြပါသည်။

**(ရုပဗြဟ္မာများသည် ရုပ်ကာယသာရှိပြီး နာမ်မရှိသဖြင့် စကားမပြောနိုင်ဟု ဆိုပါသည်။)**

## ကားတင်စရာ စကားအလင်္ကာ

အရက်ပြတ်သွားသဖြင့် ကိုအောင်တင့် တစ်ခေါက် ပြေးရပြန်ပါသည်။ ဦးချစ်စွန် သည် အရက်မသောက်သဖြင့် မုန့်ကိုသာ စားနေပါသည်။ ဦးချစ်စွန် မုန့်စား နေသည်ကို သတိထားမိဟန် တူပါသည်။ တစ်ယောက်က–

'ဟလိုလေးဗျာ၊ လေးစွန်ကလည်း စကားဖြင့် ပြောဖော် မရဘူး၊ ရေမုန့် (မုန့်ကြာလိပ်) ကို တဝ တပြဲ စားနေလိုက်တာကတော့ သေတ္တာထဲ ခြင်ထောင် ခေါက်သိပ်ထည့်နေတယ် မှတ်ရတယ်' တဲ့။ ဦးချစ်စွန်ကလည်း ချက်ချင်းပင် ပြန်ချေပလိုက်ပါသည်။

'ဟ ကလေးရ၊ ငါပြောခဲ့တာတွေကဖြင့် ဓိနတ္တပကာသနီကျမ်းလောက်

မကဲတော့ဘူး။ ဒီထက် ပြောရရင်တော့ အပြန်ခါ စကား ကားနဲ့ တင်ပြန်ရလိမ့်မယ်'

မှန်ပါသည်။ ဦးချစ်ခွန် ပြောပြခဲ့သည်မှာ မနည်းတော့ပါပေ။ ကျွန်တော်တို့ ထမင်း မစားခင်ကပင် သူတစ်ဦးတည်း ပြောခဲ့ပါသည်။ သို့သော် ဦးချစ်ခွန် ပြောခဲ့သည်များသည် အသုံးအနှုန်းကောင်း သဘောမျိုး မဟုတ်လှဘဲ ဟာသပါသော ဇာတ်ကွက်ဇာတ်လမ်းမျိုးသာ များပါသည်။ ဤအကြောင်းအရာများကို တစ်နေရာတွင် ဖော်ပြထားပါသည်။

## မကောင်းလို့သာပေါ့

မိမိတို့ ကြားဖူး၊ မှတ်ဖူးသည်များကို သတိရသလောက် ပြန် ပြောပြကြပြန်ပါသည်။

ဆေးမှူးက လူတောသား မိတ်ဆွေတချို့ကို ပျော်ပွဲစားအဖြစ် ဖိတ်ခေါ်ကျွေးမွေးလေသည်။ အစားအသောက်မှာ ထမင်းပင်ဖြစ်သည်။ သို့သော် ၁၃ ပိဿာကောင် ဝက်တစ်ကောင်ကို ကောင်လုံးကင် လုပ်ထားသည်။ ထိုအကင်ကို ထိုထမင်းပွဲ၏ သော့ချက်အဖြစ် သဘောထားကြသည်။ စားရာ၌လည်း မြိန်မြိန်ရှက်ရှက်လည်း ရှိခဲ့ကြသည်။ ပျော်ပွဲမှ ပြန်လာကြစဉ် ထမင်းပွဲအကြောင်း စားမြုံ့ပြန်လာကြသည်။ ထင်ကြေးအမျိုးမျိုး၊ ခံစားချက်အမျိုးမျိုး ပေးလာကြသည်။ တစ်ယောက်ကမူ 'မကောင်းလှပါဘူးကွာ'ဟု ပြောလိုက်သဖြင့် ကိုရွှေမန်းက ဤသို့ ပြောလိုက်သည် ဆိုပါသည်။

'အလိုလေးကွာ၊ ပြောတော့ မကောင်းလှပါဘူးတဲ့။ သူနဲ့ဝက်ကင် လုံးနေလိုက်ပုံကတော့ မယ်ဥ ကျားခဲနေတဲ့ အတိုင်းပဲ'

## ရေပေးပါဦး

ကိုအောင်တင့် ပြန်လာသောအခါ အရက် ပါလာပါသည်။ အရက် ရကြသောအခါ ရေထပ်တောင်းကြပြန်ပါသည်။ ယခင်ကလည်း ကိုအောင်တင့်ပင် နှစ်ခါ၊ သုံးခါ





ဆးခဲ့ရဖူးပြီ။ ခုတစ်ခါမူ ပြန်လာရသဖြင့် မောနေဆဲ ထပ်ခိုင်းပြန်သဖြင့် အောင့်သွားလေသလား မသိ။ ညည်းတွားလိုက်သည်ကား–

'ခင်ဗျားတို့ ဝအောင်သာ ရေခပ်ပေးရမယ်ဆိုရင် ဧရာဝတီမြစ်ကြီးတောင် ရေခမ်းတန့်တော့မှာပဲ' ဟူ၏။

စကားသာ မထွက်သော်လည်း အရက်ကတော့ ထွေနေပုံ ရပါသည်။ သွက်ရမည့် လျှာများသည် လေး၍ နေပါပြီ။ စကားခပ်ကြမ်းကြမ်းကလေးများပင် ထွက်ထွက်လာတတ်ပါသည်။ ဘယ်သူက ဘယ်လိုစ၍ ပြောကြသည်ကိုတော့ မသိ။ ကိုခင်မောင်လတ်တို့ဝိုင်းမှ စကားသံတစ်ခု ထွက်လာပါသည်။

'မင်းမိန်းမ မျက်နှာမြင်မှာများ ပူနေရသလားကွာ။ မျက်လုံးတစ်ချက် မြူးလိုက်ရုံနဲ့ ဗိုက်ထဲက ထွက်လာတာပါပဲ။ အံများ ကြိတ်လိုက်မယ်ဆိုရင် ကလေးကို ဂိုးဖမ်းသလို ဖမ်းယူရလိမ့်မယ်'တဲ့။

သူတို့အချင်းချင်း သဘောကျနေကြသဖြင့် တအုန်းအုန်း ရယ်နေကြပါလေတော့သည်။

## ရေနံ့ဆိ

ဦးလေးထွန်းသည် ကျွန်တော်တို့နှင့် ခပ်လှမ်းလှမ်း၌ မှန်မီးအိမ်တစ်လုံး ထွန်းထားပါသည်။ တစ်ယောက်က ထိုမှန်အိမ်ကို အပြစ်တင်လိုက်ပါသည်။

'မီးအိမ်ကလည်းကွာ လင်းလင်းကျင်းကျင်းလည်း မရှိဘူး။ ဆင်ရွေးစေ့တင်ထားသလို နီကြင်ကြင်နဲ့'

ထိုအခါ တစ်ယောက်က ဝင်ပြောလိုက်ပြန်ပါသည်။

'မီးအိမ်က နီတာလား၊ မင့်မျက်လုံးတွေက နီနေတာလား'

နောက်တစ်ယောက်က ဝင်ပြောပြန်သည်။

'အဲဒါ နှစ်ခုလုံး ဖြစ်နိုင်တယ်ကွ'

'မီးနီနေတာက ရေနံ့ဆိမကောင်းလို့ ဖြစ်ရမယ်၊ တို့အိမ်က ရေနံ့ဆိများ

ကျတော့လည်း ပိုးစုန်းကြူးတောင် အနားက ဖြတ်မပျံရဲဘူး၊ ထ ထ တောက်နေ
တဲ့။

## နီဂုံးချုပ် အိပ်ရေး

ညဥ့်ကား အလွန်နက်သေးသည် မဟုတ်သော်လည်း ရာသီကား အတော်ကြီး
အေးနေပါပြီ။ စကားမှာလည်း ရာသီနှင့်အတူ အေးနေပါပြီ။ ပြန်ချင်သော အသံ
များလည်း ထွက်စ ပြုလာပါပြီ။ ကျွန်တော်တို့ကလည်း ဤမျှ ဒုက္ခခံပြီး အကူအညီ
ပေးသည့်အတွက်၊ အကျိုးပြုပေးသည့်အတွက် ကျေးဇူးတင်နေကြပါပြီ။ အားလည်း
နာနေပါပြီ။ ဦးလေးထွန်း၊ ဆရာအုန်းတို့က ကျွန်တော့်ကိုယ်စား ကျေးဇူးတင်
စကား ဆိုပါသည်။

လူတောသားတစ်ယောက်က 'ကဲ ပြန်ဦးမှပဲ၊ လူက အိပ်ရေးဆတ်တာ
ဆိုတော့ စောစောအိပ်မှ။ အိပ်ရေး ဆတ်လိုက်ပုံက ခြေရင်း ပုရွက်ဆိတ် လမ်း
လျှောက်တာတောင်မှ လန့်နိုးတတ်တာ' ဟု ပြောလေလျှင်–

'အလိုလေးကွာ၊ ကြားသားမိုးကြိုး ပြောရေဦမယ်။ အိပ်ရေးကြီးပုံကဖြင့်
နားရွက် ကြွက်ကိုက်သွားတာတောင် မသိလိုက်တဲ့ ကောင်က' ဟု ချေဖျက်
လိုက်သဖြင့် နီဂုံးချုပ် ရယ်လိုက်ကြရပါသည်။

## ဦးချစ်စွန်

ဦးချစ်စွန်သည် အသက် ၅၀ ရှယ်ရှိ လူတောသားတစ်ဦး ဖြစ်သည်။ သန်းတောကြီး
ကုန်းရွာ၌ အိမ်ထောင်ကျသည်။ ပါတီကိစ္စများ၊ ကျေးရွာကိစ္စများကို တက်တက်
ကြွကြွ ပါဝင်လုပ်ဆောင်နေသူတစ်ဦး ဖြစ်သည်။ ဦးချစ်စွန်သည် လူတောသားပီပီ
အခိုင်းအနှိုင်း ကောင်းသည့်ပြင် အကြောင်းအရာတစ်ရပ်ကို ပုံဆောင်၍လည်း
ပြောပြတတ်သည်။ ပုံဆောင်မှုများမှာ သင်္ဘောဆရာတော် ဘုရားကြီး၏ စကား
များနှင့် တူလှပါသည်။ ဦးချစ်စွန်သည် တစ်ဏှပ္ပတ္တိဉာဏ် ထက်ရုံသာမက





အမှတ်အသားလည်း ကောင်းပုံရပါသည်။ ပြောရာ၌ လေအေးအေးဖြင့် ခပ်ချွဲချွဲ
ပြောတတ်ပါသည်။ နားထောင်၍လည်း ကောင်း၊ ဟာသလည်း မြောက်တတ်
ပါသည်။ ယခု ဖော်ပြမည့် ပုံဆောင်ချက်များသည် ဦးချစ်စွန်၏ ပြောပြချက်များ
ဖြစ်ပါသည်။

## ပုံပျက်ပန်းပျက် ကုသိုလ်

ဦးရဲစသည် မုန့်ပန်းကန်ကို ကိုင်လျက် ရွာဦးဘက် ထွက်လာရာ ဦးချစ်ဖိုးနှင့်
တွေ့လေသည်။

'မောင်ရဲစ၊ ဘယ်သွားမလို့လဲကွယ့်'

'ဘုန်းတော်ကြီးကျောင်း မုန့်သွားလှူမလို့ပါ'

'အင်း မုန့်လှူရင်တော့ (ပြဲ) ကုသိုလ် ရမှာပေါ့ကွာ'

ဦးချစ်ဖိုး၏ ရင့်သီးရိုင်းပျသော စကားကြောင့် ဦးရဲစမှာ အောင့်သွားသည်။
သို့ရာတွင် ကိုယ့်ထက် အသက်ကြီးသူဖြစ်သဖြင့် ဘာမျှ ပြန်မပြောလိုက်တော့ချေ။
ပြောပင် မပြောလိုက်သော်လည်း ရင်ထဲမှာမူ တနင့်နင့် ခံပြင်းနေရသည်။

ကျောင်းရောက်၍ ဘုန်းတော်ကြီးကို ကပ်ပြီးသောအခါ၌မူ ခံစားချက်ကို
မျိုသိပ် မထားနိုင်တော့သဖြင့် ဘုန်းတော်ကြီးအား ဦးချစ်ဖိုး၏ အသုံးအနှုန်းအတိုင်း
ရွတ်ဆို လျှောက်ထား တိုင်တန်းလိုက်လေတော့သည်။

'ဟဲ့ ရဲစရဲ့၊ ချစ်ဖိုးက ဒီအတိုင်းပြောတာ အမှန်ပဲလား'

'အမှန်ပါ ဘုရား။ မယုံရင် ခေါ်မေးပါ။ သူ ကျောင်းဝိုင်းပြင်ဘက်မှာ
ရှိပါလိမ့်ဦးမယ် ဘုရား'

ဘုန်းတော်ကြီးသည်လည်း ဦးရဲစကဲ့သို့ပင် ယင်းအသုံးကြောင့် အလိုမကျ
ဖြစ်သွားဟန် တူသည်။ ကျောင်းသားလေးတစ်ဦးအား ဦးချစ်ဖိုးကို အမြန်သွား၍
ခေါ်ခဲ့ရန် ခိုင်းလိုက်သည်။ ဦးချစ်ဖိုး ကျောင်းပေါ် ရောက်လျှင်ရောက်ချင်း–

'ဟဲ့ ချစ်ဖိုး၊ ရဲစကို နင် ဒီလို ပြောလိုက်တယ်ဆို။ ဟုတ်သလား'

'ဟုတ်ပါတယ် ဘုရား' ဦးချစ်ဖိုးကား ဦးချရင်း ဘာမျှ မမှုလေဟန် အေးအေးဆေးဆေးပင် ဖြေလေသည်။ ဘုန်းတော်ကြီးမှာမူ ဦးချစ်ဖိုး၏ အပြုအမူကြောင့် ပိုမို ခံပြင်းသွားပုံရသည်။

'နင်က ဘာသဘောနဲ့ ဒီလို မိုက်မိုက်ရိုင်းရိုင်း ပြောရတာလဲ။ အခု ရှင်းစမ်း'

'အရှင်ဘုရားတို့ စာတွေ ပေတွေထဲမှာ "ဒါန သတ္တော ဆကာမာဝစရေ" လို့ ဆိုတယ် မဟုတ်လား ဘုရား'

'အဲဒါနဲ့ ဘာဆိုင်လို့လဲ'

'ဒါနသတ္တော–အလှူပေးခြင်း၏ အစွမ်းသည်၊ ဆကာမာဝစရေ–နတ်ပြည်ခြောက်ထပ်သို့ ရောက်စေနိုင်၏လို့ အဓိပ္ပာယ်ရတယ် မဟုတ်လား ဘုရား'

'အေးလေ၊ အဲဒါဘာဖြစ်တုံး'

'နတ်ပြည်မှာဆိုရင် နတ်သား တစ်ယောက် တစ်ယောက်မှာ နတ်သမီး တစ်ဖက် ငါးရာဆိုတော့ မယား တစ်ထောင်ကြီးများတောင် ရှိတာမဟုတ်လား။ တပည့်တော် မယားတစ်ယောက်တည်း ရှိတာတောင် မိမွေးတိုင်း ဖမွေးတိုင်း မဟုတ်တော့ဘူး။ ကစဥ့်ကလျား ဖြစ်ကုန်ပြီ ဘုရား'

ဘုန်းတော်ကြီးမျက်နှာမှာ ဒေါသရောင် ပျောက်လျက်–

'ဟဲ့ ဒကာရဲ့စ၊ မနာနဲ့ဟဲ့။ သူပြောတာ ဟုတ်တယ်။ ဟုတ်နိုင်တယ် ကွယ့်'

'ဘယ့်နှယ့်လဲ၊ အရှင်ဘုရားဟာက ဟုတ်ရင်လည်း ဟုတ်တယ်။ ဟုတ်နိုင်ရင် ဟုတ်နိုင်တယ်လို့ ပြတ်ပြတ်မပြောဘူး' ဦးရဲစက လျှောက်လိုက်လျှင်–

'အလှူပေးခြင်းအစွမ်းဟာ နတ်ပြည်ရောက်စေတယ်ဆိုတာ ကျမ်းလာ စကားဖြစ်တယ်။ ဒါကိုတော့ ငါအသိဖြစ်လို့ ဟုတ်တယ်လို့ ပြောတာ။ ဒါပေမဲ့ ဟိုကိစ္စတော့ ငါကိုယ်၌က ဘုန်းကြီးဖြစ်နေတာဆိုတော့ မသေချာလို့ ဟုတ်နိုင်တယ်လို့ ပြောတာ'ဟု ရှင်းပြသောအခါ ဆရာတော်နှင့် ဒကာနှစ်ယောက်တို့သည် သဘောတူ ရယ်လိုက်ကြလေသတည်း။





## ဆားခါး ဖိုးနီ

ချစ်စွန်နှင့် အလွန်ရင်းနှီးသည့် သူငယ်ချင်း ကိုရွှေအုပ်တစ်ယောက်သည် ရာထူး လေးတစ်ခု ရထားသည်။ တစ်နေ့၌ ဦးချစ်စွန်သည် ထိုမိတ်ဆွေထံ အလုပ်သဘော ဆက်ဆံရန် ကိစ္စတစ်ခု ပေါ်လာသည်။ ဦးချစ်စွန်ကား ဝမ်းသာသွားသည်။ မိမိကိစ္စ အလွယ်တကူနှင့် ပြီးမြောက်သွားမည်ဟု ယုံကြည်ထားလိုက်သည်။

မိတ်ဆွေထံ ရောက်သောအခါတွင်မူ အလုပ်များနေသေးလို့ ဟု အကြောင်း ကြား ရက်ချိန်းသာ ပေးလိုက်သည်။ လိပ်ပတ်လည်အောင် စကားပင် ပြောခွင့်မရ။ ရက်ချိန်းရက်တွင် သွားသောအခါ၌လည်း စကားသာ ပြောခွင့်ရပြီး ကိစ္စကား ပြီးပြတ်ခဲ့။ ဦးချစ်စွန်၏ စိတ်တွင်မူ မိမိမိတ်ဆွေအပေါ် သံသယ ဝင်လာသည်။ ဘဝင်မြင့်သွားလေပြီဟု ထင်လာလေသည်။

နောက်တစ်ခေါက်တွင်မူ အေးအေးဆေးဆေး တွေ့ခွင့်ရလေပြီ။ ထို မိတ်ဆွေထံ၌ အခြား အသိတွေလည်း ရှိနေသည်။ ထို့ကြောင့် ဦးချစ်စွန်က ရင်တွင်း ကိန်းအောင်းနေသည့် သံသယအတိုင်း 'မင်းတို့ ရာထူးလေး မရသေးဘူး၊ ဆားခါး နီလို လုပ်ကုန်ပြီ'ဟု ဆိုလိုက်ရာ အသိများက 'ဘယ်လိုလဲဗျ။ ဆားခါး ဖိုးနီက ဘယ်လို လုပ်လို့လဲဗျ'ဟု အကင်းအကြပ် ပွဲတောင်းနေသဖြင့် ဤသို့ ဇာတ်ကြောင်း ပြန်လိုက်ရသည် ဟူ၏။

တောင်ဘက်လက်မှာ ဆားခါးဆိုသော ရွာတစ်ရွာ၌ ဖိုးနီဆိုသူတစ်ယောက် ရှိလေသည်။ ဆယ်အိမ်ခေါင်းတစ်ယောက် သေဆုံးသွားသဖြင့် သူကြီးက ဖိုးနီကို ခေါ်ပြီး 'မင်းကို ဆယ်အိမ်ခေါင်းရာထူး အပ်နှင်းလိုက်ပြီ'ဟု ပြောလေသည်။ နီသည် မိမိကိုယ်ကို အံ့အားသင့်သွားသည်။ သူကြီးအိမ်ဝင်းထဲက ထွက်မိလျှင်ပင် ျက်နှာ တင်းလိုက်သည်။ ရင်ကို ကော့လိုက်သည်။ လက်ကို ယခင်ကထက် မြောက်အောင် လွှဲလေသည်။ သို့သော် မျက်နှာကို ကြည့်ရသည်မှာ စိတ်ဆိုးလာသူ နှင့် ပိုတူနေသည်။

ဇနီးဖြစ်သူသည် ဖိုးနီကိုကြည့်ပြီး ကြောင်နေမိသည်။ အံ့အားသင့်နေသည်။ နီသည် မထိုင်ခင်ကပင် ဇနီးကို မကြည့်ဘဲ–

'ဟဲ့ ရှင်မ၊ ထမင်းပြင်လိုက်စမ်း'ဟု ခပ်မာမာ ခိုင်းလေသည်။

မိန်းမမှာ စဉ်းစားရ ကြပ်သွားသည်။ ယခင်က သူ့ဘာသာ ခူးစားပါလျက် ယခု ခူးခိုင်းရုံသာမက အသံကလည်း ပြင်းလှ ပြတ်လှသည်။ သူကြီးနဲ့ ဘာများ ဖြစ်လာပါလိမ့်။

ထမင်းခူးပြီး၍ ထမင်းစားပွဲထိုင်ရာ၌လည်း လက်ကို ဆန့်ထုတ် ဖြန့်ပေးလျက် 'ဟဲ့–ရေ'ဟု မယားအား လက်ကို ရေဆေးခိုင်းလိုက်သေးသည်။ ထမင်းစားပြီးသည့်တိုင်အောင် စကားမပြော။ မယားဖြစ်သူကမူ သောက်ရေ၊ လက်သုတ်ဝတ်များကို အသင့်စီစဉ်ထားလိုက်သည်။

ဖိုးနီသည် လက်သုတ်ပြီးသောအခါ၌လည်း တစ်စုံတစ်ရာ စကားမပြောဆိုဘဲ လက်ကို နောက်ပစ်လျက် အခေါက်ခေါက် အပြန်ပြန် လမ်းလျှောက်နေပြန်သည်။ တဖြည်းဖြည်းနှင့် မျက်ရည်များ တစိမ့်စိမ့်ကျလာသည်။

'သူကြီးက စော်ကားလွှတ်လိုက်လို့ ဖြစ်မှာပဲ'ဟု မယားက ယူဆပြီး–

'ကိုရင်နီ၊ ရှင့်ကို သူကြီးက စော်ကားလွှတ်လိုက်တယ် မဟုတ်လား။ ကျုပ် မခံဘူး။ ဆဲခွဲပစ်လိုက်မယ်'

'ဟဲ့ အမိုက်မ၊ ကျေးဇူးရှင်ကို မပြစ်မှားနဲ့'

'ဒါဖြင့် ခု ဘာဖြစ်လို့ မျက်ရည်တွေ ကျနေရတာလဲတော့်'

'ငါ ကောင်းစားလာတာ မိဘများ မြင်မသွားရရှာလို့ မိဘများ သတိရပြီး ဝမ်းနည်းလွန်းလို့ ဟဲ့'

'တော် ကောင်းစားလာတယ် ဟုတ်လား။ ဘာရာထူးများ ချီးမြှင့်လိုက်လို့လဲ'

'ဆယ်အိမ်ခေါင်း'

'မြတ်စွာဘုရား ကယ်တော်မူပါ။ လူကြားလို့မှ ကောင်းကြသေးရဲ့လား။ ငနီရေ၊ ဆယ်အိမ်ခေါင်းဆိုတာ သူကြီးခွေးတော့။ သူကြီး ခိုင်းဖတ်တော့'ဟု ပြောလိုက်သည်။





'မောင်ရင့်မလည်း သည်ရာထူးလေး ရတာနဲ့ ကိုယ့်ကိုယ်ကို ဝန်ရှင်တော်မင်းကြီးများ အောက်မေ့ပြီး ဘဝင်မြင့်နေသလား'ဟု ဦးချစ်စွန်က မေးလေရာ မိတ်ဆွေများက ရယ်မောကြသော်လည်း အဆိုပါမိတ်ဆွေကမူ မဟုတ်ရပါကြောင်း တောင်းတောင်းပန်ပန် ရှင်းပြနေသည် ဆိုပါသည်။

## ကြောင်ဝါ ဆုံးဖြတ်ချက်

တစ်နေ့တွင် လှတောရွာ၌ ဝါသနာပါသူ အချင်းချင်း စုပေါင်းပြီး ကျေးရွာလူမှုရေးကိစ္စတစ်ခု ဆောင်ရွက်ကြရန် တိုင်ပင်နေကြသည်။ လုပ်ငန်းနှင့်ပတ်သက်ပြီး စီမံချက်များ ရေးဆွဲ၊ တာဝန်အသီးသီး ခွဲဝေယူကြဖို့ အကြံဉာဏ်ပေးကြသည်။ ယခု တိုင်ပင်စည်းဝေးနေကြသူများသည် တကယ်တော့ ဝါသနာပါသဖြင့်သာ စိတ်အားထက်သန်နေကြသော်လည်း လုပ်ငန်းကိုမူ မကျွမ်းကျင်ကြပေ။ မကျွမ်းကျင်ကြသည့်အလျောက် စီမံလျာထား ထားပုံများမှာလည်း တလွဲတချော် ဖြစ်နေသည် ဆိုပါသည်။ အစည်းအဝေး မပြီးမီ ဦးချစ်စွန်သည် အစည်းအဝေးသို့ ရောက်သွားသည်။ ဝင်ထိုင်ရင်း အခြေအနေကို မေးစမ်းကြည့်သည်။ လုပ်ငန်းအတွက် လျာထားချက်သည် ရည်ရွယ်ချက် ပေါ်လာအောင် အကောင်အထည် ဖော်ပေးနိုင်မည် မဟုတ်သည်ကို သိလိုက်သည်။ ထို့ကြောင့် ဤသို့ ဝင်ပြောလိုက်သည်။

'ခင်ဗျားတို့ စီမံထားပုံကို ကြောင်ဝါစီမံချက်လို့ နာမည်ပေးရလိမ့်မယ်'

'ဘာဖြစ်လို့လဲ ဦးလေးစွန်ရဲ့'

'ဦးစံမြင့်နဲ့ သူ့ကြောင်ဝါလို ဖြစ်နေလို့ပါပဲ'

'ဦးစံမြင့်နဲ့ သူ့ကြောင်ဝါက ဘယ်လိုဖြစ်နေကြတာလဲ။ ဆိုစမ်းပါဦး'

ဦးစံမြင့်ဆိုတဲ့ အသက် ၇၀ ကျော် အဘိုးကြီးတစ်ယောက် ရှိသတဲ့။ အဘိုးကြီးဟာ ဆောင်းတွင်းကာလ မနက်စောစော ထ ထပြီး မီးလှုံလေ့ရှိသတဲ့။ တစ်နေ့တော့ ဦးစံမြင့်ဟာ အိပ်ရာက ကပျာကသီထ၊ မီးဖိုဘေး ကပိုကရို ထိုင်တဲ့ပြီး

မီးမွှေးနေသတဲ့။ ထုံးစံအတိုင်း ဦးစံမြင့်ရဲ့ ကြောင်ဝါကလေးကလည်း မီးဖိုတစ်ဖက်ဘေးက ဦးစံမြင့်နဲ့ မျက်နှာချင်းဆိုင်မှာ လာဝပ်သတဲ့။ ဦးစံမြင့်က အသက် ၇၀ ကျော် အဘိုးကြီးဆိုတော့ မမြင်မျက်ကန်းနဲ့ ရေနံဆီရယ်လို့ မီးဖိုထဲ လောင်းထည့်လိုက်ရာ ရေနံဆီ မဟုတ်ဘဲ ဘာဆီတွေ ထည့်မိမှန်းမသိ ဖြစ်သွားသတဲ့။ မီးက မတောက်နိုင်တော့ဘဲ မီးခိုးတွေ အူထွက်နေတော့သတဲ့။ ဒါနဲ့ ဦးစံမြင့်ဟာ ယပ်ခတ်ပြီး မီးတောက်လာအောင် ကြိုးစားနေရတာပေါ့။ သူ ယပ်ခတ်ဘော့ လှုပ်သင့်တဲ့ နေရာက လှုပ်နေပုံရပါတယ်။ ကြောင်ဝါလေးဟာ ဝပ်နေရာက ထ လာသတဲ့။ သူက မြန်မြန်ယပ်ခတ်လေ ကြောင်က သဲသဲမဲမဲ ချောင်းမြောင်းလာလေပေါ့။ ကြာတော့ ကြောင်က လွှားခနဲ ခုန်အုပ်လိုက်ပါလေရော။

ဦးစံမြင့်ဟာ မျက်နှာရှုံ့မဲ့ပြီး ကြောင်ဝါကို တအားဆွဲဖြုတ် လွှင့်ပစ်လိုက်သတဲ့။ ပြီးတော့မှ လက်ညှိုး ငေါက်ငေါက်ထိုးထိုးပြီး လေးလေးတွဲ့တွဲ့၊ တစ်တစ်ခွခွ ပြောလိုက်ပုံကတော့ -

'ဟဲ့ ကြောင်ဝါ၊ သိပ္ပံနည်းကျကျ ပြောရရင် နင်ဟာ ဦးနှောက်ဉာဏ်နည်းတယ်လို့ ဆိုရပေလိမ့်မယ်။ ရှေးနည်းရှေးဟန်နဲ့ သမားရိုးကျ ပြောရရင် အတွေးအခေါ် ဆင်ခြင်တုံတရား နည်းပါးတယ်လို့ ဆိုရပေလိမ့်မယ်။ တကယ်တော့ နင် စဉ်းစားသင့်တယ်။ ကြွက်ဖြစ်ရင် နားရွက်အစစ် ပါရမယ်လို့။ တကယ်တော့ ကြွက်မဟုတ်လို့ နားရွက်အစုတ်တောင် မပါဘူးဆိုတာ နင် မသိလေဟန်ပဲ' လို့ ပြောလိုက်သတဲ့။

မင်းတို့လည်း ကြွက်ဟုတ်တာန် မဟုတ်တာန် စဉ်းစားပြီးမှ လုပ်သင့်တယ်ဟု ဦးချစ်စွန်က ပုံပြ ညွှန်ကြားလိုက်သည် ဟူ၏။

## ဦးဖိုးခ ကြေးစည်

အလှူပွဲတစ်ခု ထမင်းရုံ၌ ထမင်းကျွေးမွေးသူများကို ဦးချစ်စွန်က ကြပ်မတ်ကွပ်ကဲပေးနေရသည်။ ထမင်းကျွေးသူ အချို့သည် အချို့ရွာသူရွာသားတို့အား





စေတနာပိုကာ အခွင့်အရေး ပိုပေးနေသည်ကို ဦးချစ်စွန် သတိထားမိသည်။ လူကျနည်းခိုက် ဦးချစ်စွန်အပါး ထမင်းကျွေး ကာလသားတို့ လာရောက် အနားယူဆေးလိပ်သောက်ကြသောအခါ ဦးချစ်စွန်က–

'ဟဲ့ ကလေးတွေ၊ အလှူလာဆိုရင် စေတနာ အတူထားကြနော်။ ဦးဖိုးခ ကြေးစည်လို မလုပ်ကြနဲ့'ဟု ဆုံးမလေရာ အများကပင် 'ဦးဖိုးခ ကြေးစည်က ဘယ်လိုလုပ်လို့လဲ လေးစွန်ရဲ့'ဟု ဝိုင်းမေးကြလေသည်။

'သန်းတောကြီးရွာမယ် ဦးဖိုးခဆိုတဲ့ အဘိုးကြီးတစ်ယောက် ရှိသတဲ့။ အသက်ကြီးပြီမို့ သွားတွေတောင် အစုံအစေ့ မရှိတော့ဘူးတဲ့။ သို့ပေမဲ့ အဘိုးကြီးက တစ်မျိုးကြီးဆိုပဲ။ ဘုရားတော့ နေ့စဉ် ရှိခိုးပါရဲ့၊ မေတ္တာပို့တဲ့အခါကျတော့ သူ ပို့ပုံက စဉ်းစားစရာ ဖြစ်ဖြစ်နေသတဲ့'

'ဘယ်လို ဖြစ်ဖြစ်နေသတဲ့လဲ'

အများစုကို ခြုံပြီး ပို့သပုံက–

'သဗ္ဗေသတ္တာ ဝေနေယျာ၊ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ ဆိုပြီး ကြေးစည်ထုလိုက်တော့ တင် ဟင်ဟင်ဟင်လို့ မြည်သတဲ့'

'ဖြူဖြူဖွေးဖွေး၊ မအိုသေး၊ အပျိုလေးတွေလည်း ကျန်းမာကြပါစေ ခင်ညာ' လို့ ဆိုပြီး ကြေးစည်ထုလိုက်တော့ တွေ ဝေဝေဝေလို့ မြည်သတဲ့။

'နုနုဖပ်ဖပ်၊ အညှာတတ်၊ တစ်ခုလပ်တွေလည်း ကျန်းမာကြပါစေ' ဆိုတော့ ကြေးစည်က တွေ ဝေဝေဝေ တဲ့။

'ရှုတ်တွရှုတ်တီး၊ သေခါနီး၊ အမယ်ကြီးတွေတော့ သဗ္ဗေသတ္တာ ကမ္မသကာပေပဲ'လို့ အသံရှည်ကြီးနဲ့ဆိုပြီး ကြေးစည်ထုလိုက်တော့ သူ့ကြေးစည်က "ချလွမ်"လို့ပဲ မြည်သတဲ့။ လူချင်းတူပေမယ့် ဦးဖိုးခ ကြေးစည်မြည်ပုံက မတူသလို မင်းတို့ ဟင်းလိုက်တဲ့ ဇွန်းကလည်း တူပုံ မရဘူး' ဟု ပြောလိုက်သဖြင့် ကာလသားအဖွဲ့ကား သဘောကျ ရယ်မောလိုက်ကြလေသည် ဟူ၏။

## ပေါ်သောင် ဆန်အိတ်တွက်နည်း

လှတော–ဝက်လက် ကားလမ်းသည် ဥဒါန်းတွင်ရစ်အောင် အပုပ်ချ ခံရသော လမ်းဖြစ်သည်။ လှတောသားတို့က "ကျောက်ခဲ မျိုသွားရင်တောင် အစာကြေလိမ့်မယ်"ဟု သုံးနှုန်းရာမှစ၍ ဟိုးလေးတကျော်ကျော် ဖြစ်သွားပြီး မပြင်လျှင် မဖြစ်တော့သည့် အခြေသို့ ရောက်နေသဖြင့် မြို့နယ်အာဏာပိုင် အဖွဲ့အစည်းတို့က ယင်းလမ်းကို ပြုပြင်ရန် စီမံစိုင်းပြင်းရလေတော့သည်။

လမ်းပြင်ရာ၌ လမ်းဘေးတစ်လျှောက် ကျေးရွာတို့၏ အကူအညီကိုလည်း လိုအပ်သဖြင့် သဲများ၊ ကျောက်များ သယ်ရန် ကျေးရွာများမှ လှည်းများကို ဆင့်ဆို အသုံးချလေသည်။ လမ်းပြီးသွားသဖြင့် အစီရင်ခံစာတင်သောအခါ တကယ် လုပ်အားပေး လှည်းအစီးပေါင်း အရေအတွက်နှင့် စာရင်းပါ အရေအတွက်သည် မမျှမတ ဖြစ်နေသည်။ အမှန်စင်စစ် ဆင့်ခေါ်သုံးစွဲခဲ့သည်မှာ စာရင်းပါ အရေအတွက်ထက် များစွာသာသည်ဟု ခန့်မှန်းနိုင်ကြသည်။

ဤသို့ စာရင်းနှင့် အမှန်တကယ် အသုံးချပုံမှာ အလွန့်အလွန် ကွာခြားနေသည်ကို တချို့က နားလည်ထားကြသည့်အလျောက် ယင်းအစီရင်ခံစာနှင့် ပတ်သက်၍ စကားဆိုမိကြသောအခါ ဦးချစ်စွန်က 'အစီရင်ခံစာကလည်း ပေါ်သောင် ဆန်အိတ် တွက်သလိုပါပဲ'ဟု ပြောလိုက်လျှင် စကားဝိုင်းရှိ ပုဂ္ဂိုလ်များကို ပေါ်သောင် ဆန်အိတ်တွက်တာက ဘယ်လိုမို့လဲဗျဟု မေးမြန်းကြလေရာ ဦးချစ်စွန်က ဤသို့ ဇာတ်ကြောင်းပြန်လေသည်။

လှတောရွာသား မောင်ပေါ်သောင်နဲ့ ဦးလွန်းမောင်တို့ဟာ လှည်းတစ်စီးနှင့် ဆန်ရောင်းသွားကြသတဲ့။ ဆန်က ရောင်းကောင်းလွန်းလို့ ပါလာတဲ့ ဆန်အိတ် ရှစ်အိတ် (သုံးတင်းဝင်အိတ်) စလုံး ခဏချင်း ကုန်သွားသတဲ့။ နှစ်ယောက်လုံး ကျေနပ်နှစ်သိမ့်ပြီး အေးအေးဆေးဆေးပင် အပန်းဖြေနေကြရင်း ဦးလွန်းမောင်က မောင်ပေါ်သောင်ကို ရသင့်တဲ့ငွေ သိရှိရန် ရောင်းရသော ဆန်တင်းရေကို တွက်ခိုင်းသတဲ့။ မောင်ပေါ်သောင်က မြေတွင် "တုတ်"ဖြင့် ခြစ်လိုက်၊ လက်များကို ချိုးလိုက်





တွက်ချက်ပြီး 'ဘဒ္ဒေးလွန်းရေ၊ တင်းအနေနဲ့တော့ ရှစ်ဆယ့်သုံးတင်း တွက်လို့ရတယ်'

'အလိုလေး ပေါ်သောင်ရာ၊ ဒီလောက်သာ များရင်တော့ မီးရထား ခေါင်းတွဲတောင် အီးတွက်အောင် ရှန်းယူရလိမ့်မယ်။ မဟုတ်နိုင်သေးပါဘူး၊ ပြန်တွက်ပါဦးကွ'

မောင်ပေါ်သောင်သည် ယခင်နည်းအတိုင်း တုတ်ခြစ် လက်ချိုးတို့ဖြင့် အတန်ငယ် တွက်ချက်ပြီး –

'ဘဒ္ဒေးလွန်းရေ၊ ဆယ့်သုံးတင်းပဲ ကျန်တော့တယ်'ဟု ဖြေလိုက်ရာ–

'အလိုလေး ပေါ်သောင်ရာ၊ ဆယ့်သုံးတင်းသာ ကျန်ရင်တော့ လေးထောင့်အိတ် ချုပ်ပြီး မင်းနဲ့ငါ တောင်းစားရုံပဲ ရှိတော့တယ်'

'ဘဒ္ဒေးလွန်းကလည်းဗျာ၊ ဒါကတော့ ဝါစာကမှာ ခန့်မှန်းခြေပေါ့ဗျာ။ ဘယ်အတိအကျတော့ ရနိုင်မလဲ'ဟု ဖြေလိုက်သတဲ့။

အခု အစီရင်ခံစာကလည်း ပေါ်သောင်ရဲ့ ဝါစာကမှာ ခန့်မှန်းခြေမျိုး ဖြစ်မနေဘူးလားဟု ရှင်းပြလိုက်လေသည် ဟူ၏။

## အလောင်းအစားနှင့် ဖဲတစ်သား

တစ်နေ့ နံနက်ခင်း၌ ကိုတိုးစိန်၏ လက်ဖက်ရည်ဆိုင်တွင် ကလေးတွေရော လူကြီးတွေရော သောသောညံညံ ဖြစ်နေသည်ကို မြင်တွေ့ရသဖြင့် ကျွန်တော်လည်း ဆိုင်ဘက်သို့ ခပ်သုတ်သုတ် လှမ်းခဲ့ပါသည်။ လူငယ်တစ်ယောက် မုန့်စားရင်း လက်ဖက်ရည် သောက်နေသည်ကို ဝိုင်းကြည့်နေကြလျက် ထင်ရာမြင်ရာ တစ်ယောက် တစ်ပေါက် ပြောဆိုနေကြပါသည်။ စုံစမ်းကြည့်သောအခါ အလောင်းအစားဖြင့် မုန့်စားနေကြောင်း သိရပါသည်။

ပင်းဇင်းရွာသား လူငယ် မောင်သိန်းထိုက်နှင့် လှတောသားလူငယ် မောင်ကြည်ဌေးတို့ အလောင်းအစား ပြုနေခြင်းဖြစ်သည်။ မောင်သိန်းထိုက်က

နို့ဆမ်းထပ်တစ်ရာ ဆယ့်ငါးခုနှင့် လက်ဖက်ရည် ငါးခွက်ကို မိမိ တစ်ထိုင်တည်းနှင့် ကုန်အောင် စားပြမည်။ မောင်ကြည်ဌေးက မင်းစားနိုင်လျှင် နောက်ထပ် အလိုက် ပေးဦးမည်ဟု အငြင်းအခုံပြုရာမှ အလောင်းအစားပွဲ ဖြစ်မြောက်နေခြင်း ဖြစ်သည်။ စင်စစ် မောင်သိန်းထိုက်နှင့် မောင်ကြည်ဌေးတို့မှာ တစ်ဝမ်းကွဲ ညီအစ်ကိုများ ဖြစ်ကြသည်။ ကျောင်းသားလေးများသည် ကျောင်းသို့ ဆက်မသွားသေးဘဲ မောင်သိန်းထိုက် စားနေသည်ကို တရုန်းရုန်း ဝိုင်းအုံကြည့်နေကြသည်။ ထိုအထဲတွင် ရဲသားနှစ်ယောက်လည်း ပါနေသည်။ ထို့ကြောင့် ကိုတိုးစိန်က ဟိန်းဟောက် မာန်မဲနေသည်။

'ဖယ်စမ်းကြပါကွာ၊ မင်းတို့ကြည့်ရတာ တရားခံပြေး ဖမ်းလာတာနဲ့ တူလွန်းလို့'

## လေးတန်းကျောင်းသား ထွန်သွားတစ်ပြန်

ကိုတိုးစိန်က မည်သို့ပင် မောင်းထုတ်နေသော်လည်း ကလေးများမှာ ဝိုင်းမြဲ ဝိုင်းလျက်ရှိသည်။ ထို့ကြောင့် လူကြီးတစ်ယောက်က–

'ဟဲ့ ဒီကလေးတွေက ဘယ့်နှယ် ဒီလောက် ဝိုင်းနေကြတာတုန်း၊ ဘယ်သွားမယ့် ကလေးတွေတုန်း'

'အဲဒါ မူလတန်းကျောင်းက လေးတန်းကလေးတွေပေါ့ဗျာ။ ကျောင်းသွားမယ့်ဟာ တန်းတန်းမတ်မတ် မသွားကြဘူး၊ ဒီလာ ရှုပ်နေကြတာလေ၊ အရင်တုန်းကတော့ လေးတန်းကျောင်းသားဆိုရင် ထန်းပင်လောက် ရှိပါရဲ့။ အခုတော့ လေးတန်းကျောင်းသားတဲ့၊ နှမ်းမှုန်းထွန်သွားနဲ့တောင် မငြိတော့ဘူး။ သူတို့ နင်းမိမှာစိုးလို့ ခြေဖျားထောက်ပဲ သွားနေရတယ်'

## စားသာစား ငါးရာဖွား

မောင်သိန်းထိုက် စားနေသည်မှာ သုံးပုံနှစ်ပုံခန့်လောက် ကုန်နေပေပြီ။ သို့သော် အခြေအနေက ဟန်ပုံမရ။ သူ့မျက်နှာမှာ မသက်သာပုံ ပေါ်နေသည်။ တစ်လုပ်





မျိုချဖို့အတွက် အတော်ကြာကြာ အချိန်ယူနေရလေပြီ။ ထိုစဉ် အနားမှ လူတစ်ယောက်က ဝင်ပြောလိုက်ပါသည်။

'ဟကောင်လေး၊ မင်းဗိုက်ကြည့်ရတာလည်း သားငါးရာဖွားမယ့် ပဒုမ္မဒေဝီ ဗိုက်ကြီး ဖြစ်နေပြီ။ မစားနိုင်ရင်လည်း အရှုံးပေးလိုက်ပါတော့ပေါ့ကွ' တဲ့။

## ဂျုံစားတိုင်း မာလကီးယား မဖြစ်

စင်စစ် မောင်သိန်းထိုက်နှင့် မောင်ကြည်ဌေးမှာ ညီအစ်ကိုဝမ်းကွဲ ဖြစ်သည်။ လူငယ်ချင်းချင်း မခံချင်စိတ်ကြောင့်သာ အရှုံးမပေးစတမ်း ပြိုင်နေကြခြင်းပင်တည်း။ ပြိုင်ပွဲ၏ အခြေအနေကို ကြည့်ရှုနေသူ လူကြီးလူငယ်တို့လည်း အမျိုးမျိုး ဝေဖန်ကြရင်း သတင်းအမျိုးမျိုး လွှင့်နေကြသည်။ ထိုစဉ် ဦးချစ်လှိုင်၏သမီး မောင်ကြည်ဌေး၏ညီမ အပြေးအလွှား ဝင်လာရင်း ဤသို့ ပြောလိုက်သည်။

'အဖေက ဆက်မစားနဲ့တော့လို့ ပြောလိုက်တယ်။ နင်တို့ နှစ်ယောက်လုံးကိုလည်း ရိုက်မလို့ ပြောလိုက်တယ်။ ဒါတွေသာ ကုန်အောင် ဆက်စားရင်တော့ လည်မျိုထဲ သပ်ရိုက်သွင်းသလို အပင်းဆို့ သေတော့မှာပဲ'

'အလိုလေးဟာ ဂျုံစားလို့ သေစတမ်းဆိုရင်ဖြင့် အိန္ဒိယတစ်ပြည်လုံး မြေမြုပ်ပစ်ရလို့ နှာခေါင်းတောင် ပေါ်တော့မှာ မဟုတ်ဘူး'

ပြောသူမှာ ကိုတိုးစိန်ပင် ဖြစ်ပါသည်။

## မရှုနိုင်၊ မကယ်နိုင်

လူကြီးများက မည်သို့ပင် ဟန့်တားထားစေကာမူ အလောင်းအစားသမားနှစ်ယောက်ကမူ လက်မြှောက်ဖို့ စိတ်ကူးဟန်မတူ။ ကျွေးသူက ကျွေး၍ စားသူက ဆက်စားနေမြဲပင်။ စားပင် စားနေရသော်လည်း မောင်သိန်းထိုက်မှာ မရှုနိုင် မကယ်နိုင် ပုံစံမျိုး ဖြစ်နေရသည်။ ထို့ကြောင့် တစ်ယောက်က အကြံပေးလိုက်ပြန်ပါသည်။

'ဟဲ့ ကောင်လေး၊ တော်တော့နော်။ တော်ကြာ မမွေးနိုင်တဲ့ နွားမကြီးလို သေတော့တောင် ခေါင်းသွင်းမရဘဲ ဖြစ်နေဦးမယ်'

## ရင်ခုန်သံ နည်းနည်းထန်မည်

သို့သော် မောင်သိန်းထိုက်ကား အရှုံးပေးလိုဟန် မပြ။ အသေသာ ခံမည်၊ အရှုံးမခံသော မာန်မျိုးဖြင့် မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ လေးလေးမှန်မှန် ဖြစ်ညှစ် စားနေပြပင်၊ ဤသို့ဖြင့် မုန့်တစ်ခုနှင့် လက်ဖက်ရည်တစ်ခွက်သာသာ ကျန်သော အခြေသို့ ရောက်လာလေပြီ။ မောင်သိန်းထိုက်ဘက်က အခြေအနေ ကောင်းလာသော သဘောပင် ဖြစ်တော့သည်။ မောင်ကြည်ဌေးမှာမူကား **ထိုင်ချေ ထချေနှင့် ဂနာမငြိမ်** ဖြစ်လာလေပြီ။

'ကဲ မစားနိုင်ရင်လည်း မင်း တော်တော့ကွာ။ **သရေပဲ ထားလိုက်ကြတာ** ပေါ့'ဟု စစ်ပြေငြိမ်းစကား ဆိုလာသည်။ ဤတွင် **ကိုတိုးစိန်က ဤသို့** ဝင်ဖြေလိုက်ပြန်ပါသည်။

'ကြည်ဌေး ဖြစ်နေလိုက်ပုံကတော့ကွာ၊ ရည်းစားလူလု ခံရတဲ့ မောင်ကျန်ရစ် အတိုင်းပဲ၊ နေမချိ ထိုင်မသာနဲ့။ ရင်ဘတ်ပေါ် နားနဲ့ ကပ်နားထောင်ကြည့်ရင် ကူဘိုတာစက် ဖွင့်ထားသလို တဒုန်းဒုန်း နေတော့မှာပဲ'

## တင့်တင့်တယ်တယ် ဗိုက်

တဖြည်းဖြည်းချင်း ကြိတ်မှိတ်စားသဖြင့် ထပ်တစ်ရာမှာ ဆယ့်ငါးချပ်လုံး ကုန်လေပြီ။ မောင်သိန်းထိုက်၏ မျက်နှာမှာ ဆို့ဆို့အစ်အစ် အနေအထားမှ အနည်းငယ် ပြုံးယောင်သမ်းလာသည်။ ထိုအခါ သန်းလှိုင်က ဤသို့ ကောက်ချက်ချသည်။

'မြင်းလှည်းမောင်းရလွန်းလို့ ထမင်းဝအောင် မစားနိုင်ရတဲ့ဗိုက်၊ ဒီတစ်ခါ တင့်တင့်တယ်တယ် ရှိပေတော့တယ်'

ကိုဘိုဌေးကလည်း ထောက်ခံပြောလိုက်သေးသည်ကား–





'ဘယ် တင့်တင့်တယ်တယ် ဟုတ်ရမှာလဲ၊ ဆိတ်ကောင်လုံး မျိုထားတဲ့ ကောသလဗိုက် ဖြစ်နေပါပေါ့ပဲ' တဲ့။

## ခတ်နွဲ့တစ်ရမ်း ပန်းတိုင်တစ်လှမ်း

မုန့်ပင် ကုန်သော်လည်း မုန့်ကို ဆမ်းထားသော နို့ဆီများကား လင်ဗန်းထဲတွင် **အိုင်ထွန်းလျက်ပင် ရှိနေသေးသည်။** နို့ဆီဟူသည် ဆိမ့်သည့် အီသည့်အလျောက် **အဆမတန် အီနောက်နေပြီဖြစ်သော** မောင်သိန်းထိုက်အဖို့ ကြီးမားသော အတားအဆီးကြီး ဖြစ်နေပုံ ရပါသည်။ နို့ဆီလင်ဗန်းကို ငေးငိုင်ကြည့်ရင်း လည်တဆန့်ဆန့် လုပ်နေပါသည်။ ကိုတိုးစိန်သည် ဇွန်းကြီးတစ်ချောင်းကို ကပျာကရာ လှမ်းပေးလိုက်ရင်း–

'လယ်ထဲ ခတ်နွဲ့ထိုးသလို ဒီဇွန်းနဲ့ တစ်ခါတည်းသာ ကော်သောက်လိုက်စတော့ကွာ။ ဒါလေး ဝင်သွားရင် ဒီတောင်က ကျော်နိုင်ပါပြီကွာ'ဟု အားပေးလိုက်သဖြင့် ဝိုင်းကြည့်နေသူများ ရယ်လိုက်မိကြပါသည်။ ကိုတိုးစိန် အကြံပေးချက်အတိုင်း မောင်သိန်းထိုက်ကလည်း **လေးငါးခြောက်ဇွန်း ဆက်ကာ ကော်ခပ်သောက်**လိုက်သဖြင့် မောင်သိန်းထိုက်ပင် **အောင်ပန်းဆင်သွားပါတော့သည်။**

## ကြက်ဥ အာနိသင်

လှတောသားမိတ်ဆွေတစ်ဦးနှင့် ရွှေကျင်ရွာ ကိုညွှန့်အောင်တို့သည် ကျောက်လမ်းပေါ်၌ တွေ့ကြသည်။ လှတောသားကို ကြည့်ရသည်မှာ အလွန် ပိန်နေသည်။ နာတာရှည်ရောဂါများ ဝင်နေသလား မသိ။

ကိုညွှန့်အောင်။ 'ခင်ဗျား ပိန်လှချေလားဗျ။ အားလည်းရှိအောင်၊ ဝလည်းဝအောင် ကြက်ဥလေး ဘာလေး စားပေးရတယ်ဗျ'

လှတောသား။ 'ကြက်ဥက ဘယ်လို စားရတာလဲ'

ကိုညွှန့်အောင်။ 'အလုံးလိုက် အစိမ်းသာ စားပစ်ဗျာ'

လုတောသား။ 'အလုံးလိုက် မျိုလို့သာ ဝစတမ်းဆိုရင်တော့ ကျုပ်တို့အိမ်က ကြက်မြီတောင်းဟာ ကြက်ဥ မျိုထားရလွန်းလို့ ခုလောက်ဆိုရင် စည်ပုတ်လောက် ဝလာသင့်ပြီပေါ့ဗျာ'

## အကြွေးမတ်သူ

ကိုမြဒင်နှင့် ဈေးသည်တစ်ဦးသည် လမ်း၌ တွေ့ကြရာ နှုတ်ဆက် စကားစမြည် ပြောပြီး ကိုယ့်လမ်းကိုယ်ဆက်ရန် ခြေလှမ်း စလိုက်ကြသည်။ ထိုအခါ ဈေးသည် က-

'ခင်ဗျား အိမ်ရှင်မလည်း လွှတ်လိုက်ပါဦး။ စကားလည်း ပြောရအောင်၊ ဝယ်ချင်ခြမ်းချင်တာ ရှိလည်း အကြွေးနဲ့ ရပါတယ်'

'အလိုလေး မလုပ်လိုက်ပါနဲ့ဗျာ။ ကျုပ်မိန်းမက အကြွေးသာ ရမယ်ဆိုရင် ဆင်ဖြူတော်တောင် သက်စေ့ ဝယ်လွှတ်မယ့် မိန်းမမျိုးဗျို့'တဲ့။

## သွပ်ပြား

စပါးအဝယ်ဒိုင်၌ စံချိန်တင် စပါးပေးသွင်း ရောင်းချသူများအား သွပ်ပြားဝယ်ခွင့် ထုတ်ပေးလေသည်။ လုတောသားတစ်ယောက်သည် ဤနည်းဖြင့် သွပ်ပြားဝယ်ခွင့် ရလိုက်သည်။ တကယ့်တကယ် ဝယ်ယူရရှိသောအခါ သွပ်ပြားက သိပ်ပါးနေ သည်ကို တွေ့ရသည်။ လုတောသားသည် ဘဝင်မကျ ဖြစ်နေသည်။ အိမ်ရောက် လျှင် ရောက်ချင်း သွပ်ပြားများကို ပစ်ချလိုက်ရင်း-

'မိန်းမရေ ရော့ဟော့။ ဒီသွပ်ပြား ထမိန် (ထဘီ) သာ ချုပ်ဝတ်လိုက်တော့' ဟု အော်ပြောလိုက်သည်။ မိန်းမက သွပ်ပြားကို ကိုင်ကြည့်ပြီး ပြောလိုက် သည်ကား-

'အလိုတော် ဒါတွေကိုသာ ထဘီချုပ်ဝတ်ရရင်တော့ မယ်ဗမာပြိုင်ပွဲ ဝင်သလို ဖြစ်နေတော့မှာပဲ။ မဝတ်ရဲပေါင်တော်'

ရာပြည့်စာအုပ်တိုက်



'ကဲ မင်း မဝတ်ရဲရင်လည်း တစ်နေရာသာ ခေါက်သိမ်းထားလိုက် ပေတော့'

'ခေါက်သိမ်းထားလို့ ဘယ်ဖြစ်မလဲတော့။ မတော် ကလေးတွေ တွေ့သွား လို့ ရေမုန့်လုပ်စားပစ်ကြရင် မခက်ပါလား'

## စေတီဉာဏ်တော်

ကန်သာရွာကျောင်း ဆရာတော် ဦးဇင်းပု (ဦးဂန္ဓမာ)သည် မြေပေါက် စေတီ တစ်ဆူ၌ ထီးတော်တင်ပွဲ ကျင်းပရန် စီစဉ်ထားသည်။ စေတီတော်၌ လျှပ်စစ် မီး အလှဆင်ရန်လည်း လျာထားသည်။ ထို့ကြောင့် လုတောရွာ ကိုရွှေဘော်၏ မီးစက်ကို လာရောက်ငှားလေသည်။ ဆရာတော်သည် 'ဟေ့ ဒကာရွှေဘော်၊ မီးချောင်း မနည်းစေနဲ့နော့။ များများ သယ်ခဲ့နော်' ဟု မီးချောင်းများဖို့ကို အကြိမ် ကြိမ် သတိပေးနေသည်။ ပြောဖန်များသောအခါ ခပ်ချဉ်ချဉ် ရှိလာသဖြင့် ကိုရွှေဘော်က ဤသို့ ပြန်လျှောက်လိုက်လေသည်။

'အလိုလေး ဘုရား၊ ကိုယ်တော်ကဖြင့် မီးချောင်း များများယူဖို့ချည်း မိန့်တော်မူနေ၊ ကိုယ်တော့်စေတီကဖြင့် ဆယ်ပြားတန် နို့အေးချောင်း လောက်တောင် မမြင့်ဘူး။ ဘာလုပ်မှာလဲ'

## တောတ ရုပ်ရှင်

တောရွာများ၌ ယခင်က ဇာတ်သဘင်များ ရုံသွင်းကပြသလို ယခုခေတ်၌ ရုပ်ရှင် ရုံသွင်းပြသကြသည်။ သို့ရာတွင် ဖလင်များမှာ များသောအားဖြင့် အဟောင်း များ ဖြစ်ကြသည်။ ဖလင်က ဟောင်းသဖြင့်လည်းကောင်း၊ စက်က တစ်လုံးတည်း ဖြစ်သဖြင့်လည်းကောင်း ပြနေရင်း ခဏခဏ ပြတ်ပြတ်သွားတတ်သည်။ လုတော ရွာ၌ ပြစဉ်၌လည်း အဆိုပါအတိုင်း ပြတ်ပြတ်သွားလေသည်။ ထို့ကြောင့် လုတောသားက ဤသို့ ညည်းတွားလိုက်လေသည်။

ရာပြည့်စာအုပ်တိုက်

'အလိုလေးကွာ၊ ရုပ်ရှင်ကြည့်ရတာကလည်း ပြတ်ပြတ်တောင်းတောင်း မယားငယ် လုစားပေးနေရတဲ့အတိုင်းပါပဲ'

## ချုပ်လိုက် ဖုပ်လိုက်ပုံ

လှတောရွာသားတစ်ယောက်သည် ညကြီးမှောင်မှောင်တွင် မူးရူး ဆဲဆိုနေသဖြင့် ငြိမ်သွားစေရန် ရဲက ဖမ်းဆီးလိုက်သည်။ ဖမ်းပြီးသည့်တိုင် ရုန်းကန်လှုပ်ရှားနေသဖြင့် ရဲက ကြိုးဖြင့် ချည်ထားလိုက်ရသည်။ နံနက်လင်းသဖြင့် ထိုလူလွတ်သော အခါ ဤသို့ ပြန်ပြောပြလေသည်။

'ညကပြောတော့ မင်းလက်တော့ ချည်ထားလိုက်မယ်တဲ့။ မနက်လင်းလို့ ကြည့်လိုက်တော့၊ အလိုလေးဗျာ လူတစ်ကိုယ်လုံး ကျိုင်နဲ့ ပတ်ထားတဲ့အတိုင်းပါပဲ'

## ရွှေဘိုရုပ်ရှင်ရုံ

လှတောရွာသား လူငယ်နှစ်ယောက်သည် ရွှေဘို မြို့ထောင့်စေတီ ဘုရားပွဲသို့ သွားရင်း ကြုံသခိုက် ရုပ်ရှင် ဝင်ကြည့်ခဲ့ကြသည်။ ကြည့်ခဲ့ကြကြောင်းကိုလည်း ရွာ၌ စကားဆုံမိသောအခါ ပြန်ပြောပြကြသည်။

ရွာခံတစ်ဦး။ 'နေ့ ကြောင်တောင်ကြီးထဲ ရုံကြီး အလုံပိတ်ပြတာဆိုတော့ မအိုက်ကြဘူးလားကွ'

ပွဲပြန်။ 'ဘယ်အိုက်မလဲကွ၊ ပန်ကာတွေ ဆိုတာက ခေါင်းပေါ်မှာ လင်းတအုပ် ဝဲနေတဲ့ အတိုင်းပဲ'

ပွဲပြန်တစ်ဦး။ **'အလကား ပြောတာပါကွာ။** အိုက်လိုက်ပုံတော့ မပြောနဲ့တော့ **ချွေးထွက်ကြလွန်းလို့ ရုံထဲ ဒူးဆစ်ကို မြုပ်နေကြတာပဲ'**

## သူတော်ကောင်း

**တစ်နေ့နံနက် ၈ နာရီခန့်တွင် ကျွန်တော်သည် သက်သာ လက်ဖက်ရည်ဆိုင်သို့ လာရာ စားပွဲတစ်ခု၌ ဦးလေးဆင် (ရွှေကျင် ဦးဘိုဆင်)၊ ဦးလေးယူ (ဦးဘယူ)တို့ကို**





တွေ့ရပါသည်။ နှစ်ဦးစလုံးကပင် ကျွန်တော့်အား သူတို့စားပွဲ၌ ထိုင်ရန် ခေါ်နေကြသဖြင့် ဝင်ထိုင်လိုက်ပါသည်။

ဦးလေးဆင်က ဦးလေးယူ၏ ကက်ဦးထုပ်ကို မော့်ကြည့်ရင်း 'အတွင်းက ဘာခံထားပြန်ပလဲ'ဟု မေးနေသဖြင့် ကျွန်တော်လည်း မော့်ကြည့်မိပါသည်။ ဟုတ်ပါသည်။ ဦးထုပ်အတွင်း၌ တစ်ခုခု ရှိနေသည်မှာ ထင်ရှားနေပါသည်။

ဦးလေးယူက 'သူတော်ကောင်းမဲဗျာ ဘာဟုတ်ရမှာလဲ၊ ဓာတ်တော် ထည့်ဆောင်းထားတာပေါ့'ဟု ပြောပါသည်။ ဓာတ်သိချင်း ဖြစ်သည့်အလျောက် ဦးလေးယူ နောက်ပြောင်ပြောသည်ကို ဦးလေးဆင် သိထားနှင့်ပြီး ဖြစ်သည်။ ထို့ကြောင့် 'မသိပါဘူးဗျာ၊ လက်ပစ်ဗုံးများ ထည့်ယူလာသလား'လို့ ဟု ပြောရင်း 'အင်း ဒီလိုဆိုရင်တော့ မကြာခင် ဘုရားဖြစ်တော့မယ့် အုတ်ခဲကျိုးပါပဲ'ဟု ကလိလိုက်ပါသည်။

ပြီးမှ ဦးလေးယူက ဦးထုပ်ကို ချွတ်ပြီး အထဲက ခံထားသော သိုးမွေး တဘက်နုကို ပြကာ 'ခေါင်းနွေးအောင်လို့ပါ'ဟု ပြောပြပါသည်။

## ဝီသမား

၁၅ မိနစ်ခန့်ကြာလျှင် ဆရာအုန်း ရောက်လာပါသည်။ ဦးလေးဆင်၊ ဦးလေးယူနှင့် ကျွန်တော် သိနေသော်လည်း အတွင်းကျကျ သိထားခြင်းမျိုး မဟုတ်သေးပါ။ ဆရာအုန်း ပြောပြချက်အရ ဦးလေးဆင်ကား တရားဘက်၌ အထူး အားထုတ်နေသော ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ ဦးလေးယူကား လူစုံဖြစ်ကြောင်း သိရပြန်ပါသည်။

**ဦးလေးယူသည်** ဓာတ်ထဲလည်း လိုက်ဖူးသည်။ ဘုန်းကြီးလည်း ဝတ်ဖူး**သည်။ စကားပြော**လည်း ကောင်းသည်။ ရုပ်ရည်မှာလည်း မင်းသားချော ချော**သည်။ (ယခု နာမည်ကြီး**အဆိုတော် ရိရိသန့်၏ ဖခင် ဖြစ်သည်။) သို့သော် **အလုပ်အကိုင် အတည်**တကျ မရှိ။ ယခုလည်း ယောင်ခြောက်ဆယ် လုပ်နေသည် စသဖြင့် **ဆရာအုန်းက** ပြောပြပါသည်။ ဆရာအုန်းက သယ်သယ်ပိုးပိုးလေး ချီးပ**ပေးကာမှ ဦးလေးဆင်**က ပစ်ပစ်ခါခါ အပုပ်ချလိုက်ပါသည်။

'အလကားပါ ဆရာ၊ ဒီလူက "ဝိ"သမားပါ'တဲ့။

'ဘယ်လို ဝိသမားလဲ ဦးလေးဆင်ရဲ့' ကျွန်တော်က မေးလျှင် ဦးလေးဆင်က ဤသို့ ရှင်းပြပါသည်။

'လူတစ်ယောက်က သစ်သားတစ်ချောင်း ကောင်းလှတာနဲ့ လှော်တက်အဖြစ် ခုတ်သတဲ့။ ခုတ်ရင်းခုတ်ရင်းနဲ့ သေးသွားလို့ လှော်တက် ဖြစ်မလာတော့ဘူးတဲ့။ တစ်ခါ ယောင်းမ ခုတ်ပြန်သတဲ့။ ယောင်းမလည်း ဖြစ်မလာဘဲ ပျက်ပြန်သတဲ့။ ဒီတော့မှ စိတ်ပေါက်ပေါက်နဲ့ လွှင့်ပစ်တဲ့အခါ "ဝိ"ခနဲ မြည်သွားသတဲ့။ သစ်သားကတော့ ကောင်းပါရဲ့၊ နောက်ဆုံးတော့ ဝိပဲ အဖတ်တင်တော့တယ်'

ကျွန်တော်တို့က ရယ်ကြသော်လည်း ဦးလေးယူကမူ ပြုံးစေ့စေ့ကြီး လုပ်နေပါသည်။

## ရီရီသန့်

လှတောသို့ ယခင်တစ်ခေါက် ရောက်စဉ်က အဆိုတော် ရီရီသန့်နှင့် ကျွန်တော် တွေ့ရပါသည်။ ရီရီသန့် အလည်ပြန်လာခိုက် ဖြစ်ပါသည်။ နောက်တော့ တစ်ခါမှ မတွေ့ကြရတော့ပါ။ ရီရီသန့်နှင့်သာမက ဦးလေးယူကိုယ်တိုင် ကျွန်တော့်ထံ တကူးတကန့် လာသည့်တိုင်အောင် ကျွန်တော်နှင့် မတွေ့ရဘဲ တော့လွဲတော့လွဲ လွဲချည်း ဖြစ်နေခဲ့ပါသည်။ ယခု စကားစပ်မိကြသဖြင့် ရီရီသန့် လှတောသို့ လာသေး မလာသေး မေးမိပါသည်။ ဤတွင် အခြားစားပွဲတစ်ခု၌ ရှိနေသူ တစ်ယောက်က–

'ငါးလမြွေ (ငါးမြွေထိုး) က မီးဖိုထဲမှာ ပျော်ချင် ပျော်လိမ့်ဦးမယ်။ ရီရီသန့်ကတော့ လှတောမှာ မပျော်တော့ဘူး'ဟု ပြောလိုက်သဖြင့် အားလုံး ရယ်မိကြပါသည်။ စင်စစ် ရီရီသန့် လှတော လာ မလာ၊ ပျော် မပျော်ကို အမှန် ဖြေနိုင်လိုက်ခြင်း မဟုတ်ဘဲ ဦးလေးယူကို ကလိလို၍သာ ဤသို့ ဖြေလိုက်ခြင်း ဖြစ်ကြောင်း သိလိုက်ကြသဖြင့် ရယ်ကြခြင်း ဖြစ်သည်။

ရာပြည့်စာအုပ်တိုက်



## ဆေးလိပ်ထဲက မှို

မောင်ချိုအေး၏ဆိုင်သည် သက်သာလက်ဖက်ရည်ဆိုင်နှင့် ကိုက် ၅၀ အကွာလောက်၌ ရှိရာ ကွမ်းစားလိုသဖြင့် ထိုဆိုင်ဆီသို့ ကျွန်တော် ထွက်ခဲ့ပါသည်။ မောင်ချိုအေးဆိုင်၌ ကလေးသွားရေစာများနှင့် ကွမ်းယာ၊ ဆေးလိပ် ရောင်းသည့်ပြင် အငှားဖတ် စာအုပ်များလည်း ထားရှိပါသည်။

မောင်ချိုအေးမှာ ကျွန်တော် တည်းနေသော အိမ်ရှင်ဦးလေးရင်၏သားကြီး ဖြစ်သဖြင့် အလွန်ရင်းနှီးပါသည်။ ရင်းနှီးသဖြင့်လည်း ကွမ်းယာကို မိမိဘာသာ ကြိုက်သလို ယာနေခိုက် မောင်ချိုအေးကား ဈေးဝယ်တစ်ယောက်နှင့် စကားပြောနေကြပါသည်။

'ဒူးယားကော ရှိရဲ့လားကွ'

'ရှိပါတယ်။ ဘယ်နှစ်လိပ် ယူမလဲ'

'ဘူးလိုက် မရှိဘူးလား'

'ဘူးလိုက်လည်း ရပါတယ်။ ဘယ်နှစ်ဘူး လိုချင်လို့တုန်း'

'ဘူးလိုက်ရတာကတော့ ဟုတ်ပါပြီကွာ၊ မှိုတွေများ တက်နေပါဦးမယ်'

(ထိုအချိန်က စီးကရက်များ မှိုတက်နေသဖြင့် သတင်းစာများ၌ ရုပ်ပြောင်များဖြင့် မကြာခဏ သရော်ခံနေရသောအချိန် ဖြစ်ပါသည်။)

'ဟာဗျာ ဖောက်ကြည့်၊ သောက်ကြည့်ပေါ့။ မှိုပါရင် ပိုက်ဆံမပေးနဲ့ဗျ'

'ခုတစ်ခါတော့ မသိဘူး။ အရင်တစ်ခါ ဘူးတုန်းကတော့ ဆေးလိပ်ထဲက မှိုခွာလိုက်တာ တစ်နပ်ချက် ကောင်းကောင်းရတယ်'ဟု ပြောရင်း ဝယ်သွားပါသည်။

## လှတောနှင့် ကျီးကန်

ကျွန်တော် ပြန်ခါနီးလျှင် သူ့အိမ်၌ ထမင်းတစ်နပ် စားပါဦးဟု ဦးလေးယူက ကြိုတင်စာရင်း ပေးထားပါသည်။ ယခု ပြန်ခါနီးပြီ ဖြစ်သဖြင့် ညနေ၌ ဦးလေးယူ အိမ်တွင် ထမင်းစားရပါမည်။

ရာပြည့်စာအုပ်တိုက်

ထမင်းမစားသေးမီ စကားလက်ဆုံ ကျနေကြပါသည်။ အထူးသဖြင့် လှတောရွာ အစိုးရမူလတန်းကျောင်း ဖွင့်အောင်၊ ကျောင်းအဆောက်အအုံရအောင် မည်ကဲ့သို့ ကြိုးပမ်းခဲ့ကြပုံများကို အဓိကထား ဇာတ်ကြောင်းပြန်နေကြပါသည်။ ထိုစဉ်က ကျောင်းရရေး ကော်မတီဝင်များ ဖြစ်ကြသည့် ဦးထွန်းမော်၊ ဦးငွေမောင်၊ ဆရာအုန်း၊ ဦးဘုယူအပြင် တခြား နှစ်ယောက် သုံးယောက်တို့လည်း ယခု စကားဝိုင်း၌ ရှိနေကြသဖြင့်လည်း စကားလမ်းကြောင်းမှာ ဖြောင့်ဖြူးလှသည်။ ထောင့်စုံလှသည်။

ယခင်က သူတို့ ငွေကုန်လူပန်း ခံခဲ့ကြရပုံ၊ စိတ်ပအနှောင့်အယှက် အမျိုးမျိုး ကြုံခဲ့ရပုံများကို ပြောကြရင်း ယခု မူလတန်းအဆင့် အနေအထားမှာ အောင်မြင်သင့်သလောက် မအောင်မြင်သဖြင့် အားမရနိုင်ကြသေးပုံများ ပါဝင်ပါသည်။ မှန်ပါသည်။ တွဲဖက်အထက်တန်းကျောင်းကြီး ဟိန်းနေအောင် ရှိပါလျက် ဘုန်းကြီးကျောင်းတစ်ကျောင်း၌ မူလတန်းအဆင့် ကျောင်းသား ၄၀ လောက် ရှိနေသည်က သက်သေခံနေပါသည်။ ဆရာများဘက်က တာဝန်ကျေနည်းသဖြင့် အရပ်ဘက်ကလည်း ပေါ့လာပုံ၊ ပညာအရာ၌ ကျီးကန်ဘက်က အထူးအားပေးကြပုံ၊ ကျီးကန်ရွာက ဘွဲ့ရတွေ ဟောတစ်ယောက် ဟောတစ်ယောက် ထွက်လာပုံများကိုပါ နှိုင်းယှဉ်ဆွေးနွေး နေကြပါသည်။ တစ်ယောက်က ဝင်ပြောလိုက်သည်ကား-

'ပညာအရာ၌နဲ့သာ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ဗျာ ကျီးကန်သားဘုရားဖြစ်တောင် လှတောသားက ဒေဝဒတ်အဆင့် မိမှာ မဟုတ်သေးဘူး' ဟူသတည်း။

## လတ်ဆတ်သော အစားအစာ

ကျွန်တော်သည် ထမင်းစားပြီးသောအခါ လက်ဆေးရန် အိမ်ပြင်သို့ ထွက်လိုက်ရာ အိမ်၏ ကျောဘက်၌ ရွှန်းရွှန်းစိုအောင် စိုပြည်ဖွံ့ဖြိုးနေသည့် ငှက်ပျောတောကြီးနှင့် ရေကန်ကြီးတစ်ခုကို တွေ့ရပါသည်။

ရာပြည့်စာအုပ်တိုက်



'ဦးလေးယူ အိမ်ကတော့ ရေကန်နဲ့ ဥယျာဉ်နဲ့ တယ် ကျက်သရေရှိတာပဲ။ ငှက်ပျောသီးဆို လတ်လတ်ဆတ်ဆတ် ပင်မှည့်သီးကို စားရတာဟာ အကျိုးတစ်ခုပေါ့'

ကျွန်တော်က ဤသို့ ကောင်းချီးစကား ဆိုလိုက်လျှင် လှတောသား တစ်ယောက်က ဝင်ပြောလာပါသည်။

'ကျွန်တော်တို့ တောအရပ်ကတော့ အစာဆိုရင် လတ်လတ်ဆတ်ဆတ် စားရတာ များပါတယ်။ ဟင်းရွက်ဆိုရင်လည်း ဟင်းအိုးတည်ပြီးမှ သွားခူးဆွတ်တာ။ အခု မြင်ရတဲ့ကန်က ငါးမွေးကန်လေ။ ဦးဘယူကတော့ ငါးဟင်းစားချင်ပြီဆိုရင် ကန်ထဲက ကြိုက်ငါးတစ်ကောင်ဖမ်း၊ ကြိုက်တဲ့ အပိုင်းကိုချက်ပြီး ကျန်တဲ့ အပိုင်း ကန်ထဲပြန်လွှတ်ထားတာ ခင်ဗျ။ နောက်တစ်ခါ ချက်ချင်မှ လွှတ်ထားတဲ့ အပိုင်း ပြန်ဖမ်းချက်တာဗျ။ ဒီတော့ မလတ်ဆတ်ဘဲ နေပါ့မလား'တဲ့။

ကြံကြံဖန်ဖန် ပြောသော ထိုသူ့စကားကြောင့် ကျွန်တော်တို့ ရယ်မောကြရပါလေတော့သည်။

## သိကြားမင်း ရန်သူ

ငှက်ပျောပင်ကြီးမှာ အလွန် သန်မာ ဖွံ့ထွားလှပါသည်။ ကျွန်တော်သည် ယင်း ငှက်ပျောပင်ကြီးများကို သဘောကျနေပါသည်။ ကိုယ်ကိုယ်တိုင် စိုက်ပျိုးချင်စိတ်ပင် ပေါ်လာပါသည်။

'အပင်ကြီးတွေက ဒီလောက် သန်နေမှတော့ အဖီးကျရင်လည်း အလွန်ကြီးမယ်ထင်တယ်'

'ကြီးဆို မပြောနဲ့တော့၊ ဒီအပင်က အဖူးတွေ ထွက်လာပြီဆိုရင် သုဇာတာတို့ အိမ်သာဝထိ ရောက်ရောက်သွားတာပဲ'

ဦးထွန်းမောင်တို့ လူကြီးတစ်စုသည် ပထမ ဣန္ဒြေရရ စကားပြောခဲ့ကြသော်လည်း ထိုသူ၏စကားကြောင့် လူကြီးများလည်း ဣန္ဒြေ မဆည်နိုင်အောင် ခွက်ထိုးခွက်လန် ရယ်ကြရပါတော့သည်။

ရာပြည့်စာအုပ်တိုက်

## ဘွဲ့ရနှင့် အလုပ်

ဦးလေးယူသည် ၁၉၇၅ ခုနှစ်ထဲက ရန်ကုန်သို့ ရောက်လာခိုက် ကျွန်တော်နှင့် တွေ့ရန် တက္ကသိုလ်သို့ နှစ်ခေါက်တိုင်တိုင် လာခဲ့ပါသည်။ သို့သော် ကျွန်တော် မရှိခိုက်ချည်း ဖြစ်နေသဖြင့် ကျွန်တော်နှင့် မတွေ့ရပါ။ ဦးလေးယူသည် ကျွန်တော့်ကို စောင့်ရင်း တက္ကသိုလ်နယ်မြေတွင်း လှည့်လည်လေ့လာခဲ့သည်။ တစ်ကြိမ်တစ်ခါသာ ရောက်ဖူးရသောဒေသ ဖြစ်သည့်အလျောက် တက္ကသိုလ်အတွေ့အကြုံများသည် ဦးလေးယူ၌ အမှတ်ထင်ထင် စွဲကျန်နေဟန် တူပါသည်။ ယခု ကျွန်တော်နှင့် စကားပြောနေခိုက် ထိုစဉ်က အတွေ့အကြုံများကို ပြန်လည် သတိရကာ ဆွေးနွေးနေပါသည်။

'ဆရာရေ၊ ဆရာတို့ တက္ကသိုလ်ထဲမှာ အခန်းထဲ မဝင်ဘဲ အပြင်ဘက် သစ်ပင်အောက်တွေမယ် ထိုင်နေကြတာတွေက ကျောင်းသားတွေရော ဟုတ်ကဲ့လား'

'ဟုတ်ကဲ့၊ များသောအားဖြင့် ကျောင်းသူကျောင်းသားတွေပါပဲ။ ဘာဖြစ်လို့လဲ ဦးလေးယူရဲ့'

'ကျောင်းသူ ကျောင်းသားတွေသာ ဆိုရတယ် ဆရာ၊ကျွန်တော်ဖြင့် နှစ်ယောက်တွဲတွေချည်း အများဆုံး တွေ့ရတယ်။ လူရှေ့သူရှေ့ ပြောင်ပြောင်တင်းတင်း တွဲနေလိုက်ကြတာကလည်း အီကြာကွေးချောင်းတွေ ပုံထားသလိုပါပဲ'တဲ့။

'ဦးလေးယူက အတန်းခန်းထဲမှ ဝင်မကြည့်ရပဲကိုး။ အတန်းခန်းထဲမှာကျတော့လည်း ဆိုင်ရာဆိုင်ရာ သင်ခန်းစာတွေကို လေ့ကျက်မှတ်သားနေတာတွေ တွေ့နိုင်တာပေါ့'

'အဲဒီကျောင်းသားတွေကို ဆရာတို့က ဘယ်အထိ သင်ပေးရတုံး'

'ဘွဲ့ရတဲ့အထိ သင်ပေးရပါတယ်'

'ဆရာဝန်ဘွဲ့တို့၊ အင်ဂျင်နီယာဘွဲ့တို့ ဆိုတာတွေလား'

'အဲဒီ ဘွဲ့တွေတော့ မဟုတ်ပါဘူး။ ဘီအေ၊ ဘီအက်စ်ဆိုတဲ့ ရိုးရိုးဘွဲ့တွေပါ'





'ဒီကျောင်းသားတွေသာ ဘွဲ့ရ ဖြစ်လာရင်တော့ နည်းမှာမဟုတ်ဘူးနော်။ အင်း ဟိုတုန်းကတော့ ဘီအေဆိုရင် မီးခွက်ထွန်းရှာရတာပဲ။ ခုများဖြင့် ရွာပြင်ဘက် ချီးပုံ (ချေးပုံ) လွတ်အောင် ရှောင်နေရသလို ဘွဲ့ရ မနင်းမိအောင် ရှောင်နင်းနေရတော့တာပဲ'

ဦးလေးယူ ပြောစကားသည် မှန်သင့်သလောက် မှန်သည့်ပြင် ခိုင်းနှိုင်းပုံကလည်း ဆန်းပြားထိရောက်နေသဖြင့် ကျွန်တော်သည် ဘာမျှ ကန့်ကွက်လိုစိတ် မရှိပါ။ သို့ရာတွင် အဆိုးမြင်သက်သက်ချည်း မဖြစ်စေလိုသဖြင့် –

'ဘွဲ့ရတွေ များလာတဲ့သဘောဟာ ပညာတတ် များလာတဲ့ အဓိပ္ပာယ်မို့ ကောင်းတဲ့လက္ခဏာလို့ ယူဆရပါတယ်။ လူတိုင်းလူတိုင်း ဘွဲ့ရ ဖြစ်လာနိုင်ရင် ပိုတောင် ကောင်းပါတယ်'

'ဒီလို ဘွဲ့ရတွေ များလာရင် ဘယ်မှာ အလုပ်ရနိုင်တော့မလဲ ဆရာ။ ဘွဲ့ရတွေ ဘယ်သွား အသုံးချနိုင်တော့မလဲ။ ဟိုတုန်းကတော့ ဘီအေဆိုရင် ခွေးလည်ပင်း စာဆွဲလွတ်တောင် ရာထူးရခဲ့တယ်။ ခုများတော့ နှမပေးလို့တောင် စာရေးရာထူး တစ်နေရာ မရနိုင်တော့ဘူး ဆိုကြ မဟုတ်လား'

'တကယ်တော့ ဦးလေးယူရယ်၊ အလုပ်က ရှိပါတယ်။ လူတွေကသာ ကုလားထိုင်ရာထူး စွဲကပ်နေကြလို့ပါ။ ရရာအလုပ် လုပ်မယ်ဆိုရင် ရော့ ပတ္တမြား၊ ရော့ နဂါး ရနိုင်ပါတယ်'

ကျွန်တော့်စကားသည် မှန်ကောင်းမှန်မည် ဖြစ်သော်လည်း ဦးလေးယူကဲ့သို့ အခိုင်းအနှိုင်းတွေနှင့် ဝေဝေဆာဆာ မဟုတ်သဖြင့် အပေါ်စီး မရခဲ့ဟု ကျွန်တော် ထင်ပါသည်။

## ဒီတစ်ခါ ချိပါတစ်ယောက်

ရှေးက စကားပြောကောင်းသူတို့ သမိုင်းတွင် ချိပါသားနှင့် ပခန်းသားတို့သည် စာတင်ရလောက်အောင် ထူးခြားထက်မြက်ခဲ့ကြသည်။ ထို့ကြောင့် တစ်ဦး

တစ်ယောက် စကားပြောကောင်းလျှင်ပင် ထိုသူအား ချီပါသားဟု လည်းကောင်း၊ ပခန်းသားဟု လည်းကောင်း ခေါ်ဝေါ်တတ်ကြသည်။ ချီပါသား၊ ပခန်းသား ဝင်စားသလား ဟုလည်း ပြောတတ်ကြသေးသည်။

ကျွန်တော်သည် လှတောသားတို့ စကားပြော ထက်မြက်ပုံကို စာအုပ်စာတမ်း ပြုမိသောအခါ စာပေမိတ်ဆွေများ၊ အပေါင်းအသင်းများက အဆိုပါ ချီပါရွာ၊ ပခန်းရွာတို့သို့လည်း သွားရောက် လေ့လာသင့်ကြောင်း၊ စာအုပ်စာသား ပြုသင့်ကြောင်း၊ **စာအုပ်စာတမ်းပြုလျှင်** လှတောသားကဲ့သို့ပင် လူတို့ စိတ်ဝင်စား **နှစ်ခြိုက်ဖွယ်ရှိကြောင်း အကြိမ်ကြိမ်** တိုက်တွန်းကြပါသည်။

**ထို့ကြောင့် ယခုတစ်ခေါက်** လှတောရောက်စဉ် ခရီးနီးနေပြီဖြစ်သော ချီပါရွာသို့ **သွားရောက်ရန် စီစဉ်**ထားပါသည်။ လိုက်ပို့ပေးနိုင်မည့်သူ တစ်ဦးဦး ရှိရန်လည်း **ဆရာအုန်းတို့အား အကူအညီ** တောင်းထားပါသည်။ ဆရာအုန်းက ကိုကျီးညိုဆိုသူအား **ကျွန်တော့်ကို** ချီပါရွာသို့ ပို့ဆောင်ပေးရန် စီစဉ်ပေးပါသည်။ တဆက်တည်းမှာပင် **ဆရာအုန်းက**–

'ဆရာရေ၊ မောင်ကျီးညိုကတော့ ချီပါရွာသား တစ်ပိုင်းလည်း ဖြစ်နေတယ်။ သူတစ်ယောက်တည်းက **စာအုပ်**တစ်အုပ် ထွက်နိုင်လောက်အောင်လည်း ပြောမယ့်လူ ဖြစ်တယ်'ဟု ပြောလိုက်သဖြင့် ကျွန်တော် အတိုင်းမသိ ဝမ်းမြောက်သွားပါသည်။ နေ့ နှစ်နာရီထိုးကပင်လျှင် ခရီးထွက်ကြရန် ကိုကျီးညိုသည် သက်သာလက်ဖက်ရည်ဆိုင်က ကျွန်တော့်အား စောင့်နေရှာသည်။

## ကျယ်လိုက်ပြန်ပြီ

ရွှေဘိုကားတစ်စီး လာသောအခါ ကျွန်တော်က ကားနောက်ပေါက်မှ တက်၍ ကိုကျီးညိုက ကားရှေ့ပေါက်မှ တက်ပြီး ရှေ့ခန်းမှာ ဝင်ထိုင်လိုက်ရင်း ပြောလိုက်ပါသည်။

'ဆရာရေ့၊ ဒီရှေ့ခန်းသာ ကြွခဲ့ပေတော့။ ဆရာနဲ့ကျွန်တော် ဘောလုံးကန်ကြရအောင်'





ကားရှေ့ခန်း၌ ကျယ်ကျယ်ဝန်းဝန်း ထိုင်နိုင်သည်ဟု ပြောလိုခြင်း ဖြစ်ပါသည်။

## ဂါသနာ ဘာဂီ

ကျွန်တော်သည် ကားရှေ့ခန်း ကိုကျီးညိုအပါးတွင် ဝင်ထိုင်လျက် စကားပြောရင်း လိုက်ပါလာခဲ့ကြပါသည်။ ကိုကျီးညိုသည် ရန်ကုန် ဘုရားဖူးသွားစဉ်က လမ်းအတွေ့အကြုံများ၊ ရန်ကုန်အတွေ့အကြုံများကို အမျှင်မပြတ် ပြောပြနေပါသည်။

လမ်းမှာ ချက်ပြုတ်စားသောက်ဖို့ လှတောက သယ်လာခဲ့သည့် ဆန်များကို လမ်း၌ ဈေးသင့်သဖြင့် တချို့ အမျိုးသမီးများက ရောင်းခဲ့ကြပုံ၊ တစ်ဖန် ရန်ကုန်က ဝယ်ခဲ့သည့် ဆန်များကိုလည်း ပိုလျှံနေတော့မည် တွက်မိသဖြင့် မန္တလေး၌ ဈေးကောင်းကောင်းနှင့် ချရောင်းခဲ့ကြပုံတွေကိုပါ ထည့်ပြောနေပါသည်။

လှတောသူတို့ ၁၉၆၇ ခုနှစ် ဆန်ရှားခိုက်က မန္တလေးသို့ ဆန်ရောင်းသွားကြပုံကို ကျွန်တော် သိရသဖြင့်

'ခင်ဗျားတို့ လှတောသူတွေက တယ်ပြီး ဆန်ရောင်း ဂါသနာပါပုံ ရတာပဲ' ဟု ထောက်ပြလိုက်မိသည်။

'ဆန်ရောင်း ဂါသနာကြီးပုံတော့ မပြောပါနဲ့ ဆရာရယ်။ ဘာမှ ရောင်းစရာ မပါရင်တောင် ပါတာကို ထုတ်ရောင်းမယ့် အမျိုးသမီးတွေပါပဲ'တဲ့။

## စိုင်နိုင်သား

ကိုကျီးညိုသည် ကားလမ်းတစ်လျှောက် တွေ့ရသည့် စိုက်ခင်းသီးနှံများအကြောင်း၊ လုပ်ငန်းကိုင်ငန်းများအကြောင်း၊ ကျေးရွာများ၏ အမည်များနှင့် ရွာသူရွာသားတို့၏ စိတ်နေသဘောထား အကြောင်းများကိုလည်း အလျဉ်းသင့်သလို ရှင်းပြနေပါသည်။ စိုင်နိုင်ကြီးရွာ ရောက်တော့လည်း–

'ရွာသားတွေက သတ္တိလည်းကောင်းတယ်။ သစ္စာလည်းရှိတယ် ဆရာ။

တစ်ရပ်တခြားက ဧည့်သည်အပေါ်ဆိုရင် တကယ် စေတနာ ကောင်းကြတယ်။ စောင့်လည်း စောင့်ရှောက်ကြတယ်'

'တော်တော် တော်တဲ့ ရွာပဲနော်'

'အဲ ကိုယ့်ရွာသား အချင်းချင်းကတော့ လုံးဝ အတင်စီးမခံဘူး။ နည်းနည်းလေးမှ အညံ့မခံဘူး။ တစ်ယောက်ယောက်က ကိုယ့်ကို စော်ကားလိုက်တယ်ဆိုရင်၊ ကိုယ့်အမျိုးတစ်ယောက်ယောက်ကို စော်ကားလိုက်မယ်ဆိုရင် ရုံးပြင်ကနား သွားနေတာ မဟုတ်ဘူး။ ရုံးကလာပြီး စစ်လားဆေးလား လုပ်ရင်တောင် ဖုံးဖိထားလိုက်တာပဲ။ အဲ ချက်ကောင်းတစ်ကွေ့ တွေ့ပြီဆိုရင်တော့ အဲဒီ စော်ကားဖူးတဲ့ အကောင်ကို မျက်နှာ စေ့စေ့ကြည့်ပြီး သွေးအေးအေး လက်စားချေပြကြတာပဲ။ ပြီးတော့ တစ်ချိန်ကဆိုရင် စိုင်နိုင်ကြီးသား ဆိုတာက လူသတ်ရတာများ လှတော သား နွားခွေး ထုတာလောက်တောင် လက်တွန့်တဲ့ လူတွေ မဟုတ်ဘူး ဆရာ'

## ရန်ကြီးအောင် ထံတိုင်း

ကျွန်တော်တို့သည် ရွှေဘိုမြို့၌ တပည့်ဖြစ်သူ ကိုမောင်ကို၊ မတင်တင်တို့ အိမ်တွင် တစ်ညအိပ်ပြီးမှ နောက်နေ့ နံနက် ချီပါသို့ ခရီးဆက်ရန် ဖြစ်ပါသည်။ ကိုမောင်ကိုတို့ အိမ်သည် ကုန်းဘောင်ခေတ် ကောင်းစားစဉ်က တည်ဆောက်ခဲ့သော မြို့ရိုးတံတိုင်းကြီး၏ အနောက်မြောက်ထောင့်တွင် ကပ်လျက် ဝန်တော်အိမ်ရပ်၌ ရှိသည်။ ကျွန်တော်သည် အိမ်ပေါ်ထပ်မှ အရှေ့ဘက်သို့ ကြည့်လိုက်သောအခါ မြင့်မား ရှုပ်ထွေးလှသည့် ချုံပိတ်ပေါင်းများကို မြင်ရသဖြင့်–

'မောင်ကိုရေ၊ ဒီချုံကြီးတွေက ဘာကြီးတွေလဲကွ။ ဘာဖြစ်လို့ ဒီလောက် ကြီးမားနေရတာတုံး'

မတင်တင်က ဝင်ဖြေလာပါသည်။

'ဆရာ၊ အဲဒါ မြို့ရိုးဟောင်းတံတိုင်းကြီးပေါ့။ ချုံနွယ်တွေ အုပ်ထားလို့ပေါ့'

ရာပြည့်စာအုပ်တိုက်



မတင်တင်၏ စကားမဆုံးမီမှာပင် ကိုကျီးညိုက ဝင်ပြောလိုက်ပါသည်။

'ဆရာနှယ် အလောင်းဘုရားတို့သားအဖ လက်ထက်ကတော့ ဆင်တပ်တိုးလို့ မနဲ့အောင် အခိုင်အမာ တည်ထားခဲ့တာပေါ့။ ခုတော့ ခွေးတွေယက်၊ ကြွက်တွေ တူးတာနဲ့ မြို့ရိုးလည်း တီတစ်ထွာစာတောင် မရှိတော့ဘူး'

တစ်ချိန်က မြို့ရိုးကြီးသည် ခိုင်ခိုင်မာမာ ခံ့ခံ့ညားညား ရှိခဲ့ကြောင်း၊ ယခု လူတွေက အုတ်တွေ သယ်လိုက်၊ မြေတွေ တူးလိုက်၊ လမ်းတွေဖောက်လိုက် လုပ်နေကြခြင်းကိုပင် ခွေးတွေ၊ ကြွက်တွေ တူးယက်ကြခြင်းဟု သုံးလိုက်ခြင်း ဖြစ်ကြောင်း မတင်တင် ရှင်းပြမှ ကိုကျီးညို၏စကားကို နားလည်လိုက်ပါတော့သည်။

## ရွှေဘို နောက်ဆုံးမင်း

ကျွန်တော်သည် မြို့ရိုးပျက်ကြီးကို ငေးမောကြည့်နေရင်း ရာဇဝင်ကြောင်းများကို ပြန်ပြောင်း စဉ်းစားနေမိသည်။ ကိုကျီးညိုမှာလည်း ကျွန်တော့်အပါးမှာပင် ရပ်လျက် စဉ်းစားနေဟန် တူပါသည်။

'ဒီမြို့တော်ကြီး နောက်ဆုံးစံသွားတဲ့ မင်းကတော့ ဘိုးတော်ဘုရားပဲနော်'

ကျွန်တော့်အမေးကို ကိုကျီးညိုကပင် ဝင်ဖြေလိုက်ပါသည်။

'မဟုတ်ဘူး ဆရာ၊ နောက်ဆုံးမင်းက ဦးသန်းမြင့်ပေါ့'

သူ့စကားကြောင့် ကျွန်တော်မှာ ကြောင်သွားပါသည်။ မောင်ကို၏ ရှင်းပြချက်အရ ဦးသန်းမြင့်ဆိုသူမှာ ထိုစဉ်က မြို့နယ်ကောင်စီ အတွင်းရေးမှူးဆိုလား၊ ဥက္ကဋ္ဌဆိုလား ဖြစ်နေကြောင်း သိရပါသည်။

## စားပြီ ဆိုမှဖြင့်

ညစာကို မောင်ကိုတို့ ဇနီးမောင်နှံက ကျွေးပါသည်။ ပထမတွင် ကိုကျီးညိုက မစားတော့ဟု ငြင်းပါသည်။ ကျွန်တော်တို့က ဝိုင်းဝန်းတောင်းပန် တိုက်တွန်းလွန်း

ရာပြည့်စာအုပ်တိုက်

သောအခါမှသာ ဝင်စားပါသည်။ ကျွန်တော် စားပြီးသည့်တိုင် ကိုကျီးညို မပြီးသေးသဖြင့် ကျွန်တော်က–

'ဖြည်းဖြည်းသာစား ကိုကျီးညိုရေ့၊ အားနာစား လုပ်မနေနဲ့'

'အားမနာပါဘူးဆရာ၊ ဇူဇကာ နှာလန်ထ စားနည်းမျိုးကို စားပစ်လိုက်တာပါပဲ။ ဗိုက်ကိုလည်း ဆင်သေကို မျိုထားတဲ့ စပါးကြီးမြွေဗိုက် ဖြစ်နေပြီ'

## စက်ဘီးဒဏ်

ကျွန်တော်တို့သည် ချီပါသို့ စက်ဘီးကိုယ်စီနှင့် ထွက်ခဲ့ကြပါသည်။ လမ်းမှာ ဆိပ်ခွန်သို့ သွားရာ လမ်းမကြီး ဖြစ်သဖြင့် အတော်အသင့် ဖြောင့်ဖြူး ချောမွေ့ပါသည်။ သို့ရာတွင် ကားများ၊ လှည်းများကို ရှောင်ရသောအခါမူ လမ်းဘေးသို့ ထိုးဆင်းရပါသည်။ လမ်းဘေးမှာ ကျောက်ကြမ်း၊ ကျင်းခွက်တို့ဖြင့် မညီမညာ ဖြစ်နေပါသည်။ ထို့ကြောင့် ဘေးသို့ ထိုးဆင်းပေးရတိုင်း စက်ဘီးကို ထိန်းမရအောင် ဒယီးဒယိုင် ဖြစ်ရပါသည်။ ကျောက်ခဲ၊ ကျင်းခွက်တို့ကြောင့်လည်း တရှောင်းရှောင်းနေအောင် ဆောင့်ခြင်း၊ တိုက်ခြင်းတို့ဖြင့် မသက်မသာ ဖြစ်ကြရပါသည်။ မသက်မသာ ဖြစ်နေသော ကျွန်တော့်မျက်နှာကို ကြည့်ရင်း ကိုကျီးညိုက ပြောလိုက်ပါသည်။

'ဆရာ၊ ဒါက အစရှိပါသေးတယ်။ ချီပါက ပြန်လာတော့ ကျွန်တော်တို့ နှစ်ယောက် သင်းသတ်ပြီးသား ဖြစ်နေကြလိမ့်မယ်'

## ဘုရားပွဲလား၊ တရားပွဲလား

လှတောရွာနှင့် ပတ်သက်၍ သိလိုသည်များကို ကိုကျီးညိုအား လမ်းသွားရင်း ကျွန်တော် မေးမိတတ်ပါသည်။ လှတောရွာ စည်ကားသာယာပုံနှင့် ပတ်သက်၍လည်း ကိုကျီးညိုက ဤသို့ ရှင်းပြပါသည်။

'အရင်ကတော့ ကိုယ့်ရွာဇာတိသားတွေဆိုတော့ တစ်သွေးတစ်သံတစ်မိန့်





အတိုင်း စည်းစည်းရုံးရုံးလည်း ရှိပါတယ်။ သိုက်သိုက်ဝန်းဝန်းလည်း ရှိပါတယ်။ ဒါကြောင့် ကိုယ့်စရိုက်နဲ့ ကိုယ့်ရွာ အလွန်ပျော်စရာ ကောင်းပါတယ်။ အခုတော့ ဟိုကလာ၊ ဒီကရောက်နဲ့ ဝင်နေ ကပွားပျံ့ကျဲတွေ များလာလို့ ရွာလည်း ကျွက်ကျွက်ရိုက်နေတော့တာပဲ။ ရုံးပြင်ကနားဆိုရင် လှတောက အမှုသည်တွေဟာ ဘုရားပွဲကျင်းပနေတဲ့ အတိုင်းပဲ'

## ချီပါရွာ

ကျွန်တော်တို့သည် ချီပါရွာနှင့် ပတ်သက်၍ သိချင်သည်များကို မေးမြန်းနိုင်ရန် ကျေးရွာကောင်စီ လူကြီးများ၊ သက်ကြီးရွယ်အိုများနှင့် သွားရောက် တွေ့ဆုံပါသည်။ ချီပါ မြောက်ရွာမှ ဒေါ်အေးခင်၊ ဦးအောင်ညွှန့်၊ ချီပါ တောင်ရွာမှ ဦးဘို (၆၉)၊ ဦးထွန်းရီ (၄၆)၊ ဦးဖိုးထွား (၈၇)၊ ဦးတင်ရွှေ (၅၁) စသူများနှင့် ဆွေးနွေးမေးမြန်းခွင့် ရပါသည်။

ကျွန်တော်တို့သည် ကျေးရွာ လုပ်ငန်းကိုင်ငန်း၊ ပညာရေး၊ ကျန်းမာရေး စသည်များကို သင့်သလို စကားပြောကြပြီးနောက် ကျွန်တော်တို့၏ ရည်ရွယ်ရင်း၊ သိလိုရင်းဖြစ်သည့် ချီပါသား စကားကြွယ်ပုံများကို မေးမြန်းကြည့်ပါသည်။ ထိုသူတို့ ဖြေကြားပုံနှင့် ကျွန်တော်တို့ သိထားကြသည်များမှာ တခြားစီ ဖြစ်နေသည်ဟု ဆိုရလောက်ပါသည်။

ချီပါသား၊ ပခန်းသား စကားကော်၊ စကားကတ်တတ်ကြောင်း၊ ရပ်တကာ ရွာတကာ လှည့်လည် လိမ်ညာတတ်ပုံများရှိကြောင်း၊ စာထဲပေထဲ၌ တွေ့ဖူး၊ ကြားဖူးပုံ၊ တကယ်တော့ ယခု ထိုကဲ့သို့ ပြောဆိုသုံးနှုန်း လိမ်ညာနေပုံများ မတွေ့မမြင်ရပုံများကို သူတို့က ရှင်းလင်းပြောပြ ကြပါသည်။

လိမ်တတ် ညာတတ်ပုံနှင့် ပတ်သက်၍များ အမှတ်အသား ရှိခဲ့ဖူးပါလျှင် ပြောပြဖို့ မေတ္တာရပ်ခံသောအခါ ဒေါ်အေးခင်က ဤသို့ ပြောပြပါသည်။

## နှစ်နှပ်စား ဉာဏ်

ချိုပါသားတို့သည် ဘိုးစဉ်ဘောင်ဆက်ကပင် ချည်ထည်၊ ပိုးထည် ရက်လုပ်ခြင်း လုပ်ငန်းဖြင့် အသက်မွေးခဲ့ကြသည်။ ယင်းအထည်များ လှည့်လည် ရောင်းချခြင်းဖြင့်လည်း ရပ်တကာ၊ နယ်တကာ ရောက်ခဲ့ကြသည်။ ထိုလုပ်ငန်းကြောင့်ပင် ချိုပါရွာသည် နာမည်ထင်ရှား လူသိများခဲ့သည်။

ချိုပါရွာ ရက်ကန်းအလုပ်ဖြင့် အသက်မွေးခဲ့သည်မှာ အာဠဝီပြည်နှင့် သက်တမ်းတူ ဖြစ်သည်ဟုပင် ပြောပါသေးသည်။

ရွှေဘိုမြို့၌ မင်းဆွေမင်းမျိုးများ ခေတ်ကောင်းနေဆဲ ကာလက ဖြစ်သည်။ မင်းကတော် စိုးကတော်တို့သည် ချိုပါရွာထွက် ပိုးထည်များ၊ ပိုးရောချည်ထည်များ အထူးနှစ်သက်သဖြင့် တကူးတကန့် မှာကြားတတ်ကြသည်။ ပွဲနေ့ပွဲထိုင်တွင် အပြိုင်အဆိုင် ဝတ်ဆင်တတ်ကြသည်။

တစ်နေ့တွင် မင်းကတော်တစ်ဦးက ချိုပါသားတစ်ယောက်ကို ပိုးချည် သက်သက် အစိတ်စီး (၂၅ သားလေး) ပြန့်ထဘီတစ်ထည်ကို ရက်လုပ် ဆက်သွင်းရန် မှာကြားလိုက်သည်။ ချိုပါသားမှာကား သင့်တင့်အောင် ရက်လုပ်သော်လည်း ချည်မဝင်သဖြင့် အစိတ်စီး မပြည့်ဘဲ ရှိနေသည်။ ထို့ကြောင့် သွားရောက် ပေးသွင်းသောအခါ ထဘီခေါက်အတွင်း၌ သဲများကို ထည့်သွားသည်။ မင်းကတော်ထံ ရောက်လျှင် အသားအနားကို ပြဟန်ပြုပြီး အလေးယူခဲ့ပါ၊ ကပ္ပယ်ယူခဲ့ပါ ဟု ကပျာကယာတောင်းလျက် အလေးချိန်ပြည့်ကြောင်း ကိုယ်တိုင် ချိန်ပြလိုက်သည်။

မင်းကတော်ကို့မှာကား အဆင်အသွေးကို သဘောကျလှပြီဖြစ်သဖြင့် ချိုပါသားအား မြေပဲယို၊ ကြက်သွန်ကြော် စသည့် စားကောင်းသောက်ဖွယ်တို့ဖြင့် တခမ်းတနား ကျွေးမွေးကြလေသည်။ ထဘီကိုလည်း ယနေ့ပင် ချုပ်လုပ်ရန် စီမံစေခိုင်းလိုက်လေသည်။

ထိုအခါ ချိုပါသားက–

'မင်းကတော်တို့၊ ယနေ့ကား နေ့ကောင်းရက်သာ မဟုတ်။ ဝတ်ကောင်း





စားလှများကို နေ့ကောင်းနေ့မြတ်တွင် ချုပ်လုပ်မှသာလျှင် ကျက်သရေ မင်္ဂလာ တိုးတက်မြဲ ဖြစ်ပါတယ်။ ဒါကြောင့် အခါကောင်း ရက်ကောင်း ကို ရွေးချယ်ပြီး စောင့်ဆိုင်း ချုပ်လုပ်ကြပါ'ဟု တိုက်တွန်းလေသည်။

မင်းကတော်တို့လည်း ချိုပါသား၏ အကြံပေးချက်ကို နှစ်ခြိုက်ကြသဖြင့် ထဘီကို သိမ်းဆည်းထားလိုက်ကြသည်။

ချိုပါသားသည် စားကောင်းသောက်ဖွယ်များကို တဝတပြဲ စားပြီးသည့် နောက်၌ ဤသို့ ညည်းတွားလိုက်သည်။

'ဒီလို မကြုံဘူးတဲ့ အစားကောင်း၊ အသောက်ကောင်းတွေ စားလိုက်ရ တော့ စားမဖြောင့်အောင် စိတ်မကောင်း ဖြစ်ရပါတယ်'

'ဘယ်လိုကြောင့် မဖြောင့်ရတာလဲ မောင်ရင်'

'ဒီအစားအစာများကို ကျွန်တော့်ဇနီးနဲ့ သားသမီးများ တစ်သက်နဲ့ တစ်ကိုယ် မြင်တောင် မမြင်ရှာဖူးပါဘူး။ ကျွန်တော် စားခဲ့ရကြောင်း ပြောပြရင် တောင် ယုံကြမှာ မဟုတ်ပါဘူး။ ဒါကြောင့် သူတို့ကို မြင်စမ်းစေချင်လို့ စားမဖြောင့် ခြင်း ဖြစ်ပါတယ်'

'အို ဖြစ်မှ ဖြစ်ရလေ။ ဒီလိုဆိုရင် စားလောက် သောက်လောက်အောင် ထည့်ပေးလိုက်၊ ထုပ်ပေးလိုက်ကြပါ'

ဤသို့ဖြင့် မင်းကတော်တို့ ပေးလိုက်သည့် အစားအစာများကို ယူဆောင် လာပြီးလျှင် အိမ်မရောက်မချင်း မကုန်ကုန်အောင် တစ်လမ်းလုံး တစွတ်စွတ် စားသွားလေသည်။

ဤသို့သော တစ်နပ်စား ကလိမ်ဉာဏ်မျိုးဖြင့် လှည့်ဖြားတတ်သော အပြုအမူများကြောင့် ချိုပါသားတို့ နာမည်ကြီးခြင်းလည်း ဖြစ်သည်၊ နာမည် ဆိုးခြင်းလည်း ဖြစ်သည်ဟု ဒေါ်အေးခင်က ရှင်းပြပါသည်။

ဦးဘိုးထွား (၈၇) ပြောပြချက်အရဆိုလျှင် ဘိုးစာဆို၊ ဘိုးခတ္တာ၊ ဘိုးမြတ်နိုး၊ ဦးတောက်ကြီး စသူတို့သည် စကား အကော်အကတ် အလွန်ကောင်းခဲ့သည်ဟု

သိရပါသည်။ သို့ရာတွင် ပြောပြသော အကြောင်းအရာတို့မှာ လှတောသားတို့ ပြောသော အကြောင်းအရာများနှင့် တူနေတတ်ပါသည်။ မတူသည်များလည်း အတန်အသင့် ပါပါသည်။

## ချိပါသား စကား ကတ်တတ်တတ်

ချိပါရွာသားများ စကားကတ်တတ်ပုံနှင့် ပတ်သက်၍ သာဓက နှစ်ရပ်ကိုလည်း မှတ်သားခဲ့ရပါသည်။

ချိပါသားတစ်ယောက်သည် တစ်ရပ်တခြားမှ ပြန်လာစဉ် ခရီးပန်း၍ ညောင်းညာလာသဖြင့် တွေ့ရသော လှည်းကြုံတစ်စီးကို စီးနင်းလိုက်ပါခွင့် ပြုပါရန် တောင်းပန်လေသည်။

လှည်းရှင်က 'ခင်ဗျားက ဘယ်ရွာသားလဲ'ဟု မေးလေသည်။

'ကျွန်တော် ချိပါသားပါ'

'ဟေ့ ချိပါသားဆို စီးခွင့် မပေးနိုင်ဘူးကွ။ မင်းတို့ရွာသားက ပါးစပ် အအားထားတာ မဟုတ်ဘူး။ တွေ့ကရာ ကော်ချင်ကတ်ချင် နေကြတာ'

'မကတ်ပါဘူး ခင်ဗျာ၊ စကားမပြောနဲ့ ဆိုတောင် မပြောပါဘူး'

'အေး၊ မင်းကတိအတိုင်း တည်ရင်လိုက်ခဲ့'

ချိပါသားသည် သူ့ကတိအတိုင်း တစ်လမ်းလုံး စကားတစ်ခွန်းမျှ မပြောဘဲ အေးဆေးစွာ လိုက်ပါလာသည်။ လမ်းခွဲသို့ ရောက်သောအခါတွင်မူ ချိပါသားသည် လှည်းမှဆင်း၍ သက်ဆိုင်ရာလမ်းသို့ သွားရတော့မည် ဖြစ်သည်။ ထိုအခါမှ ချိပါသားက စကား စလေသည်။

'ဒီလှည်းပေါ်က နောက်ချီး (နွားချေး) တွေက ဘာလုပ်ဖို့လဲဗျ'

'ယာခင်းထဲ ချဖို့ပေါ့'

'ယာခင်းထဲချတော့ ဘာအကျိုးရှိမှာလဲ'

'အသီးအနှံတွေ ကောင်းတာပေါ့ဗျ'

'ဒီလိုဆိုရင်ဗျာ နွားဖင်ထဲ သီးနှံပင် စိုက်ထားလိုက်ရောပေါ့'





ချိပါသားသည် ပြောပြောဆိုဆို လှည်းမှ ဆင်းသွားသဖြင့် လှည်းရှင်မှာ အောင့်သက်သက် ကျန်ရစ်ခဲ့ရရှာသည် ဟူ၏။

## ရတနာတစ်ပါး အားမတိုးနိုင်

တောင်ဒင်းရွာကျောင်း ဘုန်းတော်ကြီးသည် ဝက်လက်မှ လှည်းဖြင့် ပြန်လာစဉ် ချိပါသားတစ်ယောက်နှင့် တွေ့လေသည်။ အခွင့်အရေး ယူတတ်သော ချိပါသားတို့ ထုံးစံအတိုင်း ၄င်းလူသည် ဘုန်းကြီးထံ လှည်းစီးခွင့် တောင်းလေသည်။ ဘုန်းတော်ကြီးက စီးခွင့်ပေးလိုလှသည် မဟုတ်သော်လည်း ချိပါသား၏ အကဲကို သိနိုင်ရန် စီးခွင့်ပြုလိုက်သည်။

လှည်းလမ်းကွေ့တစ်ခုသို့ ရောက်ကြခိုက် ဖွတ်ကြီးတစ်ကောင်သည် လှည်းရှေ့မှ ဖြတ်ပြေးသွားပြီး တစ်ဖက် လမ်းထိပ်တွင် ရပ်တန့်ငေးမောနေသည်ကို တွေ့ကြရသည်။ ဖွတ်ကြီးမှာ အလွန်ရှည်လျားလှသဖြင့် ဘုန်းတော်ကြီးက တအံ့တသြ ပြောလိုက်သည်။

'အင်း တွင်းအောင်း သတ္တဝါမှန်က တယ် ကျောရိုး ရှည်တတ်တာပဲ ကလား'

ချိပါသားက ဤသို့ ဝင်ထောက်လိုက်သည်။

'တွင်းအောင်းသတ္တဝါတိုင်း ကျောရိုးရှည်ရရင်ဖြင့် ဘုရား၊ ပုစွန်လုံး ကျောရိုး မီးရထားလမ်းပဲ လုပ်ဖို့ ရှိတော့တယ်'

ဘုန်းတော်ကြီးသည် မိမိအား မလေးမစား ကဖျက်ယဖျက် ပြောသည်ကို ခံပြင်းလှသဖြင့် လှည်းမောင်းသမား၏ နှင်တံကို ဆွဲယူပြီး ချိပါသားအား ရိုက်လေတော့သည်။

ထိုအခါ ချိပါသားက 'ရတနာ နှစ်ပါး ကယ်တော်မူပါဘုရား၊ ရတနာ နှစ်ပါး ကယ်တော်မူပါ ဘုရား'ဟု အော်လေသည်။

လှည်းသမားက 'ဘယ့်နှယ်ဗျာ၊ ရတနာ သုံးပါး ရှိတဲ့အနက်က ရတနာ

နှစ်ပါးထဲ တမ်းတရတယ်လို့’ဟု ဝင်ပြောလျှင် ချီပါသားက ‘ရတနာတစ်ပါးက မဟားတရား ရိုက်နေတဲ့ဥစ္စာ သွားတမ်းတနေလို့ အပိုပဲ ရှိမှာပေါ့ဗျာ’ဟု ငေါ့တော့တော့ ပြောလိုက်လေသည်။

## တောင်ရွာနှင့် မြောက်ရွာ

ချီပါရွာတွင် အပိုင်းနှစ်ပိုင်း ရှိသည်။ မြောက်ပိုင်းကို မြောက်ရွာဟုလည်းကောင်း၊ တောင်ပိုင်းကို တောင်ရွာဟုလည်းကောင်း ခွဲခြားခေါ်ကြသည်။ နှစ်ရွာပေါင်း အိမ်ခြေ ရှစ်ရာကျော်ရှိသော ရွာကြီးဖြစ်သည်။ မြောက်ရွာကား ပိုမို ခေတ်မီ တိုးတက်သည်။ အိမ်ကြီးအိမ်ကောင်းများ ရှိသည်။ သန့်ရှင်းသပ်ယပ်စွာ နေတတ်ကြသည်။ ပညာတတ်လည်း ပေါသည်ဟု သိရပါသည်။

တောင်ရွာမှာမူကား လယ်ယာစိုက်ပျိုးသူဦးရေက ပိုများသည်။ အိမ်ကြီး အိမ်ကောင်း နည်းသည်။ ကျွဲနွားလယ်ယာတို့နှင့် လုံးထွေးနေရသူများ ဖြစ်သည့် အလျောက် မြောက်ရွာလောက် သန့်ရှင်းသပ်ယပ်မှု မရှိဟု ပြောပြကြပါသည်။ ကျွန်တော်နှင့် ပါလာသူ ကိုကျီးညိုကမူ ဤသို့ သရုပ်ဖော်ပြလိုက်ပါသည်။

‘ဆရာ့နှယ်၊ တစ်ရွာတည်းသာ ဆိုရပေမယ့် တောင်ရွာနဲ့ မြောက်ရွာက တော့ ဘုရားခန်းနဲ့ အိမ်သာလို တခြားစီပါပဲ ဆရာ’

## ဖျိုသော်လည်း

ကျွန်တော်တို့သည် ထိုနေ့ညနေ သုံးနာရီလောက်မှာ ရွှေဘိုဘက်သို့ ပြန်ထွက်ခဲ့ကြ ပါသည်။ ရွှေဘိုမြို့ ပြည်တော်သာရပ် ကိုကျီးညို၏ မိတ်ဆွေ ဦးအုန်းကျော်၏ အိမ်သို့ ခေတ္တ ဝင်ရောက်ရပ်နားကြပါသည်။ ထိုအိမ်၌ တွေ့ရသော ဦးအောင်သိန်း (ဝက်လက်ပါတီယူနစ် ဥက္ကဋ္ဌဟောင်း) က လှတောသားတို့ ခိုင်းနှိုင်းတတ်ပုံနှင့် ပတ်သက်၍ ဤသို့ ပြောပြပါသည်။

‘ဝက်လက်မြို့ အစိုးရအထက်တန်းကျောင်းအုပ် ဆရာမကြီးဟာ အပျိုကြီး





ဖြစ်တယ်။ ဆရာ ဆရာမများ၊ ကျောင်းသူကျောင်းသားများက ချစ်စနိုးအဖြစ် (မမ) လို့ ခေါ်ကြတယ်။ အခုတော့ အိမ်ထောင်ရှင် ဖြစ်သွားပါပြီ။ ဒါကို လှတော သားတစ်ဦးက (မမ မမ)ဆိုလို့ နုနုစိုစိုလေးများ အောက်မေ့ပါတယ်၊ ဟာလိုလေးဗျာ ဘူးသီးဆို အတွင်းက အဆန်ချောင်နေလောက်ပါပြီလို့ ပြောလိုက်ပါတယ်’

ဦးအောင်သိန်းကပင် သူ ကြားလိုက်ရသော အသုံးတစ်ခုကို ထပ်ပြောပြ လိုက်ပါသေးသည်။

‘တစ်နေ့တော့ ကျွန်တော် ဝက်လက်သွားရင်း လှတောကို ရောက်ခိုက် လမ်းပေါ်မှာ ဒေါ်ငြိမ်းကို တွေ့လိုက်ရပါတယ်’

‘ဗျို့ ဒေါ်ငြိမ်း၊ ဘယ်က ပြန်လာသလဲဗျ။ ဘာတွေများ ပါလာသလဲ’

‘မပြောချင်ပါဘူး ဆရာရယ်၊ သမဆိုင်က သကြားရမယ်ဆိုလို့ သွားထုတ် ပါတယ်။ မီးနေသည်သုံးတဲ့ နှမ်းထုပ်လောက်တောင် မရှိဘူး။ နှာရှုချင်ရင် ဆရာ ယူသွားပေတော့’တဲ့။

## ငှက်ပျောအူတိုင် ဆီနှင်နှင်

တစ်ခါကလည်း စစ်ကိုင်းဒေသပါတီ ဥက္ကဋ္ဌ ဦးသိုးထိန်းက ဝက်လက်လာရင်း လှတောရွာကားဆိပ်မှာ ခေတ္တ ရပ်နားနေသတဲ့။ ကားကလေးမြင်တော့ အတန်း ကျောင်းက ကလေးတွေ လာကြည့်ကြသတဲ့။ ကလေးတစ်ယောက်ကတော့ အနားကပ်၊ ကားကိုလက်ညှိုးနဲ့ တို့ကြည့်ရင်း ‘ကားကတော့ ပြောင်လက်လိုက်တာ ကွာ၊ ငှက်ပျောအူတိုင် ဆီသုတ်ထား မှတ်ရတယ်’လို့ ပြောလိုက်သတဲ့။ လှတောသား ဆိုရင် ကလေးတောင် ဒီလို ပြောတတ်တာပဲဟု ဦးအောင်သိန်းက ပြောပြပါသည်။

## ဒုတိယ တရုတ်ပြေးခင်း

ထိုနေ့ည၌ ကျွန်တော်ကား ရွှေဘို ဒေသကောလိပ် မော်ကွန်းထိန်း ဦးခင်မောင်စန်း နှင့် တွေ့ရန် ရွှေဘိုမှာပင် နေရစ်ခဲ့ပါသည်။ ကိုကျီးညိုမှာမူ လှတောသို့ ပြန်သွား

လေသည်။ နောက်တစ်နေ့ နံနက်စာ ထမင်းကို သူ့အိမ်မှာပင် စားရန်ကိုလည်း ကိုကျိုးညိုက ကျွန်တော့်အား အထပ်ထပ် မှာကြားသွားလေသည်။

ဦးခင်မောင်စန်းကလည်း အဆိုပါ နံနက်စာကို သူကပင် အတင်းအကြပ် မစားမနေရ ကျွေးနေသဖြင့် ၁၁ နာရီကျော်လောက်မှ လှတောသို့ ပြန်နိုင်ပါလေတော့သည်။ လှတောကားဆိပ် ရောက်လျှင် ရောက်ချင်း ကိုကျိုးညိုသည် ကျွန်တော့်အား နောက်ကျရခြင်းအတွက် အပြစ်ဆိုပါလေတော့သည်။ ယခု ချက်ချင်း လိုက်ပါ စားသောက်ဖို့လည်း အတင်းခေါ်နေပါသည်။

ကျွန်တော့်မှာ ခရီးကလည်း ပန်း၊ ဆာကလည်း မဆာသေး၊ အချိန်ကလည်း စကောစက ဖြစ်နေသဖြင့် ညစာကျမှ စားပါရစေတော့ဟု တောင်းပန်လိုက်ရသည်။ ညနေ သုံးနာရီလောက်မှာပင် ကိုကျိုးညို လာခေါ်နေချေတော့သည်။ ထို့ကြောင့် ဆရာအုန်းနှင့်အတူ ကိုကျိုးညိုအိမ် လိုက်ခဲ့ကြရသည်။

ထမင်းစားပွဲဝိုင်းမှာ မြင်မကောင်းအောင် ကြီးမားနေသည်။ ဟင်းခွက် ဦးရေမှာလည်း ဆယ့်လေးငါးခွက်အောက် လျော့မည် မဟုတ်သည်ကို သတိထားမိလိုက်သည်။ ထို့ကြောင့် ကျွန်တော်သည် နှုတ်ဆိတ် မနေနိုင်ပေ့ာဘဲ–

'ဘယ့်နှယ် ကိုကျိုးညိုကလဲဗျာ၊ လုပ်ထားလိုက်တဲ့ ဟင်းခွက်တွေက မြင်မကောင်း ရှုမကောင်းပါပဲလားဗျ။ သက်သက်ဒုက္ခများအောင် '

'ဘာမှ အားနာမနေနဲ့ ဆရာရေ၊ ကျွန်တော်ကိုယ်တိုင်က တရုတ်ပြေးမင်း ဝင်စားထားတာမို့ ဟင်းခွက်နည်းရင် ဘုရားဆွမ်းတော်တင်တောင် ချမ်းသာပေးတာ မဟုတ်ဘူး ဆရာ'

## လွေးရခက်၊ ထွေးရခက်

ထမင်းစားနေကြရင်း ကျွန်တော်က 'လှတောရောက်မှ လူလည်း ဟင်းကောင်းချည်း စားနေရတော့တာပဲ၊ ပြန်တောင် မပြန်ချင်တော့ဘူး။ လှတောက တယ် အသားငါး ပေါတာပဲ'ဟု ပြောလိုက်မိသည်။ ထိုစဉ် ကိုကျိုးညိုက ဤသို့ ဝင်ပြောလိုက်ပါသည်။





'အလိုလေး ဆရာရယ်၊ လှတောသား အညီကြိုက်ကြလွန်းလို့ ခွေးထီးများတောင် ဆောင့်ကြောင့် မထိုင်ရဲကြတော့ဘူး' တဲ့။

ကိုကျိုးညိုစကားကြောင့် ခွံ့နေဆဲ ထမင်းလုပ်ကိုပင် ပြန်ထွေးချရတော့မလို ဖြစ်မိပါတော့သည်။

## ထူထူရေ ဝါး

၁၉၇၈ ခု မတ်လထဲက ကျွန်တော့်မိတ်ဆွေ လှတောသား ကိုကျိုးညိုတစ်ယောက် ရန်ကုန်သို့ ရောက်လာပါသည်။ ကျွန်တော့်အိမ်သို့လည်း ဝင်ရောက်လာပါသည်။ သို့သော် သူလာစဉ် ကျွန်တော် အိမ်၌ မရှိသဖြင့် လူချင်း မတွေ့လိုက်ရ။ သူတည်းသည့် အိမ်လိပ်စာကိုလည်း မပြောခဲ့။ "ရဲဘော်ဘခက်" အိမ်၌ တည်းသည် ဟုသာ မှာခဲ့သည်။ ရဲဘော်ဘခက်ဆိုသူသည် အဘယ်သူနည်း၊ အဘယ်မှာနည်း။ "သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ" စာအုပ်ကို ပြုစုသူ စာရေးဆရာ ရဲဘော်ဘခက်လော၊ ရဲဘော်ဘခက် အမည်နှင့် ပတ်သက်၍ ဤသူ တစ်ဦးကိုသာ ကျွန်တော် ကြားဖူးသည်။ သို့ဖြင့် ရဲဘော်ဘခက်၏ လိပ်စာနှင့် တယ်လီဖုန်းကို ရှာဖွေရတော့သည်။ ဖုန်းဆက်ကြည့်၏။ ကိုကျိုးညို တည်းနေကြောင်း ထိုအိမ်က အတည်ပြုသည်။ သို့ရာတွင် ယခု သူမရှိဟု ဆိုပါသည်။ ထို့ကြောင့် ကျွန်တော့်ကို တွေ့နိုင်သည့် ဖုန်းနံပါတ်ကို ပေးခဲ့သည်။ သူက ဖုန်းဆက်ပြန်သည်။ သို့သော် သူဆက်စဉ် ကျွန်တော်ကား တခြားရောက်နေပြန်ပြီ။ ထို့ကြောင့် ကျွန်တော်သည် သူ့ကို တွေ့ဖို့ မကြိုးစားတော့ဘဲ ကျွန်တော့်အိမ် မပျက်မကွက် လာဖို့ကိုသာ အကြောင်းကြားထား လိုက်ပါတော့သည်။

၄–၅ ရက်လောက်ကြာမှ ည ၇ နာရီလောက်၌ ကျွန်တော် အိမ်၌ ရှိစဉ် တစ်စုံတစ်ယောက် တံခါးလာခေါက်သဖြင့် ကိုယ်တိုင် ထ ဖွင့်ပေးရာ–

'ကဲ ဒီတစ်ခါ ပုန်းနိုင်သေးသလား'

'ကျွန်တော်က လိုက်ရှာနေတဲ့ သူပါဗျ'

'ဟုတ်တယ် ဆရာ၊ ဆရာနဲ့ ကျွန်တော်ကတော့ နေနဲ့လ ပြေးတမ်းလိုက်တမ်း ကစားနေသလို တော်တော်နဲ့ကို မဆုံနိုင်ဘူး'

'ကဲ အခု ဆုံသခိုက် နေသွားဦးဗျာ။ စကားလည်း ပြောရအောင်။ ညဒီမှာပဲ အိပ်ရမယ်'

'ဟာ မဖြစ်တော့ဘူး ဆရာ၊ မနက် ပြန်ရတော့မှာ။ အစီအစဉ်တွေ အကုန်လုပ်ပြီးနေပြီ။ အခုတောင် ဆရာနဲ့ မတွေ့လိုက်ရမှာစိုးလို့ ဖွတ်ထွက်လာခဲ့တာ။ လုပ်စရာတွေ ရှိသေးတယ်'

'ခင်ဗျားလုပ်ပုံက မဟုတ်တော့ဘူး။ ကဲပါလေ ညမအိပ်နိုင်လည်း အခု ညစာ ထမင်း ဝင်စားရမယ်။ ကျွန်တော်လည်း မစားရသေးဘူး'

'ဝင်စားလို့ ဘယ်ဖြစ်တော့မှာလဲ ဆရာ၊ ကျွန်တော့်ဗိုက်က သီးထပ်သီးညှပ် စိုက်လို့ရတဲ့ မြေမျိုးမှ မဟုတ်ဘဲနဲ့'

**(ညစာ စားခဲ့ပြီး ဖြစ်၍ မစားနိုင်တော့ဘူးဟု ဆိုခြင်းဖြစ်ပါသည်။)**

## ထင်းနဲ့ရွတ် သက်ငယ်တင်

လှတောရောက်စဉ် သူ့အကူအညီတွေယူ၊ သူကျွေးတဲ့ ထမင်းတွေ စားခဲ့ပါလျက် ကျွန်တော့်အိမ်ရောက်စဉ် ထမင်းတစ်နပ်မှ မကျွေးရသဖြင့် မကျေမနပ် ဖြစ်ရပါသည်။ သို့သော် သူကလည်း အကျိုးအကြောင်း ရှင်းပြရင်း တောင်းပန်၊ အစီအစဉ်တွေကလည်း ချပြီး ဖြစ်နေသဖြင့် ကျွဲမြီးပဲ တိုလိုက်ရပါတော့သည်။

ရဲဘော်ဘခက်အိမ် ရောက်အောင် ကျွန်တော် လိုက်ပို့ဖို့ သူနှင့်အတူ ထွက်ခဲ့ပါသည်။ လမ်း၌ မှတ်မိသမျှ လှတောစကားများ ပြောပြဖို့ ကျွန်တော် တောင်းဆိုပါသည်။ သူက မှတ်မှတ်သားသား ဘာမှ မရှိခဲ့ပါဘူးဟု ဆိုပါသည်။ သို့ရာတွင် ယခု ရန်ကုန်ထွက်ခါနီး အိမ်မိုးသက်ငယ်နဲ့ ပတ်သက်ပြီး စကားများခဲ့ရသေးသည်ကိုမူ မှတ်မိပါသေးကြောင်း။

'ကျွန်တော့် အိမ်မိုးဖို့ သက်ငယ် သွားဝယ်ပါတယ်။ ကျွန်တော်တို့ရွာမှာပဲ





သက်ငယ်ပျစ်ရောင်းတဲ့ ဦးရှိန့်အိမ် ရှိပါတယ်။ ကျွန်တော်က ခင်ဗျားသက်ငယ်တွေက နိုင်ရောခိုင်ပါ့မလားလို့ မေးလိုက်မိတော့၊ ဦးရှိန်က "ခိုင်မခိုင် မေးမနေနဲ့ကွ။ ဒီသက်ငယ်နဲ့ မိုးထားရင် အိမ်မိုးပေါ် ဗုံးကျတောင် တုတ်တုတ်လှုပ်မှာ မဟုတ်ဘူး"လို့ ပြောပါတယ်။ ကျွန်တော်ကလည်း မခံချင်တာနဲ့ "အလိုလေးလေးဗျာ ခင်ဗျားဆီက ဝယ်သွားတဲ့ သယ်ငယ်မြက်တွေ နွားလွှန်းလို့တဲ့၊ မောင်အဟုတို့တော့ ပြုတ်သုပ် စားပစ်ကြပြီတဲ့ဗျ"လို့ မခံချင်အောင် ပြန်ပြောခဲ့ပါတယ်'

ကိုကျိုးညိုသည် ပြောရင်းဆိုရင်း သတိရလာသဖြင့် ရုပ်ရှင်ကြည့်ခဲ့စဉ်က အဖြစ်အပျက်ကိုလည်း ပြောပြပြန်ပါသည်။

'ဒီတစ်ခေါက် ကျွန်တော် ရန်ကုန်ရောက်တော့ ကျွန်တော်တစ်ယောက်တည်း ရုပ်ရှင်သွားကြည့်ခဲ့ပါတယ်။ ကြည့်စကြည့်န မရှိဘူး။ ဒါမို့ ရုံဖွင့်စကတည်းက ရုံထဲဝင်၊ ကိုယ့်ခုံနံပါတ်ကိုရှာပြီး ထိုင်နေလိုက်ပါတယ်။ ရုပ်ရှင်က စပြလို့ မှောင်နေတော့မှ လူငယ်တစ်ယောက်က ကျွန်တော့်အနားလာပြီး နောင်ကြီး လက်မှတ်က ဘယ်လောက်လဲတဲ့။ သူက မေးပါတယ်။ ကျွန်တော်က "တစ်ဆယ်" ထင်ပါရဲ့လို့ ပြန်ဖြေလိုက်ရပါတယ်။ ဒီတော့ အဲဒီသူငယ်က ကျွန်တော်ကလည်း (TEN) ပဲလို့ လာပြောနေပါတယ်။ ခုံနံပါတ်တူ ဖြစ်နေတယ်လို့ ပြောတာနဲ့ တူပါတယ်။ အမှောင်ကြီးရောက်မှ ဟိုမရှာတာတ်၊ ဒီမရှာတာတ် ဖြစ်တော့မှာ သိတာနဲ့ ကျွန်တော်က တင်းမကလို့ ပုတ်ကြီးဖြစ်နေနေ ခုမှတော့ မထနိုင်တော့ဘူးလို့ ပြောလွှတ်မှ အဲဒီကလေးလည်း အလွတ်တစ်ခုမှာ သွားထိုင်တာ တွေ့လိုက်ရပါတယ်။ တော်ပါသေးရဲ့ဗျာ'တဲ့။

## ထောင်းလိုက်ထဲ့ တလူဒါ

၈ မိုင်လမ်းဆုံရောက်တော့ ကျွန်တော်က အအေးသောက်ကြဖို့ ပြောရာ သူက မသောက်ချင်တော့ဘူးဟု ငြင်းပါသည်။ ကျွန်တော်က အတင်း လက်ဆွဲ ခေါ်လျက် ဆိုင်ထဲသို့ ဝင်ခဲ့ပါသည်။ ဆရာ သောက်ချင်ရာ မှာပါဟု ဆိုသဖြင့် ဖာလူဒါ

နှစ်ခွက် မှာသောက်ပြီး ပြန်ထွက်ခဲ့ကြပါသည်။ ဆိုင့်ပြင်လည်း ရောက်ကရော ကိုကျီးညို ပြောလိုက်သည်ကတော့–

'ရွှေဂုံမြို့က ဖာလူဒါတဲ့ဗျာ၊ ခွေးချီး ရေနဲ့ ဖျော်သောက်တာကမှ အရသာ ရှိလိမ့်ဦးမယ်' ဟူ၏။

ကိုကျီးညိုသည် အာသာမပြေသဖြင့် ရေသောက်ချင်သည်ဆိုကာ လမ်းဘေး ကုသိုလ်ဖြစ် ရေချမ်းစင်ဘက် ထွက်သွားပါသည်။ ရေခွက်တွင် သံကြိုး ချည်ထားသည်ကို တွေ့ရသောအခါ–

'ဆရာတို့ဆီက ရေခွက်ကလည်း ကျွန်တော်တို့ဆီက မားပြလိုပဲ လက်ထိပ် ကြိုးနဲ့ ပါပဲလား' တဲ့။

လှတောကို လာဖြစ်အောင် လာခဲ့ပါဦးဟု သူက ဖိတ်ခေါ်ရင်း ကျွန်တော် တို့နှစ်ယောက် လမ်းခွဲလိုက်ကြရပါတော့သည်။

## မောင်မြင့်သိန်း

စကားပြောသွက်ကြသည့် လှတောလူငယ်များတွင် မောင်မြင့်သိန်း တစ်ယောက် လည်း အပါအဝင်ဖြစ်သည်။ မောင်မြင့်သိန်းနှင့် ကျွန်တော်သည် သူ စီးပွားရေး တက္ကသိုလ် မရောက်မီကပင် သိကျွမ်းပြီး ဖြစ်ကြသည့်အလျောက် လှတောသို့ ယခုအကြိမ် ရောက်သောအခါ၌လည်း ဂရုတစိုက် ကူညီပါသည်။

မောင်မြင့်သိန်းမှာ ခေတ်ပညာတတ် လူငယ်တစ်ယောက်ဖြစ်သဖြင့် အတွေ့အကြုံ များသည့်အပြင် မိဘနှစ်ပါးကလည်း စကားပြောကောင်းသူများ ဖြစ်ကြသောကြောင့် မောင်မြင့်သိန်း၏ အသုံးအနှုန်းများသည် အထူးထက်မြက် ပေါ်လွင်နေတတ်ပါသည်။

## ဆန်နှင့်တူ၍ ထမင်းတောင် မပါ

မောင်မြင့်သိန်းတို့ ကုန်တင်ကားသည် မန္တလေးသို့ ထွက်လာခဲ့ရာ ဝက်လက်မြို့ နယ်နှင့် စစ်ကိုင်းမြို့နယ်အစပ် မင်္ဂလာရေစင်ဂိတ် အရောက်တွင် ဂိတ်စောင့်တို့က





ရပ်တန့်ခိုင်းလေသည်။ ထိုစဉ်က ဆန်သယ်မှုကို တင်းတင်းကြပ်ကြပ် ပိတ်ပင် တားဆီးနေသည့်အလျောက် ဂိတ်စောင့်တို့က–

'ဟေ့ မင်းတို့ကား ဆန် ဘယ်လောက် တင်လာကြသလဲ'

'ဆန်နဲ့တူရင် ဖမ်းကြလွန်းလို့ ထမင်းတောင် မစားခဲ့ပါဘူး။ ဝမ်းနှုတ်ဆေး စားပြီး ဗိုက်ထဲက ပစ္စည်းတွေတောင် ထုတ်ထားခဲ့ပါတယ်'

မောင်မြင့်သိန်း၏ အဖြေစကားကြောင့် စစ်ဆေးရှာဖွေရေးတွေက ကြောင်ကြည့်နေကြသော်လည်း အနီးအပါးရှိ လူတို့မှာကား တဝါးဝါး ရယ်မော ကြသော ဟူ၏။

## ရေစိုနေသော ကုလားပဲအိတ်

မောင်မြင့်သိန်းတို့ ကားသည် ကုလားပဲအိတ်များ တင်ပြီး မန္တလေးပွဲ ရုံသို့ ပို့ရန် ထွက်လာခဲ့စဉ် လမ်း၌ မိုးမိသဖြင့် အပေါ်ယံအိတ်များ အနည်းငယ် စိုသွား လေသည်။

ပွဲရုံရောက်သောအခါ၌ ပွဲစားက အပေါ်ယံ အိတ်များမှ နမူနာအဖြစ် ကုလားပဲ အနည်းငယ်ကို ထုတ်ကြည့်ရာ စိုထန်းထန်းဖြစ်နေသည်ကို တွေ့လိုက်ရ သည်။

'ခင်ဗျားတို့ ကုလားပဲတွေက မိုးမိလာတာနဲ့ တူတယ်'

'မိုးမိလာတာ မဟုတ်ပါဘူး။ မြစ်ထဲက ဆယ်လာတာပါ'ဟု မောင် မြင့်သိန်းက နောက်နောက်ပြောင်ပြောင် ဖြေလိုက်သဖြင့် ပွဲစားမှာ ကြောင်အမ်း အမ်း ဖြစ်သွားသည် ဟူ၏။

## အုန်းသီးပမာဏ

မောင်မြင့်သိန်းက အုန်းသီးကောင်းကောင်း လိုချင်သဖြင့် မန္တလေးသို့ ကားနှင့် သွားမည့် ယာဉ်မောင်းအား အုန်းသီးကောင်းကောင်း ဝယ်ခဲ့ရန် မှာကြားလေလျှင်–

'အုန်းသီးကောင်းကောင်း လိုချင်တာဖြင့် မန္တလေး မှာနေဖို့ မလိုပါဘူး။ သောင်ပြင် ဦးချမ်းမြေခြံမှာ သွားဝယ်စမ်းပါ။ အုန်းသီးတစ်လုံး တစ်လုံးဆိုရင် ဆင်ခေါင်းလောက်တောင် ရှိလိမ့်မယ်'

'အလိုလေး လူရာ၊ မောင်ကသာ ဆင်ခေါင်းလောက်ရှိနေ။ တကယ့် တကယ် ဝယ်ကြည့်တော့ ကြွက်လစေ့လောက်တောင် မရှိဘူး'တဲ့။

## နုထွားကြီးဟဲ့

မန္တလေးက ဆရာတော်ဘုရားကို အရှိအသေ အလေးအမြတ် ပြုသောအားဖြင့် ဦးဇင်းဦးပညာဝံသက "ကိုယ်တော်ကြီး"ဟု ခေါ်ဝေါ်သုံးစွဲလေ့ရှိရာ ဆရာတော်က ဤသို့ ခေါ်ဝေါ်ခြင်းကို မနှစ်မြို့သည့်သဘောနှင့် 'ကိုယ်တော့်မလဲ ဒီလိုချည်း ခေါ်နေတော့တာပဲ။ မခေါ်ပါနဲ့ ဆိုမှပဲ။ တကယ်တော့ မကြီးသေးပါဘူးဗျ။ နုထွား ကြီးမို့ဗျာ'ဟု ခပ်သောသော မိန့်တော်မူလိုက်လျှင် အနီးရှိ မောင်မြင့်သိန်းက–

'ကိုယ်တော်ကသာ မကြီးသေးဘူး ပြောနေ၊ ခြေသလုံးရိုး ခေါက်ကြည့် တော့ ဗဟိုရ်စည်သံ ပေါက်နေပြီ'ဟု ဝင်လျှောက်လိုက်မှ အားလုံးရယ်မောရင်း ပြဿနာ ပြေလည်သွားသည် ဆိုပါသည်။

## ချဲ ထလိုက်ပုံ

မောင်မြင့်သိန်းက သူ့အိမ်သို့ တစ်ချိန်ချိန် လာခဲ့ဖို့ မှာမှာနေသဖြင့် တစ်ညဦ မောင်ချိုအေးနှင့်အတူ သူ့အိမ်သို့ သွားကြပါသည်။ ကျွန်တော်တို့အား ကမ္ဘလာသီး များ ခွဲကျွေးသည်ကို မြင်နေသော မောင်မြင့်သိန်း၏ ကလေးက ငိုယိုတောင်းပါ လေတော့သည်။ ကျွန်တော်က ကောက်ပေးရန် လက်လှမ်းနေစဉ် မောင်မြင့်သိန်းက ကျွန်တော့်လက်ကို ကာဆီးရင်း–

'နေပါစေ ဆရာရေ၊ အစားတွေက စုံနေတော့ သိပ်မကောင်းဘူး။





အခုလည်း သိပ်နေကောင်းတာ မဟုတ်ဘူး။ ည ညဆိုရင် ကြောင် ဖက်အိပ်နေ ရသလို တဂွီးဂွီးနဲ့ ချွဲသံတွေ ကြား ကြားနေရတယ်။ ချွဲတစ်ခါ ဟပ်လိုက်ရင် ကြက်ဥပုပ် ဖောက်လိုက်သလိုပဲ'ဟု ပြောပြပါသည်။

## မောင်ချိုအေး

ကျွန်တော်က ကမ္ဘလာသီး စားနေသော်လည်း မောင်ချိုအေးက မစားသေးသဖြင့် ကျွန်တော်ကပင် မောင်ချိုအေးအား တိုက်တွန်းရင်း ပန်းကန်ကို သူ့ရှေ့ တိုးပေး လိုက်ပါသည်။ ဤတွင် မောင်မြင့်သိန်းက–

'ချိုအေးလား၊ ဒီအကောင် မစားမှာတော့ မပူပါနဲ့ဆရာ။ ဒီကောင်က ညှော်သည်ထမင်းကျွေးနဲ့ ဘုရားဆွမ်းတော်တင်ကိုပဲ လိုက်ရှာနေတဲ့ကောင်'ဟု သူ့ သူငယ်ချင်းကို စ လိုက်ပါသေးသည်။

## အဝတ်ကြိုက်သော ကား

မောင်မြင့်သိန်း၏ မိဘများသည် တစ်ဖက်က ပွဲရုံထောင်ထားပြီး တစ်ဖက်က ကားပြေးနေပါသည်။ မောင်မြင့်သိန်းမှာ ကားပေါ် လိုက်နေရသည်က များပါသည်။ မန္တလေးနှင့်လှတော ကူးချောသန်းချေပြုရင်း မန္တလေးမှာ အချိန်ကုန်သော် မန္တလေး၌ အိပ်၍ လှတောမှာ အချိန်ကုန်သော် လှတော၌ပင် အိပ်နေရသဖြင့် 'မန္တလေးနဲ့ လှတော ဘယ်ဟာက အခြေစိုက်စခန်းမှန်းတောင် မသိတော့ဘူး'ဟုလည်း ပြောပါ သည်။ 'ကားကောင်းတဲ့ အခါကျတော့ အဆင်ပြေပါရဲ့။ ကားမကောင်းဘူး ဆိုရင် တယ် ဒုက္ခရောက်တာပဲ'ဟု ဆိုသဖြင့် 'မောင်မြင့်သိန်းတို့ကားက ပါကင်လား'ဟု ကျွန်တော်က မေးပါသည်။ 'မဟုတ်ပါဘူး ဆရာ။ ပါကင်ကားကျတော့ ဆီက အလွန်ရှားပါတယ်။ အချို့ ရန်အောင်မန်း ပါကင်ကားတွေမှာတော့ စက်ဆီက သိပ်ပေတာပဲ။ မကြာခဏ သုတ်သုတ်ပေးနေရတာနဲ့ ကြာရင် ရွာသစ်ကြီးချည်စက်

ကားပေါ် တည်ဆောက်ထားရလိမ့်မယ်'ဟု ညည်းညည်းတွားတွား ပြောနေပါသည်။

## ငါးမွေးကန်

ကျွန်တော်တို့ ရောက်စကတည်းကပင် မောင်မြင့်သိန်းသည် ရေနွေးကြိုဖို့ အိမ်ထဲကို လှမ်းမှာထားပါသည်။ စကားပြောနေကြစဉ် 'ရေနွေးရပြီလား'ဟု တစ်ကြိမ် လှမ်းမေးနေပြန်ပါသည်။ နောက်ထပ် အချိန်ကြာသည်အထိ ရေနွေး မရောက်လာသေးသဖြင့် မောင်မြင့်သိန်းသည် 'ရေနွေးက ကြာလှချည်လား'ဟု ရေရွတ်ရင်း အတွင်းဘက်သို့ ဝင်သွားပါသည်။ ခဏအကြာ၌ လှုချည်းသက်သက် ထွက်လာလျက် မြည်တွန်လိုက်သည်ကတော့ 'ကျွန်တော်ကသာ ရေနွေး တောင်းနေတာ၊ သူတို့မီးဖိုကတော့ ငါးမွေးကန် ဖြစ်နေလေရဲ့'ဟူသတည်း။

မီးဖို၌ မီးအားနည်းနေသည်ကို အပြစ်တင်လိုသဖြင့် ဤသို့ ပြောလိုက်ဟန်တူပါသည်။

## မင်းသမီး ထဘီနွား

မောင်မြင့်သိန်းတို့ကားပေါ်တွင် မန္တလေးပွဲရုံမှ နှမ်းဖတ်များကို တင်ပြီးသဖြင့် မိုးကာနှင့် အုပ်ဆိုင်းရန် ကားသမားများနှင့် အလုပ်သမားများသည် ကားမိုးပေါ်သို့ မိုးကာကို ဖြန့်လွှားပစ်တင်လိုက်ကြသည်။ အလုပ်သမားတို့သည် မိုးကာ၏ အကြောင်းကို မသိကြသဖြင့် ရှေ့တိုးပါဦး၊ နောက်ဆုတ်ပါဦး၊ ဆောဆွဲပါဦးစသဖြင့် ရှေ့တိုးနောက်ငင် အတိုးအဆုတ်ပြုရင်း အသီးသီး ဆွဲငင်နေကြရာ မိုးကာကြီးမှာ နောက်သို့ ပုံကျလာတော့သည်။ ထိုအချိန်မှ ရောက်လာသူ မောင်မြင့်သိန်းက မိုးကာဖြစ်ပျက်နေပုံကို မြင်လိုက်ရသဖြင့် –

'အလိုလေးဗျာ၊ ခင်ဗျားတို့ မိုးထားတဲ့ မိုးကာကလည်း မင်းသမီးထဘီနွားတွဲလျားကျနေတဲ့ အတိုင်းပါပဲလား'ဟု ခိုင်းနှိုင်းလိုက်သည် ဆိုပါသည်။





## အကြွေးဆို ဆလံတင်ပါပြီ

မောင်မြင့်သိန်း၏ဖခင် ဦးသောင်းဟန်ရော၊ မိခင် ဒေါ်ငွေးကြင်ပါ အခိုင်းအနှိုင်းကလေးနှင့် စကားပြောတတ်ကြပါသည်။ စကားအရာ၌ အသွင်တူသော မိသားစုဟု ဆိုသင့်ပါသည်။

တစ်နေ့ ဈေးဝယ်တစ်ဦးသည် ဒေါ်ငွေးကြင်၏ ဆိုင်သို့လာ၍ ဝယ်လိုသည်များကို ချိန်တွယ်ရေတွက် ရယူပြီးသည့်နောက်–

'ဒီဟာတွေအတွက်တော့ အကြွေးပဲ ထားလိုက်ပါဦး'ဟု တောင်းဆိုလိုက်လျှင် ဒေါ်ငွေးကြင်က ကပျာကသီ ငြင်းပယ်စကား ဆိုလိုက်သည်။

'အလိုလေး အေရယ်၊ ရှိကြီးခိုးပါရဲ့၊ အကြွေးတော့ မထားပါရစေနဲ့တော့။ အရင်ပေးထားတဲ့ ကြွေးတွေလည်း ဗလနံ့ ကြဲနေလိုက်တာ၊ နှမ်းထုပ် ခွေးဆွဲရမ်းထားတဲ့ အတိုင်းပဲ'

## အမေတူ သား

မောင်မြင့်သိန်းသည် နေမြင့်မှ လှတောသို့ ပြန်ရောက်လာရာ ထမင်းမစားခဲ့ရသေးသဖြင့် ရောက်ရောက်ချင်း 'အမေ ဘာစားစရာရှိသလဲ'ဟု မေးမြန်းလေသည်။ မိခင်ဖြစ်သူက အချိန်လွန်နေပြီဖြစ်သဖြင့် အိမ်၌ ဘာမျှ စားစရာ မရှိတော့။ သက်သာလက်ဖက်ရည်ဆိုင်၌ သင့်တင့်ရာ အဆာပြေမှာစားရန် ညွှန်ပြလေသည်။ ထိုအခါ အမိနှင့်သားသည် အချေအတင် စကားပြောရတော့သည်။

'သက်သာဆိုင်တော့ မသွားပါရစေနဲ့ အမေရာ။ လက်ဖက်ရည်ပန်းကန်တဲ့၊ ပုလင်းပိတ်လောက်ပဲ ရှိတယ်'

'လက်ဖက်ရည်နဲ့ အာသာမပြေလည်း နံပြားရနိုင်ပါသေးတယ် သားရဲ့'

'နံပြားတဲ့ဗျာ အနာကပ်တဲ့ ဖယောင်းချက်လောက်တောင် မရှိဘူး'

'ဒါဖြင့်ရင်လည်း မုန့်လက်ညှိုးကလေးတွေ ဝယ်စားပေါ့'

'မုန့်လက်ညှိုးကလည်း အမေရာ၊ မီးခြစ်ဆံနဲ့ မတိမ်းမယိမ်းပါပဲ'

'နှင့်နှယ် ဂျီး(ချေး)များရန်ကော၊ မုန့်ကြွပ်ပဲ ဝယ်စားတော့ဟယ်'

'အလိုလေး အမေရယ်၊ အဲဒီဆိုင်က မုန့်ကြွပ်ကတော့ နှမ်းဖတ်ခဲ ထက်တောင် မာပါသေးတယ်ဗျာ'

မိခင်ဖြစ်သူမှာ စိတ်မရှည်နိုင်တော့သဖြင့် 'အေး ဟုတ်လိမ့်မယ်ဟေ့၊ အဲဒီဆိုင်က လူဆိုရင်သာ လူစားတဲ့ အစားအစာတွေ ချကျွေးတာဟဲ့'ဟု ပြောလိုက်သဖြင့် မောင်မြင့်သိန်းမှာ အောင့်သက်သက်နှင့် ခံလိုက်ရလေသည် ဟူ၏။

## ဖားဖို တိုးစိန်

မောင်မြင့်သိန်းအိမ်က ကျွန်တော်တို့သည် ည ရှစ်နာရီခွဲလောက်မှ ပြန်နိုင်ခဲ့ကြပါသည်။ ကျွန်တော်တို့ ပြန်လာ၍ ဦးချစ်လှိုင်၏ ဆိုင်ရှေ့နားလောက်ဆီ၌ ကိုကိုနှင့် မောင်စံဌေးတို့သည် ကျွန်တော်တို့အား စောင့်ကြိုနေကြကြောင်း ပြောကြသည်။ သို့ရာတွင် သူတို့နှစ်ယောက်နှင့်အတူ ကိုကံမြင့်၊ ကိုတိုးစိန်၊ ကိုဝင်းမောင်တို့လည်း အမျိုးသမီး သုံးလေးယောက်နှင့် စကားပြောနေကြသည်ကို တွေ့ရသဖြင့် ကျွန်တော်တို့သည် ထိုစကားဝိုင်းထဲသို့ ဝင်ရော လိုက်ကြပြန်ပါသည်။

ကျွန်တော်က ကိုတိုးစိန်အား စာအုပ်ထုတ်ဖြစ်လျှင် သူ့ဓာတ်ပုံကို ထည့်သွင်း ဖော်ပြလိုသဖြင့် ဓာတ်ပုံတစ်ပုံ ပေးပါရန် တောင်းဆိုလိုက်သည်။

'အလိုလေး ဆရာရယ်၊ ဒီလောက် ဆင်းရဲနေရတဲ့အထဲ ဓာတ်ပုံရိုက်ရရင်တော့ ပါးသွယ်တွေ ကျနေပုံက ဦးရွှေသွေးရဲ့ ဖားဖိုအတိုင်း နေတော့မှာပဲ'ဟု ကိုတိုးစိန် ပြန်ပြောပါသည်။

ကိုတိုးစိန်၏ မျက်နှာမှာလည်း ခေါင်းကား မေးရှူး ဖြစ်နေပြီးလျှင် ပင်ပန်းပိန်ချုံးနေသဖြင့် ပါးသွယ်တွေကျ၊ ပါးရေတွေ တွန့်နေလေရကား ဖားဖိုသဏ္ဌာန်နှင့် အလွန်တူနေသဖြင့် ကြားရသူတို့မှာ ဘဝင်ခွေ့ကာ ရယ်မောနေကြပါသည်။

**[ဖားဖိုဆိုသည်မှာ တစ်ဖက်ဝိုင်း တစ်ဖက်ရှူး သစ်သားပြားများကို မိုးကာ ဖျင်စမျိုးဖြင့် ဘာဂျာတွန့်ပုံ ကပ်ချုပ်ထားပြီး ဖားတိုင်သကဲ့သို့ မြေတွင် ခပ်စိုက်စိုက် ထားသော ဗိုတစ်မျိုး ဖြစ်ပါသည်။]**





## စာသင်ကိုယ်

ဦးချစ်လှိုင်အိမ်၏ ခေါင်းရင်းအိမ်ဘက်မှ အော်ကျယ်ကျယ် စာကျက်နေသော ကလေးငယ်တစ်ယောက်၏အသံသည် တိတ်ဆိတ်နေခိုက်ဖြစ်သော ကျွန်တော်တို့ ဝန်းကျင်ကို စူးစူးရှရှ လွှမ်းမိုးလာတတ်ပါသည်။ အနားရှိ အမျိုးသားတစ်ဦးက 'အခု စာကျက်သံက သယ်သူ့အသံ ပါလိမ့်မလဲ'ဟုမေးလျှင် အမျိုးသမီးတစ်ဦးက 'အဲဒါ "ပိုပို"အသံပေါ့'ဟု ဖြေလိုက်သည်။ ထိုအခါ ကိုစံမြင့်က–

'စာကတော့ ဘယ်နှစ်တန်းရောက်နေတယ် မသိဘူး။ ကျက်လိုက်ရတဲ့ စာကတော့ မယ်သီလရင်ကျောင်းတိုက် ကျားဝင်ကိုက်တဲ့အတိုင်း ကျွက်ကျွက်ကို ရိုက်နေတာပဲ'ဟု ပြောလိုက်လေသည်။

## လေးကွက်ကျား တံခါး

အပြင်ဘက်တွင် မှောင်လည်းမှောင်၊ အနည်းငယ်လည်း အေးလာပြီ ဖြစ်သဖြင့် မစန်းဝင်းက မောင်ဖြစ်သူအား အိပ်တော့ရန် လှမ်းခေါ်နေသည်။ မောင်ဖြစ်သူကမူ တစ်ခါခေါ်နှင့်လည်း မသွား၊ နှစ်ခါခေါ်နှင့်လည်း မသွား၊ ကျွန်တော်တို့ စကားဝိုင်းကိုသာ စိတ်ဝင်စားနေဟန် တူသည်။ ထိုအခါ မစန်းဝင်းက 'အေး မင်း မလာချင်နေ။ တို့တော့ တံခါးပိတ်လိုက်တော့မယ်'ဟု ခြိမ်းခြောက်လိုက်ရာ ကိုကံမြင့်ကပင် ဤသို့ ချေဖျက်လိုက်ပြန် ပါသည်။

'ဟာလိုလေးကွာ၊ ပိတ်မယ် ပိတ်မယ် ပြောရအောင် "ဘီလပ်တံခါး" တပ်ထားတယ်များ အောက်မေ့နေသလား။ ထရံကဖြင့် လေးကွက်ကျားလောက် ရှိတာ။ ဘယ်အပြင်က ဖြဝင်ဝင် အထဲတော့ ရောက်မှာချည်းပဲ' ဟူသတည်း။

## အိမ်ကြီးဝေဟာ

ဤသို့ ခိုင်းနှိုင်းလိုက်သောအခါ အနားရှိ အမျိုးသားတစ်ဦးက သူတို့အိမ်က အခန်းတွေ မဖွဲ့ရသေးတော့ အကာအရံတွေလည်း ပြီးစီးပုံ မရသေးပါဘူး။ အဖြစ်

လုပ်ထားပုံ ရပါတယ်ဟု ခန့်မှန်းပြောဆိုလေလျှင် ကိုကံမြင့်က 'အလိုလေးဗျာ အိမ်ကြည့်တော့ "နတ်စင်" လောက် ရှိပါတယ်။ ညှော်ခန်း၊ အိမ်သာခန်း ခွဲဦး မလို့တဲ့လား' ဟု ဝေဖန်လိုက်သဖြင့် အားလုံး ရယ်လိုက်ကြရပါသည်။

## ကိုကို့ အမူအရာ

ကိုကိုသည် အရှေ့ဆန်စက်ပိုင်ရှင်၏ "တူ" ကလေးဖြစ်၍ ဆန်စက်ပိုင်ရှင်၏ သားနှင့် အိမ်ကလေးတစ်လုံးတွင် အတူနေကြသည်။ ကျွန်တော် ရောက်နေစဉ်တွင် ဆန်စက်ပိုင်ရှင်၏သား ရန်ကုန် သွားနေခိုက်ဖြစ်သဖြင့် ကျွန်တော်နှင့် ကိုကိုသည် အဆိုပါအိမ်ကွင် အိပ်ကြပါသည်။ ကျွန်တော်ကား စကားကောင်းလျှင် ကောင်းသလို ညဉ့်နက်မှ အိမ်သို့ ပြန်လာတတ်သော်လည်း ကိုကိုမှုကား ကျွန်တော့်အား စိတ်ရှည်လက်ရှည် စောင့်မြဲဖြစ်ပါသည်။ ကိုကိုသည် ပင်ကိုကပင် အေးဆေးသူ ဖြစ်သည့်အလျောက် စကားဝိုင်းများ၌လည်း နားထောင်သူသက်သက် အဖြစ်သာ ပါရှိနေတတ်လေသည်။ ကိုကို၏ ထူးခြားချက်မှာ လက်မကို ပါးစပ်တွင် အမြဲ ငုံထားခြင်းပင်တည်း။

ကျွန်တော်က ကိုကို့ကို 'မင်း စောင့်နေရတာ ကြာလှပြီလား၊ ဆက်စောင့် ပါဦးကွာ။ ဒီမှာ စကားဝိုင်း ကောင်းနေတယ် မဟုတ်လား' ဟု တောင်းပန်လိုက် လျှင် ကိုတိုးစိန်က –

'ကိုကို့ကိုတော့ တောင်းပန်နေစရာ မလိုပါဘူး ဆရာ၊ ဒီကောင်က လူအေး ပါ။ အေးလိုက်ပုံကတော့ ရေခဲသေတ္တာထဲက ထုတ်လာတဲ့ ကြက်ကောင်လို ရေတာစက်စက်နဲ့ပါ' ဟု ခိုင်းနှိုင်းလိုက်သည်။

'အေးတာကလည်း အေးတာပဲ။ လက်မ စုပ်နေတာကလည်း နို့မျက် ကလေး ချိုလိမ်ပေးထားတဲ့ အတိုင်းပါပဲ'

ဒုတိယ ခိုင်းနှိုင်းလိုက်သူမှာ ကိုကံမြင့် ဖြစ်ပါသည်။

ရာပြည့်စာအုပ်တိုက်



## နာယကနှင့် အပြိုင်

မတင်လှသည် ကလေးငယ်တစ်ယောက်ကို ခါးထစ်ခွ ချီလျက် မဟာ်တတ်ရပ်ရင်း စကားဝိုင်းကို နားထောင်နေပါသည်။ ခါးပေါ်မှ ကလေးငယ်သည် အိပ်ချင်၍လား မသိ၊ တပူဆာဆာ လုပ်နေသဖြင့် မတင်လှမှာ ချော့ချော့မော့မော့ ပြောနေသည်။ ကလေးငယ်ဟုပင် ဆိုရသော်လည်း လေးငါးနှစ်လောက် ရှိပြီဟု ခန့်မှန်းရပါ သည်။ မတင်လှသည် ခါးထစ်ခွ ချီထားရသော်လည်း တဝန်တပိုးကြီး ဖြစ်နေရှာ ပါသည်။ ကိုကံမြင့်သည် ထိုသားအမိကို ကြည့်ပြီး 'ဒါက ကလေးလေးတဲ့လား၊ သူ့ကြည့်ရတာကတော့ တောင်ကျောင်းက နာယကဆရာတော်နဲ့ သက်တူဝါတူ လောက် ရှိရော့မယ်' ဟု ပြော၍ မပြီးမီ ကိုတိုးစိန်ကလည်း 'ဒီကလေးကိုသာ ခါးစောင်း ချီထားရရင်တော့ ဘေးကြော်တွေ မယ်ဒလင်ကြိုး တင်းထားသလို ဒေါင်ဒေါင်သံ မြည်နေတော့မှာပဲ' ဟု ဝင်ပြောလိုက်ပြန်ပါသည်။

## ရွှေကျင်ဓား

ရွှေကျင်ရွာ၌ ပန်းပဲဖို တစ်ဆယ့်တစ်ဖိုခန့် ရှိသည်ဟု ဆိုပါသည်။ "ဓား" လုပ်ရာ၌ ရွှေကျင်ပန်းပဲများသည် ယင်းဒေသ၌ နာမည်ကြီးသည်ဟုလည်း ဆိုပါသည်။ ကျွန်တော်သည် အပြန်တွင် ရွှေကျင်ဓားတစ်ချောင်း ဝယ်ယူရန် ရည်ရွယ်ထား သည့်အလျောက် နက်ဖြန်ခါတွင် ပြန်တော့မည်ဖြစ်သဖြင့် ဓားတစ်ချောင်း ဝယ်ထား ပေးပါရန် ဆရာအုန်းတို့အား မှာကြားထားပါသည်။ ကျွန်တော် မှာလိုက်သည်ကို အနားမှ လူများ ကြားလိုက်ကြရလျှင် ဤသို့ ဝေဖန်နေကြပါသည်။

'ဆရာရေ၊ ရွှေကျင်ဓားကတော့ တကယ် နာမည်ကြီးတာပဲ။ တိုဟူးစိမ်း တောင် အံကြိတ်လှီးရသတဲ့'

နောက်တစ်ယောက်ကလည်း တစ်မျိုးဝေဖန်ပါသည်။

'ဆရာရေ၊ အဲဒီဓားနဲ့ ရေကို မခုတ်မိအောင်တော့ သတိထားပါ ဆရာ။ ရေခုတ်မိရင် အနောင့်ထိအောင် လိပ်သွားနိုင်တယ်'

ရာပြည့်စာအုပ်တိုက်

ထိုသူတို့၏ ဝေဖန်ချက်များကို သူတို့အချင်းချင်းလည်း သဘောကျ ရယ်မောနေကြပါသည်။

## ဘယ်အရပ် ခြစ်ခြစ်၊ ဘယ်အရစ် ပြုတ်ပြုတ်

ဦးလှကျော်ဆိုသူ လှတောသား ရဲကြပ်တစ်ယောက်သည် အချုပ်သားကို ရုံးသို့ပို့ရန် ခေါ်လာစဉ် အရက်ဆိုင်တစ်ခုတွင် ဝင်၍ ထိုအချုပ်သားနှင့်ပင် အတူ သောက်နေစဉ် အထက်အရာရှိနှင့် ပက်ပင်းတိုးလေတော့သည်။

'ဘယ့်နှယ်လဲ ဦးလှကျော်၊ ခင်ဗျားလုပ်ပုံကတော့ ရပြီးသားအရစ်ကလေး ပြုတ်ချင်ပြီနဲ့ တူတယ်'

ဦးလှကျော်သည် အတန်ငယ် မူးနေပြီ ဖြစ်သည့်အလျောက် ဤသို့ပင် ပြန်ပြောလိုက်သည် ဆိုပါသည်။

'ခင်ဗျားတို့ပေးတဲ့ အရစ်သာမကလို့ အမေပေးလိုက်တဲ့ အရစ်ပါ ပြုတ်သွားတာတောင် ကျွန်တော်က မပူဘူး'

'ခင်ဗျားက နယ်ပြောင်းချင်လို့ ဒီစကားမျိုး ပြောတာလား'

'ကျုပ်က မိန်းမသာပါရင် အမြောက်ပြောင်းထဲသာ ထည့်ပစ်လိုက်၊ ကျုရာ အရပ်မှာ ပျော်ပျော်နေလိုက်မယ်'

ထို့ကြောင့်ပေလော မသိ၊ ဦးလှကျော်ခမျာ ချပ်သင်းသို့ ပြောင်းရပေတော့သည်။

## အပေါ်ထပ်မြင် ဝင်ချင်ခြဲ

ယာခင်းတွင် ခြံစည်းရိုးများ ခတ်ထားသော်လည်း လုံလုံခြုံခြုံ မရှိလှသဖြင့် နွားလေ နွားလွတ်များ မကြာခဏ ဝင်ရောက် စားသောက် ဖျက်ဆီးလေရကား ယာခင်းရှင်သည် လွန်စွာ ဒေါသထွက်နေလေသည်။ မိမိ အိမ်ပြန်ရောက်သောအခါ လည်း ဒေါသမပြေနိုင်သေးဘဲ ဆိုဆိုဆဲဆဲ၊ မဲမဲမာန်မာန် လုပ်လျက်ရှိသေးသည်။





ထိုအခါ အဘိုးဖြစ်သူက 'ငါ့မြေးက ဘာဖြစ်လို့ ဒီလောက် ဒေါသ ဖြစ်နေရတာလဲကွယ့်' ဟု မေးလိုက်သည်။

'မပြောချင်ပါဘူး အဘိုးရာ၊ ယာခင်းထဲ နွားတွေ ဝင်စားထားတာ တစ်ခုမှ အကောင်း မကျန်တော့ဘူး'

'အလိုလေး ငါ့မြေးရယ်၊ အပေါက်မြင် ဝင်ချင်ကြတာချည်းပဲပေါ့။ မင်း မယား ထဘီဝတ်ထားရသလို ခြံစည်းရိုး လုံအောင်ခတ်မှပေါ့ကွ'

## ကြော်ငြာစိုး

လှတောသားဖြစ်သူ ကိုလှထွန်းသည် မြင်းမူသို့ ရောက်ခိုက် ထမင်းဆိုင် တစ်ဆိုင်၌ ဝင်၍ ထမင်းစားလေသည်။ ထမင်းစားပြီးသောအခါ ဆိုင်ရှင်က ထမင်းပွဲသိမ်းရင်း 'စားလို့ သောက်လို့ ကောင်းပါရဲ့လား' ဟု မေးလိုက်ရာ ကိုလှထွန်းက–

'အလိုလေးလေး၊ ထမင်းကကောင်း ဟင်းကကောင်းနဲ့ စားလို့ ကောင်း လွန်းလို့ အီဆိမ့်သွားလိုက်တာ ငယ်ထိပ် သံတုတ်နဲ့ နက်လိုက်သလို တစ်ခါတည်း ကို မေ့သွားတာပဲ'ဟု ဖြေလိုက်ရာ ထမင်းစားနေကြသူများရော၊ ဆိုင်ရှင်များပါ တသောသော ရယ်မောကြရသည် ဆိုပါသည်။ ဆိုင်ရှင်မှာလည်း သဘောကျလွန်း သဖြင့် 'ကောင်းပုံ ကြော်ငြာရာမှာတော့ ခင်ဗျားကို လုံးဝ မမီနိုင်ပါဘူးဗျာ'ဟု ချီးမွမ်းရင်း ထမင်းဖိုးကို ပြန်ပေးလိုက်သည် ဟူ၏။

## ဇနီးမောင်နှံ

လှတော တွဲဖက် အထက်တန်းကျောင်း၌ အမှုထမ်းနေသော ဆရာတစ်ဦးသည် အသက်ပင် အတန်ကြီးသော်လည်း ဇနီးချောချောငယ်ငယ်လေးကို ရထားလေ သည်။ ဇနီးမှာ ဆရာနှင့်စာလျှင် အသက်လည်းငယ်၍ ရုပ်လည်း ပိုချောသဖြင့် ဆရာ ကံကောင်းသည်ဟု ပြောကြ ဆိုကြသည်။

ကျီးကန်ရွာသားတစ်ယောက်က 'ဒီဆရာနဲ့ ဆရာကတော်ကတော့ မလိုက်

ဖက်လိုက်တာနော်' ဟု ပြောမိရာ လှတောသားတစ်ယောက်က ဤသို့ ကောက်ချက် ချလိုက်သည် ဟူ၏။

'ဆရာနဲ့ ဆရာ့ဇနီးကတော့ သူတို့ကြည့်တာ အိကြာကွေးအဟောင်းနဲ့ မုန့်ပေါင်း ပူပူနွေးနွေးလေး ရောထားတဲ့ အတိုင်းပဲ'

## ဘောလုံးပွဲ

ကျွန်တော် လှတောသို့ ရောက်နေစဉ် ဘောလုံးပွဲ ငါးပွဲလောက် ကြည့်ခွင့်ရခဲ့ ပါသည်။ ငါးပွဲဆိုသည်မှာ လှတောအုပ်စုတွင်းရှိ မူလတန်းသားလေးချင်း ကန်ကြ သော ပတ်လည်ဘောလုံးပွဲများနှင့် လှတောသင်းနှင့် ဝက်လက်သင်းတို့ ကန်သော ပွဲများ ဖြစ်ကြပါသည်။

လက်ဖက်ရည်ဆိုင် စသည်တို့၌ လှတောသားတို့ စုစုဝေးဝေး ရောက်နေ သည်ကို မတွေ့ရသော်လည်း ဘောလုံးကွင်း၌မူ အားပေးကြည့်ရှုကြသူ တစ်ရာ အောက် မနည်း တွေ့ရပါသည်။ ကလေးဦးရေက ပိုများနေတတ်ပါသည်။

လှတောရွာ မူလတန်းအဆင့် ကျောင်းသားသင်းနှင့် ရွှေကျင်ကျောင်းသား သင်းတို့ ကစားသောနေ့မှာ (၂၀-၁၂-၇၇) နေ့ပင် ဖြစ်ပါသည်။ မူလတန်း ပတ် လည် ဘောပွဲကို ဆရာအုန်းတို့ ဦးစီးကျင်းပ ပေးသည့်အလျောက် ဆရာအုန်းသည် တာဝန်တစ်ရပ်အနေနှင့် မပျက်မကွက် တက်ရောက်နေရပါသည်။ ဆရာသွားတိုင်း ကျွန်တော်လည်း ကပ်ကပ် ပါသွားပါသည်။

ရွှေကျင်အသင်းမှ နောက်တန်း အတွင်းကလေး နှစ်ယောက်သည် သေး သေးလေးများ ဖြစ်ကြသည်။ သေးပင်သေးသော်လည်း ကြိုးလည်း ကြိုးစားကြ သည်။ ခြေလည်း ပေါက်ကြသည်။ နောက်တန်း လုံအောင်လည်း တာဝန်ယူနိုင် ကြသည်။ လှတောပရိသတ်သည် လှတောအသင်းကို အားပေးကြသော်လည်း ယင်း ဘက် (BACK) ကလေး နှစ်ယောက်ကိုမူ သဘောကျကြသည်။ ချီးကျူး ပုံကမူ ဟာသပါနေပါသည်။





'ဒီကလေးနှစ်ယောက်ကတော့ ခြေသိပ်လှတာပဲကွ'

'လုံမှာပေါ့ကွ၊ ခြေထောက်ကို မီးခဲသေတ္တာထဲ ထည့်ထားတာကိုး' ဟူ၏။

## ဘောလုံးနောက်က တကောက်ကောက်

ကလေးများသည် ကစားနည်းကို စနစ်တကျ သင်ယူထားကြသူများ မဟုတ်ကြ သည့် အလျောက် အပေးအယူနှင့် ကစားနည်းမျိုး မတတ်ကြပေ။ ကိုယ့်လူ သူ့လူ ဟုလည်း ခွဲခြမထား၊ ဘောလုံးသွားရာ နောက်သို့သာ စုပြုံနေတတ်သည်။ ထို့ကြောင့် တစ်ခါတစ်ရံ ဂိုးသမား နှစ်ယောက်ကလွဲ၍ အားလုံးပင် ဘောလုံးနောက် တစုတဝေးကြီး ပါနေတတ်ကြသည်။ မကြာခဏပင် လူအုပ်ထဲ ညပ်နေသဖြင့် ဘောလုံးပင် ပျောက်ပျောက် နေတတ်သေးသည်။ ထို့ကြောင့်ပင် ဝင်ကြည့်နေသူ တစ်ဦးက ဤသို့ ဝေဖန်လိုက်ပါသည်။

'မင်းတို့ ဘောလုံးကန်ကြတာကလည်း နွားပြေးမနောက် နွားသိုးတွေ အလုအယက် လိုက်နေသလိုပါပဲကွာ'

## ဒီ ဘက်နှစ်ကောင်

ရွှေကျင်သင်းက နောက်တန်း နှစ်ယောက်သည် ကောင်းသလောက်၊ လှတောသင်း က နောက်တန်း နှစ်ယောက်ကမူ ညံ့နေပါသည်။ သူတို့ နှစ်စုံတွဲသည် ဆန့်ကျင် ဘက်ကြီး ဖြစ်နေသဖြင့် ပရိသတ်တို့ နှိုင်းယှဉ်စရာ ဖြစ်နေပါသည်။ ဒုတိယ ပိုင်း ကျသောအခါမူ လှတောအသင်း နောက်တန်း နှစ်ယောက်သည် ညံ့ရုံမက ကြိုးစားမှုကလည်း မရှိတော့ပါ။ ပရိသတ်က အော်ဟစ် အပြစ်တင်နေကြသဖြင့် မလုပ်တတ် မကိုင်တတ် ဖြစ်နေရှာသလား မသိ၊ ဘောလုံးပင် ရောက်လာ သော်လည်း ခါးထောက် ရပ်ကြည့်နေသည်က များပါသည်။ မြင်ပြင်းကတ်လာသူ တစ်ဦးက-

'ဟလိုလေးဗျာ၊ ဘက် (BACK) ရယ်လို့ ထည့်ထားပါတယ်။ ကွင်းထဲ

လက်ဝါးကပ်တိုင်တွေ စိုက်ထားတဲ့ အတိုင်းပါပဲကွာ'ဟု အော်ဟစ် အပြစ်တင်လိုက်ပါလေတော့သည်။

## ရိပ်သာ မဟုတ်

၂၅-၁၂-၇၇ ရက်နေ့က လှတောရွာ ဘောလုံးကွင်း၌ လှတောအသင်းနှင့် ဝက်လက်အသင်းတို့ ချစ်ကြည်ရေးပွဲအဖြစ် ကစားကြပါသည်။ ဝက်လက်အသင်းဟု ဆိုရသော်လည်း လက်ရွေးစင်အသင်းမျိုး မဟုတ်၊ နီးစပ်ခင်မင်သူ ကစားတတ်သူများကို စုပေါင်းလာသောအသင်း ဖြစ်ပါသည်ဟု ဆိုပါသည်။

ဘောလုံးပွဲ လာကြည့်ကြသူ၊ အားပေးကြသူများထဲတွင် ကလေးတွေက ပိုများနေပါသည်။ ကလေးများသည် ထုံးစံအတိုင်း ပြေးပြေးလွှားလွှား၊ ဆူဆူညံညံ လုပ်နေကြပါသည်။ ကွင်းတစ်ခုလုံး သူတို့ အသံချည်း ဖြစ်နေပါသည်။ အချင်းချင်းလည်း လှောင်ပြောင် ပြောဆိုနေကြပါသည်။ ထို့ကြောင့် လူကြီးတစ်ဦးက ငေါက်ငမ်း မာန်မဲလိုက်ပါသည်။

'ဟဲ့ ကလေးတွေ၊ အလကား ဆူနေကြတာပဲ'

'ဘောလုံးပွဲ လာမှတော့ ဆူမှာပေါ့ဗျ။ မဆူချင် ရိပ်သာသွား ပုတီးစိပ်မှာပေါ့'

ကလေးများသည် ဤသို့ ပြန်ပြောလိုက်ရသည်ကိုပင် အောင်ပွဲတစ်ရပ် ရလိုက်သည့်ဟန်ဖြင့် ဝိုင်းရယ်လိုက်ကြပါသေးသည်။

## တီ ဒင်နာ

ဝက်လက်အသင်းမှ ဘောလုံးသမားတစ်ယောက်သည် ကိုယ်ကာယ တုတ်တုတ်ခိုင်ခိုင်၊ မည်းမည်းညိုညိုကြီး ဖြစ်သည်။ ပေါင်ကြီးများမှာလည်း အယ်နေအောင် တုတ်လှသည်။ တုတ်နေ၍လား မပြောတတ်၊ ကစားရာ၌ လေးလေးကန်ကန်ကြီး ဖြစ်ဖြစ် နေတတ်သည်။ ဤသည်ကို ပရိသတ်က အားမလိုအားမရ ဖြစ်နေပုံရသည်။ ထို့ကြောင့် အမျိုးမျိုး ဝေဖန်နေကြသည်။

ရာပြည့်စာအုပ်တိုက်



'ဘောသမားတဲ့ကွာ၊ တုတ်လိုက်တဲ့ ပေါင်ကြီးတွေကတော့ ရှေးဟောင်းကျောင်းတိုင်ကြီး အောက်မေ့ရတယ်'

'ဒီပေါင်မျိုးပေါ့ကွ တီကောင်တွေ သဘောကျတာ'

'ခါးကြီးကလည်း တုတ်လိုက်တာကွာ ကြည့်ပါဦး၊ ပီပါပေါ် အုန်းသီးတင်ထား မှတ်ရတယ်'တဲ့။

ပရိသတ်သည် ရုပ်ကိုသာ ဝေဖန်နေသည် မဟုတ်။ ထိုသူ လှုပ်ရှားပြေး... နေတိုင်း ညာလိုက် အော်လိုက် ရယ်လိုက်လည်း လုပ်နေကြပါသည်။

## စားတော် ခေါ်ပါ

တစ်ကြိမ်တွင် ဘောသမားတစ်ယောက်သည် အပေါ်မှ မြောက်လာသည့် ဘောလုံးကို လက်နှစ်ဖက်မြှောက်လျက် ခေါင်းတိုက် ဂိုးသွင်းလိုက်သဖြင့် ကျွန်တော့်အနီးရှိ ပွဲကြည့်တစ်ဦးက ဤသို့ ပြောလိုက်ပါသည်။

'အလိုလေးကွာ၊ ဘောလုံးကစားပါ ဆိုနေမှပဲ ကွင်းထဲလာပြီး သစ်သီးဆွမ်းတော် တင်နေတာကိုးကွ'တဲ့။

## ရတော့မယ့် ဂိုးတွေ

ဝက်လက်အသင်းသည် အချိတ်အဆက် မိသည်။ ကစားကွက်လည်း လှသည်။ ဂိုးသွင်းခွင့် မကြာခဏ ရနေသည်။ သို့သော် လှတောအသင်းက အင်အားသုံးပြီး ခပ်ကြမ်းကြမ်း ဖျက်ထုတ်နေသဖြင့် ဂိုးမရနိုင်သေး။ ထိုးဖောက်လာပုံများကို ကြည့်ရခြင်းအားဖြင့် ဂိုးအပြတ်နိုင်မည့် လက္ခဏာမျိုး တွေ့ရသည်။ ထို့ကြောင့် ထင်ပါသည်။ လှတောသားတစ်ဦးက ဤသို့ ဟောကိန်းထုတ်လိုက်ပါသည်။

'ဝက်လက်အသင်းကတော့ကွာ ရလိုက်မယ့် ဂိုးတွေ ဂိုးတွေ ဆို အမြန်ခါဂိုး ကားနဲ့ တိုက်ပြန့်ရလိမ့်မယ်'

ရာပြည့်စာအုပ်တိုက်

## ငှက်ဖျားစာ

ကျွန်တော်တို့ မနီးမဝေးရှိ ဈေးသည်အမယ်ကြီးတစ်ယောက်သည် တောင်းတစ်လုံးကို ရှေ့ချထားလျက် 'ပဲမြစ် ပူပူနွေးနွေး၊ ပဲမြစ် ပူပူနွေးနွေး' ဟု အော်ဟစ် ဈေးခေါ်နေသည်။

ကိုတိုးစိန်သည် ကျွန်တော်တို့အပါးမှ ထွက်ခွာသွားပြီး ပဲမြစ်များ ဝယ်လာလေသည်။ ပဲမြစ်စားရင်း ကိုတိုးစိန် ပြောလိုက်သည်ကား–

'အော်တော့ ပူပူနွေးနွေးတဲ့၊ ပဲမြစ်ကဖြင့် ရေခဲစိမ်ထားတဲ့အတိုင်းပဲ။ စားမိရင် ငှက်ဖျားတက်ဦးမယ်' ဟူသတည်း။

## အကွက်လှလှ

အထက်၌ ရေးခဲ့သည့်အတိုင်း ဝက်လက်သင်းသည် အားကြီးမာန်တက် သိပ်မရှိလှသော်လည်း ကစားကွက်လှအောင် ပုံဖော်ကစားနေကြပါသည်။ ပရိသတ်ကလည်း ယင်းကိုပင် မျက်စေ့ကျနေကြပါသည်။ နှုတ်ကလည်း တတွတ်တွတ် ချီးကျူးနေကြပါသည်။

'ဝက်လက်က အကွက်တော့ တကယ် မိတယ်ဟေ့'

'အင်း လှတောသားကတော့ အကွက် မိချင်ရင် လယ်ထဲ ဆင်းပြီး မြွေမြွေးဖမ်းရုံပဲ ရှိတော့တယ်'

အခြားတစ်ယောက်ကလည်း ဤသို့ လှောင်လိုက်ပါသည်။

'ဝက်လက်က အကွက်ကတော့ လှပါတယ်၊ အနံက ကျဉ်းလွန်းတော့ ဝတ်မဖြစ်ဘူးကွ' တဲ့။

## မောင်မောင်နှင့် ကြောင်ကြောင်

လှတောဘောသင်း ရှေ့တန်းလူ ကိုမောင်မောင်သည် တစ်ခါတွင် ဝက်လက်ဘက်သို့ လွတ်လွတ်ကျွတ်ကျွတ် ဂိုးရှူးခွင့် ရလိုက်သည်။ အများကလည်း ဂိုးဝင်မည်ဟု





တစ်ထစ်ချ ယုံကြည်မျှော်လင့်ထားကြသည်။ သို့ရာတွင် ကိုမောင်မှမောင်၏ ကန်ချက်မှာ ပျော့သွားသဖြင့် ဂိုးသမားက ပြန်ပြေးလာကာ ဖမ်းမိသွားသည်။ ဤတွင် လှတောသားတစ်ဦးက မချင့်မရဲ ပြောလိုက်ပါသည်။

'အလိုလေး မောင်မောင်ရာ၊ ပျော့လိုက်တာကလည်းကွာ အလုပ်ဖြစ်ပြီး ယောကျ်ားပစ္စည်း ကျနေတာပါလားကွာ' တဲ့။

မကြာမတင်မှာပင် ကိုမောင်မောင်ပင် ထပ်မံဂိုးသွင်းခွင့် ရလာပြန်ပါသည်။ သည်တစ်ချိန်၌မူ ကိုမောင်မောင်သည် အားကုန် ကျုံးကန်လိုက်ရာ တန်းခနဲ ဂိုးတိုင်ဆီ ရောက်သွားသည်။ ဂိုးသမားမှာလည်း ကမန်းကတန်း ခုန်မှောက်ဖမ်းလိုက်ရသည်။ လှတောသား၏ အနှိုင်းကား ဤသို့ပါတည်း။

'ဂိုးသမား ကြိုးစားလိုက်ပုံကလည်း ကြွက်ကို ကြောင်ခုပ်လိုက်တဲ့အတိုင်းပဲဟ' ဟူ၏။

## ပညာအရာ

ကျွန်တော်၏ ဘယ်ဘက်နား၌ ရပ်ကြည့်နေသူ နှစ်ဦးကလည်း နောက်နောက်ပြောင်ပြောင် ပြောနေကြပါသည်။

တစ်ဦး။ 'ကစားနေပုံကြည့်ရတာကတော့ ဝက်လက်က ပညာပါတယ်ကွ'

တစ်ဦး။ 'ပညာပါပေမယ်လို့ စုန်းမနဲ့တွေ့တော့ ဘယ်ခံနိုင်တော့မလဲဟ'

တစ်ဦး။ 'ပညာသည်တွေရော၊ စုန်းမတွေရော သရိုင်က အောက်လမ်းဆရာနဲ့ တွေ့ရင်တော့ အကုန် လင်းတ ဖြစ်ကုန်မှာပဲ'

တစ်ခါက လှတောအသင်းနှင့် သရိုင်သင်းတို့ ကစားကြစဉ် သရိုင်က ရန်ဖြစ်ရင်း အနိုင်ယူလိုက်သည်ကို ရည်ရွယ်ပြောဟန် တူပါသည်။

## ညံ့ရန်ကော

ကွင်းလယ် ကစားကြရာ၌ ဝက်လက်သင်း ကစားပုံက ပိုအကွက်စေ့သဖြင့် ပို၍လည်း လှသည်ဟု ဝေဖန်ကြပါသည်။ လှတောကလည်း အင်အားသုံးလျက်

ကြိုးကြိုးစားစား ကစားနေပါသည်။ ထို့ကြောင့် တစ်ဖက်နှင့်တစ်ဖက် ဂိုးမရဘဲ ရှိနေပါသည်။ ဂိုးရရှင်းရလျှင် အကွက်သာသော ဝက်လက်အသင်းက ဦးစွာရမည်ဟု ထင်နေကြပါသည်။ သို့ရာတွင် အမှတ်မထင်ဘဲ လှတောသင်းက ဂိုးစတင် ရလိုက်သည်။ အမှန်အားဖြင့်လည်း ဝင်သင့်သော ဂိုးမဟုတ်။ ဂိုးသမား၏ အမှားကြောင့်သာ ဝင်ရသည်ဟု ပြောနေကြပါသည်။ တစ်ယောက်ကမူ–

'ဂိုးသမားနယ်ကွာ တော်လိမ့်အောက်မေ့ပါတယ်၊ တကယ်တော့ စည့်ပုတ်လိုမ့်ပေးတောင် မိအောင် ဖမ်းနိုင်မယ့်အကောင် ဟုတ် မထင်ပါဘူး'

ဟု ဟာစ်အော်ပြောလိုက်ပါသည်။ ပရိသတ်က ရယ်လိုက်ကြသဖြင့် ဂိုးသမားလည်း ပရိသတ်ဘက် မျက်နှာငယ်နှင့် လှည့်ကြည့်ရှာလေသည်။

## ဂိုးတိုင် ပမာဏ

အနောက်ဘက် သိန်းသန်းဆန်စက်မှ ဂိုးသမားကိုတင်မြင့်သည် လှတောကွင်း၌ ကစားစဉ် ဂိုးအကြိမ်ကြိမ် အဝင်ခံလိုက်ရသည်။ ဂိုးအဝင်ခံတိုင်းလည်း ပရိသတ်က အော်ဟစ်သူက အော်ဟစ်၊ ကြိမ်းမောင်းသူက ကြိမ်းမောင်း၊ လှောင်ပြောင်သူက လှောင်ပြောင် လုပ်ကြသဖြင့် မျက်နှာငယ်နေရှာသည်။ ပွဲပြီးသွားသောအခါတွင်မူ ကိုတင်မြင့်ထံ စုပြုလာကြပြီး ကျွက်ကျွက်ရိုက်အောင် ပြစ်တင်ဆူပူကြသည်။ ကိုတင်မြင့်သည် နှုတ်ပိတ် မနေသာတော့ဘဲ ထုချေသည့်သဘောဖြင့် 'ငါတို့ ဆန်စက်ထဲ ကစားတုန်းကတော့ ဖတ်ခနဲ ဖတ်ခနဲနေအောင် ဖမ်းပြခဲ့တာပဲ။ ဒီကွင်းကျမှ ဘယ်လိုဖြစ်မှန်း မသိဘူး' ဟုပြောရာ ကိုတိုးစိန်က ကိုတင်မြင့်စကားကို ချေဖျက်လိုက်သည်ကား–'မင်းတို့ စက်ထဲတုန်းက မိတာကိုလည်း စံချိန်ကြီး ယူမနေနဲ့။ ဂိုးတိုင်က ငုံးထောင်တဲ့ ဂုတ်လောက် ရှိတာဟ' ဟူသတည်း။

## ထျွမ်းစာအုပ်

ဦးဒွေးမောင် ဝါးရောင်းစဉ်က ဖြစ်သည်။ ဦးဒွေးမောင်သည် ဝါးများကို အမျိုးအစားအလိုက် သစ်ပင်၌ အဟီအရီ ထောင်ထားသည်။ ဈေးနှုန်းများကိုလည်း အထူ





မေးစရာ မလိုရလေအောင် စာရေးပြီး အသီးသီး ချိတ်ထားသည်။ ဤအချင်းအရာနှင့် ပတ်သက်၍ ဦးလေးယူက ဦးဒွေးမောင်အား ပြောလိုက်သည်ကား–

'ဒွေးမောင်ရာ ဝါးမြင် ရောင်းဖို့မှန်း သိပါတယ်ကွာ။ မင်း ဆိုင်းဘုတ်တွေကြောင့် ရွှေကျင်ဆရာတော်ဘုရား ရေးထားတဲ့ ဝိစိတြဝန္တနာ ဘုရားရှိခိုးကြီး ကျနေတာပဲ' ဟူသတည်း။

## အချက်ပေးသံ

လှတောရွာ၌ ဆန်စက်နှစ်စက် ရှိပါသည်။ စက်များမှာ ဟောင်းမြင်းနေသဖြင့်လည်းကောင်း၊ အပိုပစ္စည်း မရနိုင်တော့သဖြင့် လည်းကောင်း ခဏခဏ ပျက်တတ်ပါသည်။ စက်ပျက်သွားသော အခါမျိုး၌ လည်းကောင်း၊ တစ်စုံတစ်ရာ အစီအစဉ် မကျသော အခါမျိုး၌ လည်းကောင်း စက်ကို ရုတ်တရက် ရပ်ရန် သံချောင်းခေါက်၍ အချက်ပေးရပါသည်။ မကြာခဏ ရပ်ရသဖြင့်လည်း သံချောင်းကို မကြာခဏပင် ခေါက်ခေါက် နေရတော့သည်။ သံချောင်းခေါက်ရပုံနှင့် ပတ်သက်၍ အလုပ်သမားတစ်ယောက်က ဤသို့ ခိုင်းနှိုင်းလိုက်သည် ဆိုပါသည်။

'အလိုလေးကွာ၊ စက်ပျက်တိုင်း သံချောင်းသာ ခေါက်နေရတာ ချစ်တီးဘုရားကျောင်းထဲက ကုလားသံချောင်း မွှေနေတဲ့အတိုင်းပါပဲ'

## စပါးပုံ

ပင်းဇင်းရွာသူတစ်ယောက်နှင့် လှတောရွာသူတစ်ယောက်တို့သည် မိမိတို့ စပါးပုံကြီးမားကြောင်းကို ဤသို့ ပြိုင်ဆိုင်ကြသည် ဟူ၏။

ပင်းဇင်းသူ။ 'ကျုပ်တို့ရွာက ဦးအတ္တရဲ့ စပါးပုံကြီးဆိုတာများ ကြီးလွန်းလို့ စပါးပုံပေါ်က တက်ကြည့်ရင် ကောင်းမှုတော်ဘုရားကို ပုပုလေး ရေစစ်ခွက်လောက်ပဲ မြင်ရတော့တယ်'

လှတောသူ။ 'ကျုပ်တို့ရွာ အဝယ်ဒိုင်က စပါးပုံကမှ တကယ်ကြီးတာ။ ညည

ဆိုရင် ဖိုးလမင်းထဲက အဖိုးကြီး ဒီစပါးပုံထဲက ခပ်ခပ်ပြီး ဆန်ထောင်းနေတော့တာပဲ'

## တလှုပ်လှုပ်

မြေးဖြစ်သူများက အဘွားဖြစ်သူအား စားစေချင်သဖြင့် မြို့မှအပြန် ကိတ်မုန့်ကောင်းကောင်းကို အမြတ်တနိုး ဝယ်ယူလာခဲ့ပြီး အဘွားအား စားဖို့ တိုက်တွန်းလေသည်။ အဘွားက စားချင်စိတ်မရှိပါဟု ငြင်းပယ်နေသည်။ စားချင်တဲ့အခါမှ စားတာပေါ့ဟု ပြောကာ ပေးထားခဲ့ကြသည်။

အဘွားသည် မြေးများ ပြန်သွားသောအခါ တမြုံ့မြုံ့ စားကြည့်လေသည်။ ခံတွင်းတွေ့သဖြင့်လည်း တဖြည်းဖြည်းချင်း မြုံ့နေလေသည်။ ဤသည်ကို မြင်နေသော မြေးငယ်တစ်ဦးက ပြောလိုက်သည်မှာ–

'အစကတော့ မစားချင်ဘူး၊ မစားချင်ဘူးနဲ့။ ခုတော့လည်း ပါးစပ်က တလှုပ်လှုပ်နဲ့ တောကျောင်းဘုန်းကြီး ကမ္မဋ္ဌာန်း စီးဖြန်းနေသလား အောက်မေ့ရတယ်' ဟူ၏။

## ဝန်းချီတား တစ်ချပ်

တောရွာများ၌ အလှူကြီး အတန်းကြီးများ ပြုလုပ်ကြရာတွင် တစ်ရွာလုံး တစ်ရပ်လုံး ဖိတ်ခေါ် ကျွေးမွေးလေ့ရှိသည်။ တစ်ရွာလုံး တစ်ရပ်လုံးကလည်း ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးလေ့ ရှိကြသည်။ အကျွေးအမွေးအတွက် ချက်ပြုတ်ရန် ထင်းကိုလည်း ကူညီခုတ်ယူ သယ်ပေးလေ့ ရှိကြပါသည်။

လှတောရွာ အလှူပွဲတစ်ခု အတွက်လည်း သွေးသားနီးစပ်သူတို့သည် ထင်းခုတ်ရန် ရွှေဘိုဘက်သို့ လှည်းများနှင့် ထွက်ခဲ့ကြသည်။ ထင်းကား ရွှေဘိုမြို့ မြောက်ဘက်၌ ခုတ်ရသည်။ ထင်းခုတ်ပြီး အပြန်၌ ရွှေဘိုမြို့မှာပင် အိပ်ကြရသည်။

နံနက် ဝေလီဝေလင်း၌ မောင်တင်ဝင်းကား အပေါ့အလေး သွားလိုလှ





သဖြင့် မနီးမဝေး တစ်နေရာရှိ အကွယ်အကာ တစ်ခုဦပင် တောထိုင်ဝမ်းသွားလိုက်သည်။ မောင်တင်ဝင်း ထိုင်နေဆဲမှာပင် ကုလားတစ်ယောက် ရုတ်တရက် ရောက်လာသည်။ မောင်တင်ဝင်း အကာအကွယ် ယူထားသော နေရာမှာ ထိုကုလား၏ နံပြားဖို ဖြစ်နေလေရာ ကုလားသည် မဖွယ်မရာများကို မြင်လျှင်မြင်ချင်း ပါလာသည့် မီးသွေးဂေါ်ပြားနှင့် ရိုက်ရန် ပြေးလာသည်။ မောင်တင်ဝင်းမှာ ခုခံစရာ လက်နက်လည်း မရှိ၊ မိမိကလည်း ကျူးလွန်သူ၊ ကိစ္စကလည်း မသုတ်သင်ရသေးသဖြင့် ထိုင်၍လည်း မနေရဲ၊ လုံးလုံးလျားလျားလည်း ထ၍ မဖြစ်သေး။ ကုန်းကွကွနှင့်ပင် ကုလားအား တောင်းပန်နေရလေတော့သည်။ ကုလားသည် ဂေါ်ပြားကြီး တရွယ်ရွယ်ပြုလျက် 'နင့်ချီး(ချေး) နင်ကျုံး၊ နင့်ချီး(ချေး) နင်ကျုံး' ဟု အော်နေပေရာ မောင်တင်ဝင်းမှာ မိမိအား မရိုက်မိရန် ရှိခိုးတောင်းပန် နေရရှာသည်။

အဆိုပါ အချင်းအရာကို မနီးမဝေးရှိသူ ကိုဘိုးဆိုးက မြင်လိုက်ရသည်။ အပြေးအလွှား သွားတောင်းပန်ရင်း ကူညီလိုက်သဖြင့် ပြေလည်ပြီးပြတ် သွားလေသည်။ မိမိတို့ လူစုရှိရာသို့ ပြန်ရောက်ကြသဖြင့် ပြောကြ ဆိုကြသောအခါ ကိုဘိုးဆိုးက ဤသို့ ပုံခိုင်းလိုက်သည် ဆိုပါသည်။

'ဟာလိုလေးကွာ၊ မောင်တင်ဝင်းတို့ ကုလားကို ကန်တော့နေလိုက်ပုံကတော့ တန်ဆောင်းထဲက အင်္ဂလိမာလချွတ်ခန်း ပန်းချီကား ကျနေပါလေရောကွာ' တဲ့။

## လုပ်လိုက်ပုံထခြင်

ဦးဘသစ်နှင့် ကိုကျီးညိုတို့သည် သမဝါယမ အမှုဆောင်များ ဖြစ်ကြသည်။ ဦးဘသစ်က ဥက္ကဋ္ဌ၊ ကိုကျီးညိုက အဝယ်တော်။

တစ်နေ့တွင် ဦးဘသစ်နှင့် ကိုကျီးညိုတို့သည် ဝက်လက်မြို့သို့ သွားရောက် ကုန်ထုတ်ကြရန် အချိန်းအချက် ပြုလုပ်ကြသည်။ ဦးဘသစ်က ရုံးဖွင့်ချိန်အမီ ခပ်စောစောပင် ဝက်လက်သို့ လိုက်လာခဲ့သည်။ ကိုကျီးညိုက ပေါ်မလာသေး။

ဦးဘာသစ်သည် တမျှော်မျှော် စောင့်နေသည်။ နေ့ ၁၂ နာရီသို့ပင် တိုင်လေပြီ။ မပေါ်လာသေး။ ဦးဘာသစ် စိတ်ပူလာသည်။ မိမိများ ရက်မှားလေမလားဟုပင် သံသယ ဖြစ်လာသည်။ လူကြုံတွေ့တိုင်းလည်း ကိုကျီးညိုကို တွေ့ရင် မိမိ ဒီက စောင့်နေကြောင်း ပြောပြဖို့ မှာနေရသည်။

သို့နှင့် နေ့ ၁ နာရီ၊ ၂ နာရီ၊ ၃ နာရီ အသီးသီး လွန်မြောက်ခဲ့လေပြီ။ ဦးဘာသစ် ပြန်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုအချိန်မှ ကိုကျီးညိုတစ်ယောက် အမောတကော ရောက်လာလေတော့သည်။

'ဟာကောင်၊ မင်းဟာက ဘယ်လိုဖြစ်လာရတာတုံးကွ'

'မပြောပါနဲ့ ဘိုးလေးသစ်ရာ၊ ကျွန်တော်က ရွှေဘိုဘက် ကိစ္စနဲ့ ပါသွားလို့'

'သေလိုက်ပါတော့ကွာ၊ နောက်ဆိုရင် အငှားကြိုးဆွဲချပဲ လိုက်တော့မယ်၊ မင်းနဲ့ မလိုက်တော့ဘူး' ဟူသတည်း။

## အစားမတတ် ပါးစပ်သန

မောက်ကျိုးရွာ မြေယာကော်မီတီဝင်တစ်ဦးသည် ဝက်လက်မြို့သို့ သွားရန် လှတောသို့ ရောက်လာစဉ် ဦးသင်းမောင်၏ လက်ဖက်ရည်ဆိုင်၌ လက်ဖက်ရည် ဝင်သောက်လေသည်။ ထိုဆိုင်၌ လှတောသားများလည်း ရှိကြသည်။

မောက်ကျိုးရွာသားသည် နံပြားကို ဖဲ့၍ မစားဘဲ အလိပ်လိုက် လက်ဖက်ရည်၌ နှစ်ကာနှစ်ကာ ဆွဲဆွဲစားလေသည်။ ခပ်ရွယ်ရွယ်ရှိသော နံပြားလိပ်ကို ပါးစောင်နှင့် ကြိတ်၍ကြိတ်၍ ဆွဲစားလေရာ မြင်ရသူအဖို့ တစ်မျိုးကြီး ဖြစ်နေသည်။ ထို့ကြောင့် ကိုစိုက ဝင်ပြောလိုက်လေသည်။

'နံပြားလိပ် ဆွဲစားနေလိုက်တာကဖြင့် ဘွတ်ဖိနပ်စုတ် ခွေး ဆွဲစားနေတဲ့ အတိုင်းပါပဲလား'

ကြားကြားသမျှတို့သည် သဘောကျသဖြင့် ရယ်လိုက်ကြသောကြောင့် နံပြားစားနေသူမှာ သူနှင့် မဆိုင်လေဟန်ပြုရင်း ထပြေးသွားလေတော့သည် ဟူ၏။





## ဒယ်နှင့် ဒိုင်း

မြေယာကျေးလက်မှူး ကိုမြခိုင်၏ မျက်နှာမှာ ပြားချပ်ချပ် ဖြစ်သည် ဆိုပါသည်။ မကြင်သောင်း၏ မျက်နှာ၌လည်း မှဲ့သီးကြီးတစ်ခု ရှိသည် ဆိုပါသည်။

တစ်နေ့တွင် လယ်တစ်ကွက်၌ ကောက်စိုက်နေကြစဉ် ဦးမြခိုင်နှင့် မကြင်သောင်းတို့ တွေ့ကြလေသည်။ တစ်ဦးကိုတစ်ဦး နောက်ပြောင်ကြရာမှအစ တစ်ဦး၏ အပြစ်အနာအဆာကို တစ်ဦးက ထုတ်ဖော်ကဲ့ရဲ့ကြရာ ဦးမြခိုင်က–

'မကြင်သောင်းကတော့ လှပါတယ်။ ဒါပေမဲ့ မျက်နှာပေါ်မှာ မှောတ်ထားတဲ့ မိုးပြဒယ်ကြီးက အလှကို ကွယ်ထားတာက ခက်တယ်'ဟု ပြောရာ မကြင်သောင်း ကလည်း–

'ရှင်ကလည်း ဘယ်ရန်ကြောက်လို့ ခေါင်းရှေ့ ဒိုင်းကြီး ကပ်ထားရတာလဲ'ဟု ချေပလိုက်သည်။

လှတော၌ စကားနိုင်လုကြရာမှ ရန်ဖြစ်ကြရသည် ဟူ၍ မရှိခဲ့သော်လည်း ဦးမြခိုင်နှင့် မကြင်သောင်းတို့မှာမူ ဒေါသထွက်ကာ အကြီးအကျယ် ရန်ဖြစ်ကြသဖြင့် ဝိုင်းဝန်း ဖျန်ဖြေလိုက်ကြရသည် ဆိုပါသည်။

## ခွေးလား လူလား

လှတောသားတို့သည် အများအားဖြင့် အခိုင်းအနှိုင်း ကောင်းတတ်ကြကြောင်းကို စာဖတ်သူတို့ ရိပ်မိလောက်ပြီ ဖြစ်ပါသည်။ လှတောသား ဦးစစ် မူကား အခိုင်းအနှိုင်းသာမက ကာရန် နဘေလည်း ပြောတတ်သူအဖြစ် ထင်ရှားပါသည်။ 'ဦးစစ်ရဲ့ စပါးရော ကောင်းရဲ့လား'ဟု မေးလိုက်သည်ကို ဦးစစ်က–

'ငစစ်တို့ကတော့ စကားက ခေါင်ဖယ်၊ စပါးကလည်း ပေါင်လယ်၊ ဒီအထဲ မှောင်ကွယ်က အချောင်တွယ်မယ့် အကောင်တွေကလည်း စောင့်ကြည့်နေတာက ခက်တယ်'ဟု ပြောလိုက်ခြင်းမျိုးကိုလည်း ပြောနိုင်သူ ဖြစ်ပါသည်။

တစ်နေ့တွင် စကားဝိုင်း၌ စကားစမြည် ပြောနေကြစဉ် ခရီးသွားဧည့်သည်

တစ်ယောက်က လှတောနယ်တစ်ဝိုက်၏ စီးပွားရေးအခြေအနေကို မေးမြန်းကြည့်သည် ဆိုပါသည်။ ဦးစစ်၏ အဖြေကမူ ကာရန်လည်းပါ၍ ရယ်စရာလည်း ဖြစ်လာပါသည်။

'စီးပွားရေးကတော့ ကျသူလည်း ကျပါရဲ့၊ ပွသူလည်း ပွပါရဲ့။ တချို့ စီးပွားတက်တဲ့ လူတွေကျတော့လည်း လူက ကက်ဆက်နား မှေး၊ ခွေးက စီးကရက်ခဲ၊ နွားက ရေခဲချောင်း မြို့နိုင်တဲ့ အနေအထားမျိုးပေါ့ဗျာ' ဟူသတတ်။

## ဘူး မပွင့်ရဲ

လှတောရွာ၌ အလှူအတန်းရှိလျှင် ဓာတ်စက် (အသံချဲ့စက်) ငှားလေ့ ရှိသည်။ ဓာတ်စက် ဖွင့်သောအခါများ၌လည်း ညဖက်ရောက်လျှင် ကာလသားများက စက်ဖြင့် သီချင်းဆိုခွင့် တောင်းလေ့ရှိကြသည်။ ဆိုခွင့် မပေးလျှင်လည်း မကျေနပ်ကြပေ။ အဆိုပါ အလေ့အထကို သဘောမကျသူ ဦးချစ်လှိုင်က–

'တို့ လှတောက ကာလသားများဟာ အော်လံ (ဟွန်း) မြင် သီချင်း ဆိုချင်ကြလွန်းလို့ ဖူးပင်တွေတောင် စင်ပေါ်တက် မပွင့်ရဲကြတော့ဘူး'ဟု ဆိုလိုက်လေသည်။

## မျက်နှာငယ်လိုက်ပုံ

လှတောရွာ၌ အကောင်းဆုံး ဘောလုံးသင်းတစ်သင်း ဖြစ်သည့် ပျံလွှားအသင်းနှင့် စိုင်နိုင်ကြီးရွာ ဘောလုံးအသင်းတို့သည် စိုင်နိုင်ကြီးရွာကွင်း၌ ကစားကြရန် ချိန်းဆိုထားသည်။ ပျံလွှားအသင်းကို ယုံကြည်ရင်းစွဲရှိသော လှတောရွာသူတို့က လည်းကောင်း၊ မိတ်ဆွေများက လည်းကောင်း ပျံလွှားအသင်းကို သွားစဉ်ကပင် အားပေးလွှတ်လိုက်ကြသည်။ လူငယ် လူရွယ် တော်တော်များများကလည်း ကွင်းသို့တိုင်အောင် လိုက်လံအားပေးခဲ့ကြသည်။ ထို့ကြောင့် ပျံလွှား ဘောလုံးသမားများမှာ တော်တော် မျက်နှာပွင့်နေကြသည်။ သို့ရာတွင် တကယ်တမ်း ကစားကြ





သော အခါတွင်မူ ပျံလွှားအသင်းသည် အရှုံးကြီး ရှုံးနေတော့သည်။ ထိုအခါ ယခင် အားပေးခဲ့သော သူများကလည်း ပြစ်တင်ကြ၊ ဆဲရေးကြလေတော့သည်။ ဤတွင် မောင်ကြည်ဌေးက ဤသို့ ညည်းတွားလိုက်သည် ဆိုပါသည်။

'တို့ကောင်တွေ အသွားတုန်းကတော့ မျက်နှာကြီးလိုက်တာများ ဆင့်မျက်နှာ အငှားတပ်ထားရသလိုပါပဲ။ ရှုံးလဲ ရှုံးရော မျက်နှာငယ်လိုက်ပုံများဗျာ ရှဉ့်ငွေ့မျက်နှာ ပြုတ်တူနဲ့ အညှပ်ခံထားရ မှတ်တယ်။ တကယ်ပဲ'

## မောင်ဆန်နှင့် မယ်ဝဍ

ပင်းဇင်းရွာ မြင်းလှည်းသမား ကိုဘဝမ်းသည် မြင်းကျင့်ရင်း ခရီးသည်များကို တင်ဆောင်ခဲ့လေသည်။ ခရီးသည်များထဲ၌ လှတောသူတစ်ဦးနှင့် အဘွားကြီး တစ်ယောက်လည်း ပါလေသည်။

မြင်းသည် ကျင့်မြင်း ဖြစ်သည့်အလျောက် ခြေမမှန်သေးဘဲ ကဆုန်ပစ်ပြေးလေသည်။ လှည်းစထွက်စဉ်ကမူ အဘွားကြီးက 'ဒီလှည်းမျိုးစီးရမှ ဓိမ်ရှိတာ' ဟု နှစ်ခြိုက်စကား ဆိုလေသည်။ တစ်စတစ်စနှင့် မြင်းက ပြေးသထက် ပြေးပြေးလာသောအခါမူ အဘွားမသည် ဘုရားတ၍ လာလေတော့သည်။

ကိုဘဝမ်းမှာလည်း မြင်းကိုနိုင်အောင် ဇက်မသတ်နိုင်သဖြင့် မျက်လုံးပြူးလာလေပြီ။ လှတောရွာအနီး လေသာကွေ့အရောက်၌ လှည်းဘီးနှင့် လှည်းအိမ်သည် ပြုတ်ကျန်ရစ်ခဲ့သည်။ လှည်းတန်သာ မြင်းဘေးမှ ကပ်ပါသွားသည်။ ကိုဘဝမ်းမှာ ဇက်ကြိုးကိုလည်း လက်လွှတ်မရ၊ လှည်းတန်ကိုလည်း ခွပြီး နေရသဖြင့် ကုန်းကွ ကုန်းကွ၊ ကားယားကားယား ဖြစ်နေရှာသည်။ ဤသို့ မရှုနိုင် မကယ်နိုင် ဖြစ်နေကြဆဲမှာပင် လမ်းဘေး၌ ကျကျန်ရစ်ခဲ့သော လှတောသားက ကိုဘဝမ်း၏ ဖြစ်ပုံကို ကြည့်ပြောလိုက်သည်မှာ–

'မြင်းလှည်းသမား မြင်းနောက် ပါသွားပုံကတော့ကွာ မြင်းမြီးဆွဲ မောင်ဆန် အတိုင်းပါလား'တဲ့။

အဘွားကြီးခမျာမှာလည်း လှည်းထက်မှ တလိမ့်ခေါက်ကွေးကျကာ မြေတွင် လူးလိမ့်ရင်း ကယ်ပါ ယူပါ အော်နေရှာသည်။ လှတောသား၏ အခိုင်းအနှိုင်းကား အဘွားကြီးကိုလည်း အညှာမပေးခဲ့။

'အလိုလေးကွာ အဘွားကြီးကြည့်ရတာ မယ်ပဋာ မြေလူးနေသလား မှတ်ရတယ်'ဟူ၏။

## အရွယ်စားပုံ၊ ကြွက်စားပုံ

တောင်ပိုင်းသားနှင့် မြောက်ပိုင်းသားတို့သည် "တယ်" မိလျှင် အချင်းချင်း နောက်တတ် ပြောင်တတ်ကြသည်။ ရင်းနှီးသူချင်း ဖြစ်ပါက ရင့်ရင့်သီးသီး ပြောဆိုနှိမ့်ချတတ်သည် ဆိုပါသည်။ **တစ်နေ့ ကိုရွှေမန်း**နှင့် ကိုကျော်သိန်းတို့ တွေ့ကြရာ၌–

ကိုရွှေမန်း။ 'မင်းတို့ မြောက်ပိုင်းသားတွေ အောက်တန်းကျလိုက်ပုံကတော့ ဆိတ်၊ ဝက်နဲ့အပြိုင် **သစ်ရွက်** ခူးစားနေကြတာ သစ်ရွက်မှန်သမျှ ချိတ်ဖောက်ရာချည်းပဲ'

ကိုကျော်သိန်း။ 'မင်းတို့ **တောင်ပိုင်းသား**တွေကရောကွာ၊ အသားမငယ်နိုင်တိုင်း မြေကြွက်ခေါင်းပဲ စုပ်နေကြတာ ထမင်းဝိုင်းကြည့်လိုက်ရင် ခရာပြိုင် မှုတ်နေသလား မှတ်ရတယ်'

**(မြေကြွက်ခေါင်းရိုးသည် ခရာတစ်မျိုးနှင့် အလွန်တူသည်ဟု ပြောပြကြပါသည်။)**

## တီးဝိုင်းဆရာ

ကျွန်တော့်မိတ်ဆွေ ကိုအောင်တင့်သည် စပါးပေါ်ချိန်၌ ရွှေပန်းကုံး စပါးအဝယ်ဒိုင်တွင် စာရေးအဖြစ် လုပ်ကိုင်နေသည်။ ဒိုင်၌ အလုပ်ပါး၍ အားလပ်သောအခါမျိုး၌ လှတောရွာမှာပင် မုန့်ဟင်းခါး ရောင်းနေတတ်သည်။ တစ်နေ့၌ ထိုသို့ရောင်းနေခိုက် လူငယ်တစ်ယောက်က ကိုအောင်တင့်ဆိုင်သို့ လာ၍ မုန့်စားရန် ပြင်ခိုင်းလျက် ကိုအောင်တင့်၏ လုပ်ကိုင်လှုပ်ရှားနေပုံကို ကြည့်ရင်း–





'ခင်ဗျား မုန့်ဟင်းခါး ပြင်ရတာလည်း တယ်မလွယ်ပါလားဗျာ'

'ဟလိုလေး မုန့်ဟင်းခါး ပြင်ရတာတော့ကွာ၊ ဟိုအိုးလှန်၊ ဒီအိုးဖွင့်၊ ဟိုဟာကော်၊ ဒီဟာခပ်နဲ့ ဂျပ်စဘင်တီးနေရတဲ့ အတိုင်း **ကိုယ့်လက်ကိုတောင် ဘယ်မှန်း ညာမှန်း မသိတော့ပါဘူး'**

## သစ်ပင် ဥပမာ

လှတောရွာ၌ ကိုယ်စားလှယ်လောင်း ညှိနှိုင်းရေးအတွက် **ခုနစ်ဦးအဖွဲ့ကို ဖွဲ့ပေး**ထားသည်။ သို့ရာတွင် တခြားကိစ္စများ ပေါ်လာသဖြင့် **လိုအပ်သောအခါတိုင်း** ယင်း အဖွဲ့ထဲမှ တစ်ဦးထုတ်လိုက်၊ တစ်ဦးထုတ်လိုက်နှင့် **ကြာလျှင် တစ်ဦး** နှစ်ဦးသာ ကျန်တော့သည်။ ထို့ကြောင့် ဦးချစ်စွန်က ဤသို့ **ပြောလိုက်လေသည်**ဟူ၏။

'တို့အဖွဲ့ကလည်းကွာ၊ မချစ်တုတ် ကုက္ကိုပင် ထင်းချိုင်သလို ထင်းရှားတိုင်း တောင်ကိုင်းခုတ်၊ မြောက်ကိုင်းခုတ်နဲ့ ကြာရင် ခေါင်းတုံး ဖြစ်တော့မှာပဲ။ နတ်စြနေကိုင်းတောင် ကျန်မှ ကျန်ပါတော့မလား'တဲ့။

## ဈေးအညှိုးရအောင် ခြေထိုးပေးကြပါ

ဒေါ်ကောက်သည် ကားဆိပ် ဈေးတန်းတွင် အသုပ်စုံဆိုင် ထွက်လေသည်။ တစ်ခါသ၌ ညနေဈေးကွဲ၍ လူစဲသည့်တိုင် ချဉ်စော်ကားမှာ မကုန်ဘဲ ကျန်နေသည်။ လှတောရွာ ကိုစိုကို မြင်လိုက်သောအခါ ဒေါ်ကောက်က–

'ဟဲ့ ငစို၊ လာစမ်း လာစမ်း။ ချဉ်စော်ကားသုပ်တွေ လာစားလှဲ့စမ်းဟဲ့'

'ချဉ်စော်ကားဆိုတာ ဘာလဲ ဒေါ်ဒေါ်ရဲ့'

'ချဉ်စော်ကားဆိုတာ တို့ဟူးစိမ်းသုပ်ပေါ့ဟဲ့။ မကုန်ဘဲ ကျန်နေလို့၊ ရော့ စားလိုက်စမ်းပါဦး'

'အဲလိုလေးဗျာ မနက်က တို့ဟူးစိမ်းတွေ အခုမှ စားရရင်တော့ ချိုး(ချေး) ပါလို့ ခြေထိုး တည်ရလိမ့်မယ်'

(ခြေထိုး တည်ရလိမ့်မည် ဆိုသည်မှာ တားဆီးမနိုင်အောင် ဝမ်းသွားလွန်းသဖြင့် ကလေးငယ်များ နောက်ဖေးသွားသောအခါ၌ လူကြီးများက ခြေထောက် ထိုးခံ၍ တည်ခြင်းမျိုးကဲ့သို့ တည်ရမည်ဟု ဆိုခြင်းဖြစ်ပါသည်။)

## ရွာမရောက်ခင် စာခြောက်ပို့ပြင်

၁၉၇၈ ခု မိုးရာသီက မိုးကောင်းသဖြင့် စစ်ကိုင်းတိုင်း၊ မြင်းမူ၊ ဝက်လက်၊ ရွှေဘို စသော စပါးစိုက်ဒေသတို့၌ စပါးစိုက်ရန် အခွင့်ကောင်း ကြုံကြလေသည်။ ထို့ကြောင့်လည်း မြေလွတ်မြေလပ် မကျန်ရအောင် တပင်တပန်း ကြိုးစား စိုက်ပျိုးကြလေသည်။ စိုက်ကွက် အဆမတန် ပိုများလာသဖြင့် အချို့ဒေသ၌ ပျိုးများ မလောက်မငံ ဖြစ်ကြရသည်။

မြင်းမူဘက်မှ လယ်သမားတို့သည် လှတောဘက်သို့ နယ်ကျူးနယ်ကျော် လာရောက် ပျိုးဝယ်ရသည်အထိ ဖြစ်လေသည်။

လှတောရွာသားတို့မှာလည်း ပျိုးဈေးကလည်း ကောင်း၊ ပျိုးဝယ်သူများ ကလည်း ခြေချင်းလိမ်နေသည် ဖြစ်သဖြင့် မသုံးတော့ဟု ပစ်ထားသော ပျိုး ရင့်များကိုပင် နုတ်ရောင်းကြလေသည်။ ရောင်းသောအခါမှာလည်း ပျိုးက အတန်အသင့် ရင့်နေကြောင်း အချို့က ဖွင့်ပြောကြသည်။ ပျိုးဝယ်တစ်ယောက် ကမူ–

'ကျုပ်ကတော့ ပျိုးရင့်လေ ကြိုက်လေပဲဗျို့' ဟု ပြောလျှင် ကိုကျီးညို က–

'မရင့်မှာတော့ မပူပါနဲ့ဗျာ၊ အုန်းတောရွာ အနောက်ဘက်ရောက်ရင် ကားပေါ်မှာပဲ စာခြောက်လိုက်ကြပေတော့ဗျာ'ဟု ပြောလိုက်လေသည်။





## ရောင်စုံ မျိုးသန့်

အထက်တွင် ဆိုခဲ့သည့်အတိုင်း လက်ကျန်ပျိုးများကို ရှာဖွေ နုတ်ယူ ရောင်းချသည် ဖြစ်ရကား မျိုးကောင်းမျိုးသန့်၊ မျိုးဆိုးမျိုးညံ့ဟု ပိုင်းခြား မနေနိုင်တော့ဘဲ စုပေါင်း စပ်ပေါင်း ရောနှောရောင်းချရလေသည်။ ပျိုးဝယ်သူတစ်ဦးက–

'ခင်ဗျားတို့ပျိုးတွေက မျိုးတော့ သန့်ကောင်းပါရဲ့ဗျာ' မေးလာသောအခါ

'မျိုး သန့် မသန့်တော့ မေးမနေပါနဲ့တော့။ အနှံထွက်တဲ့ အခါကျရင် စပ်ထဘီ လှန်းထားတဲ့အတိုင်း တွေ့ရပါလိမ့်မယ်'ဟု ရယ်ရွှန်းဖတ်ရွှန်း ဖြေလိုက် သဖြင့် ပျိုးလိုနေသော ဝယ်သူမှာလည်း ရောယောင်ရယ်လိုက်ရသော ဟူ၏။

## မီးလောင်ပေါက်

အမျိုးသမီးတစ်ဦးသည် သမဝါယမဆိုင်သို့လာပြီး လုံချည်ခွဲတမ်း ရ မရ မေးလာ သဖြင့် အရောင်းစာရေးက ဒီအပတ် လုံချည်ခွဲတမ်း မပါကြောင်း ဖြေကြားလိုက် သည်။ ထိုအခါ အမျိုးသမီးက ဤသို့ ညည်းတွားလိုက်သည် ဟူ၏။

'တကတဲမှပဲတော် ခွဲတမ်းကလည်း တစ်နှစ်နေလို့ တစ်ခါ မရဘူး။ အိမ် က လူကလည်း ဆေးလိပ်သောက်လို့ မီးလောင်ပေါက်လိုက်ရတာကလည်း ငါးဖမ်းပိုက် လုံကွင်း ချုပ်ဝတ်နေရတဲ့အတိုင်း အပေါက်ထဲ အပြဲ ထွက်နေတော့ တာပါပဲ'

## ချမ်းသာ ရွှေအွဲ့၊ ဆင်းရဲ ချေးမှာ

ဦးပွဲ၏ဇနီး ဒေါ်မဲ၏ မိဘများသည် တစ်ချိန်က ဥစ္စာဓန ပြည့်ဝခဲ့ကြသော်လည်း နောက်ပိုင်း၌မူ အလွန်ပင် ချို့ချို့ငဲ့ငဲ့ ဖြစ်သွားကြသည်ဟု ဆိုပါသည်။ ဦးပွဲ၊ ဒေါ်မဲတို့ လက်ထက်၌မူ ပို၍ပင် ကြပ်တည်းသွားသည်ဟု ဆိုပါသည်။ ထို့ကြောင့် စကားစပ်မိသောအခါ ဦးပွဲက ဤသို့ ပြောလိုက်သည် ဟူ၏။

'ငါတို့ ယောက္ခမများ လက်ထက်တုန်းကတော့လည်း ချမ်းသာလွန်းလို့

ရွှေတွေ ငွေတွေ ဆင်ဖြူတော်ပေါ် တင်လာတာ ဆင်တောင် ကုန်းအော်ယူရတာ ဆိုပဲ။ အခုတော့ဖြင့် နွားချေးခြောက် ကောက်ရောင်းနေရတော့တာပဲ'

## ဆေးကောင်း သန်းဒေါင်း

ဗိန္ဓောဆရာ ဦးစမ်းယုသည် ဆေးပေးရာ၌ အလွန်အမင်း များအောင် ပေးတတ်ကြောင်း လှုတောရွာ၌ နာမည်ကြီးနေလေသည်။ ဒေါ်စပ်က နေထိုင် မကောင်းတတ်သဖြင့် ဆရာ ဦးစမ်းယုထံ ဆေးသွားတောင်းရန် ထွက်လိုက်စဉ် မောင်ဖြစ်သူက လှမ်းမေးလိုက်သည်။

'ဟဲ့ ဒါက ဘယ်သွားမလို့တုံး'

'ဆရာယုထံ ဆေးသွားတောင်းမလို့ပေါ့'

'အလိုလေး၊ ဆရာယုထံ ဆေးသွားတောင်းတာများ လှူချည်းသွားရတယ်လို့။ နောက် မှတ်ထား၊ ဒီဆရာထံ ဆေးသွားတောင်းရင် လှည်းသားငါးရာနဲ့ သွားရတယ်'

## လှတစ်ဖျက်နှာ နှမ မသတ်သာ

လှုတောရွာ၌ ကိုဘကြိုင်ဆိုသူ ပေါ်တူဂီတစ်ယောက် ရှိလေသည်။ ကိုဘကြိုင်၏ မျက်နှာ၌ ပါးသိုင်းမွေး၊ နှုတ်ခမ်းမွေးများဖြင့် ထူပျစ်နေသည်။ မှဲ့များ၊ ဝက်ခြံ ပုန်းရာများလည်း အဖုအထစ် အသီးများ ထနေသည်။

မိန်းမပျို့အချင်းချင်း တစ်ဦးနှင့်တစ်ဦး ကျီစားရာမျိုး၌ ယင်း ကိုဘကြိုင်နှင့် ပေးစားလေ့ ရှိကြသည်ဟု ဆိုပါသည်။ တစ်ခါတွင် ယင်းသို့ နောက်ပြောင် ပေးစားခြင်း ခံလိုက်ရသော မိန်းမပျိုလေးကမူ ဤသို့ ပြန်ပြောလိုက်လေသည် ဟူ၏။

'အလိုလေးအေ၊ ကိုဘကြိုင်ရဲ့ အနမ်းကိုတော့ မခံတော့ဘူး၊ လက်ပံပင်ပျို့နဲ့ပဲ အရိုက်ခံတော့မယ်'

ရယ်ကြည်စာဘုန်ပိုင်



လက်ပံပင်ပျို့၌ ရှည်လျားချွန်မြသော ဆူးများ ထူထပ်စွာ ရှိနေတတ်ပါသည်။

## တရားသသော ကျားအပြော

လှုတောရွာ၌ ပရမတ်သမားဟု ခေါ်သော ဝိပဿနာသမားများ ခေတ်စားသော အခါက ဖြစ်သည် ဆိုပါသည်။

အဆိုပါ ပရမတ်သမားတို့သည် မိမိကိုယ်ကို သိလှပြီ၊ တတ်လှပြီ၊ တစ်မဂ် တစ်ဖိုလ်ရပြီ ဟူသော သဘောမျိုးဖြင့် ကျယ်လောင်ကျယ်လောင်၊ ညံစီညံစီ ဟောပြော ဆွေးနွေးတတ်ကြသည်။ တချို့မှာ ယင်းပုဂ္ဂိုလ်များကို လျစ်လျူရှုနိုင်ကြသော်လည်း တချို့မှာမူ နားကြားပြင်းကတ်သည်ဟု ပြောပါသည်။ ထိုပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ကိုဋ္ဌေးပိုကမူ ဤသို့ ကောက်ချက်ချလိုက်သည် ဆိုပါသည်။

'ဒီ ပရမတ်သမားတွေကတော့ သူတို့ကိုယ် သူတို့ ဘုရားလောက် သိတယ် ထင်နေကြတာ။ ရွှေကျင်ဆရာတော်ဘုရားကြီးတို့များ တောကျောင်းမှာ ကမ္မဋ္ဌာန်း ရှုတ်နေတဲ့အခါ ကျားတွေကတောင် လာ တရားနာကြသတဲ့။ သူတို့ အဲဒီလို ဟောကြည့်စမ်းပါလား၊ ပျော့ဘွယ်မုန့်ကြွပ် စားသလို ကြွပ်ကြွပ်ပါအောင် ဝါးပစ်လိုက်လို့ မတ်ချိန်တောင် ရလိုက်မှာ မဟုတ်ဘူး'

## ချည်စာလုပ်နဲ့ သီတာအုပ်

ဦးချမ်းသာအိမ်တွင် ထမင်းစားကြစဉ်က ဖြစ်သည် ဆိုပါသည်။ ဦးဝသည် ဖိနပ်စီးထားရင်း ထမင်းစားနေလေသည်။ ထိုအခါ ဦးသာဗျောက–

'ထမင်းစားနေတုန်းတော့ ဖိနပ်ချွတ်ထားစမ်းပါဦး။ ထမင်းလုံး နင်းမိလို့ ငရဲ ကြီးနေပါဦးမယ်'

'အလိုလေးကွာ ထမင်းလုံး နင်းမိလို့သာ ငရဲကြီးရစတမ်းဆိုရင် ချည်စာနင်းတဲ့ မိန်းမတွေ အဝီစိမှာပဲ သီတာအုပ် လုပ်ထားရလိမ့်မယ်'

ရယ်ကြည်စာဘုန်ပိုင်

## ရိက္ခာပြဿနာ

လှတောသားတစ်ယောက်သည် ဝမ်းစာကြိတ်ခွဲရန် စပါးအနည်းငယ်ကို လှည်းဖြင့်တင်၍ ဆန်စက်သို့ ရောက်လာသည်။ ဆန်စက် အလုပ်သမားများက ကြိတ်ခွဲရန် စပါးပမာဏကို ကြည့်သောအခါ မဖြစ်စလောက်မျှသာ ပါလာသဖြင့်–

'ခင်ဗျားစပါးက နည်းလှချည့်လားဗျ'

'ရှိစုမဲ့စုလေးတော့ အကုန်ယူလာတာပါပဲကွာ'

'ခင်ဗျား စပါးတိုက်ထဲ နည်းနည်းမှ မကျန်တော့ဘူးလား'

'မကျန်တော့ဘူးဆိုကွာ၊ ကြွက်လင်မယားတောင် ရိက္ခာအတွက် ပြဿနာတက်ပြီး ရန်ဖြစ်နေရစ်ကြလေရဲ့ မောင်ရယ်'

## ပုဏ်းတစ်ဖက် အရက်တစ်ငုံ

အရက်သမားတစ်စုသည် အရက်ဆိုင်တစ်ခုထဲ၌ အရက်သောက်နေကြစဉ် လူတချို့လမ်းက ဖြတ်သွားသည်ကို မြင်လိုက်ကြသည်။ ဆိုင်တွင်းမှ အရက်သမားတစ်ဦးက အပြင်သို့ ပြေးထွက်ကာ'လာကြပါဗျ၊ ဒီမှာ အလုပ်ဖြစ်နေတယ်'ဟု ဖိတ်ခေါ်လျှင် လမ်းသွားများက 'မဖြစ်ဘူးကွ၊ တို့က အသက်ကြီးနေပြီဆိုတော့ ဆင်ခြင်ရတယ်ကွ'ဟု ပြန်ဖြေသည်။ ထိုအခါ လိုက်ခေါ်သူက 'အလိုလေးဗျာ၊ ခင်ဗျားတို့ပဲ အသက်ကြီးနေ။ တိုးစိန်ဆိုင်ရှေ့မှာတော့ ဘုရားဒကာ၊ ကျောင်းဒကာ ဘွဲ့ခံတွေ မှုးလဲ နေလိုက်ကြတာများ ဥမ္မာဒန္တီအိမ်ရှေ့ ပုဏ္ဏားတွေ ဖင်ထောင်နေတဲ့အတိုင်း ပါပဲ' ဟူ၏။

## ဘီတင် ဦးထုပ်

အိမ်တစ်အိမ်တွင် လူငယ်တချို့ အရက်သောက်ရင်း ရန်ဖြစ်နေကြသည် ဆိုပါသည်။ ကိုအောင်တင့်နှင့် မိတ်ဆွေတစ်ဦးတို့သည် ထိုအိမ်အနီးမှ ဖြတ်သွားစဉ် ကို





အောင်တင့်နှင့် ပါလာသူက 'အခု စွာကျယ်စွာကျယ်နဲ့ ပြောနေကြတာ ဟိုကောင်တွေ မဟုတ်လား။ ဒီကောင်တွေ ငါ ဖျန်ဖြေလိုက်ဦးမှပဲ'ဟု ပြောသောအခါ ကိုအောင်တင့်က 'ကိုယ့်လူရေ၊ သူတို့ထဲ သွားမရှုပ်ချင်စမ်းနဲ့။ မောင်ရင့်ခေါင်း ရိုက်ခွဲထားလို့ ချုပ်ရိုးရာတွေ ဘီတင်ဖောက်ထားသလို ခေါင်းတစ်ခုလုံး ထပ်သွားလိမ့်မယ်' ဟု ပြောပြ တားမြစ်လိုက်ရသည်ဟု ပြောပြပါသည်။

## ဆိုင်းဆရာ အဝါနှစ်ရုပ်

ကိုထွန်းအောင်သည် ရွှေပန်းကုံးရွာနေ ညီဖြစ်သူ၏ အလှူပွဲသို့ သွားရောက်ရာမှ ပြန်လာစဉ် "လှတော" မိတ်ဆွေတစ်ဦးက အလှူအကြောင်း၊ အကျွေးအမွေး အကြောင်း စသည်တို့ကို ကိုထွန်းအောင်အား မေးမြန်းလေသည်။ ကိုမောင်မောင် ကမူ ဆိုင်းအဖွဲ့ ကောင်း မကောင်းကိုသာ မေးမြန်းလေရာ ကိုထွန်းအောင်က–

'ကောင်း မကောင်းတော့ မသိပါဘူးဗျာ။ ဆိုင်းသမား တီးနေပုံ ကြည့်ရတာကတော့ ကြည်းတောခွေး ရေကူးနေတဲ့အတိုင်းပါပဲ။ ထွက်လာတဲ့ အသံကလည်း ကျွဲချေးယိုချနေတဲ့အတိုင်း တဗတ်ဗတ်နဲ့'ဟု ပြောလိုက်သည် ဆိုပါသည်။

## ကြိမ်အသဖြာ ချိန်ထားရမ်းလိုက်မယ်

ကိုနောင်သည် လမ်း၌ ဦးမောင်မောင်ကို တွေ့လိုက်သည့်အခါမှ ဦးမောင်မောင်၏ ခယ်မအား သူ့ယောက္ခမက ရိုက်နေသည်ကို သတိရလိုက်သဖြင့် ဦးမောင်မောင်အား အကျိုးအကြောင်း လှမ်းပြောလိုက်သည်။ ဦးမောင်မောင်က တော်တော်များ ရိုက်နေသလားဗျ ဟု ပြန်မေးနေသဖြင့် ကိုနောင်က ဤသို့ ဖြေလိုက်သည် ဆိုပါသည်။

'ရိုက်နေတာကတော့ မမေးနဲ့တော့ဗျို့၊ အနော်ရထာမင်း ကြိမ်စကြာစမ်းနေသလို တရွှမ်းရွှမ်း နေတာပါပဲ' ဟူ၏။

## ဦးလှမောင် ကယ်တော်မူပါ

ဆောင်းတွင်း မီးလှုံနေကြစဉ်က ဖြစ်သည် ဆို၏။ ကလေး လူကြီး ငါးယောက်သည် နံနက် ဝေလီဝေလင်း၌ မီးလှုံရန် မီးဖိုကြလေသည်။ တစ်ခါတစ်ရံ မီးသည် မတောက်ဘဲ မီးခိုးတွေသာ ထွက်ထွက်နေတတ်သည်။ ထိုအခါ လူကြီးများက ကလေးများအား မီးတောက်အောင် မှုတ်ရန် မကြာခဏ ခိုင်းလေရာ ကလေး တစ်ယောက်က ဤသို့ ပြန်ပြောလိုက်သည် ဆိုပါသည်။

'ခင်ဗျားတို့ လူကြီးတွေက မီးသာ မှုတ်ခိုင်းချည်းနေတာပဲ။ ဒီမှာဖြင့် မှုတ်ရလွန်းလို့ မန္တလေး ဘီလမ်းက ဦးလှမောင်ဆီ ပြေးရတော့မယ်' တဲ့။

မန္တလေး ဘီလမ်း ဦးလှမောင်ဆိုသည်မှာ လိပ်ခေါင်းအထူးကု ဝိဇ္ဇာအဖြစ် နာမည်ကြီးသူ ဖြစ်ပါသည်။

## ကျွဲပေါ်မှ ဇော်က

နာမည်ကြီး ခြင်း ကိုသန်း၏ ညီ ကိုညိုလေးသည်လည်း ခြင်းခတ် ကောင်းသူပင် ဖြစ်သည်။ ရွှေကျင်ရွာသား အချို့သည် ကိုညိုလေးနှင့် ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြသည့်အလျောက် ကိုညိုလေးအား ရွှေကျင်ရွာသို့ ခေါ်ယူပြီး "ခြင်း"အလှ ခတ်ပြစေသည်။ ထိုပွဲသို့ လှတောသားများ သွားရောက် ကြည့်ရှုကြသည်။ ကြည့်ရှုနေဆဲမှာပင် မအောင့်အီးနိုင်သဖြင့် လှတောသားတစ်ဦးက ချီးကျူးရင်း ရွှတ်ချလိုက်သည် ဆိုပါသည်။ သူပြောလိုက်သည့် စကားကား–

'ခြင်းခတ်ကတော့ဗျာ ဇော်က ကနေသလောက် လှပါပေရဲ့။ အသားမည်းပုံကလည်း ကတ္တရာလမ်းပေါ် ကျွဲအိပ်နေတဲ့အတိုင်းပါပဲ' ဟူသတည်း။

## ဂိုဒေါင်ရန်သူ

စပါးပေါ်တုန်းပေါ်ချိန် လှတောရွာသို့ သူတောင်းစားများ လာရောက် တောင်းရမ်းလေ့ ရှိသည်။ တစ်ခါသ၌ သူတောင်းစားတစ်ယောက်၏ အိတ်ကြီးသည် ထူးထူး





ခြားခြား ကြီးမားပြည့်ဖောင်းနေသည်ကို တွေ့ရသဖြင့် စပ်စုတတ်သူ လှတောသားတစ်ဦးက သူတောင်းစားအား 'ခင်ဗျားတောင်းလို့ တော်တော် ရခဲ့လား'ဟု မေးလေသည်။

သူတောင်းစားက 'မရခဲ့ပါဘူးဗျာ'ဟု ပြောလျှင် လှတောသားက 'ခင်ဗျားကသာ မရဘူး ပြောနေ၊ ခင်ဗျားအိတ်ကြီးကတော့ သမဝါယမ ဂိုဒေါင်ကို အန်တုတော့မယ့် အတိုင်းပဲ'ဟု ပြောလိုက်သဖြင့် သူတောင်းစားမှာ မျက်စောင်းထိုးပြီး လှည့်ထွက်သွားသည် ဆို၏။

## ဖွတ်တွင်းထဲက ဖွတ်ထောင်တွေ

လှတောရွာ "ချိန်တန်ပြီ" ရုပ်ရှင်ရုံ၌ ရုပ်ရှင်ဇာတ်ကားများ လာရောက် ပြသလိုက်၊ ဇာတ်အဖွဲ့ကြီးများ လာရောက် ရုံသွင်းလိုက်၊ အကပဒေသာခေါ် အငြိမ့်အဖွဲ့များ လာရောက်တင်ဆက်လိုက်ဖြင့် ပြတ်လပ်လှသည် မရှိပေ။ ရုံပွဲသဘင် တစ်ခုခု ရှိတိုင်းလည်း လှတောပရိသတ်သည် အနည်းနှင့်အများ ဆိုသလို သွားမိ ကြည့်မိကြသည်။

ဤသည်ကို အပျော်အပါး နည်းသူ၊ ပွဲသဘင် ဝါသနာ မပါသူတို့က မနှစ်မြို့ကြပေ။ ဤရုံကြီးသည် ငွေဖြုန်းရာ အဆောက်အအုံကြီး ဖြစ်သည်ဟု ယူဆနေကြသည်။

တစ်နေ့တွင် ရုပ်ရှင်ပြချိန် နီးနေပြီ ဖြစ်သဖြင့် ရုပ်ရှင်ပရိသတ်သည် ဝင်လိုက် ထွက်လိုက် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ ယင်းကို စကားပဒေသာရှင် တစ်ဦး ဖြစ်သူ ဦးစစ်က လှမ်းမြင်လိုက်သည်။ အနီးရှိ ပုဂ္ဂိုလ်များအား ပြောပြလိုက်သည်ကား–

'ကြည့်ကြပါဦးကွယ်၊ ဟိုဖွတ်တောင်ပို့ကြီးထဲ ဖွတ်ကလေးတွေ ဖွတ်ကလေးတွေ ဝင်လိုက်ထွက်လိုက်နဲ့ ဖွတ်ဇာတ်တွေ ခင်းလို့ပါလား'ဟူ၍ ဖြစ်ပါသည်။

## ရေထွက်ထလည်း အလာပဲ

သူခိုးများ ခေတ်ထလာပုံနှင့် ပတ်သက်၍ ရေထွက်ကောင်စီဥက္ကဋ္ဌက ဤသို့ ညည်းတွားလိုက်သည် ဟူ၏။

'ကျွန်တော်တို့ရွာ နွားခိုး ပူလိုက်ပုံကတော့ ကျီးခြောက်သလို တဟဲ့ဟဲ့ ခြောက်လှွတ်နေရတော့တာပဲ'

## သီလအောင့်ဝို့ မဆိုထားနှင့်

လှတောရွာက ပုဂ္ဂိုလ်တစ်ဦး တည်ထားခဲ့သော မြေပေါက်စေတီတစ်ဆူ ရှိသည်ဟု ဆိုပါသည်။ သို့သော် မူလတည်ခဲ့သော ဘုရားဒါယကာမှာ ကွယ်လွန်ခဲ့ပြီ ဟူ၏။ စေတီတော်မှာ ကာလကြာမြင့်စွာ မပြုမပြင်ခဲ့သဖြင့် အင်္ဂတေတွေ ကွာ၊ အုတ်တွေ ပြိုသဖြင့် အုတ်ပုံသာသာမျှသာ ကျန်တော့သည်။

တစ်နေ့တွင် ဘုရားဒါယကာ၏ သားတစ်ဦး ပင်းဇင်းရွာသို့ ရောက်လာသည်။ ပင်းဇင်းရွာသားများက စကားစပ်မိသောအခါ ယင်းဒါယကာသားအား–

'မိဘ၏ ကုသိုလ်အမွေဖြစ်သဖြင့် အလွန် မွန်မြတ်ကြောင်း၊ မိဘ၏ လက်ငုတ်မှန်သမျှ သား မြေး မြစ်တွင် တာဝန်ရှိကြောင်း၊ ယခု စေတီတော်မှာ သပ္ပာယ်မှု နည်းပါးနေသဖြင့် ကွယ်လွန်သူ မိဘများအတွက် ဝမ်းနည်းဖွယ် ဖြစ်ကြောင်း၊ ထို့ကြောင့် ချွေးနဲ့စာဖြင့်ပင် ပြုပြင်သင့်ကြောင်း ဝိုင်းဝန်းလမ်းပြ တိုက်တွန်းကြသည်။ လှတောသားကမူ ပင်းဇင်းသားတို့၏ အကြံကို မဆန့်ကျင်သော်လည်း မိမိအခက်အခဲကို တင်ပြငြင်းဆန်လိုက်သည်ကား–

'ခင်ဗျားတို့ ပြောသလို ကျုပ်လည်း သဘောပေါက်ထားပါတယ်ဗျာ။ ကိုယ့်ဝမ်းနာ ကိုယ်သာသိ ဆိုတဲ့အတိုင်း ကျုပ်မှာ ပိုက်ဆံဆိုလို့ မျက်စေ့နာလို့တောင် ရေစိမ်ခတ်စရာ ကြေးပြားမရှိဘူး။ ဒီတော့ စေတီတော်လည်း ဒီဘဝက စုတော့ပြီး အဖေရှိရာ ဘဝမှာပဲ ပွင့်တော်မူပါတော့လို့ လျှောက်ထားရတော့မှာပဲ 'ဟူသတည်း။

**[မှတ်ချက်။ ။ ရှေးက ကျေးလက်တောရွာများတွင် မျက်စေ့နာသောအခါ ကြေးပြား (ပိုက်ဆံ) စေ့များကို ရေတွင်စိမ်၍ ယင်းရေကို မျက်စဉ်းအဖြစ် ခတ်လေ့ရှိကြသည်။]**





## တောက်မိုး တစ်ပွေ့

ပင်းဇင်းရွာ ဦးစိန်မောင်သည် နွားကျွေးဖို့ နွားစာပြတ်နေသဖြင့် အကြံကျပ်နေစဉ် မိမိနှင့် ခင်မင်ရင်းနှီးသော လှတောသားတစ်ဦးနှင့် ဝက်လက် ကားလမ်းပေါ်၌ ပက်ပင်းပါ တွေ့လိုက်ရသည်။ လှတောရွာသားမှာ အဖော်တစ်ဦးနှင့်အတူ ဝက်လက်မြို့မှ ပြန်လာကြခြင်း ဖြစ်သည်။ ဦးစိန်မောင်သည် လှတောသား မိတ်ဆွေကို တွေ့လိုက်လျှင် တွေ့လိုက်ချင်း အကြံတစ်ခု ရလိုက်သည်။

'ကိုယ့်လူရေ၊ တွေ့ရတာ သိပ်ဝမ်းသာသွားတာပဲဗျာ။ ကိုယ့်လူဆီ လာဖို့ ကိစ္စရှိနေတာနဲ့ အတော်ပဲ ။ ကိုယ့်မယ် နွားစာပြတ်နေတယ်။ ခင်ဗျားမှာ ကောက်ရိုး ရှိရင် နည်းနည်းမျှပါဦးဗျာ'ဟု တောင်းဆိုလိုက်သည်။

ထိုအခါ အတောင်းခံရသူ လှတောသားက–

'အလိုလေးဗျာ၊ ခင်ဗျားပေးဖို့ နေနေသာသာ၊ ကျုပ်မှာတောင် တစ်ပွေ့စာ လောက် ရှိတော့တာမို့ ကြံရ ဖန်ရဦးမယ်'ဟု ညည်းပြလိုက်သည်။

တကယ်တော့ ကောက်ရိုးနည်း၍ ညည်းနေခြင်း မဟုတ်။ မပေးလို၍ ညည်းနေခြင်းဖြစ်သည် ဆိုပါသည်။ ဤသည်ကို သိထားသော ခရီးသွားဖော် လှတောသားက–

'ဟုတ်ပါတယ်။ သူ့မှာ တစ်ပွေ့စာလောက်ပဲ ရှိပါတော့တယ်။ သူ့ တစ်ပွေ့စာ ဆိုတာက အသူရိန်နတ်ကြီးရဲ့ တစ်ပွေ့စာကို ပြောတာပါ'ဟု ဝင်နှောက် လိုက်သဖြင့် ကောက်ရိုးရှင်မှာ အောင့်သက်သက် ဖြစ်သွားရသော ဟူ၏။

## လိမ့်ကျသော နေရာ

အင်္ဂလိပ်အစိုးရလက်ထက်က ဖြစ်ပါသည်။ ထိုစဉ်က အမြန်ယာဉ် ဆိုသည်မှာ မြင်းသာ ဖြစ်သည်။ မြင်းစီးနိုင်သူသည် အဆင့်အတန်းမြင့်မြင့် နေနိုင်သူဖြစ်သည် ဆိုပါသည်။

လှတောရွာက ဦးလေးကြောင်သည် မြင်းတစ်ကောင်ကို ၁၂ ကျပ်နှင့်

ရလိုက်သည်။ အလွန် အရတော်ခြင်း ဖြစ်သည်ဟု ချီးမွမ်းခံရတော့သည်။ ဦးလေးကြောင်သည် တစ်နေ့ နေဝင်ရီတရောတွင် မဲကုန်းရွာမှ လှတောရွာသို့ ထိုမြင်းကို စီး၍ ပြန်ခဲ့သည်။ ဤတွင်မှ မြင်း၏ ဇာတိရုပ် ပေါ်လာလေတော့သည်။ မြင်းသည် မြင်းဆိုး မြင်းကပ် မြင်းညစ်ပတ် ဖြစ်လေသည်။ အချိန်ကလည်း ခပ်မှောင်မှောင်၊ ဦးလေးကြောင် ကိုယ်တိုင်ကလည်း ခပ်ထွေထွေ၊ မြင်းကလည်း ခပ်ပေပေ၊ ကလန်ကဆန် လုပ်လုပ်နေသဖြင့် မြင်းပေါ်မှ မကြာမကြာ လိမ့်လိမ့်ကျနေသည်။ မြင်းနင်းမခံရအောင်ကို အတော်ကြီး ဂရုစိုက်နေရလေသည်။

ဦးလေးကြောင်သည် လှတောသို့ ရောက်၍ မိမိအိမ်ဝင်းအတွင်း ဝင်မိလျှင် ဝင်မိချင်း–

'မပုံအိုရေ၊ ငါတော့ မြင်းပေါ်က လိမ့်ကျလာတယ်ဟေ့။ မလိုလဲလိုလဲ တွင်းစာလေးတော့ သွားချချေပါဦးကွာ' ဟု ဇနီးဖြစ်သူအား စေခိုင်းလိုက်လေသည်။

ဦးကြောင်က ယင်းသို့ တွင်းစာ ကျွေးခိုင်းသောအခါ ဒေါ်ပုံအိုက –

'ဘယ်နားမှာ သွားကျွေးရမှာလဲ မောင်ကြောင်ရဲ့။ အချိန်ကလည်း မှောင်မိုက်ပါဘိသနဲ့' ဟု မေးလိုက်လျှင် ဦးလေးကြောင်က–

'လှတောကနေ မဲကုန်းထိ သွား၊ မြင်းခွာရာ တွေ့တဲ့ နေရာတိုင်းသာ ကျွေးပေတော့လကွာ' တဲ့။

(မြန်မာတို့သည် မြေထက်သို့ လုံးလုံးလျားလျား လဲကျလျှင် မြေကိုင်တတ်သည်။ လဲကျသောနေရာတွင် မြေဘုတ်ဘီလူးအား ပူဇော်ရသည်ဟု အယူရှိတတ်ကြသည်။ ယင်းကို တွင်းစာကျွေးသည်၊ မြေဇာကိုင်သည်၊ မြေဘုတ် ကျွေးသည်ဟု အသီးသီး ခေါ်ကြသည်။)

## ခံတွင်းပျက် သေတွင်းသတ်

ဦးဘဆင်၏ အိမ်တွင် ဦးမှတ်ထင်ကို ထမင်းဖိတ်ကျွေးစဥ်က ဖြစ်သည်။ ဖိတ်ခေါ်ကျွေးရခြင်းမှာ ယုန်သားဟင်းကြောင့် ဖြစ်သည်။ ရတောင့်ရခဲ ယုန်သားကို





စိတ်တိုင်းကျ အကောင်းဆုံး ပြင်ဆင် ချက်ပြုတ်ထားပြီး စားစေချင်လွန်းသဖြင့် ဖိတ်ကျွေးခြင်း ဖြစ်သည်။ ထမင်းစားပြီးကြသောအခါ ဦးဘဆင်က မေးသည်။

ဦးဘဆင်။ 'စားလို့ကော ကောင်းရဲ့လား'

ဦးမှတ်ထင်။ 'အင်း ကောင်းပါရဲ့'

ဦးကျော်ဟိန်း။ 'အလိုလေး ဒီဟင်းနဲ့မှ မကောင်းဘူးဆိုရင်တော့ ခြောက်ပေတွင်းထဲ ပြေးဆင်းရုံသာ ရှိတော့တာပဲ'

## မောင်းထောင်းဆန်

တစ်ခါတစ်ရံ စက်များတွင် ပုဂ္ဂလိကဆန်ကို အကြောင်းကြောင်းကြောင့် ကြိတ်ခွင့်မပေးသော အခါမျိုး၌ အချို့သည် ခြေနင်းမောင်းများဖြင့် ထောင်းကြသည်။ အားလပ်နေသူတို့ကမူ ခြေနင်းမောင်းတို့ဖြင့် ထောင်း၍ ရောင်းကြသည်။ မောင်းထောင်းဆန်ဟူသည် လူ့ကာယ စွမ်းအင် အပြည့်အဝ အသုံးချမှသာ ရရှိခြင်းဖြစ်သောကြောင့် တစ်ခါတစ်ရံ ဆန်သည် ဖြူဖြူစင်စင် ဖြစ်မလာတတ်ပေ။ ဖွဲများကျန်ချင် ကျန်နေတတ်ပေသည်။

တစ်နေ့တွင် ခေါင်းရွက်ဆန်သည် တစ်ယောက်သည် လှတောသို့ လာရောက် ဆန်ရောင်းသဖြင့် ဈေးသည်နှင့် ဈေးဝယ် အချေအတင် စကားပြောနေကြသည်။

ဈေးသည်။ 'မောင်းထောင်းဆန်ပါ။ ဆန်လုံး လှပါတယ်'

ဈေးဝယ်။ 'အနီရော စင်ရဲ့လား'

အနီရော စင်ရဲ့လားဟု မေးခြင်းမှာ ဖွဲရော စင်ရဲ့လားဟု မေးခြင်းပင် ဖြစ်သည်။

ဈေးသည်။ 'စင်ပါတယ်တော် ကြည့်စမ်းပါဦး၊ ခွေးစွယ်တွေကို ချွတ်ယူလာမှတ်ရတယ်'

ချေးဝယ်။ 'အလိုလေးတော်၊ ပြောတော့ စင်ပါရဲ့တဲ့။ ကြည့်လိုက်တော့ဖြင့် ကွမ်းသွေး ထွေးခံထဲက ဆယ်လာတဲ့အတိုင်းပါပဲ'

## ရေများမှ လျော့သွားသာသည်

မသန်းသည် ကုလားပဲဟင်း ချက်ရာ၌ နူးနူးနပ်နပ် ရှိစေရန် ဟင်းအိုးတွင် ရေများများ ထည့်လိုက်သည်။ သို့ရာတွင် ရေ၏ ပမာဏမှာ လိုသည်ထက် ပိုသွားပုံရသည်။ ပဲနပ်သည့်တိုင်အောင် ရေက အလောတော် ဖြစ်မလာခဲ့ပေ။ ထိုစဉ် မအုန်း ရောက်လာသဖြင့် ဟင်းအခြေအနေကို အကဲခတ်နိုင်ရန် 'ပဲဟင်း မြည်းကြည့်ပါဦး' ဟုပြောရာ မအုန်းက ပဲဟင်းအိုးကို မွှေကြည့်ရင်း ဤသို့ ညည်းတွားလိုက်ဆိုပါသည်။

'ညည်းဟင်းကလည်းဟယ်၊ အိုးထဲ ကူးတို့သဘော်ာ ချရတော့မယ်'ဟူ၏။

## အောင်သွယ်/မြေးမြတ် ဝဿေစဝ်

ကိုဌေးပို၏အဘိုး ဦးပြည့်၊ အဘွား ဒေါ်ပန်းတို့သည် အသက် ၆၀ ကျော်၊ ၇၀ ရွယ်များ ဖြစ်ကြပေပြီ။ အဘွားသည် အ အားမနေလိုသဖြင့် လည်းကောင်း၊ "အိမ်ဘေး ချေးဆိုင်တည်"ဆိုစကားအရ လည်းကောင်း အိမ်၌ ဗူးပင်တစ်ပင် စိုက်ကာ တယုတယ ပြုစုထားလေသည်။ အဘိုးသည် ယင်းဗူးပင်ကိုမှ အမှတ်မထင် ဖျက်ဆီးမိလေသည်။ ဗူးပင်ကိစ္စနှင့် ပတ်သက်ပြီး တစ်ယောက်တစ်ခွန်း စကားများကြရာမှအစ နာနာကြည်းကြည်း ရင့်ရင့်သီးသီး ပြောဆိုကာ ရန်ဖြစ်ကြရတော့သည်။

ဒေါ်ပန်းသည် မိမိမြတ်နိုးနေသော ဗူးပင်ကိုလည်း ဖျက်ဆီးခံရ၊ နာနာကြည်းကြည်း ပြောဆိုခံရသဖြင့် ကြိတ်မနိုင် ခဲမရ ဖြစ်လျက် အိမ်မှ ထွက်ခဲ့ပါသည်။ ပါးစပ်ကလည်း–

'လူကြီးအိမ် သွားမယ်၊ အခု ကွာမယ်။ အခု ပြတ်မယ်'ဟု ရေရွတ်သွားလေသည်။





မိသားစုထဲမှ တစ်စုံတစ်ယောက်ကမျှ ရန်ပွဲကို ဖြေရန်သော်လည်းကောင်း၊ အဘွားကို တားမြစ်ရန်လည်းကောင်း သတိမရကြ။ အဘွားထွက်သွားမှ ကိုဌေးပို ရောက်လာပြီး အကျိုးအကြောင်း သိရတော့သည်။ ကိုဌေးပိုသည် အဘွားနောက်သို့ ချက်ချင်း ပြေးလိုက်သွားသည်။ သို့သော် တကယ်မီအောင်လည်း လိုက်မသွား၊ ခပ်လှမ်းလှမ်းမှ လိုက်လျက်–

'ဗျို့ ဘွားဘွား၊ စလယ်ဝင် ဖင်မမည်းခင်က ကွဲကြတော့မှာလား'

'နေ့ ရ၊ ည ကွဲ လုပ်ကြတော့မှာလားဗျ'

ဟု အော်ဟစ်မေးလေသည်။ ကိုဌေးပို၏အသံမှာ အဘွားကြားရရုံ မဟုတ်၊ တစ်ရပ်တစ်ရွာလုံး ကြားနိုင်အောင် တမင်တကာ အော်နေခြင်းဖြစ်သည်။

'အဘွားရယ်၊ ရည်းစားစာလေးမှ ပြန်မဖတ်တော့ဘူးလားဗျ'

'ချစ်စ ခင်စ ကြင်နာစ ဆိုတာများ မေ့နေသလား အဘွားရဲ့'

ပတ်ဝန်းကျင်ကလည်း ပြုံးသူပြုံး ရယ်သူရယ် လုပ်နေသည်ကို မြင်ရသောအခါ ရှက်လာလေသည်။ နီးရာအိမ်တစ်အိမ်ထဲသို့ စွပ်ခနဲ ဝင်ကာ ပုန်းနေရတော့သည်။ အဘွားသည် အရှက် နည်းနည်းပြေပြီး အရှိန်ပြေလောက်မှ အိမ်သို့ တိတ်တဆိတ် ပြန်လာသည်။ အိမ်ရောက်လျှင် ရောက်ချင်း 'သူ့ကိုတော့ တကယ်ဖြတ်မလို့ဘဲ၊ ကိုဌေးပို မသာက သာသနာဖျက်နေတာနဲ့ ငါဖြင့် မျက်နှာတောင် မပြရဲတော့ဘူး'ဟု အာပတ်ဖြေစကား ဆိုသည် ဟူ၏။

## မြေတုန် သွန်မိ

ရေနက်ကြီးရွာက ဘိသိက်ဆရာ ဦးကျော်လွန်းသည် ထိုနယ်တစ်ဝိုက်၌ နာမည်ကြီးလေသည်။ ထို့ကြောင့် လှတောရွာ အလှူမင်္ဂလာပွဲတစ်ခုအတွက် ဦးကျော်လွန်းကို အရ ပင့်ဖိတ်ထားလေသည်။ ဦးကျော်လွန်းသည် အလှူပွဲမတိုင်မီ တစ်ရက်ကြိုတင်၍ ရောက်လာသည်။ ဦးကျော်လွန်းအပေါ် စေတနာ သက်ရောက်နေသူ လှတောသားတစ်ဦးက ဦးကျော်လွန်းအား ကြိုကြိုတင်တင် အကြံဉာဏ် ပေးလိုက်သည်မှာ–

'ဆရာရေ၊ ဆရာ့နာမည်ကတော့ ဟိုးလေးတကျော် ဖြစ်နေပါတယ်။ နာမည်နဲ့ လိုက်အောင် ဒီတစ်ပွဲတော့ ခြေကုန်သာ သွန်လိုက်စမ်းပါ ဆရာ' တဲ့။

'မြတ်စွာဘုရား၊ ကျွန်တော် အနယ်နယ် ရောက်ခဲ့ပါပြီ။ လှတော ရောက်မှပဲ ကျွန်တော် နွားဖြစ်ရတော့တာပါပဲ' ဟု ရှုံ့မဲ့ရင်း ပြန်ပြောလိုက်ပါသတည်း။

## ဈေး စိတ်ဆိုးချင်စရာ

တစ်ချိန်က လယ်သမားများထံမှ စပါးများကို သမဝါယမများက ဝယ်ယူခဲ့ပါသည်။ ကျေးရွာများ၌ သမဝါယမလူကြီးများနှင့် အဝယ်တော်များက- စပါးရသင့်သလောက် ဝယ်ယူရရှိစေရန်၊ အလစ်အဟင်း အကြွင်းအကျန် နည်းနိုင်သမျှ နည်းစေရန် အိမ်တိုင်းစေ့လောက် သွားရောက် ဆော်ဩ ဝယ်ယူကြသည်။ ဝယ်သူများနှင့် လယ်သမားများမှာ ကိုယ့်ရပ် ကိုယ့်ရွာသားချင်း ဖြစ်သည့်အလျောက် ဆိုမနာ ပြောမနာ ပွင့်ပွင့်လင်းလင်း ဆက်ဆံ ပြောဆို ရောင်းဝယ်ကြသည်။

လှတောရွာ ကိုထွန်းရင်၏ အိမ်သို့ သွားရောက် စည်းရုံးသောအခါ၌ စည်းရုံးသူ၊ ဝယ်လာသူများမှာ အလွန်ရင်းနှီးကြသူများ ဖြစ်နေကြသဖြင့် ကိုထွန်းရင်က-

'ငါ့လူတို့ရာ၊ မောင်ရင်တို့ လာစည်းရုံးကြတာကလည်း အိမ်ခေါင်ပေါ် စာလင်မယား ညားနေသလို တစွပ်စွပ်ကိုကွ။ မင်းတို့ လာစည်းရုံးတိုင်း ရောင်းရတာကလည်း ကြာရင် ငါ့ဖင် ချေးပေါင်တော့မှာပဲ '

'စပါးရောင်းတာနဲ့ ဘယ့်နှယ် ချေးပေါင်ရမှာလဲ လေးထွန်းရဲ'

'မင်းတို့ လာပြောတော့ ငါက မရောင်းဘဲ မနေနိုင်ဘူး။ ကြာရင် ငါ့မှာ စပါးလက်ကျန် မရှိလို့ ထမင်းတောင် စားရတော့မှာ မဟုတ်ဘူး။ ထမင်းမစားရတဲ့လူ နောက်ဖေးနောက်ဖီ ထိုင်ပေမယ့် ဘယ်မှာ အစာဟောင်းက ထွက်နိုင်တော့မလဲကွ။ ဒီတော့ ချေးက သူ့ကို ညာရပါ့မလားဆိုပြီး ရန်ထောင်တော့မှာပေါ့ကွ' ဟု ရှင်းပြသောအခါမှ အားလုံး ရယ်ကြသော ဟူ၏။





## သူ့တော့ မယူချင်တော့ဘူး

အသက်အရွယ် အတော်ကြီးပြီဖြစ်သော မုဆိုးဖိုတစ်ဦးသည် အပျိုကြီးတစ်ဦးထံ မကြာခဏ လာရောက် လှည့်ပတ်နေသည်။ ရိုးသားအေးဆေးသူ အပျိုကြီးကမူ မိမိအား ထိုလူကြီးက ထိုစိတ်မျိုးဖြင့် ချဉ်းကပ်နေသည်ဟု မရိပ်မိပေ။

တစ်နေ့၌ မုဆိုးဖိုကြီးသည် မြေးကလေးကို လက်ဆွဲလျက် အပျိုကြီးအိမ်ဝင်လာပြီး 'ငါ့မြေးက ခေါ်လိုက်၊ မေမေကြီးလို့ ခေါ်လိုက်' ဟု ခိုင်းလေရာ ကလေးကလည်း ခေါ်လိုက်လေသည်။ ထိုအခါ မုဆိုးဖိုကြီးက 'ကလေးကမှ သိသေး' ဟု ပြောဆိုသွားလေသည်။ အနီးအပါးရှိ ရိပ်မိနေသော သူတို့ကမူ အကင်းမပါးသော အပျိုကြီးကို အားမရသဖြင့်-

'အဲဒါ အကောင်းခေါ်ခိုင်းတာ မဟုတ်ဘူး။ ညည်းကို မယားတော်ချင်လို့ ခေါ်ခိုင်းတာအေ့' ဟု ဘွင်းဘွင်းပင် ပြောပြလိုက်ကြသည်။ ထိုအခါမှ အပျိုကြီးသည် ဒေါသတကြီးဖြစ်ကာ ပြောလိုက်သည်ကား-

'သူ့လိုလူတော့ လင်မလုပ်တော့ဘူး။ သူ့ယူမယ့်အစား သေခါမှ လင်းတကိုပဲ အလုပ်အကျွေး ပြုတော့မယ်' ဟူသတည်း။

## ခြင်္သေ့၏ ဖက်ကြွမ္ဘာ

ကန်သာရွာ၌ ဘုရားတစ်ဆူ တည်ထားရာတွင် ဘုရား၏ရှေ့၌ ခြင်္သေ့ကြီးများကိုလည်း အုတ်ဖြင့်ပင် ပြုလုပ်ထားလေသည်။ ခြင်္သေ့ရုပ် ပီပြင်စွာ ပြုလုပ်ပြီးသည့်တိုင်အောင် အကြောင်းမညီညွတ်သေးသဖြင့် ထုံးမဖွပ်နိုင် ရှိနေသည်။ ထုံးမဖွပ်ရသေးသဖြင့်လည်း ခြင်္သေ့သည် အုတ်လိုင်းများပေါ်ကာ နီကြင်ကြင် ဖြစ်နေသည်။

တစ်နေ့၌ လှတောသားတစ်ဦးသည် အဆိုပါ ခြင်္သေ့ကိုမြင်လျှင် စေ့စေ့ကြည့်ပြီး 'ကန်သာသား ဘုရားမတည်ရသေးဘူး၊ ခြင်္သေ့ကို အရေဆုတ်ထားကြပြီ' ဟု ပြောလိုက်ရာ အဆိုပါစကားသည် ပျံ့နှံ့သွားလေသည်။ ထိုသည့်နောက် ခြင်္သေ့ကို မြင်သူတိုင်းက 'အရေဆုတ်ထားတဲ့ ခြင်္သေ့' ဟု ပြောဆိုနေကြသော

ကြောင့် ကန်သာရွာသားတို့ ခြသေ့်ကို အဆောတလျင် ထုံးဖွပ်လိုက်ကြရသည် ဆိုပါသည်။

## မီးကွင်းသစ်

ဦးဖိုးကြာသည် ဦးဌေးမောင်အိမ်သို့ ရောက်လာသည်။ ဆေးလိပ်သောက်ရင်း စကားပြောနေကြစဉ် ဆေးလိပ်က မကြာခဏ မီးငြိမ်းငြိမ်းသွားသည်။ ငြိမ်းလိုက် မီးတို့လိုက်၊ ငြိမ်းလိုက် မီးတို့လိုက် လုပ်နေခဲ့ရာ ကြာတော့ ဦးဖိုးကြာသည် စိတ်ပေါက်လာသည်။

'ဟဲ့ ဒီဆေးရိုး ငါ့ကို ရှာပေးကြစမ်းဟ'

'ဘာလုပ်ဖို့လဲ ဘိုးလေးကြာရဲ့'

'ဒီအသားနဲ့ အိမ်ဆောက်ချင်လို့ဟ၊ မီးကွင်းလိမ့်မယ်' ဟူသတည်း။

## အကြီးဆုံးသော စောင်းထောက်

ကျွန်တော်သည် လှတောကအပြန် မန္တလေး ပဲလှော်ချောင်ရပ်ရှိ ကျွန်တော့် မိတ်ဆွေ ကိုတင်လှိုင်တို့အိမ် တစ်ညအိပ်ရန် ဝင်ခဲ့ပါသည်။ ကိုတင်လှိုင်က 'ဘယ်က လာလို့ ဘယ်သွားမယ်'စသည် မေးသဖြင့် ကျွန်တော်က လှတော သွားခဲ့ခြင်း အကြောင်းစုံကို ပြောပြပါသည်။

ကိုတင်လှိုင်က သူတို့ရပ်ကွက်ထဲ၌လည်း လှတောရွာသားတွေ ရှိကြောင်း၊ မှတ်လောက်သားလောက် ပြောတတ်ကြကြောင်း၊ ကိုတင်လှိုင်၏ မိဘ ဦးလေးစိန် ဒေါ်ဒေါ်ရွှေတို့လည်း လှတော ရောက်ဖူးကြောင်း၊ လှတောဇာတိ ဦးဇင်းတစ်ပါးကို ရဟန်းခံပေးဖူးကြောင်း၊ ထိုဦးဇင်းသည် ဟာသဉာဏ် အလွန် ထက်မြက်ကြောင်းများ ပြောပြကြပါသည်။

ကိုတင်လှိုင်က အတွေ့အကြုံတစ်ခုကို ပြောပြပါသည်။

'ကျွန်တော့်အသိ လှတောသားတစ်ယောက်နဲ့ ကျွန်တော် ရောဝတီ





မြစ်ဆိပ်ကို ရောက်ခဲ့ပါတယ်။ မြစ်ကမ်းမှာ လောင်းကိုယ် လှေကြီးတစ်စင်း ဆိုက်ကပ်ထားတာကို လှတောသားမိတ်ဆွေက လက်ညှိုးထိုးပြရင်း ဒီလှေကြီးကို ကြိုးတပ်ပြီး စောင်းလုပ်တီးရရင်တော့ တိုင်းတုန်အောင် မြည်မယ့် အကြီးဆုံး စောင်းတစ်ခု ဖြစ်လာမှာပဲတဲ့။ မြည်တာ မမြည်တာ ထားပါဦး။ လှေပုံစံနဲ့ စောင်းပုံစံ တူတာကို ရုတ်တရက် ဆက်စပ်တွေးတတ် မြင်တတ်တာဟာ လှတောသားရဲ့ ထက်မြက်တဲ့ **ဉာဏ်ပါရမီ**ပဲလို့ နားလည်လိုက်ပါတယ်' တဲ့။

## ဘိုးစံချယ်

ဘိုးစံချယ်သည် "ပျော်ပျော်နေသေခဲ"ဆိုစကားအတိုင်း အသက်အရွယ် ထောက် လာသည့်တိုင်အောင် ပျော်ပျော်ရွှင်ရွှင် နေတတ်လေသည်။ စကားပြောရာ၌လည်း အသောအရွှန်းလေးများနှင့် တခြားသူတို့ စိတ်ရွှင်လာအောင် ပြောတတ်လေသည်။ ယခု ဘိုးစံချယ်ကိုယ်တိုင် ပြောသောစကားများကို နားထောင်ကြည့်မိပါက အထက် ပါ အဆို မှန်ကန်ကြောင်း သဘောပေါက်လာပါမည်။ အဖြစ်မှန်အတိုင်း မကွယ် မဝှက်တတ်သော ဓလေ့ကြောင့်လည်း ဘိုးစံချယ်၏ စိတ်သည် ကြည်လင်နေဟန် တူသည်။

## ပွဲနှင့် လမ်းနှင့် အရွှန်းနှင့်

တစ်နေ့ ဘိုးစံချယ်သည် သစ်လွင်သပ်ယပ်သော ဝတ်ကောင်းစားလှများ ဆင်မြန်း လျက် ကြော့ကြော့လေး လှမ်းလာသည်ကို မြင်ကြရသဖြင့် လူငယ်တစ်ယောက်က လှမ်းမေးလိုက်သည်။

'ဘိုးလေးချယ်တို့များ နတ်သားလေးကျလာ မှတ်ရတယ်၊ ကြော့မော့ လို့ပဲ။ တယ် ပျော်နေပုံရတယ်'

'ဘယ်ပျော်နိုင်ပါ့မလဲ ငါ့တူရယ်၊ ချယ်တို့က မနက်တိုင်း ရှင်လောင်းလှည့်၊ ညနေတိုင်း မင်္ဂလာဆောင်နေချင်တာကွယ့်' ဟူ၏။

## လာဘ်ထိထိသော လင်းတ

ဘိုးစံချယ်ကိုယ်တိုင် ပြန်ပြောပြသော စကားအရလည်း ဘိုးစံချယ်သည် မည်သို့သသော ရှိ၍ ပတ်ဝန်းကျင်က သူ့ကို ဘယ်သို့ သဘောထားကြောင်း သိနိုင်သည်ဟု ဆိုရမည်သို့ ရှိ၏။ သို့မဟုတ် အပျော်အပျက်များ မြတ်နိုးသူဖြစ်သဖြင့် ကြည်လင်ရွှင်ပျစေရန် တမင် ဖန်တီးပြောလေသလား ယူဆစရာ ရှိ၏။ နားထောင်ကြည့်ပါ။

'ငါတို့ရွာတံခါးဝ မိန်းမတစ်စု ထိုင်နေတာ မြင်လို့ သေသေချာချာကြည့်လိုက်တော့ သမရိုးရွာသူတွေ ဖြစ်နေတယ်။ ငါကိုယ်ငါ ဟန်နဲ့ ပန်နဲ့ ရှိုးနဲ့ မိုးနဲ့ လုပ်ပြီး မိန်းမတွေ မြင်သာအောင် ကိုယ်ရိပ်ကိုယ်ရောင် သွားပြပါတယ်။ ဖိုးရိပ်ဆိုတဲ့အကောင်က နကန်းတစ်လုံးမှ မသိဘဲနဲ့ လင်းတ အတောင်ကားသလို ငါ့ရှေ့က ကားယားကားယား လုပ်နေတာနဲ့ အခွင့်အရေးတွေ လွတ်ကုန်တယ်'တဲ့။

**(လင်းတငှက်များသည် ကောင်းကင်မှ အဟုန်ဖြင့် ထိုးဆင်းလာလျှင် မြေပြင်ရှိ လင်းတများက ပျံဆင်းလာသော လင်းတကို အရှိန်သတ်ပေးသည့် သဘောမျိုးဖြင့် အတောင်ဖြန့်ကားလျက် ကာဆီးထားတတ်ကြသည်။)**

## စိုးသလား မေ

'ငါကလည်း ဘယ်အလွတ်ခံမတုံးကွ။ မိန်းမတွေဆီ ရောက်အောင်ကို တိုးထွက်ပြတာကိုး။ ဘယ်တုန်းကများ ငါ့အကြောင်း သိထားတယ် မပြောတတ်ဘူး၊ ငါ့လည်း မြင်လိုက်ရော ကြွက်မိသားအုပ် စွန်ထိုးသုတ်လိုက်မှတ်ရတယ်။ ထပြေးလိုက်ကြတာ တဝေါဝေါ နေတာပဲဟ'

ဤကား ဘိုးစံချယ်ပြောသော ကိုယ်ရေးရာဇဝင် ဖြစ်သည် ဆိုပါသည်။

## ငယ်လျှင်ချို

ဘိုးစံချယ်ကို စ လိုသဖြင့် မိတ်ဆွေတစ်စုက–

'ဗျို့ လေးချယ်၊ လေးချယ်ကြိုက်မယ့် မြက်နုကလေး တွေ့ထားတယ်။





ဒါပေမဲ့ အသက်က သိသိလေး ငယ်နေတယ်။ လေးချယ်ကတော့ ဘယ်လို သဘောထားမယ် မသိဘူး'ဟု စကားခေါ်လိုက်ကြသည်။

'အို ချယ်တို့က ငယ်လို့တော့ နို့တိုက် မွေးရမွေးရ ကြည်ဖြူပါတယ် မောင်တို့ရ' ဟူ၍တည်း။

## မြို့ရမှာလား တောရမှာလား

ဘိုးစံချယ်သည် ဆောင်းတွင်း စောင်နုနုလေး ခြုံလိုသဖြင့် သမီးဖြစ်သူ မစောရီအား စောင် ဝယ်ခဲ့ဖို့ မှာလိုက်သည်။ သို့သော် မစောရီ ဝယ်လာသော စောင်မှာ ဘိုးစံချယ် အဖို့ ကြမ်းနေလေပြီ။ ထို့ကြောင့် ဤသို့ ညည်းတွားလိုက်လေသည်။

'စောင်ဝယ်ခဲ့ပါဆိုမှ ဝါးထရံ ဝယ်လာတာကိုး သမီးရဲ့။ လူ့ကို ကလိထိုးနေလို့ စိတ်ကျူးယဉ်ကို ပျက်ကရော' တဲ့။

## ဆရာ ဆရာမတွေ

လှတောရွာ၌ ယခင်က အစိုးရမူလတန်းကျောင်း အဆင့်သာ ရှိခဲ့သည်။ ယခုမူ အစိုးရမူအလယ်တန်းနှင့်တကွ တွဲဖက်အထက်တန်းကျောင်းကြီးပင် ဖွင့်ထားနိုင်ပေပြီ။ မူလတန်းနှင့်စာသော် ဆရာမ ဦးရေသည်လည်း အပြတ်အသတ် ပိုများနေပေပြီ။ ထို့ကြောင့် ပညာလိုလားသူ လှတောသားတို့သည် လွန်စွာ အားရကျေနပ်ကြသည်။

ကန်သာရွာသားတစ်ဦးသည် တစ်နေ့ ကျောင်းရှေ့က လက်ဖက်ရည်ဆိုင်၌ ထိုင်ရင်း ဆရာ ဆရာမတွေ တစ်ယောက်ပြီးတစ်ယောက် ဝင်လာနေသည်ကို သတိထားမိသည်။ ဟိုယခင်က မိမိသိခဲ့ဖူးသော မူလတန်းအဆင့်နှင့် မတူတော့သည်ကို သတိရလိုက်သည်။

'ခင်ဗျားတို့ လှတောစာသင်ကျောင်းကြီး ကြည့်ရတာ ဆရာ ဆရာမတွေ တော်တော်များနေပုံ ရပါလားဗျာ'

'ဟာလိုလေးဗျာ၊ ဆရာ ဆရာမ များပုံကတော့ မနက်လင်းလို့ လာကြပြီဆိုရင် **မောင်သာရွှေ** ရှင်လောင်းလှည့်လာတဲ့အတိုင်းပါပဲ။ လခထုတ်တဲ့အခါများ စောင့်ကြည့်မယ်ဆိုရင် ခြံထဲက ဝက်စာကျင်းထဲ ဖွဲလောင်းထည့်လိုက်တဲ့အတိုင်း တိုးကြ ခွေ့ကြ ကျွက်ကျွက် ရိုက်နေကြတာပဲ'ဟု ဆိုင်ထဲရှိ လူတစ်ယောက်က ပြောပြသည် ဟူ၏။

## တတ် မဖြူပါလား

ဦးဖိုးပြည့်သည် နံနက် နေထွက်တစ်ပြု အချိန်လောက်၌ ဦးချစ်လှိုင်၏ အိမ်ရှေ့သို့ ရောက်လာသည်။ အိပ်နေသော ကလေးများကို ကြည့်လျက်–

'ဟ မောင်ချစ်လှိုင်၊ အိပ်နေတာက မင်းသားလားကွ'

'ဟုတ်ပါတယ် ဦးလေးပြည့်။ ဘာဖြစ်လို့လဲ'

'မင်းသား အိပ်နေတာကလည်းကွာ ဆေးခြောက်ရှူနေတဲ့အတိုင်းပါပဲလား'တဲ့။

ဦးချစ်လှိုင်သည် အိပ်နေသောကလေးများကို အတင်းထနိုင်းလိုက်သဖြင့် ကလေးများသည် တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြသည်ကို မြင်လျှင် ဦးဖိုးပြည့်ကပင်–

'မင့်မလဲ များလှ**ချည်**လားကွ၊ ဘယ်နှစ်ယောက် ရှိလို့တုံး'

'များတယ် ဦးလေးရေ့၊ ကိုးယောက်တောင် ရှိတယ်'

'အလိုလေး မင့်မိန်းမက ဒုတိယ ပဒုမ္မဒေဝီဘွဲ့ **ဆွတ်ရှူးနိုင်**အောင် လေ့ကျင့်ခန်း ယူနေပုံရတယ်။ အထီး ဘယ်နှစ်ကောင် အမ ဘယ်နှစ်ကောင်လဲ'

'သားကချည်း ခုနစ်ယောက်၊ သမီးက နှစ်ယောက်ထဲ ပါပါတယ်'

'အင်း လျှပ်စစ်သာဆိုရင် မီးလင်းမှာ မဟုတ်ဘူးဟ'

'ဘာဖြစ်လို့လဲ ဦးလေးရဲ့'

'အဖိုဓာတ်ကချည်း များနေလို့ပေါ့'





## ဆရာကြီး၏ ခေါင်းလောင်းဆန်

လှတောသား ကိုအောင်မြင့်သည် မန္တလေးသို့ ရောက်ခိုက် (၃) နံပါတ်ကားကို စီး၍ ခရီးသွားရသည်။ ကားပေါ်၌ လူပင် မကြပ်လှသေးသော်လည်း ထိုင်စရာ နေရာ မရ၍ မတ်တတ်ရပ် လိုက်ခဲ့ရသည်။ ရှေ့အပေါက်မှ ခရီးသည်တွေ တက်လာလျှင် လက်မှတ်ရောင်းက နောက်တိုးခိုင်းသဖြင့် နောက်ဘက် တိုးပေးရသည်။ နောက်ပေါက်က တက်လာပြန်လျှင် ရှေ့ဘက်သို့ တိုးပေးရသည်။ ကိုအောင်မြင့်ခမျာ ရှေ့နှင့်နောက် ခေါက်တုံ့လူးလာ အခါခါ ရွှေ့ပေးနေရသဖြင့် စိတ်ညစ်လာသည်။ ကြာတော့ စိတ်မရှည်ပြီဖြစ်သဖြင့်–

'ကားကလဲ ပုံမကျ ပန်းမကျနဲ့ ၊ အကန့်တိုလိုက်တာက ပေါင်မုန့်ဘီးတပ်ထားသလောက် ရှိတယ်။ ရှေ့ နောက် ပြောင်းပေးနေလိုက်ရတာကလည်း ဆရာကြီးလက်ထဲက ခေါင်းလောင်းဆန် ကျနေတာပဲ'ဟု ညည်းတွားပြစ်တင်လိုက်သဖြင့် ကားစီးခရီးသည်များက ရယ်ရင်း ထောက်ခံလိုက်ကြသည်ဟူ၏။

## ရင့်၍ မနူး

လှတောရွာ၌ ဒေါ်စောရင် ဆိုသူ အဘွားတစ်ယောက် ရှိလေသည်။ ခေါင်းနီဆိုသူ လူငယ်တစ်ယောက်က ဒေါ်စောရင်နှင့် စကားစပ်မိရာမှ–

'အဘွားလေးကြည့်ရတာ အသက် တော်တော်ကြီးပြီနဲ့တူတယ်'ဟု သာမန်သဘောဖြင့် မေးလိုက်သည်တွင်–

'ငါ့တူနှယ်၊ အဘွားလေးအသက် ကြီး မကြီး မေးမနေပါနဲ့ကွယ်။ အသားကို ရှာလကာရည်နဲ့ ကြိုတောင် မွ (နူး)မှာ မဟုတ်တော့ဘူး'

## မတူရေး၍ မတူ

ကိုအောင်မြင့်သည် ကျွန်တော်တည်းသည့် အိမ်ရှင် ဦးလေးရင်၏ သမက်ဖြစ်၍ မောင်စံရွှေသည် ဦးလေးရင်၏ သားဖြစ်သည်။ တစ်နေ့ ဦလေးရင်၏ လယ်၌

ကောက်စိုက်ကြသည်။ တမန်း ကောင်းလှသဖြင့် သောက်သား (ကောက်စိုက်သူ) တို့သည် အလွန်သဘောကျနေကြသည်။ သဘောကျသည့်အလျောက် အမျိုးသမီးကြီး တစ်ဦးက–

'ဒီ တမန်းက ဘယ်သူ ထွန်တာလဲကွ။ သမက် တော်တန် တော်ရအောင်' ဟု မေးလိုက်ရာ ကိုအောင်မြင့်က ကျွန်တော် ထွန်ထားတာပါဟု သဘောရင်း အတိုင်း ဖြေလေလျှင် "မတာ"က–

'ကိုအောင်မြင့် တမန်းညက်ပုံကတော့တော် သကာရည်အိုးထဲ လက်နှိုက်နေရသလို အိခနဲ အိခနဲ နေတာပါပဲ'

မောင်စံငွေးကလည်း အချီးမွမ်းခံလို၍လား မသိ။

'ကျွန်တော့်တမန်းကရော ဘယ်လိုနေတုံးဗျ'

မတာကပင် ဝင်၍ ဖြေလိုက်သည်ကား ဤသို့ပါတည်း။

'မင့်ထမန်းကတော့ကွာ၊ ကျောက်လမ်းပေါ် စိုက်နေရသလိုပါပဲ '

**(တမန်းဆိုသည်မှာ ညက်အောင်ထွန်ထားသော မြေမွမ်းနှင့် ရေကို သမအောင် ရောထားသဖြင့် ကောက်စိုက်ရန် အသင့်ဖြစ်နေသည့် မြေကို ခေါ်သည်။)**

....မျက်ဝါးဖော် သူငယ်ချင်းတွေနှင့်၊ လယ်ခင်းပြန်.
တမန်းပြင်မှာ အငန်းတွင် သူငါ ဆင်းပါလို့၊ မူရာချင်း မြို့သူ
မီပေါင်၊ တို့တူညီ သံချိုတေးငယ်နှင့်.... [ ဦးကြီး ]

## ငန်ပြန်ပြီ

ကိုအောင်မြင့်နှင့် ကိုမှတ်ထင်သည် လယ်တော၌ ထမင်းလက်ဆုံ စားကြသည်။ ကိုမှတ်ထင်၌ ဟင်းချက်အပြင် ပဲရေပွလည်း ပါလေသည်။ ပဲရေပွ( လှော်ပြီးမှ ပြုတ်ထားသောပဲ)ကို ကြက်သွန် ဆီသတ်လေး ဖြူးထားသဖြင့် စားချင့်စဖွယ်





ဖြစ်နေလေသည်။ ကိုအောင်မြင့် ပဲရေပွသက်သက်ချည်း ကောက်လွေးလိုက်ရာ အလွန့်အလွန် ငန်နေသဖြင့် မျက်နှာရှုံ့လိုက်ရင်း–

'အားလိုလေးလေး၊ မင်း ပဲရေပွကာ ငန်လိုက်တာကလည်းကွာ ဆားပုပ်ခဲ ဆီသတ်ထားသလား အောက်မေ့ရတယ် ဟ' ဟူ၏။

အောင်နိုင်(တက္ကသိုလ်)

၁၉၉၇ ခုနှစ်အတွင်း မြန်မာမဂ္ဂဇင်း အသီးသီးတွင်
ဖော်ပြပါရှိပြီး ဖြစ်သည့် ဆောင်းပါးပြောက်ပြားစွာထဲမှ...

- ဖတ်သင့် ဖတ်ထိုက်၊ မှတ်သင့် မှတ်ထိုက်သော...
- မဖြစ်မနေ ဖတ်ကို ဖတ်ရမည် ဖြစ်သော...
- ရာသက်ပန် စုစည်းသိမ်းထုပ် ဖတ်မှတ်ကျင့်သုံးသင့်သော...
- စီစဉ်သူများ နှစ်သက်စွဲလမ်းခဲ့သော...လက်ရွေးစင်ဆောင်းပါးများကို

● သမိုင်းရေးရာ ●စာပေအနုပညာ ●လူမှု ဒဿန ●နိုင်ငံတကာ ●ဘာသာရေး
● စိတ်ဓာတ်ခွန်အား ● မနုစီးပွား

ခေါင်းစဉ်ငယ်များခွဲတပ်၍ ထုတ်နုတ် စုစည်းထားသည့်

# ရာပြည့်

## အတွေးဆောင်းပါးများ (၁၉၉၇)

[မောင်နိုင်လတ်၊ မင်းနန်(မော်ကျွန်း)၊ ဖေမြိုင် စီစဉ်သည်။]

---

ကမ္ဘာကျော် ဝတ္ထုတိုများမှ 'စာပေရသ' ကို
ခံယူစံပြုနည်းမှီး လေ့လာ ရသွားနိုင်စေရန်
**နိုဗဲဆုရ စာရေးဆရာများ** ၏
ကမ္ဘာကျော် ဝတ္ထုတိုများကို
ရသစာပေ ပညာရှင် 'ဆရာဇော်ဂျီ'
စုစည်း၍ မြန်မာပြန်ဆိုလိုက်သော

## လမ်းသစ်နှင့် အခြားဝတ္ထုများ

[ရာပြည့်မှုအတိုင်း သေသပ် သားနားစွာဖြင့် (၁၊ ဇွန်၊ ၁၉၉၈)တွင်
အထက်ပါ စာအုပ်နှစ်အုပ်လုံးကို တစ်ပြိုင်နက် ဖြန့်ချိပါမည်။]

## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

| | | |
|---|---|---|
| ၁။ | ဦးမြင့်ဆွေ | ဇာတ်တော် ငါးရာငါးဆယ် |
| ၂။ | အဂ္ဂန်ဦးထွန်းမြင့် | ဂေါတမ ဗုဒ္ဓ |
| ၃။ | ပါရဂူ | ဝေဒနာ |
| ၄။ | ပါရဂူ | နိုင်ငံရေး ဒဿန |
| ၅။ | ပါရဂူ | ထေရဂါထာ |
| ၆။ | ပါရဂူ | သားတော် ရာဟုလာ |
| ၇။ | ပါရဂူ | ခုရက [AMITABHA: A Story of Buddhist Theology by Paul.Carus] |
| ၈။ | ကျော်အောင် | ကမ္ဘာကျော် စာအုပ်တစ်ရာ |
| ၉။ | ဇော်ဂျီ(မြန်မာပြန်) | နင်လားဟဲ့ ချစ်ဒုက္ခနှင့် နိုဗဲဆုရ ဝတ္ထုတိုများ |
| ၁၀။ | မောင်ထင် | ဝတ္ထုတိုပေါင်းချုပ် |
| ၁၁။ | မောင်ထင် | ကမ္ဘာ့ ဝတ္ထုတိုများ |
| ၁၂။ | တိုက်စိုး၊ မင်းယုဝေ(တည်းဖြတ်) | ပုဂံ |
| ၁၃။ | ဒေါက်တာကျော်စိန်(နှင့်–) | မသိစိတ်၏ အစွမ်းသတ္တိနှင့် စိတ်ပညာပဒေသာ |
| ၁၄။ | နတ်နွယ် | မိမိနှင့် စာရေးဆရာများ |
| ၁၅။ | အောင်ခန့် | လူ့သဘော လူ့သဘာဝ |
| ၁၆။ | ချစ်ဝင်းညွန့် | အောင်မြင်ရေးအတွေးအမြင်၊ ချမ်းသာကြွယ်ဝမှုကျင့်စဉ် (Here's Help ! by M.R. Kopmeyer) |
| ၁၇။ | စာရေးဆရာများ | ဂျိမ်းဂျွိုက်(စ်)၏ ဝတ္ထုတိုများ |
| ၁၈။ | ခင်မောင်ညို(ဘောဒဗေဒ) | ဗုဒ္ဓအလိုကျ စီးပွားရေးအမြင် |
| ၁၉။ | ကြည်အေး | အိပ်မက်နှင်းမြူ ဝတ္ထုတိုစု |
| ၂၀။ | ကြည်အေး | ကြွေလုနှင်းဆီ ဝတ္ထုတိုစု |
| ၂၁။ | မြသန်းတင့် | လွမ်းမောဖွယ် ကမ္ဘောဇ |
| ၂၂။ | မြသန်းတင့် | မရဏအိပ်မက်တစ်ခု၏ မှတ်တမ်း [Chronicle of Death Foretold by Gapriel Garcia Marquez] |
| ၂၃။ | ဒေါက်တာမောင်မောင်ညို | လူချွန် လူမွန် |
| ၂၄။ | ဒေါက်တာမောင်မောင်ညို | လေးဆယ်ကျော် ဖိုမကျန်းမာရေး |
| ၂၅။ | ဒေါက်တာနန်းဥမ္မာ | ဆယ်ကျော်သက် အမျိုးသမီးလမ်းညွှန် |

## ရာပြည့်စာအုပ်တိုက်မှ ရရှိနိုင်သော စာအုပ်များ

| | | |
|---|---|---|
| ၁။ ဒေါက်တာမတင်ဝင်း | မှတ်သားမိသော စကားများ | ၅၀ကျပ် |
| ၂။ ဒေါက်တာကျော်စိန် | သင့်ဘဝတွက်တာ အသုံးချစိတ်ပညာ | ၁၂၅ ॥ |
| ၃။ မောင်ပေါ်ထွန်း | ဟားဗတ်စီးပွားရေးတက္ကသိုလ်မှာ မသင်ခဲ့ရသမျှ | ၇၅ ॥ |
| ၄။ ထက်အောင် | ကမ္ဘာ့ရှုခင်း | ၁၂၀ ॥ |
| ၅။ ပါရဂူ | သိဒ္ဓတ္ထ | ၁၃၀ ॥ |
| ၆။ ဦးသန်းဆွေ | အောင်မြင်သော ထုတ်ကုန်လုပ်ငန်းရှင် ဖြစ်လိုသော် | ၁၀၀ ॥ |
| ၇။ မောင်သာနိုး | ခိုးစားတဲ့ သစ်သီး | ၇၅ ॥ |
| ၈။ ဒေါက်တာကျော်စိန် | လူငယ်လမ်းညွှန် | ၆၀ ॥ |
| ၉။ သက်လုံ | ဘဝအောင်မြင်ရေး၊ကျန်းမာပျော်ရွှင်မှုနှင့် စိတ်စွမ်းအင် | ၁၂၅ ॥ |
| ၁၀။ ဒဂုန်ဦးထွန်းမြင့် | ဗုဒ္ဓ၏ ဩဝါဒ အမြုတေ(၂) | ၈၀ ॥ |
| ၁၁။ မောင်ပေါ်ထွန်း | အဆင့်မြင့် အောင်မြင်သူတို့၏ အလေ့အထများ | ၇၀ ॥ |
| ၁၂။ ပါရဂူ | စိတ္တရလေခါ | ၁၃၅ ॥ |
| ၁၃။ နတ်နွယ် | ကမ္ဘာ့ဝတ္ထု အညွှန်း | ၁၂၅ ॥ |
| ၁၄။ မောင်ပေါ်ထွန်း | ကျားဘမ်းသူဌေးကြီး၏ စီးပွားရေးစွန့်စားခန်းများ | ၁၅၀ ॥ |
| ၁၅။ ပါရဂူ | နိဗ္ဗာန် | ၁၃၀ ॥ |
| ၁၆။ ရွှေဥဒေါင်း | ပထမ ဆရာသိန်း | ၁၀၀ ॥ |
| ၁၇။ ပါရဂူ | ဗုဒ္ဓ ဂုဏ ဝန္ဒနာ | ၄၅ ॥ |
| ၁၈။ မောင်ပေါ်ထွန်း | အမြန်ဆုံး သူဌေးဖြစ်နည်း(၁) | ၇၅ ॥ |
| ၁၉။ ဒဂုန်ဦးထွန်းမြင့် | ဇာတ်ကြီးဆယ်ဘွဲ့ | ၂၀၀ ॥ |
| ၂၀။ ပါရဂူ | ဗုဒ္ဓ ဒိုင်ယာရီ | ၁၀၀ ॥ |
| ၂၁။ ဒေါက်တာသိန်းလွင် | ဗုဒ္ဓနည်းကျ စိတ်ထား လေ့ကျင့်ပျိုးထောင်မှု | ၇၀ ॥ |
| ၂၂။ ဒေါက်တာကျော်စိန် | စိတ်ပညာနှင့် ဆောင်းပါးအထွေထွေ | ၉၀ ॥ |
| ၂၃။ အုပ်စိုးခိုင် | စီးပွားရေး မှော်အောင်သူ မြန်မာလူငယ်များ | ၁၂၅ ॥ |
| ၂၄။ ပါရဂူ | ခေါ်မ ဒဿနပညာရှင် | ၁၇၅ ॥ |
| ၂၅။ ကြည်အေး | နွမ်းလျအိမ်ပြန် | ၆၀ ॥ |
| ၂၆။ မောင်ပေါ်ထွန်း | အမြန်ဆုံး သူဌေးဖြစ်နည်း[၂] | ၆၅ ॥ |
| ၂၇။ နေမျိုးထွန်း | ဆုံးဖြတ်ချက် အမှား အမှန် | ၁၃၀ ॥ |
| ၂၈။ ခင်မောင်သိန်း | အယူသီးမှု၊နတ်ကိုးကွယ်မှုနှင့် စိတ်ပညာရှုထောင့် | ၇၅ ॥ |
| ၂၉။ သက်လုံ | အောင်မြင်မှု လေ့ကားထစ်များနှင့် စိတ်ကမ္ဘာ | ၉၀ ॥ |
| ၃၀။ မောင်ထင် | မုန့်တိုင်းထဲက နဖူးစာနှင့် အခြားဝတ္ထုတိုများ | ၇၀ ॥ |
| ၃၁။ ပါရဂူ | ပဏ္ဍိတ ကထာ | ၂၀၀ ॥ |
| ၃၂။ မောင်ပေါ်ထွန်း | ကန္တာရ စမ်းရေအိုင် | ၁၀၀ ॥ |
| ၃၃။ ကြည်အေး | ကေဖွဲ့ဆိုသီ | ၁၅၀ ॥ |
| ၃၄။ ထွန်းသစ် | ထင်ပေါ်ကျော်ကြား ကမ္ဘာ့ခေါင်းဆောင်များ | ၂၀၀ ॥ |
| ၃၅။ ခင်မောင်ညို | ခေတ်သစ် မိတ္တဗလဋီကာ | ၁၅၀ ॥ |
| ၃၆။ မြဝင်း(ဒဿန) | ဘဝကို ပြောင်းလဲစေသော အဆုံးအမများ | ၁၀၀ ॥ |
| ၃၇။ ရွှေဥဒေါင်း | လမ်းနှစ်သွယ် | ၁၂၅ ॥ |
| ၃၈။ ပါရဂူ | ညီတော်မင်းနန် | ၁၀၀ ॥ |
| ၃၉။ နေမျိုးထွန်း | လုပ်ငန်းအောင်မြင်ရေး ရွှေစည်းမျဉ်းများ | ၁၀၀ ॥ |
| ၄၀။ ဇော်ဂျီ | မိုးကြယ်မို့လားနှင့် နိုပဲဆုရ ဝတ္ထုတိုများ | ၁၇၅ ॥ |
| ၄၁။ မောင်ပေါ်ထွန်း | စံပြအရောင်းသမား | ၁၀၀ ॥ |
| ၄၂။ လူထုဒေါ်အမာ | မြန်မာ့ခေတ်သစ်ပန်းချီ | ၂၀၀ ॥ |
| ၄၃။ ဒဂုန်တာရာ | ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာ ကားချပ်များ | ၂၇၅ ॥ |
| ၄၄။ ဒေါက်တာမောင်မောင်ညို | သွေးတိုး၊လူ့ခြောက်နှင့်ကြောက်စရာရောဂါများ | ၁၂၅ ॥ |
| ၄၅။ ခင်မောင်ညို | ကိုယ့်နောက် က လိုက်နေသည့်ငွေ | ၇၅ ॥ |
| ၄၆။ မောင်သာနိုး | ထင်းရှူးပင်ရိပ် | ၄၀၀ ॥ |
| ၄၇။ ဦးရွှေအောင် | အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ် | ၄၅၀ ॥ |
| ၄၈။ ကျော်အောင် | နေဝင်ဘုရင်များ | ၂၅၀ ॥ |
| ၄၉။ ပါရဂူ | အမ္ဗပါလီ | ၂၅၀ ॥ |
| ၅၀။ ထွန်းသစ် | ခေါင်းဆောင်ကမ္ဘာ ရုပ်ပုံလွှာ | ၃၀၀ ॥ |
| ၅၁။ မာန်မြင့် | မြန်မာပြည်မှာ လုပ်သည်နှင့် အခြားဝတ္ထုတိုများ | ၁၅၀ ॥ |

[ရာပြည့်စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များကို အလိုရှိ၍ စာရေးမှာယူပါက အမျိုးအစား တစ်မျိုးကို (၃) အုပ်နှင့် ၎င်းအထက် မူရင်းတန်ဖိုးဖြင့် လည်းကောင်း၊ (၁) အုပ်မှ (၂)အုပ်ထိ မူရင်းတန်ဖိုးနှင့် စာပို့ခကိုပါ ပူးတွဲကျခံစေ၍ လည်းကောင်း **V.P.L.**ဖြင့် ပို့ပေးပါမည်။]

* တောက်ပြောင် ခံ့ထည် ချောမွေ့ စံပြုအပ်သည့် စကားပြေ အရေးအသားကြောင့် လည်းကောင်း၊
* သရုပ်ဖော်မှုအတတ်တွင် ဖတ်သူတလှပ်လှပ်ဖြစ်အောင် လက်ဖျားခါ ရေးခြယ်နိုင်မှုကြောင့် လည်းကောင်း၊
* လူ၏ ဗဟိဒ္ဓနှင့် အဇ္ဈတ္တကို မှုန်းခြယ်ရာ၌ မတုပနိုင်သောကြောင့် လည်းကောင်း

**သိန်းဖေမြင့်သည်**

ဝတ္ထုတို ရေးသားခြင်းအတတ်၌ သူမတူသူ အနည်းငယ်တွင် တစ်ဦးပါဝင်သည်ဟု မြန်မာစာပေပညာရှင် အများကပင် ကောက်ချက်ချကြ၏ ။

ဤသို့သော

သိန်းဖေမြင့်၏ အုံ့မခန့်း ကလောင်အစွမ်းကို ဖတ်ရှု ရသပွားနိုင်ရန်…

– ပုဂံစာအုပ်တိုက်ထုတ် သိန်းဖေမြင့် ဝတ္ထုတိုပေါင်းချုပ်မှ ဝတ္ထုတိုများ

– သိန်းဖေမြင့်၏ စာပေဘဝဇာတ်လမ်းစုံ(၁)၊(၂)မှ ဝတ္ထုတိုများ

– သိန်းဖေမြင့်၏ ၆၀ ကျော်မှ ရေးသော ဝတ္ထုများမှ ဝတ္ထုတိုများနှင့်

ဆရာသိန်းဖေမြင့် ကိုယ်တိုင် ရှာဖွေမတွေ့ခဲ့သည့် ဝတ္ထုတိုများကိုပါစုစည်း၍ ဝတ္ထုတိုပေါင်း (၄၀) ပါဝင်မည့်

# သိန်းဖေမြင့် ၏
# ဝတ္ထုတိုပေါင်းချုပ်သစ်

[ ရာပြည့်စာအုပ် (၇၅) အုပ်မြောက်နှင့် ရာပြည့်စာအုပ်တိုက်၏ တတိယနှစ်လည် အထိမ်းအမှတ်အဖြစ် (၁၊ ဩဂုတ်၊ ၁၉၉၈ )တွင် အချိုသာဆုံး နှုန်းထားဖြင့် ဂုဏ်ယူထုတ်ဝေမည့် ထူထူထဲထဲ လှလှပပ သေသေသပ်သပ် ရာသက်ပန် သိမ်းဆည်းဖတ်မှတ်ရမည့် မြန်မာစာပေ ဂန္ထဝင် ဝတ္ထုတိုများစာအုပ်။]

91211